www.burmeseclassic.com

# သူရိန်ဇော

နှင့်

## ဆန်းကြယ်မေတ္တာချစ်သစ္စာ



စ/ဆုံး လုံးချင်း

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၆၂၇ / ၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၉ / ၂၀၀၃ (၆)

ပထမအကြိမ်

၂၀၀၃-ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လ

တန်ဖိုး - ၅၀၀ ကျပ်

အုပ်ရေ - ၅၀၀

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဒေါ်ခင်စန်းမြင့် (၀၅၅၅၉)
ဟံသာပုံနှိပ်တိုက်
၁၁၊ ၁၂၅-လမ်း
မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးနှင်းဆွေ (၀၉၈၀၃)
ပန်းလက်ဆောင်စာပေ
အမှတ်-၅၁၆(ခ)၊ ပုလဲ ၄-လမ်း
၅၅-ရပ်ကွက်၊ မ/ဥက္ကလာပ၊
ရန်ကုန်မြို့။


## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွား ရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

# ဓာတ်လမ်းအဖွင့်

တစ်ညသ၌။ ဘောက်ထော်မြို့စွန်ရှိ မရမ်းပင်များအုပ်ဆိုင်းဝေဆာနေသည့် ခြံဝင်းအဝသို့အရိပ်မည်းကြီးတစ်ခုလှစ်ခနဲ တိုးကပ်လာလေ၏။မိုးရွာပြီးစ အခါသမယဖြစ်ရာ စိုထိုင်းထိုင်းဖြစ်နေသောမြေ ပြင်တွင်ကြီးမားလှသည့် ခြေရာကြီးများ အတိုင်းသားထင်ကျန်လျက် ရှိ၏။

သို့ဖြစ်ရာ ၎င်းခြေရာရှင်မှာ သတ္တဝါတစ်ကောင်လော၊ သို့တည်းမဟုတ် နာနာဘာဝလောဟု တွေ့မြင်ကြသူများက မှတ်ထင် ယူဆကြမည်မှာ မလွဲဧကန်ပင် ဖြစ်လေတော့၏။

သို့စေကာမူ ယင်းအရိပ်သဏ္ဌာန်သည် သက်ရှိလူသားကဲ့သို့ပင် ပဏ္ဏရိပ်စည်းရိုးကိုသွက်လက်စွာခုန်ပျံ၍ကျော်လွှားပြီးသကာလ ခြံကြီးအတွင်းသို့ဝင်ရောက်သွားလေတော့သည်။

'ဝုတ်. . . . ဝုတ်'

'ဝှုတ်. . . . ဝုတ်'

ယင်းသို့ရှိစဉ်အခိုက် ချွန်ထက်သည့် အစွယ်အဖွေးသားရှိသော ဂျာမန် ဂရိတ်ဒိန်းခွေးကြီး တစ်ကောင်က လူနှံ့ရဟန်ဖြင့် ဟိန်းဟောင်းပြီးလျှင် တိုက်အိမ်၏ နောက်ဘက်မှ ဒေါသတကြီး ပြေးထွက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းအရိပ်သဏ္ဌာန်က ရှတ်ခြည်းပင်မရမ်းပင်တစ်ပင်၏ပင်စည်နောက်ဘက်သို့ ခုန်ကပ်လိုက်သည်။ ပြီးလျှင် အရာဝတ္ထုတစ်ခုကို လက်ခနဲ ပစ်လွှတ်လိုက်တော့သည်။

'ဝှစ်. . .'

'ဒုတ်. . .'

'ဝိန်. . .'

လေထဲသို့ လွင့်ထွက်သွားသော အရာဝတ္ထုသည် ဂရိတ်ဒိန်းခွေးကြီး၏ လည်မျိုတွင် ဒုတ်ဒုတ်ထိ စူးဝင်သွားရကား ခွေးကြီးမှာ တစ်ချက်သာ အော်နိုင်လျက် မြေပြင်တွင် လဲကျသေဆုံးသွားပေတော့၏။

'ရန်လုံ. . . . ရန်လုံ၊ လာ. . . . လာ'

ယင်းသို့ရှိစဉ် တိုက်အိမ်ကြီး၏ဝရန်တာမှ လူတစ်ယောက်၏ဟစ်အော် ခေါ်ငင်သံနှင့်အတူ လက်နှိပ်ဓာတ်မီးရောင်က စူးစူးရှရှ ထွက်ပေါ်လာခဲ့ပေ၏။ သို့သော် ခြံထဲရောက်နေသည့် မည်းမည်းအရိပ်သဏ္ဌာန်က ဆောလျင်စွာ မရမ်းပင်ကြီးတစ်ပင်၏ ပင်စည် နောက်ဘက်သို့ ထိုးကပ် ဝပ်နေပြီးသား ဖြစ်နေလေ၏။

'ရန်လုံ. . . . ဟေ့ ရန်လုံ'

ခေါ်သံနှင့်အတူ လက်နှိပ်ဓာတ်မီးရောင်က ခြံပတ်ပတ်လည်ကို ဝေ့ဝဲယှက်ဖြာကျရောက်လာရာ၊ ပင်စည် နောက်ဘက်မှ လူမှာ ၎င်း၏ ကိုယ်ခန္ဓာကို တတ်နိုင်သမျှ ကျုံ့၍ ငြိမ်သက်နေလိုက်ရ၏။



စူးရှ ထိန်လင်းသော လက်နှိပ်ဓာတ်မီး ရောင်က အတန်ကြာမျှ ဟိုမှသည်မှ ထိုးကြည့်နေပြီးလျှင် ခေတ္တအကြာတွင်လဲကျသေဆုံးနေသော ဂရိတ်ဒိန်းခွေးကြီး၏ ကိုယ်ပေါ်သို့ ကျရောက်သွားလေတော့၏။

'အိုး. . . .'

ဝရန်တာမှ လူက တစ်ချက်မျှ အံ့ဩစွာ ရေရွတ်လိုက်ပြီးသည်နှင့် အတွင်းဘက်သို့ ယွက်ခွာရန် ကိုယ်ကို လှည့်လိုက်သည်။

ထိုခဏ၌ပင်လျှင် ပင်စည်နောက်တွင် ပုန်းအောင်းနေသူ မည်းမည်းသဏ္ဌာန်ရှင်က ရုတ်တရက် ညာလက်ကို ဆန့်ထုတ်လိုက်လေ၏။

'ဝှီး. . . .'

'ရွှတ်. . . .'

'ဒုတ်. . . .'

'အား. . . .'

'ဘုတ်. . . .'

အရာဝတ္ထုတစ်ခုက လက်ခနဲ လေဟုန်စီးလျက် ဝရန်တာမှလူ၏ ကြောပြင်တွင် စူးဝင်နစ်မြုပ်သွားရာ၊ ထိုလူမှာ ဒယီးဒယိုင်ဖြစ်နေပြီးနောက် ခပ်နိမ့်နိမ့်သာရှိသော ဝရန်တာ လက်ရမ်းမှအားလွန်၍ ဒလိမ့်ကောက်ကွေး ကျသွားရှာလေတော့သည်။

မြေပြင်သို့ရောက်သောအခါ ထိုလူမှာ လုံးဝ မလှုပ်တော့ချေ။ အမှန်စင်စစ် ၎င်းလူမှာ အသက်ဝိညာဉ်ကင်းကွာကာ သေဆုံး

www.burmeseclassic.com



ခဲ့ရာပြီ ဖြစ်ပါလေ၏။ ထိုအခါ ပင်စည်နောက်ဘက်မှ သဏ္ဍာန်ရှင်က အသံတိတ် တစ်ချက်ရယ်လိုက်ပြီးလျှင် အေးအေးဆေးဆေးပင် ဝရန်တာ အောက်သို့ လျှောက်လာခဲ့တော့သည်။ ပူပူနွေးနွေး ရှိသေးသော အလောင်းအနီးသို့ရောက်သော အခါ ခေတ္တမျှ အကဲခတ်ဟန်ဖြင့် ရပ်ကြည့်နေသေး၏။

အလောင်းဘေးနားတွင်ကား မီးလင်းလျက် ရှိနေသည့် လက်နှိပ် ဓာတ်မီးလေးကို အကောင်းပကတိ တွေ့ရသောကြော င့် မည်းမည်းသဏ္ဍာန်ရှင်က ကောက်ယူခါ မီးမှိတ်လိုက်သည်။

ထို့နောက် ခါးကြားမှကြိုးကို ဖြေလိုက်ပြီးလျှင် ကျော ဆူးသဏ္ဍာန် အရာဝတ္ထုကို ကြိုးထိပ်တွင် ခိုင်မြဲစွာ ချည်လိုက်လေ ၏။ ဆွဲဆန့်ကြည့်ပြီး၍ စိတ်ချရပြီဟု မှတ်ထင်သည်နှင့် တစ် လှည့်ပတ်ပြီးနောက် ဝရန်တာသို့ ပစ်လွှတ် လိုက်လေတော့သည်။

'ဝှီး. . .'

'ခေါက်'

ကြိုးဆန့်ထွက်သွားလျက် ကျောက်ဆူးမှာ ဝရန်တာ လက် ရန်း၌ ချိတ်တင်သွားလေ၏။ ထိုအခါ ဝတ်စုံနက်က ပေါ့ပါးစွာဖြ င့် ကြိုးစကို ခိုတွဲပြီး သကာလ ဝရန်တာပေါ်သို့ တက်ရောက် သွားလေ တော့သည်။ အိမ်ကြီး၏ အတွင်းဘက်၌ကား လွန်စွာ မှောင်နေသည့် နှင့်အမျှ လွန်စွာမှလည်း တိတ်ဆိတ်လျက်ရှိနေပေ၏။

'အဟွတ်. . . . အဟွတ်'

ယင်းသို့ရှိစဉ် လူတစ်ယောက်၏ ချောင်းဆိုးသံက အဆ



ပြွတ် ထွက်ပေါ်လာရာ ထိုအသံသည် လင်းနို့ တောင်ပံခတ်သံ အလား မှတ်ထင်ရပေ၏။ ဝရန်တာသို့ ရောက်လာခဲ့ပြီဖြစ်သည့် ဝတ်စုံနက်က အိမ် ကြီး၏ ခေါင်းရင်းဘက်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးခနဲ ထိုးကြည့် လိုက်၏။

ထိုအခါ ပုံစံအမျိုးမျိုးနှင့် ရုပ်တုအမျိုးမျိုးကို လှစ်ခနဲ တွေ့လိုက်ရပေတော့၏။ အမှတ်စင်စစ်အားဖြင့်ယင်းရုပ်တုများသည် ကျောင်းရုပ်၊ ပလာစတာရုပ်နှင့် သစ်ထွင်းပန်းပု ရုပ်လုံးများသာ ဖြစ်ပါလေ၏။

ရုပ်လုံး ရုပ်တုများတို့၏ သဏ္ဍာန်များမှာ အမျိုးမျိုးအဖုံဖုံ ရှိနေကြသည့်အပြင်၊ ယောက်ျားရုပ်၊ မိန်းမရုပ်၊ ကျားရုပ်၊ ဆင်ရုပ်၊ တိရစ္ဆာန်ရုပ် စသည်ဖြင့် စုံလင်လှတော့သည်။

လက်နှိပ်ဓာတ်မီးရောင်က အိပ်ခန်းအဝသို့ ဝေ့ဝဲ သွား ပြန်၏။

ထိုအခါ တွေ့ရပြန်သည်မှာ ကျောချမ်းဖွယ်ကောင်းသည့် သံချပ်ကာ ရုပ်တုကြီးတစ်ခု ဖြစ်၍၊ လက်ထဲတွင်လည်း ပြောင်လက် သော ရောမ ဓားကြီးတစ်ချောင်းကို ကိုင်ဆောင်လျက်သား ရှိနေ သေး၏။

ဝတ်စုံနက်က ထိုသံချပ်ကာ ရုပ်တုကြီးရှိရာ အခန်းပေါက် သို့ ဝင်ခဲ့သည့်တွင် အခန်းဝအရောက်၌ အတွင်းဘက်မှ စကားပြော သံတို့ ရုတ်ခြည်ကြားလိုက်ရလေ၏။

'လာလေ. . . ဝင်ခဲ့ပါကွယ်၊ မင်း ရောက်လာပြီဆိုတာ

www.burmeseclassic.com



-- အသိုင်းအဝိုင်းနေပါတယ်'

'အိုက်. . . .'

အတွင်းအတ်သို့ ဝင်တော့မည်ဆဲဆဲ ရှိနေသည့် ဝတ်စုံနက်မှာ အံ့ဩလျက် အာမေဋိတ်သံ ထွက်လာပြီး သကာလ ကြောင်နေပြီးလျှင် ခြေအစုံပင် ရပ်တန့်သွားရှာပေ၏။

'အဟွတ်. . . . အဟွတ်. . . . စိတ်ချလက်ချ ဝင်ခဲ့ပါလေ၊ ကျုပ်ခုတင်ပေါ်မှာ ရှိနေပါတယ်'

ဒုတိယအကြိမ် စကားပြောသံက အခန်းထဲမှ ထပ်မံထွက်ပေါ်လာပြန်သည်တွင် ဝတ်စုံနက်က စူးရှသော မျက်လုံးများနှင့် တစ်ချက် ကြည့်လိုက်ပြီးနောက် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရန် ပြင်လိုက်၏။

'ဖျောက်'

ထိုခဏမှာပင် ခလုတ်ဖွင့်သံနှင့်အတူ အခန်းထဲမှ မီးလုံးက လင်းဖြာသွား၏။ ဝတ်စုံနက်မှာ ရုတ်တရက် မျက်လုံးများ ကျိန်းစပ်သွားရသည့်အတွက် မျက်တောင်ခပ်ကာ အမြန်ဆုံး နေရာရွှေ့ရပ်လိုက် သည်။

ပြီးမှ အသေအချာ ကြည့်လိုက်သောအခါ ရောဂါသည်ဟု မှတ်ထင်ယူဆရမည့် ကြုံလှီလှသော လူကြီးတစ်ဦးကို ခုတင်တစ်လုံးပေါ်၌ မှီအုံးကို မှီလျက်သား တွေ့လိုက်ရလေ၏။

ဝတ်စုံနက်က တစ်ဖျပ်ဖျပ် အရောင်တောက်ပလျက်ရှိသော မျက်လုံးအစုံဖြင့် ခုတင်ပေါ်မှ ပိန်ချုံး ချိနဲ့နေသည့် လူကြီးကို



အတဲခတ် ကြည့်ရှုလိုက်သည်။

ပြီးလျှင် ၎င်းက. . . .

'ခင်ဗျားဆီမှာ ရှိတဲ့ပစ္စည်းကို ပေးဖို့သာ ပြင်ထားပါ လေ' ဟု ခပ်ထန်ထန်ပြောလိုက်လေ၏။

ခုတင်ပေါ်မှ လူကြီးက မချိပြုံး ပြုံးလိုက်သည်။ ပြီးမှ ထိုလူကြီးက. . . .

အေးပါလေ. . . . မင်းအနေနဲ့ ငါ့ရဲ့ ပထမတန်းအတ်တော်စောင့်တွေဖြစ်တဲ့ ရန်လုံနဲ့ ဒေဝကိုသုတ်သင်ပြီး ဖြစ်လေတော့ ငါ့အနေနဲ့ ပေးဖို့အဆင့်သင့်ပါပဲ' ဟု ဆိုကာ သော့တစ်ချောင်းကိုခေါင်းအုံးအောက်မှ နှိုက်၍ ဝတ်စုံနက်ဆီသို့ ပစ်ပေးလိုက်လေ၏။ ဝတ်စုံနက်က လျင်မြန်စွာ ဖမ်းယူလိုက်ပြီး သော့ကို ကြည့်ရှုတ်. . . .

'ဒါက ဘာသော့လဲ၊ ခင်ဗျားကို ကျုပ်မယုံဘူးနော်၊ လှည့်ကွက်မှာတော့ လုပ်မယ်မကြံနဲ့' ဟုဆို၏။

ခုတင်ပေါ်မှ လူကြီးကချောင်းတစ်ဟွတ်ဟွတ်ဆိုးရင်းမှ. .

'ကျုပ်ကိုယုံပါလို့တော့ မပြောချင်ပါဘူး၊ ဒါပေမယ့် မင်းဟာ အင်မတန် ဉာဏ်ရည်ထက်ပြီး သွက်လက်ပါးနပ်တဲ့ လူတစ်ယောက် ဖြစ်တာမို့ ကျုပ်ရဲ့အခြေအနေ အရပ်ရပ် ကိုနားလည်ပြီး ဖြစ်လိမ့်မယ်ဆိုတာ ယုံကြည်မိပါတယ်၊ ကျုပ်ဟာ ချောင်းဆိုးသွေးပါ နေတာ၊ ဖြစ်နေတာ၊ တစ်နှစ်တိတိရှိနေပြီ ဖြစ်တယ်ဆိုတာရယ်၊ သမားတော်နဲ့ကုသနေရ တာရယ် မင်းစုံစမ်း သိရှိပြီးသားပါ၊ လျှပ်မယုတ်

www.burmeseclassic.com



ဒီခုတင်ပေါ်မှာ နေနေရတာထက် စာရင် သေချင်လှပါပြီ၊ ဒီတော့ ကျုပ်အဖို့ ဘာပစ္စည်းမှ မက်မောစရာ မဖြစ်နိုင်တော့ဘူးလေ၊ ဩော်. . . . ပြောရဦးမယ်၊ အဟွတ်. . . . အဟွတ် မင်းလိုချင်တဲ့ ပစ္စည်းဟာ ဟောဟိုသံချပ်ကာ ရုပ်ကြီးရဲ့ ဗိုက်ထဲမှာရှိတယ်၊ ဝမ်းဗိုက်မှာသော့ပေါက်ရှိတယ် ဖွင့်ပြီး ယူပေတော့'

ဟုရှည်လျားစွာ ပြောကြားလိုက်လေသည်။

ဝတ်စုံနက်က. . . .

'ကောင်းပြီ၊ အဲဒီလို သဘောပေါက်ထားတာ အထူး ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် လောလောဆယ် လုပ်ရမယ့် အလုပ်ကတော့ ခင်ဗျားကိုကျုပ့်လက်နဲ့ ကိုယ်တိုင်ပေးခဲ့ဖို့ပဲဟု ပြောပြောဆိုဆို ခါးကြားမှ ချွန်ထက်သော အရာဝတ္ထုတစ်ခုကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်၏။

ထိုအရာဝတ္ထုမှာ အပ်သွားကဲ့သို့ ချွန်ထက်သောစတီးလက်တိုခေါ် စူးချွန် လက်နက်ပင် ဖြစ်လေတော့၏။ သို့သော် ခုတင်ပေါ်မှ ကြဲ့လို့လို့ လူကြီးက တုန်လှုပ်မှုစိုး စဉ်းမှ မရှိဘဲလျက်. . . .

'ငါက အသင့်စီစဉ်ပြီးသားပါ၊ ငါ့ဝိညာဉ် တစ်စုံတစ်ယောက် လက်ချက်နဲ့ မချုပ်ငြိမ်းချင်လို့ ဟောဒီ အဆိပ်ကို အဆင်သင့် ဆောင်ထားခဲ့တာဘဲ ငါသောက်ပြီးတာနဲ့ အဲဒီအဆိပ်ဟာ ဘယ်လောက် ပြင်းထန်သလဲဆိုတာ မင်းအနေနဲ့ နမ်းကြည့်ရုံနဲ့ သိနိုင်ပါလိမ့်မယ်။ ကဲ. . . . သွားပြီဟေ့'

ဟုဆိုခါ ခေါင်းရင်းမှ အသင့်နေသည့် ကြေးဖလားခွက်ထဲမှ



ညှိုမှိုင်းမှိုင်းအရည်များကို လျင်မြန်သွက်လက်စွာ တရှိန်ထိုး မော့ချလိုက်လေတော့၏။

'ဂလောက်. . . . ဂလောက်'

'အား. . . .'

'ဝုန်း. . . .'

ပြီးလျှင် ပြင်းထန်စွာအော်ဟစ်ပြီးသကာလ ဘေးဆောင်းလဲကျခါ သေဆုံးသွားရှာလေ၏။

ထိုအခါ ဝတ်စုံနက်က သဘောကျသကဲ့သို့ ခေါင်းညိတ်လျက်. . . .

'ခင်ဗျားဟာ လောကကြီးမှာ အင်မတန် ကြောက်မက်ဖွယ် ပုဂ္ဂိုလ်ကြီးတစ်ယောက်မို့ အခုလို အသေဆိုးနဲ့ သေသင့်တာ ကြာပါပြီလေ' ဟုဩဘာပေးသကဲ့သို့ ပြောဆိုပြီးလျှင် ခုတင်အနီးသို့ ချဉ်း တပ်လိုက်၏။

ပြီးလျှင် ကြေးဖလားကိုကောက်ယူ၍ နမ်းကြည့်လိုက်၏။

'အား. . . .'

စူးစူးဝါးဝါး အနံ့ဆိုးကြီးကြောင့် ဝတ်စုံနက် ကပျာကယာ ကြေးဖလားခွက်ကို မူလနေရာသို့ ပြန်ထားရင်း. . . .

'ဆိုးဝါးလိုက်တဲ့အနံ့၊ အင်မတန် ပြင်းထန်ပုံရတဲ့ အဆိပ်ပဲ၊ ဒါကြောင့်မို့လဲ ချက်ချင်း အသက်ထွက်သွားတာပေါ့'

ဟုပြောပြောဆိုဆို နေရာမှ လှည့်၍အခန်းဝရှိသံချပ်ကာ ရုပ်ကြီးရှိရာသို့ ဣန္ဒြေရစွာ လျှောက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ကာရုပ်တုကြီးမှာ သက်ရှိ သတ္တဝါတစ်ဦးကဲ့သို့ ထီးထီးမားမား ဆိုတ်ငြိမ်စွာ ရပ်လျက်ရှိ၏။ ဝတ်စုံနက်က ရုပ်တုကြီး ဘေးတွင် ရပ်လိုက်ပြီးလျှင် ခေတ္တ အကဲခတ် ကြည့်ရှုလိုက်၏။

ဤတွင် ရုပ်တုကြီး ဝမ်းဗိုက်၌ သော့ပေါက်ကို အထင်းသား တွေ့လိုက်ရသောကြောင့် ကျေနပ်ပြုံး ပြုံးလိုက်ပြီးနောက် သော့ကို သော့ပေါက်အတွင်းသို့ လျင်မြန်စွာ ထိုးသွင်းလိုက်တော့သည်။

'ဗိုး. . . .'

'ဝှစ်. . . .'

'ဒုတ်. . . .'

'အား. . . .'

ထိုခဏတွင် မည်သို့ဖြစ်သည် မသိအောင်ပင် ယန္တရား လည်ပတ်သံ တဝီဝီ ထွက်ပေါ်လာပြီးသကာလ ပြောင်လက်သော ဓားကြီးက ဝတ်စုံနက် ကိုယ်ခန္ဓာကိုယ်အား တစ်ပြိုင်နက်ခုတ်ချပြီး ဖြစ်နေလေတော့သည်။

ထို့ကြောင့် ဝတ်စုံနက်မှာ လှုပ်ပင် မလှုပ်နိုင်ရှာဘဲ ပြင်းထန်သော ဓားချက်ကြောင့် ချက်ချင်း လဲကျသေဆုံးသွားရှာတော့သည်။

သွေးစီးကြောင်းကြီး တစ်ကြောင်းက လျှာထိုးကြမ်းပြင်ပေါ်တွင် ရှတ်ခြည်း ဖြစ်ပေါ်နေလေ၏။

ယင်းသို့ရှိစဉ်, အခန်းထဲမှ ရယ်မောသံကြီးနှင့်အတူ ပြောဆိုလိုက်သံ တစ်ခုက တိတ်ဆိတ်ခြင်းကို ဖြိုခွင်း၍ ကြောက်ခမန်းလိလိ ထွက်ပေါ်လာခဲ့လေတော့သတည်း။



'ဟား. . . ဟား. . . ဟား. . . ဟား. . . ငါ့ကိုသတ်ဖို့ လာခဲ့တာတဲ့လေ၊ သဘောကျဖို့ ကောင်းလိုက်တာကွာ၊ ငါ့ကိုသတ်ဖို့ လာသူမှန်သမျှဟာ နောက်ဆုံးမှာ မင်းလိုပဲ သူတို့အသက်ကို ပေးသွားကြရတာ၊ ငရဲပြည်ကျမှ သိကြရတော့တယ်လေ၊ သတ်ကြ. . . သတ်ကြစမ်း၊ ငါ့ကို လာသတ်ကြစမ်းပါ, . . ဟား . . ဟား. . . ဟား. . . ဟား၊

'. . . အေး. . . မင်းရောက်လာတဲ့အတွက်, ငါ့မှာ ပလာစတာရုပ်လုံးတစ်ခု တိုးလာတာပေါ့ကွာ၊ ဒါပေမယ့် အလုပ်ကတော့ ရှုပ်တယ်ကွ၊ ဒါပေမယ့် စိတ်ချပါလေ၊ မနက်ကျတော့ မင်းဟာ အကောင်းဆုံး ပလာစတာရုပ်တုတစ်ခု ဖြစ်ရပါစေ့မယ်၊ အတတ် . . . ဟား. . . ဟား. . . ဟား. . . ဟား'

www.burmeseclassic.com



## အခန်း ( ၁ )

တစ်နေ့သ၌ ကျွန်ုပ်သည် သူရိယမဂ္ဂဇင်းအတွက် ဝတ္ထုတစ်ပုဒ်ကို ရေးသားလျက်ရှိစဉ် ပေါ်တီကိုအောက်သို့ ကားတစ်စီး ထိုးဆိုက်လာပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ အိုင်အိုနန်းထိုက်နှင့်အတူ ကျွန်ုပ်မမြင်ဖူးသော လူစိမ်းတစ်ယောက်ကားပေါ်မှ ဆင်းလာခဲ့လေ၏။

'ဟာ. . . ကိုနန်းထိုက် လာဗျို့၊ ဘယ်ကလှည့်လာတာလဲ'

ဟု ကျွန်ုပ်က နေရာမှထ၍ ဝမ်းသာအားရဖြင့် ခရီးဦးကြိုဆိုလိုက်၏။ အိုင်အိုနန်းထိုက်က ပြုံး၍. . .

'အမှုအခင်း ပါးလျားနေတုန်း အားအားရှိတာနဲ့ ခင်ဗျားဆီကို သက်သက်လာခဲ့တာပါဗျာ' ဟုဆို၏။

ကျွန်ုပ်က ဧည့်သည်ကို နေရာထိုင်ခင်းပေး၍ တစ်ချက်မျှ အကဲခတ်လိုက်သည်တွင် အိုင်အိုနန်းထိုက်က ရိပ်မိဟန်ဖြင့်. . .

'ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်၊ သူက မန္တလေး ဆပ်ကျောင်းက စီအိုင်ဒီလို မကြာခင်ရက်အတွင်း ရောက်လာတဲ့ဆူပေဒါသောကြာ ဆိုတာပေါ့၊ ကိုသောကြာ သူက ခင်ဗျားကို ကျွန်တော်မကြာခဏ ပြောပြောနေတဲ့ စာရေးဆရာ ကိုညိမ်းမောင် ဆိုတာပေါ့'

ဟု ကျွန်ုပ်တို့နှစ်ဦးကို မိတ်ဆက်ပေး၏။



ထို့ကြောင့် ကျွန်ုပ်တို့လည်း ယဉ်ကျေးမှုသဘောအရ တစ်ဦးနှင့်တစ်ဦး လက်တွဲနှုတ်ဆက်ကြလေ၏။ ပြီးလျှင် ကျွန်ုပ်က လစ်ပ်တန် လက်ဖက်ခြောက်နှင့်ဖျော်သောလက်ဖက်ရည် သုံးခွက်ကို တစ်ယောက်တစ်ခွက်စီသောက်သုံးကြရင်း ရောက်တတ်ရာရာ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ ကို စကာပတ်ကုံး ပြောကြားကြလေတော့၏။

ထို့နေ့က အိုင်အိုနန်းထိုက်မှာ တမူထူးခြားစွာဖြင့် အမျိုးသမီးအကြောင်းများကိုသာ ပြောဆိုနေလေရာ ကျွန်ုပ်မှာ အံ့သြလွန်းသောကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေရပေတော့၏။

အကြောင်းသော်ကား. . .

ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက်တို့ ခင်မင်ရင်းနှီးလာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့်အလျောက် အိုင်အိုနန်းထိုက်၏ စရိုက်ကို တိတိပပ သိရှိခဲ့ရာ ၎င်းသည် အမျိုးသမီးများနှင့် ပတ်သက်၍ တစ်ခါတစ်ရံမျှ ပြောဆိုဖူးခြင်း မရှိသောကြောင့်ပေတည်း။

သို့စေကာမူ ယခုစကားဝိုင်း၌ကား အိုင်အိုနန်းထိုက်မှာ ထူးခြားလှစွာ မိန်းမများ ရက်စက်ယုတ်မာမှု၊ ကောက်ကျစ်စဉ်းလဲမှု၊ လော်လီဖေါက်ပြားမှုများကိုသာ အစဉ်တစိုက် ပြောဆိုလျက်ရှိသည်မှာ မည်သည့်အကြောင်းနည်းဟု ကျွန်ုပ်ဝေဖန်စဉ်းစားနေမိကြောင်း ဝန်ခံရမည် ဖြစ်ပေတော့၏။

ဆူပေဒါသောကြာကမူ အိုင်အိုနန်းထိုက် ပြောစကားကို

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလျက်သာ နားထောင်နေရှာ၏။ ကျွန်ုပ်က အိုင်အိုနန်းထိုက်ကို နောက်ပြောင်လိုသည့် သဘောဖြင့်. . .

'အိုင်ဆေး. . . . . ခင်ဗျားက မိန်းမ မကောင်းကြောင်းတွေချည်း ပြောဆိုနေပါလား၊ ရာဇဝင်မှာအလွန့်အလွန်ကောင်းတဲ့ မိန်းမကောင်းတွေရှိနေတာကို ကျွန်တော်ပြောပြရမလား' ဟုဆိုရာ အိုင်အိုနန်းထိုက်က လက်ဖက်ရည်တစ်ကျိုက် မော့သောက်လျက်မှ. . . .

'ခင်ဗျား ပြောတာကို ကျွန်တော် မငြင်းပါဘူး ကိုညိမ်းမောင်၊ ဒါဆိုရင် ခင်ဗျားလိုပဲ ကျွန်တော်ကလဲ ရာဇဝင်ထဲ ကကောက်ကျစ်ယုတ်မာတဲ့ အမျိုးသမီးအချို့ကို ထုတ်ပြ ပြောဆိုရသေးတာပေါ့'

ဟုဆိုကာ အောက်ပါအတိုင်း ပြောပြရှာလေတော့၏။

'ဂေါတမမြတ်စွာဘုရားရှင်ဟာ ဇေတဝန်ကျောင်းတော် မှာ သီတင်းသုံးနေစဉ်အခိုက် သာသနာတော်ကြီးကို ငြီးငွေ့တဲ့ရဟန်းတစ်ပါးကို အကြောင်းပြုလို့ စိတ်မချရတဲ့ မိန်းမများအကြောင်း ဟောပြောခဲ့ဖူးတယ်ဗျ. . . ဒီလို . . . ဒီလို. . . ၊

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားအလောင်းသည်ပင် တက္ကသိုလ်ပြည်မှာ ဒိသာပါမောက္ခ ဆရာကြီးဖြစ်နေသတဲ့၊ ဆရာကြီးမှာ အသက်တစ်ရာ့နှစ်ဆယ် ရှိတဲ့ မိခင်အိုကြီးတစ်ဦး ရှိတယ်၊ ဒါပေမယ့် မျက်စိမမြင်ရှာဘူး၊ ဒိသာပါမောက္ခဆရာကြီးဟာ မိခင်အိုကြီးကို မိမိလက်ဖြင့် ရေချိုးပေးတယ်၊ ထမင်းခွံ့ကျွေးတယ်၊ ခြေဆုပ်လက်နယ် ပြုပေးရှာတယ်။

'. . . ဒါကို တွေ့မြင်ကြသူအပေါင်းက ရှုံ့ရှာပြီး ကဲ့ရဲ့ကြတာကြောင့် ဒိသာပါမောက္ခကြီးဟာ လူတွေနဲ့ဝေးရာအရပ်ကိုသွားပြီး မိခင်အိုကြီးနဲ့အတူ သစ်ရွက်မိုးတဲကလေးတစ်လုံးထိုးပြီး နေကြတယ်တဲ့လေ၊ နောက် ရှေးယခင်အတိုင်း ပြုစုကျွေးမွေးရှာတယ်၊

'. . . . အဲဒီအချိန်မှာ ရာဇဂြိုလ်ပြည်ကပုဏ္ဏားငယ်တစ်ယောက်ရောက်လာပြီး ဆရာကြီးထံမှာ ပညာသင်ကြားတယ်၊ ဆရာကြီးကလဲ ကောင်းမွန်စွာ လက်ခံပြီး ပညာသင်ကြားပေးရှာတာပေါ့၊ ပညာစုံတော့ ပုဏ္ဏားငယ်လည်း နေရပ်ကို ပြန်သွားခဲ့တယ်၊ ဒါပေမယ့် ပညာသင်ပြီး ပြန်လာတဲ့သားငယ်ကို မိန်းမတွေရဲ့ အပြစ်တို့ သိစေလိုတဲ့ မိခင် ပုဏ္ဏားမက 'အသာတမန္တန်'ကို သင်ခဲ့ရသလားလို့ မေးတယ်၊ သားက မသင်ခဲ့ရကြောင်း ဝန်ခံတော့ မိခင်ပုဏ္ဏားမက 'အသာတမန္တန်ကို မသင်ခဲ့ရသေးလျှင် ပညာစုံပြီဟု မဆိုနိုင်ချေး သွားလော့၊ ဆရာကြီးထံ တစ်ခေါက်ပြန်၍ အသာတမန္တန်ကို သင်ကြားလေ' လို့ ဆိုပြီး သားကို လွှတ်လိုက်တယ်ဆိုပဲ၊

'. . . . . သားဖြစ်သူ ပုဏ္ဏားငယ်လဲ ဆရာကြီးရှိရာ တောထဲကို နောက်တစ်ခေါက်ပြန်သွားရတာပေါ့၊ ဆရာကြီးနဲ့တွေ့လို့ အကျိုးအကြောင်း ပြောပြတဲ့အခါ ဆရာကြီးက 'အသာတမန္တန်ဆိုသည် မရှိ၊ ထိုအတိုင်းဆိုလျှင် ပုဏ္ဏားငယ်၏ မိခင်သည် မိန်းမတို့အကြောင်း သိစေလိုသဖြင့် စေလွှတ်လိုက်ခြင်းသာ ဖြစ်ကြောင်း စဉ်းစားလိုက်မိတယ်၊ ဒီအခါမှာ ဒိသာပါမောက္ခဆရာကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားငယ်ကို ကောင်းပြီ၊ ငါ၏မိခင်အားငါကဲ့သို့ပင် ရေချိုး၊ အမွှေးနံ့သာလိမ်းကျံပေး၊ ထမင်းခွံ့၊ ရေတိုက်၊ အခင်းကြီး အခင်းငယ်က အစ တာဝန်ယူလုပ်ကိုင်ပေးရမယ်' လို့ဆိုပြီး တာဝန်ပေးအပ်လိုက်တယ်တဲ့၊

'နောက်ပြီး ထိုသို့ပြုလုပ်နေစဉ် အခိုက်မှာ အမြောက်အပင့်စကားများကို မနားတမ်းဆိုပါလို့ မှာလိုက်သေးသတဲ့၊ တစ်ဖန် မိခင်အိုက ပြောကြားတဲ့ စကားကိုလဲ တစ်လုံးမကျန် သူ့ကိုပြန်ပြောဖို့ ဒိသာပါမောက္ခဆရာကြီးက တပည့်ဖြစ်သူ ပုဏ္ဏားငယ်ကို မှာကြားပြန်တယ်၊

'. . . . ပုဏ္ဏားငယ်လည်း ဆရာ့စကားကို မြေဝယ်မကျနားထောင်ရင်း အဘွားအိုကြီးကို ပြုစုရှာတယ်၊ မြှောက်ပင့်ပြောဆိုရှာတယ်၊ နောက်ဆုံးတော့ အဘွားအို ရွတ်တွကြီးဟာ လူငယ်ရဲ့ မြှောက်ပင့်ပြောဆိုမှု အတွေ့အထိတွေအပေါ်မှာ သာယာခြင်းပြင်းစွာ ဖြစ်လာတယ်ဆိုပါတော့၊ ဒီအခါမှာ အဘွားအိုက ပုဏ္ဏားငယ်ကို 'အတူတကွ ပေါင်းသင်းနေထိုင်ကြဖို့' ပြောတဲ့အခါ ပုဏ္ဏားငယ်က ဆရာကြီး သင်ကြားပေးတဲ့အတိုင်း အတူတကွ ပေါင်းသင်းနေထိုင် လိုပါသော်လည်း အဘွားအို၏ သားဖြစ်သူ ဒိသာပါမောက္ခဆရာကြီး ရန်ကို ကြောက်ရပါကြောင်း ပြန်ပြောလိုက်တယ်'၊

'. . . . ဒီအခါမှာ အဘွားအိုက 'ဒီကိစ္စအတွက် ပူစရာမလိုကြောင်း၊ သူ့သားကို သူကိုယ်တိုင် သတ်ပစ်မှာဖြစ်ကြောင်း



ဘတိပေး ရှာတယ်၊ တပည့်ကလဲ ဆရာ့ကို အကြောင်းစုံပြန်ပြောရတာပေါ့၊ ဒီတော့ ဒိသာပါမောက္ခ ဆရာကြီးဟာ မိခင်အိုကြီးရဲ့ အသက်အပိုင်း အခြားနဲ့ ရုပ်ရည်ကို ဆန်းစစ်ကြည့်တဲ့အခါ သနေ့ပင် အာယုသက် တမ်းကုန်ဆုံးတော့မှာကို တွေးမိလေတယ်ဗျာ၊

'. . . . ဒီအခါ တပည့်နဲ့ တိုင်ပင်ပြီး ရေသဖန်းပင်ကို ကိုယ်တိုင်းနဲ့ဖြတ်၊ သူ့အိပ်ရာမှာတင်ထားပြီး စောင်နဲ့ ဦးခေါင်းမှ ခြေဖျားအထိ လူအိပ်နေသလို ခြုံထားစေတယ်၊ ပြီးမှ ပုဆိန်ယူပြီး မိခင်လက်ထဲကို ထည့်ပေးဖို့ တပည့်ကို မှာကြားလိုက်တယ်၊'

'. . . . ညရောက်တဲ့အခါ တပည့်လဲ ဆရာမှာကြားတဲ့အတိုင်း အဘွားအိုလက်ထဲ ပုဆိန်အပ်ပြီး ဆရာကြီးကို သတ်ဖို့ ဆရာကြီးအိပ်ရာဆီကို အဘွားအိုကို ဆွဲခေါ်ခဲ့တယ်၊ အသက်တစ်ရာနှစ်ဆယ်ရှိတဲ့ အဘွားအိုဟာ ကာမတဏှာဇောနဲ့ လုလင်ပြောတဲ့အတိုင်း သားကို သတ်ဖို့ သဘောတူလိုက်တယ်၊ အိပ်ရာရောက်တဲ့အခါ ပုဆိန်ကို ကိုင်မြှောက်ပြီး သားရဲ့ ဦးခေါင်းနေရာကို မှန်းဆပြီးခုတ်ချလိုက်တော့တယ်၊ အသံကသစ်သားကို ခုတ်တဲ့အသံဖြစ်တာမို့ အဘွားအို လန့်သွားချိန်မှာ တစ်နေရာက ကြည့်နေတဲ့ ဒိသာပါမောက္ခဆရာကြီးဟာ 'အမေ ဒါ ဘာလုပ်တာလဲဗျာ'လို့ ပြောလိုက်တော့၊

'. . . . သားရဲ့ ရုတ်တရက် ထွက်ပေါ်လာတဲ့ အသံကြောင့် ရှက်ခြင်း၊ ကြောက်ခြင်းနှစ်ပါးရောယှက်ပြီး၊ စိတ်ထိခိုက်လို့

www.burmeseclassic.com



အဲဒီနေရာမှာတင် လဲကျ သေဆုံးသွားရှာတော့တယ်၊ အမေဒိုရဲ့ အလောင်းကို ကောင်းမွန်စွာ သဂြိုဟ်ပြီးတဲ့အခါ ဆရာကြီးက တပည့်ကို အသာတမန္တန်ဆိုသည် မရှိ၊ မိန်းမများ၏ အပြစ်ကို ကိုယ်တွေ့ ကြုံရသည်ပင် အသာတမန္တန် ဖြစ်သည်လို့ ဆိုမိန့်ရှာတယ်၊'

'. . . . တပည့်ဖြစ်သူ ပုဏ္ဏားငယ်ဟာ မိန်းမတို့ရဲ့ စက်ဆုပ်စရာ အပြစ်ကို မယုံကြည်နိုင်ဖွယ် တွေ့ခဲ့ရတာကြောင့် နေရင်းအရပ် ပြန်ရောက်တဲ့အခါ လူ့ဘောင်မှာ မနေလိုတော့ဘဲ ရဟန်းဘောင်ကို တစ်ခါတည်း ကူးပြောင်း သွားခဲ့တော့တယ်ဗျာ၊ အင်မတန်သင်ခန်းစာ ယူစရာ ဇာတ်ကြောင်းပါပဲ. . . .'

အိုင်အိုနန်းထိုက် ပြောပြသော ငါးရာငါးဆယ့်နိပါတ်တော်လာ အသာတမန္တန် ဇာတ်တော်အကြောင်း ပြီးဆုံးသောအခါ ကျွန်ုပ်နှင့် ဆူပေဒါ သောကြာတို့မှာ သက်ပြင်းကိုယ်စီကို ပြိုင်တူ ချလိုက်မိကြပေတော့၏။

အိုင်အိုနန်းထိုက်ကမူ ခံတွင်းချဉ်ဟန်ဖြင့်စတိုင်လိုစီးကရက်တစ်လိပ် နှိုက်ထုတ်ပြီး သကာလ မီးညှိရှိုက်ဖွာနေရှာလေ၏။ ပြီးလျှင် စီးကရက် မီးခိုးများကို အကွင်းကလေးများဖြစ်အောင် မှုတ်ထုတ်နေ လေ၏။ ထိုအခါ ကျွန်ုပ်ကလည်း အားကျမခံ ငါးရာငါးဆယ့် နိပါတ်တော်လာ တက္ကပဏ္ဍိတ ဇာတ်တော်အကြောင်းကို ပြောပြ လိုက်လေ၏။

ယင်းဇာတ်တော်မှ ဒုဋ္ဌကုမ္မာရီသည် ဝင့်ဝါ၏။ မာနကြီး၏။



အမျက်စောင် မာန်ကြီးမား၏။ ခက်ထန်၏။ ယုတ်မာ၏။ ကောက်ကျစ်၏။ ပက်စက်၏။ ထို့ကြောင့် ကျေးကျွန်များသာမက အရပ်လူထုကပါ မုန်းတီး၏။ သို့သော် သူမသည် လှပသည်နှင့်အမျှ သူဌေးသမီးဖြစ်၏။

သူမသည် တစ်နေ့သောအခါ အခြွေအရံများနှင့် မြစ်ဆိပ်တွင် ရေချိုးရင်း မိုးမှောင်ကြီးများကျသဖြင့် ရေစီးနှင့်မျောပါသွားရာ အခြွေအရံများက ယခင်ကတည်းက မုန်းတီးနေသောကြောင့် ကယ်ရန် မကြိုးစားကြချေ။

ရေစီးနှင့်အတူ မျောပါလာသော သူဌေးသမီးဟာ သေမယ့်အဖြစ်ကို တွေးမိတော့ အပြင်းအထန် အော်ဟစ်ပြီး ကယ်ပါယူပါ လုပ်တဲ့အခါ မြစ်ကမ်းနားမှာ နေထိုင်တဲ့ ရသေ့တစ်ပါးက သနားမေတ္တာဖြင့် မိမိအသက်ကို မငဲ့ကွက်ဘဲပြင်းထန်တဲ့ ရေစီးကို ကူးခတ်ပြီး ဒုဋ္ဌကုမ္မာရီကို ကယ်တင်ခဲ့ရရှာသည်

ရသေ့က မိုးသက်မုန်တိုင်း ငြိမ်သက်တဲ့အခါ ပြန်ဖို့ပြောသော်လည်း ရသေ့အပေါ် ညွှတ်နူးမိတဲ့ ဒုဋ္ဌကုမ္မာရီသည် မာယာကွန်ယက်ဖြင့် ရသေ့ကို ဖျားယောင်းကာ လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်နိုင်အောင် ကြိုးစားလေ၏။

ရသေ့ကလည်း ဈာန်လျှောသဖြင့် လူထွက်ခါ အတူတကွ ပေါင်းသင်းနေထိုင်ကြစဉ် ရက်တက်ရည် (ဒိန်ချဉ်) ရောင်း၍ မိန်းမည်တို့ လုပ်ကျွေးရှာသည်။

တစ်နေ့တွင် သူခိုး၊ ဓားပြများ ရောက်လာလျှင် ခိုးဆိုး

www.burmeseclassic.com

www.burmeseclassic.com



လုယက်ကြရာ ခိုးသားအကြီးအကဲက ဒုဌကုမ္မာရီ၏အလှကို မြင်တွေ့သွားလျှင် မယားအဖြစ် ခေါ်ယူသွားလေတော့သည်။

ရသေ့လူထွက်တက္ကပဏ္ဍိတဟာ သူ့ဇနီးကိုသိပ်ချစ်တော့ တစ်နေ့မှာ ဒုဌကုမ္မာရီဟာ ဘယ်နည်းနဲ့ဖြစ်ဖြစ် ခိုးသားအကြီးအကဲ လက်ထဲက လွတ်မြောက်အောင် ကြိုးစားပြီးပြေးလာမှာပဲလို့ မျှော်နေရှာ၏။

ဒုဌကုမ္မာရီကတော့ 'ငါဟာ ခိုးသူကြီးထံမှာ ကောင်းမွန်ချမ်းသာစွာ နေထိုင်ရတယ်၊ ဒါကြောင့် ဒီမှာပဲ နေမယ်၊ ဒါပေမယ့် လင်ကြီး တက္ကပဏ္ဍိတဟာ ငါ့ကိုသိပ်ချစ်လေတော့ တစ်နည်းနည်း လာခေါ်မှာ'

ဆိုပြီး စိုးရိမ်နေရှာ၏။

နောက်ဆုံးတော့ဥပါယ်တံမျဉ်နဲ့ တက္ကပဏ္ဍိတကိုခေါ်ပြီး ခိုးသူကြီးလက်ကို အပ်လိုက်တယ်၊ ခိုးသူကြီးလည်း ဒေါသတကြီးနဲ့ တက္ကပဏ္ဍိတကို ဖမ်းဆီးရိုက်နှက်လေ၏။ ထိုအခါ တက္ကပဏ္ဍိတက အမျက်ကြီးသော မိန်းမယုတ်၊ ကျေးဇူးမသိတတ်သော မိန်းမယုတ်၊ ကုန်းချောသော မိန်းမယုတ်၊ အဆွေခင်ပွန်းကို ပြစ်မှားသော မိန်းမယုတ်လို့ ထပ်တလဲလဲရေရွတ်ရှာ၏။

ထို့ကြောင့် ခိုးသူကြီးက အကြောင်းစုံ မေးသည်တွင် တက္ကပဏ္ဍိတက ဒုဌကုမ္မာရီဝတီကို ရေထဲမှ ကယ်ဆယ်ပုံ၊ နောက် ညွတ်ကွင်းမိရပုံ၊ ထို့နောက် ရက်တက်ရည်(ဒိန်ချဉ်) ရောင်း၍ ကျွေးမွေးပုံတို့ကို ပြောပြရှာ၏။



ထိုအခါ ခိုးသူကြီးက စဉ်းစားမိသည်မှာ 'ထိုမိန်းမသည် အသက်သခင် ကျေးဇူးရှင်ကိုပင် ပြစ်မှားတတ်လျှင် တစ်နေ့ငါကဲ့သို့ လူဆိုးသူခိုးကို မကောင်းကြံမည်မှာ မလွဲ' ဟူ၏။

ဤတွင် တောထဲသို့ လင်မယားနှစ်ယောက်သားအား ခေါ်သွားပြီးလျှင် ခိုးသူကြီးက တက္ကပဏ္ဍိတအား သတ်မည့်ဟန်ဖြင့် ဒုဌကုမ္မာရီကို ဓားဖြင့် ခုတ်သတ်လိုက်လေတော့သတည်း။

ကျွန်ုပ်က အထက်ပါ ဇာတ်ကြောင်းကို အစအဆုံးပြောပြီးသည်တွင် မောသွားကာ လက်ကျန်လက်ဖက်ရည်ကို အပြီးမော့ချလိုက်လေတော့၏။

'အင်း. . . . သိပ်ကောင်းတဲ့ ဇာတ်တော်ပေါ့ဗျာ၊ အဲဒါ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်မှာ ငြီးငွေ့တဲ့ ရဟန်းတစ်ပါးကို အကြောင်းပြုပြီး အတိတ်ဇာတ်ကို ဟောပြောခဲ့တာ မဟုတ်လား ကိုညိမ်းမောင်'

ဟု ချက်ဆို နားခွက်က မီးတောက်သည့် ဗဟုသုတ တင်းလေးအိုး အိုင်အိုနန်းထိုက်က မေးသဖြင့် ကျွန်ုပ်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်လိုက်ရလေ၏။

ဆူဗေဒါ သောကြာက ကပ်ကြေးစီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိရှိုက်ဖွာရင်း. . . .

သုံးကျောင်းပြောင်းသောရှင်၊ သုံးလင်ပြောင်းသော မိန်းမဆိုတာ အင်မတန်ရှုယ်ဖွယ်လိလိဆိုတာ ကျွန်တော်တို့ ကြားဖူးကြတယ်နော်၊ ဒါပေမယ့် ကျွန်တော် တွေ့ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်

www.burmeseclassic.com



ကတော့ မှတ်မှတ်သားသား လင်ဆယ်ယောက် ယူခဲ့ဖူးတယ်ဗျာ၊ အဟက် ဟား ဟား ဟား ဟား' ဟုဆို၏။

ထိုအခါ ကျွန်ုပ်က. . . .

'အဲဒီအမျိုးသမီးက ယောက်ျားကောင်း မောင်းမတစ်ထောင် ဆိုတဲ့စကားကို ပြောင်းပြန်ပြုပြီး ခံယူချက် ထားတာတင်ပါချဲ့၊ ဟဲ ဟဲ ဟဲ' ဟုဆိုရာ အိုင်အိုနန်းထိုက်နှင့်ဆူဗေဒါသောကြာတို့မှာ သဘောကျလျှက် ရယ်မောကြပေတော့၏။

'အဟက်. . . . ဟား. . . . ဟား. . . . ဟား'

'ဟဲ. . . . ဟဲ. . . . ဟဲ. . . . ဟဲ'

ထို့နောက် ကျွန်ုပ်က လူတတ်လုပ်လျက် ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်း အိုင်တင်ဖမ်းကာ. . . .

'အိုင်ဆေး. . . . ဒီနေ့ မိန်းမ မကောင်းကြောင်းပြောနေတာတွေဟာ အမှုတစ်ခုမှာ သော်လည်းကောင်း၊ လမ်းခရီးမှာသော်လည်းကောင်း အကျင့်တန်တဲ့မိန်းမတစ်ယောက်ယောက်ကို တွေ့ခဲ့ရလို့ပဲဆိုတာ ကျွန်တော်ခန့်မှန်းမိလိုက်တယ်၊ ဘယ့်နှယ်လဲဗျို့' ဟု ခပ်တည်တည်မေးလိုက်လေ၏။ ဤတွင် အိုင်အိုနန်းထိုက်က ပြုံး၍. . . .

'မဆိုးတော့ဘူး ခင်ဗျားဟာ တကယ့်ကို မဆိုးတော့ပါဘူး၊ အကောင်ပြရင် အရိပ်တော့ ထင်တတ်လာပါပြီ' ဟုထုံးစံအတိုင်း ကျွန်ုပ်ကို ကျီစယ်လိုက်လေ၏။ ပြီးမှ အိုင်အိုနန်းထိုက်က. . . .

'ဟုတ်ပါတယ် ကိုညိမ်းမောင်၊ တစ်နေ့က စက်ရှင်တရားရုံး



မှာ ကြံုလိုက်ရတဲ့ အမှုတစ်ခုပေါ့၊ လင်သားက ရိုးရိုးသားသား ရှာကျွေးပေမယ့် မိန်းမသားက ဖောက်ပြန်တော့ လင်သားလဲ မခံနိုင်တဲ့အဆုံး ဇနီးသည်ကို ရက်ရက်စက်စက်သတ်လိုက်တယ်၊ အဲဒီတရားခံကို ကျုပ်ကိုယ်တိုင် သွားဖမ်းရတာလေ၊ တရားခံက မခုခံပါဘူး၊ ကောင်းမွန်စွာ အဖမ်းခံပြီး ဖြစ်သမျှအကြောင်းကို ခရေစေ့တွင်းကျ ပြောပြရှာတယ်၊ ကားမောင်းလာရင်း စိတ်ထဲမှာ အဲဒီကိစ္စကို ပြန်တွေးမိတာနဲ့ အခုလို မိန်းမ မကောင်းကြောင်းတွေ ပြောနေမိတာပါ' ဟုဆို၏။

ဆူဗေဒါသောကြာက တိုသွားပြီဖြစ်သည့် စီးကရက်ကို ဖောက်ထုတ်ရင်း. . . .

'ခက်တယ်ဗျာ၊ လောကကြီးမှာ ရက်စက်ကြစတမ်းဆိုရင် မိန်းမက ယောက်ျားထက် ပိုပြီးရက်စက်တယ်ဗျ၊ ဘာကြောင့် အဲဒီစကား ပြောရသလဲဆိုရင် ကလီယိုပါထရာ မင်းသမီးရဲ့ အကြောင်းက သက်သေခံနေတယ်လေဗျာ' ဟု ဆို၏။

ထို့နောက် ကျွန်ုပ်တို့လည်း ကမ္ဘာရာဇဝင်များမှ ရက်စက်ကောက်ကျစ်သည့် မိန်းမများအကြောင်းကို စိတ်ကူးရသမျှ ပြောဆိုကြပြန်လေ၏။ ကျွန်ုပ်ပြောရမည့်အလှည့်တွင် ဝင်ပြောပြီး ကျွန်ုပ်နားထောင်ရမည့် အလှည့်တွင် ဂျူနိနက်စပါယ်ရှယ် ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်ကာ ငြိမ်ဖြင့်နားထောင်၏။

ဆူဗေဒါသောကြာနှင့် အိုင်အိုနန်းထိုက်တို့ ပြောပြသော ဇာတ်သုတများမှာ စာရေးဆရာဖြစ်သည့် ကျွန်ုပ်အဖို့ လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



အသုံးတည့်သည်ဟု ဆိုရမည့် ဗဟုသုတများသာ ဖြစ်ကြောင်း ကျွန်ုပ် ဝန်ခံရမည် ဖြစ်ပေသည်။

**မှတ်ချက်။** ။ဆူဗေဒါသောကြာနှင့် အိုင်အိုနန်းထိုက်တို့ ပြောပြသော ကမ္ဘာ့ရာဇဝင်မှ မိန်းမဆိုးတို့ အကြောင်းအား ဖေါ်ပြ လိုသော်လည်း ဝတ္ထုဇာတ်ကြောင်းကို ငဲ့၍ မဖေါ်ပြခြင်းအား စာဖတ် ပရိတ်သတ်များ ခွင့်လွှတ်သည်းခံ ကြလိမ့်မည်ဟု မျှော်လင့်မိပါပေ၏။

**စာရေးသူ**

အတန်ကြာ စကားပြောပြီးကြသောအခါ အိုင်အိုနန်းထိုက်က လက်ပတ်နာရီကိုကြည့်၍....

'ညနေငါးနာရီတောင် ထိုးပြီ၊ လုပ်ဗျာ ကိုညိမ်းမောင်၊ ဘုံဘေရက်စ်တောရင့်မှာ ငုံးသားကြော်နဲ့ ချစ်တီးထမင်းသွားစား ကြရအောင်' ဟု ဆို၏။ ထို့ကြောင့် ကျွန်ုပ်သည် အလျှင်အမြန် အဝတ်အစားလဲပြီး သကာလ အိုင်အိုနန်းထိုက်ကားကလေးနှင့် လိုက်ပါလာခဲ့ရလေ တော့သတည်း။



## အခန်း ( ၂ )

ကျွန်ုပ်လည်း ဆာဆာရှိသည်နှင့် ချစ်တီးထမင်းနှင့်ငုံးသား ကြော်ကို ဗိုက်ကားသည်အထိ မြိန်ရည်ယှက်ရည် လွေးလေ၏။

အိုင်အိုနန်းထိုက်နှင့် ဆူဗေဒါသောကြာတို့ကမူ အသင့် အတင့်မျှသာ စားသောက်ကြပေသည်။

စားသောက်ပြီးကြသောအခါ အိုင်အိုနန်းထိုက်က ကျသင့် ငွေ ရှင်းပေးလျက် ဆိုင်ထဲမှ ထွက်လာခဲ့ကြစဉ် ဖရေဇာလမ်းအတိုင်း လျှောက်လာနေသော ဖိုးသူတော်ကြီးတစ်ပါးက အိုင်အိုနန်းထိုက် ရှေ့တည့်တည့်တွင် ရပ်တန့်ပြီး နောက် အောက်ပါအတိုင်း ထူးဆန်းစွာ ရေရွတ်လိုက်လေ၏။

'အင်း... သံသယ... သံသယ... သံသယဝေဆာ တော့အမှန်ပါ သေချာသပေါ့လေ' ထိုအခါအိုင်အိုနန်းထိုက် ကလည်း အောက်ပါအတိုင်း ဆုပေးသကဲ့သို့ ရေရွတ်လိုက် လေ၏။

'အင်း... အင်း... ကြံတိုင်း အောင်ပါစေ၊ ဆောင်တိုင်း မြောက်ပါစေ၊ ထင်တိုင်း ပေါက်ပါစေလေ'

'အဟုတ်... ဟား... ဟား... ဟား... ဟား'

www.burmeseclassic.com

www.burmeseclassic.com



ဆူပေဒါသောကြာက မည်သို့မျှ ထူးခြားခြင်း မရှိသော်လည်း ကျွန်ုပ်မှာထူးဆန်းစွာ မြင်တွေ့နေရသည့် ကိစ္စကြောင့် ကျွန်ုပ်ပင် မဆည်နိုင်တော့ဘဲ ဝါးလုံးကွဲရယ်ချလိုက်မိလေတော့၏။

အဘယ်ကြောင့်ဆိုသော် ဖိုးသူတော်က ကပေါက်တိကပေါက်ချာများ ရေရွတ်နေသကဲ့သို့ အိုင်အိုနန်းထိုက်ကလည်း စိတ်မနှံ့သူ တစ်ယောက်ပမာ ဖိုးသူတော်ကို ပြန်လည်ဆုပေးနေခြင်းကြောင့်ပင် ဖြစ်လေတော့သတည်း။

ကျွန်ုပ်က မျက်စိပိတ်၍ ရယ်မောလိုက်ခြင်းဖြစ်ရာ မျက်စိများကို ဖွင့်လိုက်သောအခါတွင် မြင်ကွင်း၌ ဖိုးသူတော်ကြီးမှာ လုံးဝမရှိတော့ပါပေ။ ထိုအခါ ဖိုးသူတော်ကြီးမှာ အလျင်အမြန်ထွက်ခွာကာ စည်ကားသော လူအုပ်ထဲတွင် ရောနှော ပျောက်ကွယ်သွားခြင်း သာဖြစ်ကြောင်း ကျွန်ုပ်တွေးတော့ ဆင်ခြင်လိုက်မိပေသည်။

အိုင်အိုနန်းထိုက်ကမူ ကျွန်ုပ်ရယ်မောလိုက်သည်အား သတိမပြုမိပုံဖြင့် ကားဆီသို့သွားကာ တံခါးဖွင့်၍ ကားမောင်းသူနေရာ၌ ထိုင်လိုက်လေတော့၏။

ထို့ကြောင့် ကျွန်ုပ်နှင့် ဆူပေဒါသောကြာတို့လည်း ကားထဲသို့ ဝင်ထိုင်လိုက်စဉ် ကျွန်ုပ်တို့ ကားဘေးမှ ဖြတ်၍ကျော်တက်သွားသော မြင်းရထားတစ်စီးကို တွေ့လိုက်ရာ အိုင်အိုနန်းထိုက်ထကားစက်နှိုးနေလျက်မှ ရုတ်ခြည် ရပ်တန့်လိုက်လေ၏။

ထိုအခါ မြင်းရထား ပြတင်းပေါက်မှ အမျိုးသမီးမျက်နှာ



တစ်ခုက လှစ်ခနဲ ပျောက်ကွယ်သွားသည်ကို ကျွန်ုပ်မြင်တွေ့လိုက်ရပေ၏။ ပြီးလျှင် မြင်းရထားလည်းရှေ့သို့ ဆက်လက်မောင်းနှင်သွားရာ အိုင်အိုနန်းထိုက်က ပြုံးလျက် ကားစက်နှိုးကာ. . . .

'ကျွန်တော်တို့ လေညင်းခံရအောင် ဗိုလ်တထောင် ဆိပ်ကမ်းဘက်ကို ယွန်းကြမယ်' ဟုဆိုရာ ကျွန်ုပ်နှင့်ဆူပေဒါသောကြာတို့က မဆိုင်းမတွပင် ခေါင်းညိတ်လိုက်ကြ၏။ ဤသို့ဖြင့် ကားကလေးကို ဘုရင်မပန်းခြံ (ယခု ဗိုလ်ချုပ် ပန်းခြံ) ဘက်မှ ပတ်၍ ကမ်းနားလမ်းအတိုင်း ဗိုလ်တထောင်ဆိပ် ကမ်းဘက်သို့ မောင်းနှင်လာခဲ့လေ၏။

ထိုအခိုက် ကျွန်ုပ်ကခပ်စောစောက အဖြစ်အပျက်ကို ပြန်လည် သတိရမိသည့်အတွက်. . . .

'ကိုနန်းထိုက်. . . ဘုံဘောရက်စ်တောရင့်ရှေ့မှာ တွေ့ရတဲ့ ဖိုးသူတော်ကြီးက ဘယ်ကလဲဗျ' ဟု မေးလိုက်၏။ ထိုအခါ အိုင်အိုနန်းထိုက်က. . . .

'သူ့နာမည်က ဦးကြာပေါ်တဲ့၊ ဖိုးသူတော် ကြာပေါ်ပေါ့၊ လူထူးဆန်းကြီး တစ်ယောက်ပါ၊ နောက်တော့မှ သူ့အကြောင်း အလျဉ်းသင့်တဲ့အခါ ခင်ဗျားကို ပြောပြပါ့မယ်'

ဟုကားကို ဂရုတစိုက် မောင်းနှင်ရင်းမှပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။နောင်အခါ ငှင်းဖိုးသူတော် ကြာပေါ်မှာ အိုင်အိုနန်းထိုက်ပြောသကဲ့သို့ လွန်စွာထူးဆန်း သောပုဂ္ဂိုလ်ကြီး တစ်ယောက်ဖြစ်သည်နှင့်အမျှ လွန်စွာ ဗဟုသုတများပြားသည့် ပုဂ္ဂိုလ်ကြီး တစ်ယောက်ဖြစ်ကြောင်းအပြင် ကျွန်ုပ်ရေးသား ထုတ်ဝေ ပြီးဖြစ်သည့် 'သတ္တနာမ မောင်တိကျ' ဝတ္ထုတွင် ငှင်းမှာအရေးပါ သည့် ဇာတ်ကောင် တစ်ကောင်ဖြစ်ကြောင်း စာဖတ်ပရိတ်သတ်များ သိရှိကြစေရန် ဖော်ပြရပါပေ၏။

**စာရေးသူ**

ထိုစဉ် ဆူပေဒါသောကြာက နောက်ဘက်မှ လျှင်မြန်စွာ ကျော်တက်သွားသော ကားတစ်စီးကို ဖျပ်ခနဲလှည့်ကြည့်လိုက်ပြီး လျှင်. . . .

'ဝပ်. . . . အားလုံးဝပ်' ဟု အော်ဟစ်လိုက်လေရာ ကျွန်ုပ်မှာလည်း လန့်ဖြန့်၍ ဖြုန်းခနဲ ဝပ်လိုက်မိလေ၏။

'ဒိုင်း. . . . ဒိုင်း'

'ရွှီး. . . . ရွှီး'

'ချွမ်း. . . ချွမ်း'

'ကျွီ. . . . ကျလိ'

'ဝူး. . . . ဝူး'



ထိုအခါ သေနတ်သံ နှစ်ချက်နှင့်အတူ ကျည်ဆန်များက ကားမှန်ကို ထိုးဖောက်သွားခဲ့လေ၏။

ပြီးလျှင် ကျွန်ုပ်တို့ကား ဘရိတ်အုပ်လိုက်စဉ် သေနတ်သမားများ၏ ကားသည် အရှိန်ပြင်းစွာ မောင်းထွက်သွားခဲ့လေတော့သတည်း။

❖❖❖❖❖❖

## အခန်း ( ၃ )

ကျွန်ုပ်က ဦးခေါင်းကို မရဲတရဲဖြင့် ဖော်လိုက်စဉ်မှာပင် တားတံခါးဖွင့်သံနှင့်အတူ ဆူပေဒါသောကြာက လမ်းပေါ်သို့ ဆင်းသွားသည်ကို တွေ့လိုက်ရ၏။

ကားမှာ အရှိန်မသတ်နိုင်သေးဘဲ ရှေ့ဘက်သို့ ရွေ့လျားနေဆဲရှိ၏။ အခြေအနေကို လှမ်းကြည့်လိုက်သောအခါ အိုင်အိုနန်းထိုက်မှာ ကားမောင်းသူနေရာ၌ပင် အေးဆေးစွာ ထိုင်ရင်း သောက်လက်စ စတိုင်လိုစီးကရက်ကို တည်တည်ငြိမ်ငြိမ် ဖွာရှိုက်နေလျက်ရှိလေ၏။ ရုတ်တရက် ဖြစ်ခတ်မှု အခြေအနေကြောင့် ကျည်ဆန်မှန် ကာ သေရွာသို့မြန်းကြွသွားနိုင်ကြောင်းသိပါလျက်

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ အေးဆေးစွာ နေနိုင်သည့် အိုင်အိုနန်းထိုက်ကို ကြည့်လျက် ကျွန်ုပ်မှာ လွန်စွာ အံ့သြမိသည်နှင့်အမျှစိတ်ထဲမှာလည်းလွန်စွာ ချီးကျူး မိပေတော့၏။

လျှင်မြန်ဖျတ်လတ်သော ဆူပေဒါသောကြာကား လက်ထဲတွင် သေနတ်ဆုပ်ကိုင်ပြီးသား ဖြစ်နေလျက် အဝေးဆီသို့ထွက်ခွာသွားပြီဖြစ်သည့် ကားဆီသို့ လှမ်းမျှော်ကြည့်လျက်သား ရှိနေလေ၏။

ထိုအခိုက် အိုင်အိုနန်းထိုက်က လမ်းသွားလမ်းလာအချို့ကို ကြည့်လိုက်ပြီးလျှင်. . . .

'ကျွန်တော်တို့ကို ထိမှန်တာအကြောင်း မဟုတ်ပါဘူး၊ လမ်းသွားလမ်းလာတွေကို ထိမှန်သွားမှာ စိုးရိမ်မိတာပါဗျာ' ဟု ကျွန်ုပ်ကို မကြည့်ဘဲ ပြောလိုက်လေရာ ကျွန်ုပ်က. . .

'အမှန်ပေါ့ဗျာ၊ ဒီလူတွေ တော်တော်အတင့်ရဲတဲ့ လူတွေပဲ၊ သူတို့ ပစ်ခတ်တဲ့လူဟာ ဘယ်လိုလူစားဆိုတာ သိမှသိကြရဲ့လားဗျာ' ဟု ဆိုလိုက်လေ၏။ ဤတွင် အိုင်အိုနန်းထိုက်က ပြုံး၍. . . .

'ဟဲ. . . ဟဲ. . . ဟဲ. . . ခင်ဗျားက ခင်ဗျားမိတ်ဆွေဆိုပြီး ကျွန်တော့်ကို မြှောက်ပင့်နေတယ်၊ ကိုညိမ်းမောင် ဒါပေမယ့် ဒီလူတွေဟာ လူညံ့တွေမဟုတ်တာတော့ အခုလုပ်ရပ်ကိုကြည့် ရုံနဲ့ သိနိုင်တယ်ဗျာ၊ ချိန်သားကိုက်လို့ ကျည်ဆန်ထိရင်တော့ ကျွန်တော်တို့ မာလကီးယားပြီးသားပဲ၊ ကျွန်တော်က သူတို့သေနတ်နဲ့ ထိုးအချိန်မှာ ရုတ်တရက် ကားကိုဘရိတ်အုပ်လိုက်တော့ ချိန်သား



မကိုက်ဘဲ ကားမှန်ကိုသာ ထိသွားပေလို့ ပေါ့' ဟု ပြောလေ၏။

ကျွန်ုပ်ကလည်း. . . .

'ဟုတ်ပါ့ ကံသီပေ့လို့ပေါ့'

ဟု ဆိုလိုက်စဉ် အိုင်အိုနန်းထိုက်က ကားပြတင်းပေါက်မှ ခေါင်းထုတ်လျက် ဆူပေဒါသောကြာအား. . .

'ဟေ့. . . ဆူပေဒါ လာတော့ ဘယ်နည်းနဲ့မှ မိမှာမဟုတ်တော့ဘူး' ဟူ၍ ဟစ်အော်ပြောလိုက်လေ၏။

ဆူပေဒါသောကြာ ရောက်လာလျက် ကားတံခါးဖွင့်ဝင်ရောက်လိုက်သည်တွင် အိုင်အိုနန်းထိုက်က စက်နှိုးပြီးဖြစ်နေသည့် ကားကို ဝေါခနဲ မောင်းထွက် လိုက်လေတော့၏။ ကျွန်ုပ်တို့ ကားထွက်သွားသည်အထိ လမ်းသွားလမ်းလာ အချို့ရပ်ကြည့်လျက်ကျန်ရစ်သည်ကို ကျွန်ုပ်နောက်ပြန်လှည့်ကြည့် ရာမှ တွေ့ရပေ၏။ ဆူပေဒါသောကြာက မကျေမနပ်ဖြစ်လျက်မှ. . .

'တောက်. . . တစ်ပွဲတစ်လမ်း ရင်ဆိုင် တွေ့လိုက်ချင်တာ ဆရာ၊ အခုတော့'

ဟု စကားတစ်ဝက်တစ်ပျက်နှင့် ရပ်တန့်လိုက်လေ၏။

အိုင်အိုနန်းထိုက်က လီဗာကို ဖိနင်းလျက် မြင်းရထားတစ်စီးကို ကျော်တက်ရင်း. . .

'အဲဒီကိစ္စကို စိတ်ထဲမှာမထားနဲ့တော့ ဆူပေဒါသောကြာ အချိန်တန်ရင် နွားပိန်ကန်ပါလိမ့်မယ်'

ဟု အေးဆေးစွာ ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်က. . . .

'ဘယ်လိုလဲ ကိုနန်းထိုက်၊ အဲ့ဒီလူတွေဟာ ခင်ဗျားသိပြီးသား လူတွေ ဖြစ်နေလို့လား' ဟု ကမန်းကတန်း မေးသည်တွင် အိုင်အိုနန်းထိုက်က. . .

'ကျွန်တော်လဲ ဘုရားသားတော်မှ မဟုတ်တာ ကိုညိမ်းမောင်ရာ၊ နောက်ပြီး လူဆိုးသူခိုး၊ ဒုစရိုက် ကျူးလွန်သူမှန်သမျှက ကျွန်တော့်ကို သူတို့ရန်သူလို့ ထင်ပြီး သတချင်နေကြတာ ခင်ဗျားအသိပဲ မဟုတ်လား' ဟု ဆိုလေ၏။

ယင်းစကားမှာ လွန်စွာ မှန်လွန်းလှရကား ကျွန်ုပ်မှာ ဦးခေါင်းတညိတ်ညိတ် လုပ်နေမိပေတော့သည်။ အိုင်အိုနန်းထိုက်က ဗိုလ်တထောင် ဆိပ်ကမ်းဘက်သို့ ကားကို ကျင်လည်စွာ ချိုးကွေ့လိုက်စဉ် ဆူပေဒါသောကြာက. . .

'ဆရာရေ. . . ဆရာလိုလူကိုတောင် ဒီလူတွေ ဒီလိုပက်ပက်စက်စက် လုပ်ကြံရဲရင် တခြားလူတွေဆိုရင် ပြောစရာတောင် မလိုအောင်ပါပဲ'

ဟု တွေးတွေးဆဆနှင့် ပြောလိုက်လေ၏။ အိုင်အိုနန်းထိုက်က ခေါင်းညိတ်၍. . .

'ဒီလိုအပြုအမူမျိုးက တော်ရုံတန်ရုံ ဒုစရိုက်သမားတွေမှာ ရှိတာမျိုး မဟုတ်ဘူး၊ တကယ့်ကြေးစား ဒုစရိုက်သမားတွေ မှာသာ ရှိတာမျိုးဗျ' ဟုပြောလျက် စီးကရက်တိုကို လမ်းပေါ်သို့တောက်ထုတ်လိုက်၏။



ပြီးလျှင် အိုင်အိုနန်းထိုက်က ကားလေးကိုဗိုလ်တစ်ထောင်ဆိပ်ခံဇေတည့်တည့်တွင် ထိုးဆိုက်လိုက်လေ၏။ ထို့နောက် အိုင်အိုနန်းထိုက် ဦးဆောင်ကာ ကျွန်ုပ်တို့ သုံးဦးသားသည် ဆိပ်ခံဇေမှ ဆင်းလာရင်း ဆန်းစ လရောင်ဖြင့် သာယာကြည်နူးဖွယ် ကောင်းသော မြစ်ပြင်ကို လှမ်းကြည့်မိကြ ပေ၏။

မြစ်အတွင်း၌ ကျောက်ချ ရပ်နားထားသော ပင်လယ်ကူးသင်္ဘောကြီးများ၊ လှေသမ္ဗန်များ၊ ရွက်လှေများကို အရိပ်မည်းများသဖွယ် လှမ်းမြင်တွေ့ရပေသည်။ အိုင်အိုနန်းထိုက်က လှပကြည်နူးဖွယ် ရှုခင်းကို လှမ်း၍ ကြည့်ရင်း မကြာမီ အချိန်ကလေးကသောမင်းနှင့် ရင်ဆိုင်ခဲ့ ရသည်ဟူသော အနေအထားမျိုး မရှိသူသို့မဟုတ် မခံစားခဲ့ရသူ ကဲ့သို့. . .

'တစ်ချိန်က ကျွန်တော်ဟာ သင်္ဘောသားလုပ်ဖို့ စဉ်းစားခဲ့သေးတယ်ဗျ၊ ကပ္ပတိန်ဆင်းဘက်လိုပေါ့ဗျာ၊ တိုင်းနိုင်ငံအသီးသီးရဲ့ အလေ့အထ အကျင့်စရိုက်တွေ၊ နောက် ဒေသအသီးသီးရဲ့ ထုံးသုတတွေ၊ ရေကြောင်း စွန့်စားမှုအဖုံဖုံတွေ ကြုံချင်တဲ့ စိတ်ဆန္ဒတွေ ရှိနေခဲ့တာပေါ့ဗျာ'

ဟု ငယ်စဉ်က အတွေးကို သတိရမိဟန်ဖြင့် ပြောလိုက်လေ၏။ ထိုအခါ ဆူပေဒါသောကြာက. . .

'ဪ. . . သင်္ဘောသားဆိုလို့ ကျွန်တော်တို့တပ် အင်္ဂလန်ရောက်တဲ့အခါ ဟိုတယ်တစ်ခုမှာ သင်္ဘောသား ဗလကြီးနဲ့ ဆရာတို့ တိုက်ခိုက်တာကို သွားပြီး သတိရမိသေးတော့တယ်' ဟုဆိုလေ၏။

www.burmeseclassic.com



မှတ်ချက်။ ။အိုင်အိုနန်းထိုက်နှင့် ဆူဗေဒါသောကြာတို့မှာ ဆပ်ပါးမိုင်းနားတပ်တွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်ကြောင်း၊ စာဖတ်ပရိတ်သတ်များ သိရှိကြစေလိုပါ၏။

စာရေးသူ

ဤတွင် ကျွန်ုပ်မှာ လွန်စွာစိတ်ဝင်စားသွားလျက် ဆူဗေဒါသောကြာအား. . . .

'လုပ်စမ်းပါဦး ဆူဗေဒါကြီးရယ်၊ အဲဒီတုန်းက ဘယ်လိုရန်ဖြစ်ကြတယ်ဆိုတာ' ဟု မေးလိုက်၏။

အိုင်အိုနန်းထိုက်က မည်သို့မျှ ထူးခြားသည့် အမူအရာမရှိဘဲ ခပ်လှမ်းလှမ်းမှ ရွက်လှေတစ်စီးကို ငေးကြည့်နေရာ ဆူဗေဒါကသောကြာက. . .

'ဒီလိုဗျ အဲဒီတုန်းက ကျွန်တော်တို့ အမှတ်သုံးဆယ့်ခုနှစ်ရိုက်ဖိုးမင့် တပ်ရင်းဟာ လျှို့ဝှက်တာဝန်တစ်ခုနဲ့ အီဂျစ်ပြည်ကို ရောက်ချိန်ပေါ့'

ဟု အစချီကာ အောက်ပါအတိုင်း ပြောပြလေ၏။

'တစ်နေ့ အနားရလို့ ကျွန်တော်တို့ တပ်စုဟာ နှင့်ဆီနက်ဆိုတဲ့ ဟိုတယ်ကိုရောက်ပြီး အရက်သောက်စားကြတာမှာ



တော်တော်မူးပြီ ဆိုပါစို့၊ အဲဒီအချိန်မှာ သင်္ဘောသားအုပ်စုကလဲတော်တော် မူးနေကြပြီလေ၊ ဘာပြောကောင်းမလဲ၊ တစ်ဘက်နဲ့တစ်ဘက် ရန်စောင်ရင်းက ရန်ဖြစ်ကြပါလေရော၊ ဟိုတယ်တစ်ခုလုံးရှုန်းသုန်းကားနဲ့ တွေ့တဲ့လူဆွဲတီးပျော်ပွဲကြီးဆိုတာလို ဖြစ်နေတော့တာပဲ၊

'. . . ဒါပေမယ့် အဲဒီအထဲမှာက လူသန်ကြီး တစ်ယောက်ပါတာကလားဗျာ၊ ဒီကောင်ကြီးလက်ချက်ကြောင့် ကျွန်တော်တို့ပ်သား အတော်များများလဲကျနေချိန်မှာ မမျှော်လင့်ဘဲ၊ ရာနန်းထိုက်က အဲဒီဟိုတယ်ကို ရောက်လာခဲ့တယ်၊ ရောက်ရာက်ချင်း ဆရာနန်းထိုက်က အားလုံး ရပ်တန့်ကြဖို့ ခြာက်လုံးပြူးကို မိုးပေါ် ထောင်ပြီး ပစ်ဖေါက်ဟန့်တားလိုက်တယ်၊ ပေမယ့် မရပါဘူး၊

'. . . , သွေးဆူနေတဲ့ လူသန်ကြီးဟာ ကုလားထိုင်တစ်လုံးဆွဲယူပြီး ဆရာနန်းထိုက်ကို ရိုက်ချလိုက်တော့တယ်၊ ဘယ်ရမလဲ။ ရာနန်းထိုက်က လှစ်ကနဲ ခုန်ပြီး ဟိုတယ်က ပန်းဆိုင်းကြီးကိုဆွဲားလိုက်တယ်လေ၊ အင်မတန်မှ ကြည့်လို့လှတာဗျ ကိုညိမ်းမောင်တာကယ့်ဆပ်ကပ်သမား တစ်ယောက်ကျနေတာပါပဲ၊ ဒီအချိန်မှာ ရာနန်းထိုက်ကသာ သေနတ်ပစ်လိုက်မယ်ဆိုရင် သင်္ဘောသားန်ကြီးသေပြီးသားပဲ၊

'. . . ဒါပေမယ့် ဆရာနန်းထိုက်က မပစ်ပါဘူး၊ သူကတ်လွဲကျော် တစ်ယောက်လို လေထဲမှာ နှစ်ပတ်ကျွမ်းခုန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကြမ်းပြင်ကို ကြောင်ကျကျလာတယ်၊ လူသန်ကြီးနဲ့ မျက်နှာချင်းဆိုင် ဝါးတစ်ရိုက်အကွာမှာပေါ့၊ ပြီးမှ လူသန်ကြီးကို ခင်ဗျားသိပ်တိုက်ခိုက်ချင်ရင် ခင်ဗျားနဲ့ ကျွန်တော် တိုက်ပါ့မယ်၊ ဒါပေမယ့် ခင်ဗျားရှုံးရင် ခင်ဗျားလူတွေကိုခေါ်ပြီး ဟိုတယ်က ထွက်သွားပါ။ ကျွန်တော်ရှုံးရင် ကျွန်တော့် လူတွေကိုခေါ်ပြီး ထွက်သွားပါ့မယ်လို့ ပြောလိုက်တော့ လူသန်ကြီးက သိပ်ကိုသဘောကျသွားပြီးသဘောတူလိုက်တယ်၊

'. . . . နောက်. . . . ချက်ချင်းလိုလို တိုက်ခိုက်ကြတော့တာပေါ့၊ တိုက်ခိုက်ကြတဲ့ နေရာမှာ လူသန်ကြီးက ဗလအားကိုးနဲ့ တိုက်ပေမယ့် ဆရာနန်းထိုက်ကတော့ အရှောင်အတိမ်းကို ဦးစားပေးပြီး တစ်ချက်ကောင်း တိုက်ခိုက်တယ်လေ၊ လဲကျနေတဲ့ ကျွန်တော်တို့ တပ်သားတွေရော၊ ကျွန်တော်တို့ လက်ချက်နဲ့ လဲကျနေတဲ့ သင်္ဘောသားတွေရော အော်ဟစ် အားပေးတာဟိုတယ်အတွင်းမှာ ဝက်ဝက်ကွဲနေတာပဲ၊ လုံခြုံရေးအတွက် ရောက်လာတဲ့ အီဂျစ်တပ်သားတွေတောင် သူတို့ တာဝန်ကိုမေ့ပြီး အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ တိုက်ပွဲကို ငြိမ်ငြိမ်သက်သက် ကြည့်နေမိကြတယ်၊

'. . . . ဆရာနန်းထိုက်က ကျွမ်းဘားသမား တစ်ယောက်လို အခုန်အပျံ၊ အလှုပ်အရှား၊ အတိမ်းအငဲ့၊ အသွင့်အပြောင်းတွေနဲ့ လူသန်ကြီး ထိုးနှက် တိုက်ခိုက်ချက်တွေကို လှလှပပလက်တစ်လုံးကြား ရှောင်တိမ်းနေတယ်၊ လူသန်ကြီးကတော့ သူတိုက်ခိုက်ချက်



တွေ အရာမရောက်တာကို သိလေလေ ဒေါသဖြစ်လို့ အတင်းတရကြမ်း လိုက်လံ ထိုးကြိတ်လေလေဆိုတာလို ရှူးရှူးရှားရှားဖြစ်နေတာမှ ကျွဲရိုင်းကြီးတစ်ကောင်ကိုသာ ခင်ဗျားမျက်စိထဲမှာ မြင်ကြည့်ပါတော့ ကိုညိမ်းမောင် ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ ၊

'. . . အမှန်က ဆရာနန်းထိုက်ဟာ တစ်ဖက်ရန်သူ ဒေါသဖြစ်ပြီး အားကုန်ချိန်၊ ခြေလှမ်းမှားချိန်ကို စောင့်စားရင်းရှောင်တိမ်းနေခဲ့တာလားဗျာ၊ ပြီးတော့မှ ရှောင်တိမ်းရင်းကဒူး၊ တံတောင်၊ လက်ဖျံ၊ ခြေကန်ချက်တွေကို အခွင့်အရေးရတာနဲ့ အသုံးပြုတော့တာပဲ၊ အိုး. . . ပွဲကြည့်ပရိတ်သတ်က ဇာပေါးပေါးနဲ့ ဆူညံစွာသြဘာပေးကြတာ နားကွဲမတတ်ပါပဲဗျာ၊ နောက်ဆုံးတော့ ဥာဏ်သားပါလှတဲ့ ဆရာနန်းထိုက်ရဲ့ တိုက်ကွက်တွေကြောင့် လူသန်ကြီး လဲကျသွားတော့တယ်၊

'. . . လူသန်ကြီးက သူရှုံးပါတယ်လို့ ဝန်ခံရှာတယ်ဗျ၊ ပြီးမှ ဆရာနန်းထိုက်ကို လက်ဆွဲနှုတ်ဆက်ပြီး သူ့လူတွေကိုခေါ်သွားမယ်အကြောင်း၊ ဆရာနန်းထိုက်ဟာ အင်မတန် သက်လုံကောင်းပြီး ဥာဏ်သားပါတဲ့ လူတစ်ယောက်ဖြစ်ကြောင်း ပြောဆိုပြီးတော့ သူကတိအတိုင်း သူ့မိတ်ဆွေ သင်္ဘောသားတွေကိုခေါ်ပြီး ထွက်သွားတော့တယ်၊ အဲဒီညက ကျွန်တော်တို့တပ်သားတွေဟာ ဟီးရိုးအဖြစ်ဆရာနန်းထိုက်ကို ပြုစုလိုက်ကြတာ ဆရာနန်းထိုက်တစ်ယောက်အမူးလွန်ပြီး နောက်တစ်နေ့မှာ တာဝန်ပျက်ကွက်လို့ တပ်မှူးက သူ့ကို အပြစ်ပေးတဲ့အထိပဲ၊ ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆူပေဒါသောကြာက၏ စကားမှာ ထိုနေရာတွင် ပြီးဆုံးသွား ပြီးဖြစ်သည်။

သို့စေကာမူ ကျွန်ုပ်မှာ အခြား တိုင်းတစ်ပါးသား လူသန်ကြီးနှင့် မြန်မာနိုင်ငံသား ကျွန်ုပ်၏ မိတ်ဆွေ အိုင်အိုနန်းထိုက်တို့ ရင်ဆိုင်တိုက်ခိုက်နေကြပုံကို မျက်စိထဲ၌ မြင်ယောင်မိကာ လွန်စွာ စိတ်ဝင်စားခြင်း ဖြစ်လျက် ရှိမိရပေ၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'တိုက်ခိုက်တဲ့နေရာမှာ လက်ရုံးရည်အပြင် နှလုံးရည်ကလဲ အင်မတန် အရေးပါတယ် ဆိုရမယ် ကိုညိမ်းမောင်၊ ခင်ဗျား မမြင်ရလို့ပါ၊ အဲဒီ လူသန်ကြီးရဲ့ လက်သီးတစ်ချက် မိမိရရ မဟုတ်ရင်တောင် ပွတ်ကာ သီကာ ထိသွားဦး ပြိုင်ဖက်ဟာအလိုလို အရှုံးပေးရပြီးသားပဲ၊ အင်မတန် ကျစ်လစ် သန်မာတာဗျ'

ဟု ဆူပေဒါ သောကြာကိုကြည့်၍ ပြောလိုက်ရာ ဆူပေဒါ သောကြာကလည်း ခေါင်းညိတ်ပြ၍. . . .

'ဟုတ်ပါ့၊ ကျုပ်တို့ဆီက ဇော်ဝိတ်ကြီးကိုသာ ကြည့်တော့ ကိုညိမ်းမောင်၊ အဲဒီလောက် ထွားကျိုင်းတာဗျ'

ဟု ဝန်ခံပြောဆိုလိုက်သည်။

ကျွန်ုပ်မှာ ကိုယ်တွေ့ ကြုံရသော ပွဲပေါင်း မရေမတွက်နိုင်အောင် များပြားလှသည့်အလျောက် ကျွန်ုပ်၏ မိတ်ဆွေ အိုင်အိုနန်းထိုက်၏ တိုက်ရည်ခိုက်ရည်များကို စိတ်ချ ယုံကြည်မိပြီး ဖြစ်နေလေ၏။



သို့ရာတွင် ယခု အလာလမ်းတွင် အတင့်ရဲစွာ သေနတ်ဖြင့် ပစ်ခတ်သွားသူများမှာ မည်သူမည်ဝါများဖြစ်၍ မည်သည့်အတွက် ဤကဲ့သို့ ပက်ပက်စက်စက် လုပ်ကြံကြသည်တို့ တွေး၍မရနိုင်အောင်ဖြစ်ရလေ၏။

အိုင်အိုနန်းထိုက်မှာမူ လုံးဝ အပူအပင်မရှိဟန်နှင့် မြစ်ပြင်မှ တိုက်ခိုက်လာသော လေနုအေးကို အရသာခံလျက်သား ရှိနေလေ၏။ ဤသို့ဖြင့် အတန်ညဥ့်နက်မှပင် ကျွန်ုပ်တို့လည်း ဗိုလ်တစ်ထောင်ဆိပ်ကမ်းမှ ကားကလေးဖြင့် ပြန်လည် ထွက်ခွာလာခဲ့ကြပေတော့သတည်း။

ကျွန်ုပ်မှာ ရေးလက်စ ဝတ္ထုကို ရေးနေသည် မှန်သော်လည်း ယမန်နေ့ညက ကျွန်ုပ်တို့အား သေနတ်ဖြင့် ပစ်ခတ်သွားသူများအကြောင်းကိုသာ တွေးနေမိပေရာ အလုပ်မတွင်ကျယ်အောင် ဖြစ်ရပေတော့၏။

ထိုအခိုက်မှာပင် အိမ်ပေါ်ထပ်မှ ကျွန်ုပ်၏တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာလေ၏။

'ကလင်. . . ကလင်. . . ကလင်'

'ကလင်. . . ကလင်'

ထို့ကြောင့် ကျွန်ုပ်လည်း အလျင်အမြန်ပင် လှေကားတက်၍ တယ်လီဖုန်းကို ကောက်ယူ၍ နားထောင်လိုက်ရလေ၏။

'ဟယ်လို. . . ကိုညိမ်းမောင်လား၊ ကျွန်တော် နန်းထိုက်ပါ'

ဟု တစ်ဖက်မှ ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း လွန်စွာ ဝမ်းသာသွားလျက်. . . .

'ဟာ. . . ကျွန်တော်က ခင်ဗျားကို မျှော်နေတာဗျ၊ ဘယ်က ဆက်တာလဲ'

ဟု အမောတကော ပြန်မေးလိုက်သည်တွင် တစ်ဖက်မှ အိုင်ဒိုနန်းထိုက်က. . . .

'ကျွန်တော် လတ္တာလမ်း (ယခု လသာလမ်း)က စားသောက်ဆိုင် တစ်ဆိုင်က ဆက်နေတာပဲ ကိုညီမိုးမောင်၊ ဒီမှာ သေသေချာချာ နားထောင်၊ ပွဲကြီး ပွဲကောင်း ကြုံချင်ရင် ညနေ ငါးနာရီခွဲတိတိမှာ အဝတ်အစား အသင့်လဲပြီး စောင့်နေပေတော့'

ဟု ဆိုလေ၏။

'ငါးနာရီခွဲ ဟုတ်လား'

ကျွန်ုပ်၏ အမေးကို အိုင်အိုနန်းထိုက်က. . . .

'ဟုတ်ပါတယ်. . . . ဖြစ်နိုင်ရင် ညအမှောင်နဲ့ ဆင်တူ ရှိုးမှားဖြစ်မယ့် အဝတ်နက်တွေ ဝတ်ထားပါ၊ ပြီးတော့ ခင်ဗျား လိုင်စင်နဲ့ ကိုင်တဲ့ ခြောက်လုံးပြူးကိုလဲ ကျည်ဆန်တွေ အပြည့်ထည့် ထားပါ၊ ဒါပဲ'

ဟု ဆိုကာ တယ်လီဖုန်းကို ချလိုက်လေ၏။

ကျွန်ုပ်က တယ်လီဖုန်းကို မချသေးဘဲ လက်ထဲ၌ ကိုင်ရင်းမှ သက်ပြင်းတစ်ချက်ကို လေးတွဲစွာ ချပြီးနောက် မည်သည့် ကိစ္စကြောင့် အိုင်အိုနန်းထိုက်တစ်ယောက် ဤသို့ အလောသုံးဆယ် ဖုန်းချလိုက်သည်ကို တွေးနေမိပေတော့၏။



ပြီးမှ ရီဆီဗာပေါ်သို့ စကားပြောခွက်ကို ချပြီးသကာလ စာရေးစားပွဲသို့ ဆင်းလာရင်း မည်သို့သော ပွဲကြီး ပွဲကောင်း များပေနည်းဟု ဆက်လက်၍ တွေးတော နေမိပြန်သည်။

သို့သော် အိုင်အိုနန်းထိုက်ဆိုသူမှာ လွန်စွာကတိတည်သည် နှင့်အမျှ ဆိုခဲ့စေ၊ မြဲစေဆိုသည့် အတိုင်း ကျင့်သုံးတတ်သူ တစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်သိပြီး ဖြစ်သောကြောင့် ညဘက်တွင် တွေ့ရမည့်ဖြစ်သည့် ပွဲကြီး ပွဲကောင်းအား မှန်းဆ၍ သာ ကျွန်ုပ်မှာ လွန်စွာ စိတ်စောအားတက် နေရပေတော့၏။

ထို့ကြောင့် ကျွန်ုပ်လိုင်စင်ဖြင့် ကိုင်ဆောင်ထားသော ခြောက်လုံးပြူးကို ကျည်ဆန်များထုတ်၍ သုတ်သင်၏။ ပြီးလျှင် ကျည်ဆန်အသစ်များကို စစ်ဆေး၍ ထည့်သွင်း ထားလိုက်တော့၏။

စာရေးသော်လည်း စိတ်မပါလှသဖြင့် ရပ်ထားလိုက်ကာ စားပွဲပေါ်မှ ယနေ့ထုတ် သူရိယသတင်းစာကို ဟိုလှန် သည်လှန် လုပ်နေမိ၏။ ဤသို့ဖြင့် ကြော်ငြာကဏ္ဍသို့ ရောက်သောအခါ အောက်ပါ ထူးဆန်းလှသော ကြော်ငြာလေးတစ်ခုကို တွေ့ရှိ ဖတ်မှတ်မိတော့၏။

သံသရာဝဲဆွာ. . . . . . . . .

ဝယ်ပါမည်. . . . . . . .

ကြိုက်ဈေးပေးမည်. . . . . . . . .

ကြံတိုင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တိုင်းမြောက်
ထင်တိုင်းပေါက် . . .

'ယင်း . . . ဘယ်လိုပါလိမ့်'

ကျွန်ုပ်မှာ အထက်ပါ ကြော်ငြာဆန်းကို ဖတ်ရှုပြီးသကာလ အထက်ပါအတိုင်း ရေရွတ်လိုက်မိသည်။ ပြီးလျှင် တစ်စုံတစ်ရာကို သွားရောက် အမှတ်ရလိုက် မိပြီး နောက် ဟိုက်ခနဲ ရေရွတ်လိုက်မိပြန်တော့သတည်း။

အဘယ်ကြောင့်ဆိုသော် အထက်ပါ ကြော်ငြာမှ စာလုံးများသည် ယမန်နေ့က ဖိုးသူတော်ကြီးနှင့် အိုင်အိုနန်းထိုက်တို့ ရှုကြောင်ကြောင် ပြောဆိုခဲ့ကြသည့် စကားများမှ စကားလုံး အစစ်အမှန်များ ဖြစ်နေသည်ကို ကျွန်ုပ် တွေးတောလိုက်သောကြောင့်ပင်ဖြစ်ပါ၏။

သံသရာ
ဝေဆာ
ကြံတိုင်းအောင်
ဆောင်တိုင်းမြောက်
ထင်တိုင်းပေါက်

ယင်း စကားလုံးများသည် လူနာမည်များ ဖြစ်နေလေ



သလော။ သို့တည်းမဟုတ်၊ လျှို့ဝှက် စကားလုံးများပင် ဖြစ်လေသလော။ မည်သို့ပင်ဖြစ်စေကာမူလွန်စွာ အံ့ဩရသည်နှင့်အမျှလွန်စွာစိတ်ဝင်စားဖွယ်လည်း ဖြစ်ပေ၏။

ထိုအခါကျမှပင် ကျွန်ုပ်၏ မိတ်ဆွေ အိုင်အိုနန်းထိုက်မှာ အကြောင်းမဲ့ ပေါက်တတ်ကရ ပြောတတ်သူ မဟုတ်ဘဲ အကြောင်းရှိ၍သာ ဖိုးသူတော်ကြီးနှင့်လျှို့ဝှက်စကားပြောကြားလိုက်ခြင်းသာဖြစ်ကြောင်း ကျွန်ုပ်နားလည် သဘောပေါက်လိုက်မိ၏။

ဤတွင် ယမန်နေ့ညက ကျွန်ုပ် လျှောင်ပြောင် ရယ်မောမိလိုက်ခြင်း အတွက်လည်း လွန်စွာနောင်တ ရမိသည်နှင့်အမျှ လွန်စွာရှက်လည်း ရှက်မိကြောင်း ဝန်ခံရမည်သာ ဖြစ်ပေတော့၏။

ကျွန်ုပ်မိတ်ဆွေ အိုင်အိုနန်းထိုက် အနေနှင့် မည်သို့သော လျှို့ဝှက် အစီအစဉ်များ ရှိနေလေသနည်း။ ဖိုးသူတော်ကြီးမှာ အိုင်အိုနန်းထိုက်၏ လျှို့ဝှက်အစီ အစဉ်တွင် မည်သည့် နေရာကပါဝင်၍ ဆောင်ရွက်နေပါသနည်း။ စသည်ဖြင့် ကျွန်ုပ်ကတွေးတောလျက် ဉာဏ်ရှိသမျှ စဉ်း စားနေတော့သည်။

သို့စေကာမူ နီးစပ်သော အဖြေဟူ၍ ရေးတေးတေးပင် ပေါ်မလာခဲ့ပါချေ။ တိုင်ကပ်နာရီကြီးကို လှမ်းကြည့်လိုက်ရာ လေးနာရီကျော် ပြီဖြစ်သည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း ဆောင်စဉ်ရေမရစဉ်းစား ခြင်းများကို ရပ်တန့်၍ ရေချိုးခြင်း၊ အစားအစာ သင့်တော်မျှတရုံ စားသောက်ခြင်းများကို ပြုလေ၏။

ပြီးလျှင် ဗီရိုအတွင်းရှိ အဝတ်အစားများထဲမှ အနက်ရောင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံတစ်စုံကို ရွေးချယ်၍ ဝတ်ဆင်လိုက်ရသည်။ အဝတ်အစား လဲပြီးချိန်မှာပင် အိမ်ရှေ့ဆင်ဝင်အောက်၌ ကားတစ်စီးထိုးဆိုက်သံကို ကြားလိုက်ရ၏။

'ကျွိ..ကျလိ'

ကားပေါ်တွင်ကား ပုလိပ်ယူနီဖောင်း ဝတ်ဆင်ထားသူ သုံးယောက်ကို တွေ့လိုက်ရပြီးလျှင် ထိုသူများမှာ အိုင်ဒိုနန်းထိုက်၊ ဂျမဒါမူးသာနှင့် ဆူဗေဒါသောကြာတို့ ဖြစ်ကြောင်း မှတ်မိရလေ၏။

ကားမောင်းသူ နေရာ၌ ထိုင်နေသော အိုင်ဒိုနန်းထိုက်က...

'မြန်မြန်လုပ်ဗျို့၊ သွားကြမယ်'

ဟု အော်ဟစ် သတိပေး၏။

'ဟုတ်ကဲ့...လာပါပြီဗျာ'

ကျွန်ုပ်က အလျှင်အမြန် တံခါးများပိတ်၊ မီးမှိတ်ရင်းမှ ခြောက်လုံးပြူးကိုလည်း ခါးကြားသို့ထိုးသွင်းလျက် အထက်ပါအတိုင်း ပြောဆိုပြီး သကာလ အမြန်ဆုံးထွက်လာခဲ့တော့သည်။

'ဟား ဟား ဟား လူဆိုး မိုးနတ်စတိုင် အတိုင်းပါပဲ လားဗျ၊ ကိုယ့်လူက အခုလိုဆိုတော့ ရုပ်ရှင်မင်းသား ကျော်စိုးနဲ့ ခပ်ဆင် ဆင်ပဲ'

ဟု အိုင်ဒိုနန်းထိုက်က ကျွန်ုပ် အသွင်အပြင်ကို ကြည့်ရှုရင်း နောက်လိုက်လေရာ ဂျမဒါမူးသာနှင့် ဆူဗေဒါ သောကြာတို့က တဟဲဟဲ ရယ်မောလိုက်ကြ၏။



ကျွန်ုပ်က အိုင်ဒိုနန်းထိုက် နဘေးတွင် ထိုင်လိုက်စဉ် ဂျမဒါမူးသာက...

'ဆရာ့မိတ်ဆွေ စာရေးဆရာကြီးက အခုနေတော့ ဇာတ်လိုက်မင်းသား ကျော်စိုးစတိုင်နော်၊ ဟိုကျမှ ကြောက်လန့်ပြီး ထွက်ပြေးရင်တော့ လူကြမ်းကြီး မြိုင်ရာဇာ ဂိုးစော်ဖြစ်သွားလိမ့်မယ်ဗျ၊ ဟဲ ဟဲ ဟဲ' ဟု နောက်၏။

ထို့ကြောင့် ကျွန်ုပ်တို့လည်း ရယ်ရပြန်သည်တွင် အိုင်ဒိုနန်းထိုက်က ကားစက်နှိုး၍ လီဗာကို ဖိနင်းလိုက်ပြီးလျှင် ကားကလေးကို ပန်းခြံတစ်ပတ် ပတ်ပြီးမှ ခြံတံခါးဝသို့ထွက်လိုက်၏။

ထိုအခါ ကျွန်ုပ်၏တစ်ဦးတည်းသော အိမ်တော်အမှုထမ်းဖြစ်သူ ဒရဝမ် ဗဟာဒူးအား လက်ပြ၍ခေါင်းညိတ် ပြလိုက်သည်။

ဗဟာဒူးကလည်း ဆလံပေး၍ ခေါင်းညိတ်ပြ၏။ ယင်းသည်ကား ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့ နှစ်ယောက်တည်းသာ သိသော ဘာသာစကား တစ်ခုပင် ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

အဓိပ္ပါယ်မှာ....

'ကျွန်ုပ်က မကြာခင် ပြန်လာမယ်၊ အိမ်ကို သတိထား၍ စောင့်ကြပ်ပါ'

ဟု ဆိုရမည်ကဲ့သို့ ဗဟာဒူးကလည်း....

'စိတ်ချပါဆရာ၊ ဒီအတွက် စိတ်မပူပါနဲ့'

ဟု အသံတိတ် အမူအယာဖြင့် ပြောလိုက်ခြင်းသာ ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လေတော့သတည်း။

ပြီးလျှင် ကျွန်ုပ်တို့ကားကလေးမှာ ကမ္ဘာအေးလမ်းပေါ်တွင် ပြေးလွှားနေပေရာ၊ ကားမောင်းကျွမ်းကျင်သော အိုင်အိုနန်းထိုက်ကို စိတ်ထဲ၌ ချီးကျူးမိပေသေး၏။ ကားကို မည်မျှပင် မြန်ဆန်အောင် မောင်းနှင်သည်ဖြစ်စေ ကျွမ်းကျင်သူ မောင်းနှင်ခြင်းဖြစ်ပါက ကားမှာ လူးလဲခြင်း၊ တိမ်းစောင်းခြင်း၊ တုံ့ခနဲဖြစ်သွားခြင်းများကင်းစေသည်ဟု ကျွန်ုပ်နားလည်သဘောပေါက်ထားလေသည်။

ကားမောင်းစဉ်အခိုက် ကျွန်ုပ်တို့အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်လိုက်ပါရင်း လမ်းမီးတိုင်များအောက်မှ မြင်ကွင်းများကို ငေးမောကြည့်ရှုသာခဲ့ကြ၏။

သို့ရှိစဉ် ကျွန်ုပ်က. . .

'အိုင်ဆေး နည်းနည်းပါးပါး လင်းစမ်းပါဦးတော့လား ဗျာ၊ အခု ကျွန်တော်တို့ဟာ ဘယ်လိုကိစ္စ၊ ဘယ်လိုအကြောင်းနဲ့ ဘယ်ကိုသွားနေတယ်ဆိုတာလေ'

ဟု မေးလိုက်သည်တွင် အိုင်အိုနန်းထိုက်က. . . .

'ဟိုနေ့ညက ကျွန်တော်တို့ သေနတ်ပစ်ခံရတာကို ခင်ဗျား မေ့သွားပြီလား'

ဟု မဆီမဆိုင် ပြန်မေးလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်က. . . .

'အမယ်လေးဗျာ. . . . တစ်သက်မေ့နိုင်ပါ့မလား၊



ထဲသိပေလို့၊ ဆူပေဒါ အမြင်စောပေလို့သာ ကျွန်တော်တို့အချိန်မီ ရှောင်နိုင်ကြတာ၊ နို့မို့ဖြင့် မတွေးရဲဘူး'

ဟု အဖြစ်အပျက်ကို ပြန်လည်တွေးမိကာ ကျွန်ုပ်က ပြောလိုက်သည်၌ အိုင်အိုနန်းထိုက်က. . .

'အဲဒီ လူတစ်ချို့နဲ့ တွေ့ဖို့ဆိုပါတော့ဗျာ၊ ပြောရမယ်ဆိုရင် ကျွန်တော်ကိုယ်တိုင် စားသောက်ဆိုင်အနှံ့အပြား၊ ဟိုတယ်အနှံ့အပြားကို သွားရောက်ထောက်လှမ်း စုံစမ်းရာမှာ တော်တော်ကို တော့နပ်အားရစရာ ဖြစ်ခဲ့တယ် ဆိုရမှာပေါ့' ဟု ဆို၏။

'ကျွန်ုပ်က. . . .

'ဒါဖြင့် ကျွန်တော်တို့ကို သေနတ်နဲ့ ပစ်တဲ့ကောင်တွေ သတင်းကို စုံစမ်းရရှိပြီပေါ့'

ဟု မေးရာ အိုင်အိုနန်းထိုက်က ကားကို ဂရုတစိုက်မောင်းနှင်လျက်မှ. . .

'ဆိုပါတော့ ကိုညိမ်းမောင်၊ ကံကောင်းရင် အဲဒီလူတွေထိုလဲ တွေ့ရပါလိမ့်မယ်' ဟု ဆို၏။

ထို့ကြောင့် ကျွန်ုပ်မှာ မေးစရာမကျန်သောကြောင့် ငြိမ်သက်လျက်သာ လိုက်ပါခဲ့ရလေ၏။ သို့သော် အတွေးထဲတွင် သူရိယသတင်းစာမှ ကြော်ငြာကိစ္စဝင်လာပြန်သည်ကြောင့်. . . .

'ကိုနန်းထိုက်၊ ဒီနေ့ထုတ် သူရိယသတင်းစာက ထူးဆန်းတဲ့ ကြော်ငြာတိုကလေးကို ဖတ်ရှုပြီးပြီလား'

ဟု မေးလိုက်ရာ အိုင်အိုနန်းထိုက်က ကားမောင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ကြည့်မှန်မှ ကျွန်ုပ်အား ပြုံး၍ကြည့်ကာ. . . .

'ခင်ဗျား မဆိုးတော့ပါလား ကိုညိမ်းမောင်၊ ကိစ္စတစ်ရပ်တာ ရှာဖွေလေ့လေ တွေ့ရှိလေလေ ဆိုတာလိုပေါ့၊ စုံစမ်းမှုဟာ ပညာရပ်တစ်ခုပဲဗျ၊ သမန်ကာရှန်ကာကြည့်ရင် ဒီကြော်ငြာတိုလေးဟာ ဘာမှထူးခြားမှုမရှိပေမယ့် ကျွန်တော်တို့ စုံထောက်တွေအတွက်ကတော့ အဖိုးတန် အချက်အလက်တစ်ခုပေပဲဗျ'

ဟု ဆို၏။

ကျွန်ုပ်ငြိမ်သက်နေစဉ် အိုင်အိုနန်းထိုက်ကပင်. . . .

'အဲဒီ သတင်းစာကြော်ငြာအတွက် ကျွန်တော် လိုက်လံစုံစမ်းတာမှာ အကျိုးသက်ရောက်မှုရှိလို့လည်း ကျွန်တော်တို့ အခုလိုထွက်လာ ခဲ့ကြတာပေါ့'

ဟု ဆိုလေသည်။

ထို့နောက် ကျွန်ုပ်တပြုံး၍. . . .

'အိုင်ဆေး၊ ကျွန်တော်က ဘုံဘေရက်စ်တောရင့်က အတွက်မှာ ခင်ဗျားနဲ့ဟိုဖိုးသူတော်ကြီး စကားထဲက စကားလုံးတွေ မှတ်သားထားလိုက်တာမှာ ကြော်ငြာက စာလုံးတွေနဲ့ တိုက်တိုက်ဆိုင်ဆိုင်တူနေတာက ဘာသဘောလဲဟင်'

ဟု ထပ်မံ မေးလိုက်ပြန်သည်။

ဤတွင် အိုင်အိုနန်းထိုက်က ကားကို ပြည်လမ်းဘက်သို့ ကျင်လည်စွာ ချိုးကွေ့လျက်မှ. . . .

'ဟ. . . ဟုတ်လှချည့်လား မှုးသာရေ၊ ကိုညိမ်းမောင်ကို



လျှော့တွက်လို့ မရတော့ဘူးကွ၊ ဟဲ ဟဲ ဟဲ ဟဲ'

ဟု နောက်ပြောင်ပြီးသကာလ အောက်ပါအတိုင်း ပြောပြလေတော့၏။

'အမှန်ကတော့ ဒီလူတွေဟာ ဒုစရိုက်သမားလူရမ်းကားတွေပေါ့ဗျာ၊ ကျွန်တော်တို့ ပုလိပ်အဖွဲ့က လုယက်မှု၊ ဓားပြမှု၊ လူသတ်မှုတွေနဲ့ ဝရမ်းထုတ်ထားခံရသူတွေ ဆိုပါတော့ သူတို့ဟာ အင်မတန် ရက်စက်သလို အင်မတန်မှလဲ ဉာဏ်နီဉာဏ်နက်များသူတွေ ဖြစ်တယ်၊ ပြီးတော့ ဝေစုမတည့်ရာက ဂိုဏ်းနှစ်ဂိုဏ်းကွဲပြားပြီး တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း အသဲအမဲအတုံ့အပြန် ရန်ရှာကြတယ် ဆိုပါတော့'

ဟု ရှင်းပြလေ၏။ ကျွန်ုပ်က မြင်ပတိုးတဝါးရှုခင်းများကို လှမ်းကြည့်ရင်း. . .

'ဒါဆို ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ထင်တိုင်းပေါက် ဆိုသူတွေက တစ်ဂိုဏ်းပေါ့နော်'

ဟု ဆိုရာ အိုင်အိုနန်းထိုက်က. . . .

'ဟား. . . . ဟား. . . . ဟား. . . . ဟား'

'ဟား. . . . ဟား. . . . ဟား. . . . ဟား'

အိုင်အိုနန်းထိုက်စကားကြောင့် ရှုတ်တရက် ထိတ်လန့်သွားသော ကျွန်ုပ်အဖြစ်ကို ကြည့်ပြီးလျှင် ဆူပေဒါသောကြာနှင့် ဂျူပါမှူးသာတို့က ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ကျွန်ုပ်မှာ အိုင်အိုနန်းထိုက်နှင့်အတူ ထိုသချိုင်းကုန်း ဟောင်းကြီးသို့ သုံးကြိမ်

www.burmeseclassic.com



တိတိ ရောက်ဖူးခဲ့ရာ လွန်စွာ ချောက်ချား ဖွယ် ကောင်းလှသော အနေအထားကို တွေ့ကြုံခဲ့ရသည့် အလျောက် စုံထောက်များ၏ လှောင်ပြောင်ရယ်မောမှုကို ဂရုမပြုနိုင်ဘဲ ကြက်သီးများပင် ထလာမိပေ၏။ ကျွန်ုပ်အဖြစ်ကို ရိပ်မိဟန်ဖြင့် ဒိုင်အိုနန်းထိုက် က. . .

'ကိစ္စမရှိပါဘူး ကိုညိမ်းမောင်၊ အရင့်အရင်က တိတ်ဆိတ် လွန်းပြီး ချောက်ချားစရာကောင်းပေမယ့် ဒီညတော့ ငရဲပွက်သလို ဆူညံသံတွေ လွှမ်းနေလိမ့်မယ်'

ဟု ပြောလိုက်စဉ်မှာပင် ခပ်အုပ်အုပ် ထွက်ပေါ်လာသော သေနတ်သံများကို သဲ့သဲ့မျှ ကြားလိုက်ကြရလေတော့၏။

'ဒိုင်း'

'ဒိုင်း. . . . ဒိုင်း'

'ဟိုက်. . . . ငါတို့ နည်းနည်း နောက်ကျသွားပြီ မူးသာရေ ဟုဆိုကာ ဒိုင်အိုနန်းထိုက်က လီဗာကို တဆုံးနင်းလျက်ကားလေး ကို ခပ်သွက်သွက် မောင်းနှင်လေ၏။ ဂျမဒါမူးသာကလည်း. . . .

'တောက်. . . စောစောသွားရင်လဲ အဲဒီအစီအစဉ် ပျက်မှာ ပဲ ဆရာ၊ ဘာ့ကြောင့်လဲဆိုရင် သူတို့က အလင်းရောင်နဲ့ ကျွန်တော် တို့ကို အချိန်မရွေး တွေ့နိုင်တာပေါ့ဗျာ'

ဟု မချိတင်ကဲ ပြောလိုက်လေ၏။ ဆူပေဒါသောကြာက မှု. . . .

'ဆရာ အရှေ့မှာ ကားရပ် ကျွန်တော်တို့ သချိုင်းကုန်းကြီး



တို တောင်ဘက်က ပန်းပြီးဝင်ရင် မကောင်းဘူးလား'

ဟု အကြံဉာဏ်ပေး၏။ ဒိုင်အိုနန်းထိုက်က ကားကို ရပ်လိုက်ပြီးနောက်. . . .

'ကောင်းတယ်'

ဟု ပြောကာ စက်သပ်၍ကားပေါ်မှခုန်ချလိုက် တော့၏။

မကြာမီ လူအားလုံး လမ်းပေါ်သို့ ရောက်ကြပြီးဖြစ်၏။ ထိုအခါ ဒိုင်အိုနန်းထိုက်က ဆူဆူညံညံ ကြားနေရသော သေနတ် သံများကို နားစွင့်ပြီးလျှင်. . . .

'ဒီကောင်တွေ တို့ကားမီးရောင်ကို တွေ့သွားပါပြီ၊ ကြည့် နေတာပဲဖြစ်ဖြစ် ဒီကောင်တွေ ပစ်မှာပဲကွ မူးသာ' ဟု ပြောလိုက်စဉ် မှာပင် ဆူဆူညံညံနေသော သေနတ်သံများ တိတ်ဆိတ်သွားတော့ ၏။

သို့သော် မူးသာက. . . .

'ဆရာ ကျွန်တော်တို့ တိုက်ပွဲဖြစ်တဲ့ နေရာကိုတော့ ရောက်အောင်သွားမှ ဖြစ်မယ် ထင်တယ်'

ဟု ဆိုရာ ဒိုင်အိုနန်းထိုက်က ခေါင်းညိတ်ပြီးနောက်. . .

'ကောင်းပြီ သွားကြမယ်' ဟုဆို၏။

ပြီးလျှင် ဆူးရစ် ချုံနှင့် မြက်တောများကို ဖြတ်သန်းကာ သွက်သွက် ခရီးနှင်ကြလေရာ ကျွန်ုပ်တို့မှာ မကြာခဏ တမှောက်ကြ ခြင်း လယ်ကန်သင်းနှင့် တိုက်မိခြင်းများကြောင့် ဖာပ်ထိုလဲကျ ဆောက်ရှိရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မတတ်သာသည့် အဆုံးတွင် ဂျမဒါမှူးသာက ခါးတွင် ချိတ်ထားသော လက်နှိပ်ဓာတ်မီးကို ထုတ်၍ ခပ်အုပ်အုပ် ထိုးလာခဲ့ရသည်။ သို့မှသာ ခရီးတွင်ခြင်းအဖြစ်သို့ရောက်လေတော့၏။

သို့သော် လူသံသူသံများ အထူး တိတ်ဆိတ် နေပြီးလျှင် သေနတ်သံများလည်း ထွက်ပေါ်လာခြင်း မရှိတော့ပေရာ ထူးခြားလှသည်ဟု ကျွန်ုပ်မှတ်ထင်မိပေ၏။ မကြာမီ ကျွန်ုပ်တို့သည် မြေပုံနှင့် မှတ်တိုင်အချို့အပြင် အုတ်ဂူပျက်အချို့ကို ဝိုးတဝါးလှမ်းတွေ့ရလေရာ ဂျမဒါမှူးသာက လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်ပြီးနောက်. . . .

'ကျွန်တော်တို့ ဘုရင်ဂိုဏ်း သင်္ချိုင်းမြေထဲကို ရောက်နေပြီသတိကို အထူးထားကြဖို့လိုတယ်'

ဟု ပြောလိုက်လေ၏။

အိုင်အိုနန်းထိုက်က ဂျမဒါမှူးသာဆီမှ လက်နှိပ်ဓာတ်မီး လှမ်းယူလိုက်ပြီးလျှင် လက်ယာဘက်သို့ ခြေသုံးလှမ်းခန့် ရွေ့လျားသွားပြီးနောက် လက်နှိပ်ဓာတ်မီးကို ဖျပ်ခနဲဖွင့်၍ နေရာ၌ ပြန်ချလိုက်၏။ ပြီးလျှင် လျင်မြန်သွက်လက်စွာ ကျွန်ုပ်တို့နေရာသို့ လိုမ့်ချ လာခဲ့လေ၏။ ကျွန်ုပ်က နားမလည်၍ မေးမည်အပြု အနီးမှ ဂျမဒါ မှူးသာက. . . .

'တကယ်လို့ လူဆိုးတွေရှိကြဦးဆိုရင် မီးရောင်ဟာကျွန်တော်တို့ပဲ ထင်ပြီးသေနတ်နဲ့ပစ်ခတ်အောင် ဆရာကစမ်းသပ်လိုက်တာပဲဗျ'



ဟုရှင်း၏။

'ဩော်. . . . ဒီလိုကိုး'

ကျွန်ုပ်မှာ ထိုအခါကျမှ ပါးနပ်လှသော အိုက်အိုနန်းကိုက်၏ ဉာဏ်ရည် ဉာဏ်သွေးကို ကြိတ်၍ ချီးကျူးလိုက်မိပေ၏။ ခေတ္တမျှ စောင့်ဆိုင်း ကြည့်ရှုပြီးလျှင် အိုင်အိုနန်းထိုက်ကပင် လက်နှိပ်ဓာတ်မီးကို ပြန်လည်ယူငင်လိုက်၏။

ပြီးမှ သင်္ချိုင်းမြေအတွင်း ဟိုမှသည်မှ ဝေ့ဝိုက် ထိုးကြည့်လေ၏။

အိုင်အိုနန်းထိုက်နှင့် စုံထောက်နှစ်ယောက်က မြက်ပင်နှင့် မြေကြီးများကို အတန်ကြာမျှ ငုံ့၍ စစ်ဆေးနေကြသော်လည်း ကျွန်ုပ်ကပင် သေနတ်ကို ဆုပ်ကိုင်လျက်မှ ချောက်ချားဖွယ်ရာ ကောင်းလှသော သင်္ချိုင်းကုန်း ပတ်ဝန်းကျင်ကို ကြောက်ကြောက်နှင့် ကြည့်နေမိပေ၏။

တစ်နေရာတွင် ကျည်ဆန် ထိမှန်မှုကြောင့် အင်္ဂတေများ ကွာထွက်သွားသော ဂူတစ်ခုကို တွေ့ရပေရာ အိုင်အိုနန်းထိုက်တို့ သုံးဦးက ရွှေတွင်းကြီးတစ်တွင်း၏ နမူနာအဖြစ် ရွှေစတစ်စကို တွေ့ရသူများအလား စိတ်ရှည်လက်ရှည် ငုံ့၍တစ်မျိုး၊ ထိုင်၍ တစ်မျိုး ကြည့်လျက် ရှိကြပေ၏။

ကျွန်ုပ်မှာမူ လူဆိုးတစ်စုက တစ်နေရာမှ ချောင်း၍ သေနတ်ဖြင့် ပစ်မည့်အဖြစ်ကို တွေးကာ ကြက်သီးမွေးညင်းများပင်

www.burmeseclassic.com

www.burmeseclassic.com



ထလျက် ရှိပေတော့၏။ ထိုစဉ် အိုင်အိုနန်းထိုက်က ကျည်ဆန်ခွံတစ်ခွံကို မြေပြင်မှ ကောက်ယူလိုက်ပြီးလျှင်. . . .

'ဒါ လုပ်သေနတ်ကျည်ဆန်ပဲကွ၊ ဟုတ်ပါပြီ သူတို့ပစ်တာအမှန်ပါပဲ၊ ဒါပေမယ့် အချိန်ကစကားပြောသွားတယ်ကွာ၊ နောက်နောက် ဒီလိုမဖြစ်ဖို့ ဆင်ခြင်ရမယ်'

ဟု ဣန္ဒြေရရ ပြောလိုက်လေ၏။

ထို့နောက် ကျည်ဆန်ခွံကို ဘောင်းဘီအိတ်ထဲသို့ တန်ဖိုးတသေထည့်ပြီးလျှင် ကားဆီသို့ တိတ်ဆိတ်စွာပြန်လာခဲ့ကြ၏။

ထိုညက အိုင်အိုနန်းထိုက်တို့ စုံထောက်များသည် ကျွန်ုပ်အား လိုက်ပို့ပြီးသည်နှင့် စိတ်ပျက်လက်ပျက် ပြန်သွားကြရာ ကျွန်ုပ်သည်ပင် ထိုညက ခရိုကို တွေးလျက် မသက်မသာဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်ရပေတော့သတည်း။



အခန်း (၃)

နောက်တစ်နေ့တွင် ကျွန်ုပ်သည် အိုင်အိုနန်းထိုက်ရှိမည်ဟု ယူဆသောကြောင့် စီအိုင်ဒီရုံးသို့ ကားကလေးနှင့် ထွက်ခွာလေသည်။ ကားရပ်ပြီးချိန်တွင် သုတ်သီး၊ သုတ်ပျာ ထွက်လာသော ဗျာတာ ဖိုးတက်နှင့်တွေ့ရာ ကျွန်ုပ်က. . . .

'ဟေ့ကောင်. . . ဖိုးတက်၊ ပျာပျာပျာပျာနဲ့ ဘယ်လိုဖြစ်နေတာလဲ၊ ဘယ်ကို သွားမလို့လဲ'

ဟု မေးသည်တွင် ပျာတာ ဖိုးတက်က ခေတ္တ ရပ်တန့်၍. . .

'ဟာ . . . စာရေးဆရာကြီးပါလား၊ ရုံးခန်းထဲမှာတော့ စုံထောက်မင်းကြီးက ထုံးစံအတိုင်း မန်းမှုတ်နေပြီ၊ စုံထောက်တွေလဲ ထုံးစံအတိုင်း ပျာပျာပျာပျာ၊ ကုတ်ကုတ်ကုတ်ကုတ်နဲ့ ပျာကုတ်တွေ ဖြစ်နေကြပြီ၊ ကျွန်တော်တို့ အိုင်အိုနန်းထိုက်သာ မလာရင် ဒီနေ့တာ ပြီးဆုံးမှာ မဟုတ်ဘို့' ဟုပြောလေ၏။

ပြီးလျှင် ၎င်းကပင်. . .

'ကျွန်တော် စာတိုက်ကို အရေးတကြီး သွားစရာရှိလို့ ခွင့်ပြုဦး'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ထွက်ခွာသွားလေတော့၏။

ကျွန်ုပ်မှာ အိုင်အိုနန်းထိုက် မရှိသည်ကို သိလိုက်ရ၍ စိတ်ပျက်လက်ပျက်ဖြင့် ကားကိုပြန်ကွေ့ရန် စက်နှိုးလိုက်စဉ် စီအိုင်ဒီဝင်းအတွင်းသို့ အိုင်အိုနန်းထိုက်၏ ကားကလေး မောင်းဝင်လာသည်ကို တွေ့လိုက်ရတော့သည်။ ကျွန်ုပ်လက်ပြလိုက်သောအခါ အိုင်အိုနန်းထိုက်ကလည်း ပြုံး၍ လက်ပြလေ၏။

ပြီးလျှင် ၎င်း၏ကားကို ကျွန်ုပ်၏ကားနှင့် ဘေးချင်းယှဉ်ရပ်ရင်း. . .

'ဘာလဲ. . . ကျွန်တော့်ကို မတွေ့တာနဲ့ ခင်ဗျား ပြန်ထွက်သွားတော့မလို့ မဟုတ်လား ကိုညိမ်းမောင်'

ဟု မေးလေ၏။ မှန်လှသောကြောင့် ကျွန်ုပ်က ပါးစပ်ဟလျက် အံ့ဩနေစဉ် အိုင်အိုနန်းထိုက်ကပင်. . .

'ဒါများ အံ့ဩစရာလိုက်လို့ဗျာ၊ အလွယ်လေးပါ၊ ခပ်လှမ်းလှမ်းကနေ ပျာတာ ဖိုးတက် စီအိုင်ဒီ ဝင်းထဲက ထွက်သွားတာ ကျွန်တော်လှမ်းမြင်လိုက်ရတယ်၊ အခု ခင်ဗျားကို တွေ့လိုက်ရပြန်တော့ ကားပေါ်က ဆင်းဟန်မတူသေးဘူး၊ ဆက်စပ်စဉ်းစားလိုက်တဲ့အခါ ဖိုးထက်က ရုံးခန်းထဲမှာ ကျွန်တော်ရှိမရှိ ပြောသွားလိမ့်မယ်၊ ကျွန်တော် မရှိမှန်း ဖိုးတက်ကပြောတော့ စိတ်ပျက်ပြီး ခင်ဗျားကားကို ပြန်ကွေ့ထွက်ဖို့ ကြိုးစားမယ်၊ ဟုတ်တယ်မဟုတ်လား ကိုညိမ်းမောင်'

ဟု ပြုံးစစနှင့် ပြောလေ၏။



ကျွန်ုပ်ကလည်း ပြုံးပြပြီးလျှင်. . .

'ခင်ဗျားရဲ့ ကြောင်းကျိုး ဆီလျော်စွာ ဆက်စပ်စဉ်းစား မှုက အင်မတန် ဆီလျော်ပါတယ်ဗျာ၊ အသေးစိတ်အချက်အလက်ကလေးက အစ နမော်နမဲ့ မပြုတာဟာ စုံထောက်ကောင်းတစ်ယောက်မှာ အလိုအလျောက် ရှိရမယ့်အရည်အချင်းပါပဲ'

ဟု ကျွန်ုပ်က ကမ္ဘာကျော် စုံထောက်ကြီး ရှားလော့ဟုမ်းလေသံဖြင့် ပြောဆိုလိုက်သည်တွင် လွန်စွာကျေနပ်ကြီးလှသော အိုင်အိုနန်းထိုက်ပင် သဘောကျလွန်းသောကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေရာ၊ အပေါ်ထပ် စီအိုင်ဒီရုံး၏ ပြတင်းပေါက်များ ပွင့်သွားပြီး သက်ကြီးရွယ်အိုကြီးဆရာ ထိုအပေါက်မှ စုံထောက်မင်းကြီး၏ ဦးခေါင်းကို လည်းကောင်း၊ ကျွန်ုပ်နှင့်ရင်းနှီးပြီးကြသည့် စုံထောက်အချို့၏ ဦးခေါင်းများကိုလည်းကောင်း လှမ်း၍မြင်တွေ့လိုက်ရလေ၏။

ထိုအခါကျမှ ကျွန်ုပ်လည်း ပျာတာ ဖိုးတက်ပြောသွားသည်များကို ပြန်လည်၍ သတိရမိကာ အိုင်အိုနန်းထိုက်အား. . .

'ဟာ. . . ခင်ဗျားကို ပြောဖို့ သတိမေ့နေတယ်. . . ကိုနန်းထိုက်၊ ရုံးခန်းထဲမှာတော့ ထုံးစံအတိုင်း မုန့်တိုင်း တိုက်ခတ်နေပြီ၊ ခင်ဗျားအလာကို စောင့်နေကြတာတဲ့၊ အဲဒါ သွားလိုက်ဦး'

ဟု ကတိုက်ကရိုက် ပြောလိုက်ရ၏။

အိုင်အိုနန်းထိုက်က မည်သို့မျှ ထူးခြားပုံ မရဟန်နှင့် စတိုင်သီးကရက် ဘာ့စ်လိပ်ကို ထုတ်ယူကာ အေးဆေးစွာ မီးညှိရှိုက်

www.burmeseclassic.com

www.burmeseclassic.com



မွှာပြီးလျှင်. . .

''ကိုလိုနီစနစ်ဆို အဲဒါပဲဗျ။ အနိုင်ကျင့်လို ရမယ့်သူကို အနိုင်ကျင့်မယ်၊ နည်းနည်း အင်အားကြီးတဲ့သူ၊ ဒါမှမဟုတ် ယှဉ်နိုင်သူဆိုရင် မဟာမိတ်ဖွဲ့မယ် ဒါဟာ ကိုလိုနီစနစ်၊ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားရဲ့ အစဉ်အလာပေပေါ့'

ဟု ပြောလိုက်လေ၏။

ပြီးလျှင် ကျွန်ုပ်အား. . .

'လာဗျာ. . . ခင်ဗျားလဲ ရုံးခန်းကို လိုက်ခဲ့ပါ'

ဟု ဆိုသည့်အတွက် ကျွန်ုပ်လည်း ကားတံခါးဖွင့်၍ ထွက်ရ၏။ လမ်းလျှောက်ရင်းမှ ကျွန်ုပ်က အိမ်မှတ်မထင်ရုံးခန်း၏ ပြတင်းပေါက်ဆီသို့ ကြည့်လိုက်မိသေးသည်။ သို့သော် ရုံးခန်း ပြတင်းပေါက်တွင် ခပ်စောစောက လူများ မရှိတော့ပေ။ ပကတိ ရှင်းလင်းလျက် ရှိသည်ကိုတွေ့ရပေ၏။

ထို့နောက် ကျွန်ုပ်တို့လည်း လှေကားမှတဆင့် စုံထောက်မင်းကြီးရှိရာ ရုံးခန်းသို့ လာခဲ့ကြ၏။ ရုံးခန်းအဝသို့ ရောက်သောအခါ အိုင်အိုနန်းထိုက်က ဆင်နားရွက်တံခါးကလေးကို တွန်းဖွင့်၍ ဝင်လိုက်သောကြောင့် ကျွန်ုပ်လည်း နောက်က ထပ်ချပ်မကွာ လိုက်ပါခဲ့ရလေတော့၏။

'ကျွို. . . .'

အတွင်းဘက်၌ကား လွန်စွာ တိတ်ဆိတ်လျက် ရှိသည်ကို တွေ့ရ၏။



ယင်းတိတ်ဆိတ်ခြင်းမှာ မုန်တိုင်းတိုက်ခတ်ပြီး၍ ငြိမ်သက်ခြင်းသာ ဖြစ်ကြောင်း အိုင်အိုနန်းထိုက်နှင့် ကျွန်ုပ်တို့ နားလည်ပြီး ဖြစ်နေလေသည်။

'အို. . . လူကလေး မောနင်း၊ အခု ကိစ္စပေါ်နေပြီ၊ ဒီအသုံးမကျတဲ့ စီအိုင်ဒီက မြည်းတွေကို ကျွန်ုပ် ဘဝင်မကျတာကြာနေပြီ၊ လူကလေးလို အရည်အချင်းရှိတဲ့ သူကိုသာ ကျွန်ုပ်ကမျှော်လင့်နေ ပါတယ်'

စုံထောက်မင်းကြီးက နီစပ်စပ် ၎င်း၏မျက်နှာကြီးအား ဖြဖွေးလှသည့် လက်ကိုင်ပဝါဖြင့် ပွတ်သပ်ရင်း အိုင်အိုနန်းထိုက်ကို နှုတ်ဆက်စကား ပြောလိုက်သည်။

ကျွန်ုပ် လှမ်းကြည့်လိုက်သောအခါ စုံထောက်မင်းကြီးက ကျွန်ုပ်အားလည်း ခေါင်းညိတ်၍ နှုတ်ဆက်ရှာလေ၏။

ထောင့်တစ်ထောင့်တွင်ကား ဂျမဒါမှူးသာ အပါအဝင် စီအိုင်ဒီ စုံထောက်များမှာ ငြိမ်သက်လျက် တောင့်တောင့်အနေအထားဖြင့် ရပ်လျက်ရှိသည်ကို ကျွန်ုပ်တို့တွေ့ရပေလေ၏။

အိုင်အိုနန်းထိုက်က စုံထောက် မင်းကြီးအားပြန်လည်၍ စကားပြောဆိုခြင်း မရှိဘဲ အိတ်ထဲမှ စတိုင်လို စီးကရက်ဗူးကို ထုတ်ကာ တစ်လိပ်ထုတ်၍ မီးညှိမွှာရှိုက်လိုက်၏။

ပြီးမှ မီးခိုးများကို မှုတ်ထုတ်ရင်း. . .

'ဘာကိစ္စများ ပေါ်ပေါက်လာတာလဲ မင်းကြီး၊ ကျွန်ုပ်တို့ မြန်မာလူမျိုးတွေဟာ တာဝန်ကို အလွန်လေးစားပြီး အကြောင်းကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတဲ့ အခါကျမှ အရည်အချင်းကို လိုအပ်သလို ထုတ်သုံးလေ့ရှိပါတယ်၊ ဆူပူကြိမ်းမောင်းခြင်းဟာ လူတစ်ယောက်မှာ ရှိနေတဲ့ ပင်ကိုယ်အရည်အချင်းကို အနည်းနဲ့အများ ဖျက်ပြားစေတယ်ဆိုတာ မင်းကြီးတို့လို ဂုဏ်သရေရှိဆိုတဲ့ လူမျိုးကြီးတစ်ဦးက အထူးသတိချပ်သင့်ပါတယ်၊ နောက်ပြီး ဆူပူကြိမ်းမောင်းခြင်းဟာ မလုပ်သင့် မလုပ်အပ်တဲ့ အလုပ်ပိုတစ်ခုလဲ ဖြစ်ပါတယ်။ ဖြစ်သင့်တာက အကြောင်းအရာတစ်ရပ် ဖြစ်ပေါ်လာရင် အထက်အောက် ဝန်ထမ်းအချင်းချင်း တိုင်ပင်ပါ၊ ညှိနှိုင်းဆောင်ရွက်ပါ၊ ဒါဟာ အကောင်းဆုံးပါပဲ၊ ကဲ. . . ဖြစ်ပေါ်လာတဲ့ ကိစ္စဟာ ဘာလဲ ကျွန်တော့်ကို ပြောပါပါ'

ဟု အထက်ပါအတိုင်း အဓိပ္ပါယ်ရသည့် စကားကိုဘိလပ်သားများပင် လက်ဖျားခါလောက်သော အင်္ဂလိပ်ဘာသာဖြင့် ပြောပြလိုက်တော့၏။

အိုင်အိုနန်းထိုက် ပြောသော စကားရပ်မှာ ရာထူးကြီးသော ဝန်ထမ်းတစ်ဦးက ရာထူးငယ်သော အမှုထမ်းတစ်ဦးအား ဆုံးမသွန်သင်သော စကားရပ်ကဲ့သို့ ဖြစ်နေလေရာ ကျွန်ုပ်မှာ ရယ်ချင်စိတ်ကို မနည်းပင် အောင့်အည်း မျိုသိပ်ထားရပေတော့၏။

စီအိုင်ဒီ စုံထောက်များမှာမူ အိုင်အိုနန်းထိုက်၏ သတ္တိနှင့် အရည်အချင်းကို မူလကပင် သိထားကြပြီးဖြစ်ရာ ငေးမောလျက်သာ အားကျစွာ ကြည့်နေကြရှာပေ၏။

ဤတွင်စုံထောက်မင်းကြီးက



'ရက်စ်. . . ရက်စ်. . . သူတို့ကိုကျွန်ုပ်မဆူချင်ပါဘူး ဒါပေမယ့် သူတို့ဟာ လူကလေးနဲ့စာရင် အများကြီး အရည်အချင်းလျော့နည်းတယ်၊ တာဝန်ကို တာဝန်လို မသတ်မှတ်ဘူး သူတို့ဖင်ကို ကျွန်ုပ်က အတင်းတွန်းမှ အလုပ် လုပ်ချင်ကြတယ်လေ၊ ကောင်းပြီ ကျွန်ုပ်ပြောမယ်၊ အခုန ကျောက်ကုန်းအရပ်က ရာဇဝတ်အုပ်က ဖုန်းဆက်တယ်၊ သူ့ဂတ်အပိုင်မှာ လူသတ်မှုတစ်မှု လင်းအားကြီးအချိန်မှာ ဖြစ်ပွားတယ်တဲ့၊ အဲဒါ တရားခံလို့မှတ်ထင်ရတဲ့ လူတစ်ယောက်ကိုလဲ ဖမ်းဆီးထားတယ်ဆိုတယ်၊ အဲဒါသွားကြည့်ဖို့ပါ၊ သွားခင် ကျွန်ုပ်သူတို့ကိုပိုမိုကြိုးစားပမ်းစား လုပ်ကြအောင် သတ်ချာပေးနေတာပါ လူကလေး' ဟုဆို၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ကောင်းပါပြီ ဒါဆို ကျွန်တော်သွားကြည့်လိုက်ပါမယ်' ဟုဆိုကာ ဂျမဒါမှူးသာနှင့်ဆူဗေဒါသောကြာတို့အား လက်ပြ၍ ခေါ်လိုက်ပြီးနောက် ကျွန်ုပ်နှင့်အတူ ဆင်နားရွက်တံခါးကို တွန်းဖွင့်ထွက်ခွာလာခဲ့ကြလေ၏။

ထို့နောက် ကားပေါ်သို့ တက်ကြပြီးနောက် ကားစက်နှိုးရင်း အိုင်အိုနန်းထိုက်က ဂျမဒါမှူးသာအား. . .

'ငါအနေနဲ့ အရာရှိတစ်ယောက်ကို မခန့်လေးစား မလုပ်သင့်ဘူးဆိုတာ သဘောပေါက်ပါတယ်၊ ဒါပေမယ့် သူတို့လူမျိုးတွေက ငါတို့မြန်မာလူမျိုးတွေကိုနှိမ်သလိုမို့ ငါက ပြန်ပြောယ်ရတာပါ၊ ကိုယ့်ကို အားကိုးတဲ့ လူတစ်ယောက်ကို ဒီလိုမဆက်ဆံသင့်

www.burmeseclassic.com

www.burmeseclassic.com



တာတော့ အမှန်ပဲ' ဟုဆိုလေ၏။

ကျွန်ုပ်မှာ မိမိအနေဖြင့် အနိုင့်အထက်ပြော၍ ရနိုင်မှန်း သိသော်လည်း ယခုကဲ့သို့ ဆင်ခြင်တုံတရားဖြင့် မိမိအမှားကို ထောက်ပြလိုက်နိုင်သော အိုင်အိုနန်းထိုက်အား ပို၍ပင် လေးစားမိရတော့သည်။ ကားလေးက လှည်းတန်းအဝိုင်းဘက်သို့ ဦးတည်မောင်းနှင်လာပြီးလျှင် ထိုမှအင်းလျားလမ်းဘက်သို့ ချိုးကွေ့လာခဲ့၏။ တစ်ဖန် ကျောက်ကုန်းဘက်သို့ မောင်းနှင်လိုက်သည်တွင် ကျွန်ုပ်က. . .

'လူသတ်မှုမှာ တရားခံလို့ ယူဆရသူ တစ်ယောက်ဖမ်းထားတယ်ဆိုတော့ နည်းနည်းအဆင်ပြေသွားတာပေါ့နော်'

ဟု ပြောလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'ဒီလိုရှိတယ် ကိုညိမ်းမောင်၊ တကယ့် လူသတ်တရားခံစစ်စစ်ကို ဖမ်းမိရလို့ကတော့ ခင်ဗျားပြောသလို အလုပ်ရှုပ်သက်သာတာ မှန်ပေမယ့် သံသယတရားခံကို ဖမ်းဆီးထားရင် ပိုပြီးတော့တောင် အလုပ်ရှုပ်ဦးမယ်၊ အပြစ်မရှိတဲ့ လူတစ်ယောက် လွတ်မြောက်ရေးအတွက် တာဝန်ရှိသူဟာ အမှန်အတိုင်းဖြစ်အောင် ပိုပြီး ကြိုးစားပမ်းစား ဆောင်ရွက်ရတော့မှာပေါ့' ဟုဆိုလေ၏။

ကားလေးမှာ ကျောက်ကုန်းအရပ်သို့ ရောက်ရှိလာရာ ခြံကျယ်ကျယ်နှစ်ထပ်တိုက်တစ်လုံး၏ အိမ်ရှေ့တွင် ပုလိပ်အမှုထမ်းနှစ်ယောက်ကိုတွေ့ရသောကြောင့် အိုင်အိုနန်းထိုက်က ထိုနေရာသို့ မောင်းဝင်လိုက်တော့သည်။



အိုင်အိုနန်းထိုက်ကို စုံထောက်အရာရှိမှန်း သိနေပုံရသည့် ပုလိပ်ကလေးနှစ်ယောက်က ဖြိုင်တူလိုလို ဆလုရိုက်၍ အလေးပြုကြလေရာ အိုင်အိုနန်းထိုက်က ခေါင်းညိတ်၍ ကားစက်သပ်လိုက်လေ၏။

'ကျွဲ. . . ကျလိ. . . ကျွိ'

'အိမ်ထဲမှာ အလောင်းရှိပါတယ်ဆရာ၊ ရာဇဝတ်အုပ်လဲ အဲဒဲမှာရှိပါတယ်'

ပုလိပ်သားလေး တစ်ယောက်က အိုင်အိုနန်းထိုက်အား အထက်ပါအတိုင်း အစီရင်ခံ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ကားပေါ်မှဆင်းပြီးလျှင် ကျောက်စရစ်လမ်းကလေးအတိုင်း တိုက်အိမ်ကြီးဆီသို့ ရှေးရှုသွား ခဲ့ကြလေ၏။ တိုက်အိမ်ကြီးအတွင်းကား ပုလိပ်ရာဇဝတ်အုပ် တစ်ယောက်နှင့် စာသင်ကြီးတို့ သည်ရဲတန်.လျက်ကြိုဆိုနေသည်

ထိုတွေ့ လိုက်ရပြီးသကာလ ၄င်းတို့က အိုင်အိုနန်းထိုက်အား ဆလုရိုက်၍အရိုအသေပေးကြ၏။

ပြီးမှရာဇဝတ်အုပ်က

'အလောင်းကအမျိုးသမီးအလောင်းဆရာ'

ဟုအစီရင်ခံလိုက်၏။

ထိုအခါ အိုင်အိုနန်းထိုက်ကခေါင်းညိတ်၍. . .

'ဟုတ်ပြီဒေါ်ရာက ဘယ်လိုဒေါ်ရာလဲ'

ဟုမေးလိုက်ရာ ရာဇဝတ်အုပ်မှာမည်သို့ပြောရမည်

www.burmeseclassic.com

မသိအောင် ဖြစ်နေသဖြင့် ခက်ခဲသောလူသတ်မှုသာဖြစ်ရခြိမ့်မည် 'ဟုကျွန်ုပ် ယူဆမိပေတော့သည်။ မကြာမီ ကျွန်ုပ်တို့သည် ရာဇဝတ်အုပ်ဦးဆောင်၍ ပြောင် လက်နေသော ယမနေသားသစ်လှေခါးမှ အိမ်ကြီး၏အပေါ်သို့ တက်လာခဲ့ကြလေ၏။

ထူးခြားသည်ကား တိုက်အိမ်ကြီးမှာ အပြင်မှကြည့်လျှင် လွန်စွာ သပ်ရပ်လှသော်လည်း အတွင်းဘက်၌မူ လူမနေသည်မှာ ကြာပြီးဖြစ်သကဲ့သို့ အိမ်ထောင်ပရိဘောဂဟူ၍ ရှိမနေခြင်းပေတည်း။

'ဒီအခန်းထဲမှာဆရာ'

ရာဇဝတ်အုပ်က ပြောပြောဆိုဆို အိပ်ခန်းတံခါးကိုဖွင့်ပေးသဖြင့် အိုင်အိုနန်းထိုက်နှင့် ကျွန်ုပ်တို့ လှမ်းဝင်လိုက်ကြသည်။

'ဟင်'

'အို'

'အလို'

တွေ့မြင်ရသော အလောင်းကြောင့် အိုင်အိုနန်းထိုက်မှအပ ကျွန်ုပ်တို့အားလုံးပင် အံ့အားသင့်သွားကြရလေ၏။ အဘယ်ကြောင့်ဆိုသော် သေဆုံးသူမှာ လွန်စွာလှပသော မိန်းမပျိုတစ်ဦးဖြစ်သောကြောင့်ပေတည်း။

ဖြူဝင်းနုညက်သော အသားအရည်ပေါ်တွင် အထက်အောက် အဖြူရောင်အဝတ်အစားများကို ဝတ်ဆင်ထားရာ ပုံပြင်ထဲမှ လူပုကလေးခုနစ်ယောက်၏ နှင်းပွင့်ဖြူမင်းသမီးလေးပင်



ဟု မှတ်ယူလိုက်မိပေ၏။

'အင်း. . . တော်ရုံတန်ရုံလှတဲ့ မိန်းကလေးမဟုတ်ဘူးဗျို့ တယ်ရှားမှရှား အလှပိုင်ရှင်ပါပဲ'

ချီးကျူးခဲ့သည့် အိုင်အိုနန်းထိုက်ကိုယ်တိုင်က အထက်ပါ တိုင်း ချီးကျူးလိုက်သောအခါ ယင်းအမျိုးသမီးလေး၏အလှမှာ ည်မျှပေါ်လွင်ထင်ရှားကြောင်း သိသာနေပေတော့၏။

အိုင်အိုနန်းထိုက်က အလောင်းကိုလုံးဝ ထိခိုက်ခြင်းမရှိဘဲ ပုရုပ်လုံးတစ်ခုကို ဂရုတစိုက်ကြည့်သည့် အနုပညာရှင်ပမာ င်ကို လှည့်ပတ်၍အကဲခတ်ကြည့်ရှု၏။ ထို့နောက် အနီးကပ်၍ ခေါင်းဖြင့် တရှုံ့ရှုံ့အနံ့ခံကြည့် ၏။

ဂျမဒါမူးသာကလည်း ဦးခေါင်းပိုင်းသို့ စေ့စေ့စပ်စပ်ကြည့် တဲခတ်၏။ ဆူဗေဒါသောကြာကမူ အခန်းအပြင်သို့ထွက်၍ ဝတ်အုပ်နှင့် အမှုအကြောင်းတီးတိုးတိုင်ပင်ဆွေးနွေး၏။ န်ုပ်မှာသာ ချောမောလွန်းသော မိန်းမပျိုကို နှမျောတသ မရကြည့်ရှုရင်းမှ ရက်ရက်စက်စက်သတ်သူ လူသတ်သမား တောင့်သားကို စိတ်ထဲမှ ကျိန်ဆဲနေမိပေတော့၏။

သို့ရာတွင် ယင်းမိန်းမပျိုသေစေခြင်းမှာ မည်သည့်လက် ကြောင့်ဖြစ်သည်ကို တွေးတောမရအောင် ဖြစ်နေရာ အိုင်အို ထိုက်က ခေါင်းညိတ်လျက်. . . .

'မူးသာရေ. . . အခန်းအပြင်ဘက်မှ လိုက်ကြည့်စမ်းကွာ၊ စ်ချောင်းခြောက်များရှိမလားလို့ ဒါမှမဟုတ်ရင် ရာဇဝတ်အုပ်

www.burmeseclassic.com



ကို အိမ်နီးချင်းဆီက ခဏယူခိုင်း'

ဟုဆိုလိုက်၏။

'ဟုတ်ကဲ့ဆရာ'

ချက်ဆိုနားခွက်က မီးတောက်သော ဂျမဒါမူးကလည်း အလျင်အမြန်ပင် အခန်းအပြင်သို့ ထွက်ခွာသွားတော့၏။ ခဏအကြာတွင် ဘီးတစ်ချောင်းကိုင်၍ ဝင်လာခဲ့ပြီး နောက်. . .

'ရေချိုးခန်းထဲက တွေ့တာဆရာ'

ဟု ပြော၏။

ဤတွင် အိုင်အိုနန်းထိုက်က လှမ်းယူပြီးလျှင် အလောင်း၏ ဦးခေါင်းမှ ဆံပင်များကို ညှင်သာစွာဖီးသင်ပေးလေ၏။ ယင်းသို့ ဖီးသင်နေသည်မှာ ချစ်သူရည်းစားက ၎င်း၏ ချစ်သူကို ကြင်နာစွာ ဖီးသင်ပေးသကဲ့သို့ဖြစ်နေရာ ကျွန်ုပ်၏ရင်တွင်း၌ဖော်ပြနိုင်စွမ်း မရှိသော ဝေဒနာတစ်ရပ်ကို တစ်ချက်မတ်မတ် ခံစားလိုက်ရလေ၏။

ထိုသို့ဖီးသင်နေရာဘီးမှ ဦးခေါင်းတစ်နေရာတွင် ရပ်တန့်သွားတော့သည်။ ထိုအခါ အိုင်အိုနန်းထိုက် မျက်လုံးများအရောင်တောက်ပသွားကာ. . .

'တွေ့ပြီ'

ဟု ဆိုလိုက်လေ၏။

'ဘာ. . . ဘာကိုတွေ့တာလဲဗျ'

ဟု ကျွန်ုပ်က အလောတကြီးမေးလိုက်သောအခါ အိုင်အို



နန်းထိုက်က ပြန်လည်ဖြေကြားခြင်းမရှိပဲ၊ ၎င်း၏ ဘောင်းဘီအိတ်ထဲမှ ဆွတ်ဆွတ်ဖြူသော လက်ကိုင်ပုဝါကို ထုတ်ယူလိုက်၏။

ပြီးလျှင် ဘီးရပ်သွားသော ဆံပင်နေရာသို့ လက်ကိုင်ပုဝါဖြင့်အုပ်ကာ လက်ညှိုး၊ လက်မတို့ဖြင့် ညှပ်ယူလျက် အားစိုက်နှုတ်လိုက်လေ၏။

'ဟာ'

'ဟင်'

'အလို'

'ဟိုက်'

တွေ့မြင်ရသောအရာကြောင့် ကျွန်ုပ်နှင့် ဂျမဒါမူးသာမက ညီသည့်အချိန်က အခန်းအတွင်းသို့ ရောက်လာမှန်းမသိသော ရာဇဝတ်အုပ်နှင့် ဆူဗေဒါသောကြာတို့ပင် အံ့ဩလျက် အာမေဋိတ်အသံကိုယ်စီထွက်သွားကြလေ၏။ ထိုအရာကား. . .

သုံးလက်မခန့် ရှည်မည်ဖြစ်သော သံစူးချွန်တစ်ချောင်းပင်ဖြစ်လေတော့၏။

'သံစူးချွန်ကား နှစ်လက်မကျော်ကျော်လောက်စိုက်ဝင်သွားသော ဦးခွံကိုထိုးဖောက်ပြီး ဦးနှောက်ထဲသွေးဝင်အောင် ဖြစ်သွားရတာပေါ့'

ဟု အိုက်အိုနန်းထိုက်က ပြောလိုက်လေ၏။ ဂျမဒါမူးသော ဆာ. . .

'ကျွန်တော်က ခန္ဓာကိုယ်တစ်နေရာရာမှာ အဆိပ်စူးတစ်

www.burmeseclassic.com

www.burmeseclassic.com



ခုစိုက်ဝင်နေတယ် ထင်တာဆရာ ဒါပေမယ့် သူ့အသားအရေဟာ အဆိပ်သင့်တဲ့လက္ခဏာလို ညိုညစ်ညစ်ဖြစ်မနေလေတော့ အတွေး ရခက်နေတာ'

ဟု ဆို၏။ ထိုအခါ အိုင်အိုနန်းထိုက်က. . .

'အေးကွ၊ ပထမတော့ ငါလည်းမင်းထင်သလိုထင်လိုက် မိသား၊ ဒါပေမယ့် အဓိကဒဏ်ရာဒဏ်ချက် မတွေ့ရတော့ စူးစမ်း ပြီး ရှာလိုက်မိတာမှာ အဖြေတွေ့သွားရတာ'

ဟုဆိုကာ စူးချွန်ကလေးကို အလင်းရောင်တွင် ထောင်ရင်း မှန်ဘီလူးဖြင့် အသေအချာကြည့်လိုက်လေ၏။ ပြီးလျှင်မည်သည့် ထူးခြားချက်ကို တွေ့သည်မသိပေ၊ ရှိုက်နဲ လေချွန်လိုက်တော့သည်။ ကျွန်ုပ်က မေးမြန်းရန်ပြင်လိုက်စဉ် အိုင်အိုနန်းထိုက်က ရာဇဝတ် အုပ်အား. . .

'ကဲ. . . ဦးဒီပရေ. . . ဒီအိမ်ကြီးရဲ့ အနေအထားနဲ့ ဟောဒီအလောင်းရဲ့ မိသားစု အခြေအနေကို ခင်ဗျား စုံစမ်းသိရှိ သလောက် ပြောပေတော့'

ဟု ဆိုလိုက်လေ၏။ ဤတွင် ရာဇဝတ်အုပ် ကိုဒီပဆိုသူ က. . .

'ဆရာခင်ဗျာ ဒီအိမ်ကြီးဟာ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က မဒရပ်ကို အပြီးအပိုင် ပြန်သွားခဲ့တဲ့ ကုလားသူဌေးကြီးချန်ဒရာရဲ့ အိမ် ဖြစ်ပါတယ်၊ ဒီအိမ်မှာ ဘယ်သူမှ မနေကြပါဘူး၊ အခုအသတ် ခံရတဲ့ မိန်းမပျိုဟာလဲ ဘယ်ရပ်က ဘယ်သူဆိုတာ မသိခဲ့ရသေးပါ



ဘူး'

ဟု ဆိုရာ အိုင်အိုနန်းထိုက်က ပြုံး၍. . .

'ဟုတ်ပြီ ခင်ဗျားသိတာ ဘာရှိသေးလဲ ကိုဒီပရယ်'

ဟု ဆိုလိုက်ရာ ရာဇဝတ်အုပ် ဦးဒီပဟာ ရှက်ရယ် ရယ် လျက်. . .

'တစ်ခုတော့ရှိပါတယ်ဆရာ' ဟု ဆို၏။

'ဆိုပါဦးဗျာ'

အိုင်အိုနန်းထိုက်က အထက်ပါအတိုင်း ပြောလိုက်သော အခါအ ရာဇဝတ်အုပ် ဦးဒီပဟာ. . .

'အခု လူသတ်မှု မသင်္ကာနဲ့ ဖမ်းထားသူဟာ စိတ်မနှံ့သူ တစ်ယောက်ဖြစ်ပြီး ဟောဒီမိန်းမပျိုရဲ့ နာမည်ဟာသူ့ဇာနွယ် ဖြစ်တယ်ဆိုတာပါပဲ' ဟုဆို၏။

'သူ့ဇာနွယ်. . . ဟုတ်လား၊ ဒါကို ဘာကြောင့်ပြောနိုင်တာ လဲ'

အိုင်အိုနန်းထိုက် အမေးကို ရာဇဝတ်အုပ် ဦးဒီပက သွက် လက်စွာဖြင့် ဖြစ်စဉ်များကို အောက်ပါအတိုင်း ပြောပြလေ၏။

'ကျွန်တော်တို့ဆီကို မြင်းရထားမောင်းတဲ့ ကုလား တစ်ယောက်က ဝေလီဝေလင်းအချိန်မှာ ဒီတိုက်ရှေ့က ဖြတ်သွား ခိုက် လူတစ်ယောက် အော်ကြီးဟစ်ကျယ် ငိုနေတာကို ကြားတယ် လို့ ဝင်ပြီး သတင်းပေးတာနဲ့ ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီး ပတ္တရောင်အဖွဲ့နဲ့ လာခဲ့ရာမှာ အလောင်းကို ဖက်ပြီး လူးလိမ့် ငိုကြွေး

www.burmeseclassic.com

www.burmeseclassic.com



နေရှာတဲ့ အဲဒီလူကို တွေ့ရတာပါပဲ. . . ဆရာ'

'အင်း. . . ဆက်ပြောပါဦး'

ထိုအခါ ရာဇဝတ်အုပ် ဦးဒီပက. . .

ဒီတော့ ကျွန်တော်တို့ သူ့ကို ဖမ်းခေါ် ခဲ့ရတာပေါ့၊ ဒါပေမယ့်. . . စစ်မေးတဲ့အခါ ဘာမှ မပြောနိုင်ရှာဘဲ မေမာလာ. . . မေမာလာ ဖြစ်ရပလေတွယ်၊ မောင့်ကို ထားခဲ့ပြီးပေါ့ နော်' ဆိုတဲ့ စကားလုံးတွေသာ လိမ့်ရွတ်နေပြီး သူ့ခေါင်းကို ထိုးဖွ ကုတ်ဆွဲပြီး နံရံနဲ့ရိုက်ဖို့ ကြိုးစားနေလို့ စန္တရီ တစ်ယောက်ကို အနီးမှာ စောင့်ထားပေးရတယ်ဗျာ'

ဟု ဆို၏။

'အင်း. . . သူချစ်သူလား၊ သူ့မယားလား၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ရူးမှား ရူးသွားပြီလားဗျာ'

အိုင်အိုနန်းထိုက်က မသက်မသာ ပြောလိုက်ရာ ရာဇဝတ် အုပ် ဦးဒီပက ခေါင်းညိတ်လျက်. . .

'ကျွန်တော့် စိတ်ထင် ရူးသွားပြီ ထင်တာပဲ၊ သူဟာ အမျိုးသမီး မသေခင်ကတည်းက ရူးသွားပြီး၊ သတ်ပစ်လိုက် တာကော မဖြစ်နိုင်ဘူးလား ဆရာ'

ဟု မေးရာ အိုင်အိုနန်းထိုက်က ခေါင်းညိတ်၍. . .

'ဒါလဲ ဖြစ်နိုင်တာပဲ၊ ကဲ. . . ကဲ အလောင်းကို ခင်ဗျားနဲ့ ပုလိပ်သား နှစ်ယောက်က ကားပေါ် တင်လိုက်ကြ၊ ဆူဗေဒါသော ကြာက ရှင်ခွဲရုံကို မောင်းပို့လိမ့်မယ်'



ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့လည်း အခန်းအပြင်သို့ ထွက်လာကြတော့သည်။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'အလောင်းကိုပို့ပြီး ဆူဗေဒါ သောကြာပြန်လာတဲ့အခါ ကျွန်တော်တို့ အချုပ်ခန်းကို သွားပြီး အဲဒီလူကို လေ့လာကြည့်ကြ သေးတာပေါ့'

ဟု ဆိုလိုက်၏။

ဂျမဒါမှူးသာက. . . .

'အေးဗျာ. . . အဲဒီလူသာ မရူးဘူးဆိုရင် တစ်ခုခုတော့ သိရမှာ အမှန်ပဲ၊ အခုတော့. . .'

ဟု ကြိတ်မနိုင် ခဲမရဖြင့် ပြောလိုက်ရှာလေ၏။ ကျွန်ုပ် က. . .

'အိုင်ဆေး. . . ကိုနန်းထိုက်က လေချွန်လိုက်တာ ဘာထူး ခြားချက်တွေ့လို့လဲ'

ဟု မေးလိုက်၏။ အိုင်အိုနန်းထိုက်က ပြုံး၍. . . .

'ဘာရယ်. . . မဟုတ်ပါဘူးဗျာ၊ နောက် သေသေချာချာ စစ်ဆေးပြီးမှ ခင်ဗျားတို့ကို ပြောပါ့မယ်'

ဟု ဆိုလေ၏။ ထို့အတွက် အိုင်အိုနန်းထိုက် စိတ်ကူးထဲ တွင် အရေးကြီးသော အကြောင်းအရာအချက် အလက်တစ်ခု တိန်းအောင်းနေကြောင်း ကျွန်ုပ်အလိုလို သိရှိလိုက်ရပေတော့၏။

မကြာမီ ပုလိပ်သားလေး နှစ်ယောက်က အလောင်းကို

www.burmeseclassic.com



ကားပေါ်သို့ တင်ယူသွားကြလေ၏။ ကျွန်ုပ်နှင့်အိုင်အိုနန်းထိုက်၊ ဂျမဒါမူးသာတို့ သုံးယောက်သာကျန်သောအခါ အိုင်အိုနန်းထိုက်က ဂျမဒါမူးသာအား. . .

'မင်းအနေနဲ့ ဘာကို သတိပြုမိသေးလဲ မူးသာ'

ဟု ဆိုရာ ဂျမဒါမူးသာက ကောက်ကာငင်ကာဖြင့်. . .

'ကလိုရိုဖောင်း အနံ့ကိုရတယ်. . . ဆရာ၊ အတော်အတန် အနံ့ပြယ်နေပြီ ဖြစ်ပေမယ့်. . . ကျွန်တော် သတိပြုမိတယ်'

ဟု ဆို၏။ ဤတွင် အိုင်အိုနန်းထိုက်က ဂျမဒါမူးသာအား ချီးကျူးဟန် ဖြင့် ခေါင်းညိတ်၍. . .

'မင်းတော်တယ်. . . မူးသာ၊ မေ့ဆေးအနံ့ဟာ တော်တော်ကို ပြယ်စပြုနေပြီ၊ သတိထားနိုင်မှသာ သိနိုင်တာ၊ ငါယူဆရသလောက်ကတော့ လူသတ်သမားဟာ မိန်းမပျိုကို မေ့ဆေးနဲ့နှာခေါင်းအုပ်ပြီး ဖမ်းခေါ်လာ၊ ကား၊ သို့မဟုတ် မြင်းရထားပေါ့ကွာ၊ တစ်ခုခုနဲ့ ဒီနေရာကို ခေါ်လာတာပေါ့၊ ဒီရောက်မှ သူ့မှာပါလာတဲ့ တူနဲ့ စူးချွန်ကို ဦးခေါင်းခွံထဲစိုက်ချလိုက်တာပဲ'

ဟု ဆို၏။ ဂျမဒါမူးသာကလည်း. . .

'ဒါပေမယ့်. . . အနှောက်အယှက် ပေါ်လာပုံရတယ်. . . ဆရာ'

ဟု မေးရာ ဂျမဒါမူးသာက ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်၏။ အိုင်အိုနန်းထိုက်က. . .

'ဖြစ်နိုင်ပါတယ်၊ တကယ်ဆိုရင် အလောင်းကို လာရောက်



စစ်ဆေးတဲ့ စုံထောက်တွေ မျက်စိလည်အောင် လူသတ်သမားက စူးချွန်ကို အဆုံးထိ စိုက်ဝင်သွားသည်အထိ ရိုက်ထည့်မယ်၊ ဒါကို လူသတ်သမားသိပါတယ်လေ၊ သူက ဘာအတွက်ကြောင့် ဦးခွံအထက်မှာ လက်မဝက်လောက် ကျန်အောင်ထားခဲ့ရတာလဲလို့ ငါက စိတ်ကူးကြည့်နေမိတာကွ'

ဟု ပြောလိုက်၏။ ဂျမဒါမူးသာက. . .

'အမှန်ပေါ့ဆရာ၊ အဲဒါက စိတ်စနိုးစနောင့် ဖြစ်စရာ ကိစ္စတစ်ရပ်ပေါ်လာလို့ ဖြစ်မှာပေါ့'

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်မှာ ၎င်းတို့နှစ်ယောက် အပြန်အလှန်ပြောဆိုနေကြသည်ကို စိတ်ဝင်စားစွာဖြင့် နားထောင်လျက်သာ ရှိလေ၏။ ထိုခဏမှာပင် အိုင်အိုနန်းထိုက်သည် အလောင်းရှိခဲ့ရာ အခန်းတွင်းသို့တစ်ဖန် ပြန်လည်ဝင်ရောက်၍ သွားပြန်လေ၏။

ကျွန်ုပ်နှင့်ဂျမဒါမူးသာလည်း အခန်းအပြင်၌ တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ကြသည်။ ခေတ္တကြာသောအခါ အိုင်အိုနန်းထိုက်က ရွှင်ပျသည့် မျက်နှာထားနှင့် ထွက်လာခဲ့ပြီးနောက်. . .

'ဟုတ်တယ်. . . မူးသာ၊ အိမ်ရှေ့ကနေတစ်ယောက်ယောက်တက်လာတဲ့ ခြေသံကြားလို့ လူသတ်သမားဟာ မိန်းမပျိုကို ကမန်းကတန်းသတ်ပြီး ပြန်ဆင်းသွားတာပဲ၊ ပြတင်းပေါက်ရဲ့ ဘောင်မှာ ကြိုးရာတွေ ထင်နေတာကိုတွေ့ရတယ်၊ လာ. . . အိမ်နောက်ဖက်ကို တစ်ချက်သွားကြည့်ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာလှေကားမှ ဆင်းပြီးနောက် အိမ်ရှေ့ပေါက်မှ ထွက်၍ အိမ်နောက်ဘက်သို့ ရောက်လာခဲ့တော့သည်။ အိမ်၏ အနောက်ဘက်၌ သရက်ပင်၊ မန္တပင်နှင့်မာလကာ ပင်၊ သဘော်ပင် အစရှိသည် သီးပင်များ ထူပိန်းအောင်ပင်ပေါက် ရောက်လျက်ရှိသည်ကို တွေ့မြင်ကြရပေ၏။ အိုင်အိုနန်းထိုက်က မြေပြင်ကို စူးစမ်းဟန်ဖြင့် သေသေ ချာချာ အကဲခတ်ကြည့်ရှုသည်။

သို့ရာတွင် ဝတ်ကျေ ဝတ်ကုန်သာ ကြည့်ပြီးနောက်. . .

'ခြေရာတွေကတော့ ရှာကြည့်လို့ လွယ်မှာမဟုတ်ဘူး မှူးသာ၊ ဘာကြောင့်လဲဆိုရင် နွေရာသီဖြစ်ပြီး မြေပြင်ကရွက်ကျောက် စရစ်တွေနဲ့ ရောနှောနေတာမို့ ပဲ'

ဟု ပြောလိုက်လေ၏။ ဂျမဒါမှူးသာကလည်း. . .

'ဟုတ်တယ် ဆရာ၊ လူသတ်သမားဟာ ဟောဒီပန်းပိတ်နေ တဲ့ သစ်ပင်တွေကြားက အလွယ်တကူတိုးဝှေ့ထွက်ခွာသွားမှာပဲ'

ဟု ထင်မြင်ချက်ပေးလိုက်၏။ ကျွန်ုပ်က. . . .

'လူသတ်သမား ထွက်ပြေးသွားတာကို အိမ်ရှေ့လှေကား က တက်လာတဲ့လူက မမိုလိုက်ဖူးနဲ့တူတယ်'

ဟု ပြောရာ အိုင်အိုနန်းထိုက်က. . .

'ကိုငြိမ်းမောင်ရေ. . . အသတ်ခံရတဲ့ အချိန်ဟာ ဝေလီ ဝေလင်း အချိန်လောက်မှာ ဖြစ်လေတော့ အိမ်ပြတင်းက ကြည့်ရင် သဲ သစ်ပင်တွေ အုံ့ဆိုင်းနေတဲ့ ဒီနေရာကလူကို ဘယ်မြင်နိုင်မှာလဲ'

ဟု ဆို၏။



'ကျွို. . . အိ. . . အိ'

ထိုစဉ်မှာပင် ကားထိုးဆိုက်သံကို ကြားရရာ ကျွန်ုပ်တို့လည်း မြေပြင်သို့ထွက်၍ ဆူပေဒါသောကြာ၏ ကားပေါ်သို့တက်ကာ ဂါတ်တဲဆီသို့ မောင်းနှင် လိုက်ပါခဲ့ကြလေတော့သတည်း။

❖❖❖❖❖

## အခန်း (၅)

'သူဇာနွယ်. . . သူဇာနွယ် မောင့်ကို ထားခဲ့ပြီပေါ့နော်၊ မနေဘူး. . . မနေဘူး မောင်လဲသေချင်တယ်၊ ထားမပစ်ခဲ့ပါနဲ့ နွယ်. . . အီး. . . ဟီး. . . ဟီး'

ကျွန်ုပ်တို့ ဂါတ်တဲအတွင်း ဝင်ရောက်လိုက်စဉ်မှာပင် အထက်ပါအတိုင်း ရေရွတ်၍ ငိုကြွေးလိုက်သော သနားစဖွယ်အသံ တစ်သံကို ကြားလိုက်ရပေတော့၏။

'အင်း. . . ဒုက္ခပါပဲဗျာ၊ အဲဒါသာကြည့်ပေတော့ ဆရာ ရယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ရာဇဝတ်အုပ် ဦးဒီပက အချုပ်ခန်းအတွင်းမှဆံပင်စုတ်ဖွားနှင့်ငိုယိုနေသော လူရွယ်တစ်ယောက်ကို လက်ညှိုးထိုးပြလိုက်၍ ပြောလိုက်လေ၏။ ဤတွင် အိုင်အိုနန်းထိုက်က. .

အချုပ်ခန်းသံတိုင်အနီးသို့ တိုးကပ်သွားကာ ထိုလူရွယ်ကို အသေအချာ ကြည့်ရှုလေ၏။ အချုပ်ခန်းအတွင်းမှ လူရွယ်ကလည်း ဆံပင်များကို ကုတ်ဖွရင်းမှ မျက်ထောင့်နီကြီးနှင့် အိုင်အိုနန်းထိုက်ကို ကြည့်ပြီး သကာလ. . .

'သွား. . . သွား. . . ခင်ဗျားတို့ သူဇာနွယ်ကို သတ်တဲ့သူတွေ၊ ကျုပ်. . . ကျုပ်. . . ဘိုးဘိုးမေယနဲ့တိုင်ပြောမယ်'

ဟု အော်ဟစ်လေ၏။

ပြီးလျှင် ချုံးပွဲချ၍ ငိုကြွေးပြန်လေ၏။

'အီး. . . ဟီး. . . ဟီး'

အိုင်အိုနန်းထိုက်က ခေါင်းကို ခါယမ်းလိုက်စဉ် အချုပ်ခန်းအတွင်းမှ လူရွယ်က နာမည်တစ်ခုကို ထပ်မံရေရွတ်ရင်း ကြုံးဝါးလိုက်ပြန်လေ၏။

'ဟန်သွဲ့. . . ဟန်သွဲ့. . . မင်းကို ငါသတ်မယ်၊ မင်းကို ငါသတ်မယ်၊ ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား'

ထိုအခါ အိုင်အိုနန်းထိုက်က ကျွန်ုပ်တို့နှင့် ရာဇဝတ်အုပ် ဦးဒီပဘက်သို့ လှည့်ကာ. . .

'ဒီလူ့ကို ဘယ်လိုစစ်မေးလို့မှ ရတော့မှာမဟုတ်ဘူးဗျို့၊ သူ သွက်သွက်ခါအောင် ရူးသွားပြီ'



ဟု ဆိုလိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ် ဦးဒီပက. . .

'ဆရာ ဒီအတိုင်းဆို သူ့ကို စိတ်ရောဂါကုဆေးရုံ ပို့မှဖြစ်တော့မယ်'

ဟု ဆိုရာ အိုင်အိုနန်းထိုက်က ခေါင်းညိတ်ပြီးသကာလ. .

'ပို့ရမှာပါ၊ ဒါပေမယ့် ခဏနေဦး၊ ကျွန်တော် စုံထောက်မင်းကြီး မှူးခင်းဆရာဝန်ကြီးတို့နဲ့ တိုင်ပင်ရဦးမယ်လေ'

ဟု ဆို၏။ ထို့နောက် အိုင်အိုနန်းထိုက်က သေဆုံးသူအမျိုးသမီးလေးမှာ မည်သူမည်ဝါဖြစ်ကြောင်းသိရှိရန် အရေးကြီးကြောင်း၊ အလောင်းတွေ့ရသော အိမ်ကြီးအား ပုလိပ်ပတ္တရောင်များ လွှတ်၍ မျက်စိဒေါက်ထောက် ကြည့်ထားရန် လိုကြောင်းများကို ရာဇဝတ် အုပ် ဦးဒီပအား မှာကြားလေ၏။

ထိုခဏတွင် အချုပ်ခန်းတွင်းမှ ရူးနေသူလူရွယ်မှာ မောမောနှင့် အိပ်ပျော်သွားရှာပေတော့သည်။

'ခေါ်. . . ခလော. . . ခေါ်'

'အဲဒီလို အိပ်ပျော်သွားတာပဲ ကောင်းပါတယ်၊ ကျွန်တော်တို့တော့ သူ့ကို စိတ်ရောဂါကုဆေးရုံ မပို့မချင်းနားညီးခံနေရမှာ သေချာတယ်ဗျာ'

ဟု ဦးဒီပက ပြောလိုက်ရှာလေ၏။ မကြာမီ ကျွန်ုပ်တို့သည် ဦးဒီပအား နှုတ်ဆက်ပြီးနောက် ဂါတ်တဲအတွင်းမှ ပြန်လည်၍ ထွက်ခွာလာကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

အထက်ပါအဖြစ်အပျက် ဖြစ်ပွားပြီး၍ ရက်သတ္တ တစ်ပတ်ခန့် ကြာသည်အထိ အိုင်အိုနန်းထိုက်မှာ ကျွန်ုပ်နေအိမ်သို့ ရောက်လာခြင်း မရှိသောကြောင့် ကျွန်ုပ်မှာ ခိုးလိုးခုလုဖြစ်လျက် ရှိရပေတော့သည်။ သို့သော် ရှစ်ရက်မြောက်နေ့တွင်ကား အိုင်အိုနန်းထိုက်မှာ သူ၏ကားကလေးနှင့် ရောက်ရှိလာပြီးနောက် အောက်ပါအတိုင်း သတင်းကို ပြောပြလေ၏။

'ကိုညိမ်းမောင်ရေ. . . စုံထောက်မင်းကြီးနဲ့ မှုခင်းဆရာဝန်ကြီးတို့ရဲ့ ဆုံးဖြတ်ချက်အရ လူသတ်မှု မသက်ာသူ အရူးကို စိတ်ရောဂါကုဆေးရုံပို့ဖို့ ကားနဲ့တင်ခေါ်သွားတာ လမ်းခရီးမှာ ကားအရှိန် လျှော့သွားခိုက် အရူးက ခုန်ချထွက်ပြေးလို့ဗျ၊ ကျုပ်တို့ လူငယ်တွေလဲ ထက်ချပ်လိုက်ကြတာပဲ၊ ဒါပေမယ့် အရူးက လွတ်သွားတယ်ဆိုပါတော့လေ'

'ဟင်း'

အိုင်အိုနန်းထိုက်က အထက်ပါအတိုင်း ပြောလိုက်သောအခါ ကျွန်ုပ်မှာအံ့အားသင့်လျက် မင်သက်မိရပေတော့၏။

ပြီးလျှင် အိုင်အိုနန်းထိုက်က. . .



'ဒီသတင်း ကျွန်တော့်ဆီကို ရောက်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော်လဲ နေရာအနှံ့အပြားကို ပိုက်စိတ်တိုက် စုံစမ်းတာပဲ ကိုညိမ်းမောင်၊ ဒါပေမယ့် မတွေ့ရပါဘူးဗျာ' ဟု ဆိုလေ၏။

ကျွန်ုပ်က. . .

'ဟာ. . . လူကောင်းတွေက သူ့ကိုလူဆိုးထင်မှတ်ပြီး သတ်ပုတ်ကြရင် အခက်ပဲဗျို့' ဟု ပြောလိုက်လေ၏။

အိုင်အိုနန်းထိုက်က. . .

'အဲ့ဒီလိုစိုးရိမ်ရတယ်၊ သူက စိတ်မထင်ရင် မထင်သလို တခြားလူတွေရန်ပြုမှာလဲ စိုးရိမ်ရတယ်ဗျ' ဟုဆို၏။

'ဟုတ်ပါတယ် ကိုနန်းထိုက်'

ကျွန်ုပ်က ဟုတ်မှန်ကြောင်း ပြောလိုက်ပြီးလျှင် နေရာမှ ထ၍ ထုံးစံအတိုင်း လက်ဖက်ရည်နှစ်ခွက် ဖျော်လေ၏။ နောက် တစ်ယောက်တစ်ခွက် သောက်ကြရင်းမှ အိုင်အို နန်းထိုက်က. . .

'အေးဗျာ၊ ရူးနေတဲ့ လူရွယ်ရဲ့ ပုံပန်း သဏ္ဌာန်ဟာတကယ် တော့ လူရည်သန့်ပုံကလေးပါ၊ သူဟာဘယ်သူဘယ်ဝါ ဘယ်မှာ နေတယ်ဆိုတာ စုံစမ်းမရတာက ခက်တယ်၊ အေးလေ. . . ဘာပဲ ဖြစ်ဖြစ် မကြာခင်မှာတော့ စုံစမ်းသိရှိရမှာပါ' ဟုပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. . .

'ဟုတ်တယ်၊ သူ့ကြည့်ရတာ သနားကမားပဲ၊ မေမာဆိုတာ ဆိုတာ ဟိုသေဆုံးသွားတဲ့ မိန်းမပျိုနဲ့ တူပါရဲ့၊ သိပ်ချောတာပဲနော်၊ ဒီကောင်လေးနဲ့ဆိုရင်ရွှေသွားနောက်လိုက်ညီသလို မှတ်ထင်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်' ဟု ပြောလိုက်၏။ အိုင်အိုနန်းထိုက်က လက်ဖက်ရည် တစ်ကျိုက်မော့သောက် လိုက်ပြီးလျှင် . . .

'အဲဒီလူရွယ်သာ စကားပြောနိုင်မယ်ဆိုရင် ကျွန်တော်တို့ အတွက် အဖိုးတန်တဲ့ သတင်းစကားတစ်ခုခုတော့ ကြားရမှာ အမှန် ပဲ ကိုညိမ်းမောင်၊ အခုတော့'

ဟု ဆိုကာ စကားတစ်ဝက်တစ်ပျက် ရပ်နားထားပြီးလျှင် စတိုင်လို စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လျက် ရှိပေတော့သည်။

ကျွန်ုပ်လည်း ကျွန်ုပ် ကြိုက်နှစ်သက်သည့် ဂျွန်ုနဂါးစပယ် ရှယ် ဆေးပြင်းလိပ် တစ်လိပ်ကို ရှိုက်ဖွာရင်း . . .

'ကျွန်တော့်စိတ်ထင် ပြောရရင် သူဟာ လူသတ်သမား မဖြစ်နိုင်ဘူးဗျာ' ဟု ပြောလိုက်၏။

အိုင်အိုနန်းထိုက်ကလည်း . . .

'ခင်ဗျားထင်တာ မှန်နိုင်ပါတယ်၊ ကျွန်တော့်အယူအဆ ကိုပြောရမယ်ဆိုရင် သူဟာမိန်းမပျို့ရဲ့ အလောင်းကို တွေ့ရတော့ မှ သွက်သွက်ခါအောင် ရူးသွားတာ ဖြစ်လိမ့်မယ်'

ဟု ၄င်း၏ ထင်မြင်ချက်ကို ပြောပြလေသည်။

ကျွန်ုပ်က . . .

'လူသတ်သမားဟာ အင်မတန် ပါးနပ်ပြီး ဝါရင့်ကျွမ်းကျင် သူတစ်ယောက် ဖြစ်လိမ့်မယ် ကိုနန်းထိုက်၊ ဘာကြောင့်လဲဆိုရင် ထူးဆန်းတဲ့နည်းနဲ့ သတ်သွားတာကို ကြည့်ရင်သိနိုင်ပါတယ်'

ဟု ဆိုရာ အိုင်အိုနန်းထိုက်က . . .



'မှန်ပေတာပေါ့ ကိုညိမ်းမောင်၊ ပြီးတော့ ဆိုစရာရှိတာက လူသတ်သမားဟာ မိန်းကလေးကို ပစ္စည်းအတွက် သတ်တာ မဟုတ်ဘဲ၊ အင်မတန် ကြီးမားတဲ့ရန်ငြိုးကြောင့် ရက်ရက်စက်စက် သတ်သွားတာ ဖြစ်မယ်'

ဟု ၄င်း၏ အတွေ့အကြုံအရ ပြောပြလေ၏။

ထိုအခါ ကျွန်ုပ်မှာ လွန်စွာ ဒေါပွသွားလျက် . . .

'ဟုတ်တယ် ကိုနန်းထိုက် တကယ်လို့ အဲဒီလူသတ်တရား ခံကိုတွေ့ခဲ့ရင် တတ်နိုင်သလောက် ဆုံးမလိုက်စမ်းပါဗျာ'

ဟု ကြိတ်မနိုင်ခဲမရ ပြောလိုက်လေတော့၏။

'ဟဲ . . . ဟဲ . . . ဟဲ . . . ဒီအတွက်တော့ မပူစမ်းပါနဲ့ ကိုညိမ်းမောင်၊ အဲဒီအခါကျရင် ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့သလို ဖြစ်ရမှာပေါ့'

'ကောင်းတယ်၊ ကောင်းတယ်'

အိုင်အိုနန်းထိုက်၏ စကားကြောင့် ကျွန်ုပ်မှာဘဝင်ကျ သွားကာ အထက်ပါအတိုင်း အားတက်သရော ပြောလိုက်လေ၏။

ထို့နောက် အိုင်အိုနန်းထိုက်က . . .

'အဲဒီရူးနေတဲ့ လူရွယ်ရဲ့ သတင်းကို မရရအောင် စုံစမ်းဖို့က သိပ်ကိုအရေးကြီးတယ်လို့ ဆိုရမယ် ကိုညိမ်းမောင်' ဟု ပြောလေ သည်။ ကျွန်ုပ်တို့လည်း အတန်ကြာသည်အထိ ကိုယ့်အတွေးနှင့် ကိုယ်တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြပေ၏။ ပြီးမှ ကျွန်ုပ်က တစ်စုံတစ်ရာ သတိရလျက် . . .

www.burmeseclassic.com

www.burmeseclassic.com



'ကိုနန်းထိုက် ဟို ကျွန်တော်တို့ကို သေနတ်နဲ့ ပစ်တဲ့လူတွေရဲ့ သတင်းကိုရော စုံစမ်းသိရပြီလား' ဟု မေးလိုက်လေ၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'အဲဒါလဲ မသိရသေးဘူး၊ စုံထောက်မင်းကြီးပြောလဲ ပြောစရာပဲ၊ ဘာဖြစ်တယ်မသိဘူး အခုတလောမှာလူဆိုးတွေက အိုင်အိုနန်းထိုက်ထက် ပိုပြီး တော်နေကြတယ်လို့ ပြောရမလိုဘဲဗျ။ အဟတ် ဟား ဟား ဟား'

ဟု ၎င်း၏စကားကို သဘောကျလျက် ရယ်မောလိုက်လေ၏။

'ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ'

ထို့ကြောင့် ကျွန်ုပ်လည်း ရွှေယောင်၍ ရယ်မောလိုက်မိပေတော့၏။ တစ်ဖန်ကျွန်ုပ်က. . .

'ကိုနန်းထိုက် ဟို ခင်ဗျားမိတ်ဆွေ ဖိုးသူတော်ကြီးကော တွေ့သလား'

ဟု မေးရာ အိုင်အိုနန်းထိုက်က. . .

'တွေ့ပါတယ်၊ သူက ဖိုးသူတော် ဆိုတော့ နေရာအနှံ့ ရောက်ပြီး လူစုံနဲ့ ထိတွေ့ရတာ မဟုတ်လား၊ ဒါကြောင့် ကျွန်တော်က သူ့ကိုတစ်ခါတလေ လျှို့ဝှက် တာဝန်တစ်ခုကို ပေးလေ့ရှိတယ်ဗျ' ဟု ဆို၏။

'ဒါဖြင့် အခုလဲ အဲဒီဖိုးသူတော်ကြီးကို လျှို့ဝှက် တာဝန်တစ်ခုပေးထားပြီးပေါ့နော်'



ဟု မေးရာ အိုင်အိုနန်းထိုက်က ဆိတ်ဆိတ်နေဝန်ခံဆိုသကဲ့သို့ ငြိမ်သက် တိတ်ဆိတ်ရင်း ပြုံးနေလေ၏။ ထိုအခါကျမှ ...ွင်းဖိုးသူတော် ကြာပေါ်ဆိုသူမှာ အိုင်အိုနန်း ထိုက်နှင့်လွန်စွာ ...င်းနှီးသည်နှင့်အမျှ လွန်စွာ စိတ်ချယုံကြည်ရသူ တစ်ယောက် ...ဖြစ်ကြောင်း ကျွန်ုပ်ခန့်မှန်းသိရှိပေတော့သတည်း။

အိုင်အိုနန်းထိုက်က. . .

'ကိုညိမ်းမောင်ရေ. . . ခင်ဗျား အလုပ်အား နေသလား ...တ္တုရေးစရာများ ရှိနေသလား'

ဟု ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်က. . .

'အလိုဗျာ၊ မမေးစဖူး မေးနေလိုက်တာ၊ ဘယ်ကိုသွားစရာ ...ရှိလို့လဲ အိုင်အိုနန်းထိုက်ကခေါ်လို့ကတော့ တာဝတိံသာအထိ ...လိုက်ရမလား၊ စိတ်ချလက်ချ လိုက်ခဲ့ပြီးသားပဲ'

ဟု ပြောလိုက်လေရာ အိုင်အိုနန်းထိုက်က. . .

'ငရဲပြည်ကိုရော' ဟု နောက်လိုက်လေ၏။

'ဟာ. . . ငရဲပြည်တော့ မလိုက်ပါရစေနဲ့ဗျာ၊ အိုင့်အိုနန်းထိုက် သွားချင်ရင် တစ်ယောက်တည်းသာသွားပါ၊ ဟဲဟဲဟဲ'

ဟု ကျွန်ုပ်က ရယ်မော၍ ပြောလိုက်ရလေ၏။

'အဟတ်. . . ဟား ဟား ဟား'

အိုင်အိုနန်းထိုက်ကလည်း ကျွန်ုပ်စကားကို သဘောကျသွားကာ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တကြာလျှင် ကျွန်ုပ်တို့လည်း အိမ်တံခါးကို သော့ခတ်၍ ပိတ်လိုက်ပြီး သကာလ အိုင်အိုနန်းထိုက်၏ ကားကလေးဖြင့်ပင် ရန်ကုန်မြို့ဘက်သို့ မောင်းနှင့် ထွက်ခွာခဲ့ကြပေတော့သတည်း။

❖❖❖❖❖

## အခန်း (၇)

ကျွန်ုပ်တို့ ထွက်ခွာလာချိန်မှာ ညနေစာ ထမင်းစားချိန်ဖြစ်ရာ အိုင်အိုနန်းထိုက်က ကားလေးကို ချိုင်းနားတောင်း ခေါ် တရုတ်တန်းဘက်သို့ မောင်းနှင်သွားခဲ့ပြီးလျှင် အသင့်အတင့် လူစည်ကားသော ဆိုင်တစ်ဆိုင်ရှေ့တွင် ကားကိုထိုးရပ်လိုက်လေ၏။

လမ်းသွားလမ်းလာနှင့် စားသောက်ကြသူများ စည်ကားနေသည်နှင့်အမျှ ညှော်နံ့တသင်းသင်းနှင့် ကောင်းမွန်သောစားဖွယ်ရာများမှာ တံတွေးသီးဖွယ်ပင် ကောင်းလှသည်ဟု ကျွန်ုပ် မှတ်ချက်ချမိပေ၏။

ဆိုင်အတွင်းရှိ စားပွဲလွတ်တစ်ခုမှ ထိုင်ခုံများ ပေါ်တွင် ဝင်ရောက် ထိုက်လိုက်မိကြစဉ် အိုင်အိုနန်းထိုက်က. . .

'နိုင်ငံအသီးသီးမှာ ဟောဒီလို ချိုင်းနားတောင်းခေါ်တဲ့



စားသောက်ဆိုင်တွေရှိတယ်ဗျ ကိုညိမ်းမောင်၊ တရုတ်လူမျိုးတွေ ဟာ အစားကောင်း အသောက်ကောင်းကို အင်မတန်ချက်ပြုတ်တတ်တာကလား၊ ဒါကြောင့်လဲ တခြားလူမျိုးတွေနဲ့ယှဉ်ရင် ကျန်းမာသန်စွမ်းပြီး အသက်ရှည်ကြတာပေါ့'

ဟု ဗဟုသုတစကားကို ပြောလေ၏။ ပြီးလျှင် ကျွန်ုပ်တို့လည်း ဘဲကင်နှင့် ဖက်ထုပ် ကော်ရည် ဆာစ်ပွဲစီမှာပြီး မြိန်ရှက်စွာ စားသောက်ကြလေတော့၏။

ယင်းသို့ စားသောက်လျက်ရှိစဉ် အိုင်အိုနန်းထိုက်၏ မျက်လုံးများက ကားဆီသို့ ရုတ်တရက် ရောက်သွားလေရာ ကျွန်ုပ်လည်း ဖျပ်ခနဲ လှမ်းကြည့်လိုက်စဉ် ဦးထုပ်ဆောင်း၍ဘလေဇာ ကုတ်အကျီ ဝတ်ဆင်ထားသူ တစ်ယောက်သည် ကားအနီးမှ ခြေဖျားရုံတမည် ထွက်ခွာသွားသည်ကို လူအုပ်ကြားတွင် ရိပ်ခနဲ မျှမြင်လိုက်ရလေ၏။

'ဟင်. . .'

ကျွန်ုပ်က စားလက်စကို ရပ်တန့်၍ အံ့အားသင့်သွားစဉ် ထိုက် အိုင်အိုနန်းထိုက်က ကြန္ဒြေမပျက်ပင်. . .

'ကိုညိမ်းမောင်ရေ၊ တစ်စုံတစ်ယောက်ကတော့ ကားထဲမှာ ခု ထည့်သွားခဲ့ပြီဆိုတာ သေချာတယ်'

ဟု ပြောကာ ကော်ရည် ဖက်ထုပ်ကို ဆက်လက်၍ စား တ်နေတော့၏။ ကျွန်ုပ်မှာသာ ထိတ်ခနဲ ဖြစ်သွားဟာ. . .

'ဟာ. . . ကိုနန်းထိုက်၊ အဲဒီလူဟာ အန္တရာယ်ဖြစ်စေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတစ်ခုခုကိုများ ထည့်သွားသလား မသိဘူး'

ဟု မျက်ကလဲဆန်ပျာ ပြောလိုက်လေရာ အိုင်အိုနန်းထိုက်က. . .

'ပူမနေစမ်းပါနဲ့. . . ကိုညိမ်းမောင်ရာ၊ စားမယ့် အစားအစာကိုသာ သက်သက်သာသာ စားစမ်းပါလေ၊ စားပြီးသောက်ပြီးမှပဲ စစ်ဆေးကြည့်ရှုရတော့မှာပေါ့'

ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်းနောက်ဆံတင်းလျက်စားသောက် ရပေတော့၏။ ကျွန်ုပ်မှာ စားကောင်းလှသောအစားအစာကို အရသာပင် မခန့်မှန်းနိုင်အောင်ဖြစ်ရပေရာ၊ စောစောကအနှောက်အယှက် ပေးသွားသောလူကို စိတ်ထဲမှ ကျိတ်ဆဲမိလေ၏။

ဦးစွာ စားသောက် ပြီးသွားသည့် အိုင်အိုနန်းထိုက်က သွားကြားထိုးတံ တစ်ချောင်းဖြင့် သွားကြားထိုးလျက်မှ. . .

'တယ်ကောင်းတဲ့ ဖက်ထုပ်ပဲဗျ၊ တရုတ်တန်း တစ်ဝိုက်မှာတော့ ဟောဒီဆိုင်ဟာ ဖက်ထုပ်မှာ နာမည် အရဆုံးပေါ့'

ဟု ကားထဲမှ အန္တရာယ်ကို လုံးဝမသိသည့်အလား ပြောကြားလိုက်လေ၏။ကျွန်ုပ်က လက်သုတ်ပဝါဖြင့် လက်သုတ်ရင်းမှ. . . ,

'အေးဗျာ. . . အဲဒီလူ နှောင့်ယှက်တာကြောင့်အစားအသောက်တောင် အရသာ ဘယ်လိုမှန်း မသိတော့ဘူး'

ဟု ပြောလိုက်၏။



ပိုက်ဆံရှင်းပြီးသည်နှင့် အိုင်အိုနန်းထိုက်က အလျင်ဦးစွာ ကားဆီသို့ လျှောက်သွားရာ ကျွန်ုပ်လည်း မရဲတရဲနှင့် နောက်ဘက်မှ ထပ်ချပ် လိုက်ပါသွားရ၏။ ကားအနီးသို့ ရောက်သောအခါ အိုင်အိုနန်းထိုက်က ပြတင်းပေါက်မှ ဦးခေါင်းငုံ့၍ ကြည့်ရင်း. . .

'လက်စသတ်တော့ စာရွက်တစ်ရွက်ပါ ကိုညိမ်းမောင်'

ဟု ဆိုကာ ၎င်းစာရွက်ကို မော်တော်ကား ဆိုဖာပေါ်မှ လှမ်း၍ ကောက်ယူလိုက်သည်။ စာရွက်မှာ လက်တစ်ဝါးစာမျှရှိကြောင်း တွေ့ရပြီးလျှင် အိုင်အိုနန်းထိုက်က ဖတ်လိုက်သောအခါ ကျွန်ုပ်လည်း လှမ်း၍ ကြည့်လိုက်၏။ထိုအခါ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ လိုက်ရလေ၏။

ညချမ်းချိန်ခါ တာမွေမှာ. . .
ဆုံလာမည်ပ ထိုနှစ်ဝ။
သချိုင်းမြေမှာ အဖြေရှာ. . .
ကြုံလာမည်က အမှန်ပ။

'ဘာတွေလဲဗျ၊ ကဗျာလိုလို စာလိုလိုနဲ့ အရူးတစ်ယောက်ရေးထားတဲ့ အတိုင်းပဲ'

ကျွန်ုပ်က အဓိပ္ပါယ်မရှိသော စာကို ရည်စူး၍ အိုင်အိုနန်းထိုက်ကို အထက်ပါအတိုင်း ပြောလိုက်ရာ အိုင်အိုနန်းထိုက်က ဝင်းဝင်းပပ ပြုံးပြီးနောက်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဒါ. . . သိပ်အရေးကြီးတဲ့ စာဗျ. . . ကိုညိမ်းမောင်'

ဟု ဆိုကာ စာရွက်ကို ခေါက်၍ ဘောင်းဘီ အိတ်ထဲသို့ သိမ်းဆည်းလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . .

'ဒါဖြင့် စာပေးတဲ့လူဟာ ခင်ဗျားရဲ့ သတင်းပေး တစ်ယောက်ပေါ့ ဟုတ်လား ကိုနန်းထိုက်'

ဟု မေးလိုက်ရာ အိုင်အိုနန်းထိုက်က ပြုံး၍. . . .

'ဟုတ်ပြီလားဗျာ၊ တခြားလူ မဟုတ်ပါဘူး၊ ဖိုးသူတော် ကြာပေါ်ပေါ့'

ဟု ပြောလိုက်လေ၏။

'ဟင်. . . ဖိုးသူတော် ကြာပေါ်က ဦးထုပ် ဆောင်းပြီး ဘလာဇာ ကုတ်အင်္ကျီဝတ်သလားဗျ၊ အဆန်းပါလား'

ဟု ဆိုသည်တွင် အိုင်အိုနန်းထိုက်က ခွက်ထိုးခွက်လှန်ရယ် လိုက်ပြီးနောက်. . . .

'အခုဆိုရင် သူဟာ ရိုးရိုး ဖိုးသူတော် မဟုတ်တော့ဘူး စုံထောက်တစ်ပိုင်း ဖိုးသူတော် ဖြစ်နေပြီလေ၊ အဲဒီလိုဆိုတော့ ရန်သူ လူဆိုးတွေ မရိပ်မိအောင် ပုံဖျက်တဲ့အခါလဲ ဖျက်ရှာပေမပေါ့၊ ခင်ဗျားမပြောနဲ့ ကိုငြိမ်းမောင်၊ ကျွန်တော့်တောင် သူရုပ်ဖျက်ကောင်း လွန်းလို့ ဘယ်သူမှန်း မသိလိုက်တာ သာကြည့်'

ဟု မိမိညှဲဖျင်းမှုကို ၃င် ပေါ်ပေါ်ထင်ထင် ဝန်ခံ၍ ပြော လိုက်ရှာလေ၏။

'ဟုတ်ပါတယ်၊ မှန်ပါတယ်၊ ကျွန်တော် သဘောပေါက် ပါပြီ



ကိုနန်းထိုက်'

ထိုအခါကျမှ ကျွန်ုပ်က အမှန်အတိုင်း သဘောပေါက်လာ တာ ဝန်ခံလိုက်မိတော့သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကားပေါ် တက်၍ ထွက်ခွာလာ ကြရာမှ လမ်းတွင် ကားမောင်းလာသည့် အိုင်အိုနန်းထိုက်က. . .

'ညချမ်းချိန်ချ တာမွေမှာ ဆုံလာမည်ပ ထိုနှစ်ဝတဲ့ ကိုညိမ်းမောင်၊ အဓိပ္ပာယ်က လွယ်လွယ်ကလေးပဲဟာ၊ အရင်ကျွန် တော်တို့ ထောက်ကြံ့ဗရင်ဂျီ သင်္ချိုင်းကုန်း ဟောင်းကြီးမှာ လွဲသွား ရတဲ့ အဖွဲ့နှစ်ဖွဲ့စလုံး ဒီည တာမွေမှာ ဆုံဖို့ ရှိနေသတဲ့ဗျ'

ဟု ဆို၏။

'အို. . . ဒီလိုလား၊ ကျွန်တော်က စာအဓိပ္ပာယ်ကို တွေး တောင်မကြည့်မိဘူး'

ဟု အမှန်အတိုင်း ပြောကြားလိုက်လေရာ အိုင်အိုနန်းထိုက် သ ကားကို ဘုရားလမ်းအတိုင်း မောင်းနှင်ရင်း. . .

'နောက် သင်္ချိုင်းမြေမှာ အဖြေရှာ ကြုံလာမည်ကအမှန် ဆိုတာက အဲဒီ ကာရန်အတိုင်း ယူထားတာပဲ၊ သင်္ချိုင်းဆိုတာနဲ့ အထက်ပိုဒ်က တာမွေကို ဆက်စပ်ယူလိုက်ရင် တာမွေသင်္ချိုင်း ဆိုတာ ထင်ရှားတာပေါ့၊ ဒီတော့ ဒီညမှာ ကျွန်တော်တို့ တာမွေ သင်္ချိုင်းကို မရောက်ရောက်အောင် သွားရလိမ့်မယ်'

ဟု ပြောလိုက်လေ၏။

ပြီးလျှင် ကားလေးကို ပဲခူးကလပ်ဘက်သို့ မောင်းရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ တစ်နေရာရာတနေ စီအိုင်ဒီရုံးကို ဖုန်းစကားပြောမှ ဟိုမှာ ဂျမဒါမူးသာဖြစ်ဖြစ်၊ ဆူဗေဒါသောကြာဖြစ်ဖြစ် တစ်ယောက်ယောက်တော့ ရှိကောင်းပါရဲ့'

ဟု ဆို၏။ ထို့နောက် ဟိုတယ်တစ်ခုရှေ့တွင် ရပ်တန့်ပြီး သကာလအိုင်အိုနန်းထိုက်က တံခါးဖွင့်၍ဆင်းသွားကာ တယ်လီဖုန်းသွားဆက်လေသည်။

ခေတ္တအကြာတွင် ပြန်ဆင်းလာပြီးနောက်. . .

'အဆင်ပြေတယ် ကိုညိမ်းမောင်'

ဟု ဆိုကာ ကားပေါ်တက်၍ မအူကုန်းဘက်သို့ မောင်းထွက်ခဲ့ပြန်၏။ အချိန်မှာ မှောင်စပျိုးချိန်ဖြစ်သောကြောင့် အိုင်အိုနန်းထိုက်က ကားလေးကို ကျွန်ုပ်တို့ သောက်နေကျ ကာကာဆိုင်ရှေ့တွင် ထိုးရပ်လိုက်၏။

'လာဗျာ၊ လက်ဖက်ရည် တစ်ယောက်တစ်ခွက်စီသောက်ပြီး နည်းနည်းလောက် အချိန်စောင့်ကြရအောင်'

ဟု အိုင်အိုနန်းထိုက်က ပြောဆိုပြီးလျှင် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်လိုက်ကြ၏။ ကျွန်ုပ်တို့ရှေ့သို့ မှာကြားထားသောလက်ဖက်ရည်များ ရောက်ရှိလာသည်တွင် ဂျမဒါမူးသာ မောင်းနှင်လာသော ပုလိပ်ကား တစ်စီး ဖြတ်သွားသည်ကို လှစ်ခနဲမြင်တွေ့လိုက်ရပေ၏။ ဂျမဒါမူးသာကလည်း ကျွန်ုပ်တို့ကားကို သတိပြုမိပုံရသည် ဟု ကျွန်ုပ်ထင်မိ၏။

သို့သော် ၎င်း၏ကားကိုရပ်နားခြင်း မပြုဘဲ ဂျမဒါမူးသာ



တ တာမွေဘက်သို့ ဆက်လက်မောင်းနှင်သွားခဲ့ပေ၏။

ထိုသည်ကို ရိပ်မိဟန်ဖြင့် အိုင်အိုနန်းထိုက်က. . .

'ကျွန်တော် ဖုန်းဆက်တော့ စီအိုင်ဒီရုံးမှာ ဂျမဒါမူးသာ မရှိဘူးဗျ၊ စတီဝပ်မှာ ရောက်နေတယ်တဲ့၊ ဒါနဲ့ စတီဝပ်ကို ဖုန်းထပ်ဆက်တာမှာ သူက အခုလို အမြန်ရောက်လာနိုင်တာပေါ့၊ ဟိုတစ်ခါလိုမဖြစ်ရအောင် သူ့ကို ဟိုမှာ ကြိုရောက်အောင် သွားခိုင်းလိုက်တာပဲ ကိုညိမ်းမောင်'ဟု ရှင်းပြလိုက်လေ၏။

'ဩော်. . . ဒါကြောင့်ကိုး'

ကျွန်ုပ်မှာ ထိုအခါကျမှ သဘောပေါက်လျှက် လက်ဖက်ရည်ခွက်ကို စတင်သောက်သုံးလေ၏။ အိုင်အိုနန်းထိုက်လည်း လက်ဖက်ရည်သောက်ပြီးလျှင် စတိုင်လိုစီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလျက်. . .

'ဟော. . . ဟိုမှာ လမ်းမီးတွေတောင လင်းလာပြီ၊ ခြောက်နာရီထိုးတော့မယ်၊ သွားကြမှဗျို့' ဟုပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က ငွေစအချို့ကိုထုတ်၍ ကာကာဆိုင် ရှင်ကို လက်ဖက်ရည်ဖိုးရှင်းပေးလိုက်၏။ ထိုအခါ အိုင်အိုနန်းထိုက်က မည်သို့မည်ပုံ စိတ်ကူးရသည် မသိပေ။

'ခင်ဗျားက ကားကိုမောင်းဗျာ' ဟုဆိုလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်းကားမောင်းသူနေရာ၌ ထိုင်ကာ ကားကိုမောင်းထွက်ခဲ့ရပေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၀)

တာမွေ့ သချိုင်းကြီးနှင့် မလှမ်းမကမ်း မှောင်ရိပ်တွင် မော်တော်ကားကို ရပ်နားလိုက်ပြီးနောက် အိုင်အိုနန်းထိုက်နှင့် ကျွန်ုပ်တို့သည် သချိုင်းမြေ၏ တစ်ဘက်စည်းရိုးကို ဖောက်ဝင်လိုက်ကြလေ၏။

သချိုင်းအတွင်းဝယ် မှောင်မည်း တိတ်ဆိတ်ခြင်းကကြီးစိုးနေသကဲ့သို့ ပိုးတဝါး တွေ့မြင်ရသည့် မြေပုံများ၊ အုတ်ဂူများကလည်း ကြောက်စရာအမှတ်အသားအဖြစ်တည်ရှိ နေကြ၏။ ထီးထီးမားမား ရှိနေသော ဇရပ်ပျက်ကြီးကလည်း တစ္ဆေ တစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ ကြောက်ဖွယ်လိလိရှိနေပေ တော့သည်။

ထိုစဉ် အိုင်အိုနန်းထိုက်က သချိုင်းဝသို့ စူးစိုက်ကြည့်ရှုလျက်မှ. . .

'သူတို့ ရောက်ကြသေးပုံ မပေါ်ဘူး ကိုညိမ်းမောင် မျက်လုံးတွေကို လိုအပ်တာထက် ပိုပြီးဖွင့်ထားဖို့ လိုတယ်နော်'

ဟု သတိပေးစကား ပြောကြားလေ၏။

'ဟုတ်ကဲ့ ကိုနန်းထိုက်၊ ကျွန်တော် သတိထားပြီး ကြည့်ပါ့



မယ်' ဟု ကျွန်ုပ်က ကတိပြုလိုက်ရလေ၏။

ကျွန်ုပ်တို့သည် ဆက်လက်၍ ဇရပ်ပျက်ကြီးဆီသို့ ရွေ့ရှားထွက်ခွာလာကြ၏။ နှာခေါင်းထဲတွင်ကား ညှီစို့စို့ အနံ့ဆိုးကြီးများ ဝင်ရောက်လာသောကြောင့် ပျို့အန်မတတ်ပင် ဖြစ်ရသကဲ့သို့ ကြောက်စိတ် လည်း ကျွန်ုပ်၏ ခန္ဓာကိုယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ ပေ၏။

လေတစ်ချက် သုတ်လိုက်ရာ ကိုက္ကိုသီး ခြောက်များက ဇရပ်ကြီးခေါင်မိုးဖြစ်သော သွပ်ပြားပေါ်သို့ တစ်ဖြောင်းဖြောင်း မြည်သံဖြင့် ကျရောက်လျက်ရှိပေ၏။ အိုင်အိုနန်းထိုက်က. . .

'ကိုညိမ်းမောင်' ဟု ခေါ်လိုက်၏။

'ဗျာ. . .

ကျွန်ုပ်က ထူးလိုက်သောအခါ အိုင်အိုနန်းထိုက်က. . .

'ဇရပ်ပေါ်တက်လို့ မဖြစ်ဘူးဗျ ကိုညိမ်းမောင်၊ ဒါကြောင့် ကျွန်တော်တို့ ဟောဟို အုတ်ဂူနှစ်ခုကြား ဝင်လိုက်ကြရအောင်' ဟု ဆို၏။

ထို့ကြောင့် ကျွန်ုပ်တို့လည်း ဇရပ်ကြီးနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော အုတ်ဂူခပ်ကြီးကြီးနှစ်ခုကြားသို့ ဝင်ရောက်လိုက်ကြတော့၏။ ထို့နောက် မှဆိုးဒူးထောက်ထိုင်လျက်ကြရင်းမှ သချိုင်းမြေအတွင်းသို့ မျက်စိရှင်ရှင်ဖြင့် ကြည့်လိုက်မိကြပေ၏။

သို့ရာတွင် တစ်စုံသော လှုပ်ရှားမှု မတွေ့ရသည်သာမက ဆိတ်ငြိမ်ခြင်းမက ဆိပ်ငြိမ်လျက်သာ ရှိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ စိတ်နှလုံး မခိုင်သူများအဖို့ ချောက်ချားဖွယ်ရာအတိ ဖြစ်ရှိနေပေတော့၏။ ယင်းသို့ရှိစဉ် ဇရပ်ကြီးအောက်ဘက်မှောင်ရိပ်မှ တီးတိုး ခေါ်ငင်သံတစ်သံ ထွက်ပေါ်လာသောကြောင့် ကျွန်ုပ်မှာ ထိတ်ခနဲ ဖြစ်သွားရ၏။

'ဆရာ. . . ဆရာနန်းထိုက်၊ မှူးသာပါ'

နားပါးပုံရသော အိုင်အိုနန်းထိုက်က. . .

'သိပြီ မှူးသာ၊ အဲဒီမှာပဲနေပါ'

ဟု လေသံဖြင့် ပြန်ပြောလိုက်သည့်အတွက် တစ်ဘက်မှ အသံက ငြိမ်သက်သွားလေ၏။ ထိုခဏ၌ လေများတရှဲရှဲတဟဲဟဲ တိုက်ခတ်လာပြန်တော့သည်။ ထို့ကြောင့် သစ်ပင်များယိမ်းထိုးနေရာ နာနာဘာဝများ ကခုန်နေသည့်အလား အမြင်မှားစရာပင် ဖြစ်နေလေ၏။

ထိုခဏမှာပင် အရိပ်မည်းသုံးခုသည် တာမွေ သချိုင်းကြီး အဝမှ တလှုပ်လှုပ် ဝင်ရောက်လာကြသည်ကို တွေ့လိုက်ရပြီးလျှင် ဖြတ်ခနဲ ရုတ်ခြည်း ပျောက်ကွယ်သွားပြန်တော့သည်။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ဒီလူတွေ ကျွန်တော်တို့ ရှိနေမှန်းကို ရိပ်မိသွားပြီဗျ၊ ဝပ်နေ

ဟု သတိပေးစကား ပြော၍မဆုံးမီ ဆူညံသော သေနတ်ပစ်သံများက တာမွေသချိုင်းကြီးအတွင်း ရုတ်ခြည်းထွက်ပေါ်လာခဲ့ပေ၏။

'ဟား ဟား ဟား ပစ်ကြပေါ့၊ တို့တွေ့ချင်တဲ့ကောင်



တွေ မဟုတ်ပေမယ့် အိုင်အိုနန်းထိုက်ဆိုတဲ့ စုံထောက်ကလဲ တို့ရန်သူပဲ မဟုတ်လား၊ ဘာသောညာသော ရွေးမနေနဲ့ ပစ်'

'ဒိုင်း. . . ဒိုင်း'

'ရွှီ. . . ရွှီ'

'ဒိုင်း. . .'

'ရွှီ. . .'

ကျည်ဆန်များသည် ဇရပ်ပေါ်သို့လည်းကောင်း၊ ကျွန်ုပ်တို့ရှိရာ အုတ်ဂူများသို့လည်းကောင်း အသဲယားဖွယ် လာရောက်ထိမှန်ကြလေ၏။

'ခေါင်းမဖော်နဲ့၊ ဝပ်နေ ကိုညိမ်းမောင်'

အိုင်အိုနန်းထိုက်က ထပ်မံ၍ သတိပေးရာ ကျွန်ုပ်က. . .

'ဘာဖြစ်လို့ ပြန်မပစ်တာလဲဗျ၊ ဂျမဒါ မှူးသာတို့ဆီက သေနတ်ပစ်သံလဲ မကြားရဘူး'

ဟု မကျေမနပ် မေးလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'ကျွန်တော့် အမိန့်အရ ဂျမဒါမှူးသာတို့ မပစ်တာပဲဗျ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ရှိရာကို သူတို့မသိအောင် လို့ပဲ၊ ဒါပေမယ့် သူတို့က အခု ကျွန်တော်တို့ ပုန်းနေတာကို သိသွားခဲ့ပြီလေ'

ဟု မချိတရိ ဆိုလိုက်လေ၏။ သို့ရာတွင် သေနတ်သံများထပ်မံထွက်ပေါ်လာခြင်း မရှိတော့ပါပေ။ အိုင်အိုနန်းထိုက်တစ်ချက်တရက် ထလိုက်ပြီးလျှင်. . .

www.burmeseclassic.com

www.burmeseclassic.com



'သွားပြီ၊ ဒီလူတွေ ထွက်ခွာသွားပြီ'

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်လည်း ထရပ်ပြီးလျှင်. . .

'ဒီလူတွေဆို ဘယ်သူတွေလဲဗျ'

ဟု မေးရာ အိုင်အိုနန်းထိုက်က. . .

'သုံးယောက်ပေါ့ဗျာ'

ဟု ဆို၏။

'ဩော်. . . သိပြီ၊ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက် ဆိုတာလား'

ကျွန်ုပ်အမေးကို ခေါင်းညိတ်ရင်းမှ အိုင်အိုနန်းထိုက်က ဇရပ်ပျက်အောက်မှ ဂျမဒါမှူးသာကို ဟစ်ခေါ်လိုက်၏။

'မှူးသာ ထွက်ခဲ့တော့၊ မှူးသာ'

အိုင်အိုနန်းထိုက် အသံက တိတ်ဆိတ်ခြင်းကို ဖောက်ထွင်း၍ ထွက်ပေါ်လာ၏။ ထိုခဏတွင် ဖြူဖြူ အရိပ်သဏ္ဍာန်တစ်ခုက အုတ်ဂူတစ်ခု ကြားမှ လွှားခနဲ ထွက်ပေါ်လာရာ ကျွန်ုပ်မှာ လန့်ဖြန့်သွားရ ပေတော့သည်။

'ဘုရား. . . ဘုရား. . . ဘာပါလိမ့်'

'မကြောက်ပါနဲ့ ကိုညိမ်းမောင်၊ အဲဒါ ဖိုးသူတော် ကြာပေါ် ပါဗျ'

ကျွန်ုပ်က ကြောက်လန့်တကြား ရေရွတ်လိုက်သောအခါ အိုင်အိုနန်းထိုက်က ကျွန်ုပ်ပခုံးကို လက်ဖြင့်ပုတ်၍ အထက်ပါ



အတိုင်း ပြောကြားလိုက်လေ၏။ သို့မှသာ ကျွန်ုပ်မှာဟင်းခနဲ သက်ပြင်းချလျက် စိတ်အေး သွားရစဉ်မှာ ဖြူဖြူအရိပ်သဏ္ဍာန် တကျွန်ုပ်တို့ အနီးသို့ ရောက်လာခဲ့လေ၏။

'ဘယ်နှယ်လဲ. . . အိုင်အိုနန်းထိုက်၊ ဟိုလူတွေက သိပ်ကို လိမ္မာပါးနပ်တဲ့ လူတွေပါလားဗျာ'

ဟု ဖိုးသူတော်ကြာပေါ်က ရောက်ရောက်ချင်းပြောကြား လိုက်၏။ ဤတွင် အိုင်အိုနန်းထိုက်က ဇရပ်အောက်မှ လာနေသော ဂျမဒါမှူးသာနှင့် ဆူဇေဒါ သောကြာတို့ကို လှမ်းကြည့်လိုက်ရင်း. . .

'ဘာပဲဖြစ်ဖြစ်၊ ဦးသူတော်ရဲ့ သတင်းထောက်လှမ်းမှုက တိကျပါတယ်ဗျာ၊ တာဝန်ကျေပါတယ်'

ဟု ချီးကျူးလိုက်၏။ ဖိုးသူတော် ကြာပေါ်က တစ်စုံတစ်ခု ပြောရန်ပြင်လိုက်စဉ် ကျွန်ုပ်တို့အနီးသို့ ဆူဇေဒါသောကြာနှင့် ဂျမဒါမှူးသာတို့ ရောက်ရှိ လာတော့သည်။

ထိုအခါ ဂျမဒါမှူးသာက. . .

'ကျွန်တော်ဖြင့် ပြန်ပစ်ချင်လိုက်တာ လက်ကိုယားနေတာ ဆရာ'

ဟု ဆိုရာ အိုင်အိုနန်းထိုက်က. . .

'ဒီကောင်တွေကို အမိဖမ်းချင်တာကွ၊ နောက်ပြီး ကျည်ဆန် တွေဟာ မတော်တဆ လမ်းမပေါ်က ဖြတ်သွားတဲ့လူတွေ ကို ထိနိုင်တာမို့ မပစ်ခိုင်းတာပါကွာ'

ဟု နှစ်သိမ့်သကဲ့သို့ အကျိုးအကြောင်းပြ၍ ပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော် ကြာပေါ်က. . .

'ဒီလူသုံးယောက်ဟာ သယ်န်းကျွန်းရပ်က သူဌေးအိမ်တစ်အိမ်ကို ဓါးပြတိုက်ပြီး ဟော့ဒီ သချိုင်းဇရပ်ကြီးပေါ်မှာ ဝေစုခွဲကြမှာလေ၊ ဟိုနှစ်ယောက်က အဲဒါသိလို့ ကတုံးပေါ်က ထိပ်ကွက်ရအောင် လာကြမှာ၊ ကျုပ်က ဒါကို လူတစ်ယောက်ဆီက အမှတ်မထင် သတင်းရလိုက်တာနဲ့ လဏ္ဍာလမ်း (ယခုလသာလမ်း) မှာ အိုင်အိုနန်းထိုက်ကို အချိန်မီ လျှို့ဝှက် သတင်းပေးခဲ့တာပါ'

ဟု ဆို၏။

သို့ရှိစဉ် ကျွန်ုပ်က. . .

'နေပါဦး. . . ဦးသူတော်၊ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက် ဆိုတာက ညီအစ်ကို အရင်းတွေလားဗျ'

ဟု မေးလိုက်သည်တွင် ဖိုးသူတော် ကြာပေါ်က. . .

'ဟဲ. . . ဟဲ. . . ဟဲ. . . ဟုတ်ပါတယ်၊ အချစ်ဆုံးညီအစ်ကိုတွေလို့ ဆိုရမှာ စာရေးဆရာကြီး'

ပြီးလျှင် ကျွန်ုပ်က. . .

'ဦးသူတော်ရယ်၊ ဦးသံသရာ၊ ဦးဝေဆာ ဆိုတာကရော ဗျာ'

ဟု မေးပြန်လေရာ ဖိုးသူတော် ကြာပေါ်က. . .

'အင်း. . . ဒီလူနှစ်ယောက်ကတော့ ထူးခြားတယ်ဆိုရမယ် သူတို့ဟာ အခုနှစ်ယောက်သားမဟာမိတ် လုပ်နေကြပေမယ့် တစ်ချိန်မှာ အကြီးအကျယ်စိတ်ဝမ်းကွဲနိုင်တယ်လို့



ကျုပ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ နှစ်ယောက်ဟာ ဘက်ကြီးသလို အင်မတန်မှလဲ စိတ်ဓာတ်မာကြော ခက်ထန်သူတွေ ဖြစ်တယ်လို့ ကျုပ်ယူဆထားလို့ပဲ'

ဟု ဆို၏။

ကျွန်ုပ်တို့မှာ အုတ်ဂူများကြား၌ ရပ်တန့်၍ စကားပြောနေကြခြင်းဖြစ်ရာ အကြောင်း တစ်ခုံတစ်ရာကြောင့် ရောက်လာခဲ့သူများ မြင်သည်ရှိသော် နာနာဘာဝများဟု မှတ်ထင်ကာ ကြောက်လန့်၍ ထွက်ပြေးမည်မှာ မလွဲသာတည်းဟု ကျွန်ုပ်တွေးထင်လိုက်မိသေး၏။ ဂျမဒါမူးသာက. . .

'ဆရာရေ. . . ဒီကောင်တွေကို မိမှဖြစ်မယ်ဗျ၊ နို့မို့ဆိုနိုးထောက်မင်းကြီးရဲ့ အကြိမ်းအမောင်းကို ကျွန်တော်တို့ စီအိုင်ဒီနိုးထောက်တွေထုံးစံအတိုင်း အကြိမ်းအမောင်း ခံနေရမှာသေနာတယ်'

ဟု ဆိုလိုက်လေ၏။

အိုင်အိုနန်းထိုက်က စတိုင်လိုစီးကရက်တစ်လိပ်ကို မီးညှိနှာခိုက်လိုက်စဉ် ပြုံးရိပ်သန်းနေသည့် ၎င်း၏မျက်နှာကို မြင်တွေ့လိုက်ရပေရာ မည်သည့်အတွက် ပြုံးရသနည်းဟု ကျွန်ုပ်တွေးနေခိုက် ဂျမဒါမူးသာကပင်. . .

'ဦးသူတော်. . . နောက်ထပ်' ဟိုဝေဆာဆိုတဲ့ လူနဲ့ သံသရာဆိုတဲ့ လူက ပေါ်မလာပါလား'

ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဖိုးသူတော်ကြာပေါ်က. . .

'သူတို့က သချိုင်းဘေးဘက်က ဝင်လာနေကြပြီလေ၊ သေနတ်သံကြားတာနဲ့ ပြန်ပြီးထွက်ပြေးသွားတာပေါ့'

ဟု ဆိုလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'ဟုတ်ပါတယ်၊ ကျွန်တော်တွေ့လိုက်ပါတယ် ဦးသူတော်၊ သူတို့က ဟိုဆူးချုံတွေကြားက တစ်ဆင့်ပြန်ဆုတ်သွားတာပါ'

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်မှာလွန်စွာမျက်စိရှင်သည်နှင့်အမျှ လွန်စွာပါး နပ်သောအရည်အချင်းများနှင့် ပြည့်စုံသည့် အိုင်အိုနန်းထိုက်အား ချီးကျူးလိုက်မိပေ၏။

ထို့နောက် ကျွန်ုပ်တို့သည် တာမွေသချိုင်းအတွင်းမှ ပြန်လည် ထွက်ခွာလာကြရင်းမှ လမ်းတွင် ဆူဗေဒါသောကြာက. . .

'ဒီလူတွေလွတ်နေသေးသမျှတော့ ဒုစရိုက်မှုတွေ ဆက်လက် ဖြစ်ပေါ်လာဦးမှာ သေချာတယ် ဆရာ'

ဟု အိုင်အိုနန်းထိုက်ကို ပြောလိုက်လေ၏။

ကျွန်ုပ်ကလည်း. . .

'ဟုတ်တယ်. . . . ဆူဗေဒါသောကြာပြောတာ သိပ်မှန်တယ်ဗျာ'

ဟု ပြောလိုက်လေ၏။ ထိုအခါ အိုင်အိုနန်းထိုက်က. . .

'အေးကွာ. . . ဒီပုံအတိုင်းဆိုရင် ငါတို့ဟာ စုံထောက်လောကက အနားယူဖို့ကောင်းပြီ ဆိုရမယ်'

ဟု ပြောလိုက်လေ၏။



မည်သည့်အခါမျှ စိတ်ဓာတ်ကျခြင်းမရှိသည့် အိုင်အိုနန်းထိုက်က အထက်ပါစကားကို ပြောလိုက်သောကြောင့် လက်ရှိရင်ဆိုင်နေရသည့် လူဆိုးငါးယောက်မှာ အရည်အချင်း မည်မျှရှိကြောင့် ကျွန်ုပ် တွက်ဆမိပေတော့၏။

အိုင်အိုနန်းထိုက်က ကားနှင့် လိုက်ပါရန် ပြောနေသော်လည်း ဖိုးသူတော်ကြာပေါ်က ကျောက်မြောင်းဘက်မှ ဘုန်းကြီးကျောင်း တစ်ကျောင်းသို့ဝင်ရန် ကိစ္စရှိသည်ဟု ဆိုကာထွက်ခွာသွား၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရပ်ထားသည့် ကားနှစ်စီးပေါ်သို့ တက်ရောက်ကြပြီး သကာလ စိတ်ပျက် လက်ပျက်ဖြင့် အလျဉ်းပင် စကားပြောဆိုခြင်းမရှိဘဲ ကားမောင်းထွက်ခွာ လာခဲ့ကြလေတော့သည်။

ကျွန်ုပ်မှာ ထိုညက ပြန်လာခဲ့ပြီးနောက် အအေးမိသွားဟန်တူ၍ အဆုပ်အအေးပတ်ကာ နေမကောင်းခြင်း ဖြစ်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဒေါက်တာတင့်ထူး ကိုတယ်လီဖုန်းဖြင့် ပင့်ခေါ်၍ ဆေးကုသရပေတော့၏။

'နမိုးနီးယားဖြစ်ချင်တဲ့ သဘောပဲ၊ သိပ်တော့ စိုးမပူပါနဲ့ ကိုသိမ်းမောင်၊ ကျွန်တော်ပေးတဲ့ ဆေးတွေကို မှန်မှန်သောက်ပါ၊ ပြီးတော့ အခုတလောမှာ စုံထောက်ရေးခြင်း အလုပ်ကို မလုပ်ပါနဲ့၊ အနားယူပါ'

ဒေါက်တာ တင့်ထူးက ဆေးထိုးပေးပြီးနောက် အထက်ပါအတိုင်း သတိပေးစကားပြောကြားရာ ကျွန်ုပ်က လိုက်နာမည်

www.burmeseclassic.com



ဖြစ်ကြောင်း ကတိပေးလိုက်ရလေ၏။ ဒေါက်တာတင့်ထူးက နှစ်ရက်ခြား တစ်ခါ ဆိုသကဲ့သို့ ကျွန်းပိအား လာရောက်ကြည့်ရှု ကုသပေး၏။ သို့သော် ကျွန်းပိမှာ သက်သာလာခြင်းမရှိဘဲ ချောင်းက အဆက်မပြတ် ဆိုးကာမောပန်း၍ပင် လာခဲ့သည်အထိ ဖြစ်နေရှ နေပေသည်။

ထိုရက်များအတွင်း အိုင်အိုနန်းထိုက်မှာ ကျွန်းပိထံသို့ တစ်ကြိမ်တစ်ခါမျှ လာရောက်ခြင်းမရှိပေရာ ရောဂါသက်သာသည့် အခါများတွင် ကျွန်းပိ၏ စာအုပ်စင်မှ စာအုပ်ကောင်းများကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုလျက်သာ အချိန်ဖြုန်းနေရပေတော့၏။

ဤသို့ဖြင့် ကစ်လနီးပါးကြာမှပင် အိုင်အိုနန်းထိုက်ရောက် ရှိလာပြီးနောက် ကျွန်းပိနေမကောင်းသည့် အဖြစ်ကိုသိရှိသွားလေ သည်။

'အေးဗျာ. . . ကျွန်တော်လဲ ဂျင်ခြေလည်အောင် အလုပ် များနေတာကလား၊ လူသတ်မှု နှစ်မှုနဲ့ လူပျောက်မှုတွေအပြင် ဓားပြမှု တစ်မှုကလဲ ထပ်မံဖြစ်ပွားလာတော့ ကျွန်တော်နဲ့အတူ စီအိုင်ဒီ စုံထောက်တွေအားလုံး အလုပ်ရှုပ်ကုန်တာပေါ့၊ ဒါကြောင့် ခင်ဗျားဆီ မရောက်တာပါ၊ ဘယ့်နှယ်ရောဂါ အခြေအနေ ဘယ်လို ရှိသလဲ'

ဟု ဆိုရာ ကျွန်းပိက. . .

'အခုတော့ နည်းနည်းသက်သာပါပြီ၊ ဒါပေမယ့် ဒေါက်တာ တင့်ထူးက ပေလီလို နေရာဒေသမျိုးမှာ သွားရောက်ပြီး အပန်းဖြေ



ရင် ပိုပြီးတော့ သက်သာမယ်လို့ အကြံပေးထားတယ်'

ဟု ဆိုလိုက်၏။ ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ကောင်းသားပဲ၊ အဲဒီအကြံ ကောင်းတာပေါ့၊ လေကောင်း လေသန့်ရှူရင်း အပန်းဖြေလိုက်ရင် ခင်ဗျားရောဂါဟာ ယူပစ်သလို ပျောက်ကင်းသွားနိုင်တယ် ကိုညိမ်းမောင်'

ဟု အကြံပေးပြန်၏။ ကျွန်းပိက ခေါင်းညိတ်ပြီးနောက်. . .

'ဒါကိုထားပါဦး၊ ခင်ဗျားတို့ လိုက်နေတဲ့ လူဆိုးတွေကို ခြေရာခံမိပြီလား'

ဟု မေးရာ အိုင်အိုနန်းထိုက်က. . .

'ဟင့်အင်း. . . ကျွန်တော့်စိတ်ထင် ဖြစ်ပွားသွားတဲ့လူသတ် မှုနှစ်ခုဟာ အဲဒီလူဆိုးတွေ လက်ချက်ဖြစ်ပြီး ဓားပြမှုတရားခံ တို့တော့ တခြားလူဆိုးတွေဖြစ်ကြောင်း သိရတဲ့အပြင် တရားခံကို ဖမ်းဆီးမိပါတယ်'

ဟု ပြောပြရာ၏။ ကျွန်းပိက ပြုံး၍. . .

'ခင်ဗျားကတော့ တော်တော်ဆိုးတဲ့ လူပဲ'

ဟု ရုတ်တရက် ပြောချလိုက်ရာ အိုင်အိုနန်းထိုက်မှာ ခေတ္တ မျှ ကြောင်သွားပြီးမှ တွေးတွေးဆဆ လုပ်နေပြီးမှ နှစ်နှစ်ခြိုက်ခြိုက် ပြုံး၍. . .

'ဟာ. . . ဟုတ်ပြီ၊ ခင်ဗျားက ဖိုးသူတော်ကြာပေါ် ကိစ္စကို ပြောတာ မဟုတ်လား'

ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က လွန်စွာ ပါးရည်နပ်ရည်ရှိသော အိုင်အိုနန်းထိုက်၏အတွေးအမြင်ကို ကြိတ်၍ ချီးကျူးလျက်မှ. . .

'တယ်ဟုတ်ပါလား. . . ကိုနန်းထိုက်၊ ချက်ဆို နားခွက်က မီးတောက်တယ်ဆိုတာ ဒါပဲ ထင်ပါရဲ့၊ ကျွန်တော်က ဘာဆိုလိုမှန်း မသိအောင်၊ အဆက်အစပ်မရှိ စကားဆိုလိုက်တာတောင် ခင်ဗျားက ဘယ်သူ့ကို ရည်ရွယ်တယ်ဆိုတာ တန်းပြီးသိနေတာ အံ့သြစရာပဲ'

ဟု ထုတ်ဖော် ချီးကျူးလိုက်မိပြန်သည်တွင် အိုင်အိုနန်းထိုက်က. . .

'ခင်ဗျားက ကျွန်တော့်ကို အပြစ်တင်သလိုလိုဆိုးတယ်လို့ ပြောလိုက်တော့ ကျွန်တော့်မှာရှိတဲ့ ဆိုးချက်ကို ချက်ချင်းဆန်းစစ်လိုက်ရာမှ လောလောဆယ် အချက်သုံးချက် ရှိတာကို ဖျပ်ကနဲ မြင်လိုက်ရတယ် ကိုညိမ်းမောင်'

ဟု ဆို၏။

'ဘာတွေများလဲဗျာ'

ဟု ကျွန်ုပ်က မေးသည်တွင် အိုင်အိုနန်းထိုက်ကပင်. . .

'ပထမ အချက်က ခင်ဗျား နေမကောင်းတာကို မလာမိတဲ့ အချက်၊ ဒါကိုလဲ ခင်ဗျားက ခွင့်လွှတ်ပြီးသားပါ'

ဟု ဆို၏။

'အင်း. . . ဆက်ပါဦး'

'ဒုတိယအချက်က အခုထိ လူဆိုးတွေကို ဖမ်းမမိသေးတဲ့



တိစ္စပါ၊ ဒါကလဲ သိပ်မထူးဆန်းတဲ့ ကိစ္စပါလေ'

'ဟုတ်ပြီ၊ နောက် ပြောစမ်းပါဦး ကိုနန်းထိုက်'

'နောက်ဆုံးနဲ့ တတိယအချက်ဖြစ်တဲ့ ဖိုးသူတော် တစ်ဦးကို အလွန် အန္တရာယ်များတဲ့ စုံထောက် လုပ်ခိုင်းတာလေ၊ ဒီကိစ္စကို ဆင်ခြင်မိတဲ့အခါ ခင်ဗျားသာ မဟုတ်ဘူး၊ ဘယ်လိုလူမျိုးဖြစ်ဖြစ် ကျွန်တော့်ကို သိပ်ဆိုးတဲ့လူလို့ ထင်မြင်မိကြမှာ မလွဲလေတော့၊ ကျွန်တော်က အဲဒီအချက်ကို ဆွဲထုတ်လိုက်ရတာပါပဲလေ၊ သိပ်တော့ ထူးဆန်းလှတာ မဟုတ်ပါဘူး'

အိုင်အိုနန်းထိုက်က အထက်ပါအတိုင်း ပြောဆိုပြီးလျှင် ၎င်းကိုယ်တိုင် လက်ဖက်ရည်နှစ်ခွက် သွားရောက်ဖျော်နေပေတော့၏။ ကျွန်ုပ်မှာသာ ကြောင်းကျိုးဆက်စပ်မှု၊ စဉ်းစားတွေးခေါ် မှု သန်လှသည့် အိုင်အိုနန်းထိုက်၏ ဦးနှောက်ကို စိတ်ထဲမှ ချီးကျူးမိရင်း ချီးကျူးလျက်ရှိနေပေ၏။

ဖျော်ပြီးသော လက်ဖက်ရည်နှစ်ခွက်ကို တစ်ယောက်တစ်ခွက်စီသောက်ကြရင်း အမှုကိစ္စနှင့်စပ်ဆိုင်သော အကြောင်းအရာများကို ဆက်လက်၍ဆွေးနွေးနေမိကြပြန်သည်။

အိုင်အိုနန်းထိုက်က. . .

'သံသရာနဲ့ ဝေဆာဆိုတဲ့ လူဆိုးဟာ အကြံကြီးသမားတွေ အခုတလော သူတို့နှစ်ယောက်က ငြိမ်နေတယ်၊ လှုပ်ရှားနေတာ ဟိုလူဆိုး သုံးယောက်ပါပဲ'

ဟု ဆို၏။

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်က. . .

'ဒီလူဆိုးဂိုဏ်း နှစ်ဂိုဏ်းဟာ အပြိုင်အဆိုင်တွေ ဖြစ်တော့ ဘစ်နေ့နေ့ တစ်ချိန်ချိန်မှာ မလွဲမသွေရင်ဆိုင်တိုက်ခိုက်ကြမှာ အမှန်ပဲဗျ၊ ဒါကြောင့် အချိန်စောင့်နိုင်ရင်တော့ မလွဲမသွေ ဖမ်းမိမှာ အမှန်ပဲ'

ဟု ပြောလိုက်၏။

အိုင်အိုနန်းထိုက်က ခေါင်းညိတ်လျက်. . .

'ခင်ဗျားပြောတာ အမှန်ပေါ့ ကိုညိမ်းမောင်'

ဟု ဝန်ခံလိုက်လေသည်။

'ဪ. . .အခုန ဖိုးသူတော် ကြာပေါ်ကိစ္စကို ခင်ဗျား ပြောလို့ ကျွန်တော်ပြန်ဖြေရဦးမယ်၊ တကယ်က ဖိုးသူတော်ကြာပေါ် ကိုယ်တိုင်က မောင်တိကျုဆိုတဲ့ လူရွယ်တစ်ယောက်နဲ့အတူတကွ နေထိုင်ရာက ကျွန်တော်နဲ့ ရင်းနှီးပြီး စုံထောက်မှုကို ဝါသနာပါလာတာနဲ့ တူတယ်၊ သူတပဲ လိုလိုချင်ချင်သီးခြား စုံစမ်းပေးစရာ ကိစ္စရှိတဲ့အခါ သူ့ကိုလွှဲဖို့တာဝန် ပေးပါလို့ပြောလာတာနဲ့ ကျွန်တော်က သူ့ကို စုံထောက်လိုပ်ခိုင်းကြည့်တာပါ၊ တကယ်တော့ မဆိုးပါလှပါဘူး ကိုညိမ်းမောင်'

ဟု ဆို၏။

'အဲ့ပါ့၊ ဖိုးသူတော်စုံထောက်တဲ့၊ ကမ္ဘာ့နိုင်ငံ အသီးသီးမှာ ဒီလိုစုံထောက်မျိုး လုံးဝရှိမှာ မဟုတ်ဘူး၊ မြန်မာနိုင်ငံတစ်နိုင်ငံထဲ ရှိတယ်၊ အဟတ်. . . ဟား ဟား ဟား'



'ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ'

ကျွန်ုပ်က အထက်ပါအတိုင်း ပြောဆိုပြီးနောက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရာ အိုင်အိုနန်းထိုက်ကလည်း သဘောကျလျက် ရယ်မောလေ၏။ ပြီးမှ အိုင်အိုနန်းထိုက်က. . .

'အဲဒီ ဖိုးသူတော်ကြီးစာ အင်မတန် ထူးထူးခြားခြားရှိတယ်ဗျ၊ ဆေးဝါး အစီအရင်တွေပါ တတ်ကျွမ်းလိမ့်မယ်လို့ ကျွန်တော် ထင်မိတာပဲ'

ဟု ဆိုပြန်၏။ ကျွန်ုပ်ကလည်း. . .

'ဟုတ်လိမ့်မယ်၊ သူ့ဥပဓိရုပ်ကလဲ ထူးခြားမှုရှိသလို ခန့်ခန့်ထည်ထည်ပဲဗျ'

ဟု ထောက်ခံ ပြောကြားလိုက်လေ၏။

အိုင်အိုနန်းထိုက်က. . .

'ဘာပဲဖြစ်ဖြစ် သူ့မှာ အန္တရာယ်မကျရောက်အောင်တော့ ကျွန်တော့်စုံထောက်တွေကို မျက်စိဒေါက်ထောက် ကြည့်နေကြဖို့ ကျွန်တော် မှာကြားထားပါတယ် ကိုညိမ်းမောင်'

ဟု ဆို၏။ ကျွန်ုပ်တို့သည် အတန်ကြာမျှ ရောက်တတ်ရာရာများကို ပြောကြားလျက် ရှိကြပေ၏။ ညနေစောင်းသောအခါမှပင် အိုင်အိုနန်းထိုက်က ကျွန်ုပ်အား နှုတ်ဆက်၍ ၎င်း၏ကားကလေး မြင့်ပြန်လည်ထွက်ခွာသွားခဲ့ လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

ကျွန်ုပ်မှာ ဒေါက်တာတင့်ထူး၏ အကြံပေးချက်အတိုင်း ငပလီသို့ အမြန်ဆုံးသွားရောက်ရန် စိတ်ထဲ၌ ကြံဆလျက်ရှိပေ၏။ သို့စေကာမူ ရောဂါမှာအတန်အသင့် တောင်းမွန်နေလျက်ရှိသောကြောင့် ခပ်ပေါ့ပေါ့ပင် နေနေလိုက်၏။

ဤသို့ဖြင့် နှစ်ရက်ခန့်ကြာသောအခါ တယ်လီဖုန်းမြည်လာပြီးနောက် တစ်ဖက်မှ အိုင်အိုနန်းထိုက်နှင့် စကားပြောရပေတော့၏။

အိုင်အိုနန်းထိုက်က ကျွန်ုပ် ဖုန်းကိုင်လိုက်သည်နှင့် တစ်ပြိုင်နက်. . .

'ကိုညိမ်းမောင် ခင်ဗျားရောဂါ သက်သာနေပြီလား'

ဟု ဆို၏။ ကျွန်ုပ်က. . .

'အင်း. . . တော်တော့်ကို သက်သာနေပါပြီ ကိုနန်းထိုက်၊ ဘာကိစ္စများရှိလို့လဲဗျ'

ဟု မေးရာ တစ်ဖက်မှ. . .

'ကျုပ်တို့ လူသတ်မှုတစ်မှု ဖြစ်ပွားတဲ့အိမ်ကို သွားပြီးစစ်ဆေးကြည့်ရှုကြမဲလို့လေ၊ အဲဒါ ခင်ဗျား လိုက်ချင်မှာပဲဆိုပြီး



ဖုန်းဆက် အကြောင်းကြားတာ'

ဟု ဆို၏။ ကျွန်ုပ်မှာ ကျွန်ုပ်မိတ်ဆွေ အိုင်အိုနန်းထိုက်နှင့်အတူ လူသတ်မှုပေါင်း များစွာကို လေ့လာကြည့်ရှုဖူးရာ မရေမတွက်နိုင်လောက်အောင် များပြားလှလျက် လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသည်နှင့်အမျှ လွန်စွာမှလည်း ဗဟုသုတရခဲ့ကြောင်း တွက်ဆမိလိုက်လေ၏။ထို့ကြောင့် ကျွန်ုပ်က ဒရောသောပါးဖြင့်. . .

'အား. . . သိပ်လိုက်တာပေါ့ဗျာ၊ ခင်ဗျားတို့ အိမ်ကိုဝင်လာကြမှာလား'

ဟု မေးလိုက်၏။ သို့သော် အိုင်အိုနန်းထိုက်က. . .

'အဟဲ. . . ဟဲ. . . ဟဲ. . . ကျွန်တော်ထင်သားပဲ၊ ဖိုးလိုက်ချင်က လိုက်ကိုလိုက်မှာပါလို့၊ ဒီလိုလုပ်၊ ကျွန်တော်တို့ သွားနှင့်မယ်၊ ခင်ဗျားက ဘောင်ဒရီလမ်း အမှတ်. . . ရိက္ခာတော်ရ(အငြိမ်းစား) ကျောက်စာဝန် ဦးပန်းရောင်အိမ်ကို လာခဲ့ပေတော့'

ဟု ပြောလေ၏။

'ဗျာ. . . ဦးပန်းရောင် ဟုတ်လား၊ ဒီပုဂ္ဂိုလ်ကြီးဟာ ခင်ဗျားနဲ့ရော ကျွန်တော်နဲ့ပါ ရင်းနှီးတဲ့ပုဂ္ဂိုလ်ကြီးပဲ၊ တစ်ခါကတောင် မရိုးမရင်းကလပ်မှာ အတူတူအရက်သောက်ဖြစ်ကြရင်း ရှေးဟောင်းပစ္စည်းတွေအကြောင်းကို ပြောဆိုကြတာလေ'

ကျွန်ုပ်က အထက်ပါအတိုင်း ပြောဆိုလိုက်သောအခါ အိုင်အိုနန်းထိုက်က. . .

'ဟုတ်ပါတယ်ဗျာ၊ ရှေးဟောင်းပစ္စည်း စုဆောင်းတာ

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါလှတဲ့ ကျောက်စာဝန်ဟောင်း ဦးပန်းရောင်ပါ'

ဟု ဆို၏။ ကျွန်ုပ်က ဆက်လက်၍. . .

'ဗျာ. . . အသတ်ခံရတာ သူလား ကိုနန်းထိုက်'

ဟု မေးလိုက်သည်တွင်အိုင်အိုနန်းထိုက်က. . .

'ဖုန်းချလိုက်တော့မယ်၊ ခင်ဗျားရောက်တော့ သိမှာပေါ့ ဗျာ'

ဟု ဆိုကာ တယ်လီဖုန်းကို ချလိုက်သဖြင့် ကျွန်ုပ်လည်း သက်ပြင်းချ၍ တယ်လီဖုန်းကို ရီဆီဗာပေါ်သို့ တင်လိုက်ရလေ၏။

ပြီးလျှင် ခပ်သုတ်သုတ် အဝတ်အစားလဲပြီးနောက် တံခါးကို သော့ခတ်၍ပိတ်၏။ နောက် မော်တော်ကားကိုကိုယ်တိုင်မောင်းနှင်၍ ထွက်လာခဲ့၏။

'ဝူး. . . ဝူး'

ခြံဝရောက်သောအခါ ရက်အတန်ကြာကြာ ခရီးမသွားဘဲ အိမ်တွင်းအောင်းနေသော ကျွန်ုပ်အား အမှတ်မထင် တွေ့လိုက်ရသည်ကြောင့် ထူးဆန်းသွားဟန်ရှိသော ဗဟာဒူးက အလျှင်အမြန် ဆလူရိုက်လိုက်ရင်းမှ ခေါင်းညိတ်၍ ပြုံးပြရှာလေ၏။

ကျွန်ုပ်လည်း ခေါင်းညိတ် ပြုံးပြပြီးနောက် ခြံဝမှ မောင်းထွက်ခဲ့တော့သည်။ ခရီးမထွက်သည်မှာ ကြာပြီဖြစ်ရာ ကားမောင်းရသည်မှာဆန်းကျယ်သကဲ့သို့ ခံစားရလေ၏။ မကြာမီ ကျွန်ုပ်၏ ကားလေးက ဂွတ္တလစ်ဘက်မှ ဘောင်ဒရီလမ်းအတိုင်း မောင်းနှင်နေလေတော့သည်။

ကားကို ခပ်ဖြည်းဖြည်းမောင်းနှင်ရင်း ခြံများအတွင်းသို့



ကြည့်သွားရာ ခြံကြီးတစ်ခုအတွင်း၌ ပုလိပ်ကားတစ်စီးနှင့် အိုင်အိုနန်းထိုက်၏ ကားကလေးကို ရုတ်တရက် လှမ်းမြင်လိုက်သည့်အတွက် ကားကို ဘက်ဆုတ်ပြီးသကာလ ထိုခြံကြီးအတွင်းသို့ မောင်းဝင်လိုက်လေတော့၏။

'ကျွီ. . . အီး. . . အီး'

ထို့နောက် ကားကို ဘရိတ်အုပ်၍ စက်သတ်လိုက်စဉ် ပုလိပ်သားလေး တစ်ယောက်ကျွန်ုပ်ကားအနီးသို့ ရောက်လာသော. . .

'စာရေးဆရာကြီး မဟုတ်လား ခင်ဗျာ၊ ဆရာနန်းထိုက်က အထဲကို လာခဲ့ပါလို့ ပြောပါတယ် ခင်ဗျာ'

ဟု ရည်ရည်မွန်မွန်ဖြင့် ပြောလိုက်လေ၏။

'ဪ. . . အေး. . . အေး၊ ကျေးဇူးတင်ပါတယ်ကွာ'

ကျွန်ုပ်က ပြောပြောဆိုဆို ကားပေါ်မှ ဆင်းလျက် နှစ်ထပ်ပြိုင်အိမ်ကြီးဆီသို့ လျှောက်သွားခဲ့လေ၏။ ပိတ်ထားသော သံဘာဂျာ တံခါးရှေ့သို့ ရောက်သော အခါ. . .

'လာဗျို့. . . . ကိုညိမ်းမောင်'

ဟူသော အသံနှင့်အတူ အတွင်းဖက်၌ အိုင်အိုနန်းထိုက်ကို တွေ့လိုက်ရလေ၏။

'ကျွီး. . .'

ထို့ကြောင့် ကျွန်ုပ်က သံဘာဂျာတံခါးကို အလိုက်သင့် ပြီးလျှင် အတွင်းဖက်သို့ ဝင်ခဲ့ရာ အိမ်ကြီး၏ ညှော်နံ့များ

www.burmeseclassic.com

www.burmeseclassic.com



၌ ရုပ်တုအမျိုးမျိုး၊ ဖန်ရေတကောင်း၊ ကြွေရေတကောင်း၊ မြေရေတကောင်း၊ ကြေးလင်ပန်း၊ သံလင်ပန်း၊ ရုပ်တုအမျိုးမျိုးနှင့်အတူ ရှေးခေတ် လက်နက်အမျိုးမျိုးတို့စသည်ဖြင့် စုံလင်များပြားလှသော ရှေးဟောင်း ပစ္စည်းအမျိုးမျိုးကို တွေ့ရှိရလေ၏။

'အလောင်းက ဘယ်မှာပါလိမ့်'

ကျွန်ုပ်၏အမေးကို အိုင်အိုနန်းထိုက်က. . .

'အပေါ်ထပ်မှာလေ၊ အပေါ်ကိုတက်သွားပါ၊ ဟိုမှာ စီအိုင်ဒီကလူတွေရှိပါတယ်၊ သွားလေဗျာ'

ဟု ဆို၏။ ကျွန်ုပ်က. . .

'ခင်ဗျားရော မလိုက်ဘူးလား'

ဟု မေးရာ အိုင်အိုနန်းထိုက်က ပြုံး၍. . .

'ကျွန်တော်ခဏ ကြည့်ခဲ့ပြီးပါပြီ၊ လူသတ်သမားရဲ့ သဲလွန်စများ ကျန်လိုကျန်ငြား စစ်ဆေးရင်း ဒီရှေးဟောင်း ပစ္စည်းတွေကို စိတ်ဝင်စားတာနဲ့ ကြည့်နေမိတာပါ'

ဟု ဆို၏။ ကျွန်ုပ်မှာ လူသတ်မှုဖြစ်နေစဉ် ရှေးဟောင်း ပစ္စည်းများကို လူသတ်မှုထက် ပိုမိုဦးစားပေးနေသော စုံထောက် အရာရှိ တစ်ဦးအား နားမလည်နိုင်အောင် ဖြစ်မိရလေ၏။ သို့သော် ကျွန်ုပ်က မည်သို့မျှမဆိုတော့ဘဲ လှေကားမှ တစ်ဆင့် အပေါ်ထပ်သို့ တက်လာခဲ့ပေတော့၏။

'ဟင်'

ကျွန်ုပ်မှာ အပေါ်ထပ်သို့အရောက်တွင် စီအိုင်ဒီစုံထောက်



များကြားမှ လှမ်းမြင်လိုက်ရသော မြင်ကွင်းကြောင့် လွန်စွာအံ့သြလျက် အထက်ပါအတိုင်း အာမေဋိတ်သံ ထွက်သွားရပေတော့၏။ အကြောင်းသော်ကား. . .

လူတစ်ယောက်သည် ရင်ဝတွင် ဓားမြှောင်တစ်လက် စိုက်ဝင်လျက် အိပ်ခန်းနံရံကို ကျောမှီကာ သေဆုံးနေခြင်းကြောင့်ပင် ဖြစ်ပါပေသတည်း။ ယင်းလူသည် အခြားသူမဟုတ်ဘဲ ကျွန်ုပ်တို့နှင့် အတန် အသင့်ရင်းနှီးပေသော ကျောက်စာဝန်ဟောင်း ဦးပန်းရောင် ဖြစ်နေ သည်ကို တုန်လှုပ်ဖွယ် သိရှိရပြန်ပေ၏။ စုံထောက် ကျော်တင့်က ကျွန်ုပ်ကိုကြည့်ကာ. . .

'စာရေးဆရာ လာလေဗျာ၊ ဒါနဲ့ ဟောဒီ ကျောက်စာဝန် ဟောင်းပုဂ္ဂိုလ်ကြီးဟာ ဆရာနန်းထိုက်နဲ့ရော ခင်ဗျားနဲ့ပါ သိကျွမ်းကြတယ်လို့ ဆရာနန်းထိုက်ကပြောတယ်၊ အဲဒါ ဟုတ်ပါသလား'

ဟု မေး၏။

ကျွန်ုပ်က ခေါင်းညိတ်ပြရင်း. . .

'ဟုတ်ပါတယ်. . . ကိုကျော်တင့်၊ ဒီပုဂ္ဂိုလ်ကြီးဟာ အမှုအသာ ယဉ်ကျေးတာနဲ့အမျှ အပြောအဆိုလဲ အလွန်သိမ်မွေ့ပါတယ်၊ သူ့မိသားစု အကြောင်းတော့ ကျွန်တော်တို့ မသိဘူးဗျ၊ ကျွန်တော် သိတာ တစ်ခုက သူဟာရှေးဟောင်းပစ္စည်းစုဆောင်းမှု အင်မတန် ဝါသနာပါတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ'

ဟု ဆို၏။ အလောင်း၏နံဘေးတွင်ကား အိုင်ကွန်းနေသောသွေးကွက်ကြီးကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်း သွေးများသည် ခားမြှောင်စိုက်ဝင်နေရာ ဒဏ်ရာမှ ဆီးကျနေခြင်းဖြစ်ပေ၏။ စုံထောက် ထွန်းလင်းက. . .

'လူသတ်သမားဟာ မီးခံသေတ္တာကို ဖွင့်ပြီးအဖိုးတန် ပစ္စည်းတွေကို ယူမသွားတာကို ကျွန်တော် တော်တော်အံ့ဩမိတယ်'

ဟု ဂျမဒါမှူးသာကို ပြောလိုက်လေ၏။

ထိုအခါ ဂျမဒါမှူးသာက. . .

'ဒါကတော့ ရှာမတွေ့လို့ပါ ကိုကျော်တင့်ရာ၊ မတွေ့ဘူး လား၊ မီးခံသေတ္တာသော့က ခုတင်အောက်အံဝှက်ထဲက ကျွန်တော် တို့ မနည်းရှာရတာလေ'

ဟု ဆို၏။ ထိုစဉ် ဆူဗေဒါသောကြာက. . .

ခားမြှောင်က ဒီအိမ်မှာရှိတဲ့ ရှေးဟောင်း ခားမြှောင်လား၊ ဒါမှမဟုတ် လူသတ်သမားရဲ့ ခားမြှောင်လား ဆိုတာစစ်ဆေးဖို့ လိုလိမ့်မယ်ဗျ'

ဟု ဆိုလိုက်လေ၏။ ထိုခဏမှာပင် မည်သည့်အချိန်က ရောက်လာမှန်းမသိသော အိုင်အိုနန်းထိုက်၏ အသံက. . .

'ခားမြှောင်ဟာ လူသတ်သမားရဲ့ခားမြှောင်ကွ၊ ဘာကြောင့် လဲဆိုရင် ရှေးဟောင်းလက်နက်တွေ ထားတဲ့နေရာမှာ ဘာတစ်ခုမှ မလျော့လို့ဘဲ'

ဟု ဆို၏။ ပြီးလျှင် အိုင်အိုနန်းထိုက်ကပင်. . .

'မီးခံသေတ္တာကို ဖွင့်မယူတာကတော့ ဒီကောင်တွေဟာ ဦးပန်းရောင်မှာ ငွေကြေးသိပ်ကြွယ်ဝမှု မရှိတာကို သိထားပြီး၊



တစ်စုံတစ်ရာသော ပစ္စည်းကို ယူဖို့အတွက်သာ လာခဲ့ကြတာပဲ'

ဟု ပြန်ပြောလေ၏။ ကျွန်ုပ်တို့အံ့အားသင့်နေစဉ် အိုင်အိုနန်းထိုက်က အောက်ပါအတိုင်း ပြောပြန်လေ၏။

'ရှေးဟောင်း ပစ္စည်းတွေထားတဲ့နံရံကပ် စင်ကလေးပေါ် မှာ နေရာလွတ်တစ်ခုကို တွေ့ရတယ်လေ၊ ဖုန်တွေမရှိဘူးပြောင်ရှင်း နေတာပဲ၊ အဲဒါကို ငါက သတိပြုမိတာ ဆိုပါတော့၊ ခန့်မှန်းကြည့် ရတာကတော့ လူသတ်သမားတွေ ယူသွားတဲ့ ပစ္စည်းဟာ ခပ်ဝိုင်း ဝိုင်းဆိုတော့ မီးခွက်လား၊ မှန်အိမ်လား၊ ကရားအိုးလားဆိုတာ၊ တစ်ခုခု ဖြစ်မှာပဲ၊ အတိအကျတော့ ပြောလို့ မဖြစ်နိုင်သေးဘူး'

ထိုအခါ ကျွန်ုပ်က. . .

'နေပါဦး. . . ကိုနန်းထိုက်၊ လူသတ်သမားတွေ ဆိုတာက တစ်ယောက်ထက်ပိုတယ်ဆိုတဲ့ သဘောလားဗျ'

ဟု မေးရာ အိုင်အိုနန်းထိုက်က. . .

'မှန်တာပေါ့၊ အောက်ဘက်မြေပျော့မှာ ခြေရာဟာတစ်ခု ထက်ပိုပြီး တွေ့ရတယ် ကိုညိမ်းမောင်၊ တစ်ယောက်တည်းတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ'

ဟု ဆို၏။ အခြား စီအိုင်ဒီ စုံထောက်များမှာမူ အလောင်း အနီးတွင်ရစ်ဝဲ၍သာ အချိန်များကို ကုန်ဆုံးစေခြင်းဖြင့် နှိုင်းယှဉ် ချိန်ထိုးမိ၏။ မကြာ မကြာ အိုင်အိုနန်းထိုက ပြောဖူးသော. . .

'စုံထောက်ကောင်း တစ်ယောက်ဟူသည် မျက်စိဖူးရမည်၊ တော်ဘက် ထက်မြက်ရမည်၊ ယူတတ်ရမည်၊ ကြည့်တတ်ရမည်၊

www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်တတ်ရမည်'

ဟူသော စကားရပ်များကို ကျွန်ုပ်ပြန်လည်ကြားယောင်လာမိရလေ၏။ ပြီးလျှင် အိုင်အိုနန်းထိုက်က ဘောင်းဘီ အိတ်ထဲမှ မှန်ဘီလူးကို ဆွဲထုတ်လျက် အလောင်း၏ရင်ဝတွင်စိုက်ဝင်နေ သော မားမြှောင်ရိုးကို ဆောင့်ကြောင့်ထိုင်ရင် အနီးကပ်သေချာစွာ စစ်ဆေး နေပေ၏။ ကျွန်ုပ်မှာ စိတ်ဝင်စားစွာသာ ကြည့်နေမိ၏။

'ဩော်. . . လက်စသတ်တော့ သူတို့ကိုး'

ရုတ်တရက် အိုင်အိုနန်းထိုက်က အထက်ပါအတိုင်း တီးတိုးပြောဆိုလိုက်ရာ ကျွန်ုပ်နှင့် စုံထောက်များလည်း ထပ်မံအံ့သြသွားကြကာ ၎င်း၏ အနီး၌ ဒူးထောက်၍ ထိုင်လိုက်ကြလေ၏။

ကျွန်ုပ်က. . .

'ဘာများတွေ့လို့လဲ ကိုနန်းထိုက်'

ဟု မေးရာ အိုင်အိုနန်းထိုက်က လှည့်မကြည့်ဘဲ မှန်ဘီလူးကို ကျွန်ုပ်ထံ လှမ်းပေးလျက်. . .

'ဓားမြှောင်ရိုးကို သေသေချာချာကြည့်ဗျ'

ဟု ဆိုလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း အိုင်အိုနန်းထိုက် လှမ်းပေးသော မှန်ဘီလူးကို အလျင်အမြန် လှမ်းယူပြီး သကာလ ဓားမြှောင်ရိုးကို အနီးကပ်ကြည့်လေ၏။ ကနဦးတွင် မည်သည့်အရာမျှ မမြင်ရသော်လည်း အတန်ကြာ ကြည့်ရှုသောအခါ အမည်းရောင်စာလုံးသုံးလုံးကို အစဉ်လိုက် ရေးထားသည်အား အောက်ပါအတိုင်း



တွေ့ရလေ တော့၏။

အောင်

မြောက်

ပေါက်

'ဟင်. . . ဟို. . . ဟိုလူတွေပေါ့နော်'

ကျွန်ုပ်က ဆတ်ခနဲ ဖြစ်သွားကာ ရုတ်တရက် ပြောလိုက်သည်တွင် အိုင်အိုနန်းထိုက်က ခေါင်းညိတ်လျက်. . .

'သူတို့ပဲ ဖြစ်မှာပေါ့'

ဟု ဆို၏။ ပြီးလျှင် စုံထောက်များသည် ကျွန်ုပ်လက်မှ မှန်ဘီလူးကို ယူကာ တစ်ယောက်တစ်လှည့်ကြည့်ရှုကြလေတော့၏။

အိုင်အိုနန်းထိုက်ကမူ စတိုင်လိုစီးကရက် တစ်လိပ်ကို ခဲရင်း နှုတ်နက်နဲနဲ စဉ်းစားလျက် ရှိနေရှာ၏။

ထိုစဉ်အခိုက် လှေကားမှ တက်လာသော ခြေသံများကို ကြားရပြီးသကာလ ဇဟန်းဂိတ်မှ ကျွန်ုပ်တို့နှင့်သိကျွမ်းပြီးဖြစ်သည့် ရာဇဝတ်အုပ်ဦးနီနှင့် ပုလိပ်သားနှစ်ယောက်ကို တွေ့လိုက်ကြရလေ၏။ ရောက်ရောက်ချင်း '၎င်းတို့က စုံထောက်အရာရှိဖြစ်သူ အိုင်အိုနန်းထိုက်အား ဆလုရိုက်၍ အလေးပြုလိုက်ကြ၏။

ပြီးမှ ရာဇဝတ်အုပ် ဦးနီက. . .

'ဆရာ ကျွန်တော် စုံစမ်းလို့ရသလောက် ပြောရရင် အကျောက်စာဝန်ဟောင်း ဦးပန်းရောင်မှာ တူမတစ်ယောက်ရှိပြီး အခု ဘယ်မှာရောက်နေသလဲဆိုတာ မသိရပါဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါးလကျော်ကျော် ခြောက်လလောက်က မန္တလေးမြို့မှာ ကားမှောက်သေဆုံးသွားတဲ့ အမရပူရယက်ကန်းစင်သူဌေးကြီး ဦးဘာဝနဲ့ ဒေါ်နုရင်တို့ဟာ သေဆုံးသူ ဦးပန်းရောင်နဲ့ အမျိုးတော်စပ်တယ်တဲ့ ဆရာ'

ဟု အစီရင်ခံ၏။

'ဘယ်သူနဲ့တော်တာလဲ'

ဟု မေး၏။ ရာဇဝတ်အုပ် ဦးနီက. . .

'သူဌေးကတော် ဒေါ်နုရင်နဲ့ ဦးပန်းရောင်ဟာ မောင်နှမတစ်ဝမ်းကွဲပါ ဆရာ'

ဟု ဖြေ၏။

'ဟုတ်ကဲ့၊ ဆက်ပြောပါ ဦးနီ'

အိုင်အိုနန်းထိုက်က ဆက်ပြောခိုင်း၏။ သို့ရာတွင် ဦးနီက ခေါင်းယမ်းလျက်. . .

'ကျွန်တော် သိသမျှ ဒါအကုန်ပါပဲ'

ဟု ဆိုရာ စုံထောက်များနှင့် ကျွန်ုပ်မှာ ပြုံးစိစိဖြစ်သွားကြရလေ၏။ အိုင်အိုနန်းထိုက်က. . .

'ခက်တာက တစ်ဝမ်းကွဲ မောင်နှမကမွေးတဲ့ ဦးပန်းရောင်ရဲ့ တူမဟာ ဘယ်သူဆိုတာ မသိရတာခက်တာပေါ့'

ဟု ဆိုပြီးနောက် ဂျမဒါမူးသာအား. . .

'မူးသာရေ'

'ဗျာ. . . . ဆရာ'



'ဒီကိစ္စ အမရပူရဂါတ်ကို ကြေးနန်းရိုက်ပြီးမေးစမ်းကွာ၊ အနည်းနဲ့ အများတော့ သိလာရမှာအမှန်ပဲ'

ဟု အမိန့်ပေးလိုက်လေ၏။

ဂျမဒါမူးသာက ဆလုတ်ရိုက်၍. . .

'စိတ်ချပါဆရာ၊ အလောင်းကို ရင်ခွဲရုံပြီးတာနဲ့ ကျွန်တော် ဆက်လုပ်မှာပါ'

ဟု ပြောလိုက်၏။

ထို့နောက် ဆူပဒေါ်ဒါသောကြာ ကိုယ်တိုင်နေရာအသီးသီးမှ လောင်းကို ဓာတ်ပုံရိုက်ယူ၏။ အိုင်အိုနန်းထိုက်က လက်ကိုင် ဖြင့် အလောင်း၏ ရင်ဝ တွင် စိုက်ဝင်နေသော ဓားမြှောင်ကို နုတ်ပြီးနောက် စက္ကူစ တစ်စဖြင့် ထုပ်ပိုးသိမ်းဆည်းလိုက်သည်။

ပြီးမှ ၎င်းက ဂျမဒါမူးသာအား မီးခံသေတ္တာကို ဖွင့်ကြည့် အမိန့်ပေးလိုက်လေ၏။ ထို့ကြောင့် ဂျမဒါမူးသာက အသင့် ပြီးဖြစ်သည့်သော့ဖြင့် မီးခံသေတ္တာကို ဖွင့်လိုက်လေရာ ၌စာရွက်စာတမ်း အချို့နှင့် ငွေစအနည်းငယ်ကိုသာ ရှိကြရလေသည်။ အိုင်အိုနန်းထိုက်က စာရွက်များကို စစ်စပ်ဖတ် ရှုကြည့်ပြီးလျှင်. . .

'အင်း. . . ဦးပန်းရောင်ဟာ စီးပွားရေးအရ အတော့်ကို ကျနေတာပါလား၊ ကြွေးတောင်းခံစာတွေချည်းလိုလို တွေ့ အမှန်ကရွှေးဟောင်းပစ္စည်း အချို့ဝယ်ယူခဲ့တာမှာ ကြွေးနဲ့ ယူခဲ့တာတွေလဲ ပါနေလို့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၏။ စုံထောက် ကျော်တင့်က. . .

'ဒီအတိုင်းဆိုရင် ဆရာ့ခန့်မှန်းချက် ရာခိုင်နှုန်း အတော်များများမှန်နေပြီပေါ့၊ ကျောက်စာဝန်ဟောင်း ဦးပန်းရောင် ဒီလောက် ငွေကြေးချို့တဲ့နေတဲ့ကြားက သတ်တဲ့လူသတ်သမားဟာပစ္စည်းတစ်ခုခုကို လာယူတာပဲ ဖြစ်လိမ့်ယ်နော်'

ဟု ပြောလိုက်၏။

အိုင်အိုနန်းထိုက်က မည်သို့မျှ မပြောပဲ စာရွက်များကိုသာ ဆက်လက် ဖတ်ရှုနေလေ၏။

'ဖတ်. . .'

'ဟင်. . .'

'ဟာ. . .'

'အို. . .'

'ဟိုက်. . .'

'အိုး. . .'

'အလို'

ယင်းသို့ဖတ်ရှုနေခိုက် စာရွက်များကြားမှ တစ်စုံတစ်ရာသော အရာဝတ္ထုသည် ကြမ်းပြင်ပေါ်သို့ ကျရောက်သွားသည်တွင် အိုင်အိုနန်းထိုက် အပါအဝင် ကျွန်ုပ်တို့ အားလုံးအံ့အားသင့်သွားကြရပေတော့၏။ အဘယ်ကြောင့်ဆိုသော်. . .

ကြမ်းပေါ်၌ မြင်မြင်ထင်ထင်ကျနေသော ဓါတ်ပုံရှင်မှာ မိန်းကလေးတစ်ဦးဖြစ်လျက် ယင်းမိန်းကလေးမှာ ကျွန်ုပ်တို့



ကျောက်ကုန်းအိမ်၌ တွေ့ခဲ့ရသည့် ရက်စက်စွာ အသတ်ခံရသော မိန်းမလှကလေး ဖြစ်နေခြင်းကြောင့်ပေတည်း။

'အင်း. . . လက်စသပ်တော့ ဦးပန်းရောင်ရဲ့တူမဟာ အသတ်ခံရတဲ့ ကျောက်ကုန်းအိမ်က မိန်းကလေးပေကိုး၊ ကြည့်စမ်းပါတော့၊ သူတို့မိသားစု အားလုံးဟာ တိုင်ပင်ထားသလိုအသေဆိုးတွေနဲ့ချည်း သေရတာ ဆန်းကြယ်လိုက်တာ၊ ကံဇာတာ အလှည့်အပြောင်းဆိုတာ တယ်လဲ ကြောက်ဖို့ကောင်းလှပါလား'

အိုင်အိုနန်းထိုက်က ဓါတ်ပုံကိုကောက်ယူ၍ အသေအချာကြည့်ရင်း အထက်ပါအတိုင်း သံဝေဂရသော အနေအထားဖြင့် ပြောလိုက်လေရာ ကျွန်ုပ်က. . .

'ဟုတ်ပါရဲ့ဗျာ၊ သူ့မိဘတွေက ကားမှောက်ပြီးသေဆုံးရရှာသလို ဦးလေနဲ့ တူမက တစ်စုံတစ်ယောက်သောသူရဲ့ လက်ချက်နဲ့ သေရရှာတယ်၊ အားလုံးဟာ ဥပစ္ဆေဒကကံနဲ့ သေကြတာချည်းပဲ'

ဟု ထောက်ခံပြောလိုက်လေ၏။

ထို့နောက် အိုင်အိုနန်းထိုက်က. . .

'ကျွန်တော့်စိတ်ထင် ပြောရရင် ကျောက်စာဝန်ဟောင်း ဦးပန်းရောင်မှာ ရတနာသိုက်ညွှန်းလို တန်ဖိုးရှိတဲ့ မြေပုံတစ်ခုခု ရှိနေလိမ့်မယ်၊ လူသတ်သမားက အဲဒီအညွှန်းထည့်ထားတဲ့ ရှေးဟောင်းပစ္စည်းကို လာယူတာဖြစ်လိမ့်မယ်'

ဟု ထင်မြင်ချက်ကိုပြောပြ၏။ စုံထောက်သွန်းလင်းက. . .

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လိမ့်မယ်ဆရာ ဒါတို့ ဦးပန်းရောင်က ကာကွယ်တားဆီးဖို့ ကြိုးစားတာမှာ လူသတ်သမားက ဓားမြှောင်နဲ့ ထိုးသတ်လိုက်တာ နေမှာပါ' ဟုဆိုလေ၏။

'အဲဒီအတိုင်းပါပဲကွာ'

အိုင်အိုနန်းထိုက်က ထိုသို့ပြောပြီးလျှင် အလောင်းကို ရင်ခွဲရုံသို့ ယူဆောင်သွားရန် ဂျမဒါ မှူးသာအား အမိန့်ပေးလိုက်လေ၏။

ပုလိပ်သားနှစ်ယောက်က အလောင်းကို သယ်သွားသောအခါ ဂျမဒါမှူးသာက အိုင်အိုနန်းထိုက်အား. . .

'ကျွန်တော် စာတိုက်ကြီးမှာ သံကြိုးဝင်ရိုက်မယ် ဆရာ' ဟုပြော၏။

'အေး. . . အေး'

ထို့နောက် အိုင်အိုနန်းထိုက်က အလောင်းကို မည်သည့်ပုံတွေ့ရကြောင်း ရာဇဝတ်အုပ် ဦးနီအား မေးလေ၏။

ဤတွင် ရာဇဝတ်အုပ် ဦးနီက. . .

'သန်းခေါင် အချိန်လောက်မှာ ပတ္တရောင်လှည့်ကြတဲ့ ဟိုပုလိပ်နှစ်ယောက်နဲ့ ပတ္တရောင်ကြပ်တို့ဟာ ဟောဒီ တိုက်ကြီးထဲက ငယ်သံပါအောင် အော်ဟစ်လိုက်တဲ့ အသံကြီးကို ကြားတာနဲ့ အလျှင်အမြန် ပြေးဝင်ခဲ့တာမှ သံဘာကျွာ တံခါးကလဲ ဟင်းလင်းပွင့်နေပြီး မီးတွေကလဲ မှောင်နေတယ်တဲ့. . . ဆရာ၊ ပြီးမှ လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြီး အိမ်ကြီးပေါ် တက်ရှာကြတော့ ဦးပန်းရောင်ရဲ့ အလောင်းကို အဲဒီအတိုင်းတွေ့ရတာဆို ပါတော့ ဆရာ'



ဟု အစီရင်ခံ ပြောကြားလေ၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'သူတို့က ချက်ချင်းလိုလို အိမ်နောက်ဖက်ကို လိုက်မကြည့်ကြဘူးလား ဦးနီ'

ဟု မေးရာ ရာဇဝတ်အုပ်ဦးနီက. . .

'ကြည့်တယ်လို့ ပြောပါတယ်. . . ဆရာ၊ ဒါပေမယ့် အချိန်နောက်ကျသွားတော့ လူသတ်သမား ပြေးချိန်ရသွားတာဖြစ်မှာပါ'

ဟု ပြောလိုက်လေ၏။ အိုင်အိုနန်းထိုက်က. . .

'အေးလေ. . . သူတို့မှာလဲ အလောင်းကို ဂရုပြုနေမိတော့ အချိန် နှောင်းနွေးသွားမှာပေါ့'

ဟု စဉ်းစားချင့်ချိန်လျက် ပြောလိုက်လေ၏။

ကျွန်ုပ်မှာ သူတစ်ပြုံးအား အပြစ်မဖို့တတ်သော အိုင်အိုနန်းထိုက်၏ စိတ်ထားအားများစွာ လေးစားသွားသည့်အလျောက် အမှတ်မထင် ပြုံးလိုက်မိလေ၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ဘာပြုံးတာလဲ ကိုညိမ်းမောင်'

ဟု မေး၏။ ထို့ကြောင့် ကျွန်ုပ်က. . .

'ဪ. . . ဘာရယ်မဟုတ်ပါဘူး၊ ကွန်ဖြူးရှပ်ဆိုတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ယောက်ရဲ့ အဆိုအမိန့်တစ်ခုကို သွားပြီးသတိရမိလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လေရာ အိုင်အိုနန်းထိုက်က. . .

'အားလုံးကြားရအောင် ဆိုစမ်းပါဦး စာရေးဆရာကြီး ရယ်'

ဟု ဆိုပြန်လေ၏။

'ကွန်ဖြူးရှပ်က ဒီလိုဆိုတယ်. . . ကိုနန်းထိုက်၊ လုံ့ဝအမှား ရှိသူဟာ အလုပ်တစ်ခု သို့တည်းမဟုတ် ပြဿနာတစ်ခုမှာ သူတစ်ဦး ကိုသာ အပြစ်တင်တယ်တဲ့'

'ဟုတ်ပြီ. . . ဆက်ပြောပါဦး'

'တစ်ဝက်မှားသူကတော့ ပြဿနာရှုပ်တစ်ခုမှုမှာ သူ တစ်ပါးကိုလည်း အပြစ်မတင်ဘူး၊ မိမိကိုယ်ကိုလဲ အပြစ်မတင်ဘူး၊ သူ့မှာ သူမရှိသလို သူ့မှားလဲ မရှိဘူးလေ'

ကျွန်ုပ်စကားအဆုံးတွင် အိုင်အိုနန်းထိုက်က. . .

'ကောင်းလိုက်တဲ့ စကား၊ တန်ဖိုးရှိလိုက်တဲ့စကားဗျာ၊ ဒီစကားကြားရတာ ကျေးဇူးတင်လိုက်တာ ကိုညိမ်းမောင်ရယ်'

ဟု ကျွန်ုပ်ကို ချီးကျူးလေ၏။ ပြီးလျှင် ပုလိပ်ကလေး နှစ်ယောက်အား အိမ်ကိုစောင့် ကြည့်ရန် တာဝန်ပေးထားပြီးလျှင် ကျွန်ုပ်တို့လည်း ကားများဖြင့် အသီးသီး ပြန်လည်၍ ထွက်ခွာခဲ့ကြ လေတော့သတည်း။



အခန်း (၁၀)

နောက်တစ်နေ့တွင် ကျွန်ုပ်ရောဂါမှာ ထပ်မံဖြစ်ပွားပြန် သောကြောင့် ဒေါက်တာ့တင့်ထူးကို တယ်လီဖုန်းဆက်၍မှာ ကြားရပြန်လေ၏။ ဒေါက်တာ တင့်ထူးက စစ်ဆေး၍ ဆေးထိုးပေး ပြီးလျှင် ကျွန်ုပ်အား. . .

'ခင်ဗျား သိပ်မပေါ့နဲ့ ကိုညိမ်းမောင်၊ ရောဂါက အကင်း သေသေးဘူးဗျ၊ ရှင်းရှင်းပျောက်ချင်ရင်တော့ ကျွန်တော်အကြံပေး သလို မြိတ်မြို့လို၊ ပေလီတို့ကို နေရာဒေသမျိုးမှာ လေကောင်းလေ သန့် ရှုရှိက်ရင်း အနားယူသင့်တယ်'

ဟု ဆို၏။

ထို့ကြောင့် ကျွန်ုပ်က. . .

'စိတ်ချပါဗျာ၊ နည်းနည်း နေကောင်းသွားတာနဲ့ သွားနိုင် အောင် စီစဉ်ပါ့မယ်'

ဟု ကတိပေးလိုက်ရ၏။

ထို့နောက် ကျွန်ုပ် သောက်သုံးရန် ဆေးများ ပေးခဲ့ပြီးလျှင် ဒေါက်တာတင့်ထူးသည် ပြန်လည် ထွက်ခွာသွားလေ၏။ ကျွန်ုပ် သည် ပျင်းပျင်းရှိသည်ကြောင့် သူရိယသတင်းစာ သိုဖတ်ရှုရာ

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါအတိုင်း သတင်းတစ်ပုဒ်ကို တွေ့ရှိဖတ်မှတ်ရပေ တော့၏။

'ပုလိပ်အဖွဲ့ကြီးညံ့ဖျင်းမှုကြောင့် ရန်ကုန်မြို့တွင် ဒုစရိုက်မှုများပြားလာခြင်း'

စက်တင်ဘာ (၁၃)ရက်။

ကျွန်ုပ်တို့ သတင်းထောက်၏ ထောက်လှမ်းစုံစမ်းမှုအရ ယခု ခြောက်လအတွင်းတွင် ရန်ကုန်မြို့ကြီးတစ်ဝှမ်း နေရာဒေသ အသီးသီး၌ ခိုးမှု၊ လုယက်မှု၊ ဖောက်ထွင်းမှု၊ ဓါးပြမှုစသည်တို့ မကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်း။

တလောက ကျောက်ကုန်းဘက်၌ လည်းကောင်း၊ ဘောင် ဒရိုလမ်း၌ လည်းကောင်း လုယက်မှု ဖြစ်ပွားသည်ကို သိရှိရသော် လည်း တရားခံကို ယခုထိ ဖမ်းဆီးနိုင်ခြင်း မရှိသေးရာ ပုလိပ်အဖွဲ့ ကြီးမှာ လူထု၏ အားကိုးအားထားပြုနိုင်စရာ မဟုတ်ဟူ၍ ကျွန်ုပ်တို့ သတင်းထောက်မှ ယူဆထားပါကြောင်း။

လူထု၏ရိက္ခာတို စားသုံးသူများပီပီ တာဝန်ကျေသင့်သည် ဟုလည်း ကျွန်ုပ်တို့ သတင်းထောက်မှ ယူဆကြောင်း၊ သို့မဟုတ် ပါက ရှက်ဖွယ်လိလိသာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့သတိပေးလို ကြောင်း။

'ဟင်း. . . ဒုက္ခပါပဲ'



ကျွန်ုပ်က သတင်းကို ဖတ်ရှုပြီးလျှင် ပြီးချင်း သက်ပြင်းတစ် ချက်ချလိုက်ရင်း အထက်ပါအတိုင်း ငြီးတွားလိုက်မိလေ၏။

မှတ်ချက်။ ။ထိုခေတ် ထိုအခါက ယင်းသို့ပင် သတင်းစာများ က ပြတ်ပြတ်သားသား၊ အပြစ်တင်လေ့ရှိ ကြောင်း၊ စာဖတ်သူများ ဗဟုသုတ ရစေရန် ဖော်ပြရခြင်းဖြစ်ပါပေ၏။

စာရေးသူ

ပြီးလျှင် အိုင်အိုနန်းထိုက်နှင့် စီအိုင်ဒီ စုံထောက်များ ရှုတ်နှာကို ချက်ချင်းပြေး၍ မြင်ယောင်လိုက်မိ၏။ ယခုအခါ ထောက်မင်းကြီးက သတင်းစာကိုပြပြီးလျှင် စီအိုင်ဒီ စုံထောက်များ အား ဆူပူနေပေတော့သည်။ ထို့နောက် မျက်နှာနီကြီးနှင့် တတွတ် တွတ်နေပေတော့မည်ဟု ကျွန်ုပ် တွေးနေမိ၏။

ကျွန်ုပ်သည် အတွေးစကို ဖြတ်လျက် စာအုပ်စင်မှ င်လယ်ဓါးပြဖွန့်စားခန်းဝတ္ထုတစ်ပုဒ်ကိုဖတ်ပြန်၏။ ညနေစောင်း သောအခါ ညောင်းညာလာသည်နှင့် အိမ် ရှေ့သို့ ထွက်ကာမြက်ခင်း ခင်းဘေးတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလိုက်လေ၏။

ယင်းသို့ရှိစဉ်အခိုက် ကျွန်ုပ်နောက်ဘက်မှ ခြေသံအချို့ကို ကြားလိုက်ရပြီးလျှင် လှည့်ကြည့်လိုက်သောအခါ ရုတ်တရက်ခုန်လွှား

www.burmeseclassic.com

www.burmeseclassic.com



လာသော လူနှစ်ယောက်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရပေတော့ ၏။

'ဟိတ်. . .'

ကျွန်ုပ်က ခုခံရန် ပြင်ဆင်လိုက်သေး၏။ သို့ရာတွင် လွန်စွာနောက်ကျသွားပြီးဟုသာ ဆိုရန်ရှိလေတော့၏။

အကြောင်းသော်ကား. . .

ဘယ်ညာ တစ်ဖက်တစ်ချက်သို့ တိုင်ပင်စီစဉ်ထားသကဲ့သို့ ရုတ်တရက် ရောက်ရှိလာသော လူထွားကြီးနှစ်ယောက်သည် သန်မာသော လက်ချောင်းကိုယ်စီဖြင့် ကျွန်ုပ်အား ညှပ်ပူးညှပ်ပိတ် ချုပ်ထားကြပြီးနောက် တစ်ယောက်က ဖျပ်ခနဲ အဝတ်စကဲ့သို့ အရာဖြင့် ကျွန်ုပ်၏နှာခေါင်းသို့ ဖိကပ်လိုက်လေ၏။

ကျွန်ုပ်က မျက်နှာကိုဝေ့ဝဲ၍ ရှောင်ဖယ်၍ ကြည့်သေး၏။

သို့စေကာမူ ကြမ်းတမ်းသော လက်ကြီးက နှာခေါင်းဝတွင်ဖိကပ်မိသွားကာ စူးဝါးသော အနံ့ဆိုးကြီးကို ရှူရှိုက်လိုက်မိရသည်။

ယင်းအနံ့မှာ ကလိုရိုဖောင်းခေါ် မေ့ဆေးအနံ့ဖြစ်ကြောင်း အတွေ့အကြုံအရ ကျွန်ုပ်သိလိုက်သောအခါ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ အိုင်အိုနန်းထိုက်ကို အထူး သတိရလိုက်မိလေသည်။

ထိုခဏတွင် ကျွန်ုပ်၏မျက်လုံးအိမ်တွင် အရိပ်မည်းများ ဖုံးလွှမ်းလာပြီးနောက် သတိလစ်မေ့မြောသွားလေတော့သတည်း။



## အခန်း (၁၁)

ကျွန်ုပ်၏ အာခေါင်များသည် ခြောက်ကပ်လျက်ရှိ၏။ အဝေးမှ နီးလာသကဲ့သို့ မှတ်ထင်ရသည့် စကားသံများကိုကြားနေရ၏။ သို့သော် ကျွန်ုပ်မျက်လုံးများက ဖွင့်မရပါချေ။ ချက်ချင်းပင် အသိများကို စုစည်း၍ ကျွန်ုပ်မျက်လုံးများ ကို အားယူဖွင့်ကြည့်လိုက်၏။

'ဟော. . . သူသတိရလာပြီကွ'

ကျွန်ုပ်၏တူရူတွင် ထိုင်နေသော လူထွားကြီး တစ်ဦးက အသံဩဩဖြင့် အထက်ပါအတိုင်း ပြောလိုက်သောကြောင့် ကျွန်ုပ် ယင်းကြည့်လိုက်၏။ ထိုအခါ ယင်းလူထွားကြီးသည် မြက်ခင်းပေါ်မှ ခုန်လွှား၍ ကျွန်ုပ်အားချုပ်ကိုင်ရာ နှစ်ယောက်အနက် တစ်ယောက် ဖြစ်ကြောင်း သတိရမိလိုက်တော့သည်။ ထိုစဉ် လူတစ်ယောက်က အထက်လှေကားမှ ဆင်းလာ ပြန်သည်ကို တွေ့ရပေ၏။

'ဘယ့်နှယ်လဲဟေ့. . . ကြံတိုင်းအောင်၊ သူကောင်းကောင်း သတိရလာပြီလား'

ဟု ဆင်းလာသူက ထိုင်နေသူကို မေးလိုက်လေရာ ထိုင်နေသူက. . .

www.burmeseclassic.com

www.burmeseclassic.com



'အေး'

ဟု တစ်ခွန်းတည်း ဖြေလိုက်လေ၏။

နှစ်ယောက်စလုံး၏ ရုပ်လက္ခဏာများမှာ ကြမ်းတမ်းလှသည်ဟု ကျွန်ုပ် မှတ်ယူမိစဉ် ကုလားထိုင်ပေါ်၌ ထိုင်နေသူက...

'ဟော့ကောင်... ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက်ရော'

ဟု မေးလိုက်လေ၏။

'သူ အခုလာပါလိမ့်မယ်'

လှေကားမှ ဆင်းလာသူက အထက်ပါအတိုင်း ပြောလိုက်သောအခါ ကျွန်ုပ်မှတ်ဉာဏ်များ ပြန်လည် သတိရကာ ထိတ်ခနဲ ဖြစ်သွားရတော့သည်။ အဘယ်ကြောင့်ဆိုသော်...

ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက် ဆိုသူ သုံးယောက်မှာ ပုလိပ်အဖွဲ့ကြီးမှ လွန်စွာ အလိုရှိနေသည့် ဒုစရိုက်သမားများ ဖြစ်နေခြင်းကြောင့်ပေတည်း။

ကျွန်ုပ်က ဟန်ကိုယ့်ဖို့ သဘောမျိုးဖြင့်...

'ခင်ဗျားတို့က ကျွန်တော့်ကို ဘာကိစ္စ မေ့ဆေးပေးပြီး ဖမ်းခေါ်လာကြတာလဲ'

ဟု မေးလိုက်၏။ ထိုအခါ ဆောင်တိုင်းမြောက်ဆိုသူက...

'ခင်ဗျားကို မေးစရာရှိနေလို့ ဆိုပါတော့၊ နောက်ပြီး သတိပေးလိုက်စရာလဲရှိလို့ ခေါ်လာတာပါ၊ ကျုပ်တို့ ပြောတာကို



ငြိမ်သက်သက် နားထောင်ရင် ဘာမှ မလုပ်ပါဘူး'

ဟု ခြိမ်းခြောက်သကဲ့သို့ ပြောလေ၏။ ကျွန်ုပ်က...

'ဘာပြောမှာလဲ၊ ခင်ဗျားတို့နဲ့ ကျွန်တော်က ဘာမှမပတ်သက်ပါလား'

ဟု အငေါ်တူးလိုက်ရာ ကြံတိုင်းအောင်ဆိုသူ လူထွားကြီးက...

'သိပ်ဆိုင်တာပေါ့... ကိုယ့်လူ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ကျုပ်တို့ရန်သူ အိုင်အိုနန်းထိုက်နဲ့ ပတ်သက်နေလို့ပဲ...'

ဟု ခပ်ထန်ထန် ပြောလေ၏။ ထိုခဏမှာပင် အပေါ်လှေကားမှ နောက်ထပ်လူတစ်ယောက် ဆင်းလာပြန်ရာ ထင်တိုင်းပေါက်ဆိုသူပင် ဖြစ်ရမည်ဟု ကျွန်ုပ်စိတ်ကူးလိုက်မိစဉ် ဦးကြံတိုင်းအောင်က...

'အဲဒါ... ထင်တိုင်းပေါက် ဆိုတာပဲ၊ သူက ကျုပ်တို့ထက် စိတ်တိုတယ်နော်၊ ကျုပ်တို့ ပြောတဲ့ စကားကို အေးအေးဆေးဆေး နားမထောင်ရင်တော့ သူကရိုက်နှက်မှာ အမှန်ပဲ...'

ဟု ထပ်မံခြိမ်းခြောက်ပြန်လေ၏။

ကျွန်ုပ်က ထိုစကားကိုမကြားသကဲ့သို့ မျက်နှာအမူအရာ မပျက်ဘဲပုံမှန်အတိုင်း ရှိနေလိုက်၏။ ဦးထင်တိုင်းပေါက် ရောက်လာပြီးနောက် ကျွန်ုပ်ကိုကြည့် လိုက်ပြီးလျှင်...

'ခင်ဗျားမှန်မှန်ဖြေနော်၊ အိုင်အိုနန်းထိုက်ဟာ သံသရာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝေဆာဆိုတဲ့ လူနှစ်ယောက်ကို ဖမ်းမိသွားပြီ မဟုတ်လား'

ဟု ခပ်ပြတ်ပြတ် မေးလေ၏။ ကျွန်ုပ်လည်း အံ့အားသင့်သွားကာ. . .

'ဟင့်အင်း. . . မမိသေးပါဘူး'

ဟု ဖြေ၏။

ဦးထင်တိုင်းပေါက်က မျက်စိကိုမှေး၍ ခပ်ကျဉ်းကျဉ်းပြုလုပ်လိုက်ပြီးနောက်. . .

'ခင်ဗျား မညာနဲ့နော်၊ မှန်မှန်ဖြေပါ'

ဟု ဆိုပြန်၏။ ဤတွင် ကျွန်ုပ်က ခေါင်းခါ၍. . .

ကျွန်တော်သိတာပေါ့၊ အဲဒီလူနှစ်ယောက်ကို အိုင်အိုနန်းထိုက်က အသေရရ၊ အရှင်ရရ ဖမ်းမိချင်နေတာ၊ ဒါပေမယ့် စုံစမ်းလို့တောင် မရသေးပါဘူး'

ဟု ပြောလိုက်၏။

ထိုအခါ ၎င်းတို့ သုံးယောက်သားမှာ ဝေခွဲရ ခက်သွားဟန်ဖြင့် တစ်ယောက်နှင့်တစ်ယောက် သုံးပွင့်ဆိုင်ကြည့်လိုက်ကြလေ၏။ ပြီးမှ ဦးကြံတိုင်းအောင်က. . .

'အိုင်အိုနန်းထိုက် ခေါင်းဆောင်တဲ့ ပုလိပ်အဖွဲ့က သံသရာဝေဆာကို ခင်ဗျားမသိအောင် ဖမ်းဆီးခဲ့ရင်ရော၊ ဘယ့်နှယ်လဲ'

ဟု ဆိုပြန်၏။ ထို့ကြောင့် ကျွန်ုပ်က. . .

'ဒါဆိုရင် သတင်းစာမှာ ပါမှာပေါ့ဗျာ'

ဟု ဆိုလိုက်လေသည်။



ဦးဆောင်တိုင်းမြောက်က. . .

'ဖမ်းတော့ ဖမ်းမိတယ်၊ သတင်းစာမှာ မပါအောင် လုပ်ထားရင်လဲ ဖြစ်တာပဲ'

ဟု ဆိုရာ ကျွန်ုပ်က ခေါင်းယမ်းလျက်. . .

'မဟုတ်သေးပါဘူး၊ ဒီလူတွေကို အမှန်တကယ်ဖမ်းမိခဲ့ရင် ကျွန်တော့်မိတ်ဆွေ အိုင်အိုနန်းထိုက်က ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ဦးဆုံးအသိပေးမှာ အမှန်ပဲ'

ဟု အကြောက်အကန် ပြောလိုက်လေသည်။

ထိုအခါကျမှ ၎င်းတို့ သုံးယောက်မှာ သက်ပြင်းကိုယ်စီချ၍ ငြိမ်သက်သွားကြပေ၏။ အဘယ်ကြောင့် ထိုမေးခွန်းကို မေးကြရသနည်းဟု ကျွန်ုပ် ဆန်းစစ် အဖြေရှာနေမိ၏။

သို့စေကာမူ. . . .

နီးစပ်သည့် အဖြေပင် စိုးစဉ်းမျှ ထွက်ပေါ်မလာခဲ့ပါချေ။

ပြီးလျှင် ဦးထင်တိုင်းပေါက်က. . .

'ကောင်းပြီ. . . ကျုပ်တို့ စုံစမ်းကြည့်လို့ ခင်ဗျား ဖြေတာမှားနေတယ်ဆိုရင် သေဖို့သာ ပြင်ထားပေတော့'

ဟု အပြတ်ခြိမ်းခြောက် ဟိန်းဟောက်လိုက်၏။

ကျွန်ုပ်က. . .

'စိတ်ချပါဗျာ၊ ကျွန်တော် အမှန်ပြောတာပါ'

ဟု ဆိုလိုက်ရလေ၏။ ထို့နောက် ဦးထင်ပေါက်က. . .

'ကောင်းပြီ၊ နောက်တစ်ခု ပြောရဦးမယ်၊ ကျုပ်တို့က

www.burmeseclassic.com



ခင်ဗျားကို ဘေးမသီ ရန်မခစေဘဲ ခင်ဗျားအိမ် အရောက်ပို့ပေးမယ် ဒါပေမယ့် မှာကြားလိုက်တာကို သေသေချာချာပြောပြလိုက်ပါ'

ဟု ဆို၏။

'ဘယ်သူ့ကို မှာကြားမှာလဲ'

ကျွန်ုပ်၏ အမေးကို ဦးထင်တိုင်းပေါက်က. . .

'ဘယ်သူရှိရဦးမလဲ၊ ခင်ဗျားမိတ်ဆွေ အိုင်အိုနန်းထိုက်တို့ပေါ့'

ဟု ဆို၏။

ပြီးလျှင် ၎င်းကပင် ကျွန်ုပ်အား အောက်ပါအတိုင်း အသေအချာ မှာကြားလေတော့၏။

'ခင်ဗျား နားထောင်နော်၊ ဟိုကျရင် အိုင်အိုနန်းထိုက်တို့ပြောလိုက်ပါ၊ ကျုပ်တို့ကို လိုက်လံစုံစမ်း ထောက်လှမ်းတဲ့ ကိစ္စကို ရပ်လိုက်ပါ၊ ဒါမှ မရပ်ဘူးဆိုရင် ကျုပ်တို့က သူ့ရဲ့ဇီဝိန်ကို အတိအကျ ချုပ်ပေးမယ်ဆိုတာ သတိပေးစကား ပြောလိုက်တယ်လို့'

'ဟုတ်ကဲ့၊ ကျွန်တော် သတိပေးလိုက်ပါ့မယ်'

'အဲဒါကို သေသေချာချာ မှတ်သွားပါ'

'ဟုတ်ကဲ့'

ထို့နောက် ဦးထင်တိုင်းပေါက်က ခါးကြားမှ အဝတ်နက်စ အပြာကြီးကြီးတစ်ခုကို ထုတ်ယူလိုက်၏။ ပြီးလျှင် ကျွန်ုပ်၏ မျက်လုံးများကိုပိတ်၍ စည်းနှောင်လိုက် လေ၏။

ကျွန်ုပ်က အလိုက်သင့်ငြိမ်သက်လျက်ရှိရာ ကျွန်ုပ်၏ခြေ



နှင့် လက်တို့တွင် တုပ်နှောင်ထားသည့် ကြိုးများကိုဖြေပေးကြလေ၏။

'ကဲလား. . . ကျုပ်တွဲခေါ်တဲ့ဆီ လိုက်ခဲ့'

ဦးကြံ့တိုင်းအောင်၏အသံနှင့် အတူ ကျွန်ုပ်လက်ကို ဆွဲခေါ်သဖြင့် ကျွန်ုပ်လည်း အပေါ်လှေကားပေါ်သို့ စမ်း၍တက်လှမ်းခဲ့ရလေတော့၏။ အပေါက်ဝသို့ ရောက်လောက်ပြီဟု ထင်သောအခါ ကျွန်ုပ်အား ဆွဲခေါ်လာသည့် ဦးကြံ့တိုင်းအောင်က. . .

'မြင်းရထား ပြင်ထားပြီးပြီလား ထင်တိုင်းပေါက်'

ဟု လှမ်းမေးလိုက်၏။

ထိုအခါ မနီးမဝေးမှ အသံတစ်သံက. . .

'အသင့်ပဲဗျို့'

ဟူ၏။ ယင်းအသံမှာ ဦးထင်တိုင်ပေါက်၏ အသံဖြစ်ကြောင်း ကျွန်ုပ် မှတ်မိသိရှိလိုက်လေ၏။ မကြာမီ မီးရထားဟု မှတ်ထင်ရသောအရာပေါ်သို့ ကျွန်ုပ် အား ဆွဲတင်လိုက်ကြလေ၏။

မြင်းရထားကား ကျွန်ုပ်တက်ရောက်ပြီးသည်နှင့် ထွက်ခွာလျှော်ပြီးဖြစ်သည်။

'ခွပ်. . . ခွပ်. . . ခွပ်'

ထိုအခါ ကျွန်ုပ်က ယခုထွက်ခွာလာသည့်အရပ်မှာ မည်သည့် အရပ်ဒေသဖြစ်ကြောင်း မှန်းဆကြည့်မိလေ၏။ သို့ရာတွင် မည်သို့မျှ မှန်းဆ၍ မရနိုင်ပါချေ။ မြင်းရထားကား

www.burmeseclassic.com



အရှိန်ရလျက်ရှိရာ ကျွန်ုပ်ကိုယ်ခန္ဓာမှာ ဒယီးဒယိုင်ဖြစ်ရင်းက လိုက်ပါလာခဲ့ရပေ၏။ ကျွန်ုပ်၏ နံဘေးတွင်ကား ဦးကြံ့တိုင်းအောင်က လိုက်ပါလာသည်ကို မျက်စိပိတ်ထားသော်လည်း လှုပ်ရှားမှုကြောင့် ကျွန်ုပ်အလိုလို သိရှိနေပေ၏။

'ခွပ်. . . ခွပ်'

'တိ. . . တိ'

တစ်ခါတစ်ရံ မော်တော်ကားတစ်စီးစီးက ကျွန်ုပ်တို့ မြင်းရထားကို ဖြတ်ကျော်တက်သွားခြင်းအား စိတ်မှန်းဖြင့် သိနေတော့၏။ ဤသို့ဖြင့် တစ်နာရီနီးပါး သွားမိပြီးလျှင် မြင်းရထားက အလိုအလျောက် ရပ်တန့်သွားလေ၏။ ထိုခဏတွင် ဦးကြံ့တိုင်းအောင်က ကျွန်ုပ်မျက်နှာတွင် စည်း နှောင်ထားသော အဝတ်စကို ဖြုတ်ပေးလိုက်ပြီးလျှင်. . .

'ဒီမှာ ကိုယ်လူ၊ ဒီကနေလျှောက်သွားရင် ခင်ဗျားရဲ့ အိမ်ကို ရောက်သွားမှာပဲ၊ ကျုပ်တို့မှာတော့ မမေ့နဲ့'

ဟု ဆိုကာ ခါးကြားမှ ခြောက်လုံးပြူးကိုပြရင်း. . .

'အိမ်ရောက်လို့ ကားနဲ့ ကျုပ်တို့နောက်ကို နောက်ယောင်ခံဖို့ကြိုးစားရင် သေနတ်နဲ့ ပစ်သတ်ပြီးသားပဲ'

ဟု မျက်နှာထန်ထန်ဖြင့် ကျွန်ုပ်အား သတိပေး၏။

ထို့ကြောင့် ကျွန်ုပ်က. . .

'မလိုက်ပါဘူးဗျာ'

ဟု ပြောရ၏။



ထိုစဉ် ရထားတံခါးက အလိုအလျောက် ပွင့်သွားရာ ကျွန်ုပ်က အပြင်ဘက်သို့ ရုတ်တရက် လှမ်းကြည့်လိုက်၏။အမှန်စင်စစ် အပြင်ဘက်မှ ဦးထင်တိုင်းပေါက်က ဆွဲဖွင့် လိုက်ခြင်းသာ ဖြစ်လေ၏။

အပြင်ဘက်၌ ကန်ပေါင်ရိုးကို မြင်တွေ့လိုက်ရရာ အင်းလျားကန်ကြီးပင်ဖြစ်ကြောင်း ကျွန်ုပ်မှတ်မိသိရှိလိုက်၏။

'ကဲ. . . ဆင်းတော့'

ဦးထင်တိုင်းပေါက်က အမိန့်ပေးသည့်အတွက် ကျွန်ုပ်လည်းမြင်းရထားအောက်သို့ ခုန်ဆင်းလိုက်သည်တွင် ညနေမှောင်ရီပျိုးစ အချိန်ဖြစ်ကာ အင်းလျားဘက်မှ လေညင်းများထိုးဝှေ့တိုက်ခတ်ခြင်းကို ခံစားလိုက်ရ၏။

ဤနေရာမှ ကျွန်ုပ်နေထိုင်ရာ ကမ္ဘာအေးခြံကြီးသို့ အတန်ကြာမျှ လမ်းလျှောက်သွားလျှင် ရောက်နိုင်ပေ၏။အနီးအနားတွင်ကား လူသွားလူလာဟူ၍ မည်သူမျှ ရှိမနေသည်ကို သတိပြုမိသည်။

'သွားကြမယ်'

ဦးထင်တိုင်းပေါက်က ဦးကြံ့တိုင်းအောင်ကို မျက်စပစ်၍ ပြောလိုက်သည်။ ပြီးလျှင် ကျွန်ုပ်ကို ထိုအတိုင်းထားခဲ့ကာ နှစ်ယောက်သား မြင်းရထားပေါ်တက်၍ ထွက်ခွာသွားကြလေတော့၏။

'ခွပ် ခွပ် ခွပ်'

www.burmeseclassic.com



'ခွပ် ခွပ်'

မြင်းရထားမှာ တစ်စတစ်စ ဝေးသွားခဲ့ပြီးဖြစ်ရာ ကျွန်ုပ်လည်းသက်ပြင်းတစ်ချက် ချပြီးနောက် အင်းလျားမှ ကမ္ဘာအေးဘက်သို့ လျှောက်လာခဲ့လေ၏။ လမ်းလျှောက်ရင်းမှ ကျွန်ုပ်အားဖမ်းဆီးစဉ်တွင် ခြံဝမှဒရဝမ် ဗဟာဒူးမှာ မည်သည့်အတွက်ထိုလူများကို မတွေ့ရပေ သနည်းဟု တွေးတော စဉ်းစားလာခဲ့မိ၏။

ပြီးလျှင် ဦးကြံတိုင်းအောင်၊ ဦးဆောင်တိုင်းမြောက်၊ ဦးထင်တိုင်းပေါက်တို့နှင့် ထူးထူးဆန်းဆန်း တွေ့ဆုံလာခဲ့ရကြောင်းကို ကျွန်ုပ်၏မိတ်ဆွေ အိုင်အိုနန်းထိုက်နှင့်အမြန်ဆုံး တွေ့ဆုံ၍ပြောကြားချင်မိပေတော့၏။

ထို့ကြောင့် ကျွန်ုပ်က အလျင်အမြန်ပင် လမ်းလျှောက်လေတော့ရာ ခေတ္တအကြာတွင် အနည်းငယ်မောရျလာလေ၏။

ထိုအခါကျမှ ကျွန်ုပ်တွင် ယခင်ကတည်းက ရှိနေသည့်အမောဖောက်ခြင်း ဝေဒနာ ပြန်လည်၍ တစ်စခန်းထလာကြောင်းရိပ်မိသိရှိလိုက်တော့၏။ ဤတွင် ဦးကြံတိုင်းအောင်၊ ဦးဆောင်တိုင်းမြောက်၊ ဦးထင်တိုင်းပေါက်တို့ကိုပင် စိတ်ထဲမှကျေးဇူးတင်လိုက်မိပေ၏။ အကြောင်းသော်ကား. . .

အကယ်၍သာ ထိုလူဆိုးကြီးများက ကျွန်ုပ်အားအကြောင်း မဲ့ ရိုက်နှက်ညှဉ်းဆဲခဲ့သည်ရှိသော် အမောဖောက်ခြင်းဝေဒနာ အခံ ရှိသည့် ကျွန်ုပ်မှာ သေဖွယ်ပင်ဖြစ် ပါလေ၏။

မလင်းတလင်း လမ်းမီးတိုင်များ အောက်မှလျှောက်



လာသော ကျွန်ုပ်မှာ အတန်ကြာသည့်တွင် ကျွန်ုပ်၏နေအိမ်နှင့်တဖြည်းဖြည်း နီးလာခဲ့ပေ၏။

ခြံတံခါးမှာ ပွင့်ဟလျက်ရှိပြီးလျှင် ကျွန်ုပ်၏တိုက်အိမ်ကြီးမှာ ပိန်းပိတ်အောင်မှောင်နေသည်ကို တွေ့ရရာ မည်သို့ဖြစ်သည်သိအောင်ပင် စိတ်ထဲမှ ကြောက်လန့်ခြင်း ဖြစ်သွားမိလေ၏။

ကျွန်ုပ်က တရွေ့ရွေ့ဖြင့် ပေါ်တီကိုအောက်မှ တစ်ဆင့်သံဘာဂျာတံခါးဆီသို့ ရှေးရှုလာခဲ့ရာ သံဘာဂျာတံခါးမှာလည်းဆွဲရှုသာရှိ၍ သော့ခတ်ထားခြင်း မရှိသည်ကို တွေ့လိုက်ရ၏။

'ဖောက်'

ထိုခဏ၌ ရုတ်တရက် အိမ်တွင်းမှ မီးလုံးများ ဖျပ်ကနဲလင်းသွားပြီးလျှင်. . .

'ဟာ. . . ကိုညိမ်းမောင် တော်ပါသေးရဲ့ဗျာ'

ဟူသော ဝမ်းမြောက်ဝမ်းသာ ရေရွတ်သံနှင့် အတူဧက်တီခုံတွင် ထိုင်နေသော အိုင်အိုနန်းထိုက်နှင့် ကျွန်ုပ်၏ဒရဝမ်ဗဟာဒူးကို ရုတ်တရက် တွေ့လိုက်ရပေတော့၏။

'ဟင်. . . ကိုနန်းထိုက်ပါလား'

ကျွန်ုပ်ကလည်း ဝမ်းသာသွားကာ ဧည့်ခန်းဆီသို့ အပြေးကလေးလှမ်းလာ ခဲ့တော့သည်။ ထိုသို့ လှမ်းလာရင်းမှ ဗဟာဒူးကိုလည်းကြည့်ကာ. . .

'ဗဟာဒူးပါ ဒီမှာလာထိုင်ပြီး ခင်ဗျားတို့ မှောင်ချထားတာဘယ်လိုကြောင့်ပါလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်ကမေးလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'ခင်ဗျား ပျောက်နေချိန်မှာ တစ်စုံတစ်ယောက်ဟာဒီအိမ်ကို ဘယ်နည်းနဲ့မဆို ရောက်လာဦးမှာပဲလို့ တွက်ပြီးခြံတံခါးဖွင့် သံတံခါးဖွင့်၊ မီးပိတ်ပြီး ကျွန်တော်တို့စောင့်ဆိုင်းနေတာပဲ ကိုညိမ်းမောင်' ဟု ဆိုလေ၏။

'ဪ. . . . ဒီလိုကိုး'

ကျွန်ုပ်က သဘောပေါက်သွားလျက် အထက်ပါအတိုင်း ပြောလိုက်ရာ အိုင်အိုနန်းထိုက်က ကျွန်ုပ်၏မျက်နှာမှ ခန္ဓာကိုယ် အနံ့အပြားကို သေချာစွာ စေ့စေ့စပ်စပ် ကြည့်ပြီးလျှင်. . .

'ခင်ဗျားမှာ ကျွန်တော့်ကိုပြောကြားဖို့ စကားပါလာတယ် မဟုတ်လား ကိုညိမ်းမောင်' ဟုဆို၏။

'ဗျာ. . .'

ကျွန်ုပ်မှာ အံ့အားသင့်သွားရလျက် မင်သက်မိသွားပေ၏။

မည်သည့်အတွက်ကြောင့် အိုင်အိုနန်းထိုက်က ထိုစကား ပြောလိုက်နိုင်သည်ကို စဉ်းစားမိပေရာ အဖြေပေါ်လာခြင်း မရှိအောင် ဖြစ်ရလေ၏။ ထိုအခါ အိုင်အိုနန်းထိုက်က ပြုံး၍. . .

'သိပ်လည်း စဉ်းစားမနေနဲ့ စာရေးဆရာ၊ ဆံပင်တွေဖြူ သွားဦးမယ်၊ အမှန်က လွယ်လွယ်လေးပါဗျာ၊ ဖြစ်ပျက်ပုံကို ဗဟာဒူ ပြောပြလို့ ကျွန်တော်အကြမ်းဖျဉ်းလောက်သိပြီးပါပြီ ကိုညိမ်းမောင် ဒီလူတွေဟာ ခင်ဗျားကို ဘာကြောင့်ဖမ်းရသလဲ၊ ကျွန်တော့် မိတ်ဆွေ မို့ နှုတ်ပိတ်ရအောင် ဖမ်းသွားတာဖြစ်မယ်လို့၊ ကျွန်တော်သိပ်ကို



[illegible]မိနေမိတာမှာ ခင်ဗျားကိုသူတို့က ရိုက်နှက်ခြင်းတောင် မလုပ်ဘဲ [illegible]လိုအကောင်းပကတိလွှတ်လိုက်တယ်ဆိုတော့ တစ်ခုခုစုံစမ်းတာ [illegible]နိုင်သလို ကျွန်တော့်အတွက်တစ်စုံတရာအမှာစကားပါးချင်လို့ [illegible]လိမ့်မယ်ဆိုတာခန့်မှန်းကြည့်ရုံနဲ့ သိနိုင်ပါတယ်ဗျာ' ဟုဆို၏။

ကျွန်ုပ်က. . .

'ခင်ဗျားပြောတော့လဲ အရှင်းသားပါလား ကိုနန်းထိုက်ရာ၊ [illegible]နော်တော့်ကိုဖမ်းသွားတဲ့ လူတွေဟာ ခင်ဗျားဖမ်းဆီးချင်တဲ့ [illegible]ကြီးတိုင်းအောင်၊ ဦးဆောင်တိုင်းမြောက်၊ ဦးထင်တိုင်းပေါက်တို့ [illegible]ဦးပဲဗျ' ဟု ဆိုလိုက်၏။

'ဟုတ်လား အကြောင်းစုံကို ပြောပြပါဦးဗျာ'

အိုင်အိုနန်းထိုက်က မေးသည်ကြောင့် ကျွန်ုပ်လည်းစတင် [illegible]မ်းဆီးခြင်း ခံရသည်မှ ပြန်လွှတ်လာသည်အထိ အကြောင်းစုံကို [illegible]ပြောပြလိုက်လေတော့၏။

[illegible]နုပ်ပြောပြနေစဉ်အတောအတွင်း အိုင်အိုနန်းထိုက်သည် [illegible]ဖြတ်မေးခြင်း အလျဉ်းမရှိဘဲ ဂရုတစိုက် နားထောင်နေ၏။ [illegible]လျှင် စတိုင်လိုစီးကရက်တစ်လိပ် ထုတ်ကာ မီးညှိဖွာရှိုက်ရင်း [illegible]တ်နက်နဲနဲ စဉ်းစားလျက်ရှိလေ၏။ အတန်ကြာသောအခါ. . .

'ကျွန်တော့်ကို ခြိမ်းခြောက်တာဟာ ဂရုစိုက်စရာ မရှိပါဘူး ကိုညိမ်းမောင်ရာ၊ ကျွန်တော်စဉ်းစားနေတာ ဒီလူဆိုးသုံးယောက်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေမှာအမှန်ပဲဗျ၊ အဲဒီကိစ္စကလဲ

www.burmeseclassic.com

www.burmeseclassic.com



ဟိုသံသရာနဲ့ ဝေဆာဆိုသူ နှစ်ယောက်နဲ့ ဆက်စပ်ပတ်သက်လိမ့်မယ်'

ဟု ဆို၏။ ကျွန်ုပ်က ခေါင်းညိတ်၍. . .

'မှန်ပါတယ် ကိုနန်းထိုက်၊ ဒီလူတွေဟာ ဟိုလူနှစ်ယောက်အကြောင်းကိုမေးတာဟာ အရေးကြီးတဲ့ကိစ္စ ရှိလို့ဖြစ်ရမယ်၊ သူတို့က တိုက်ခိုက်သတ်ဖြတ်ဖို့ထက် တခြားအကြောင်းအရာရှိလို့မေးတာ ပိုဖြစ်နိုင်တယ်'

ဟု ဆိုလိုက်၏။

'အဲဒါ ဘာဖြစ်နိုင်မလဲဆိုတာရော ခင်ဗျား စဉ်းစားမိသလားဗျ'

အိုင်အိုနန်းထိုက်က ထိုကဲ့သို့ မေးလိုက်သောအခါ ကျွန်ုပ်ကလည်း အမှန်အတိုင်းပင် မသိကြောင်း ခေါင်းကိုခါလိုက်ရလေ၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'သူတို့က အဲဒီ လူဆိုးနှစ်ယောက်ကို ကျွန်တော်မိထားပြီလို့ထင်နေတယ်ဆိုရင် သံသရာနဲ့ ဝေဆာဆိုတဲ့ လူနှစ်ယောက်ဟာ သူတို့စုံစမ်းလို့မရအောင် ပျောက်ကွယ်နေလို့ ဖြစ်မှာပေါ့ ကိုညိမ်းမောင်'

ဟု ဆို၏။

'မှန်တာပေါ့ဗျာ'

ကျွန်ုပ်က ထောက်ခံလိုက်သည်တွင် အိုင်အိုနန်းထိုက်က ဆက်လက်၍. . .



'ဒီလူနှစ်ယောက်ဟာ ဘာဖြစ်လို့ ပျောက်ကွယ်နေတာလဲ၊ အဲဒါ စဉ်းစားစရာပေါ့'

ဟု ဆိုလေ၏။ ကျွန်ုပ်က. . .

'ဟုတ်တယ်၊ ဒီလူနှစ်ယောက်ဟာ အကြောင်းတစ်ခုခုကြောင့် တစ်နေရာရာမှာ ခြေရာဖျောက်နေတာ ဖြစ်ရမယ် ကိုနန်းထိုက်'

ဟု ပြောလိုက်၏။

ဗဟာဒူးမှာမူ ကျွန်ုပ်တို့နှစ်ယောက် အချီအချ ပြောနေသည့် စကားကို မျက်လုံးကလယ်ကလယ်ဖြင့် နားထောင်လျက်ရှိနေလေ၏။ ပြီးလျှင် ကျွန်ုပ်က ဗဟာဒူးကိုကြည့်၍. . .

'ဟေ့ကောင် ဗဟာဒူး မနေ့က လူဆိုးတွေလာတော့ မင်းဘာလုပ်နေသလဲ'

ဟု မကျေမနပ်နှင့် မေးလိုက်ရာ ဗဟာဒူးက. . .

'ဆပ် ချွန်နော်နော် လူတစ်ယောက်ကို မွေးတယ်၊ အသီချလဲလို့ တူးကနော်၊ ဘွားမှမပြောဘူး၊ နောက်တကားတဲ့ ချွန်နော်မက်နာကို အဝတ်နဲ့အုပ်တယ်၊ ခဏနော် ချွန်နော်ကတီမေ့သွားတယ်'

ဟု မပီကလာ ပီကလာနှင့် ဖြေရှင်းပြရှာလေ၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ခင်ဗျားလူက ခင်ဗျားအပေါ်မှာ တာဝန်ကျေရှာပါတယ် ကိုညိမ်းမောင်၊ သူ့ဝတ္တရားအတိုင်း မသက်သာလို့ ဝင်လာတဲ့ လူတစ်

www.burmeseclassic.com

ယောက်ကို မေးနေချိန်မှာ ခြံစည်းရိုးမလွယ်ပေါက်ကနေ ဟိုနှစ်ယောက်က ဝင်လာခဲ့ကြပြီး ခင်ဗျားကို ဖမ်းဆီးတာဖြစ်လိမ့်မယ်'

ဟု ဆို၏။

'ဩော်. . . ဩော်. . . ဒီလိုကိုး'

ကျွန်ုပ်က သဘောပေါက်လျက် ခွင့်လွှတ်သောအပြုံးကို ပြုံးလိုက်သောအခါ ဗဟာဒူးမှာ စိတ်သက်သာသွားပုံဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်ကို တွေ့မြင်လိုက်ရပေ၏။

ပြီးလျှင် အိုင်အိုနန်းထိုက်က. . .

'တစ်ဆက်တည်းမှာပဲ ထင်တိုင်းပေါက် ခင်ဗျားကို ဖမ်းတဲ့နည်းအတိုင်း ကလိုရိုဖောင်း မေ့ဆေးဆွတ်ထားတဲ့အဝတ်နဲ့ ဗဟာဒူးကို ရုတ်တရက် အနီးကပ်ပြုလုပ်လိုက်တော့ သူခမျာ မေ့သွားမှာပေါ့၊ ကျွန်တော်ရောက်လာတော့ သူ့ကိုဒရဝမ် တဲကလေးထဲမှာ ခွေခွေလေး မေ့လျက်သားရှိတာကို တွေ့ရတယ်ဗျ'

ဟု ဆို၏။ ထိုအခါကျမှပင် ကျွန်ုပ်မှာဗဟာဒူးအား လွန်စွာသနား သွားမိပေတော့၏။ ထို့ကြောင့် ကျွန်ုပ်က. . .

'အေးဗျာ. . . ကျွန်တော်က အဲဒါကို မသိလိုက်ဘူးလေ လူနှစ်ယောက် ခြံထဲကျော်ဝင်လာတာကို ဗဟာဒူး မသိရကောင်းလားလို့ စိတ်ထဲက အပြစ်တင်နေမိတာ ကိုနန်းထိုက်၊ အခုလိုသိရတော့ အင်မတန် စိတ်မကောင်းမိပါဘူး'

ဟု အမှန်အတိုင်း ဝန်ခံပြောကြားလိုက်မိပေတော့၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .



'ကျွန်တော်မေးကြည့်တော့ ဗဟာဒူးက ပြောတယ်ဗျ၊ ဒီလိုလူဆိုးမှန်း အစကတည်းကသာ သိရင်တော့လား သူ့ရဲ့ဂေါ်ရခါး ဓါးကောက်နဲ့ ခေါင်းပြတ်အောင် ခုတ်ပြီးသားပဲတဲ့၊ ဟဲ ဟဲ ဟဲ'

ဟု ဆို၏။

'ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ'

ကျွန်ုပ်တို့နှစ်ယောက်သား ရယ်မောလိုက်သောအခါမှပင် ဗဟာဒူးလည်း အနေချောင်သွားသကဲ့သို့ သွားအဖွေးသားဖြင့် ရောနှော ပြုံးရယ်နေရှာသည်။ ပြီးမှ ကျွန်ုပ်က. . .

'ဗဟာဒူးရေ. . . မင်းက တာဝန်ကျေပါတယ်ကွာ၊ သွားသွား. . . နောက်တစ်ခါ ဒီလိုအလစ်မှာ မခံရအောင် ဂရုစိုက်ကွ သိလား'

ဟု ကျွန်ုပ်က ပြောလိုက်ရ၏။

'ဟုတ်ကဲ့ ဆပ်'

ပြောပြောဆိုဆို ဗဟာဒူး ထိုင်ရာမှ ထကာ ကျွန်ုပ်အား ပုလိပ်ဝန်ထမ်းတစ်ဦးကဲ့သို့ ဟန်ကျပန်ကျ ဆလုရိုက်၍ အရိုအသေပေးပြီး သကာလ ၄င်းတာဝန်ကျရာ ခြံဝမှကင်းတဲလေးဆီသို့ ထွက်ခွာသွားလေတော့၏။ ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက်လည်း အမှုအခင်းအကြောင်း အရာအချို့ကို ဆွေးနွေးတိုင်ပင်လျက်ရှိစဉ် တယ်လီဖုန်းက မြည်လာလေ၏။

'ကလင် ကလင် ကလင်'

'ကလင် ကလင်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အိုင်အိုနန်းထိုက်က ကျွန်ုပ်အား နေခဲ့ရန် လက်ပြ၍ တယ်လီဖုန်း နားထောင်ရန် အိမ်ပေါ် ထပ်သို့ အပြေးတက်ရောက်သွားခဲ့လေ၏။

❖❖❖❖❖❖❖

## အခန်း (၁၂)

အတန်ကြာ စကားပြောဆိုပြီး၍ အိုင်အိုနန်းထိုက် ပြန်ဆင်းလာခဲ့ကာ. . .

'ကဲ. . . ခင်ဗျား နေမကောင်းရင် နေခဲ့မလား. . . ကိုညိမ်းမောင်၊ သယ်န်းကျွန်းက တိုက်အိမ်ဟောင်းကြီး တစ်လုံးနားမှာ အလောင်းတစ်လောင်း တွေ့ရလို့တဲ့၊ အဲဒါ ကျွန်တော်သွားပြီး စစ်ဆေး ကြည့်ရှုရဦးမယ်၊ ခဏနေရင် မူးသာတို့ရောက်ကြလိမ့်မယ်'

ဟု ပြောလိုက်လေ၏။

'ဟင်. . . ဖြစ်ပြန်ပြီလား လူသတ်မှု၊ ဒုက္ခပါပဲဗျာ၊ ခင်ဗျားတို့ ပုလိပ်အဖွဲ့ကို သတင်းစာက ထွယ်နေတဲ့ကြားမှာ နောက်ထပ်



သတ်မှုဖြစ်ရပြန်တယ်လို့'

ဟု ကျွန်ုပ်က ညည်းတွားရေရွတ်လိုက်ရာ အိုင်အိုနန်းထိုက် မဲ့ပြုံးပြုံး၍. . .

'ဒီလိုပေါ့ဗျာ၊ ကံကြမ္မာအလှည့် ကျွန်တော်တို့ကို အဆိုး တက်ပို့ထားတော့ ပြောဆိုသမျှ ခံရမှာပဲ၊ ကံကြမ္မာအလှည့်လို့သာ ရတယ်၊ ကျွန်တော်တို့ဘက်က ညံ့ဖျင်းမှုတွေလဲ ပါတယ်ဆိုရမှာ . . . ကိုညိမ်းမောင်'

ဟု မရှက်မကြောက် အမှန်အတိုင်း ဝန်ခံပြောကြားရာ ၏။ ထို့နောက် ကျွန်ုပ်က. . .

'ကျွန်တော် သက်သာပါတယ်. . . ကိုနန်းထိုက်၊ အိမ်မှာဆို ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့မှာလဲ ပျင်းလှပါတယ်၊ ကြောင့် ကျွန်တော် လိုက်ခဲ့မယ်'

ဟု ပြောလိုက်၏။

'ဒါဆိုလဲ လိုက်ခဲ့ပေါ့ဗျာ'

အိုင်အိုနန်းထိုက်က ခေါင်းညိတ်၍ ပြရာ ကျွန်ုပ်လည်း တော်အစားများ လဲလှယ်၍ ဝတ်ဆင်လိုက်လေတော့၏။ ကာလာမည့် ဂျမဒါမူးသာ ကားကို စောင့်မျှော်နေ ရင်းမှ နန်းထိုက်က ကျွန်ုပ်ကို အောက်ပါအတိုင်းပြော ကြားလေ၏။

'အမရပူရကို ဂျမဒါမူးသာ ကြေးနန်း ရိုက်လိုက်တာမှာ ရာဇဝတ်အုပ် ပြန်ကြားချက်က ဒီလိုဗျ. . . ကိုညိမ်းမောင် တော်ရ ကျောက်စာဝန်ဟောင်း ဦးပန်းရောင်ရဲ့ တူမဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



နာမည်က သူဇာနွယ်တဲ့၊ ဒီအမျိုးသမီးဟာ အမရပူရက ပျောက်သွားကာ တော်တော်ကြာပြီဆိုပဲ၊ အကျိုးအကြောင်း နောက်ထပ် ဘာတစ်ခုမှ မသိရဘူးတဲ့ဗျာ'

'အို. . . ဟုတ်လား'

ကျွန်ုပ်က တအံ့တဩ မေးလိုက်ရာ အိုင်အိုနန်းထိုက်က ကျွန်ုပ်အား မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ မေးလိုက်လေ၏။

'ကိုညိမ်းမောင်၊ ခင်ဗျား တယ်လီပသီဆိုတဲ့ ပညာရပ်ကို ယုံသလား၊ ဟိုသင်းပေါ့ဗျာ. . . စိတ်နယ်လွန် ဖြစ်ရပ်ပေါ့'

'ဗျာ. . .'

ကျွန်ုပ်မှာ အိုင်အိုနန်းထိုက် မေးခွန်းကြောင့် အံ့ဩလျက် ကြောင်ငေးငေး ဖြစ်သွားရပေတော့၏။

'ဖြေလေဗျာ'

အိုင်အိုနန်းထိုက်က ဒုတိယအကြိမ်မြောက် မေးလာပြန်သောကြောင့် ကျွန်ုပ်က. . .

'အနောက်နိုင်ငံတွေမှာတော့ စိတ်နယ်လွန်ဖြစ်ရပ် အချို့ ရှိခဲ့တာ စာအုပ်တွေထဲမှာ ကျွန်တော်ဖတ်ဖူးတယ်ဗျ၊ နောက် တိဗက်က လော့ပ်ဆန်ရမ်ပဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကလဲ တတိယ မျက်လုံးဆိုပြီး သူကိုယ်တိုင် တွေ့ကြုံခဲ့တဲ့ စိတ်နယ်လွန်ဖြစ်ရပ်အချို့ ကို ရေးသားထားတယ်၊ ကျွန်တော် အနေနဲ့တော့ ယုံလဲယုံတယ် မယုံလဲ မယုံဘူး ဆိုပါတော့၊ နေစမ်းပါဦး၊ အဲဒီမေးခွန်းကို ဘာဖြစ်လို့ မေးရတာလဲ ကိုနန်းထိုက်'



ဟု ကျွန်ုပ်က ရှည်လျားစွာ ပြော၍ ပြန်မေးလိုက်လေသည်။ ထိုအခါ အိုင်အိုနန်းထိုက်က. . .

'အမရပူရက ရာဇဝတ်အုပ် ရိုက်လိုက်တဲ့ ကြေးနန်းထဲမှာ အဲဒီ သူဇာနွယ်ဆိုတဲ့ မိန်းကလေးဟာ ဖြူဆွတ်တဲ့ အဝတ်အစားကို ဝတ်ဆင်တတ်ပြီး စိတ်နယ်လွန်ဖြစ်ရပ်နဲ့ အများကြီး စပ်ဆိုင်ပတ်သက်လို့ နာမည်ကြီးကြောင်း သူတို့ စုံစမ်း သိရှိရတယ်ဆိုပဲဗျ'

ဟု ပြောပြ၏။

'ဗျာ. . . သူဇာနွယ်. . . ဟုတ်လား၊ ဒီနာမည်ကို ဘယ်မှာ ကြားဖူးတာပါလိမ့်၊ ဟာ. . . ဟုတ်ပြီ. . . ဟုတ်ပြီ၊ ဂါတ်တဲမှာ ဖမ်းထားတဲ့ အရူးလူရွယ် ရေရွတ်တာ ဒီနာမည် မဟုတ်လား ကိုနန်းထိုက်'

ကျွန်ုပ်က ရုတ်တရက် အမှတ်ရကာ အထက်ပါအတိုင်း ရေရွတ်ရောသောပါး ပြောလိုက်သည်တွင် အိုင်အိုနန်းထိုက်က ပြုံးလိုက်သဖြင့်. . .

'ခင်ဗျားဟာ ကျွန်တော် ထင်ထားတာထက်တောင် ပိုပြီး ထက်မြက်လာပါလား ကိုညိမ်းမောင်၊ အမှန်ပဲဗျ၊ အရူးလူရွယ်ရေရွတ်တာ အဲဒီနာမည်ပဲ. . . သူဇာနွယ်တဲ့၊ နောက်ပြီး ကြည့်စမ်းပါဦး၊ တိုက်တိုက်ဆိုင်ဆိုင် အဲဒီ သေဆုံးသွားတဲ့ အမျိုးသမီးကလဲ ဖြူဆွတ်တဲ့ အဝတ်စုံကို ဝတ်ဆင်ထားတယ် မဟုတ်လား'

ဟု ဆို၏။

'အို. . . ဟုတ်ပါရဲ့၊ ဒါဖြင့် အမရပူရက သူဇာနွယ်ဆိုသူ

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားတဲ့ မိန်းမပျိုလား၊ ဖွ. . . ဖွ. . . ကျွန်တော်ကတော့ မဟုတ်ပါစေနဲ့လို့ ဆုတောင်းမိတာပဲ ကိုနန်းထိုက်ရာ'

ကျွန်ုပ်က တွေးတွေးဆဆ ပြောလိုက်ရင်းမှ စိတ်မကောင်း ဖြစ်သွားမိပေ၏။ ထိုအခါ အိုင်အိုနန်းထိုက်က. . .

'အတိအကျတော့ ပြောလို့မရသေးဘူး၊ ဒါပေမယ့် ဖြစ်နိုင်ခြေအများကြီး ရှိတယ်ဆိုတာတော့ ကျွန်တော်ဝန်ခံပါတယ်ဗျာ'

ဟု ဆိုလိုက်လေ၏။

'တီ. . . တီ'

'ဝူး. . .'

'ကျွီ. . . အီ. . . အီ'

ယင်းသို့ရှိစဉ် ခြံဝမှ ဟွန်းတီးသံကို ကြားရပြီးလျှင် ဂျမ[...] မှူးသာ၏ပုလိပ်ကားသည် ပေါ်တီကိုအောက် မောင်းဝင်လာ[...] နောက် ရပ်တန့်လိုက်လေ၏။

'ဟော. . . မှူးသာလာပြီ ကိုညိမ်းမောင်၊ သွားကြစို့'

ပြောပြောဆိုဆို အိုင်အိုနန်းထိုက်က ထွက်ခွာသွား[...] ကျွန်ုပ်က တုံခါးပိတ် သော့ခတ်ရင်း ပုလိပ်ကားပေါ်သို့ ကြည့်လို[...] ၏။ ထိုအခါ ဂျမဒါ မှူးသာနှင့်အတူ စုံထောက်ထွန်းလင်းလည်[...] လိုက်ပါလာကြောင်း တွေ့လိုက်ရပေ၏။

'ကဲ. . . မင်းတို့ ကားက အရှေ့ကမောင်းနှင့်၊ ငါနဲ့ကိုညိ[...] မောင်က သူ့ကားနဲ့ အနောက်က လိုက်လာခဲ့မယ်'

'ဟုတ်ကဲ့ ဆရာ'



အိုင်အိုနန်းထိုက်က ဂျမဒါ မှူးသာကို ပြောလိုက်ပြီး နောက် ကျွန်ုပ်၏ ကားကလေးပေါ်သို့ တက်ရောက်လိုက်ကြ၏။ မကြာမီ ကျွန်ုပ်တို့ကားနှစ်စီးသည် ကတ္တရာလမ်းပေါ်တွင် ရှေ့ဆင့်နောက် ဆင့် မောင်းနှင်လျက်ရှိကြပေ၏။

တစ်လမ်းလုံး စကားမပြောမိကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် လိုက်ပါလာကြရာ မြင်းဖြိုင်ကွင်းသို့ ရောက်သောအခါ အိုင်အိုနန်း ထိုက်က သယ်န်းကျွန်းဘက်သို့ ကားကိုကျင်လည်စွာ ချိုးကွေ့ လျက်. . .

'ပတ္တရောင် ပုလိပ်အဖွဲ့က ပတ္တရောင်လှည့်ရင်း တိုက်ပျက် ကြီးတစ်ခု အနီးမှာ အလောင်းကို တွေ့တာလို့ သိရတယ် ကိုညိမ်းမောင်' ဟု ဆို၏။ အရှေ့မှ မောင်းနှင်နေသော ဂျမဒါမှူးသာ၏ ကားကလေး ကသယ်န်းကျွန်း လေးထောင့်ကန် ဘက်သို့ ခပ်မှန်မှန်မောင်းနှင် လျက်ရှိသည်ကို တွေ့ရ၏။

ကျွန်ုပ်က. . .

'အလောင်းက ဘယ်လိုလဲ၊ လူသတ်မှုကြောင့် သေတဲ့ အလောင်းပေါ့ ဟုတ်လား'

ဟု မေးရာ အိုင်အိုနန်းထိုက်က. . .

'ဓါးဒဏ်ရာလို့ ယူဆရတယ်လို့ သယ်န်းကျွန်းဂါတ်တဲက ရာဇဝတ်အုပ်က မှတ်ချက် ပြုတယ်ဆိုပဲ၊ ဟိုရောက်တော့မှ သေသေ ချာချာ ကြည့်ရှု စစ်ဆေးရမှာပဲ ကိုညိမ်းမောင် ဟု ဆို၏။

ထို့နောက် ကျွန်ုပ်လည်း ဆိတ်ငြိမ်စွာ လိုက်ပါလာခဲ့ရာ

www.burmeseclassic.com



မကြာမီဘူတာနှင့် နီးသော လမ်းကလေးမှ ကားကို ခက်ခက်ခဲခဲ မောင်းဝင်လိုက်သည့်တွင် မှောင်ရိပ်ထဲ၌ ထီးထီးမားမားဖြစ်နေသော တိုက်အိမ်ဟောင်းကြီးတစ်လုံးကို ကားမီးရောင်ဖြင့် မြင်တွေ့လိုက်ရလေ၏။ တစ်ဖန် ကားအလင်းရောင်ဖြင့် ပုလိပ်သားသုံးယောက်လည်း တွေ့မြင်ရပြန်ပြီးလျှင် မြေပြင်တစ်နေရာ၌ မှောက်ခုံကြီးလဲကျနေသော အလောင်းကိုလည်း ရိပ်ခနဲ တွေ့လိုက်ရပြန်တော့သည်။

ကားများကို ရပ်တန့်ပြီးလျှင် လက်နှိပ်ဓါတ်မီးကိုယ်စီနှင့် ကျွန်ုပ်တို့ ဆင်းလိုက်သောအခါ ပုလိပ်များ နံဘေးသို့အလိုက်သိစွာ ရှဲဖယ်လိုက်ကြလေ၏။

'အလို'

ကျွန်ုပ်မှာလက်နှိပ်ဓာတ်မီးရောင်များ အောက်မှအလောင်းကို ရုတ်တရက် မြင်တွေ့ရသည့်တွင် လွန်စွာလန့်သွားလျက် မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်မိလေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်မြင်တွေ့ဖူးသမျှ အလောင်း များထက် ပိုမိုအကြည့်ရဆိုးနေပေသောကြောင့်ပင် ဖြစ်လေသတည်း။

ကျွန်ုပ်မှာအိုင်အိုနန်းထိုက်နှင့် ပတ်သက်၍လွန်စွာဆိုးရွားသော ဒဏ်ရာများနှင့် အလောင်းများကို တွေ့ခဲ့ဖူးပါ၏။ သို့စေကာမူ ယခုကဲ့သို့ အကြည့်ရဆိုးလွန်းလှသော ဒဏ်ရာကိုမူမတွေ့ဘူးကြောင်း ဝန်ခံရမည်ဖြစ်ပေသည်။

အလောင်း၏ဒဏ်ရာမှာ ကြောပြင်မှ အသားသည် သား



အုတ်ကြီး တစ်ခုကဲ့သို့ အပြားလိုက် လန်နေသောကြောင့် ကြည့်ရသည်မှာ လွန်စွာ ကြောက်မက်ဖွယ်ကောင်းပေတော့၏။ အိုင်အိုနန်းထိုက်နှင့်အတူ ဂျမဒါမူးသာ၊ စုံထောက် ထွန်းလင်းတို့ကလည်း အလောင်းမှ ဒဏ်ရာကိုအံ့ဩစွာ စိုက်ကြည့် နေကြသည်ကို ကျွန်ုပ်တွေ့ရပေ၏။

ပြီးလျှင် အိုင်အိုနန်းထိုက်က. . .

'ဒဏ်ရာက ဓားဒဏ်ရာပဲတော့ ဓားဒဏ်ရာပဲကွ၊ ဒါပေမယ့် ဒါတော့ မယုံနိုင်အောင် ဖြစ်နေရတယ် မူးသာ' ဟု ဆို၏။

'မင်းလဲတွေးမိမှာပါ၊ တော်ရုံအားကြီးတဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ အားစိုက်ခုတ်ခုတ် ဒီဒဏ်ရာလောက်အလွှာကြီးကြီး ကွာကျမသွားနိုင်ဘူးလေ၊ အခုတော့ ဒဏ်ရာကြီးကိုကြည့်ပါဦး ငါးတစ်ကောင်ကို အလယ်ရိုးနားကပ်ပြီး လွှာချလိုက်သလိုဖြစ်နေလိုက်တာ' ဟု ဆို၏။ ထိုအခါကျမှ စုံထောက် ထွန်းလင်းက. . .

'ဟုတ်တယ်ဆရာ ကျွန်တော်တို့လဲ ဒဏ်ရာရတဲ့ အလောင်းဆောင်တော်များများကို တွေ့ဖူးခဲ့ပါပြီ၊ ဒါပေမယ့် ဒီအလောင်းကဒဏ်ရာကတော့ မချိမဆန့်ဘဲ' ဟု ဆို၏။

ပုလိပ် နှစ်ယောက်နှင့် ရာဇဝတ်အုပ် တစ်ယောက်ကမူ အလောင်းကိုတစ်လှည့် အိုင်အိုနန်းထိုက်ကိုတစ်လှည့် ကြည့်၍ ငြိမ်သက်စွာ ရှိနေကြပေ၏။

ယခုအခါ၌ အလောင်းပေါ်တွင် ယင်မည်းရှိုင်းကြီးတစ်ချို့

www.burmeseclassic.com

www.burmeseclassic.com



နားနေပြီးဖြစ်သကဲ့သို့ ညိုစို့စို့ အနံ့ကလည်း တစ်ခါတစ်ရံထွက်ပေါ်လာရာ ကျွန်ုပ်မှာ ကျန်းမာရေး မကောင်းသဖြင့်ပျို့အန်ချင်စိတ်ပင် ပေါက်လာရပေ၏။ ထိုသည်ကို ရိပ်မိဟန်ရှိသော အိုင်အိုနန်းထိုက်က ကျွန်ုပ်အား ခပ်လှမ်းလှမ်းတွင် သွားရောက်နေထိုင်ရန် ပြောကြားလေ၏။

'ရပါတယ်ဗျာ'

သို့သော် ကျွန်ုပ်က ၎င်းတို့ထင်မြင်ယူဆချက်ကို ကြားသိလိုသောကြောင့် နေရာ၌ပင် ရပ်နေလိုက်၏။ ထို့နောက် အိုင်အိုနန်းထိုက်က. . .

'အင်အားက ရောမရှိပြီး ဓားကလဲ တော်တော်လေးဖျက်ကျယ်လိမ့်မယ်ကွ၊ ဒါမှသာ ဒီလိုဒဏ်ရာမျိုး ဖြစ်နိုင်မှာ၊ မကြုံဘူးပေါင်ကွာ၊ မင်းတို့မပြောနဲ့ ငါတောင် ဘာတွေးလို့ တွေးရမှန်းမသိဘူး'

ဟု ညည်းတွားသကဲ့သို့ ဆိုလိုက်လေ၏။

ကျွန်ုပ်မှာ မည်သည့်အခါမျှ အရှုံးပေးခြင်း၊ လက်မြှောက်ညည်းတွားခြင်း မရှိခဲ့သည့် အိုင်အိုနန်းထိုက်အား အထက်ပါအတိုင်း စိတ်ပျက်သကဲ့သို့ ပြောလိုက်ခြင်းအတွက် ထူးဆန်းသကဲ့သို့ ကြည့်နေလိုက်မိပေ၏။ ထိုစဉ် ရာဇဝတ်အုပ်က. . .

'အလောင်းကိုတော့ ဟောဒီပတ္တရောင်အဖွဲ့က တွေ့ကြတာပဲဆရာ၊ ညနေ မှောင်စပျိုးချိန်မှာ ဆိုပါတော့' ဟု အစီရင်ခံလေ၏။



အိုင်အိုနန်းထိုက်က ခေါင်းညိတ်၍. . .

'အနီးအနားမှာ သွေးကွက်တွေလဲ မတွေ့ရဘူး ဒီတော့ အလောင်းဟာ တစ်နေရာမှာ အသတ်ခံခဲ့ရပြီးမှ ဒီနေရာကိုသယ်လာခဲ့တာ ဖြစ်မယ်' ဟုဆိုလိုက်လေ၏။

ဂျမဒါမှူးသာကလည်း အလောင်းကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ရင်း. . .

'ဟုတ်မယ်ဆရာ၊ အလောင်းက ပုတ်စော်တောင် နံနေပြီ သေတာကြာပြီနဲ့ တူတယ်' ဟု ဆို၏။

အိုင်အိုနန်းထိုက်က. . .

'အင်း. . . ငါ့စိတ်ထင် မနေ့ညက အသတ်ခံရတယ်လို့ အောက်မေ့တာပဲ'

ဟု ၎င်း၏ အတွေ့အကြုံအရ ခန့်မှန်း ပြောကြားလိုက်သည်။ ပြီးလျှင် အိုင်အိုနန်းထိုက်က ပတ္တရောင် ပုလိပ်နှစ်ယောက်ကို အလောင်းအား ပက်လက်လှန်ခိုင်းလိုက်လေ၏။

ပတ္တရောင်နှစ်ယောက်မှာ အမိန့်ကို မလွန်ဆန်နိုင်သဖြင့် ဆောင်ရွက်ရမည် ဖြစ်သော်လည်း လွန်စွာကြောက်လန့်လျက် တုန်တုန်ယင်ယင် ဖြစ်နေကြလေ၏။ အိုင်အိုနန်းထိုက်က. . .

'ဘာမှမဖြစ်ပါဘူးကွ၊ ကြောက်စရာမှ မဟုတ်တာ'

ဟု အားပေးမှ ပတ္တရောင် ပုလိပ်နှစ်ဦးက အားစိုက်၍ အလောင်းကို လှန်လိုက်တော့၏။

'အို. . . အလို'

www.burmeseclassic.com

www.burmeseclassic.com



အလောင်းမှာ ပက်လက်လန်သွားလျက် အလောင်း၏ မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်လိုက်သည်တွင် အိုင်အို နန်းထိုက်မှာ ဣန္ဒြေမရ အထက်ပါအတိုင်း ရေရွတ်လိုက်သော ကြောင့် လူအားလုံးမှာ နားမလည်နိုင်အောင် ဖြစ်ကြရလေ၏။

ဤတွင် အိုင်အိုနန်းထိုက်က. . .

'လက်စသတ်တော့ ဒီလူဟာ ကျွန်တော်တို့ အသေအလဲ ရှာဖွေနေတဲ့ ရာဇဝင်လူဆိုး ဝေဆာဆိုတဲ့ ကောင်ပေါ့ဗျာ၊ ဘယ်သူက များ လက်ချက်ဦးသွားပါလိမ့်'

ဟု ကျွန်ုပ်ကိုကြည့်၍ ပြောလိုက်လေ၏။

'အိုး. . . ဟုတ်လား'

'ဟင်'

'ဟိုက်'

ကျွန်ုပ်နှင့်အတူ စုံထောက်ထွန်းလင်းနှင့် ဂျမဒါမူးသာတို့ လည်း လွန်စွာ အံ့ဩသွားကြလေတော့၏။

ပြီးလျှင် ဂျမဒါမူးသာက. . .

'ဆရာ ဒီအတိုင်းဆိုရင် သူနဲ့တွဲဖက် သံသရာဆိုတဲ့ ရာဇဝင် လူဆိုးလဲ အသတ်ခံရပြီး အလောင်းဟာ တစ်နေရာရာမှာ ရှိနေမှာ အမှန်ပဲ၊ ကေနှ ဟိုအောင်၊ ဆောင်၊ ပေါက်ဆိုတဲ့ လူသုံးယောက် လက်ချက် မိသွားပြီထင်တယ်'

ဟု ၎င်းထင်မြင်ချက်ကို ပြောလိုက်သည်တွင် အိုင်အိုနန်း ထိုက်က. . .



'အင်း. . . ဖြစ်လဲဖြစ်နိုင်တယ်၊ မဖြစ်လဲ မဖြစ်နိုင်ဘူး ဆိုရ မှာပဲ မူးသာ'

ဟု မရေရာသောစကားကို ပြောလိုက်လေ၏။ ထို့နောက် စတိုင်လိုစီးကရက်တစ်လိပ် မီးညှိရှိုက်ဖွာပြီးလျှင် တစ်စုံတစ်ရာကို တွေးတောနေသည့်ဟန်ဖြင့် ငြိမ်သက်နေပေတော့၏။

လေတစ်ချက် တိုက်ခတ်လိုက်ရာ တိုက်အိမ်ဟောင်းကြီးမှ ချောင်နေပုံရသော ပိုက်လုံးကြီးက ချောက်ချားဖွယ်ရာ တကျွိ ကျွိ မြည်သံ ထွက်ပေါ်လာခဲ့လေ၏။

'အေးကွ၊ စဉ်းစားမရနိုင်အောင် ဖြစ်ရတာက ကြံတိုင်း အောင်၊ ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက်တို့ လက်ချက်မိသွား တာမှန်ရင် ဝေဆာနဲ့သံသရာတို့ နှစ်ယောက်စလုံး သေမှာအမှန်ပဲ ပေါ့၊ ဒီမှာ မူးသာ စီအိုင်ဒီရုံးကို ပြန်ရောက်ရင် တာဝန်မှူးကို ပြောလိုက်စမ်းပါ၊ တယ်လီဖုန်းနဲ့ ဂါတ်တဲအသီးသီးကို ဖုန်းဆက်ပြီး နယ်မြေအသီးသီးက ပတ္တာရောင်အဖွဲ့တွေကို အလောင်းတစ်လောင်း တွေ့မတွေ့ ဂရုစိုက်ကြည့်ရှုဖို့ ငါက အမိန့်ပေးတယ်လို့'

အိုင်အိုနန်းထိုက်က အထက်ပါအတိုင်း ပြောလိုက်ပြီးလျှင် အလောင်းကိုရင်ခွဲရုံသို့ ယူဆောင်သွားကြရန် အမိန့်ပေးလိုက်တော့ သည်။ ထို့ကြောင့် စုံထောက်ထွန်းလင်း၊ ဂျမဒါမူးသာနှင့်ပုလိပ် အမှုထမ်းသုံးယောက်က အလောင်းကြီးကို ပုလိပ်ကားပေါ်သို့ တင်ကြလေ၏။

ကျွန်ုပ်မှာမူ နှလုံးနာနေသောကြောင့် ခပ်လှမ်းလှမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com



သာ ရပ်တန့်လျက်ရှိနေမိသည်။

အတန်ကြာသောအခါ ကိစ္စဝိစ္စ ပြီးပြီဖြစ်သောကြောင့် အိုင်အိုနန်းထိုက်က မှာကြားစရာရှိသည်များကို ဆက်လက်၍ မှာကြားနေပြန်သည်။ ဂျမဒါမူးသာတို့ ကားထွက်သွားသောအခါ ရှေ့ဆင့်နောက် ဆင့်ဆိုသလိုပင် ရာဇဝတ်အုပ်နှင့်ပုလိပ်များ ထွက်ခွာရန် ပြင်ကြရာအိုင်အိုနန်းထိုက်က. . .

'မသက်ာစရာနေရာနဲ့ လူအချို့ကိုတွေ့ရင် စီအိုင်ဒီကိုသာ အမြန်ဆုံး အကြောင်းကြားကြနော်'

ဟု သတိပေးလျက် ထွက်ခွာခွင့် ပြုလိုက်တော့၏။

ပြီးမှ ကျွန်ုပ်ကို. . .

'ကဲ. . . သွားကြရအောင် ကိုညိမ်းမောင်'

ဟု ဆို၏။

'အင်း. . အခုမှပဲ အနိဋ္ဌာရုံကြီး ပျောက်ကွယ်သွားတော့ တယ်ဗျာ'

ဟု ကျွန်ုပ်က စိတ်သက်သာရာရသွားလျက် အထက်ပါ အတိုင်း ပြောလိုက်သော်လည်း အိုင်အိုနန်းထိုက်က မည်သည့် စကားမျှ မဆိုတော့ပေ။ စဉ်းစားတွေးတောလျက်မှ ကားမောင်းသူ နေရာ၌ ဝင်ထိုင် လိုက်ကာ ကားကို ဖြည်းလေးစွာ မောင်းနှင့်ထွက်ခွာ လာခဲ့ပေ သတည်း။



## အခန်း (၁၃)

ညက ကျွန်ုပ်အဖော်ရစေရန် စောင့်ရှောက်သည့် သဘော နှင့်အိမ်တွင် အိပ်စက်သော အိုင်အိုနန်းထိုက်မှာ ကျွန်ုပ်ထက်အလျင် အစောကြီး နိုးနေလျက် ကြက်ဥများကိုပင် ပေါင်မုန့်နှင့်ကြော်ပြီး ချက်နေသည်ကို တွေ့ရ၏။

'ဟာ. . . ကျွန်တော်လုပ်မှာပေါ့ဗျာ'

ကျွန်ုပ်က အားနာသောကြောင့် ထိုသို့ ပြောလိုက်လေရာ အိုင်အိုနန်းထိုက်က ဝက်ပေါင်ခြောက်ကို ကင်နေလျက်မှ. . .

'ရပါတယ်ဗျာ၊ ခင်ဗျားက သိပ်ကျန်းမာသေးတာမဟုတ် ဘူး။ ဒီကြားထဲ ဟိုလူဆိုးသုံးယောက်က ဖမ်းသွားတာကို ခံလိုက်ရသေးတယ်၊ မသေကောင်း၊ မပျောက်ကောင်း'

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. . .

'အေးဗျာ၊ ကျွန်တော့်ကို မြေတိုက်ခန်းထဲမှာ ထားတာ ... နန်းထိုက်ရဲ့ အဲဒီနေရာဟာ ဘယ်နေရာဖြစ်နိုင်မလဲလို့ ကျွန်တော် ... စိတ်မှန်းနဲ့ ကြည့်နေတာဗျ၊ ဒါပေမယ့် ဘယ်လိုမှ မခန့်မှန်းနိုင်ပါ ဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုရာ အိုင်အိုနန်းထိုက်က. . .

'သူတို့ဟာ ပေါ့သေးသေး လူဆိုးတွေမဟုတ်ဘူး ကိုညိမ်းမောင်၊ တကယ့် ကြေးစားလူဆိုး လူမိုက်တွေဗျ၊ ဘာကိစ္စကိုမှပေါ့ဆဆ မလုပ်ဘူး၊ ဒါကြောင့်မို့ ခင်ဗျား မတွေးနိုင်တာပေါ့၊ တကယ်လို့သာ အဲဒီနေရာကို အတိအကျ သိမယ်ဆိုရင်တော့ ပွဲသိမ်းပြီလို့ ဆိုရမှာပေါ့ဗျာ'

ဟု ဆို၏။ ဝက်ပေါင်ခြောက် မီးကင်နံ့က တသင်းသင်း ထွက်ပေါ်လာနေ၏။ ပြီးလျှင် ကျွန်ုပ်တို့လည်း နံနက်စာကို မြိန်ရှက်စွာစားသောက်ရင်း စကားစမြည်း ပြောဆိုကြပေ၏။

ကျွန်ုပ်တို့ ပြောကြသည့် စကားများထဲတွင် သူဇာနွယ်ထူမှတ်ယူရန်ရှိသော ကျောက်ကုန်းနေအိမ်ကြီးမှ တွေ့ရသူအမျိုးသမီးလေး၊ ရူးသွပ်၍စိတ်ရောဂါကု ဆေးရုံကြီးသို့ပို့စဉ် ကားပေါ်မှ ထွက်ပြေးသူ လူရွယ်၊ ဘောင်ဒရီလမ်းမှ ရိက္ခာတော်ရ ကျောက်စာဝန်ဟောင်း ဦးပန်းရောင် အလောင်း၊ နောက် ဓေဆာနှင့် ပျောက်ကွယ်နေသော ဝရမ်းပြေးလူဆိုးသံသရာ၊ ထို့နောက် ကြံတိုင်းအောင်ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက်ဆိုသူ လူဆိုးသုံးယောက်စသည်ဖြင့် စုံလင်စွာပါဝင်လေ၏။

ကျွန်ုပ်က ရူးသွပ်သော လူရွယ်ကို သတိရကာ. . .

'အေးဗျာ. . . ဒီကောင်လေး စိတ်ရူးပေါက်ပြီး ရေထဲတွေဘာတွေ ခုန်ချရင် အခက်ပဲ'

ဟု ဆိုရာ အိုင်အိုနန်းထိုက်က. . .



'အဲဒီလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ ကိုညိမ်းမောင်ရေ၊ ဒီကောင်လေးဟာ စုတ်စမြုပ်စကို ပျောက်ကွယ် သွားခဲ့တာထူးဆန်းလိုက်တာ'

ဟု ဆို၏။

ကျွန်ုပ်က. . .

'တစ်ခြားနယ် တစ်နယ်ကိုများ ရောက်သွားတာလား ဗျာ'

ဟု ပြောလိုက်သည်တွင် အိုင်အိုနန်းထိုက်က. . .

'ခင်ဗျား ခန့်မှန်းတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲဒီအရူးကို တွေ့ရင် စီအိုင်ဒီကို အကြောင်းကြားဖို့ စုံထောက်မင်းကြီးက အနယ်နယ်အရပ်ရပ်ကို အမိန့် ထုတ်ထားပါတယ် ကိုညိမ်းမောင်၊ ခက်တာက အခုထိသူ့ကို မတွေ့ကြပုံပါပဲ'

ဟု ဆို၏။

'ဖွ. . . တစ်စုံတစ်ယောက်ရဲ့ လက်ချက်နဲ့ သေဆုံးသွားခဲ့ပြီလား မသိပါဘူး'

ကျွန်ုပ်၏ အပြောကို အိုင်အိုနန်းထိုက်က ခေါင်းခါလိုက်ပြီးမှ. . .

'ဒါတော့ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သေသွားတာမှန်ရင် အလောင်းကို ပုလိပ်ဘက်က တွေ့ရမှာပေါ့ ဗျာ'

ဟု ဆို၏။

'အင်း. . . ဟုတ်ပါတယ်'

ကျွန်ုပ်လည်းမည်သို့မျှ တွေးထင်ခြင်းမပြုနိုင်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအတိုင်းပင် ပြောလိုက်ရလေ၏။

အိုင်အိုနန်းထိုက်မှာ ဝင်ပေါင်ခြောက်ကွင် တစ်လုံးကို အရသာခံ၍ ကိုက်ဝါးနေလိုက်၏။

ထိုအခါ ကျွန်ုပ်က. . . .

'ဖိုးသူတော်ကြာပေါ် တစ်ယောက်ရောဗျ'

ဟု မေးလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'သူလဲ သူ့နည်းသူ့ဟန်နဲ့ လိုက်လံစုံစမ်း နေမှာပေါ့ ကိုညိမ်းမောင်ရယ်၊ တကယ်တော့ အန္တရာယ်က မသေးလှဘူးဗျ၊ သေသလား ရှင်သလား မသိရသေးတဲ့ သံသရာဆိုတဲ့ လူရော၊ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ ထင့်တိုင်းပေါက်ဆိုတဲ့ လူဆိုးတွေရောဟာ၊ ပေါ့သေးသေး ဒုစရိုက်သမားတွေမှ မဟုတ်တာ၊ သူတို့ကြားကနေ လက်တစ်လုံးကြား စုံစမ်းရမှာ ဖိုးသူတော်ကြာပေါ် အတွက် တကယ့်ကို ခက်ခဲတဲ့ လုပ်ငန်းတစ်ခုလို့ ဆိုရမှာပေါ့ဗျာ'

ဟု ဆို၏။

ကျွန်ုပ်ကလည်း. . .

'ဟုတ်တာပေါ့ ကိုနန်းထိုက်၊ ဟိုလူတွေက လက်ဦးရင်သူ့အသက်ကိုတောင် စွန့်တန် စွန့်ရမှာ အသေအချာပဲ'

ဟု ကျွန်ုပ်က ထောက်ခံ ပြောကြားလိုက်၏။

ပြီးလျှင် အိုင်အိုနန်းထိုက်က. . .

'သူ့အရည်အချင်းကိုတော့ ကျွန်တော်ယုံတယ်ဗျ ကိုညိမ်းမောင်၊ ဖိုးသူတော် ကြာပေါ်ဟာ ပါးရည် နပ်ရည်ရှိသလို ဖြတ်ထိုး



ဉာဏ်လဲ ကောင်းတယ်ဆိုရမယ်၊ ဒါကြောင့် ကျွန်တော်စိတ်ချနေတာပေါ့၊ အေးလေ. . . ဒီကိစ္စ ပြီးရင်တော့ နောက်ကိစ္စတွေမှာ ဆေါ်ဝင်ပါနဲ့တော့လို့ ဖိုးသူတော်ကြာပေါ်ကို မေတ္တာရပ်ခံရမှာပဲ'

ဟု ပြောလေ၏။

ကျွန်ုပ်က. . .

'အင်းနော်၊ သူ့ဝါသနာကလဲ တစ်မျိုးပါလား'

ဟု ကျွန်ုပ်က မှတ်ချက်ချလိုက်၏။

ကျွန်ုပ်တို့လည်း အတန်ကြာမျှ ဆက်လက်၍ စကားများ ပြောဆိုကြပြန်လေ၏။ အိုင်အိုနန်းထိုက်က ဒေါက်တာ တင့်ထူး၏ အကြံပေးချက်အတိုင်း အနားယူခရီးထွက်ခွာသင့်ကြောင်း ပြောကြားသော်လည်း ကျွန်ုပ်က. . .

'စိတ်ချပါဗျာ၊ ကျွန်တော့်မှာ ထုတ်ဝေသူ တစ်ယောက်အတွက်ရေးသားနေတဲ့ စာမူဟာ ခုမှတစ်ဝက်တစ်ကျိုးရှိပါသေးတယ်၊ အဲဒါလေး ပြီးအောင် ရေးပြီးတာနဲ့ အနားယူခရီးထွက်ဖို့ စီစဉ်ပါမယ်'

ဟု ကတိပြုလိုက်ရ၏။

ကျွန်ုပ်တို့သည် ညကတွေ့ရသည့် ဝေဆာဆိုသူ ရာဇဝင်လူဆိုး၏ အလောင်းအကြောင်း စကားဦးတည် မိပြန်လေရာ အိုင်အိုနန်းထိုက်က . . .

'ကျွန်တော်က ဝေဆာဆိုတဲ့ရာဇဝင်လူဆိုးကို လသာလမ်း (ခု လသာလမ်း)က ယွန်းဖန် စားတော်ဆက်မှာ တစ်ခါပဲ တွေ့ဖူး

www.burmeseclassic.com



လိုက်တာပါ၊ ဒီကောင်က ကျွန်တော့်ကိုလဲ တွေ့ရော တိုက်နောက်ဘက် ကြောင်လိမ်လှေကားက ကသုတ်ကရက် ပြေးထွက်သွားခဲ့တာမှ လွတ်သွားတာပဲ၊ ကျွန်တော် စုံစမ်းရမိသလောက် ပြောရရင် ဒီဝေဆာဆိုတဲ့ ငနဲဟာ ဥာဏ်ထက်မြက်တာနဲ့အမျှ သေနတ်ပစ်တဲ့နေရာမှာလဲ အင်မတန် လက်ဖြောင့်တယ်ဆိုပဲ၊ ဒါကြောင့် တချို့လူတွေက ရန်ငြိုးကိစ္စမှာ လူဆိုးဝေဆာကို ငွေပေးပြီး ကြေးစားအဖြစ် ခိုင်းကြသတဲ့ ကိုညိမ်းမောင်'

ဟု ရှည်လျားစွာ ပြောပြလေသည်။

ကျွန်ုပ်က စိတ်ဝင်စားလွန်းသောကြောင့်. . .

'ဆက်ပြောပါဦး ကိုနန်းထိုက်'

ဟု လောဆော်လိုက်လေ၏။

ဤတွင် အိုင်အိုနန်းထိုက်က. . .

'အဲဒီလောက် လျင်တဲ့လူ တစ်ယောက်ဟာ. ထူးဆန်းတဲ့ ဒဏ်ရာ ဒဏ်ချက်နဲ့ လွယ်လင့်တကူ အသတ်ခံရတာဟာ ကျွန်တော့် အတွက် ပဟေဠိတစ်ပုဒ်လိုဖြစ်ရတာ အမှန်ပဲ ကိုညိမ်းမောင် မြုပ်ကွက်တစ်ကွက်တော့ ရှိနေပြီထင်တယ်'

ဟု ဆိုရာ ကျွန်ုပ်က အံ့ဩသွားလျက်. . .

'မြုပ်ကွက် ဟုတ်လား၊ ဘယ်လို မြုပ်ကွက်လဲဗျ'

ဟု မေးရပြန်လေ၏။ ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ဘာရယ်တော့ ပြောလို့မရနိုင်သေးဘူးဗျာ'

ဟု မေးစေ့ကို လက်ညှိုးဖြင့်ထောက်ရင်း စဉ်းစားသတဲ့သို့



ပြောလိုက်လေ၏။

ကျွန်ုပ်မှာ မရိုးမရွဖြစ်သွားကာ. . .

'ပြောစမ်းပါဦး ကိုနန်းထိုက်၊ ဘယ်လို မြုပ်ကွက်မျိုးကိုဆိုလိုသာလဲ'

ဟု မရအရ မေးမြန်းလိုက်ပြန်သည်တွင် အိုင်အိုနန်းထိုက်က. . .

'အင်း. . . ခင်ဗျားသိချင်တဲ့ ကိစ္စကို ကျွန်တော် မပြောနိုင်တာ ဝမ်းနည်းပါတယ် ကိုညိမ်းမောင်၊ အရေးကြီးတာက ဝေဆာနဲ့ဆက်ဖြစ်တဲ့ သံသရာကို တွေ့ရှိဖမ်းဆီးမိဖို့ အရေးကြီးတယ်၊ ဒါမှဟုတ်ရင်တော့ ကျွန်တော် ပြောသလိုမြုပ်ကွက်ဆိုတာ အသေအချာရှိနေပြီ ဆိုလိုရလိမ့်မယ်' ဟု ပြောလေ၏။

ထို့နောက် ကျွန်ုပ်က. . .

'လူဆိုးဝေဆာရဲ့အလောင်းက ဓားဒဏ်ရာကြီးဟာ ခင်ဗျားပြောချက်အရဆိုရင် ရောမလူသန်ကြီးတစ်ယောက်ရဲ့ ပြင်းထန်တဲ့ထိုးချက် ဟုတ်လား ကိုနန်းထိုက်'

ဟု ကျွန်ုပ်က ပြောလိုက်၏။

အိုင်အိုနန်းထိုက်က ခေါင်းညိတ်၍. . .

'အင်း. . . အဲဒီအတိုင်း ခန့်မှန်းတာပါပဲ'

ဟု ပြောလေ၏။

ကျွန်ုပ်တို့လည်း ခေတ္တမျှ ငိုင်တွေနေကြပြီးလျှင် အိုင်အိုနန်းထိုက်က. . .

www.burmeseclassic.com

www.burmeseclassic.com



'ဝေဆာကိစ္စကို ထားပြီး သံသရာဆိုတဲ့လူဆိုးအကြောင်း ကိုပြောပြမယ်' ဟု ဆို၏။

'လုပ်စမ်းပါဗျာ'

ကျွန်ုပ်က ရေနွေးကြမ်းတစ်ခွက် မော့သောက်ရင်း ထိုသို့ ပြောလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'သူ့အကြောင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ စုံစမ်းသိရှိရသလောက် ပြောရရင် သံသရာဟာ ဘယ်ဒေသက လာမှန်းမသိပေမယ့် အင်မတန် လောင်းကစား ဝါသနာပါပြီး ဒုစရိုက်လုပ်ငန်းလုပ်ကိုင်ရာမှာလဲ သတ္တိရှိတာနဲ့အမျှ ကျွမ်းကျင်တယ်ဆိုပဲ၊ ပိုရိုသေ သပ်တယ်ဆိုရင် ပိုပြီး မှန်တာပေါ့' ဟု ပြော၏။

'အင်း. . . အင်း'

'အဲဒီ အချိန်တုန်းက ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက်တို့နဲ့ တစ်ဖွဲ့တည်းသားတွေ ဆိုပါတော့ ကိုညိမ်းမောင်'

'ဟုတ်ပြီ ဆက်ပါဦး'

'ဟဲ. . . ဟဲ. . . ဟဲ. . . ဒီမှာတင် ခင်ဗျား စိတ်ဝင်စားမယ့် အကြောင်းအရာ တစ်ခုကို ပြောပြမယ်'

'လုပ်ပါ ပြောပါ ကိုနန်းထိုက်'

သို့သော် ထိုနေရာအရောက်၌ အိုင်အိုနန်းထိုက်က ကျွန်ုပ်အား နောက်ပြောင် ကျီစယ်နေကျအတိုင်း ဆက်ပြောခြင်းမပြုတော့ဘဲ စတိုင်လိုစီးကရက် တစ်လိပ်ကို ထုတ်ယူကာ မီးညှိပြီးလျှင်



မြိန်မြိန် ရှိုက်ဖွာနေလေတော့၏။

ကျွန်ုပ်မှာ လွန်စွာ မရိုးမရွ ဖြစ်သွားပြီးလျှင်. . .

'လုပ်ပြီ ခင်ဗျား အဲဒါကြောင့် အခုထိ လူပျိုကြီးဘဝနဲ့ နေရတာဗျို့၊ သူများကိုညှဉ်းဆဲလို့ပေါ့'

ဟု မျက်စောင်းထိုး၍ အပြစ်တင်လိုက်လေ၏။

'အဟတ်. . . ဟား. . . ဟား. . . ဟား'

ကျွန်ုပ်အဖြစ်ကိုကြည့်ကာ အိုင်အိုနန်းထိုက်က သဘောကျသွားလျက် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ပြီးမှ ၎င်းက. . .

'တစ်ခါတစ်ခါ တစ်ဘက်သား သိပ်နားထောင်ချင်နေတဲ့ စကားတွေကို မပြောဘဲနဲ့ ရပ်နားပြီး ကလိရတာ အရသာတစ်မျိုးဗျ ကိုညိမ်းမောင်'

ဟု ဆက်လက်၍ နောက်ပြောင်နေပြန်သေး၏။

ကျွန်ုပ်က ငြိမ်သက်စွာ ရှိသည်တွင်မှ အိုင်အိုနန်းထိုက်က. . .

'ဇာတ်လမ်းကတော့ အင်မတန် စိတ်ဝင်စားစရာကောင်းတယ်ဆိုရမယ်လေ၊ လူဆိုး ငါးယောက်ထဲမှာ သံသရာဟာအရည်အချင်း အပြည့်ဝဆုံးဆိုတာ ကျန်တဲ့လေးယောက်က အလိုလို အသိအမှတ်ပြုပြီးသားဖြစ်လို့ သံသရာဟာ အားလုံးရဲ့ ခေါင်းဆောင် ဖြစ်နေတယ်'

'ဟုတ်ပြီ'

'စိတ်ဝင်စားစရာ ဖြစ်လာတာက သံသရာရဲ့ အရည်အချင်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို လေးစားပြီး ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက် တို့ညီအစ်ကိုသုံးယောက်ဟာ သူတို့ရဲ့ နှမလေးတစ်ယောက်ကို လူဆိုးခေါင်းဆောင် သံသရာနဲ့ သဘောတူသမျှစွာ ပေးစားလိုက်ကြတယ်ဆိုပဲ'

'ဟာ. . . ဟုတ်လှချည်လား၊ ကျွန်တော်ဖြင့် သိပ်ကိုစိတ်ဝင်စားသွားပြီ ကိုနန်းထိုက်ရာ'

ကျွန်ုပ်မှာ အမှန်အတိုင်းပင် အထူးစိတ်ဝင်စား သွားရသည့်အလျောက် ကလေးငယ် တစ်ယောက်ကဲ့သို့ ဣန္ဒြေပင် မဆည်နိုင်ဘဲ အိုင်အိုနန်းထိုက်ကို ပြောလိုက်လေ၏။ ထို့နောက် အိုင်အိုနန်းထိုက်က အောက်ပါအတိုင်းပြော ပြပြန်လေ၏။

'လူဆိုးခေါင်းဆောင် သံသရာက ပထမတော့ အင်တင်တင်နဲ့ သဘောမတူဘူးတဲ့ ကိုညိမ်းမောင်'

'ဟင်. . .'

'ဒါပေမယ့် အဲဒီမိန်းမပျိုက သိပ်ကိုချောမောတာနဲ့ နောက်ဆုံးတော့ သံသရာက သဘောတူပြီး မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းသင်းနေတော့တယ်တဲ့'

'အင်း. . . အင်း'

အိုင်အိုနန်းထိုက်က တိုသွားပြီဖြစ်သည့် စီးကရက်ကို အီတာလျံ ကျောက်သားဖြင့် ပြုလုပ်ထားသော ဆေးလိပ်ခွက်တွင် ထိုးခြေလိုက်၏။

ပြီးမှ ၎င်းက. . .



'နောက်တော့ ဘာကြောင့်ရယ် မသိဘူး၊ အဲဒီမိန်းမပျိုဟာ စုပ်စမြုပ်စ ပျောက်ကွယ်သွားတော့တယ်ဆိုပဲ၊ မကြာပါဘူး၊ သူတို့ဟာ အိုပ်စုနှစ်စု ကွဲသွားပြီး တစ်စုနဲ့တစ်စု လက်စားချေ တိုက်ခိုက်ကြတော့တာ ခင်ဗျားတို့ ကျွန်တော်တို့ အမြင်ပဲ လေဗျာ'

အိုင်အိုနန်းထိုက် စကားက အဆုံးသပ်လေပြီဖြစ်ရာ ကျွန်ုပ်က စဉ်းစားရင်းမှ. . .

'ဒီအမျိုးသမီးက ဘာကြောင့် ပျောက်ကွယ်သွားရတာလဲ၊ နောက်ပြီး သူတို့အုပ်စုဟာ ဘာကြောင့် ကွဲသွားပြီး အညီးကြီးစွာ တိုက်ခိုက်နေရတာလဲ၊ အကြောင်းတော့ရှိရမယ် ကိုနန်းထိုက်'

ဟု စုံထောက်ကြီး ရှားလော့ဟုမ်းလေသံဖြင့် ပြောလိုက်လေ၏။ ထိုအခါ အိုင်အိုနန်းထိုက်က. . .

'အကြောင်းကတော့ ရှိနေမှာပေါ့ ကိုညိမ်းမောင်၊ အဲဒီမိန်းမပျို ဘာကြောင့် ပျောက်ကွယ်နေရတာလဲဆိုတာ ကျွန်တော်တို့ နားမနေ စုံစမ်းနေဆဲပါပဲ၊ ဒါပေမယ့် မထူးခြားသေးဘူး ဆိုပါတော့'

ဟု ပြော၏။ ကျွန်ုပ်က. . .

'ကျွန်တော့်စိတ်ထင်တော့ သူတို့ရဲ့ နှမလေးကိစ္စနဲ့ ပတ်သတ်ပြီး အခုလို ရန်သူတွေဖြစ်သွားကြတာလို့ တွေးဆမိတယ်ဗျာ'

ဟု ထင်မြင်ချက်ကို ပြောလိုက်သည်။

အိုင်အိုနန်းထိုက်ကလည်း. . .

'ကျွန်တော်တို့လဲ ခင်ဗျားယူဆချက်အတိုင်း ထင်မြင်ယူဆကြပါတယ်၊ သို့ပေမယ့် တိကျခိုင်လုံတဲ့ အချက်တွေကို ထပ်မံရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းမှ ဖြစ်မှာပေါ့'

ဟု ဆို၏။

ကျွန်ုပ်က ခံတွင်းချဉ်သွားသဖြင့် ဂျွန်နက်ါး စပါယ်ရှယ် ဆေးပြင်းလိပ်ကို မီးညှိရှိုက်ဖွာရင်း ပြောပြီးခဲ့သည့်ဇာတ်လမ်းအား ပြန်လည်စဉ်းစားနေမိလေ၏။ ပြီးမှ ကျွန်ုပ်က. . .

'နေစမ်းပါဦးဗျ၊ ကျွန်တော် တစ်ခုလောက်မေးပါရစေ'

ဟု ရုတ်တရက်ပြောလိုက်ရာ အိုင်အိုနန်းထိုက်က ပြုံး၍. . .

'မေးပါ စာရေးဆရာကြီးရယ်'

ဟု ဆို၏။

ထို့ကြောင့် ကျွန်ုပ်က. . .

'အခုန ခင်ဗျားပြောတဲ့ဇာတ်လမ်းကို ဘယ်သူက ပြောတာလဲဗျ၊ တကယ်ရော ခိုင်လုံရဲ့လား'

ဟု မေးလိုက်၏။

ဤတွင် အိုင်အိုနန်းထိုက်က. . .

'ခင်ဗျားမေးတာ မေးသင့်-မေးထိုက်တဲ့ မေးခွန်းပါပဲ၊ ဒီလို ကိုညိမ်းမောင်၊ အရင်က သူတို့ လိုအပ်ရင် ခေါ်ခိုင်းလေ့ရှိတဲ့ ဖောက်ထွင်းဝိဇ္ဇာ ကိုဘသာဆိုတဲ့ လူဆိုးက ကျွန်တော့်ကျေးဇူးလဲ မကင်းလေတော့ သူသိခဲ့ရသမျှ ပြောပြခဲ့တာ ဆိုပါတော့၊ သူလဲ အဲဒီလောက် သိတာကလွဲလို့ ဒီထက်ပိုမသိရှာပါဘူး'

'ဟု ပြောပြ၏။



ကျွန်ုပ်က. . .

'အင်း. . . သူတို့နဲ့တွဲခဲ့ဖူးတဲ့ လူတစ်ယောက်က ပြောတယ်ဆိုတော့လဲ ခိုင်လုံတယ် ဆိုရမှာပေါ့လေ'

ဟု ဆိုလိုက်၏။ ပြီးမှ ကျွန်ုပ်ကပင်. . .

'အဲဒီဖေါက်ထွင်းဝိဇ္ဇာ ကိုဘသာဆိုတဲ့လူရော ဘယ်မှာလဲဗျ'

ဟု မေးပြန်သည်တွင် အိုင်အိုနန်းထိုက်က. . .

'သူကတော့ ဖောက်ထွင်းမှုတစ်ခုကြောင့် အခု ထောင်ထဲမှာ ရောက်နေတယ်လေ'

ဟု ဆို၏။ ထိုစဉ် ကျွန်ုပ်က တစ်စုံတစ်ရာကို ရုတ်တရက် သတိရမ ကာ. . .

'ဩော်. . . ကိုနန်းထိုက်ရေ၊ ကျွန်တော်တို့ သေနတ်ပစ်ခံရတဲ့ညက ဘုံဘေရက်စ်တောရင့်က အထွက်မှာ မြင်းရထားတစ်စီးပေါ်က မိန်းမအရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရတာ သတိရမိတယ်၊ အဲဒါ ဘယ်သူပါလိမ့်'

ဟု မေးလိုက်လေ၏။ အိုင်အိုနန်းထိုက်က မျက်မှောင်ကြုတ်၍ ငြိမ်သက်စွာစဉ်း စားရင်း. . .

'ခင်ဗျားမဆိုးပါဘူး၊ ဒါကို တော်ရုံလူသတိ မပြုမိနိုင်ဘူး ကိုညိမ်းမောင်၊ ဟုတ်တယ်. . . ကျွန်တော်တို့ကို ချက်ကောင်လာလုပ်တဲ့ သဘောပဲ၊ မိတ်ဆွေလား၊ ရန်သူလားဆိုတာတော့ အခုထိ ခွဲခြားရသေးဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၏။ ကျွန်ုပ်က. . .

'အဲဒီနောက်ပိုင်း အမျိုးသမီး တစ်ယောက်ယောက်ကများ ခင်ဗျားတို့ ပုလိပ်အဖွဲ့ကို ဆက်သွယ်တာများ မရှိဘူးလား'

ဟု မေး၏။ အိုင်အိုနန်းထိုက်က. . .

'မရှိပါဘူး၊ ကျွန်တော်ကလဲ အဲဒီနေ့က လျှပ်တစ်ပြက်မြင်ကွင်းကို သတိပြုမိပြီး တစ်နေ့နေ့မှာ မိန်းမတစ်ယောက်ယောက်က ပုလိပ်အဖွဲ့ကို ဆက်သွယ်လိမ့်မယ်လို့ မျှော်လင့်နေတာ၊ မျှော်လင့်သလို ဖြစ်မလာပါဘူးဗျာ'

ဟု စိတ်ပျက်သကဲ့သို့ ညည်းညူလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ထိုအမျိုးသမီး မည်သူမည်ဝါ ဖြစ်နိုင်သည်ကို စိတ်ကူးဖြင့် အသီးသီးမှန်းဆ ပုံဖော်နေမိကြလေ၏။

ပြီးမှ ကျွန်ုပ်က. . .

'ကိုနန်းထိုက်၊ အဲဒီအမျိုးသမီးဟာ ထူးဆန်းစွာပျောက်ကွယ်နေတဲ့ လူဆိုးခေါင်းဆောင် သံသရာရဲ့ ဇနီးသည် မဟုတ်ဘူးလား'

ဟု ရုတ်တရက် မေးလိုက်လေတော့၏။

အိုင်အိုနန်းထိုက်က ခေါင်းညိတ်ပြီးနောက်. . .

'ဖြစ်နိုင်သလို မဖြစ်နိုင်ဘူးပေါ့ဗျာ၊ ဘာကြောင့်လဲဆိုရင် တိတိကျကျ ခိုင်ခိုင်လုံလုံမရှိဘဲ စိတ်ကူးနဲ့ မှန်းဆနေရတာကြောင့်ပေါ့၊ အမှုတစ်ခုမှာ မှားတယ်မှန်တယ်ဆိုတာ သက်သေအပေါ်မှာ မူတည်သလိုပေါ့ဗျာ'



ဟု ပြောလေ၏။

ကျွန်ုပ်လည်း ထိုအခါကျမှ သဘောပေါက်လျက် ဆေးပြင်းလိပ်ကိုသာ နှင်းကန်ဖွာရှိုက်နေမိတော့သည်။

ယင်းအခိုက် အိုင်အိုနန်းထိုက်က. . .

'အမှုက ရှုပ်ထွေးလာတာနဲ့အမျှ ရှေ့လျှောက်ရက်ရက်စက်စက် လူသတ်မှုတွေလဲ ဆက်လက်ဖြစ်ပေါ် လာနိုင်တယ် တို့ညိမ်းမောင်၊ အဲဒီလို မဖြစ်ရအောင် ကျွန်တော့် အနေနဲ့ကြိုးစားပြီးကာကွယ်မှ ဖြစ်လိမ့်မယ်'

ဟု ပြောလိုက်စဉ်မှာပင် အပြင်ဘက်မှ လူနှစ်ယောက်တို့ရုတ်တရက်လှမ်း၍ မြင်တွေ့လိုက်ကြရလေတော့၏။

'ဟင်. . .'

'အလို. . .'

ကျွန်ုပ်တို့ နှစ်ဦးမှာ သံဘာဂျာတံခါးဝမှ လူနှစ်ယောက်တို့ကြည့်ကာ အံ့အားသင့်သွားရပေ၏။

အကြောင်းသော်ကား ထိုနှစ်ယောက်မှာ ဒရဝမ်ဗဟာဒူးနှင့် ဖိုးသူတော်ကြာပေါ်တို့ ဖြစ်နေသောကြောင့် တည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

'ဆပ် . . . ညြှိသည်နော်၊ ဆပ်ကို တွေ့ချင်လို့တဲ့ ချွန်နော် လာပို့တာပါ'

ဒရဝမ်ဗဟာဒူးက ကျွန်ုပ်ကို ကြည့်၍ သတင်းပို့၏။

ထို့ကြောင့် ကျွန်ုပ်က ခေါင်းညိတ်၍ . . .

'ဩော် . . . အေးအေး၊ ကျေးဇူးတင်တယ် ဗဟာဒူး၊ လာပျာ ဦးသူတော်'

ဟု ကျွန်ုပ်က ဗဟာဒူးကို ပြောရင်း တစ်ဆက်တည်းပင် ဖိုးသူတော် ကြာပေါ်ကိုလည်း ဖိတ်ခေါ်လိုက်ရ လေတော့သည်။ ဗဟာဒူး ထွက်ခွာသွားသောအခါ ဖိုးသူတော်ကြာပေါ်က သံဘာကျာ တံခါးကိုဆွဲဖွင့်၍ ဝင်ရောက် လာပြီးနောက် ဆက်တီတစ်လုံး အပေါ်တွင် ထိုင်ရင်း . . .

'နေရာ အတိအကျ သိခဲ့ရပြီ အိုင်အိုနန်းထိုက်'

ဟု တုံးတိ ပြောချလိုက်လေ၏။

'ဗျာ'

ကျွန်ုပ်က နားမလည်သဖြင့် အူကြောင်ကြောင် ဖြစ်ကာ, အထက်ပါအတိုင်း ပြန်မေးလိုက်စဉ် အိုင်အိုနန်းထိုက်က . . .

'ဦးသူတော်ဥစ္စာ သေချာရဲ့လားဗျာ'

ဟု မေးလေ၏။ ဖိုးသူတော် ကြာပေါ်က ပြုံး၍ . . .

'သိပ်ကို သေချာတာပေါ့ အိုင်အိုနန်းထိုက်၊ နေရာက ကြို့



ဆုန်းဘက်မှာပဲ၊ လူနေရပ်ကွက်နဲ့ဝေးပြီး ထီးထီးမားမား ရှိနေတဲ့ တိုက်အိုကြီးတစ်လုံးပေါ့'

ဟု တိတိကျကျ ပြောလိုက်လေ၏။

ကျွန်ုပ်က နားမလည်သောကြောင့် . . .

'အဲဒီတိုက်အိုကြီးမှာ ဘယ်သူတွေရှိတာလဲ ဦးသူတော်'

ဟု မေး၏။

သို့သော် အိုင်အိုနန်းထိုက်က ကျွန်ုပ်စကားကိုအလေးမမူဘဲ ဖိုးသူတော် ကြာပေါ်အား . . .

'တစ်ယောက်လား၊ သုံးယောက်လား'

ဟု မေးပြန်၏။

'သုံးယောက်'

ဖိုးသူတော် ကြာပေါ်က လက်သုံးချောင်း ထောင်၍တိုတို ပြတ်ပြတ်ပြောလိုက်လေ၏။ ထို့နောက် အိုင်အိုနန်းထိုက်က . . .

'ဘယ်အချိန်မှာ အကောင်းဆုံးလဲ'

ဟု မေးပြန်သည်တွင် ဖိုးသူတော် ကြာပေါ်က . . .

'ညဉ့်နက်လေ ကောင်းလေပေါ့'

ဟု ဆို၏။

'ကောင်းပြီ၊ ဒါဖြင့် ကျွန်တော် အစီအစဉ်လုပ်လိုက်တော့မယ် ဦးသူတော်'

ဟု ဆိုရာ ဖိုးသူတော် ကြာပေါ်က ခေါင်းညိတ်လိုက်လေသည်။

www.burmeseclassic.com

ထိုအခါ အိုင်အိုနန်းထိုက်က ကျွန်ုပ်အား တစ်ချက်ကြည့်ကာ တယ်လီဖုန်းရှိရာ အိမ်ပေါ်ထပ်သို့ လှေကားမှ တစ်ဆင့်တက်ရောက်သွားခဲ့လေတော့၏။ ဤတွင် ကျွန်ုပ်က ဖိုးသူတော်ကြာပေါ်အား. . .

'ကြို့ကုန်းက တိုက်အိုကြီးအကြောင်း ပြောပြစမ်းပါဦး ဦးသူတော်'

ဟု မေးလိုက်လေ၏။ ဖိုးသူတော်ကြာပေါ်က ပြုံးပြီးနောက်. . .

'ဘာပြောစရာ လိုလဲ စာရေးဆရာ၊ တစ်ခါက အဲဒီ အိမ်ကြီးရဲ့ မြေအောက် လျှို့ဝှက်အခန်းမှာ ခင်ဗျား နေခဲ့ပြီးပြီပဲ. . .'

ဟု ဆို၏။

'ဟင်. . . ဒီ. . . ဒီလိုဆို ဦးသူတော်ပြောတဲ့ လူသုံးယောက်ဆိုတာ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ ထင်တိုင်းပေါက်တို့ကို ဆိုလိုတာပေါ့ ဟုတ်လား'

ကျွန်ုပ်က ရုတ်တရက် အံ့သြကာ ပြူးပြူးပျာပျာ ပြောလိုက်သည်တွင် ဖိုးသူတော် ကြာပေါ်ကပြုံး၍ ခေါင်းညိတ်ပြရှာ၏။ ထိုအခါမှပင် ကျွန်ုပ်မှာ ၄င်းတို့နှစ်ဦး ပြောဆိုကြသည် များကို ရေရေလည်လည် သဘောပေါက်မိပေလေ၏။

အမှန်စစ်စစ် ဖိုးသူတော် ကြာပေါ်၏ ကြိုးကြိုးစားစား ယောက်လှမ်းစုံစမ်းမှုအရ လျှို့ဝှက်ဖုံးကွယ်လျက်ရှိကြသော လူဆိုးကြီးသုံးဦးကို နေရာ အတိအကျစုံစမ်းသိရှိခဲ့ရပြီး ဖြစ်ကြောင်းသေ



သည်။ ကျွန်ုပ်က ဖိုးသူတော် ကြာပေါ်လက်ကို အားပါးတရဆုပ်ကိုင်ပြီးလျှင်. . .

'ဦးသူတော်က သိပ်ကိုတော်တယ်ဗျာ၊ ကျွန်တော် ချီးကျူးပါတယ်'

ဟု ပြောလိုက်မိလေ၏။ ဖိုးသူတော် ကြာပေါ်က. . .

'ကျုပ်က လူဆိုးဓါးပြတွေရဲ့ ဒုက္ခပေးမှုကို အတော်ခံခဲ့ရတာလားဗျာ၊ အိုင်အိုနန်းထိုက်ရဲ့ အကူအညီကြောင့်သာ အဲဒီဒုက္ခက လွတ်မြောက်ရတာ၊ ဒါကြောင့် လူဆိုးသူဆိုးဆိုရင် အလိုလိုမုန်းတီးပြီး အိုင်အိုနန်းထိုက် အလိုရှိတဲ့ အခါစေတနာ စုံထောက်အဖြစ် ကူညီပါရစေဆိုပြီး အခုလိုထောက်လှမ်းစုံစမ်းတာပေါ့'

ဟု ပြောလေ၏။

'ကောင်းပါလေ့ဗျာ'

ကျွန်ုပ်က ချီးကျူးလိုက်စဉ် အိုင်အိုနန်းထိုက် တစ်ယောက်အပေါ်ထပ်မှ ဆင်းလာသည်ကို လှမ်း၍တွေ့မြင်လိုက်ရပေတော့၏။ ကျွန်ုပ် လှမ်းကြည့်လိုက်သောအခါ အိုင်အိုနန်းထိုက်၏ မျက်လုံးများ အရောင်တစ်မျိုးဖြင့်လင်းလက်စူးရှတောက်ပ နေသည့်အဖြစ်ကို ထူးခြားစွာ မြင်တွေ့လိုက်ရပေ၏။

ယင်းသည်ကား စွန့်စားဆောင်ရွက်ရမှု တစ်ခုခုနှင့်နီးကပ်လာသည့်အခါတိုင်း ဖြစ်ပေါ်နေကျ အိုင်အိုနန်းထိုက်၏ဓလေ့ဖြစ်ကြောင်း လွန်စွာရင်းနှီးသော ကျွန်ုပ်အနေနှင့်လည်း သဘောပေါက်မိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံတွင် ဝင်ထိုင်ရင်း အိုင်အိုနန်းထိုက်က. . .

'ဆယ့်တစ်နာရီတိတိမှာ အစီအစဉ်စဖို့ ကျွန်တော် မီးစိမ်းပြလိုက်ပြီ ဦးသူတော်၊ ဆယ်နာရီလောက်မှာ ဂျမဒါမှူးသာတို့အဖွဲ့ ဒီကိုရောက်လာကြလိမ့်မယ်၊ အဲဒီကျမှ အစီအစဉ်အသေးစိတ်ကို ပြောကြတာပေါ့'

ဟု ဆို၏။

ထို့နောက် ကျွန်ုပ်က ဖိုးသူတော် ကြာပေါ်စားသောက်ရန် အတွက် လက်ဖက်ရည်ဖျော်၍ ပေါင်မုန့်ကြော်များကို ချပေးလိုက်လေတော့သတည်း။

❖❖❖❖❖

အခန်း (၁၅)

'ကျွိ. . . အိ. . . အိ'

'ကျွိ. . . ကျလိ. . . ကျိ'

ရှေ့ဆင့် နောက်ဆင့် ဆိုသကဲ့သို့ပင် ပုလိပ်ကားနှစ်စီးက ဆင်ဝင်အောက်သို့ ထိုးဆိုက်လာခဲ့လေ၏။ ကျွန်ုပ်က တိုင်ကပ်နာရီကြီးကိုလှမ်းကြည့်လိုက်သည်တွင် ညဆယ်နာရီ ငါးမိနစ်ရှိပြီ



ကြောင်း တွေ့လိုက်ရပေ၏။

'အချိန်အတော်ပါပဲ'

အိုင်အိုနန်းထိုက်က ပုလိပ်ကားပေါ်မှ ဆင်းလာကြသည့် ဂျမဒါမှူးသာနှင့်စုံထောက်များ ကိုကြည့်ရင်း ပြောလိုက်လေ၏။

စုံထောက်အားလုံး ဧည့်ခန်းတွင်စုရုံးမိကြသောအခါ အိုင်အိုနန်းထိုက်က. . .

'ဒီအခွင့်အရေးဟာ တစ်သက်ရခဲ့တဲ့ အခွင့်အရေးလို့ ဆိုရမှာပဲ၊ ဟောဒီ စုံထောက်ဦးသူတော် လျှို့ဝှက်ထောက်လှမ်းလို့ ရခဲ့တဲ့ သတင်းစကို မင်းတို့ငါတို့က ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် လုပ်ကိုင်နိုင်ကြဖို့ လိုတယ်၊ တကယ်လို့ မပိုင်နိုင်ရင်တော့နောက်တစ်ခါ ဒီအခွင့်အရေးမျိုး ရနိုင်ကြမှာ မဟုတ်ဘူး၊ သူတို့က မြေလျှိုးသွားမှာ သေချာတယ်'

ဟု ဆိုလိုက်လေ၏။ စုံထောက်များက စူးစူးစိုက်စိုက် နားထောင်နေကြရာ အိုင်အိုနန်းထိုက်ကပင်. . .

'ဒီတော့ အစီအစဉ်လုပ်မယ်၊ စုံထောက်ထွန်းလင်းနဲ့ တစ်ယောက်က အိမ်ရှေ့ပေါက်မှာ အသင့်ရှိပေစေ၊ ဆူးဗေဒါသောကြာနဲ့ နှစ်ယောက်က အိမ်နောက်ဘက်မှာ နေကြ၊ သေနတ်သံကြားခဲ့ရင် အပေါ်ထပ်ကို ဖြစ်တဲ့နည်းနဲ့ တက်လာခဲ့ကြ' ဟုဆို၏။

'ဟုတ်ကဲ့ ဆရာ'

'စိတ်ချပါ ဆရာ'

စုံထောက် ထွန်းလင်းနှင့်ဆူးဗေဒါသောကြာတို့က ပြိုင်တူလိုပြောလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိုင်အိုနန်းထိုက်က. . .

'ဂျမဒါမှူးသာ ကိုညိမ်းမောင်နဲ့ငါက အိမ်ထဲကိုရှာတဲ့နည်းနဲ့အရင်ဝင်ကြမယ်'

ဟု ပြောလိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်အား ကြည့်၍. . .

'ခင်ဗျားသေနတ်ကို ကျည်ဆန်တွေ စစ်ဆေးပြီး အသင့်ထည့်ပြီး မဟုတ်လား၊ အဲဒါ ယူခဲ့နော်' ဟု ဆို၏။

'ရှိပါတယ် ယူပြီးပါပြီ'

ကျွန်ုပ်က ခါးကြားတွင် အကျီစဖြင့် ဖုံးကွယ်ထားသော သေနတ်အိတ်ကို လက်ဖြင့်ပုတ်၍ ပြလိုက်၏။

အိုင်အိုနန်းထိုက်က. . .

'သိပြီးသားပါ ကိုညိမ်းမောင်၊ တာဝန်အရ မေ့ကျန်တာမရှိအောင် ပြောတဲ့အကျင့်က ရှိနေလို့ပါ' ဟု ဆို၏။ တစ်ဖန် ဖိုးသူတော်ကြာပေါ်ကိုကြည့်၍. . .

'တိုက်ခိုက်မှုတွေထဲမှာ ဦးသူတော်ကို မပါစေချင်ဘူးဗျာ ဒါကြောင့် ဦးသူတော်က စီအိုင်ဒီရုံးမှာ စောင့်နေပါလား၊ ဒါမှမဟုတ် ဒီအိမ်မှာပဲ စောင့်နေပေါ့၊ ကျွန်တော်တို့ ဝင်ခေါ်မယ်'

ဟု ဆိုရာ ဖိုးသူတော် ကြာပေါ်က ခေါင်းညိတ်လိုက်ပြီးလျှင်. . . .

'ဒီအိမ်မှာပဲ စောင့်နေမယ် အိုင်အိုနန်းထိုက်'

ဟု ပြောလေ၏။ ထို့နောက် အိမ်ကြီး၏ အနေအထားကို ဖိုးသူတော် ကြာပေါ်က အသေးစိတ် ပြောပြ၏။



'သေချာလိုက်တာဗျာ'

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ အိုင်အိုနန်းထိုက်က အားလုံးကို လက်ပြလျက်. . .

'သွားကြစို့ ကားတွေကို တစ်စီးနဲ့တစ်စီး ခပ်လှမ်းလှမ်းက ထားပြီး အိမ်ကြီးနဲ့ ဝေးရာမှာ ရပ်ပြီးမှ လူခွဲပြီး ခြေလျင်လျှောက်ကြ'

ဟု ထပ်မံ အမိန့်ပေးလိုက်လေ၏။ နောက် လူအားလုံးက ဖိုးသူတော် ကြာပေါ် အပါအဝင် လေးလေး စားစား နှုတ်ဆက်ကြပြီးနောက် ကားများပေါ် တက်ရောက်ကြ၏။

ပြီးလျှင် ကားများကို ဖြည်းဖြည်းမှန်မှန် မောင်းနှင်ထွက်ခွာသွားခဲ့ကြပေတော့၏။

'ဝူး. . . ဝူး'

'ဝူး. . .'

'ဝီ. . . ဝူး'

ကားများသည် ကုက္ကိုင်းမှ ချိုးကွေ့၍ လှည်းတန်း အဝင်းသို့ မောင်းနှင်လျက်ရှိ၏။ ထိုမှ အင်းစိန်လမ်းအတိုင်း တောက်လျှောက် မောင်းနှင် လာခဲ့သည်တွင် ကားမောင်းနေသည့်အိုင်အိုနန်းထိုက်က. . .

'ကိုညိမ်းမောင် အခန်းထဲကို ရောက်တာနဲ့ ခင်ဗျားက ချက်ချင်းမှာနေပြီး သေနတ်နဲ့သာ ချိန်ထား၊ ဘာပဲဖြစ်ဖြစ် မပစ်လိုက်နဲ့နော်၊ နောက်ပြီး ရန်ပွဲထဲကိုလဲ လုံးဝ ဝင်မပါပါနဲ့၊ အသွားသာချုပ်ထား' ဟု သတိပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က လွန်စွာ စိတ်အားထက်သန်လျက်ခါးကြားမှ သေနတ်ကို လက်ဖြင့်စမ်းရင်း. . .

'စိတ်ချပါ ကိုနန်းထိုက်၊ ဒါပေမယ့် ခင်ဗျားတို့ မရှုမလှခံရ ရင်တော့၊ ကျွန်တော့်လက်ညှိုးကို ကွေးလိုက်မှာပဲ'

ဟု အမှန်အတိုင်း ပြောလိုက်ရာ အိုင်အိုနန်းထိုက်က ပြုံး လိုက်သည်ကို လမ်းမာတ်မီးတိုင် အရောင်ဖြင့် ကျွန်ုပ်မသဲမကွဲမြင် လိုက်မိလေ၏။

ငှင်းအပြုံး၏ အဓိပ္ပါယ်ကို ကျွန်ုပ်အနေနှင့် ပုံဖော်ကြည့် သောအခါ 'ခင်ဗျားလဲ အမြင်ပါပဲ ကိုညိမ်းမောင်၊ လူဆိုးပေါင်း များစွာနဲ့ တိုက်ခိုက်သတ်ပုတ်လာတဲ့ အိုင်အိုနန်းထိုက်ပါ၊ ဘယ်တုန်း ကများ မရှုမလှ ခံရလို့လဲ၊ ဒီပွဲလဲ အရင်ပွဲတွေလို ဘာထူးမှာတုန်း ဗျာ'

ဟူသော စကားရပ်ကို ရရှိလေတော့၏။

လွန်စွာမှလည်း မှန်ကန်လှပေးရာ တိုက်ခိုက် သတ်ပုတ် စွန့်စားခြင်းအရာ၌ သူမတူအောင် ကျွမ်းကျင်လှသော အိုင်အိုနန်း ထိုက်အား ကျွန်ုပ်အနေနှင့် များစွာ ကိုးစားစိတ်များဖြစ်ပေါ်လာပြီး လျှင် စိတ်မာတ်များပင် တက်ကြွလာမိကြောင်း ဝန်ခံရမည် ဖြစ်ပေ၏။

ကားသုံးစီးက အင်းစိန်လမ်းမကြီးအတိုင်း ဖြည်းဖြည်းနှင့် မှန်မှန် မောင်းနှင်နေကြပြီးလျှင် ရှေ့ဆုံးမှ မောင်းလာသော ကျွန်ုပ် တို့ကားသည် သမိုင်းဟူသည့် အရပ်ကိုကျော်လွန်သည်နှင့် ချုံနွယ်



များ ထူထပ်လှသော နေရာတစ်ခုတွင် ထိုး၍ရပ်တန့်လိုက်တော့၏။

ထိုနည်းတူစွာ နောက်ဘက်မှ ကားနှစ်စီးလည်း ရပ်တန့် ကြစဉ်၊ ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက်၊ ဂျမဒါ မူးသာတို့က ဦးစွာ ဆင်းသက်ထွက်ခဲ့ကြ၏။ နောက်ဘက်မှ စုံထောက် ထွန်းလင်းနှင့် အခြားစုံထောက် နှစ်ယောက်အပြင် ဆူဗေဒါသောကြာနှင့် စုံထောက်တို့သည်လည်း ခပ်ခွာခွာမှ လိုက်ပါလာကြမည် ဖြစ်ကြောင်း လှည့်မကြည့်ဘဲနှင့် ကျွန်ုပ်သိပြီး ဖြစ်နေလေ၏။

ကျွန်ုပ်တို့သည် ခြေသံလုံလုံဖြင့် လျှောက်လာခဲ့ကြပြီးလျှင် အတော်ဝေးသောနေရာ ရောက်သောအခါ ကတ္တရာလမ်းမှ ဖဲ့ဆင်းခဲ့ ၍ မြောင်းလေးတစ်ခုကို ခုန်ကျော်လိုက်ကြစဉ်၊ အိုင်အိုနန်းထိုက်က မီးရောင်လက်လက်တွေ့ရသည့် ခပ်လှမ်းလှမ်းနေရာကို လက်ညှိုး ထိုးလျက်. . .

'ဖိုးသူတော် ကြာပေါ် ပြောတဲ့ တိုက်အိုကြီးဟာ အဲဒါပေါ့' ဟု ပြောလိုက်လေ၏။ ကျွန်ုပ်တို့ လှမ်းကြည့်လိုက်စဉ် မှိတ်တုတ် မှိတ်တုတ် ဖြစ်နေ သော မီးရောင်ကလေးမှာ ရုတ်ခြည်းပျောက်ကွယ် သွားသည် ကိုတွေ့ လိုက်ကြရာ ကျွန်ုပ်က. . .

'ဒီလူတွေ အိပ်မလို့ မီးအိမ်ကိုမှုတ်လိုက်တာ ထင်တယ်' ဟု ပြောလိုက်၏။

အိုင်အိုနန်းထိုက်က ဆက်လက်လျှောက်ကြရန် လက်ဟန် ခြင့် ပြသရင်း. . .

'အင်း. . . ဒီညဟာ လမိုက်ညဖြစ်တာ ဘုရားမတယ်လို့

www.burmeseclassic.com



ဆိုရ မှာပဲ'

ဟု မိုးပေါ်သို့ မော့ကြည့်လျက် ပြောလိုက်လေ၏။

ယင်းသို့ ဆက်လျှောက်ကြစဉ် ကမုထစ်များပြားလှသော ကွင်းတစ်ခုကို ဖြတ်ကျော်ရလေ၏။ ပြီးလျှင် ဇွက်ပျောပင်နှင့် မာလကာပင်များ ပွတ်သိပ် နေသည့် ဥယျာဉ်တစ်ခုကို ဖြတ်သန်း ရပြန်၏။

အတန်ကြာသောအခါ ချုံနွယ်စေးပျစ်များ ထူထပ်လှသည့် နေရာကို တိုးဝင်၍ တိုက်အိုကြီး၏ နောက်ဘက်သို့ ရောက်ခဲ့ကြတော့သည်။ ခေတ္တမျှ ကျွန်ုပ်တို့ ရပ်စောင့်လိုက်သောအခါ စုံထောက် ထွန်းလင်း၊ ဆူဗေဒါသောကြာနှင့်စုံထောက်လေးယောက်တို့ ရောက် ရှိလာကြရာ အိုင်အိုနန်းထိုက်က စကားမပြောတော့ပဲ တာဝန်ကျရာ နေရာများသို့ လက်ဟန်ခြေဟန်နှင့် ပြလိုက်တော့၏။

လူအားလုံးက နားလည်ကြောင်း ခေါင်းညိတ်အပြီးတွင် ကျွန်ုပ်၊ ဂျမဒါမူးသာနှင့် အိုင်အိုနန်းထိုက်တို့ သုံးယောက်က တိုက်အိုကြီးနံဘေးမှကပ်၍ အိမ်ရှေ့ဘက်သို့ လျှောက်ခဲ့ကြလေ၏။

တိုက်အိုကြီးသည် နှစ်ထပ်တိုက်ဆောက်ထားခြင်း ဖြစ် သော်လည်း လူမနေသည်မှာ နှစ်ပရိစ္ဆေဒများစွာ ကြာလှပြီဖြစ် ကြောင်း နံရံမှ ရေညှိများက သက်သေခံလျက် ရှိနေလေ၏။

အိမ်ဘေးတစ်နေရာတွင် တစ်စုံတစ်ရာတွေ့ဟန်ဖြင့် ဂျမဒါ မူးသာက ရုတ်တရက်ရပ်ကာ အိုင်အိုနန်းထိုက်ကို လက်ညှိုးထိုး သဖြင့် ကျွန်ုပ်ကြည့်ရှုလိုက်၏။



တွေ့ရသည်ကား မှန်တရွတ်ကပ်တစ်ခုဖြစ်၍ ယင်းတရွတ် ကပ်တွင် ကံအားလျော်စွာ မှန်တစ်ချပ်ပြုတ်နေကြောင်း တွေ့ရ လေ၏။ အိုင်အိုနန်းထိုက်က ဂျမဒါမူးသာ နားနားကပ်၍ တီးတိုး ပြောလိုက်ပြီးလျှင် နံရံဘေးသို့ ကပ်ရက်ထိုင်လိုက်ရာ ဂျမဒါမူးသာက ပေါ့ပါးစွာ အိုင်အိုနန်းထိုက်ပခုံး တစ်ဖက်တစ်ချက်သို့ ခြေထောက် များဖြင့် တက်လိုက်လေ၏။

အိုင်အိုနန်းထိုက်က တဖြည်းဖြည်း မတ်တတ်ရပ်လိုက်သည် တွင် ဂျမဒါမူးသာကလည်း နံရံကို လက်နှင့်စမ်း၍ မတ်တပ်ရပ် လိုက်၏။ ထိုအခါ မှန်တရွတ်ကပ်သည် ဂျမဒါမူးသာ၏ ဦးခေါင်း အထက်တွင် ရှိနေလေတော့၏။

ဂျမဒါမူးသာက မည်သို့လုပ်လိုက်သည် မသိပေ။ ခေတ္တမျှ အကြာတွင် မှန်တစ်ချပ်သည် ၎င်းလက်ထဲတွင် ပါရှိလာရာ ၎င်းက အိုင်အိုနန်းထိုက်ကို လှမ်းပေးလိုက်၏။ တစ်ဖန် အိုင်အိုနန်းထိုက်က ကျွန်ုပ်ကို လှမ်းပေးသည်တွင် ကျွန်ုပ်လည်း ယူ၍ နံရံဘေးတွင် ချထားလိုက်တော့၏။

ကျွန်ုပ် ပြန်ထလိုက်သောအခါတွင်ကား ဂျမဒါမူးသာကို မတွေ့ရတော့ပေ။ အမှန်စင်စစ် ဂျမဒါမူးသာသည် မှန်နှစ်ချပ်လွတ် သည့် ကိုယ်ဝင်သာရုံအပေါက်မှ သွက်လက်စွာဖြင့် အိမ်အိုကြီးထဲ သို့ဝင်ရောက်သွားပြီး ဖြစ်သောကြောင့်တည်း။

ကျွန်ုပ်မှာ စွန့်စားလွန်းသော ဂျမဒါမူးသာအတွက် တွေး ၍ ရင်ဖိုမိရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်မှာ အိမ်အိုကြီး၏ ထောင့်စွန်းတွင်ငြိမ်သက်စွာ ရပ်လျက်ရှိရာ ကျွန်ုပ်လည်း ဆက်လက်ဖြစ်ပေါ်လာမည့် အခြေအနေကို ငြိမ်သက်စွာပင် စောင့်ကြည့်နေမိပေတော့၏။

အတန်ကြာသောအခါ အိုင်အိုနန်းထိုက်က ကျွန်ုပ်အား လက်ဆွဲ၍ အိမ်ရှေ့ဘက်သို့ ခေါ်လာခဲ့၏။ ခဏအကြာတွင် ဂျက်ဖြုတ်သံသဲ့သဲ့ကို ကြားရပြီးသကာလ ဆွဲတံခါးမှာ လူတစ်ကိုယ်ဝင်သာရုံ အပေါက်ပွင့်သွားလေ၏။

ထိုအခါမှပင် ဂျမဒါမှူးသာက အတွင်းမှနေ၍ တံခါးဖွင့်ပေးခြင်းဖြစ်ကြောင်း ကျွန်ုပ် နားလည်မိလိုက်တော့သည်။ တံခါးပွင့်လျှင်ပွင့်ချင်း အိုင်အိုနန်းထိုက်က ကျွန်ုပ်ကို ဝင်စေ ကာ ၎င်းကလည်း ကျွန်ုပ်နောက်ဘက်မှ ထက်ကြပ် လိုက်ပါလာခဲ့ လေ၏။

အိမ်ကြီး၏ အတွင်းဘက်တွင် မှောင်ပိန်းလျက် ရှိနေရကား ကျွန်ုပ်မှာ မည်သည့်နေရာသို့ သွားရမည်မသိအောင် ဖြစ်နေရစဉ် ဂျမဒါမှူးသာက ကျွန်ုပ်လက်ကိုဆွဲ၍လှေကားဟု မှတ်ထင်ရသည့် နေရာသို့ ဆွဲခေါ်သွားပြီးလျှင် ရပ်နေရန် ပခုံးကိုဖိ၍ သတိပေး၏။

ပြီးလျှင် ဂျမဒါမှူးသာ၏ ခြေလှမ်းသံကို ကြားလိုက်ရလျက် ကျွန်ုပ်အနားမှ ပျောက်ကွယ်သွားပေ၏။ ထိုခဏတွင် မည်သို့ဖြစ်သည်မသိအောင်ပင် အပေါ်ထပ် မှမီးအလင်းရောင်များ ထွက်ပေါ်လာပြီးလျှင် အရိပ်သဏ္ဍာန်များ ကိုလည်း လှမ်းတွေ့လိုက်ရလေ၏။

ကျွန်ုပ်လှမ်းကြည့်လိုက်သောအခါ လှေကားခြေရင်းတွင်



အိုင်အိုနန်းထိုက်တစ်ယောက်သာ တွေ့ရလျက် ဂျမဒါမှူးသာမှာ ထူးဆန်းစွာ ပျောက်ကွယ်နေသည်ကို တွေ့ရပေ၏။

အိုင်အိုနန်းထိုက်နှင့် မလှမ်းမကမ်းတွင် ကျွန်းဗီရိုအဟောင်းတစ်ခုက ထီးထီးမားမား ရှိနေလေ၏။ ကျွန်ုပ်က ငုံ့၍ လှေကားလက်ရန်းဘေးတွင် ကွယ်နေလိုက် စဉ် ပေါ်ထပ်မှ အသံတစ်သံ ထွက်ပေါ်လာလေ၏။

'ဟေ့. . . အောက်ထပ်က ဘယ်သူလဲ'

'ကျုပ်ပါ ၊ အိုင်အိုနန်းထိုက်လေ၊ ခင်ဗျားတို့ကို ဖမ်းရအောင်လာခဲ့တာပဲဗျို့'

အိုင်အိုနန်းထိုက်က လှေကား ခြေရင်းမှ အထက်ပါအတိုင်း လှမ်းပြောလိုက်ရာ ကျွန်ုပ်မှာ ရန်သူများသိအောင် မိမိနေရာကို ပြလိုက်သည့် အိုင်အိုနန်းထိုက်အား နားမလည်နိုင်အောင် ဖြစ်သွားရပေ၏။

'ဘာ. . . နန်းထိုက်. . . ဟုတ်လား၊ ဒါဆို သေပေတော့'

'ဝုန်း. . . .'

'ဒုန်း. . . ဒလုန်း'

'ဟဲ ဟဲ ဟဲ ဟဲ'

ရုတ်တရက်ပြောလိုက်သံနှင့် အတူ အရာဝတ္ထု တစ်ခုက အပေါ်ထပ်မှ လှေကားအတိုင်း ကျလာရာ ကျွန်ုပ်မှာ ဟိုက်ခနဲ ဖြစ်သွားလျက် အသေအချာ ကြည့်လိုက်စဉ် အရက်စည်ကဲ့သို့သော သစ်သားစည်ပိုင်း တစ်လုံးလိမ့်ကျလာခြင်း ဖြစ်ကြောင်း သိရှိလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



ပေ၏။

စည်ပိုင်းမှာ အရှိန်နှင့် လျှင်မြန်စွာ ကျလာခြင်း ဖြစ်ရာ အိုင်အိုနန်းထိုက်၏ ကိုယ်ခန္ဓာ တည့်တည့်သို့ ဦးတည်ကျနေကြောင်း ကျွန်ုပ်မြင်တွေ့ရသဖြင့် လွန်စွာ ထိတ်လန့်ခြင်း ဖြစ်သွားရပေ၏။

သို့ရာတွင် စည်ပိုင်းကျအလာတွင် အိုင်အိုနန်းထိုက်က ရယ်မော၍ စက္ကန့်ပိုင်းမျှ စောစွာကျွံသစ်တစ်ကောင်ကဲ့သို့ လေပေါ်သို့ ခုန်တက်လိုက်၏။

'ဒုန်း. . . .'

'ခွမ်. . . .'

ထိုအခါ စည်ပိုင်းမှာ အိမ်ရှေ့တံခါးနှင့် ပြင်းထန်စွာတိုက်မိသွားကာ ကွဲထွက်သွားပေတော့၏။ စည်ပိုင်းထဲမှလည်း ဆီနှင့် အခြားရိက္ခာပစ္စည်းများ ဟိုမှ သည်မှ လွင့်စင်သွားသည်ကို တွေ့ရ၍ မျှမက သစ်သားစတစ်စပင် ကျွန်ုပ်ခြေထောက်သို့ လာရောက် ထိမှန်လေ၏။

ယင်းခဏမှာပင် အလင်းရောင်ကိုနောက်ခံပြု၍ အရိပ် မည်းကြီးသုံးခုသည် လှေကားမှတညီတညွတ်တည်း ထွက်ပေါ် လျက် ဆင်းလာခဲ့ကြပေတော့၏။

'မင်းတစ်ယောက်တည်းလား နန်းထိုက်'

ထိုသို့ ဆင်းလာရင်း တစ်ယောက်က မခန့်လေးစားမေး လိုက်ရာ ကျွန်ုပ်လည်း ပုန်းခိုနေသည့် လှေကား လက်ရန်းမှောင်ရိပ် မှ တစ်ဖက်နံရံသို့ လျှင်မြန်စွာ ခုန်လွှားပြီးနောက် ဆင်းလာသူများကို



သေနတ်ဖြင့် ထိုးချိန်ရင်း. . .

'မလှုပ်နဲ့နော်၊ လှုပ်တာနဲ့ ကျုပ်က မောင်းကို ညှစ်ပစ်လိုက်မယ်'

ဟု ကြိမ်းဝါး၍ သတိပေးလိုက်၏။

ထိုအခါ ဆောင်တိုင်းမြောက်၏ အသံက. . .

'ဩော်. . . စာရေးဆရာဆိုတဲ့ ပုဂ္ဂိုလ်လဲ ပါသကိုး၊ ပွဲကြီး ပွဲကောင်းပေါ့ကွာ၊ ဟဲ ဟဲ ဟဲ'

ဟု ဆို၏။

စကားဆုံးသည်နှင့် ထင်တိုင်းပေါက်ဟု မှတ်ထင်ရသူက လှေကားအလယ်လောက်မှနေ၍ အိုင်အိုနန်းထိုက်ဆီသို့ အမိအရ ခုန်အုပ်လိုက်တော့သည်။ ကျွန်ုပ်မှာ ဟာခနဲဖြစ်သွားကာ သေနတ် မောင်းကို အမှတ် တမဲ့ညှစ်လိုက်တော့မည်ကဲ့သို့ ဖြစ်သွားရ၏။

သို့စေကာမူ သတိကို အထူးထားရင်း လှေကားပေါ်တွင် ကျန်နေသူ နှစ်ယောက်ထံသို့သာ သေနတ်ကို လှမ်းချိန်ထားလိုက် လေ၏။ ရုတ်တရက် ထင်တိုင်းပေါက် ခန္ဓာကိုယ်က အိုင်အိုနန်း ထိုက်အပေါ်သို့ ခုန်ချလာသည်ကား မှန်၏။

သို့ရာတွင် အိုင်အိုနန်းထိုက်က ပေါ့ပါးစွာဖြင့် ဘေးသို့ခုန် ထွက်ပြီးလျှင် ညာခြေဖြင့် စက်ဝိုင်းခြမ်း ပတ်ကန်လိုက်လေ၏။

'ဝှီး. . . .'

'ဝုစ်. . . .'

'ဖတ်'

www.burmeseclassic.com

www.burmeseclassic.com



ထင်တိုင်းပေါက်ကလည်း လေဝဲကျွမ်းဖြင့် လက်တစ်လုံးခြား ခုန်ထွက်သွားခဲ့လေသည်။

ထိုခဏတွင် လှေကားရင်းသို့ ရောက်ရှိလာပြီဖြစ်သော ဆောင်တိုင်းမြောက်က ဓားမြှောက်တစ်ချောင်းဖြင့် အိုင်အိုနန်းထိုက်ဆီသို့ ကျွဲရိုင်း တစ်ကောင်ကဲ့သို့ အတင်း ဝင်ရောက် ထိုးလေ၏။

'ကဲကွာ'

'ဗွီး. . .'

'မရဘူးလေ'

'ဖြောင်း'

'ဒေါက်'

'အား'

အိုင်အိုနန်းထိုက် ရှေ့သို့ ခြေတစ်လှမ်း တိုးမည်ပြု၏။ ဆောင်တိုင်းမြောက် တုံ့ခနဲ ဖြစ်သွား၏။ ထိုအခါ အိုင်အိုနန်းထိုက်က နောက်ဘက်သို့ ခြေတစ်လှမ်း ရုတ်ခနဲ ဆုတ်လိုက်ပြီးလျှင် ဓားမြှောင်ကိုင်လက်ကို လက်ဝါးစောင်း ခုတ်ချလိုက်တော့သည်။

ဓားမြှောင်မှာ ဗီရိုကြီးအနီးသို့ လွင့်စဉ်သွားသည်ကို ကျွန်ုပ်တွေ့လိုက်ရစဉ် ယင်းဓားမြှောင်ကို ထင်တိုင်းပေါက်ကကောက်ယူရန်ကြိုးစားလိုက်၏။

'ဝုန်း. . .'

'ဒုန်း. . .'

'အား'



ထိုခဏမှာပင် ဗီရိုကြီးပြင်းထန်စွာ ရုတ်တရက်ပွင့်ထွက်လာကာ တံခါးရွက်မှာ ဓါးမြှောင်ကောက်ရန် ကြိုးစားသည့် ထင်တိုင်းပေါက်၏ ဦးခေါင်းကို တိုက်မိသွားလေတော့သည်။

ထို့ကြောင့် ထင်တိုင်းပေါက်မှာ ဦးခေါင်းကွဲလျက် သတိလစ်လဲကျသွားပေတော့၏။

ချက်ချင်းလိုပင် ပွင့်ထွက်သောဗီရိုထဲမှ ဂျမဒါမူးသာကခုန်လွှား ထွက်ပေါ်လာပြီးလျှင် အိုင်အိုနန်းထိုက်အား တိုက်ခိုက်ရန်ကြိုးစားနေသည့် ဆောင်တိုင်းမြောက်ကို ခုန်အုပ်တိုက်ခိုက်လိုက်ပေတော့၏။

ပွဲမှာ လွန်စွာ ကြည့်ကောင်းရကား ကျွန်ုပ်မှာ လှေကားပေါ်တွင် ရပ်တန့်နေဆဲ ဖြစ်သော ကြံ့တိုင်းအောင်ကို သေနတ်နှင့်ချိန်ရန် မေ့လျော့သွားခဲ့လေ၏။

'တောက်. . . ဒီလိုကိုး၊ ဒါဖြင့် တွေ့ကြသေးတာပေါ့လေ'

ပြောပြောဆိုဆို ကြံ့တိုင်းအောင်က ခါးကြားမှ သေနတ်ကိုဆွဲထုတ်ရန် ပြင်လိုက်၏။

'ဒိုင်း. . .'

'ဒေါက်'

'အား. . .'

ထိုအခါ အိုင်အိုနန်းထိုက်က ၎င်း၏သေနတ်ကို လျှပ်တစ်ပြက်ဆွဲထုတ်၍ လျင်မြန်စွာ လှည့်ပစ်လိုက်တော့သည်။

ကျည်ဆန်က သေနတ်ကိုင်ထားသည့် ကြံ့တိုင်းအောင်၏

www.burmeseclassic.com

www.burmeseclassic.com



လက်ကို ထိမှန်သွားသောကြောင့် သေနတ်က အောက်ဘက်လှေကားထက်ကို လွင့်ကျသွားသကဲ့သို့ ကြံ့တိုင်းအောင်လက်၌လည်း သွေးများ ဖြာခနဲ စီးကျလာခဲ့၏။

မယုံနိုင်အောင် မြန်ဆန်သည်နှင့်အမျှ သေနတ်ပစ်ရာ၌လည်း မယုံနိုင်အောင် လက်တည့်လှသည့် ကျွန်ုပ်မိတ်ဆွေ အိုင်အိုနန်းထိုက်အား ဂုဏ်ယူစွာ ကြည့်နေမိစဉ်၊ ကြံ့တိုင်းအောင်က ရုတ်တရက် အပေါ်သို့ တက်ပြေးရန် ဟန်ပြင်လိုက်၏။

'မပြေးနဲ့ ရပ်လိုက် ကြံ့တိုင်းအောင်'

ပြောပြောဆိုဆိုဖြင့် အိုင်အိုနန်းထိုက်က ကြောင်တစ်ကောင်ကဲ့သို့ လှေကားထစ်များကို ခုန်ကျော် တက်သွားလေ၏။

မကြာမီ ကြံ့တိုင်းအောင်ကလည်း ဒဏ်ရာရနေသည့်ကြားမှ အိုင်အိုနန်းထိုက်ကို ကြိုးစားတိုက်ခိုက်သကဲ့သို့ ဆောင်တိုင်းမြောက်ကလည်း ဂျမဒါမှူးသာနှင့် လက်ရည်ညီညီ တိုက်ခိုက်နေလေတော့၏။

တိုက်ပွဲများမှာ ကြောက်ခမန်းလိလိ ပြင်းထန်လှလေရကား ကျွန်ုပ်မှာ သေနတ်ကို လက်ဟွင်ကိုင်ရင်း ဟိုမှသည်မှ ကြည့်ရှုနေမိလေ၏။ ယင်းအခိုက်မှာပင် ဝုန်းခနဲတံခါးဖွင့်သံနှင့်အတူ စုံထောက်ထွန်းလင်း၊ ဆူပေဒါသောကြာနှင့်စုံထောက်များ ရောက် လာခဲ့လေ၏။

'ဟိတ်. . . မသေချင်ရင် ငြိမ်ငြိမ်နေလိုက်ကြ'

ကျွန်ုပ်မှာ ထိုအခါမှ လွန်စွာ အားတက်သွားလျက်



ထက်ပါအတိုင်း အော်ဟစ်၍ရာဇသံပေးလိုက်ပေတော့၏။

'ဟင်. . . '

'အလို'

ဝင်ရောက်လာသူများကို ကြည့်လျက် ကြံ့တိုင်းအောင်နှင့် ဆောင်တိုင်းမြောက်တို့မှာ အံ့အားသင့်ကာ တိုက်ခိုက်ခြင်းကို သိုလိုရပ်တန့်လိုက်ပေတော့၏။ ထိုအခါ စုံထောက် ထွန်းလင်းနှင့် ဆူပေဒါသောကြာတို့က ခုန်လွှား ရောက်ရှိလာကြပြီးနောက် သီးသီးလက်ထိပ် ခတ်လိုက် တော့သည်။

'ချပ်. . . '

'ချပ်. . . '

ကျန်စုံထောက်များက လဲကျနေသည့် ထင်တိုင်းပေါက်ကိုလည်း ချမ်းသာမပေးဘဲ လက်ထိပ်ခတ်လိုက်ကြလေ၏။

'ချပ်. . . '

'အေးပေါ့လေ. . . မင်းတို့က ဦးတော့လဲ ခံရမှာပေါ့ကွာ'

ကြံ့တိုင်းအောင်က အိုင်အိုနန်းထိုက်ကို မခံချည့် မခံသာ ကြည့်၍ အထက်ပါအတိုင်း ပြောလိုက်ရာ အိုင်အိုနန်းထိုက်က သာတ မထားဟန်ဖြင့် ပြုံး၍. . .

'အေးဗျာ၊ တကယ်လို့ ခင်ဗျားတို့ ပြစ်မှုတွေအတွက် တရားရုံးက သေဒဏ်၊ ဒါမှမဟုတ် တစ်သက်တစ်ကျွန်းဒဏ် ခဲ့ဘူးဆိုရင် တစ်နေ့မှာ ကျွန်တော်နဲ့ ဆုံကြဦးမှာ အသေအချာ ဒီအခါကျမှ မကြေပွဲလေး တစ်ပွဲလောက် နွှဲချင်တယ်ဆိုရင်လဲ

www.burmeseclassic.com



ခင်ဗျားတို့သဘောပါ။ အခုတော့ တာဝန်အရ ဆိုပါတော့ဗျာ'

ဟု အေးဆေးစွာ ပြောလိုက်လေ၏။ ထိုခဏမှာပင် သတိမေ့နေသည့် ထင်တိုင်းပေါက်လည်း သတိရလာကာ ၄င်း၏လက်မှ ခတ်ထားသော လက်ထိပ်ကို တစ်လှည့် စုံထောက်များကို တစ်လှည့် ကြည့်ရင်းမှ. . .

'တောက်. . . ငါတို့ရည်ရွယ်ချက် မပြည့်ခင် အဖမ်းခံရတာ နာလိုက်တာကွာ'

ဟု ရေရွတ်လျက် ဦးခေါင်း ဘယ်ညာ ယမ်းခါလိုက်လေ၏။

ထိုအခါ ဒဏ်ရာမှ သွေးစက်များက ကြမ်းပြင်အနှံ့သို့ စဉ်ထွက်သွားပေ၏။

အိုင်အိုနန်းထိုက်က. . .

'ခင်ဗျားတို့ ရည်ရွယ်ချက်က ဘာလဲ'

ဟု မေးလိုက်ရာ ထင်တိုင်းပေါက်က အံကြိတ်၍. . .

'သံသရာကို သတ်ဖို့'

ဟု ခတ်ပြတ်ပြတ် ပြောလိုက်လေ၏။

'သံသရာက အခု ဘယ်မှာလဲ'

အိုင်အိုနန်းထိုက် အမေးကို ထင်တိုင်းပေါက်က. . .

'သူ ဘယ်မှာရှိမှန်း မသိလို့ပေါ့ဗျာ၊ ကျုပ်တို့က ခင်ဗျား ဖွက်ထားတာပဲ ထင်တာ'

ဟု ထင်တိုင်ပေါက်ကဆို၏။ ထိုအခါ အိုင်အိုနန်းထိုက်က . . .



'ကျွန်တော့်ဆီမှာ သံသရာမရှိကြောင်း ခင်ဗျားတို့ စာရေးဆရာကို ဖမ်းမေးတုန်းက သိပြီးပြီ မဟုတ်လား'

ဟု ဆိုရာ ဆောင်တိုင်းမြောက်က. . .

'သိပြီးပါပြီ၊ ဒါကြောင့် ကျုပ်တို့ နေရာဒေသ အနှံ့ပဲ ကောင်ကို လိုက်ရှာတာမှာ သူက ဂုံအောင် ခြေရာဖျောက်နိုင်တာ ကြောင့်စရာ ဖြစ်နေတယ်' ဟု ပြောလေ၏။

ထို့နောက် အိုင်အိုနန်းထိုက်က မျက်လုံးဝင့်၍. . .

'နေစမ်းပါဦး၊ ခင်ဗျားတို့က ဝေဆာတစ်ယောက်သေသွားပြီဆိုတာရော သိရဲ့လား' ဟု မေးလိုက်၏။

'ဘာ. . .'

'ဘယ်လို'

'ဝေဆာသေပြီ ဟုတ်လား'

သုံးယောက်သားက လွန်စွာ အံ့သြလျက် အိုင်အိုနန်းထိုက်အား မျက်လုံးပြူး မျက်ဆန်ပြူးကြည့်လိုက်၏။ ကြံတိုင်းအောက်က ဆတ်တရတ် မေးလိုက်လေ၏။ ဤတွင် အိုင်အိုနန်းထိုက်က ဆယ်နန်းကျွန်းလေးထောင့်ကန် အနီးရှိ တိုက်ပျက်ကြီးတွင် အဝင်လူဆိုး ဝေဆာ၏အလောင်းကို တွေ့ရှိသည်အား စုံစေ့စွာ ပြောပြလိုက်၏။

စကားအဆုံးတွင် ဆောင်တိုင်းမြောက်က. . .

'ဟာ. . . ဒီလိုဆိုရင် သံသရာဆိုတဲ့ ကောင်ဟာ ဝေဆာကို သတ်သင်ပြီး ပတ္တမြားကြီးကို အပိုင်သိမ်းသွားခဲ့ပြီပေါ့ ပြီးတော့

www.burmeseclassic.com

ခြေရာလည်းဖျောက်ပြီး မေ့သလောက်ရှိမှ ပတ္တမြားကြီးကို ထုခွဲမယ်၊ တောက်. . . . ကျုပ်တို့က သူ့ကိုဂလဲ့စားခြေတဲ့အနေနဲ့ ရက်ရက်စက်စက် သတ်ပြီးမှ ပတ္တမြားကြီးကို ယူမလို့ဗျ၊ အခုတော့'

ဟုတ်ကြိတ်မနိုင် ခဲမရပုံဖြင့် အံကြိတ်၍ပြောလိုက်လေ၏။

ကျွန်ုပ်တို့ စိတ်ဝင်စားစွာ နားထောင်လျက်ရှိရာ အိုင်အိုနန်းထိုက်က ဆောင်တိုင်းမြောက်ကို ဆက်လက် မေးပြန်လေ၏။

'ခင်ဗျားတို့က သံသရာနဲ့ ဘယ်လိုဖြစ်လို့ ရန်ငြိုးရှိကြတာလဲ၊ အရင်က တစ်ဖွဲ့တည်း မဟုတ်လား'

ဆောင်တိုင်းမြောက်က အံကြိတ်လျက်မှ. . .

'ခင်ဗျားသိအောင် ပြောပြရရင် အရင်ကတော့ တစ်ဖွဲ့တည်းပါပဲ၊ ဒါကြောင့်လဲ တို့က သူ့အရည်အချင်းကို သဘောကျပြီး ကျုပ်တို့ရဲ့ တစ်ဦးတည်းသောနှမလေး မသဇင်နဲ့ ပေးစားလိုက်တယ်၊ ကျုပ်တို့နှမလေးက သိပ်ချောတော့ သူက သားမှတ်မှတ် မယားမှတ်မှတ် ဓပါင်းသင်းပါတယ်'

ဟု ဆို၏။

အိုင်အိုနန်းထိုက်က. . .

ဒါနဲ့ ကျွန်တော်ကြားရတဲ့ သတင်းအရဆိုရင် သံသရာက ပထမမှာ ခင်ဗျားတို့ညီမလေးကို ယူဖို့ အင်တင်တင်ဖြစ်နေတယ်ဆို'

ဟု မေးလိုက်၏။ ဆောင်တိုင်းမြောက်က. . .

'ဟုတ်ပါတယ်၊ နောက် ကျုပ်တို့ညီမလေး ချောတာကို တွေ့တော့မှ သူက သဘောတူလိုက်တာပါ၊ ဒီမှာ အဲဒီသတင်းကို



ခင်ဗျား ဘယ်ကရတာလဲဗျ'

ဟု မေးလိုက်ရာ အိုင်အိုနန်းထိုက်က ပြုံး၍. . .

'လောကကြီးမှာ အိုင်အိုနန်းထိုက်မသိတာ မရှိလှပါဘူး ဗျ'

ဟုဆိုကာ မိမိကိုယ်ကို အမွန်းတင်သလိုလိုနှင့် တစ်ကွက်ချန် ပြောကြားလိုက်၏။ ပြီးလျှင် ဆောင်တိုင်းမြောက်က. . .

'နောက်ပိုင်းမှာ သူ့လက်ထဲကနေ ကျုပ်တို့ညီမလေးရုတ်တရက် ပျောက်သွားတယ်၊ သူ့ကိုမေးတော့ သူလဲ မသိဘူးလို့ဆိုတယ်၊ ကျုပ်တို့ထင်တာက ဒီကောင်ဟာ ကျုပ်တို့ညီမလေးကို တစ်နည်းနည်းနဲ့ လက်စတုံး ဖျောက်ဖျက်ပစ်လိုက်တယ်လို့ ကြိမ်းသေယူဆလိုက်တာပဲ၊ ဒီမှာတင် တိုက်ခိုက်ကြရင်း မဆုံးနိုင်တဲ့ရန်ငြိုးတွေ ဖြစ်သွားကြရတာပေါ့'

ဟု ပြောပြ၏။

'ဪ. . . ဒီလိုကိုး'

အိုင်အိုနန်းထိုက်က ရေရွတ်လိုက်စဉ် ထင်တိုင်းပေါက်က

'ဒီကောင်နဲ့ ရင်ဆိုင်တွေ့ရခိုက် လွတ်လွတ်လပ်လပ် တိုက်ခိုက် သတ်ဖြတ်ချင်တာမှ ခင်ဗျားက မကြာခဏ ဝင်ရှုပ်နေလို့ ကျုပ်တို့က ခင်ဗျားကိုလဲ နံပါတ်နှစ် ရန်သူအဖြစ်သတ်မှတ်ပြီး တိုင်ပိုလ်တစ်ထောင်နားမှာ သေနတ်နဲ့ပစ်ပြီး လုပ်ကြံတာပေါ့'

ဟု ဆို၏။ ထိုအခါကျမှပင် ကျွန်ုပ်တို့ ကားဖြင့်သွားစဉ် ကားတစ်စီးပေါ်မှ သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံသူများမှာ ၎င်းတို့သုံးဦးဖြစ်ကြောင်း သိရှိရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က ခွင့်လွှတ်ပုံဖြင့်. . .

'ခင်ဗျားတို့ဘက်ကကြည့်တော့လဲ ကျွန်တော်တို့ဟာ ရှုပ်သလို ဖြစ်နေတာပေါ့လေ၊ ဒါကိုထားလိုက်ပါ၊ ကျွန်တော်တစ်ခုမေးချင်တယ်၊ မှန်မှန်ကန်ကန်ဖြေပါ'

ဟု ဆို၏။ ဆောင်တိုင်းမြောက်က. . .

'မေးပါ'

ဟု ဆို၏။ ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ကျောက်ကုန်းအိမ်ကြီး တစ်အိမ်မှာ သူဇာနွယ်ဆိုတဲ့ ချောချောလှလှ အဖြူရောင်ဝတ်စုံနဲ့ မိန်းမပျိုတစ်ဦးကို သတ်တာ ခင်ဗျားတို့လား'

ဟု မေး၏။ ထင်တိုင်းပေါက်က ခေါင်းခါ၍. . .

'မဟုတ်ဘူး'

ဟု ဖြေ၏။

'ကောင်းပြီ၊ ကျွန်တော်ယုံပါတယ်၊ ဒါဖြင့် ဘောင်ဓမ္မလမ်းကျောက်စာဝန်ဟောင်း ဦးပန်းရောင်ကိုသတ်တာ ခင်ဗျားတို့လား'

အိုင်အိုနန်းထိုက်က အထက်ပါအတိုင်း ဆက်လက်မေးမြန်းသည်တွင် ထင်တိုင်းပေါက်က. . .

'အဲဒီလူကြီးကိုသတ်တာ သံသရာနဲ့ ဝေဆာပါ၊ ကျုပ်တို့က ကျူရီယိုဆိုင်တစ်ခုကနေ အဲဒီလူကြီးအိမ်မှာရှိတဲ့ ရှေးဟောင်းမီးခွက်တစ်လုံးထဲမှာ အဖိုးတန်ပတ္တမြားကြီးတစ်လုံး ရှိနေတယ်ဆိုတာ သိလို့



အသွားမှာ သံသရာနဲ့ ဝေဆာက ဘယ်လိုကဘယ်လို သိသွားတယ် မသိဘူး၊ အဲဒီလူကြီးကိုသတ်ပြီး မီးခွက်ကိုယူသွားခဲ့တယ်၊ ကျုပ်တို့ ရောက်သွားတော့ မီးခွက်မတွေ့ရဘူး၊ လူကြီးရဲ့အလောင်းကိုပဲ တွေ့ရတာနဲ့ ခင်ဗျားတို့မလာခင် အသာ လစ်ထွက်ခဲ့ရတာပဲ'

ဟု ဖြေလေ၏။ အိုင်အိုနန်းထိုက်က. . .

'ဝေဆာဆိုသတ်တာ သံသရာပါလို့ ဘာကြောင့် အတတ်ပြောနိုင်ရတာလဲ'

ဟု ဆိုရာ ဆောင်တိုင်းမြောက်က. . .

'လယ်ပြင်မှာ အင်သွားသလို ထင်ရှားနေတာပဲဗျာ၊ သံသရာ ပတ္တမြားကြီးကိုယူပြီး တစ်နေရာရာမှာ ခြေရာဖျောက်ချင်လို့ ဝေဆာကို တိတ်တဆိတ် သုတ်သင်လိုက်တာပေါ့'

ဟု ဆို၏။

'ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်'

အိုင်အိုနန်းထိုက်က ခေါင်းညိတ်၍ ထောက်ခံလိုက်၏။ ဖြေလျှင် စုံထောက်များကို အိမ်ပေါ်ထပ်၌ရှိသော ပစ္စည်းများအား ရှာဖွေရန် အမိန့်ပေးလိုက်၏။

စုံထောက်များ အပေါ်ထပ်သို့ တက်သွားသောအခါ အိုင်အိုနန်းထိုက်က. . .

'အခုအတိုင်းဆိုရင် ခင်ဗျားတို့ ကျူးလွန်တဲ့ လူသတ်မှုရယ်လို့ မတွေ့ရသေးဘူး၊ တခြား ဒုစရိုက်မှုတွေသာ ရှိတာမို့ တရားရုံးက အတတ်နိုင်ဆုံး သက်ညှာစွာ ဆုံးဖြတ်လိမ့်မယ်လို့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်'

ဟု မိတ်ဆွေဆန်ဆန် ပြောကြားလိုက်သည်။

ကြံတိုင်းအောင်မှာ စကားတစ်ခွန်းမျှမပြောဘဲ လှေကား ပေါ်တွင် ငူငူကြီးရပ်နေလေ၏။ လက်မှသွေးစက်များကမူ တပေါက်ပေါက်ကျရောက်နေ ဆဲပင်ဖြစ်၏။

အတန်ကြာသောအခါ စုံထောက်များသည် အဝတ်အိတ် တစ်ခုကို ယူဆောင်၍ ဆင်းလာခဲ့ပြီးနောက် အိုင်အိုနန်းထိုက်အား လှုပ်ခါပြလိုက်၏။

'ချွင်. . . ချွင်'

ပြီးလျှင် စုံထောက်တစ်ယောက်က. . .

'သူတို့ရဲ့ ခိုးရာပါ တိုက်ရာပါ ရွှေထည်တွေပါဆရာ ကျန်တဲ့ပစ္စည်းက အသုံးအဆောင် ပစ္စည်းတွေသာဖြစ်လို့ ထားခဲ့ တယ်'

ဟု ဆို၏။

အိုင်အိုနန်းထိုက်က အဝတ်အိတ်ကို လှမ်းကြည့်ကာ. . .

'ကြည့်စမ်း၊ နည်းတဲ့ပစ္စည်းတွေ မဟုတ်ဘူး။ သုံးယောက် သား ချမ်းချမ်းသာသာ နေနိုင်တာတောင် မနေဘဲ ဒုစရိုက်မှုတွေ ဆက်လက်ကျူးလွန်ဖို့ ကြိုးစားနေတယ်'

ဟု အပြစ်တင်သကဲ့သို့ ပြောလိုက်ရာတွင် ထင်တိုင်းပေါက် က. . .

'ကျုပ်တို့လည်း အဲဒီအတိုင်း ရည်ရွယ်တာပဲ၊ အေးအေး



ဆေးဆေး နေတော့မယ် ကြံပေမယ့် ဘယ်အချိန်မှာ သံသရာနဲ့ ထိပ်တိုက်ရင်ဆိုင်ရမလဲ စိုးရိမ်နေတာ၊ နောက်ဆုံးသူ့ကို ရှင်းပြီးမှ အေးအေးဆေးဆေး နေကြမယ်လို့ ဆုံးဖြတ်ထားတာလေ'

ဟု ဆို၏။ အိုင်အိုနန်းထိုက်က. . .

'ခင်ဗျားတို့ သိထားဖို့က အတ္တလောဘဟာ ဆုံးရှုံးခြင်း ဖြစ်သလို၊ ရာဇဝတ်မှုဟာ ဘယ်တော့မှ ပြေးလို့မလွတ်ဘူးဆိုတာ ပါပဲ'

ဟု ပြောလိုက်၏။

ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်နှင့် ထင်တိုင်းပေါက် တို့ ညီအစ်ကိုသုံးယောက်မှာ ထိုအခါကျမှ သံဝေဂရဟန်ဖြင့် သက်ပြင်းကိုယ်စီရှိုက်လိုက်ပြီး နောက်ခေါင်းငိုက်စိုက်ကျသွားကြ လေတော့၏။

'မူးသာရေ. . . ပစ္စည်းတွေကို အပေါ်ထပ်က စတွန်းကင်း ဆီအိမ်ယူပြီး စစ်ဆေး၊ စာရင်းလုပ်'

ဟု အမိန့်ပေးလိုက်ရာ ဂျမဒါမူးသာလည်း အပေါ်ထပ်မှ ဆီအိမ်ကို သွားရောက်၍ ယူငင်ပြီးလျှင် စာရင်းများလုပ်လေ၏။ ထိုသို့ရှိစဉ် အိုင်အိုနန်းထိုက်က လက်ကိုင်ပဝါကို ထုတ်ယူ၍ ကြံတိုင်းအောင်ရှိရာသို့သွားကာ သွေးတိတ်စေရန် စည်းနှောင် ပေးရှာလေ၏။ ရန်သူပင် ဖြစ်သော်လည်း ဒုက္ခနှင့်တွေ့ကြုံနေသည့် မိတ်ဆွေ ရင်းချာကဲ့သို့ သဘောထားနိုင်သော အိုင်အိုနန်းထိုက်၏ အရည် အချင်းအား ကျွန်ုပ်အနေနှင့် မှတ်တမ်းတင်မိပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမှူးသာက စာရင်းပြုလုပ်ပြီးကြောင်း အစီရင်ခံသည် တွင် အိုင်အိုနန်းထိုက်က မီးအိမ်ကို ငြိမ်းလိုက်ရန်နှင့် အားလုံးတွ ခွာကြရန် ပြောကြားလိုက်သည်။ ထို့နောက် ကားသုံးစီးပေါ်တွ လူများကို မှုတအောင် တက်စေလေ၏။

ပြီးလျှင် ကားမီးများကို ဖွင့်၍လမ်းကျဉ်းလေးမှ တစ် ကတ္တရာလမ်းသို့ မောင်းခဲ့ကာ ထိုမှ အင်စိန်လမ်းမကြီးအတိုင် စတီဝပ် အချုပ်ရှိရာသို့ ဆက်လက်မောင်းနှင်ခဲ့ကြ လေ သတည်း။

❖❖❖❖❖

## အခန်း (၁၆)

ကျွန်ုပ်သည် ကြံတိုင်းအောင်၊ ဆောင်တိုင်းမြော ထင်တိုင်းပေါက် ညီအစ်ကို သုံးယောက်အား ဖမ်းဆီး၍ စက်ရှ တရားရုံးသို့တင်ပို့ရန် ကြိုးစားနေဆဲအထိ ကျွန်ုပ်မှာအဖြ အပျက်များကို သတိရနေဆဲ ရှိသေး၏။

အိုင်အိုနန်းထိုက်မှာမူ အလုပ်များနေသောကြောင့် ကျွန် ထံရောက်လာခြင်း မရှိခဲ့ပေ။



ကျွန်ုပ်မှာသာ ၎င်းအား မျှော်နေဆဲသာ ဖြစ်၏။ ဝတ္ထုရေး ရန် စိတ်ကူးထားသော်လည်း စိတ်မပါသဖြင့် မရေးဖြစ်တော့ပါချေ။

အဖြစ်အပျက်များကိုသာ ကျွန်ုပ်က စိတ်ဖြင့် တွက်ချက် နေမိရာ သူဇာနွယ်ဆိုသူ အသတ်ခံရသော မိန်းမပျိုသည် အမရ ပူရမြို့မှ ယတ္တန်းစင်ပိုင်ရှင် သူဌေးလင်မယား၏ သမီး ကျောက်စာ ဝန်ဟောင်း ဦးမန်းရောင်၏တူမဖြစ်လေသလား၊ တစ်ဖန် ပျောက်နေသည့် လှုရွှယ်မှာ လူသတ်တရားခံပေလား။ ထိုလှုရွှယ်သည် ယခုအခါ မည်သည့်အရပ် မည်သည့်ဒေသသို့ရောက်ရှိနေသနည်း၊ အသက်ရှင်လျက်သား ရှိပါသေး၏လား။ လူဆိုးညီအစ်ကိုသုံးယောက် ၏ နှမဖြစ်သူ မသဇင်နွယ်မှာ မည်သည့်အတွက်ကြောင့် ပျောက် ကွယ်သွားခဲ့သနည်း၊ လူဆိုးသဲသရာမှာ ပတ္တမြားကြီးတစ် လုံးနှင့် ည်ကဲ့သို့ ခြေရာဖျောက်နေသနည်း၊ ဘုံဘေရက်စ်တော့ရှင့် မှ အထွက် မြင်းရထားပေါ်တွင် လုစ်ခနဲ တွေ့လိုက်ရသော အမျိုး သမီးမှာ မည်သူပေနည်း။

စသည် စသည်ဖြင့် အကျိုးအကြောင်းများကို ဆက်စပ် စဉ်းစားမိပေ၏။

သို့သော်လည်း ကျွန်ုပ်အနေဖြင့် အမှန်အတိုင်း ဝန်ခံရလျှင် ဉာဏ်မမီသောကြောင့် မည်သို့မျှ စဉ်းစား၍ မရပါပေ။ ထို့ကြောင့် သည်း သက်ပြင်းကိုသာ အခါခါချမိလိုက်ရသည်။ ဤသို့ဖြင့် နောက်ထပ် ရက်သတ္တတစ်ပတ်ခန့် ကြာ သောအခါ အိုင်အိုနန်း ထိုက်မှာ သူ၏ ကားကလေးဖြင့် ကျွန်ုပ်နေအိမ်သို့ပေါက်ချလာသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အဟိုင်းမသိ ဝမ်းသာရမိ လေတော့၏။

'လာဗျာ. . . အလုပ်တွေ သိပ်များနေပုံ ရတယ်ထင်တယ် မပေါ်လာတာ အတော်ကြာနေပြီဗျ'

ဟု ကျွန်ုပ်က ခပ်သောသော ကြိုဆိုလိုက်၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ဟိုလူဆိုး ညီအစ်ကိုသုံးယောက်ကို စက်ရှင်တရားရုံးတင် နိုင်ဖို့သက်သေ၊ အထောက်အထား၊ အချက်အလက်တွေကို မနေမနား ရှာဖွေဆောင်ရွက် နေရတာကြောင့်ပါဗျာ'

ဟု ဆို၏။ ကျွန်ုပ်က နောက်ထပ် ပါးစပ်ဟမည့်အပြုတွင် အိုင်အို နန်းထိုက်က လက်ကာ၍. . .

'ဟိုး. . . ဆရာ၊ အမှုအကြောင်းတွေ မေးမလို့မဟုတ်လား ဘာဆိုဘာမှ နောက်ထပ် ထူးခြားမှု မရှိပါဘူး ကိုညိမ်းမောင်'

ဟု ဆို၏။ ကျွန်ုပ်မေးမည့် မေးခွန်းကို အတတ်သိလျှော် အထက်ပါ အတိုင်းပြောလိုက်သော အိုင်အိုနန်းထိုက်ကြောင့် ကျွန်ုပ်မှာ ကသိ ကအောက်ဖြစ်သွားရကာ. . .

'ကျွန်တော်မေးမယ့် မေးခွန်းကို ခင်ဗျားက ဘာကြောင့် ကြိုသိပြီး အခုလို ပြောရတာလဲ ကိုနန်းထိုက်၊ ရှင်းစမ်းပါဦး'

ဟု မေးလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'မထူးဆန်းပါဘူးဗျာ၊ ခင်ဗျားကိုယ်တိုင် တွေ့ကြုံပါဝင် ပတ်သက်ခဲ့တဲ့ ဒီမှုခင်းကို ကျွန်တော်မလာခင် ရက်တွေအတွင်း မှာ ခင်ဗျားဟာ မေ့မရနိုင်ဘဲဆက်စပ် စဉ်းစားမယ်၊ ပြီးတော့



ကျွန်တော့်ကို တွေ့တာနဲ့ ဒီအမှုရဲ့ ထူးခြားချက်တွေရှိမရှိ မေးမယ် ဆိုတာကလွဲလို့ ခင်ဗျားမှာတခြား ဘာပြောစရာ ရှိတာမှတ်လို့'

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ပြုံး၍. . .

'အင်း. . . အဲဒီလို ဆက်စပ် စဉ်းစားလိုက်တော့လဲအ ရသတလေးပါလား'

ဟု ဆိုလိုက်ရလေ၏။ ပြီးလျှင် ထုံးစံအတိုင်း လက်ဖက်ရည် ဖျော်ရန် သတိရလာ သောကြောင့် ကျွန်ုပ်က နေရာမှ ထလိုက်စဉ် အိုင်အိုနန်းထိုက်က လက်ကာ၍. . .

'လက်ဖက်ရည်မဖျော်နဲ့ ကိုညိမ်းမောင်၊ အခုထိ ကျွန်တော် ထမင်းမစားရသေးဘူးဗျ၊ ဒါကြောင့် ဘုံဘေရက်စ်တော့ရင့်ကိုပဲ သွားကြရအောင်'

ဟု ဆို၏။

'ကောင်းပြီလေ'

ကျွန်ုပ်က ထိုသို့ပြောပြီးလျှင် အဝတ်အစား အမြန်လဲလှယ် ပြီးနောက် အိုင်အိုနန်းထိုက်၏ ကားကလေးဖြင့်ပင် ထွက်ခွာလာခဲ့ကြ လေ၏။ လမ်းခရီးတွင် ကျွန်ုပ်က ခြေရာဖျောက် ရှောင်တိမ်းနေ သော လူဆိုး သံသရာကို အမြန်ဆုံးရှာဖွေသင့်ကြောင်းအကြံပေးရာ အားကို ဂရုတစိုက် မောင်းနေသည့် အိုင်အိုနန်းထိုက်က. . .

'လွယ်တော့မလွယ်ဘူး ကိုညိမ်းမောင်၊ သူနဲ့ဝေဆာတို့ နှစ်ယောက်တွဲပြီး ဒုစရိုက်မှုတွေ ကျူးလွန်နေဆဲမှာတောင် မမိနိုင်တာ၊ အခုလို ပတ္တမြားကြီးရပြီး ခြေရာဖျောက်နေတယ်

www.burmeseclassic.com



ဆိုတော့ ပိုလို့တောင် အရှာရခက်ပြီ ဆိုရမယ်လေ'

ဟု ဆို၏။ ကျွန်ုပ်က. . .

'ဒါနဲ့. . . အရင်က ခင်ဗျားမှန်းဆချက်ဟာ ကျောက်စာဝန် ပေါင်း ဦးပန်ရောင်အိမ်က ပျောက်သွားတဲ့ ရွှေပေါင်းမီးခွက်ကြီးထဲမှာ အဖိုးတန် ရတနာသိုက်ညွှန်းလို ဟာမျိုးရှိလိမ့်မယ်လို့ ယူဆတာတာနော်၊ အခုတော့ ပဉ္စမြားကြီး ရှိတယ်ဆိုတော့ မှန်းဆချက် သိပ်ကိုနီးစပ်တာပါပဲ'

ဟု ချီးကျူးလိုက်လေ၏။

အိုင်အိုနန်းထိုက်က ခပ်သဲ့သဲ့ ပြုံးကာ. . .

'ဒါကို ထားလိုက်ပါဗျာ၊ ကျွန်တော့်မိတ်ဆွေကြီးကို သိပ်ချီးကျူးနေမိတယ် ကိုညီမ်းမောင်'

ဟု ဆို၏။

ကျွန်ုပ်ကြောင်သွားစဉ် အိုင်အိုနန်းထိုက်ကပင် . . .

'တခြားလူ မဟုတ်ပါဘူး၊ ဖိုးသူတော် ကြာပေါ်ကို ပြောတာပါ။ စီအိုင်ဒီမှာသာ အမှုထမ်းမယ်ဆိုရင် တကယ့်စုံထောက်ကောင်း တစ်ယောက် ဖြစ်လာနိုင်တယ်ဗျ၊ အခုလဲ ခြေရာဖျောက်နေတဲ့ လူဆိုးသံသရာကို သူပဲ ဆက်လက်စုံစမ်းပါရစေလို့ ကျွန်တော့်ကို ပြောလာတယ်'

ဟု ဆို၏။ ကျွန်ုပ်ကလည်း. . . .

'ဟုတ်တယ်. . . သူ့ကြောင့်သာ ဟိုလူဆိုးညီအစ်ကို သုံးဦးကိုမိတာ၊ တကယ်တော်ပါတယ်'



ဟု ချီးကျူးလိုက်ရလေ၏။

သို့နှင့် ဘုံဘေရက်စ်တော့ရင့် ရှေ့သို့ ကားလေးရောက်ရှိသဖြင့် စက်သတ်ပြီး သကာလ ကျွန်ုပ်တို့လည်း ဆိုင်ရှိရာသို့ ...တ်လာခဲ့ကြ၏။ ထိုစဉ်မှာပင် မထင်မှတ်သော အဖြစ်အပျက် ...ခုတ ရှုတ်တရက် ဖြစ်ပွားသွားတော့၏။

အကြောင်းသည်ကား။

ကျွန်ုပ်တို့နှစ်ယောက်ခြေသုံးလှမ်းခန့် လျှောက်မိစဉ်အခိုက် ...ရိအနက်ကို ခေါင်းလုံးသည်အထိ ခြုံထားသည့် ကုလားမ ...ယောက်က နောက်ဘက်မှ အမြန်လျှောက်လာပြီးလျှင် ဖြုံးခနဲ ...ကိုလှပ်ကာ အိုင်အိုနန်းထိုက်၏နောက်ကျောကို ဓားမြှောင် ... တစ်အားစိုက်ချလိုက်တော့၏။

'ဟင်. . .'

ကျွန်ုပ်ကနောက်ဘက် ဘေးတစ်စောင်း အနေအထား ...ခနဲ လှုပ်ရှားသွားမှုကို ရိပ်ခနဲ မြင်လိုက်ရသောကြောင့် ...မေ့ငိုတ်သံတစ်ချက် ထွက်သွားခဲ့၏။ ထိုသည်ပင် အိုင်အိုနန်း... အသက်ကို ကယ်တင်လိုက် ခြင်းဆိုက မှားအံ့မထင်ပါပေ။

ကျွန်ုပ် အနေအထားကြောင့် အစဉ်သတိရှိနေသည့် ...အိုနန်းထိုက်က ချက်ချင်းရပ်၊ နောက် ညာခြေကို နောက်သို့ ...ဝိုင်းတစ်ခြမ်းဆုပ်၍ ဘက်လက်ဖြင့် ထိုးစိုက်လာသော ...မြှောင်ကိုင်လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားလိုက်တော့၏။

'ဝိုး. . . .'

www.burmeseclassic.com

www.burmeseclassic.com



'ဖတ်. . .'

'အမေ့. . .'

ထိုအခါ နာကျင်သွားပုံရသော ဆာရီခြုံ ကုလားမထံမှ အထက်ပါ အော်သံ ထွက်ပေါ်လာရာ ထိုအခါကျမှ သူမှာ မြန်မာ အမျိုးသမီးတစ်ဦးသာ ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိလေတော့၏။

အိုင်အိုနန်းထိုက်က အမျိုးသမီး၏လက်ကို မလွှတ်တမ်း ဆုပ်ထားရင်း. . .

'အမျိုးသမီး ဓားကိုလွှတ်ချလိုက်ပါ၊ ကျွန်တော် ဒီထက် နာနာညှစ်လိုက်ရင် ခင်ဗျားလက် အရိုးကျိုးသွားနိုင်တယ်'

ဟု အမျိုးသမီးတစ်ယောက်အား မနာကျင်စေလိုဟန်ဖြင့် ပြောလိုက်လေ၏။ လမ်းသွားလမ်းလာအချို့က ရပ်တန့်ကြည့်ရှုနေ ရာ ကျွန်ုပ်မှာ ချွေးပြန်နေလျက်မှ. . .

'ဟုတ်ပါတယ်၊ ဓားမြှောင်ကိုပေးပါ၊ ပြီးတော့ ကားမောင်း ထွက်ပြီး အေးအေးဆေးဆေး စကားပြောကြတာပေါ့'

ဟု ဆိုလိုက်ရ၏။ ပြောပြောဆိုဆို ကျွန်ုပ်က အရဲစွန့်၍ သူမလက်ထဲမှဓားကို ယူလိုက်ရသည်။ အိုင်အိုနန်းထိုက်က လွှတ်မပေးသေးပဲ၊ သူမ လက်ကို ဖမ်းဆွဲကာ ကားဆီသို့ ခေါ်လာ ခဲ့ရာ ကျွန်ုပ်က အလိုက်သိစွာပင် ကားတံခါးကို အပြေးအလွှား သွားရောက်၍ ဖွင့်ပေးရလေ၏။ ထို့နောက် ကျွန်ုပ်က ကားမောင်း သူနေရာ၌ ထိုင်ကာ ကားစက်နှိုး၍ မောင်းထွက်ခဲ့လေတော့၏။

'ဝူး. . . ဝူး'



ကားမောင်းထွက်ရင်း ပြုတင်းမှ လှမ်းကြည့်လိုက်သော အခါ လမ်းသွားလမ်းလာသူ အချို့က လျှပ်တစ်ပြက်ဖြစ်ပွားသော အနေအထားအား အံ့ဩဟန်ဖြင့် ကားကလေးကိုငေးမော ကြည့် ရှုနေသည်ကို ကျွန်ုပ်တွေ့ရသေးလေ၏။

ကျွန်ုပ်က ကားကို ကန်တော်ကြီးဘက် ကွေ့ရင်း အားနောက်ကြည့်မှန်မှ အမှတ်မထင် လှမ်းကြည့်လိုက်ရာ အိုင်အို နန်းထိုက်က အမျိုးသမီးလက်ကို မလွှတ်သေးဘဲ ဖမ်းဆုပ်ထား ကြောင်း တွေ့ရှိလိုက်ရပေ၏။

'ကျွီ. . . . အီ. . . . အီ'

ကျွန်ုပ်က ဖိုးစိန်မှန်လမ်းအနီး၌ မှောင်ရိပ်လွှမ်းသောခြံကြီး ဆံခြံအနီးတွင် ကားကိုထိုးရပ်လိုက်လေတော့၏။

နောက်ဘက်သို့ လှည့်ကြည့်သောအခါ ကျွန်ုပ်ဆောင်ရွက် ချက်များအား ကျေနပ်အားရသည့်အနေဖြင့် အိုင်အိုနန်းထိုက်က ခေါင်းညိတ်ပြုံးပြပြီးနောက် အမျိုးသမီးလက် လွှတ်ပေးလိုက်ပြီး. . .

'ကဲ. . . မင်းဘယ်သူလဲ၊ ဘာကိစ္စ ငါ့ကိုလုပ်ကြံတယ်ဆို တာပြောပေတော့' ဟုဆို၏။

သို့သော် အမျိုးသမီးက စကားကို ပြန်မပြောပေ၊ ပြီးလျှင် ရုတ်တရက် သူမခေါင်းတွင်ခြုံထားသော ဆာရီကိုဆွဲချလိုက်လေ၏။

ကျွန်ုပ်မှာ တွေ့မြင်ရသည့် အနေအထားကြောင့် ဖြုံနံ့စွာ အသင့်သွားရပေ၏။

အိုင်အိုနန်းထိုက်မှာလည်း ကျွန်ုပ်ကဲ့သို့ပင် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုကြည့်၍ ဆတ်ခနဲ ဖြစ်သွားရလေ၏။

အဘယ်ကြောင့်ဆိုသော် အမျိုးသမီး၏ မျက်နှာသွင်ပြင်
ယခင်က လှန်စွာ လှပမည်ဟု ယူဆရန်ရှိသော်လည်း ယခုအခါ
သတ္တဝါတစ်ကောင် ကုတ်ခဲကိုက်ခြစ်ထားသဖြင့် ရုပ်ပျက်ဆင်း
အမာရွတ်များ ဖြစ်ပေါ်နေရှာလေ၏။

'အို. . . .'

ကျွန်ုပ်က ဂရုဏာသက်စွာ ရေရွတ်လိုက်စဉ် အိုင်အိုန်း
ထိုက်က တစ်စုံတစ်ရာ တွေးမိဟန်ဖြင့်. . .

'မသဇင်၊ ခင်ဗျား မသဇင် မဟုတ်လား'

ဟု ရုတ်တရက် မေးလိုက်လေ၏။

အမျိုးသမီး၏ မျက်လုံးများ အရောင်တောက်ပသွား
အိုင်အိုနန်းထိုက်အား မုန်းတီးစွာ ကြည့်လိုက်ပြီးလျှင်. . .

'ကျွန်မရှင့်ကို မသေမချင်းသတ်ချင်တယ်'

ဟု အံကြိတ်၍ ပြောလိုက်လေ၏။

ကျွန်ုပ်တို့လည်း အံ့ဩသွားကား ခေတ္တမျှ ငိုင်တွေလျက်
ကြည့်မိကြ၏။

ပြီးမှ ကျွန်ုပ်က. . .

'ဒီမှာ အမျိုးသမီး ခင်ဗျားက မသဇင် ဟုတ်တယ်မဟုတ်
ဘူး သေသေချာချာ ပြောပါ၊ ပြီးတော့ ဘာဖြစ်လို့ အိုင်အိုနန်းထိုက်
ကိုသတ်ချင်ရတယ်ဆိုတာ ပြောပါဟု ဆိုလိုက်လေ၏။

ထိုအခါ အမျိုးသမီးက ခါးထောက်လျက်. . .



'ဟုတ်တယ် ကျွန်မ မသဇင်ပဲ၊ အိုင်အိုနန်းထိုက်ကို သတ်
ချင်တာက ကျွန်မအစ်ကိုသုံးယောက်ကို ဖမ်းဆီးတာကြောင့် ပေါ့'

ဟု ခပ်မာမာပြောလိုက်လေ၏။

ဤတွင် အိုင်အိုနန်းထိုက်က. . .

'ဒီမှာ မသဇင်၊ လူဆိုးဟာ လူဆိုးအလုပ် လုပ်သလို ပုလိပ်
ကလည်း ပုလိပ်အလုပ် လုပ်ရတယ်လေ၊ မရှောင်သာတဲ့အခါ သွား
ရတာတော့ ဘာတတ်နိုင်မှာလဲ၊ တာဝန်ဆိုတာရှိလာတဲ့အခါ
တာဝန်အရ ဆောင်ရွက်ရမှာ မမှတာပါပဲ၊ ပုလိပ်အမှုထမ်းမှာ
လူသူ့အပေါ်မှ ချစ်ခြင်း မုန်းခြင်း ဟူသည် မရှိပါဘူး၊ သူလဲလူ
တစ်ယောက်ပါ၊ စာနာညာတာမှု၊ ကြင်နာမှု ဆိုတာရှိပါတယ်၊
ဒါပေမယ့် တာဝန်ကအဲဒီအရာတွေကို မငဲ့ပါဘူး၊ ဒီလောက်ဆိုရင်
ခင်ဗျားအနေနဲ့ ကျွန်တော့်အပေါ် နားလည် သဘောပေါက်နိုင်
လောက်ပါပြီဗျာ'

ဟု ရှည်လျားစွာ ပြောကြားလိုက်လေ၏။

ကျွန်ုပ်တလည်း. . .

'ခင်ဗျားအစ်ကိုကြီး သုံးယောက်ကိစ္စဟာ သိပ်ပူစရာမရှိ
ဘူး သူတို့က လူသတ်မှု မကျူးလွန်တဲ့အတွက် ထောင်ဒဏ်
လောက်သာခံရမှာပါ မသဇင်'

ဟု နှစ်သိမ့်ပြောကြားလိုက်ရ၏။ ထိုအခါ သူမက
မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ရုတ်တ ရက် ငိုချလိုက်လေ၏။

'အင့်. . . အဟင့်. . . ဟင့်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်အိုင်အိုနန်းထိုက်တို့လည်း မည်သို့ပြုလုပ်ရမည်မသိသောကြောင့် ငြိမ်သက်စွာပင် ထိုင်၍ ကြည့်နေမိကြ၏။

ပြီးလျှင် အိုင်အိုနန်းထိုက်က စတိုင်လိုစီးကရက် တစ်လိပ်ကို ထုတ်ယူ၍ မီးညှိဖွာရှိုက်ရင်း. . .

'တာဝန်အရ ဖမ်းပြီးပေမယ့် ကျွန်တော်က တတ်နိုင်သလောက်အမှုပေါ့အောင် ခင်ဗျား အစ်ကိုတွေကို ကူညီမှာပါ မသဇင်၊ နောက်ပြီး ပြောရမယ်ဆိုရင် ပုလိပ်အရာရှိတစ်ဦးရဲ့ အသက်ကို လုပ်ကြံမှုနဲ့ မသဇင်ကိုလည်း ဖမ်းချုပ်လို့ ရပါပြီ၊ ဒါပေမယ့် ကျွန်တော်က အဲဒါကိုမေ့လိုက်ပါ့မယ်၊ ခင်ဗျားအစ်ကိုတွေကိုလည်း တတ်နိုင်သလောက်ကူညီပါ့မယ်၊ အဲကျွန်တော်တို့ကို ကူညီမယ်ဆိုရင်ပေါ့လေ'

ဟု ပြောလိုက်လေ၏။ ထိုအခါတွင် မျက်နှာတွင်ဒဏ်ရာများနှင့် မသဇင်က ခေါင်းမော့လာလျက်. . .

'ကျွန်မ. . . ကျွန်မ ဘယ်လိုကူညီရမှာလဲ'

ဟု မေး၏။

ဤတွင် အိုင်အိုနန်းထိုက်က. . .

'ခင်ဗျားနဲ့ ရာဇဝင်လူဆိုး သံသရာတို့ ညားသည်ကစပြီး မျက်နှာမှာ ဒဏ်ရာတွေရပုံ၊ ပြော်. . . ခင်ဗျား ပျောက်ကွယ် နေတာတွေကို အမှန်အတိုင်း ပြောပြပါ' ဟု ဆိုလိုက်၏။ မသဇင်မှာ ကနဦးတွင် စဉ်းစားသကဲ့သို့ ငြိမ်သက်နေ၏။ ပြီးမှ အံကြိတ်၍ အောက်ပါအတိုင်း ပြောပြလေတော့၏။



'ဒီလူက ကျွန်မကို မချစ်ပါဘူး၊ ကျွန်မရုပ်ရည်အင်မတန် လှလို့သာ သူကယူလိုက်တာပါ၊ သူနဲ့ ညားပြီး ကတည်းက သူ့အကျင့်ကို ကျွန်မ သိလာရတော့တယ်၊ အိပ်မက်ပြီး သူ့နှုတ်က သူဇာနွယ်. . . သူဇာနွယ်' ဆိုပြီး ရေရွတ်လေ့ ရှိတယ်၊ ကျွန်မတို့ ညားပြီး ခြောက်လလောက်ကြတော့ ကိုဝေဆာက ပြောတယ်၊

'. . . ကိုသံသရာရဲ့ အမိန့်အရ သူတို့ဟာ လက်ထပ်ပြီးစ သစ်စက်စက် ဇနီးမောင်နှံအိမ်ဝင်ပြီး သတို့သမီးကိုဆွဲခေါ် ခဲ့ကြတယ်တဲ့၊ အဲဒီအမျိုးသမီး နာမည်ဟာ သူဇာနွယ်ဆိုသူဖြစ်ကြောင်း အတပ်ပိုင်းကျမှ ကိုဝေဆာသိရတယ်တဲ့'

'ဟင်. . .'

'အလို'

ထိုနေရာအရောက်တွင် ကျွန်ုပ်သာမက အိုင်အိုနန်းထိုက်ပင် အံ့ဩလွန်းသဖြင့် ရုတ်တရက် ရေရွတ်မိလိုက်ကြသောကြောင့် မသဇင်က စကားပြောရပ်ထားလိုက်လေ၏။

ပြီးမှ အိုင်အိုနန်းထိုက်က. . .

'ဆက်ပြောပါ မသဇင်' ဟုဆို၏။

ထို့ကြောင့် မသဇင်က ဆက်လက်၍ ပြောပြပြန်လေ၏။

'ဒီမှာတင် ကျွန်မစဉ်းစားလာမိတယ်၊ ကိုသံသရာအိပ်မက်ပြီး မကြခဏ ရေရွတ်တတ်တဲ့ သူဇာနွယ်ဆိုတာ အဲဒီအမျိုးသမီးဖြစ်လိမ့်မယ်လို့လေ၊ ဒါကြောင့်သာ ကျွန်မကိုနှစ်နှစ်ကာကာ မချစ်တာပေါ့၊ ပြောရဦးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



'. . . အဲဒီအခါမှာ ကျွန်မလဲ သူ့အပေါ် အချစ်ပေါ်ပြီး ကျွန်မကို ယုယုယယရှိတဲ့ ကိုဝေဆာနဲ့ တရင်းတနှီးနေမိကြတယ်၊ ကျွန်မတို့နှစ်ယောက်ကတော့ အဲဒီအဖြစ်ကို ကိုသံသရာလုံးဝ မသိဘူး ထင်ခဲ့ကြတာပေါ့၊ ဒါပေမယ့်. . . ဒါပေမယ့်၊

'. . . ကိုဝေဆာ မရှိတဲ့ တစ်နေ့မှာ ကိုသံသရာဟာ ကျွန်မကို ကြိုးနဲ့တုပ်ပြီး၊ ကိုဝေဆာနဲ့ကျွန်မ မျောက်ဇာတ်ခင်းနေတာကို သူသိတဲ့အကြောင်း သူ့အနေနဲ့ ကျွန်မကို နှစ်သက်လို့ယူတာ မဟုတ်ကြောင်း၊ ရုပ်ရည်တော်တော်လှလို့သာ ယူခဲ့တာဖြစ်ကြောင်း၊ ဘာပဲဖြစ်ဖြစ် မျောက်ဇာတ်ခင်းတာဟာ သူ့ကိုစော်ကားတာသာဖြစ်ကြောင်းနဲ့သူဟာ အမရပူရက သူဇာနွယ်ဆိုသူ အမျိုးသမီးကလေး ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ကြောင်းပြောဆိုပြီး ကျွန်မကို သတ်မယ်လို့ဆိုတယ်၊

'. . . နောက်မှ တဟားဟားရယ်ပြီး၊ မင်းကိုသတ်လိုက်ရင် ချက်ချင်းသေသွားမယ် အရသာမရှိဘူး၊ နောက်မှသတ်မယ်၊ လောလောဆယ်တော့ မင်းရဲ့လှပတဲ့ ရုပ်ရည်ကိုဖျက်ဆီးရမယ်၊

'. . . ဆိုပြီး ကျားလက်အတုကြီးနဲ့ ကျွန်မမျက်နှာထိ ရှတ်တရက် ကုတ်ခြစ်တော့တာပါပဲရှင်'

ထိုနေရာအရောက်တွင် နာကျင်ခြင်းကို တစ်ဖန် ပြန်လည်ခံစားရဟန်ဖြင့် မသဇင်က တစ်ချက်ရှိုက်လိုက်၏။ ပြီးမှ. . .

'နာကျင်လွန်းလို့ ကျွန်မသတိလစ်သွားချိန်မှာ သူဟာ ကျွန်မကိုပါမက ကိုဝေဆာရော နှစ်ယောက်စလုံးကို သတ်ဖို့အစီအ



ဉ်လုပ်ပြီးနေပြီ၊ အဲဒီအစီအစဉ်က နှစ်ယောက်စလုံးကို အရှင်လတ်တ် ပလာစတာကိုင်ပြီး ရုပ်လုံးတွေအဖြစ် လုပ်မယ့် အနေအထား ါ

'. . . . တဟားဟား အော်ရယ်ပြီး အရက်သောက်လို့ ဆာကို ထိုင်စောင့်နေခဲ့တယ်၊ ဒီအချိန်မှာ ကျွန်မလဲသတိရပြီး လျော့ရဲရဲဖြစ်နေတဲ့ ကြိုးစကို အမြန်ဖြေရတယ်၊ နောက် ာ ကျွန်မသတိလစ်နေဆဲလို့ ယူဆပြီး ဂရုမထားမိချိန်မှာ အိမ် ာက်ဘက်ကနေ ကျွန်မထွက်ပြေးပြီး ကျွန်မအမျိုးတွေရှိရာ င်ငူဘက်က တောရွာလေး တစ်ရွာမှာဇာတ်မြုပ်နေထိုင်ခဲ့တယ်၊

'. . . နောက်တော့ ဒီလူယုတ်မာကို ဂလဲ့စားခြေချင်တာနဲ့ ိုစုံစမ်းနေခဲ့တာမှာ သူ့ကိုတောင်းကောင်ကြီးသတ်မယ်ကြံတိုင်း ဲ့ ကျွန်မအစ်ကိုတွေက အမြဲလိုလို လာလာပြီးဆုံနေကြလို့ င်နေလိုက်ရတာက များပါတယ်၊ ကဲ. . . ဒီလောက်ပါပဲ'

မသဇင်က စကားအဆုံးတွင် လက်ကိုင်ပုဝါ တစ်ထည်ဖြင့် ာ မျက်ဝန်းမှ မျက်ရည်စများကို သုတ်လိုက်လေ၏။

ကျွန်ုပ်မှာသာ သူမအဖြစ်ကို အံ့ဩလျက် ကြက်သီးထမိ ်အထိ ခံစားရသောကြောင့် ဖူးခနဲ့ သက်ပြင်းတစ်ချက် မှုတ် ်လိုက်မိလေတော့၏။ အိုင်အိုနန်းထိုက်က. . .

'အေးဗျာ ခင်ဗျားအဖြစ်အပျက်ကို ကြားရတာ အင်မတန် ်တောင်းစရာပါပဲ၊ ဒါပေမယ့် မသဇင်ဂလဲ့စားခြေချင်းတာ င်းတဲ့အလုပ် မဟုတ်ပါဘူး၊ တရားဥပဒေနဲ့ ဆန့်ကျင်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ ပြုတဲ့သူဟာ တရားဥပဒေရဲ့ သက်ရောက်မှုကို ခံစားရမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ကူညီလက်စနဲ့ ကျွန်တော်တို့ကို ဆက်လက် ကူညီပါလား' ဟု ဆို၏။

'ကျွန်မက ဘယ်လိုကူညီရမှာလဲဟင်'

သူ့ကိုသတ်ဖြတ်ဖို့ မျက်ခြေမပြတ် ကြည့်နေခဲ့ပါတယ်၊ မိန်းမသား တစ်ယောက်ဖြစ်လို့ ယောကျ်ားသား တစ်ယောက်ကို ရင်ဆိုင်တိုက် ခိုက်ဖို့ရာ မဖြစ်နိုင်တာနဲ့ အချိန်စောင့်နေခဲ့တာပါ၊ နောက်ပြီး သူဟာ ရှင်တို့လက်ထဲရောက်ရင် မြောက်များလှတဲ့ လူသတ်မှုတွေနဲ့ ကြိုးဒဏ်ခံရမှာ မလွဲပါဘူး၊ လောကကြီးမှာ အဲဒီလူယုတ်မာ မရှိရင် ကျွန်မ ကျေနပ်ပါပြီ'

ဟု ဆိုကာ လူဆိုးကြီး သံသရာရှိရာကို ပြောပြလေရာ အိုင်ဗွဲဒို နန်းထိုက်က မသဇင်၊ ကျွန်ုပ်တို့နှင့်အတူ အသေးစိတ် တိုင်ပင် စီစဉ်လေတော့သတည်း။

ဇာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန်

သူရိန်ဇော

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ် စာရေးဆရာကြီး

# သူရိန်စွေ

ရှင်အိုနန်းတိုက်နှင့် ဆန်းကြယ်ဝေမဏ္ဍာ ချစ်သမ္မာ

## ဒုတိယပိုင်း ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ကျောက်မြောင်းဟုခေါ်သော အရပ်တွင်ရှိသည့် နှစ်ဆောင်မြိုင်အိမ်ကြီးမှာ အုံ့ဆိုင်းနေသော မရမ်းပင်များကြားတွင် ထီးထီးမားမားကြီး တည်ရှိနေပေ၏။လူနေရပ်ကွက်နှင့် ဝေးကွာရကား၊ အထီးတည်းတိတ်ဆိတ် စွာရှိနေပေတော့၏။

အချိန်မှာ ညနေစောင်းစအချိန်ဖြစ်ရာ အမှောင်ရိပ်တို့ကို စိုးမိုးစ ပြုနေပြီဖြစ်ပေ၏။ ယင်းအခိုက်မှာပင် ဆာရီအနက်မြှုထားသောကုလားမ တစ်ယောက်သည် မရမ်းပင်များကြားမှ လျှောက်လှမ်းလာပြီးနောက် အိမ်ကြီး၏တံခါးကို ရဲရဲတင်းတင်း ဝင်ခေါက် လိုက်လေတော့၏။

'ဒေါက်. . . ဒေါက်'

'ဒေါက်. . . ဒေါက်'

'ဘယ်သူလဲဟေ့'

အဆက်မပြတ် တံခါးခေါက်သံကြောင့် အိမ်ကြီးထဲမှ လှမ်းမေးသံ ထွက်ပေါ်လာပြီးလျှင် ချောင်းကြည့်ပေါက်မှ မျက်လုံးနှင့်ပုံးတို့တွေ့လိုက်ရပေ၏။

'ကျွန်မ. . . ကျွန်မ ပလာစတာ ရှပ်လုံးတစ်ခု အရေးတာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလိုချင်လို့ပါ ဆရာကြီးရယ်'

ကုလားမက မြန်မာသံ ပီပီသသနှင့် တီးတိုးပြောဆိုလိုက်၏။ ခေတ္တမျှ ငြိမ်သက်နေပြီးမှ တံခါးမှာ ဝုန်းခနဲ ပွင့်သွားခဲ့လေ၏။ ထိုအခါ အိမ်ထဲမှ မီးရောင်က ကုလားမဆီသို့ တိုးဝင်လာသောကြောင့် သူမက မှောင်ရိပ်ကွယ်ရာသို့ ရွှေ့ရပ်လိုက်၏။ ထို့နောက် တံခါးဝတွင် လူရိပ်တစ်ခု ပေါ်လာလျက်. . . .

'ဘာ. . . မင်းက ပလာစတာ ရုပ်လုံးတစ်ခု လိုချင်လို့ ဟုတ်လား။ ဘယ်သူလွှတ်လိုက်တာလဲ၊ ကျုပ်က ရုပ်လုံးတို့ ရုပ်တုတို့ကို မရောင်းပါဘူး။ ကျုပ်ဝါသနာအရ ထုလုပ်ပြီးတာနဲ့ သိမ်းထားတာပါ'

ဟု မသက်မသာဟန်နှင့် ကုလားမအား သေသေချာချာအကဲခတ်ပြီးနောက် ပြောလိုက်လေ၏။ ဤတွင် ကုလားမက. . . .

'ကျွန်မက ဟိုဘက်ရပ်ကွက်ကပါ၊ ဒီမှာ ရုပ်လုံးနဲ့ရုပ်တုဆရာတစ်ယောက်ရှိတယ် ဆိုတဲ့ သတင်းကြားမိတာကြောင့် အရေးတကြီး လာခဲ့တာပါရှင်'

ဟု ဆို၏။

'မင်းလာတာက ညဘက်ကြီးပါလား'

အိမ်ရှင်ဖြစ်သူက လုံးဝ စိတ်မချသေးဟန်ဖြင့် မေးလိုက်လေရာ ကုလားမက. . .

'ကျွန်မက ကျွန်မ သိပ်ချစ်တဲ့ ချစ်သူရဲ့ ရုပ်လုံးကို လှို့ဝှက်အထုခိုင်းချင်လို့ပါ၊ ကျွန်မ ယောကျ်ားအလုပ်ကပြန်မလာမီ ထွက်



လာမိတာပါ ဆရာကြီးရယ်'

ဟု ပြော၏။

'မိုးချုပ်တာတောင် မင်းယောကျ်ားက ပြန်မလာသေးဘူးလား'

အိမ်ရှင် ရုပ်လုံးဆရာကြီး၏ အမေးကို ကုလားမက. . .

'ကျွန်မယောကျ်ားဟာ အသောက်အစား ဝါသနာပါပါတယ်၊ ဒီအချိန်လောက်ဆိုရင် ဟိုတယ်တစ်ခုခုမှာ သူရှိနေမှာပါလေ'

ဟု ဆို၏။ အိမ်ရှင်ဖြစ်သူ ခေတ္တမျှ စဉ်းစားလျက်ရှိ၏။

ပြီးမှ ၎င်းက. . .

'ကဲ. . . ကဲ. . . အထဲကိုဝင်လိုက်ပါ'

ဟုဆိုကာ ၎င်း၏ခန္ဓာကိုယ်ကို ရွှေ့ပေးလိုက်သောကြောင့် ကုလားမက သုတ်ခနဲဝင်သွားလိုက်လေ၏။ ကုလားမက အထဲရောက်သွားသောအခါ အိမ်ရှင်က တံခါးပိတ်၍ ဂျက်ချလိုက်လေ၏။

'ဂလောက်. . . . ဂျောက်'

ပြီးလျှင် အိမ်ရှင်ဖြစ်သူက ကုလားမဘက်သို့ လှည့်လိုက်လေ၏။

'ဟင်. . . . '

'ခစ်. . . ခစ်. . . ခစ်'

အိမ်ရှင်ဖြစ်သူမှာ မြင်ရသည့် အခြေအနေကြောင့် ဆွံ့အဖြစ်သွားရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသော်ကား. . . .

ကုလားမသည် မီးရောင်အောက် ခတ်လှမ်းလှမ်းတွင် သေနတ်တစ်လက်ကိုကိုင်ကာ ၎င်းအား တည့်မတ်စွာချိန်၍ မနိုးမခန့် ရပ်နေသောကြောင့်ပင် ဖြစ်လေသတည်း။

'မင်း. . . မင်းက ဘာကိစ္စ ငါ့ကိုသေနတ်နဲ့ ချိန်ရတာလဲ'

အိမ်ရှင်ဖြစ်သူက နားမလည်နိုင်စွာ မေးလိုက်သည်တွင် ကုလားမ ဆာရီကို ဦးခေါင်းမှ ရုတ်တရက် ဆွဲချလိုက်ပြီးနောက်. . .

'ဒါကြောင့်ပါပဲ'

ဟု ဆိုလိုက်လေ၏။

'အိုး. . . လက်စသတ်တော့မင်းကို၊ သိပ်ကောင်းတာပေါ့ကွာ၊ ငါကလဲ မင်းကို သိပ်တွေ့ချင်နေတာ၊ ဟား ဟား ဟား ဟား'

အိမ်ရှင်ဖြစ်သူက သဘောကျလျက် ရွှသွပ်သွားသူအလား ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ သို့သော် အမျိုးသမီးက သတိကိုအထူးထားလျက် ခြေလှမ်း တစ်လှမ်းဆုတ်ကာ သေနတ်ကို ထင်းကြပ်စွာ ကိုင်၍ချိန်ထားလိုက်၏။ အခန်းထဲတွင်တော့ စက္ကန်းကင်းမီးအိမ်ဖြင့် ပလာစတာ ရုပ်လုံးများ၊ ပန်းပုရုပ်တုများ ဖယောင်း ရုပ်လုံးများကို များပြားစွာ တွေ့ရှိရပေ၏။

မိန်းမပျိုက. . .

'ရှင်. . . ကိုဝေဆာကို ဘယ်လိုလုပ်လိုက်သလဲ'

ဟု ခတ်ပြတ်ပြတ်မေး၏။



ထိုအခါ အိမ်ရှင်ဖြစ်သူက. . .

'မင်းလင်ငယ်လား ငါက မကြာသေးမီကမှ ငရဲပြည်ပို့ပေးလိုက်ရတယ်၊ မသဇင်ရဲ့ မင်းထွက်ပြေးသွားတဲ့အခါ ငါက သူ့ကို လောလောဆယ်သတ်မယ့်ကိစ္စအတွက် ရွှေ့ဆိုင်းထားလိုက်တယ်၊ ဘာ့ကြောင့်လဲဆိုတော့ မင်းရဲ့ အစ်ကိုတွေဟာ ငါ့ကိုရန်ညှိုးဖွဲ့မှာစိုးလို့ ယူဆမိပြီး၊ ငါ့အတွက် အကာအကွယ်ရအောင် ဝေဆာကို မသိကျိုးကျွံ ထားလိုက်တာပေါ့၊ သူကတော့ မင်းပျောက်သွားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ငါ့ကိုမသင်္ကာဖြစ်နေရှာတယ်၊ ဒါပေမယ့် တို့ဟာ ဒီကိစ္စကို မေ့ထားလိုက်ကြတယ်'

ဟု ဆို၏။

မသဇင်က. . .

'ဒီမှာ ကိုသံသရာ၊ ရှင်. . . ကိုဝေဆာကို ဘယ်လို သတ်လိုက်တယ်ဆိုတာသာ ပြောပါ'

ဟု သေနတ်ကို ဆတ်ခနဲ လှုပ်ရင်း မေးလိုက်ပြန်သည်။

ဤတွင် ကိုသံသရာက. . .

'အဟုတ်. . . ဟား. . . ဟား. . . ငါတို့က သတင်းအရ တျာက်စာဝန်ဟောင်း ပုဂ္ဂိုလ်ကြီးတစ်ယောက်သတ်ပြီး၊ သူ့အိမ်က ရှေးဟောင်း ဆီမီးခွက်ကြီး ယူလာခဲ့တယ်၊ အဲ့ဒီအထဲမှာ ပတ္တမြားကြီး ပါလာတော့ ငါဟာ ခွဲမပေးချင်တာနဲ့ ခြေရာဖျောက်ပြီး ဟောဒီ အိမ်ကြီးမှာ ခြောက်လလောက် နေထိုင်လို့ အခုလိုရုပ်လုံးဆရာ အဖြစ်ဟန်ပြ နေထိုင်ခဲ့တယ်၊ ငါကသဘောမကျတဲ့လူဆိုရင် သတ်ပြီး

www.burmeseclassic.com



ရှပ်လုံးအဖြစ် မလာစတာကိုင်ပြီး ဟောဒီအရုပ်တွေနဲ့ ရောထားတယ်လေ'

ဟု ဆို၏။

မသဇင်က စိတ်မရှည်ဟန်ဖြင့်. . .

ကိုဝေဆာကို ဘယ်လိုသတ်လိုက်တယ်ဆိုတာသာ ပြောပါ

ဟု ခတ်ဆတ်ဆတ်ပြောလိုက်၏။ လူဆိုးကြီး ကိုသံသရာက. . .

'စိတ်ရှည်ရှည်ထားပါလေ၊ ငါကအကြောင်းစုံသိစေချင်လို့ ပြောပြနေတာပါ။ နားထောင်ပါ။ ငါကအကာအကွယ်သဘောမျိုးနဲ့ ဆေးဆရာနှစ်ယောက်လောက်ပင့်ပြီး နာတာရှည် လူမမာတစ်ယောက်လို နေထိုင်ခဲ့တယ်၊ ဒါကို သတင်းစုံစမ်းပြီး၊ နင့်ရဲ့ဝေဆာက စိတ်ချလက်ချ ဒီကိုရောက်လာခဲ့တာမှာ ငါ့ရဲ့သက်တော်စောင့် စက်ရုပ်ကြီးက ဓားနဲ့ခုတ်ချလိုက်တာပါပဲ'

ဟုဆိုတာ အခန်းဝတွင် ဓားပြားကြီး ကိုင်ဆောင်ထားသော ကြောက်မက်ဖွယ် သံချပ်ကာ ရုပ်တုကြီးကို လက်ညှိုးထိုးပြလိုက်၏။

**မှတ်ချက်။** ။အထက်ပါလူဆိုးကြီးသံသရာ၏ ရှင်းပြချက်မှ ဇာတ်ဝင်ခန်းကို ဤဝတ္ထုအစပိုင်းတွင် ဖေါ်ပြထားရာ စာဖတ်သူများ မှတ်မိကြလိမ့်မည်ဟု ယူဆမိပါပေ၏။

**စာရေးသူ**



မသဇင်က အမှတ်မထင်သံချပ်ကာရုပ်တုကြီးကို လှမ်းကြည့်လိုက်စဉ်မှာ လူဆိုးကြီး သံသရာက ရုတ်တရက် ခုန်လွှား၍ နတ်ကို ဆတ်ခနဲ လုယူလိုက်တော့၏။ ပြီးလျှင် ကြောက်လန့်သော မသဇင်အား သေနတ်ဖြင့် ချိန်ထားရင်း. . .

'ဟား. . . ဟား. . . ဟား. . . ဟား. . . သံသရာကို ချင်ရင်အပြန်တစ်ရာ သေရမယ်ဆိုတာ နားလည်ထားစမ်း နင့်ထက်လည်တဲ့ လူတွေတောင် ငါ့ကိုသတ်ဖို့ လာကြတာ ည်းလှဘူး၊ သူတို့ပဲ သေသွားကြရတာ နင်မြင်စေချင်တယ်၊ အေး . . . ဘာပဲဖြစ်ဖြစ် နင်ရောက်လာတာ ငါ့အတွက် ရှပ်လုံး တိုးလာတာပေါ့၊ ဒီမှာ နင့်ကောင် ဝေဆာအလောင်းကိုတော့ ထားရမှာ ကြွက်သရေမရှိတာနဲ့ သယ်န်းကျွန်းဘက်အ ဖျက်ကြီးနားမှာ ငါသွားထားခဲ့တယ် သိပြီလား၊ ဟား. . . ဟား တား. . . ဟား'

ဟု သဘောအကျကြီး ကျကာရယ်မောလေ၏။

ပြီးမှ ဒေါသဖြင့်. . .

'ဒီမှာ ငါပြောပြမယ်၊ ငါ့နာမည်အရင်းက ဟန်သွဲ့တဲ့ ထားစမ်း၊ နင့်ရဲ့ ရုပ်ရည်လေးကြောင့်သာ ငါကယူလိုက်တာ၊ သိတော့ ငါ့အသည်းနှလုံးမှာ တစ်ချိန်က ငါအလုပ်လုပ်ခဲ့တဲ့ တုန်းစင်ပိုင်ရှင်ရဲ့သမီးလေး သူဇာနွယ်က လွဲရင် ဘယ်သူမှ ဘူးဟေ့၊ ဟား. . . . ဟား. . . . ဟား. . . . ဟား. . . . သူက ဦးတိုသစ္စာဖောက်တဲ့အနေနဲ့ တခြားလူနဲ့ယူလိုက်တော့ ငါက

www.burmeseclassic.com



မရရအောင် ဖမ်းပြီး ငရဲပြည်ကို ပို့ပေးလိုက်ပြီးပါပြီ၊ ငါ့အဖို့မိန်း ဆိုတာ အလကားပါပဲ၊ ကဲ. . . . နှင့်ကိုလဲ ငရဲပို့ဖို့အချိန်ရောက် ဘုရားပေတော့'

ဟု ဆိုကာ သေနတ်မောင်းကို ဆွဲညစ်လိုက်တော့၏။

'ချောက်. . . . ချောက်'

'ခပ်. . . . ခပ်. . . . ခပ်'

သို့ရာတွင် ကျည်ဆန်မှာ ထွက်လာခြင်းမရှိဘဲ ဖြစ်နေ လူဆိုးသံသရာမှာလွန်စွာ အံ့ဩနေလျက် မသဇင်က ရယ် နေရှာလေ၏။ ထိုခဏမှာပင် ချုပ်လုံးများကြားမှ လူနှစ်ယော ထွက်ပေါ် လာလျက် သေနတ်များနှင့်ချိန်ထားလိုက်တော့၏။

ထိုသူများကား အိုင်အိုနန်းထိုက်နှင့် ဂျမဒါမူးသာတို့ ဖြစ်ပါလေ၏။

'သိပ်အံ့ဩနေသလား ကိုသံသရာ၊ မသဇင်က ခင်ဗျား အပေါက်ဝမှာ အချိန်ဆွဲပြီး စကားပြောနေခိုက် ကျွန်ုပ်တို့ ရေပိုက်လုံးကနေ တွယ်တက်လို့ ဟောဒီ ချုပ်လုံးတွေကြားထဲ ဝင်နေလိုက်တာပဲ၊ ခင်ဗျား ပြောသမျှဆိုသမျှဆလဲ အားလုံး ကြား ပါပြီ၊ တရားဥပဒေရဲ့ စီရင်ဆုံးဖြတ်မှုကို ခံယူဖို့ ခင်ဗျား အေး ဆေးဆေး အဖမ်းခံလိုက်ပါ'

အိုင်အိုနန်းထိုက်က အေးအေးသက်သာ ပြောလိုက် ၏။ သို့သော် ဟန်သွဲ့ခေါ် ရာဇဝင်လူဆိုး သံသရာက မသဇင် မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့် ကြည့် လိုက်



တာလ. . . .

'ခွေးမ၊ ဒါနင့်ဉာဏ်ပေါ့လေ၊ သေပေတော့'

ဟု ပြောပြောဆိုဆို ခုန်အုပ်လိုက်လေ၏။

'ဒုတ်'

'အား'

သို့သော် လက်မြန်လှသော ဂျမဒါမူးသာက စက္ကန့်ပိုင်းမျှ ခုန်လွှားပြီးလျှင် သေနတ်ဖြင့် ဦးခေါင်းကို ရိုက်ချလိုက်လေ တော့၏။ ထို့ကြောင့် လူဆိုးသံသရာမှာ မသဇင်ဆီသို့မရောက် တော့ဘဲ လမ်းခုလတ်၌ပင် ပြုတ်ကျကာ သတိလစ် မေ့မြောသွားရာ ဒါမူးသာက လက်ထိတ်ခတ်လိုက်ရ၏။

ထိုအခါ အိုင်အိုနန်းထိုက်က အိမ်ရှေ့တံခါးကို ဖွင့်ပေး လိုက်ရာ စာရေးဆရာကြီးကိုညိမ်းမောင်နှင့် စီအိုင်ဒီစုံထောက်များ င်ရောက်လာကြတော့၏။

'ဟီး. . . . ဟီး. . . . ဟီး'

'ဟား. . . ဟား. . . ဟား'

ယင်းအခိုက်မှာပင် မြေအောက်ခန်းဟု မှတ်ထင်ရသော နေရာမှ ရယ်သံကြီးတစ်ခုကို လူအားလုံး ကြားလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ရုတ်တရက် ပေါ်ထွက်လာသော ရယ်သံကြီးကြော
အိုင်အိုနန်းထိုက်၏ အမိန့်အရ ရှာဖွေကြရာ လျှို့ဝှက်မြေအော
ခန်း၏ အဖုံးတစ်ခုကို တွေ့ရသည့်အတွက် ဆွဲဖွင့်၍ လက်
ခတ်မီးများနှင့် ဝင်ရောက်လိုက်ကြ၏။

ထိုအခါ တွေ့ရသည်ကား. . .

ကောက်ရိုးပုံ တစ်ခုပေါ်တွင် လဲလျောင်းလျက်ရှိသော
လူရွယ်တစ်ယောက်ပင် ဖြစ်ကာ ယင်းလူရွယ်မှာ တစ်နှစ်ကျော်
ပျောက်ဆုံးနေသည့် ရူးသွပ်သောလူရွယ် ဖြစ်နေကြောင်း ပင်တည်

လူရွယ်က အိုင်အိုနန်းထိုက်နှင့် စုံထောက်များကို ကြော
စီစီ မျက်လုံးများနှင့် ကြည့်လျက်ရှိနေ၏။

ကောက်ရိုးပုံအနီးတွင် ဖောင်တိန်တစ်ချောင်းနှင့် ခပ်ထူ
မှတ်တမ်းစာအုပ်တစ်အုပ် တွေ့ရာ အိုင်အိုနန်းထိုက်ကလှမ်း
မည်အပြုတွင် လူရွယ်ကရုတ်တရက် စာအုပ်ကိုဆွဲယူ၍ ကျော
နောက်ဘက်တွင် ဝှက်လိုက်၏။ ပါးစပ်မှလည်း ဝူးဝူးဝါး
အော်ဟစ်ပြီး ဦးခေါင်းကို ယမ်းခါနေ၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .



'ကဲ. . . ကဲ. . . သူ့ကိုလဲ ထွက်မပြေးအောင် လက်ထိတ်ခတ်ခဲ့၊ သူ့ကို စိတ်ရောဂါကုဆေးရုံကြီးပို့ရမယ်'

ဟု စုံထောက်များအား အမိန့်ပေးလိုက်၏။

အကြောက်အကန် ရုန်းကန်နေသော လူရွယ်အား စုံထောက်များက အတင်းအကြပ် လက်ထိတ်ခတ်၍ ခေါ်သွားလေရာ မှတ်စုစာအုပ်နှင့် ဖောင်တိန်ကို အိုင်အိုနန်းထိုက်က ၎င်း၏ ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်လေ၏။ မြေညီထပ်သို့ ရောက်သည့်တွင် သတိရနေပြီဖြစ်သည့် ကိုသံသရာကို တွေ့ရလေရာ အိုင်အိုနန်းထိုက်က. . .

'ကိုဟန်သွဲ့ခေါ် ကိုသံသရာရေ. . . ကျွန်တော်တို့စတော့ နောက်မှ ပြောကြတာပေါ့၊ လောလောဆယ် ဟောဒီ ရူးသွပ်နေတဲ့ လူရွယ်ဟာ ဘယ်သူလဲဆိုတာ မှန်မှန်ကန်ကန် ဖြေစမ်းပါ'

ဟု အေးဆေးစွာ ပြောလိုက်လေ၏။

ထိုအခါ ကိုဟန်သွဲ့ခေါ် ကိုသံသရာက. . .

'ထို့. . . ဒီကောင်လား၊ သူက ကျုပ်ချစ်သူ သူဇာနွယ်ကို လုယူခဲ့တဲ့ ကျော်ထင်ဆိုတဲ့ကောင်ပေါ့၊ ကျုပ်က သူဇာနွယ်ကို သတ်လိုက်တော့ အလောင်းကိုမြင်သွားပြီး ဒီတော့ သွက်သွက်ခါအောင် ရူးသွပ်သွားတာပဲ၊ နောက်ပိုင်းမှာ ကျုပ်ကသူ့ကို သတ်မလို့ကြံသေး တယ်၊ ဒါပေမယ့် ဒီကောင့်ကို မတွေ့ရတော့ဘူး၊ လွန်ခဲ့တဲ့ တစ်ပတ်ကမှ ကမ်းနားမှာ လျှောက်လာတာ အမှတ်မထင်တွေ့လို့ မေ့ဆေးအုပ်ပြီး ဖမ်းခေါ်ခဲ့တာလေ'

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၏။ အိုင်အိုနန်းထိုက်က. . . .

'ခင်ဗျားက သူ့ကိုမသတ်ဘဲ မြေအောက်ခန်းမှာ ချုပ်နှောင်ထားတာက ဘာသဘောလဲ'

ဟု မေးရာ ကိုဟန်သွဲ့ခေါ် လူဆိုးသံသရာက. . . .

'ဟား. . . ဟား. . . ဟား. . . ဟား. . . အစာငတ်ရေငတ် လှောင်ထားတာဟာ သေတာထက် ပိုဆိုးတာ စုံထောက်ကြီး ဆင်ခြင်မိမှာပေါ့လေ၊ ဒါကြောင့် ကျုပ်က မသတ်ဘဲ အဲဒီငတိကို လှောင်ထားတာပေါ့'

ဟုဆို၏။

'ရက်စက်ပါပေ့ဗျာ'

အိုင်အိုနန်းထိုက်က ခေါင်းခါ၍ အထက်ပါအတိုင်း ရေရွတ်လိုက်လေ၏။ လူအားလုံးကမူ ကြင်နာမှု အလျဉ်းကင်းမဲ့သော ကိုဟန်သွဲ့ခေါ် လူဆိုးကြီးသံသရာအား မုန်းတီးသော မျက်လုံးများနှင့် ကြည့် နေမိကြလေ၏။

မောင်ကျော်ထင်ခေါ် လူရွှယ်ကလည်း စားတော့ဝါးတော့မတတ် မျက်လုံးများနှင့် ကြည့်နေသကဲ့သို့ မသဇင်ကလည်း လူဆိုးကြီးသံသရာကို ပြာကျစေလောက်သည့် မျက်လုံးများနှင့် ကြည့်ရှုနေ၏။ ဤသည်ကို ရိပ်မိဟန်တူသော အိုင်အိုနန်းထိုက်က မထင်မှတ်သော နောက်ဆက်တွဲ ပြဿနာများဖြစ်လာမည်ကို မလိုအားဟန်ဖြင့်. . .

'ကဲ. . . တဲပါလေ၊ ဒီလူရဲ့ အကြင်နာမဲ့မှု၊ အညှာအတာ



ကင်းမဲ့မှုဆိုတဲ့ ဒုစရိုက်လုပ်ရပ်တွေအတွက် တရားဥပဒေကသာအောင် ဆောင်ရွက်ပေးမှာပါ'

ဟု နှစ်သိမ့်ပြောဆိုပြီးလျှင် လူဆိုးကြီး သံသရာအား. . . .

'ကဲ. . . ပတ္တမြားကြီးကို အပ်ပါကိုဟန်သွဲ့'

ဟု ရုတ်တရက် ပြောလိုက်လေ၏။

စိတ်လျှော့လိုက်ဟန်တူသော ကိုဟန်သွဲ့က ဝှင်းအနီးမှ ကြေယာင်းရုပ်လုံးတစ်ခုကို ခြေထောက်ဖြင့် ကန်လိုက်ရာ ပြိုလဲ၍ ကြေယာင်းများ ကွာကျပြီးလျှင် ရုပ်လုံး၏ ဦးခေါင်းနေရာ၌ ပတ္တမြားကြီးကို တွေ့လိုက်ကြရလေ၏။

ပြီးလျှင် လိုအပ်သောရှာဖွေမှုနှင့် သိမ်းဆည်းသင့်သည်များကို သိမ်းဆည်းပြီးလျှင် လူဆိုးကြီး ဟန်သွဲ့ခေါ် သံသရာအား တော်ဝပ်အချုပ်သို့ ပို့ဆောင်ရန်အတွက် ကားများလျှို့ဝှက်ရပ်ထားရာသို့ ကျွန်ုပ်တို့အားလုံးလျှောက်လာခဲ့ကြ တော့သတည်း။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး၍ သုံးရက်ခန့်ကြာသောအခါ အိုင်အိုနန်းထိုက်သည် သူ၏ကားကလေးဖြင့် ကျွန်ုပ်နေအိမ်သို့ ရောက်ရှိလာခဲ့ရာ ကျွန်ုပ်က ထုံးစံအတိုင်း လက်ဖက်ရည်ဖျော် ဧည့်ခံရလေ၏။

ကျွန်ုပ်က လက်ဖက်ရည်ကို ဇိမ်ခံသောက်လျက်မှ. . .

'ကိုနန်းထိုက် အခြေအနေတွေ ဘယ်လိုရှိသလဲ၊ အားလုံးအဆုံးသပ်သွားပြီ မဟုတ်လား'

ဟု မေးရာ အိုင်အိုနန်းထိုက်က. . .

'ဟိုဒင်းလိုပေါ့ ကိုညိမ်းမောင်၊ ပြီးတော့လဲ ပြီးသွားတာ ပါပဲဆိုသလိုပေါ့၊ မသဇင်တာတော့ သူ့အမျိုးတွေရှိတဲ့ တောင်ငူထာ ရွာကလေးကို ပြန်သွားပြီ၊ ဟို. . . မောင်ကျော်ထင်ဆိုတဲ့ လူရှုယ်ကိုတော့ စိတ်ရောဂါကု ဆေးရုံကြီးပို့ပေးလိုက်ပြီ၊ လူဆိုးကြီးသုံးယောက်နဲ့ ရာဇဝင်လူဆိုး ကိုဟန်သွဲ့တို့ကို တရားရုံးမှာ ဆက်လက်အရေးယူဖို့ ဆောင်ရွက်နေကြတယ်၊

ကဲ. . . ခင်ဗျားသိချင်တာ ဒါပဲမဟုတ်လား'

ဟု ပြောလေ၏။



'ကျေးဇူးတင်ပါတယ်ဗျာ၊ အခုလိုကြားရတာတော့ စိတ်ထဲမှာရှုပ်နေသမျှ ရှင်းသွားတာပေါ့'

ဟု ကျွန်ုပ်က ပြောလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'မရှင်းသေးဘူးဗျ'

ဟု ဆို၏။

'ဗျာ. . . ဘာကျန်သေးလို့လဲ၊ ဘာကြောင့်လဲ'

ကျွန်ုပ်အမေးကို အိုင်အိုနန်းထိုက်က ပြုံး၍ မည်သည့်စကားမှ မဆိုပဲ ဘောင်းဘီအိတ်ထဲနှိုက်ကာ တစ်စုံတစ်ရာကို ထုတ်ပေးလိုက်လေ၏။

'ရော့. . . အဲဒါ ကျန်သေးတယ်'

ပစ္စည်းကိုလှမ်းပေးပြီးမှ အိုင်အိုနန်းထိုက်က အထက်ပါအတိုင်း ပြောလေ၏။ ကျွန်ုပ် လှမ်းယူလိုက်သောအခါ ယင်းအရာမှာ စာအုပ်အနက်လေး တစ်အုပ်ဖြစ်လျက် ထိုစာအုပ်သည် မြေအောက်လှိုဏ်ခန်းအတွင်း ရှုးသွပ်နေသော မောင်ကျော်ထင်ဆိုသူ လူရှုယ်ထံ မှ သိမ်းဆည်းခဲ့သည့် စာအုပ်ဖြစ်ကြောင်း ကျွန်ုပ်မှတ်မိသိရှိ လိုက်မိပေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

'ဟင်. . . ဒါ မောင်ကျော်ထင်ရဲ့ စာအုပ်ကလေး မဟုတ်လား'

ဟု ကျွန်ုပ်က မေးလိုက်၏။

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'အစစ်ပေါ့ ကိုညိမ်းမောင်၊ ကျွန်တော် ဖတ်ကြည့်ပြီးပြီ

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်လို့သာ ပြောပါရစေတော့ဗျာ၊ တကယ့် ဂန္ထဝင်မြောက် ရသဝတ္ထုကြီးတစ်ပုဒ်ကို ဖတ်ရသလိုပါပဲ'

ဟု ပြောလေ၏။

'အိုး. . . ညွှန်းလှချည်လား၊ ဒီလောက်တောင်ပဲလား ကိုနန်းထိုက်'

ကျွန်ုပ်က ပိုလွန်းသည်ဟူသော အနေအထားဖြင့် အထက်ပါအတိုင်း ပြောလိုက်သည်တွင် အိုင်အိုနန်းထိုက်က ပြုံး၍. . .

'ကျွန်တော် ညွှန်းတာ လိုတောင် လိုဦးမယ် ထင်တယ် ကိုညိမ်းမောင်၊ အဲ. . . ဒါပေမယ့် ရူးသွပ်နေတဲ့ လူတစ်ယောက်ရေးသားထားတာဆိုတော့ ယုံရအခက်၊ မယုံရအခက် ဆိုတာလိုတော့ ဖြစ်ရတာပေါ့'

ဟု ဆို၏။ ကျွန်ုပ်က စာအုပ်ကို တစ်ရွက်စနှစ်ရွက်စ လှန်လှော၍ ကြည့်လိုက်ရာ လှပပိုင်းစက်သော ပညာတတ်လက်ရေးနှင့်စာလုံး များကို တွေ့လိုက်ရပေတော့၏။

ထိုအခါ အိုင်အိုနန်းထိုက်က . . . .

'မောင်ကျော်ထင်ဟာ ပညာတတ် တစ်ယောက်ဆိုတာတော့ သေချာတယ် ကိုညိမ်းမောင်၊ ကျွန်တော် လူဆိုးကြီးသံသရာကို မေးကြည့်တော့ သူရည်ရွယ်ထားတဲ့ သူဇာနွယ်နဲ့ လက်ထပ်တဲ့ မောင်ကျော်ထင်ဟာ ဘူမိဗေဒဘွဲ့ရသတ္တုတွင်း အင်ဂျင်နီယာ တစ်ယောက်လို့ ပြောတယ်ဗျ'



ဟု ဆို၏။ ကျွန်ုပ်မှာ မောင်ကျော်ထင်အတွက် နှမြောတသဖြစ်သွားရကား. . .

'အေးဗျာ၊ မြန်မာလူရွယ် ပညာတတ် တစ်ယောက်ဟာ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကြောင့် ရူးသွပ်သွားရတာဟာ နှမြောစရာပဲ'

ဟု ဆိုလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'အဲဒီစာအုပ်ထဲမှာ မောင်ကျော်ထင် ရေးထားတာကို ဖတ်ရရင် သူဇာနွယ်ကိုဘာမဟုတ်တဲ့ မိန်းမဆိုတဲ့ အမြင်ပျောက်သွားမှာ အမှန်ပဲဗျ'

ဟုပြုံးစစနှင့် ပြောလေ၏။

'ဟုတ်လား၊ ဒါဆို အခုပဲ ဖတ်တော့မယ်ဗျာ'

ကျွန်ုပ်က ထိုသို့ပြောလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'ဖတ်ဗျာ၊ ကျွန်တော် ညက ညဥ့်နက်မှ အိပ်ရလို့ အိပ်ရေးမဝဘူး၊ ဟောဒီဆိုဖာပေါ်မှာ တစ်ရေးလောက် အိပ်မယ်၊ အိပ်ရာကနိုးမှ အဲဒီဇာတ်လမ်းအကြောင်း ဆွေးနွေးကြတာပေါ့'

ဟုဆိုကာ ဆိုဖာပေါ်၌ လဲလျောင်း၍ အိပ်စက်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း ပက်လက်ကုလားထိုင်တွင် ထိုင်ပြီးသကာလ မောင်ကျော်ထင်၏ မှတ်စုစာအုပ်ကို စိမ်ပြေနပြေဖတ်ရှုလေ၏။ထိုအခါကျမှပင် အိုင်အိုနန်းထိုက်ပြောသကဲ့သို့ မှတ်တမ်းမှတ်ရာများမှာ လွန်စွာဆန်းကျယ်အံ့သြဖွယ်ကောင်းသကဲ့သို့ အတိတ်၊ အနာဂတ် ပစ္စုပ္ပန်ဟူသည် ရှိသည့်အနက်

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နိုင်စွမ်း မရှိသည့် အနာဂတ်ကာလသို့ ရမ်းရော်ရည်မှန်းကာ ရေးသားထား သောကြောင့် ဖတ်ရှုရသည်မှာ တစ်မျိုးတစ်ဖုံ ထူးခြားလှသည်။ ဟု ဆိုရမည်ဖြစ်ပေ၏။

ကနဦးတွင် ကျွန်ုပ်က သာမန်မျှသာ ဖတ်ရှုသည်မှန်သော်လည်း စာမျက်နှာ တစ်မျက်နှာပြီးတိုင်း ကျွန်ုပ်မှာ ပိုမိုစိတ်ဝင်စားလာရပြီးလျှင် စာအုပ်၏ စာမျက်နှာများပြီးဆုံးသည်အထိ မပျင်းမရိ ဖတ်ရှုမိပေတော့၏။

ဖတ်ရှုပြီးဆုံးသောအခါ ကျွန်ုပ်မှာ လှပသော မျက်နှာပိုင်ရှင် အဖြူရောင်ဝတ်စုံနှင့် သူဇာနွယ်ကိုလည်းကောင်း၊ နှင်းပွင့်တောင်တန်းဖြူကြီးလည်းကောင်း မျက်စိထဲတါင် ထင်ဟပ်ပေါ်ပေါက်လျက် ရှိရပေ၏။ ထိုစဉ် ရုတ်တရက်. . .

'ဘယ့်နှယ်လဲ စာရေးဆရာကြီး၊ နှင်းပွင့်တောင်ကြီးကို မျက်စိထဲက ဖျောက်လို့မရတော့ဘူး မဟုတ်လား'

ဟူသည့် အသံနှင့်အတူ စတိုင်လိုစီးကရက်တစ်လိပ်ခဲလျက်မှ နိုးလာဟန်တူသော အိုင်အိုနန်းထိုက်က မေးလိုက်၏။

'ခြော်. . . နိုးပြီးလား၊ ဟုတ်တယ်ဗျာ၊ သိပ်ကို စိတ်ဝင်စားဖို့ကောင်းသလို စွဲလမ်းခြင်း အချစ်အမုန်းတို့ အားပြိုင်ထားတဲ့ ဇာတ်လမ်းတောင်းတစ်ပုဒ် ဖြစ်တယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် ဘာကယ့်ယုတ္တိနဲ့တော့ နည်းနည်း ကင်းလွတ်တယ်လို့ ဆိုချင်တယ်'

ကျွန်ုပ်အပြောကို အိုင်အိုနန်းထိုက်က ခေါင်းညိတ်၍. . .

'ခင်ဗျားပြောတာ မှန်ပါတယ် ကိုညိမ်းမောင်၊ ဒါပေမယ့်



ခင်ကျော်ထင်ဟာ ရူးသွပ်နေတဲ့လူဆိုတာ လူကောင်းနဲ့ခြားနားပြီး စိတ်ကူးနဲ့ တွေ့ဆုံရပုံမျိုး ရေးသားထားတာလဲ ဖြစ်နိုင်တယ်၊ မှန်လဲ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ စာဖတ်ပရိတ်သတ်တွက် မနစ်နာတဲ့အပြင် ဗဟုသုတဖြစ်နိုင်တဲ့ ဇာတ်လမ်းဖြစ်လို့ များအနေနဲ့ တန်ဆာဆင်ပြီး ရေးသားဖို့ ကျွန်တော် အကြံပြုတယ် ။'

ဟု ရှည်လျားစွာ အကြံပေးစကား ပြောကြားလေသည်။

ကျွန်ုပ်က တွေးတွေးဆဆဖြင့်. . .

'ဟုတ်ပါတယ်၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာ ဟုတ်တာမဟုတ်တာ အပထားလို့ ဇာတ်လမ်းကတော့ အင်မတန်ကောင်းမွန်မှာ ဝန်ခံပါတယ်၊ သို့ပေမယ့်. . .'

ဟု စကားကို ချိန်ဆလျက်ရှိစဉ် အိုင်အိုနန်းထိုက်က. . .

'ဟော့လူ. . . သို့ပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့လေ စာဖတ်ပရိတ်သတ်ကို လေးစားရင် ဒီလိုဇာတ်လမ်းမျိုးကို လက်လွှတ်ဘဲ ရေးသားသင့်တယ် ကိုညိမ်းမောင်'

ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း အိုင်အိုနန်းထိုက် ပြောသည့်အတိုင်း ဤစိတ်ဝင်စားဖွယ် 'နှင်းသစ္စာရှင် ချစ်လုလင်' ဝတ္ထုကြီးကို ကျွန်ုပ်၏ စာဖတ်ပရိတ်သတ်များ အားပါးတရ ဖတ်ရှုနိုင်ရန် အားရေးသား တင်ဆက်လိုက်ရပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

မောင်ကျော်ထင်၏ဖခင်မှာ ဘိလပ်ပြန် ရှေ့နေကြီးတစ်ဦး ဖြစ်၍ မျိုးချစ်စိတ် ထက်သန်သူတစ်ဦး ဖြစ်ပေရကား ဗြိတိသျှအစိုး ရ၏ မျက်စိစပါးမွေး စူးသူတစ်ဦးအဖြစ် နာမည်ကြီးလှပေ၏။

မောင်ကျော်ထင်၏ မိခင်မှာ ပခုက္ကူဇာတိဖြစ်ကာ အညာ သူပီပီ ယဉ်ကျေးသိမ်မွေ့သော အငွေ့အသက်တို့ ပေါင်းစပ်မွေးဖွား လာသည့် မောင်ကျော်ထင်မှာ အနေအထိုင် ရိုးသား၍လွန်စွာမှ လည်း လူချစ်လူခင် ပေါ်များလှပေ၏။

သူသည် စာဖတ်ခြင်းကို မွေ့လျော်ကာ အားကစားသမား ဖြစ်၍လည်း အရွယ်ရောက်သည်နှင့် ကျောင်းစာတွင် ထူးချွန်အောင် ကြိုးစားပြီးလျှင် တက္ကသိုလ်သို့ ရောက်ရှိခဲ့လေသည်။

ကျောင်းအားကစားလောက၌ ထင်ပေါ်လှသဖြင့် မိန်းမ ချော တော်တော်များများ၏ ဂရုစိုက် အရေးပေးခြင်းကို ခံရလေ၏။

သို့ပါသော်လည်း မောင်ကျော်ထင်မှာ ရည်းစားသနာထား ရန်စိတ် စိတ်ကူးလုံးဝမရှိဘဲလျက် စာပေပညာကိုသာ မက်မက်မော မော ကြိုးစားခဲ့ရာ ဘွဲ့မိဗေဒဘွဲ့ ရရှိသည်အထိ ဖြစ်လေသည်။

အပေါင်းအသင်း သူငယ်ချင်းများစွာ ရှိသည့်အနက် မိမိ



ဖခင်၏ မိတ်ဆွေတစ်ဦးဖြစ်သော ဦးပညာ၏ သားဖြစ်သူ ကလကတ္တားတက္ကသိုလ်မှ ဆေးပညာဘွဲ့ ရရှိခဲ့သည့် ဆရာဝန် ပေါက်စ ကိုထင်ရှားအား အစ်ကိုရင်းသဖွယ်ကဲ့သို့လည်းကောင်း၊ ငယ်ပေါင်းရောင်းရင်းကဲ့သို့လည်းကောင်း လွန်စွာချစ်ခင်လေ၏။

ရည်းစားထားရန် ကိစ္စရှိသည်တိုင် ဆရာကိုထင်ရှားကို တိုင်ပင်တတ်ရာ ကိုထင်ရှားက. . .

'ကျော်ထင်ရာ. . . မင်းက ငါ့များ ဘာကောင်အောက်မေ့ နေသလဲ၊ ငါလဲ ပညာရှိမဟုတ်ပါဘူးကွ၊ မင်းက လူပျိုတစ်ယောက် ဟာ၊ ငါ့ထင်မြင်ချက်က ဘာထိရောက်မှာမို့လဲ၊ မင်းတော့ အားကို ပြီ ကိုယ့်လူ၊ ဟား. . . ဟား. . . ဟား'

ဟု လှောင်တတ်လေ၏။

သို့သော် ဆရာဝန်ပေါက်စ ကိုထင်ရှားကလည်း မောင် ကျော်ထင်အား အထူးချစ်ခင်ရှာလေသည်။ ထို့ကြောင့်လည်း အစအရာရာတွင် မောင်ကျော်ထင် အား ညီငယ်အရင်းကဲ့သို့ ဆင်ဆုံးမလေ့ ရှိ၏။

အားကစားလေ့ကျင့်ရာတွင်လည်းကောင်း၊ ခတ်ရှင်သို့ ကြည့်ရာတွင်လည်းကောင်း၊ တပူးပူးတွဲတွဲ သွားလေ့ရှိရာ တို့နှစ်ဦးအား တစ်ဖက်သတ် ချစ်ကြိုက်ကြသည့် မိန်းမပျိုအချို့ များလိုစိတ်ဖြင့် နှုတ်ခမ်းစူကြသည်အထိ ဖြစ်လေ၏။

မိမိကိုယ်တိုင် ဗြိတိသျှအစိုးရ၏ အမှုထမ်းဖြစ်လင့်ကစား သားကိုမူ အမှုထမ်းမဖြစ်စေလိုသည့်အလျောက် အင်္ဂလန်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရရှိထားသော မောင်ကျော်ထင်ကို အလုပ်မလုပ်စေဘဲ လည်ပတ်ရင်း အချိန်ဖြုန်းစေလေ၏။ မောင်ကျော်ထင်၏ မိခင်မှာများပြားလှသော အမွေများ ရရှိထားရာ မောင်ကျော်ထင်အတွက် သုံးမကုန်အောင်ပင် ရှိနေပေ၏။

ထို့အတွက် သတ္တုတွင်း တစ်တွင်းကို ကိုယ်ပိုင်ဝယ်ယူလုပ်ကိုင်ရန်ပင် ဖခင်ဖြစ်သူ ဝတ်လုံတော်ရကြီးက အကြံပေးသေး၏။

မောင်ကျော်ထင် တစ်ယောက် ထိုကဲ့သို့ အပူအပင်ကင်းမဲ့စွာ လည်ပတ်နေစဉ်အတွင်း တစ်ညတွင် မမျှော်လင့်သော ကံကြမ္မာဆိုး ထိုးလာလေတော့သည်။

ထိုကံကြမ္မာဆိုးမှာ အခြားမဟုတ်ပေ။ မောင်ကျော်ထင် တစ်ယောက် ဆရာဝန်ကိုထင်ရှား အိမ်သို့ လည်ပတ်နေစဉ် အချိန်ကုက္ကိုင်းရပ်ရှိ ဝတ်လုံတော်ရကြီး ဦးသော်တာ အိမ်သို့ ဓားပြတစ်စု ဝင်တိုက်ကြခြင်းပင်တည်း။

ခေါင်းမာလှသည့် ဝတ်လုံတော်ရကြီးက ဓားပြများတောင်းသည့် မီးခံသေတ္တာသော့ကို ထုတ်ပေးရန် ငြင်းဆန်နေရာ၊ ဓားပြခေါင်းဆောင်က ဒေါသထွက်လျက် လင်မယားနှစ်ယောက်စလုံးအား ရိုက်နှက်လေ၏။

ထို့အတွက် ဝတ်လုံတော်ရကြီးက ပြန်လည် ခုခံလေရာ ဓားပြများ ပိုမိုဒေါသထွက်လာကာ ပြင်းထန်စွာ ရိုက်ပုတ်သည့်အတွက် လက်လွန်ပြီးနောက် လင်မယားနှစ်ယောက်စလုံးသေဆုံးသွားရှာလေ၏။



ရိုက်ပုတ်သံ၊ အော်ဟစ်သံများကြောင့် ပတ္တရောင်လှည့်လာသည့်ရဲများကြားသိရာမှ ဓားပြနှင့်ပုလိပ်များ ဆက်လက်ပစ်ခတ်ကြမြန်သည်တွင် ဓားပြခေါင်းဆောင် သေဆုံး၍ကျန်သုံးယောက်ကို ပုလိပ်ဘက်မှ ဖမ်းဆီးမိခဲ့လေတော့သည်။ အဖြစ်ဆိုးကိုကြားသိရပြီးသည့်နောက် မောင်ကျော်ထင် မှာ ချစ်လှစွာသော မိဘနှစ်ပါးအတွက် ကြေကွဲဝမ်းနည်းကာ အပူမီးကြီး တောက်လောင်လျက်ရှိလေ၏။

ထို့အတွက် ဆရာဝန် ကိုထင်ရှားနှင့်မိဘဖြစ်သူများကပါ မောင်ကျော်ထင်အား နှစ်သိမ့်အားပေးကာ ၎င်းတို့အိမ်မှာပင် နေစေလေ၏။ ထိုအချိန်တွင် ဆရာဝန် ကိုထင်ရှားမှာ အစိုးရဘက်၌အမှုမထမ်းဘဲ မဂိုလမ်း(ယခု ရွှေဘုံသာလမ်း) တွင် ကိုယ်ပိုင်ဆေးခန်းလေး တစ်ခုကို ဖွင့်လှစ်ပြီးစတင် ဆေးကုသနေချိန် ဖြစ်လေသည်။

ဤသို့ဖြင့် မောင်ကျော်ထင်က စိတ်ပြေလက်ပျောက်ဖြစ်စေရန် မြန်မာပြည်အနှံ့ ဗဟုသုတရှာရင်း ဘုရားဖူး ထွက်လိုကြောင်း ဆရာဝန် ကိုထင်ရှား၏ မိဘနှစ်ပါးအား ခွင့်ပန်လိုက်လေသည်။

'အေးလေ. . . ဟုတ်တာပေါ့ကွယ်၊ မိဘနှစ်ပါးအတွက်ရော မင်းအတွက်ပါ ကုသိုလ်လဲရတာပေါ့၊ ငါတို့သွားချင်သပဆိုရင် သွားခွင့်ပြုပါတယ်ကွယ်'

ဟု ကိုထင်ရှား၏ မိဘနှစ်ပါးက ခွင့်ပြု၏။

'အေးကွာ. . . ငါလဲ မင်းနဲ့အတူ လိုက်ချင်ပါတယ် ဒေါ့်

ထင်၊ ဒါပေမယ့် ခက်တာက ငါ့ဆေးခန်းကို အခုမှ အထိုင်ချကာစ ဆိုတော့ ပစ်ထားခဲ့လို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ ဒီ့အတွက် ငါမလိုက် နိုင်တာ ခွင့်လွှတ်ပါကွာ'

ဟု ဆရာဝန် ကိုထင်ရှားက စိတ်မကောင်းစွာဖြင့် ဆိုလေ သည်။

'ကိစ္စမရှိပါဘူး အစ်ကို ထင်ရှားရာ၊ ရောက်ရာ မြို့ကနေ ကျွန်တော် စာလှမ်းရေးပါ့မယ်၊ ဪ. . . ဒါ့ထက် ကျွန်တော် ထို့ တစ်ခု ဆောင်ရွက်ပေးစမ်းပါ'

ဟု မောင်ကျော်ထင်က ပြော၏။

'ပြောလေ လုပ်ပေးမှာပေါ့၊ ဘာကိစ္စလဲ'

ဟု ဆရာဝန် ထင်ရှားက မေးသည်။

ဤတွင် မောင်ကျော်ထင်က. . .

'တခြားမဟုတ်ပါဘူး၊ တနင်္သာရီကသတ္တုတွင်း တစ်တွင်း မှာ အင်ဂျင်နီယာ တစ်ယောက်လိုနေတယ်လို့ သတင်းကြားရတယ်

'အဲဒါ ဘာဖြစ်သလဲ၊ မင်းလုပ်မလို့လား'

'လုပ်မယ်. . . အစ်ကို ထင်ရှား၊ အစကတော့ ဖေဖေ့ မေမေကို ငဲ့ကွက်ပြီး အစိုးရအလုပ် မလုပ်ဖို့ ဆုံးဖြတ်ထားတာ. . .

'အခုတော့ရောကွ'

'မလုပ်ဘဲနေရင် ကျွန်တော် တတ်ထားတဲ့ ပညာတွေဟာ အလဟဿ ဖြစ်သွားတော့မှာပေါ့ အစ်ကိုထင်ရှားရယ်၊ မဟုတ် ဘူးလား'



ဟု မောင်ကျော်ထင်က ဖြေ၏။

ထိုအခါ ဆရာဝန် ကိုထင်ရှားက တွေးတွေးဆဆဖြင့်. . .

'မှန်တာပေါ့ကွာ၊ နို့မို့ဆိုရင် ထက်နေတဲ့ ဓားသွားကို အခြေးတက်အောင် လုပ်သလို ဖြစ်နေမှာပေါ့၊ အသွားတုံးသွားလိမ့် မယ်'

ဟု ဆို၏။

'ဒါဖြင့် မနက်ဖြန်ကျရင် ကျွန်တော်ခရီးထွက်မှာ ဖို့အပလီ ကေးရှင်း(လျှောက်လွှာ) ရေးပေးခဲ့မယ်၊ အစ်ကိုထင်ရှားက သက်ဆိုင် ရာဌာနမှာ သွားတင်ပေးပါ'

ဟု အကူအညီတောင်း၏။

'စိတ်ချပါကွာ၊ ငါဆက်ဆက် ဆောင်ရွက် ထားလိုက်ပါ့ မယ်၊ မင်းသာ ဘုရားပေါင်းစုံကို စိတ်ဖြောင့်ဖြောင့် ဖူးပါ၊ ဒါမှ ကုသိုလ်ရမယ်'

ဟု ကတိပြု၏။ ထိုအခါ ကျမှပင် မောင်ကျော်ထင်မှာ စိတ်လက်ပေါ့ပါး သွားပြီးလျှင် နံနက်လင်းသည်နှင့် အဝတ်အစား၊ ရိက္ခာလိပ်တို့ကို ယူဆောင်ကာ မီးရထားဖြင့် အထက်အညာ ဒေသများ သို့ဘုရား ဖူး ထွက်ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

မောင်ကျော်ထင် တစ်ယောက် မီးရထားဖြင့်ခရီးထွက်ခွာရာတွင် ထိုခေတ် ထိုအခါက ဗြိတိသျှတိုင်းရင်းသားများနှင့် အစိုးရအရာရှိများသာ စီးနင်းလိုက်ပါခွင့်ရသော အပ်ပါးကလပ်စ်ခေါ် အထက်တန်းတွဲတွင် ဆရာဝန် ကိုထင်ရှား၏ မိဘများ အကူအညီဖြင့် ဇိမ်ကျကျ လိုက်ပါခဲ့ခြင်း ဖြစ်လေသည်။

သူသည် ခရီးထွက်မှု နည်းပါးသူဖြစ်သည့် အလျောက် ကွမ်းခြံဘူတာကြီးမှ မီးရထားထွက်၍ မကြာမီတွင် မီးရထား၏ ယမ်းခါ ယိမ်းထိုးမှုကြောင့် ပုခက်အလွှဲခံရသည့် ကလေးတစ်ဦးကဲ့သို့ အိပ်ပျော်သွားရာ ပဲခူးဘူတာသို့ ဆိုက်ရောက်သည်ကိုပင် သတိမပြုမိတော့ပေ။

လူသံများ၏ ဆူညံမှုကြောင့် အိပ်ရာမှ လန့်နိုးလျက်မျက်လုံးဖွင့်လိုက်သည်။ မောင်ကျော်ထင်မှာ အပြင်မှတံခါးခေါက်သံကို အမှတ်မထင် ကြားလိုက်ရတော့၏။

'ဒေါက် ဒေါက်'



'ဒေါက် ဒေါက် ဒေါက်'

ထို့ကြောင့် မောင်ကျော်ထင်က ထိုင်ခုံမှ ကပျာကယာထ၍ ပိတ်ထားသော မီးရထား၏ အခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

'ဟင်'

မောင်ကျော်ထင်မှာ ကျောက်ရုပ် တစ်ရုပ်ကဲ့သို့ ငေးငိုင်ထွေဝေလျက် အခန်းဝမှ မြင်တွေ့ရသူကို ကြည့်နေမိတော့သည်။

အဘယ်ကြောင့်ဆိုသော် ကြော့ရှင်းလှပ၍နှင့်မွှင့်သစ္စာန်ရောင် အဝတ်အစားများနှင့် တည်ငြိမ်စွာ ရပ်နေသော မိန်းမပျိုတစ်ယောက်အား တွေ့လိုက်ရသောကြောင့် ပင်တည်း။

ထိုအခိုက် မိန်းမပျိုက. . .

'ဒီ. . . . ဒီမှာ ရှင်ကျေးဇူးပြုပြီး ကျွန်မတို့ကို ရှင့်အခန်းမှာ လိုက်ပါ စီးနင်းခွင့် ပြုပါ' ဟုခွင့်တောင်းလိုက်၏။

'ဗျာ'

အံ့ဩဟန် မပြေသေးသော မောင်ကျော်ထင်မှာ မိန်းမပျိုအား အံ့ဇေးသား စိုက်ကြည့်နေရင်းမှပင် ယောင်ယမ်းလျက်ရှိသေး၏။

'ခရီးသည်တွေက အဆမတန် များပြားနေလို့ တွဲတိုင်း ကြပ်ညပ်နေတဲ့အတွက် ဒီတွဲမှာ လိုက်ပါခွင့်ပြုဖို့ တောင်းပန်ပါတယ်ရှင်'

မိန်းမပျို၏ ချိုလွင်၍ အနည်းငယ်ဩပုံရသည့် လေသံလေး

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မောင်ကျော်ထင်မှာ မိမိအဖြစ်ကို ရှက်သွားရလျက်. . .

'ဟို. . . ဟိုသင်း၊ ရ. . . ရပါတယ်ဗျာ၊ ဝင်ခဲ့ပါ၊ အခန်းတစ်ခန်းလုံး ကျွန်တော် တစ်ယောက်တည်းဆိုတော့ အကျယ်ကြီးပါ'

ဟု ခပ်သွက်သွက် လောကွက်လုပ်လိုက်မိ၏။

'ကျေးဇူးပါပဲရှင်၊ လာလေ ဒေါ်ဒေါ်၊ အဆင်ပြေသွားပါပြီ'

မိန်မပျို၏ ခေါ်သံကြားမှပင် မိန်းမပျိုနောက်ဘက်မှ ဝဖိုင့်သော အဒေါ်ကြီးတစ်ဦးကို မောင်ကျော်ထင် သတိပြုလိုက်မိတော့သည်။ ထို့ကြောင့်. . . .

'ထိုင်ကြပါ ထိုက်ကြပါ၊ ကျွန်တော့်ကို ဘာမှ အားမနာကြပါနဲ့'

မောင်ကျော်ထင်က ထပ်မံ၍ ဖိတ်မန္တကပြုမှ မဆုံးမီမှာပင် ဂါတ်ပိုလ်တွဲမှ ရထားထွက်ရန် စီစီမှုတ်သံကြောင့် မီးရထားစထွက်လေရာ ယိုင်ထိုးသွားသည်နှင့် အဖြူရောင်မိန်းမပျိုနှင့် အဒေါ်ကြီးတို့လည်း ထိုင်ခုံ၌ဝင်ရောက် ထိုင်လေတော့၏။

မောင်ကျော်ထင်မှာ အဖြူရောင်ဝတ်စုံနှင့် ချောမောလှပလွန်းသော မိန်းမပျိုအား မသိမသာ ကြည့်မိရင်း မိမိအကြောင်းကို ပြန်တွေးကြည့်မိ၏။ မိမိသည် ရန်ကုန်ကောလိပ်တွင်လည်းကောင်း၊ ရန်ကုန်မြို့ အနှံ့အပြားတွင်လည်းကောင်း၊ လှပသော မိန်မပျိုအတော်များများ ကိုတွေ့မြင်ဖူးကာ အချို့နှင့်လည်းလက်ပွန်းတတီးရင်းနှီးစွာ နေထိုင် ရသည့်အထိ ဖြစ်ခဲ့ကြောင်းနှင့်. . . .



ထိုကဲ့သို့ တွေ့မြင်ရင်းနှီးခြင်းများ ဖြစ်ရလင့်ကစား စိတ်ထဲမှ ချစ်ကြိုက်မှု တပ်မက်စိတ်များ မည်သည့်အခါမှ ဖြစ်ပေါ်ခဲ့ခြင်း မရှိကြောင်း အပြင်. . .

ယခုတခဏမျှသာ တွေ့မြင်ရသည့် မိန်းမပျိုအား မြတ်နိုးခြင်း၊ ချစ်ခြင်း၊ တွယ်တာခြင်း၊ ကြင်နာခြင်း များနှင့်အတူ တပ်မက်ခြင်း၊ ပိုင်ဆိုင်လိုခြင်းများ ရောယှက်လာပုံအား မည်သို့မျှ မတွေးတတ်အောင် ဖြစ်ကာ၊ မိမိကိုယ်ကိုယ်လွန်စွာ အံ့ဩမိရှာပေတော့၏။

မီးရထားမှာ အရှိန်ရစ ပြုနေပြီဖြစ်လေ၏။

ထိုခဏမှာပင် ကြည်လင်သာယာသော ကောင်းကင်ပြင်မှာ မြူနှင်းတို့ ဝေ့ဆိုင်းသွားသောကြောင့် မီးရထားပြတင်းပေါက်ကို တပျာကယာ ပိတ်လိုက်ရ၏။ ထိုအခါ မြူနှင်းနှင့်အပြိုင် အဖြူရောင်ဝတ်စုံနှင့် လှပနေ သောမိန်းမပျိုကို သတိရကာ ပြန်လည်ကြည့်လိုက်မိလေ၏။

ထိုသို့ကြည့်လိုက်စဉ်အခိုက် မိန်းမပျို၏ ကော့ရွန်းသော မျက်တောင်ကော့ကြီးများတစ်ဖျပ်ဖျပ် လှုပ်ခပ်သွားပြီးလျှင် မျက်ရည်ပုလဲစက်များ တရစပ် ကျရောက်လာသည်ကို မောင်ကျော်ထင်တစ်ယောက် အံ့ဩဖွယ် တွေ့ရပြန်တော၏။

'ဟင့်. . . အဟင့်'

ရှိုက်သံလေးများ ထွက်ပေါ်လာပြီးနောက် မိန်းမပျိုသည် မျက်ရည်စများကို သူမ၏ ပဝါဖြူကလေးဖြင့် တို့သုတ်နေသော၏

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာပင် အဒေါ်ကြီးက မိန်းမပျို၏ပုခုံးကို ပွေ့ဖက်ထားလိုက်ပြီးလျှင်. . .

'ငိုနေလို့လဲ ဘာထူးလာမှာမို့လဲ သူဇာရယ်၊ တရားနဲ့သာဖြေပါကွယ်၊ ငါ့တူမလေးက လိမ္မာပါတယ်'

ဟု ချော့မော့ဖျောင်းဖျရှာ၏။ ထိုအခါကျမှပင် မိန်းမပျိုမှာ မောင်ကျော်ထင်ရှိသည်ကို ပြန်လည် သတိပြုမိသွားကာ. . .

'အို. . . ဟုတ်ပါရဲ့၊ သူဇာသတိလက်လွတ်ပြီးငိုနေမိတယ်၊ သူများ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်သလိုဖြစ်သွားတယ် ဒေါ်ဒေါ်'

ဟူ၍ မောင်ကျော်ထင်အား ကြည့်လျက် အဒေါ်ကြီးကို ပြောသလိုလို အမူအရာနှင့် ပြောလိုက်လေ၏။

'ဟာ. . . ကိစ္စမရှိပါဘူးဗျာ၊ လူတစ်ယောက်မှာ သူ့အကြောင်းနှင့်သူဆိုတာ ရှိမှာပေါ့၊ ဝမ်းနည်းစရာ ရှိရင်လဲ ငိုသာငိုပါ၊ ဒါမှ ရင်ထဲမှာ ရှင်းသွားမှာပါ ကျွန်တော့်ကိုဘာမှအားနာနေဖို့ မလိုပါဘူး'

ဟု မောင်ကျော်ထင် ကပျာကယာ ပြောလိုက်လေ၏။

'ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲရှင်၊ ကျွန်မတို့ ကိုယ်ရေးကိုယ်တာကိစ္စအတွက် တခြားလူတစ်ယောက်စိတ်အနှောင့်အယှက်မဖြစ်သင့်ဘူးပေါ့'

ဟု မိန်းမပျိုက ဆို၏။ ထိုအခိုက်မှာပင် မိန်းမပျို နံဘေးတွင် ထိုင်နေသည့် အဒေါ်ကြီးက မောင်ကျော်ထင်အား. . .



'ငါ့တူရယ်၊ ဒေါ်ဒေါ် တူမလေး ပြောသလိုပါပဲ၊ စိတ်အနှောင့်အယှက်ဖြစ်ရင် တောင်းပန်ပါတယ်၊ ဒေါ်ဒေါ်နဲ့ ဟောဒီတူမလေး သူဇာတို့အဖြစ်က ဟစ်. . . ဟစ်ပြီးတော့တောင် ငိုစရာကောင်းတဲ့ အဖြစ်ပါကွယ်'

ဟု ဆို၏။

မောင်ကျော်ထင်လည်း မည်သည့်စကား ပြောရမည်မှန်း မသိသောကြောင့် ယိမ်းထိုးလျက်ရှိသော မီးရထားတွဲ၏ လှုပ်ခါမှုကိုကြည့်နေလေသည်။ ထို့နောက် ငိုထားသဖြင့် မို့အစ်နေသည့် သောက်ရှူးကြယ် ညီနောင်သဏ္ဌာန် မိန်းမပျို၏မျက်ခွံများကို ဝရုဏာသက်စွာ ကြည့် လိုက်မိပြန်တော့၏။

ဤတွင် အဒေါ်ကြီးက. . .

'ဒီလိုကွယ့်၊ ဟောဒီ ဒေါ်ဒေါ့်တူမလေးက အမရပူရကပါ၊ ဒေါ်ဒေါ်ကပဲခူးမြို့မှာ နေတယ်ကွယ့်'

ဟု အစချီလျက် အောက်ပါ ပူဆွေးကြေကွဲဖွယ် အဖြစ်အပျက်ကို ပြောပြလေတော့၏။ သူဇာနွယ်၏ မိခင်ဖခင်များသည် သမီးလေးသူဇာနွယ်နှင့် အတူမရောက်သည်မှာ ကြာပြီဖြစ်သည့် ပဲခူးမြို့မှ ဝမ်းကွဲနှမတော် စပ်သော ဒေါ်သာယာထံသို့ မကြာသေးမီက ဝယ်ယူထားသော အော်စတင်ကားလေးဖြင့် လာရောက်လည်ပတ်ကြ၏။

ပဲခူးမြို့သို့ရောက်၍ ဘုရားဖူးပြီး သကာလ သုံးရက်ခန့်အကြာတွင် အမရပူရမှ ပိုးထည်လုပ်ငန်းအတွက် ဆောင်ရွက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများရှိသည့်အတွက် သမီးဖြစ်သူ သူဇာနွယ်အား စိတ်ရှိလက်ရှိ လည်ပတ်နိုင်ရန် အဒေါ်ဖြစ်သူထံလာ၍ အော်စတင်ကားလေးကို ကိုယ်တိုင်မောင်းနှင့်ကာ ပြန်သွားကြတော့သည်။ သို့သော် မန္တလေး နယ်နိမိတ်သို့ အရောက်တွင်လမ်းချော် တိမ်းမှောက်ကာ လင်မယား နှစ်ဦးစလုံး ပွဲချင်းပြီး သေဆုံးသွား ရတော့၏။

ထိုအကြောင်းကို မန္တလေးမြို့နေ အသိမိတ်ဆွေ တစ်ဦးက အကြောင်းကြားသဖြင့် သိသိချင်းပင် မန္တလေးမြို့သို့ အလျင်အမြန် လိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း ဒေါ်ကြီးက စုံလင်စွာ ပြောပြ လေသည်။ စကားအဆုံးတွင် မောင်ကျော်ထင်မှာ သူဇာနွယ်အတွက် အထူးပင် စိတ်မကောင်း ဖြစ်သွားကာ. . .

'အို. . . စိတ်မကောင်းစရာဗျာ၊ ဒါဆို ဒီကသူဇာ၊ အဲညီမရဲ့ အဖြစ်ကလဲ ကျွန်တော်ရဲ့ဖြစ်နဲ့ တစ်ထေရာတည်းဖြစ်နေတာပေါ့၊ အဖြစ်ချင်းက တူလိုက်တာ' ဟု ပြောလိုက်လေ၏။

'ဟင်. . . မောင်ရင်က ဘယ်လိုဖြစ်လို့လဲ၊ ဘာ့ကြောင့် အဖြစ်ချင်းတူတာလဲ'

အဒေါ်ကြီးက မေးရာ မောင်ကျော်ထင်မှာ မပြောရ၍မဖြစ် တော့သည့် အလျောက် မိဘနှစ်ပါး၏ ဆိုးရွားလှသော ကံကြမ္မာကို ပြောပြလိုက်ရလေ၏။ အဖြူရောင်ဝတ်စုံနှင့်မိန်းမပျိုမှာ သူမ၏ ပူပူနွေးနွေးခံစား နေရသည့် သောကဝေဒနာများပင် ပျောက်သွား လျက် မောင်ကျော်ထင်၏ ကြေကွဲဖွယ် အဖြစ်ကို စိတ်ဝင်စားစွာ နားထောင်နေတော့၏။



ဤသို့ဖြင့် နှင်းဖွေးဖွေးဝေနေသည့် နံနက်ခင်းတစ်ခုမှ စတင်ကာ သိကျွမ်းရသော အဖြူရောင် မိန်းမပျိုလေးသူဇာနွယ်တို့ တူဝရီးနှင့် မောင်ကျော်ထင်မှာ မမျှော်လင့်ဘဲ ခင်မင်သွားရတော့၏။

မီးရထားကြီးမှာ ၎င်းတို့၏ ခင်မင်မှုအား မနာလို မရှုစိမ့် သကဲ့သို့ တရှူးရှူး တရားရှား အော်မြည်နေရင်းမှပင် တစ်ဘူတာ ပြီးတစ်ဘူတာ ဝင်ရောက်ရပ်နားပြီးသည့်နောက် မန္တလေးဘူတာကြီး သို့ ဆိုက်ရောက်လေတော့၏။

'သွားဦးမယ် ကို. . . အဲ. . . ကိုကျော်ထင်၊ နောက်တွေ့ ရင်လဲခေါ်ပြော နှုတ်ဆက်နိုင်ပါတယ်၊ အသုဘကိစ္စကို ဘယ်လို ဆောင်ရွက်ရဦးမယ် မသိသေးတဲ့အတွက် အိမ်ကို အလည်မခေါ် နိုင်တာ ခွင့်လွှတ်ပါရှင်'

အဖြူရောင်ဝတစုံနှင့် မိန်းမချောလေး သူဇာနွယ်က ထိုသို့ နှုတ်ဆက်ပြီးနောက် ဘုံပြတ်တစ်စီးပေါ်သို့ တက်ရောက်သွားရာ မောင်ကျော်ထင်မှာ သက်ပြင်းတစ်ချက်ကို လေးပင်စွာချလျက် မန္တလေးဘူတာကြီးအတွင်း၌ ကျန်ရစ်ခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ဤသို့ဖြင့် အပ်ပါးကလပ်အခန်းအတွင်း၌ မောင်ကျော်ထင်နှင့် သူဇာနွယ်တို့ ခင်မင်ရင်းနှီးစွာ စကားပြောကြားကြသည့် အနေအထားသို့ ရောက်ရှိခဲ့၏။

သူဇာနွယ်က ပြောသည်မှာ. . .

'ကျွန်မအနေနဲ့ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ သိထားပါတယ်။ ဒါကြောင့်လဲ ဖေဖေနဲ့မေမေကို မပြန်သေးဖို့ တားပါသေးတယ်။ ဒါပေမယ့် ဖွတ်တချွတ်နိုင်လှတဲ့ ဖေဖေ့ကြောင့် ကံကြမ္မာဆိုးနဲ့ သူတို့ ရင်ဆိုင်ရတာပါ' ဟု ဆို၏။

'ဟင်. . . သူဇာနွယ်က ဒီလိုအဖြစ်ဆိုးဖြစ်မှာကို ဘယ်လို ဘယ်နည်း သိနေရတာလဲဗျာ' ဟု မောင်ကျော်ထင်က မေးရာ သူဇာနွယ်က အဓိပ္ပာယ်ကောက်ယူ၍ မရနိုင်သောအပြုံးတစ်ခုကို ပြုံးလျက်. . .

'အင်း. . . ဒါအတွက်နဲ့ပတ်သက်လို့တော့ ကျွန်မလဲ တိတိကျကျရေရေရာရာ မပြောတတ်ပါဘူး ကိုကျော်ထင်၊ နို့ပေမယ့် အတိတ်တို့ နိမိတ်တို့ဆိုတာတော့ ရှင်ယုံကြည်တယ် မဟုတ်လား' ဟု မေးလေ၏။



'ဩော်. . . အင်း. . . ယုံတယ်လဲ မဟုတ်ပါဘူး၊ မယုံဘူးလဲ မဟုတ်ပါဘူး မသူဇာနွယ်၊ ကျွန်တော်က လောကဓာတ် သိပ္ပံပညာသမားတစ်ယောက်ဆိုတော့ လက်တွေ့ဆိုတဲ့ အနေအထားပေါ်မှာပဲ ယုံကြည်လက်ခံတာ များပါတယ်' ဟု မောင်ကျော်ထင်က မယုတ်မလွန် ပြောလိုက်လေသည်။

'မှန်ပါတယ် ကိုကျော်ထင်၊ ရှင့်အယူအဆကို ကျွန်မကလဲ လက်ခံပါတယ်၊ သို့ပေမယ့် ဒီသိပ္ပံလောကကြီးမှာပဲ မမြင်နိုင် မတွေ့နိုင်တဲ့ နာမ်လောကကြီးက ဆန်းကျယ်မှုတွေ ဒုနဲ့ဒေးဆိုသလို ရှိနေခဲ့သလို အခုလဲရှိနေဆဲ၊ နောင်လဲရှိနေဦးမယ် ဆိုတာတော့ ကျွန်မ ပြောရဲတယ်'

'ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်'

ထိုအချိန် ထိုအခါတွင် သူဇာနွယ်၏ ဒေါ်ဒေါ်ဖြစ်သူ အဒေါ်ကြီးမှာ ဖျင်းရိ၍လော၊ ဉာဏ်မမီ၍လောမသိ။ ဖွင့်ထားသော ပြတင်းပေါက်မှတဆင့် တရိပ်ရိပ်ကျန်ရစ်ခဲ့သော မြင်ပရှုခင်းများကို ငေးကြည့်လျက် လိုက်ပါလာခဲ့လေ၏။

မောင်ကျော်ထင်မှာ သူဇာနွယ်၏ စကားဆန်းများနှင့် ထူးဆန်းသော အယူအဆများအကြောင်း စဉ်းစားမိကာ မိန်းမပျို၏ လှပသောမျက်နှာလေးကို ငေးမော၍ ကြည့်နေမိ၏။

ထိုစဉ်အခိုက် အဒေါ်ကြီး၏ ချောင်းဟန့်သံ ထွက်ပေါ်လာသောကြောင့် မောင်ကျော်ထင်တစ်ယောက် လန့်ဖျပ်သွားရတော့သည်။ ပြီးလျှင် အဒေါ်ကြီးက. . .

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုကွယ်၊ ဒေါ်ဒေါ်တူမဟာ မေမြို့ကွန်ဗင့်မှာ ကျောင်းတက်လာခဲ့တဲ့ ခေတ်ပညာတတ်တစ်ယောက် ဖြစ်ပါတယ်၊ သူဟာလဲ မောင်ရင့်လိုပဲ သိပ္ပံသမားတစ်ယောက်ပါ၊ သို့ပေမယ့် . . . ' ဟုအခေါ်ကြီးက သူဇာနွယ့်ကို လှမ်းကြည့်လိုက်ပြီးလျှင် . . .

'ဒေါ်ဒေါ်တူမဟာ ငယ်စဉ်ကတည်းက ရှေးဖြစ်စဉ်ကို ကြိုတင်သိနေသလို ခံစားရတယ်၊ အဲဒါ မဆန်းဘူးလား မောင်ကျော်ထင်' ဟု လှမ်းမေးလိုက်၏။

'ဒီလိုဆိုရင်တော့ တစ်မျိုးပေါ့ခင်ဗျာ၊ ဘယ်လိုအကြောင်းရပ်တွေကို ဘယ်လိုသိတယ်ဆိုတာ သိခွင့်ရှိရင်တော့ သိပါရစေ'

ဟု မောင်ကျော်ထင်က တောင်းပန်လိုက်သည်တွင် အဖြူရောင်ဝတ်စုံနှင့် သူဇာနွယ်က မပွင့်တပွင့် ပြုံးပြီးနောက် . . .

'အခုမှ တွေ့ကြရတာမှန်ပေမယ့် သူဇာရဲ့ဘဝတစ်လျှောက်မှာ ထပ်မံရင်းနှီးရဦးမယ့် ကိုကျော်ထင်ဟာ လူစိမ်းမဟုတ်ပါဘူး ပြောပြလိုက်ပါ' ဟု ခွင့်ပေး၏။ သို့အတွက် အဒေါ်ကြီးက . . .

'အဟမ်း . . . အဟမ်း . . . ဒီလိုကွယ့် မောင်ကျော်ထင်၊ ဒေါ်ဒေါ်မောင်ဖြစ်တဲ့ သူဇာနွယ်ရဲ့အဖေဟာ သူဇာနွယ်တို့မေမေနဲ့ မညားခင် လူပေလူတေတစ်ယောက်ဖြစ်တော့ ဆွေမျိုးညီအစ်ကို မောင်နှမတွေက ဝိုင်းပယ်ထားတာပေါ့'

'ဟုတ် . . . ဟုတ်ကဲ့ ဒေါ်ဒေါ်'

'တိုတိုပြောရရင်ကွယ် . . . ဒီလိုလူမျိုးကို ယုံကြည်ပြီး ခိုးရာလိုက်သွားတဲ့ သူဇာနွယ်ရဲ့ မေမေကိုလဲ သူတို့တစ်မျိုးလုံးက ပစ်ပယ်



ထားကြတယ်ကွယ်'

'ဟုတ်ကဲ့'

'ဒီလိုနဲ့ အငတ်ငတ် အပြတ်ပြတ် ဒုက္ခပေါင်းစုံ ရောက်ပြီး လင်မယားနှစ်ယောက် ချို့ချို့တဲ့တဲ့ နေထိုင်လာခဲ့ကြရာက သူဇာနွယ်မွေးပြီးလို့ ခြောက်နှစ်သမီး အရောက်မှာ ဆင်းရဲဒဏ်ကို မခံနိုင်တဲ့ ဒေါ်ဒေါ်မောင်ဟာ ဇနီးသည်နဲ့ သမီးလေးတို့ အဆင်ပြေစွာ အသက် နေနိုင်ရေး အတွက်ဒုစရိုက်မှု တစ်ခုကို လုပ်ကိုင်ဖို့ ကြိုးစားလိုက်တယ်'

'ဟုတ်ကဲ့ . . . စိတ်ဝင်စားစရာပါပဲ ဒေါ်ဒေါ်'

သူဇာနွယ်ကမူ မောင်ကျော်ထင်နှင့် အဒေါ်ကြီးတို့ နှစ်ယောက်ပြောဆိုနေကြသည်များကို လုံးဝ မကြားဘိသကဲ့သို့ ထိုင်ခုံပေါ်တွင် ရထားတွဲ၏ မျက်နှာကျက်သို့ ငေးမောကြည့်နေလေသည်။

သူမအား ကြည့်ရသည်မှာ ဖော့ဖယောင်းရုပ် တစ်ခုကဲ့သို့ ငြိမ်သက်ချောင်းစွာ ရှိနေပြီးလျှင် သူ၏စိတ်ဝိညာဉ်မှာ အခြားကမ္ဘာတစ်ခုသို့ လွင့်မျောလျက်ရှိနေသည်ဟု မောင်ကျော်ထင်ယူဆမိလေ၏။

ထိုအခိုက်မှာပင် အဒေါ်ကြီးက ဆက်လက်၍ ပြောဆိုပြန်လေ၏။

'ဒေါ်ဒေါ်မောင်၊ သူဇာနွယ်ရဲ့ ဖေဖေဟာ လူခြေတိတ်ချိန်မှာ သူနဲ့ချိန်းထားတဲ့ လူဆိုးတစ်ယောက်ကို ဝင်ခေါ်ပြီး အိမ်တစ်အိမ်ကို ဓားပြတိုက်ဖို့ ချိန်းထားတယ်ကွယ့်'

'အင်း . . . အင်း'

www.burmeseclassic.com

www.burmeseclassic.com



'သူဟာ အချိန်တလဲ လိုသေးလို့ အိမ်ထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အိပ်ခန်းထဲက အိပ်မောကျနေတဲ့ ဇနီးသည်နဲ့ သမီးဖြစ်သူကို မကြာခဏ လှမ်းလှမ်းကြည့်နေတယ်'

မောင်ကျော်ထင်က ဦးခေါင်းကို ခပ်ဆတ်ဆတ် ညိတ်၍ စိတ်ဝင်စားဟန် ထောက်ခံလိုက်ပြီးလျှင် ခံတွင်းချဉ်လာသည်နှင့် ကပ်ကြေးတံဆိပ် စီးကရက်တစ်လိပ်ကို မီးညှိ၍ရှိုက်ဖွာနေလိုက်၏။

'ထောက်'ခနဲ မီးခြစ် ခြစ်သံကြောင့် မျက်နှာကျက်သို့ ငေးမောနေသော သူဇာနွယ်မှာ ထိုအခါကျမှပင် အဝေးကမ္ဘာမှ ပြန်ရောက်လာသကဲ့သို့ မောင်ကျော်ထင်ကို ငေးကြောင်ကြောင် ကြည့်နေလေ၏။

'အဲဒီအချိန်မှာပဲ သူ့ရဲ့နားထဲမှာ အနီးကပ်ပြီး ပြောလိုက်သလို စကားသံ တစ်သံကို ကြားလိုက်ရတယ်တဲ့'

'ဘယ်သူက ပြောတာလဲ ဒေါ်ဒေါ်' ဟု မောင်ကျော်ထင်က မရှင်းသောကြောင့် ပြန်မေးလိုက်သည်။

'သူ့သမီးလေး သူဇာနွယ်ရဲ့ အသံစစ်စစ်ပဲ ဖြစ်တယ်တဲ့။ ဒီပေမယ့် သူ့သမီးလေး သူဇာနွယ်ဟာ သူ့မိခင် နံဘေးမှာ အိပ်ပျော်နေတာကို အတော်ခပ်လှမ်းလှမ်းက မြင်တွေ့နေရဆဲပဲ ရှိနေတယ်တဲ့'

'အိုး. . . အဆန်းပါလား'

မောင်ကျော်ထင်က ရေရွတ်လိုက်ပြီးနောက် သူဇာနွယ်ကို လှည့်ကြည့်ပြီးလျှင် အဒေါ်ကြီး ဆက်လက်ပြောဆိုလာမည့်စကား



ကို စိတ်ဝင်စားစွာ နားစွင့်နေလိုက်၏။ ဤတွင် အဒေါ်ကြီးက မေး၍. . .

'မင်းအနေနဲ့ ဘာမှပြောတယ်လို့ ခန့်မှန်းကြည့်စမ်း မောင်ကျော်ထင်' ဟု မေး၏။

'ဗျာ. . . ကျွန်တော် မထင်တတ်ပါဘူး. . . ဒေါ်ဒေါ်' ဟု မောင်ကျော်ထင်က ပြောလိုက်သောကြောင့် အဒေါ်ကြီးက. . .

'ဖေဖေ. . . လုံးဝမသွားပါနဲ့နော်၊ သွားရင် ဒုက္ခရောက်မှာ အမှန်ပဲ၊ ဖေဖေတို့ အစီအစဉ်ကို ပုလိပ်တွေ သိသွားပြီ အခုဆိုရင် ဖေဖေ့ မိတ်ဆွေကို ပုလိပ်တွေက ဖမ်းဆီး မိနေပြီလို့ ဆိုတယ်ကွယ်'

'ဟာ. . . တစ်မျိုးပါလား'

မောင်ကျော်ထင်မှာ ထိုင်ရာမှ ထမိမည်အထိ မယုံကြည်နိုင်ဖြစ်သွားကာ ရေရွတ်လိုက်မိ၏။

'ဆက်ပြီး အံ့ဩဖို့ ချန်ထားပါဦး မောင်ကျော်ထင်'

'ဟုတ်ကဲ့'

'ခပ်လှမ်းလှမ်းမှာ အိပ်ပျော်နေတဲ့ သမီးလေးဟာ သူ့အနီးကို ဘယ်လိုမှ ရောက်မလာနိုင်ဘူး။ ဒါဟာ တစ်ခုတော့ထူးခြားမှုဖြစ်တာအမှန်ပဲဆိုတာ ဒေါ်ဒေါ် ရဲ့ မောင်က လက်ခံယုံကြည်လိုက်ပါ'

'ဟုတ်ကဲ့'

'ဒါနဲ့ စိတ်ကလဲ ခပ်လေးလေးရှိတာကြောင့် အစီအစဉ်ကို စွဲပြီး မသွားဘဲ နေလိုက်ချိန်မှာ နောက်တစ်နေ့ မိုးလင်းတော့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံကို သိရတော့တာပါပဲ'

'ဘယ်လို သိရတာလဲခင်ဗျ'

'သမီးလေး သူဇာနွယ်ရဲ့ အသံနဲ့ ပြောတဲ့စကားအတိုင်း ပုလိပ်ဘက်က ဒုစရိုက်မှုလုပ်မယ့် အစီအစဉ်ကို ကြိုတင်သိပြီး ဒေါ်ဒေါ့်မောင်ရဲ့ မိတ်ဆွေလူဆိုးကို ရှာဖွေတော့ လက်နက်တွေ တာနဲ့ ဖမ်းဆီးအရေးယူလိုက်တော့ တာပေါ့ကွယ်'

'အင်း. . . တိုက်တိုက်ဆိုင်ဆိုင်ပါလား' ဟု မောင်ကျော်ထင်က အံ့ဩစွာ ပြောကြားလိုက်သည်။

'ဒီအဖြစ်အပျက်က အစပြုပြီးနောက်ပိုင်းမှာလဲ သူဇာနွယ်က သူမြင်တွေ့ရတဲ့ အချက်တွေကို လူကိုယ်တိုင် ပြောပြပြီး အသိပေးလေ့ရှိတယ်ကွယ့်' ဟု အဒေါ်ကြီးက ပြောပြပြန်သေး၏။

ထိုအချိန်တွင် လှပသော သူဇာနွယ်မှာ အံ့ဩနေသည့် မောင်ကျော်ထင်ကို ကြည့်၍ တည်ငြိမ်စွာ ရှိနေလေ၏။

ထို့နောက် အဒေါ်ကြီးကပင်. . . .

'မောင်ကျော်ထင်ရေ. . . ပြောရမယ်ဆိုရင် အများသား ကလား၊ တိုတိုပြောရရင် မိဘတွေ ချမ်းသာလာတာတောင် သူဇာနွယ်ရဲ့ ပြောဆိုညွှန်ပြမှု မကင်းဘူးလို့ ပြောရမလိုပဲလေ' ဟု ဆိုပြန်၏။

'ဘယ်လိုညွှန်ပြတာလဲ ဒေါ်ဒေါ်' ဟု မောင်ကျော်ထင်က မေးပြန်လေ၏။

'ဒီလိုလေ. . . ဒေါ်ဒေါ်ရဲ့မောင်က လောင်းကစားသမား



တစ်ယောက်ဆိုတော့ ဘယ်နေ့ဘယ်ရက်မှာသွား၊ ဘယ်ရက်မှာ သွားနဲ့ ဆိုသလို ဟောဒီ တူမလေး သူဇာနွယ်က ညွှန်ကြားနေ တာကွယ့်'

'သူ့အဖေကရော လိုက်နာသလားဟင်'

'သူ့သမီးအကြောင်းနဲ့ ဖြစ်စဉ်ကို ယုံကြည်နေတော့ ဒေါ်ဒေါ့်မောင်ကလဲ လိုက်နာခဲ့တယ် ဆိုရမှာပေါ့ကွယ်'

'အင်း. . . အင်း'

'သူပြောတဲ့အတိုင်းလဲ အကျိုးကျေးဇူး ဖြစ်ထွန်းတာက လားကွယ့်၊ နိုင်တာများပြီး ရှုံးတယ်ဆိုတာ မရှိသလောက်ပါပဲ'

'အို'

'နောက်တော့ ကစားဝိုင်းက အနိုင်ရရှိလာတဲ့ ငွေကြေးကို အခြေခံပြီး ယက်ကန်းစင်အချို့ကို တည်ဆောက်ဖွင့်လှစ်တယ်၊ အကျိုးပေးတော့ နိုင်ငံခြားသားတွေက မြန်မာဖြစ်ပိုးထည်တွေကို အလွန်အမင်း နှစ်သက်လေတော့ စီးပွားဖြစ်လိုက်တာ၊ သူဇာနွယ် တစ်ယောက် တစ်သက်စားမကုန်လောက်အောင်ပါပဲ'

'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒီအတိုင်းမှန်ရင် သူဇာနွယ်ဟာ တော် တော်ကို ထူးခြားချက်ရှိတဲ့ မိန်းကလေးတစ်ဦးလို့ သတ်မှတ်ရမှာ အမှန်ပါ' ဟု မောင်ကျော်ထင်က ထောက်ခံလိုက်၏။

ယင်းသို့ပြောလိုက်စဉ် သူဇာနွယ်က. . .

'ဟုတ်တယ် ကိုကျော်ထင်၊ ဘာကြောင့်ရယ်မှန်း မသိဘူး၊ ကျွန်မဟာ ရင်းနှီးသူတွေရဲ့ ရှေ့ဖြစ်လာမယ့် အနာဂတ်ကို ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



သိနေသလို ခံစားရတယ်၊ ဘာကြောင့် ဒီလိုဖြစ်လာရတယ်ဆိုတာ ကိုလဲ မသိရိုး အမှန်ပါ' ဟု ဝန်ခံရှာ၏။ သို့အတွက် မောင်ကျော်ထင်က. . .

'ဒီလိုရှိပါတယ် သူဇာနွယ် ' အစချီလိုက်စဉ် သူဇာနွယ်က

'ရင်းနှီးတဲ့ အနေအထားကို ရှေ့ရှုပြီး သူဇာလို့ခေါ်နိုင်ပါတယ် ကိုကျော်ထင်' ဟု ပြောလိုက်သောကြောင့် မောင်ကျော်ထင်၏ ရင်ထဲ၌ ဒိန်းခနဲ ခုန်သွားကာ. . .

'ဒီလိုရှိပါတယ် သူဇာ၊ သူဇာရဲ့စဲလ်ပါဝါလို့ခေါ်မလား အ်. . . တယ်လီပသီ နည်းအရပေါ့လေ၊ ကိုယ်မသိတဲ့ စွမ်းအား တစ်ခုက ဘယ်လိုမှလက်လှမ်းမမီတဲ့ နေရာတစ်ခုကဖြစ်စဉ်ကို လှမ်းကြည့်မြင်တွေ့နိုင်သလိုပေါ့၊ အဲဒီလိုပဲ ဖြစ်လိမ့်မယ်ထင်တယ်' ဟု ပြောလိုက်၏။

'မသိပါဘူးရှင်'

'ကျွန်တော်တို့ တိုင်းပြည်မှာသာမကပါဘူး၊ ကျွန်တော်ဖတ် မှတ်၊ ကြားသိဖူးတဲ့ ဗဟုသုတတွေအရဆိုရင် အနောက်နိုင်ငံအသီး သီးမှာတောင် ဒီကိစ္စအချို့ ဖြစ်ပေါ်နေတယ်လို့ သိရပါတယ်'

မီးရထားကြီးမှာမူ အရှိန်ကောင်းစွာ တဝုန်းဝုန်း တဒိုင်း ဒိုင်း ပြေးနေဆဲဖြစ်၏။ ထိုအချိန်၌ အဒေါ်ကြီးက ဆိုင်းမဆင့် ဗုံမဆင့်ဖြင့်. . .

'သူဇာနွယ်ရဲ့ အကြောင်း၊ ထူးခြားချက်တွေထဲမှာမောင် ရင့်အကြောင်းလဲ ပါတယ်ကွယ့်' ဟု ဆိုလေ၏။



'ဗျာ. . . ခင်ဗျာ ကျွန်တော့် အကြောင်း ဟုတ်လား ဒေါ်ဒေါ်'

အဒေါ်ကြီးက ပြောရန် ပြင်လိုက်စဉ် သူဇာနွယ်က ပြောလို ဟန်ဖြင့် အဒေါ်ကြီးအား ပြောလိုက်သည့်ကြောင့် အဒေါ်ကြီးမှာ ဆိုယ်ရှိန်သပ်သွားရကာ. . .

'အင်း. . . အဲ တစ်နေ့ကျရင်တော့ အဲဒီအကြောင်း မောင် ကျော်ထင်ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ ကြုံရမှာပါ၊ အဲဒီတော့မှ ဆက်ပြီး ပြောပြမေတော့' ဟု ဆိုလိုက်တော့သည်။

မောင်ကျော်ထင်မှာ မည်သည့် အဓိပ္ပာယ်နှင့်ပြောလိုက် သောစကား ဖြစ်သည်ကို အဖြေရှာမရနိုင်သည့် အလျှောက် ခေါင်းညိတ်လျက်သာ နဝေတိမ်တောင် ဖြစ်နေရတော့၏။

ပြီးမှ. . .

'ဘယ်လိုလဲ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်နဲ့ သူဇာနွယ်တို့က ဓရပူရက အသုဘာကိစ္စကိုသွားမှာ၊ ကျွန်တော်ကလဲ မြန်မာပြည် နဲ့ ဘုရားဖူးထွက်မှာ မဟုတ်လား၊ ကျွန်တော်တို့တစ်တွေ ပြန်ပြီး တွေ့စရာ အကြောင်းများရော ရှိသေးလို့ဗျာ' ဟု ဝမ်းနည်းဖွယ် ဆိုလိုက်မိလေ၏။ အဒေါ်ကြီးက ပြောမည့်အပြုမှာပင် သူဇာနွယ် ကဖြူ၍. . .

'အဆုံးမရှိနိုင်တဲ့ လောကကြီးမှာ ဘာတစ်ခုကိုမှ ပုံသေပြော လို့ မရဘူး ကိုကျော်ထင်' ဟု ပြော၏။

'မှန်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် တစ်သက်တာ မတွေ့ရတော့ဘူးလို့ မျှော်လ
ထားတဲ့ ကိစ္စဟာလဲ တစ်ခါတစ်ခါ ပျက်ပြယ်သွားတတ်တ
မဟုတ်ပါလား'

'ဟာ. . . ဟုတ်တယ် သူဇာ မှန်ပါတယ်၊ အဲဒီအတိုင်
ဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်လေ၊ ဘာဖြစ်လို့လဲ ဆို
သူဇာနွယ်တို့နဲ့ နောက်တစ်ခါ ပြန်ဆုံချင်သေးလို့ပါ' ဟု မောင်ကျေ
ထင်က မည်သည့်အရောင်ဟု ခန့်မှန်းရန် ခက်လှသည့် အရော
တစ်မျိုးဖြင့် လင်းလက်နေသော မျက်လုံးအစုံဖြင့် ကြည့်
သူဇာနွယ်ကို ပြောကြားလိုက်လေ၏။

သို့အတွက် သူဇာနွယ်၏ နှင်းဆီဖူးငုံ နှုတ်ခမ်းလေး
မှာပီတိအဟုန်ဖြင့် ပြန့်ကားသွားသည်ကို မောင်ကျော်
တွေ့လိုက်မိတော့သည်။

'အလို အချိန်တောင် မနည်းတော့ပါလား၊ ကြည့်စမ်း
နေတာ တော်တော်တောင် ကြာသွားပြီပဲ'

ထိုအခါကျမှပင် မောင်ကျော်ထင်မှာ သူဟာ စကြံ
ရပ်ရင်း သူဇာနွယ်တို့အား မျက်စိတဆုံး ငေးမောကြည့်နေ
အတွေးနယ်ကျယ်နေမိသည်ကို ပြန်လည် သတိရကာရှက်ရှ
ဈေးချိုဘက်သို့ လျှောက်လာခဲ့တော့၏။



## အခန်း (၂၃)

မောင်ကျော်ထင်သည် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ခဲ့ရာ တစ်လခန့်အကြာ၌ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလေ၏။

မည်သည့်နေရာ မည်သည့်ဒေသရောက်၍ မည်သည့် ဘုရားကိုဖူးသည် ဖြစ်စေကာမူ သူသည် မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ရသည့် နှင်းပွင့်သဏ္ဍာန် ဆွတ်ဆွတ်ဖြူသော အဝတ်အစားနှင့် အံ့ဩလောက်ဖွယ် ထူးခြားမှုများ ပြည့်နှက်နေသည့် သူဇာနွယ်ဆိုသူ မိန်းမပျိုအား တစ်ရံတစ်ဆစ်မျှပင် မေ့မရခဲ့ချေ။

ယခင်က အားကစားသမားတစ်ဦး ပီသစွာ သွက်လက်ဖျတ်လတ်ခဲ့သော မောင်ကျော်ထင်မှာ ယခုအခါ၌ စိတ်ကူးယဉ်သမားသက်သက်ဖြစ်ကာ သစ်ပင်ရိပ်များ၊ ချုံတန်းတို့တွင်တွေးတောငေးမောနေတတ်လေ့ ရှိလေ၏။

ဒေါက်တာ ထင်ရှားက တစ်ခါတစ်ရံ အားလပ်၍လည်ပတ်မည်ပြုသောအခါများတွင်ပင် ငြင်းဆန်၍ ရှောင်နေတတ်ပေသည်။

ကြာသော် ဒေါက်တာ ထင်ရှားက. . .

'ဟေ့ကောင်. . . ကျော်ထင်၊ မင်းဟာက မိဘတွေ ပူဆွေးနေး ကံကြမ္မာဆိုးနဲ့ သေဆုံးရတဲ့အတွက် ပူဆွေးမှု ပျောက်အောင် ဆိုပြီး မြန်မာပြည်အနှံ့ ဘုရားဖူး ထွက်ပါတယ်၊ ပြန်လာတော့

www.burmeseclassic.com



စိတ်မပြေတဲ့အပြင် ငွေငိုင်ငိုင်နဲ့ တုံကျိဘာဝေဖြစ်နေတာ ဘယ်လိုသဘောလဲကွာ' ဟု ပြောယူရသည်အထိ ဖြစ်လာတော့၏။

'မဟုတ်ပါဘူး အစ်ကိုထင်ရှား၊ ကျွန်တော့်စိတ်ထဲမှာ မိဘတွေ သေဆုံးမှုကိစ္စကို အန်ဂျသဘောနဲ့ ဆင်ခြင်ပြီး ဖြေသိမ့်လိုက်နိုင်ပါပြီ' ဟု မောင်ကျော်ထင်က ပြန်ပြော၏။

'နို့. . . ဒါဖြင့် ဘာဖြစ်လို့ ငိုင်တွေနေရတာလဲကွယော၊ ပြောစမ်းပါဦး'

'ဟို. . . ဟိုဒင်း ကျွန်တော်၊ ကျွန်တော် တစ်စုံတစ်ဦးကို မျှော်လင့် တမ်းတနေမိလို့ပါ'

'ဟေ. . . ဘယ်သူလဲကွ'

'နှင်းပွင့်ဒေဝီပါ'

'ဘာ. . . ဘာကွ၊ နှင်းပွင့်ဒေဝီ ဟုတ်လား'

'အာ. . . အဲ. . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဟိုလေ. . . ဟိုသူဇာနွယ်ပါ၊ ထားပါလေ နှင်းပွင့်ဒေဝီပေါ့'

'အလို. . . မင်းတာက အဆန်းပဲ၊ ဘာတွေပြောနေတာလဲ မောင်ကျော်ထင်၊ နေလို့မှ ကောင်းရဲ့လား၊ မှန်း. . .' ဟူ၍ ဒေါက်တာ ထင်ရှားက မောင်ကျော်ထင်၏လက်ကို ဆွဲယူကာ အဖျားစမ်းကြည့်လေသည်။

'ကျွန်တော်နေကောင်းပါတယ် အစ်ကိုထင်ရှား၊ ကျွန်တော် ပြောတာတွေဟာ အမှန်တွေပါ၊ အဖြူရောင်အဝတ်အစားနဲ့ နှင်းပွင့်ဒေဝီ၊ အဲ. . . ထားလိုက်ပါလေ၊ သူဟာ မကြာမီမှာ ကျွန်တော့်ဆီ



ရောက်လာလိမ့်မယ်၊ ဒီတစ်ခါလာရင် အပြီးအပိုင်လာမှာ ဖြစ်တယ်' ဟု ဆိုပြန်၏။ ဒေါက်တာ ထင်ရှားမှာ သွေးလေဖောက်ပြန်သော ရူးနှာ များကို မကြာခဏ ကုသဖူးရာ မောင်ကျော်ထင်တဲ့သို့ပင် ကယောင်ကတမ်း ကပေါက်ချာများကို မြင်ယောင်၍ ရေရွတ်တတ်ကြောင်း သတိပြုမိလေ၏။

ထို့ကြောင့် မောင်ကျော်ထင်အတွက် အထူးပင်စိုးရိမ်မိတာ. . .

'မင်းအတွက် အဖျားဖြတ်ဆေးနဲ့ အားဆေးထိုးဖို့ လိုအပ်နေပြီ ထင်တယ် ကျော်ထင်၊ အခုပဲ ကြည့်လေ. . . ကယောင်ချောက်ချားဖြစ်ပြီး ထင်ရာတွေ ပြောနေပြီမဟုတ်လား' ဟု ဆိုလိုက်၏။ ထိုအခါ မောင်ကျော်ထင်က ပြုံးလျက် ဦးခေါင်းခါယမ်းလျက်. . .

'မဟုတ်ပါဘူး ကျွန်တော် နေကောင်းပါတယ် အစ်ကိုထင်ရှား၊ ရူးလဲမရူးပါဘူး၊ ကျွန်တော့် နှင်းပွင့်ဒေဝီက တကယ်ရောက်လာမှာ အစ်ကိုရ' ဟု ဆိုပြန်၏။ သို့အတွက် ဒေါက်တာ ထင်ရှားက. . .

'ကောင်းပြီးဒါဖြင့် မင်းရဲ့ ဘာတဲ့ အဲ ဟုတ်ပြီ၊ စနိုးပွိုက်ခိုလား နှင်းပွင့်ဒေဝီကို ဘယ်မှာတွေ့တာလဲ' ဟု မေး၏။

'ဒီလို အစ်ကိုရ' ဟု အစချီလျက် မောင်ကျော်ထင်က နှင်းပွင့်ဒေဝီခေါ် သူဇာနွယ်နှင့် တွေ့ဆုံခဲ့ရပုံကို ပြောပြလေတော့၏။

စကားဆုံးသောအခါ ဒေါက်တာ ထင်ရှားက. . .

www.burmeseclassic.com

www.burmeseclassic.com



'အေးပေါ့လေ၊ အဲဒီအမျိုးသမီးဟာ မင်းရဲ့ဖူးစာရှင် ဖြစ်နိုင်တယ်လို့ ငါတော့ ယူဆမိတာပဲ' ဟု ပြော၏။

'ဘာကြောင့် ဒီလိုပြောတာလဲဟင်'

'မင်းတွက်ကြည့်လေကွာ၊ ရန်ကုန်မှာ တို့နှစ်ယောက်ဟာ မိန်းမချော တော်တော်များများနဲ့ သိကျွမ်းရင်းနှီးခဲ့ရတာ မဟုတ်လား ကျော်ထင်'

'ဟုတ်ပါတယ်'

'ဒါတောင် မင်းတစ်ယောက်မှ စိတ်မဝင်စားဘဲ မတုန်မလှုပ် ရှိနေခဲ့တာ၊ အဲနှင်းပွင့် ဟိုဒင်း. . . သူဇာနွယ်ဆိုတဲ့ ကောင်မလေးနဲ့ တွေ့ကာမှ မင်းရဲ့နှလုံးသား လှုပ်ရှားလာရတာကိုထောက်ရင်ပါ၊ ဒါထက် သူ့နာမည်က နှင်းပွင့်ဒေဝီလား သူဇာနွယ်လားကွ ရှင်းရှင်းလုပ်စမ်းပါဦး' ဟု ဒေါက်တာ ထင်ရှားက မေးလေ၏။

ဤတွင် မောင်ကျော်ထင်က ပြုံး၍. . .

'သူ့နာမည်က သူဇာနွယ်ပါ အစ်ကိုထင်ရှား၊ သို့မဟုတ် သူ့အသားအရေက နှင်းပွင့်ကလေးတွေလိုဖြူဆွတ်နုဖပ်နေတဲ့ အပြင် အဖြူရောင်ဆွတ်ဆွတ် အဝတ်အစားကိုလဲ နှစ်သက်ဝတ်ဆင်တတ်သလို စပြီး တွေ့တာကလဲ ဆောင်းနှင်းတွေ ဝေနေတဲ့ အချိန်လေ'

'အင်း. . . အင်း'

'ဒါကြောင့် ကျွန်တော့်ရင်ထဲ၊ နှလုံးသားထဲကနေ တိတ်တခိုး နာမည်ပေးလိုက်တာပါ၊ ဟို လူပုလေး ခုနှစ်ယောက်နဲ့ မနှင်းဖြူ



ပြင်က မင်းသမီးလေးလေ'

'ကျွန်တော်ကတော့ မြန်မာဆန်ဆန် နှင်းပွင့်ဒေဝီ' အမည် ပေးထားတယ် အစ်ကိုထင်ရှား'

ဒေါက်တာ ထင်ရှားက ခေါင်းညိတ်ရင်း စတိုင်လို စီးကရက် တစ်လိပ်ကို မီးညှိရှိုက်ဖွာနေရာမှ မောင်ကျော်ထင်အား. . .

'အေးကွာ၊ ငါကိုသိရပြီး ထားလိုက်ပါတော့၊ မင်းပြောနေပုံ အနှင်းပွင့်ဒေဝီဟာ မင်းနဲ့ အမြဲဆုံတွေ့နေရသလိုလို' ဟု မေး လိုက်၏။

'ဟား. . . ဟား. . . ဟား. . . ဟား'

မောင်ကျော်ထင်မှာ အားပါတရ ဟားတိုက်ပြီးလျှင် ၎င်း၏ အိတ်ကပ်ထဲမှ ကတ်ကြေးစီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာပြီး သကာလ ဒေါက်တာထင်ရှားကို ဟန်ပါပါ ကြည့်နေလိုက်သည်။

ထို့နောက် အရယ်ရပ်ပြီးလျှင်. . .

'ဒါတွေဟာ လျှို့ဝှက်ချက်တွေ အစ်ကိုထင်ရှား၊ တကယ့် (တော့ပ်စီးကရက်ကော့စ်) ထိပ်တန်းလျှို့ဝှက်ဆိုပါတော့. . . ဟဲ. . . ဟဲ. . . ဟဲ' ဟု ဆိုပြန်၏။ ဒေါက်တာထင်ရှားမှာ အရူးတစ်ယောက်နှင့် စကားပြော နေရသည်နှင့်မခြား ဖြစ်နေသောကြောင့် သွေးနှစ်ဖွာ စိတ်ရှုပ်လျက် သူ၏ ဦးခေါင်းမှ ဆံပင်များအား သက်ငါးချောင်းနှင့် ကုတ်ဖွနေ လေ၏။

မောင်ကျော်ထင်မှာ ဒေါက်တာ ထင်ရှား အခံရခက်နေ သည်ကိုကြည့်၍ ပီတိပြုံး ပြုံးလိုက်ပြီးနောက်. . .

www.burmeseclassic.com

www.burmeseclassic.com



'သူနဲ့ကျွန်တော်ဟာ မကြာခဏဆိုသလို ဆုံတွေ့ကြတယ်ဗျ'

'ဟင်. . . ဟုတ်လား၊ ဘယ်မှာတွေ့ကြတာလဲ ကျော်ထင်'

'ကျွန်တော့်အခန်းထဲမှာလေ'

'ဟေ'

ထိုအချိန်က မောင်ကျော်ထင်မှာ သူ၏နေအိမ်အားမြဲစောင့်တစ်ဦးနှင့် ထားရစ်လျက် ဒေါက်တာ ထင်ရှားတို့ အိမ်သို့ လာရောက်နေထိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့်သာလျှင် မည်သည့်မိန်းမပျိုမှ လာရောက်ခြင်း မရှိသည့်အဖြစ်ကို သိနေသည့် ဒေါက်တာထင်ရှားမှာ မောင်ကျော်ထင်၏ အပြောကြောင့် အံ့အားသင့်သွားရလေတော့၏။

ထို့ကြောင့်. . .

'ဟာ. . . မင်းဟာက မဟုတ်သေးပါဘူး၊ တို့အိမ်မှာ ဘယ်မိန်းကလေးများ ညအိပ်ညနေ လာဖူးလို့လဲ' ဟု ပြောလိုက်မိ၏။

'ဟဲ ဟဲ ဟဲ. . . အဲဒါကြောင့် ပြောတာပေါ့၊ တော့်စီးကရက်ကော့စ်လို့'

'လာပြန်ပြီ'

'ဟုတ်တယ် အစ်ကိုရဲ့ သူနဲ့ကျွန်တော် အိပ်မက်ထဲမှာသာ တွေ့ကြတာများတယ်' ဟု မောင်ကျော်ထင်က ဆိုပြန်လေ၏။

'ဘုရား. . . ဘုရား'

ဒေါက်တာ ထင်ရှားမှာ စိတ်ပညာဆရာဝန်တစ်ဦး မဟုတ်



သော်လည်း စိတ်ပညာပိုင်းဆိုင်ရာ စာအုပ်များကို လေ့လာဖူးသူတစ်ဦး ဖြစ်သောကြောင့် ၎င်း၏သူငယ်ချင်း မောင်ကျော်ထင်၏ လက္ခဏာမှာ ရူးသွပ်စပြုနေသူတစ်ဦး၏ လက္ခဏာဖြစ်သည်ဟု အကြမ်းဖျင်း ကောက်ချက်ချမိလေတော့၏။

ထို့ကြောင့်ပင်လျှင် မောင်ကျော်ထင်အား. . .

'မင်းဟာက ဖြစ်နိုင်ပါ့မလား ကျော်ထင်ရာ၊ အိပ်မက်ထဲမှာ မိန်းကလေးက လာတွေ့တယ်ဆိုတာ ယုံစရာမှမဟုတ်တာ' ဟု ခေါင်းယမ်း၍ ပြောလိုက်၏။

'အေးလေ. . . ဒါတော့ကျွန်တော်မတတ်နိုင်ဘူး၊ ကျွန်တော်တို့ချင်း တွေ့ကြတာတော့ အမှန်ပဲ' ဟု မောင်ကျော်ထင်က ထပ်မံ ပြောပြန်လေ၏။

အခြားသူ တစ်ဦးဦးသာဆိုပါက ဒေါက်တာ ထင်ရှားအနေဖြင့် အော်ထုတ်မိမည်မှန်သော်လည်း မိမိ၏ သူငယ်ချင်းဖြစ်ကာ ညီငယ်တစ်ယောက်ကဲ့သို့ ချစ်ရသည့် မောင်ကျော်ထင်အား သနားစိတ်ဖြစ်ပေါ်လျက် ဆက်လက်သည်းခံ နားထောင်နေရရှာ၏။

သို့ပါသော် ဆက်လက်၍ နားထောင်နေရလျှင် မိမိပါ ဦးနှောက်ချောက်လာမည့်အရေးကို စဉ်းစားမိသည့်အလျောက် အညောင်းအညာပြေ လမ်းလျှောက်ကြရန် အကြံပြုလိုက်မိ၏။

ထိုအခါ မောင်ကျော်ထင်က လိုလိုချင်ချင်ဖြစ်လျက်. . .

'ကောင်းသားပဲ အစ်ကိုထင်ရှား၊ အင်းလျားကန်ဘေးပတ် လမ်းလျှောက်ထွက်ကြတာပေါ့' ဟု ပြောရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိဘများအား ခွင့်ပန်ပြောကြားပြီးသကာလ နှစ်ယောက်သား အင်းလျားကန်ဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြလေသည်။

အချိန်မှာ ဆည်းဆာချိန်ဖြစ်၍ ညနေခင်း အလှသည်မျက်စိပသာဒကို ပေးစွမ်းနေလေ၏။

'ဒီအချိန်ဟာ အကျည်းတန်တွေတောင်လှတဲ့ အချိန်လို့ ပြောစမှတ်ပြုကြတာပဲကွ' ဟု ဒေါက်တာ ထင်ရှားက ပြောလိုက်၏။

'ဘာကိုဆိုလိုတာလဲ အစ်ကိုထင်ရှား'

'ဪ. . . ဆည်းဆာချိန်ဆိုတာ အကျည်းတန်အရုပ်ဆိုးသူ့တွေကို လှပအောင် ဖန်ဆင်းနိုင်သေးရင် မင်းလိုလှပတဲ့ လူတစ်ယောက်အတွက်တော့ မာတ်ရှင်မင်းသားထက်တောင် ဆယ်ဆသာအောင် လှမှာ သေချာတယ်လို့ ပြောမလို့ပါ' ဟု စိတ်ပြေလက်ပျောက်စေရန် ဒေါက်တာထင်ရှားက မြှောက်ပြောလိုက်ရာ. . . .

မောင်ကျော်ထင်မှာ သဘောကျသွားလျက် တဟားဟားရယ်မောရှာလေတော့၏။



## အခန်း (၂၄)

ဆိုခဲ့ပြီးသည့်အတိုင်း သူငယ်ချင်း နှစ်ယောက်သား လမ်းလျှောက်ခဲ့ကြရာ ဂျူးဘန်းအနီးရှိ လှေဆိပ်သို့ ရောက်သောအခါ အလင်းရောင်များပင် ပျောက်ကွယ်လျက် အတန်ပင် မှိုးချုပ်စပြုနေပြီဖြစ်ကြောင်း သတိပြုမိကြတော့၏။

'ပြန်ကြစို့ကွာ'

ဒေါက်တာ ထင်ရှားက ပြန်ရန် အထက်ပါအတိုင်း ပြောလိုက်လေ၏။ သို့သော်မောင်ကျော်ထင်မှာဒေါက်တာ ထင်ရှား၏ စကားကိုမကြားသကဲ့သို့ ရေပြင်၌ လူမပါဘဲ မျောပါနေသည့် လှေတစ်စီးကို အားရဝမ်းသာကြည့်ကာ. . .

'နှင်းပွင့်ရေ. . . ဟေ့. . . နှင်းပွင့်၊ အစ်ကို ဒီမှာလေ၊ လာ ဒီကို လှော်လာခဲ့၊ အစ်ကို့ကို လာခေါ်လှည့်' ဟု အရူးတစ်ယောက်ကဲ့သို့ အော်ဟစ်နေလေ၏။

'ကျော်ထင်. . . ကျော်ထင်၊ သတိထားပါကွာ၊ ဟိုလှေမှာ လူမပါပါဘူး၊ လှေဆိပ်က ကြိုးပြတ်ဖြီး မျောလာတဲ့လှေပါ'

ဟု ကသောကမျော ပြောလျက် မောင်ကျော်ထင်၏ လက်ကိုဆွဲယူထားလိုက်ရသည်။

www.burmeseclassic.com



ထိုအချက်သည်ပင် ကံကောင်းသည်ဟု ဆိုရခြိမ့်မည် ဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် မောင်ကျော်ထင်မှာ 'နှင်းပွင့်. . . နှင်းပွင့်'ဟု အော်ဟစ်ကာ ရေစပ်အထိ ပြေးဆင်းသွားနေသော ကြောင့်ပင်တည်း။

မောင်ကျော်ထင်မှာ အားကစား လိုက်စားသူ တစ်ဦးဖြစ်၍ ရေကူးကျွမ်းကျင်သည် မှန်သော်လည်း ရေထဲသို့ဆင်းခြင်းမှာ သေမင်းပြည်သို့ သွားခြင်းနှင့်အတူတူပင် ဖြစ်ကြောင်း ဒေါက်တာထင်ရှား တွေးလိုက်မိလေသည်။ ထို့ကြောင့်လည်း. . .

'မောင်ကျော်ထင်၊ သူငယ်ချင်း သတိထားပါကွာ၊ လှေထဲမှာ ဘယ်သူမှ မရှိပါဘူး' ဟု ထပ်မံ၍ သတိပေးကာ လက်တို့ မလွှတ်တမ်း ဆုပ်ကိုင်ထားရပြန်လေသည်။

'မဟုတ်ဘူး. . . အစ်ကိုထင်ရှား၊ ဟုတ်ပါတယ် သူမှ သူအစစ်ပါ၊ ဟော. . . ဟော. . . ဟိုမှာ ကျွန်တော့်ကို လက်ပြ နှုတ်ဆက်နေတယ်၊ ဟိုမှာကြည့်. . . ဟိုမှာကြည့်'

မောင်ကျော်ထင်က ဟစ်အော်ပြောသည်တွင် ဒေါက်တာထင်ရှားက. . .

'ဘာမှ မတွေ့ရပါလားကွာ' ဟု ဆိုကာ မောင်ကျော်ထင်၏လက်ကိုဆွဲလျက် ကမ်းပေါ်သို့သာ မရမက ဆွဲတင်နေသည်။

ဒေါက်တာ ထင်ရှားမှာလည်း အားကစား လိုက်စားသူ တစ်ဦးဖြစ်ရာ ကြံ့ခိုင်သော ခန္ဓာကိုယ်ရှိသည့်အလျောက် မောင်ကျော်ထင်အား ကမ်းပေါ်သို့ ဆွဲတင်နိုင်ခဲ့၏။



ထူးဆန်းသည်မှာ ထိုအချိန်တွင် အင်းယားရေပြင်၌ မျောနေသည့် လှေငယ်လေးသည် ခပ်ညင်းညင်း တိုက်ခတ်လိုက်သော အရှိန်ဖြင့် အလယ်ကျွန်းဆီသို့ လွင့်မျောသွားခြင်း ဖြစ်ပေသည်။

'သွားပြီ. . . သွားပြီ၊ အစ်ကို ထင်ရှား ဆွဲနေတာနဲ့ နှင်းပွင့် အဝေးရောက်သွားပြီ၊ လာလေ. . . ပြန်လာခဲ့ပါလားကွယ်'

မောင်ကျော်ထင်မှာ မျက်နှာညှိုးငယ်လျက်မှ မှုန်ပျပျသာ နေရသော လှေငယ်လေးကို အငေးသားကြည့်နေလေတော့၏။

ပြီးမှ သက်ပြင်းထစ်ချက် ရှိုက်လျက်. . .

'ကိစ္စမရှိပါဘူး အစ်ကိုထင်ရှား၊ လာပြန်ကြရအောင်' ဟု လေ၏။

'အေး. . . အေး. . . ပြန်ကြမယ်'

ဒေါက်တာ ထင်ရှားလည်း အားရဝမ်းသာ ဖြစ်သွားကာ မှောင်မှောင် သစ်ပင်ရိပ်များမှ ထွက်လျက် မောင်ကျော်ထင်၏ တ်ကို ဆွဲကိုင်ကာ လမ်းပေါ်သို့ တက်လာခဲ့လေသည်။ ထိုအခိုက် ာင်ကျော်ထင်က ခပ်သောသောလေးရယ် လိုကလေ၏။

'ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ'

'ဘာ. . . ဘာဖြစ်လို့ ရယ်တာလဲ မောင်ကျော်ထင်၊ ဘာကို တွေးမိလို့လဲ'

ဒေါက်တာ ထင်ရှား အမေးကို မောင်ကျော်ထင်က ၍. . .

'ဩော်. . . . နှင်းပွင့်ဒေဝီလေး. . . ဟို အ ကို

www.burmeseclassic.com



ထွက်သွားပေမယ့် ပူစရာ မရှိတာကို တွေးမိလို့ပါ' ဟု ဆိုလေ၏။

ဒေါက်တာ ထင်ရှားက ခပ်မဆိတ်၊ တိတ်တိတ်နေလျက် လမ်းလျှောက်လာခဲ့ရာ မောင်ကျော်ထင်က. . .

'အဲဒါ ဘာဖြစ်လို့လဲ သိလား'

'ဟင့်အင်း'

'ပူစရာမလိုလို့ပေါ့ အစ်ကို ထင်ရှားရ'

'ဟာ. . .မင်းဟာက ဘာစကားလဲ မောင်ကျော်ထင်'

ဒေါက်တာထင်ရှားမှာ မောင်ကျော်ထင်၏ အဓိပ္ပာယ်လွတ်နေသည့်စကားအတွက် အောက်ကလိအာ ဖြစ်သွားကာ ပြန်မေးလိုက်ခြင်း ဖြစ်သည်။ ထို့အတွက် မောင်ကျော်ထင်က လမ်းကို ခပ်သွက်သွက် လျှောက်ရင်းမှ. . . .

'ဒီလိုလေ. . . ဘာပဲဖြစ်ဖြစ် ညကျရင် ကျွန်တော့် အခန်းကို နှင်းပွင့်ဒေဝီလေး ပြန်ရောက်လာမှာကို ကျွန်တော် အတတ်တွေးမိလို့ပါဟု ဆိုပြန်၏။ ထိုအခိုက်မှာပင် လမ်းမပေါ်မှ မြင်းရထားတစ်စီး ဖြတ်သန်းသွားသည်ကို ခါတ်တိုင်မှမီးရောင်ဖြင့် နှစ်ယောက်စလုံး လှမ်းမြင်လိုက်ရ၏။ထူးဆန်းသည်မှာကား. . .

ဖြူဖွေးနုဆွတ်လှသော လက်ကလေးတစ်ဖက်သည် နှုတ်ဆက်သယောင် အနေအထားဖြင့် တံခါးဘောင်ကို ထိကိုင်ထားခြင်းပင် ဖြစ်လေတော့၏။

'ဟော. . . ဟိုမှာ ကျွန်တော့်နှင်းပွင့်ဒေဝီလေး ပါသွားပြီ' ဟု မောင်ကျော်ထင်က အော်ဟစ်၍ ပြေးလိုက်ရန် ပြင်ပြန်လေ



၏။

'မဟုတ်နိုင်ပါဘူး မောင်ကျော်ထင်၊ တခြားမိန်းကလေးတစ်ယောက် သူ့ကိစ္စနဲ့သူ သွားတာ ဖြစ်ချင်ဖြစ်မှာပေါ့' ဟု ဆိုကာ ဒေါက်တာ ထင်ရှားက မောင်ကျော်ထင်၏ လက်ကိုဆွဲလျက် မလွှတ်တမ်း ဆုပ်ကိုင်ထားရပြန်သည်။

'ဟင်း. . . ခက်တာပဲ'

မောင်ကျော်ထင်က ထိုသို့ရေရွတ်ညည်းတွားနေစဉ်မှာပင် မြင်းရထားသည် ဝေး၍ဝေး၍ ပျောက်ကွယ်သွားတော့သည်။

ထိုအချိန်အထိပင် မောင်ကျော်ထင်မှာ မြင်းလှည်းပျောက်သည့်ရာသို့ ငေးသား ငေးမောလျက်သာ ရှိနေလေ၏။

'ကဲ. . . လာပါကွာ ကျော်ထင် သွားကြစို့ မောင်လဲ မောင်ဟိုမှာ ဖေဖေနဲ့ မေမေတို့ မျှော်နေကြလိမ့်မယ် သွားကြစို့'

'ဟုတ်ကဲ့. . . . လာ သွားကြမယ်'

မောင်ကျော်ထင်က ရှောရှောရှူရှူပင် လိုက်ပါလာခဲ့လေ၏။ ထို့အတွက် ဒေါက်တာ ထင်ရှားမှာ အလွန်ပင် ဝမ်းသာသွားပြီး ပြိုင်တူပင် ခြေလှမ်းကျဲများ လှမ်းကာပြန်လျှောက်လာကြ၏။ ထိုသို့လျှောက်လာရင်းမှလည်း မောင်ကျော်ထင်၏ အရိပ်ကိုတို တစေ့တစောင်း ကြည့်လာရသေး၏။ မောင်ကျော်ထင်မှာမူ သည့်ကိစ္စကိုမျှ မတွေးတော့ဟန်ဖြင့် လမ်းကိုသာ ခပ်မှန်မှန်လျှောက်လာခဲ့ပေတော့သည်။

အိမ်သို့ပြန်ရောက်သောအခါ အတော်ပင် ညဥ့်နက်နေပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

မအိပ်မီ အချိန်တွင် ဒေါက်တာ ထင်ရှားသည် မောင်ကျော်ထင်၏ အခန်းသို့ ဝင်ရောက်လာကာ အားဆေးနှင့် စိတ်ငြိမ်ဆေးနှစ်လုံးကို မောင်ကျော်ထင် ဖြင်းဆန်နေသည့်ကြားမှပင် အတင်းအကြပ် ထိုးပေးခဲ့လေ၏။

ပြီးလျှင် စကားစပြီး အနည်းငယ် ပြောကြားရင်း မောင်ကျော်ထင်၏ အခြေအနေကို စောင့်ကြည့် အကဲခတ်ရလေသည်။

အတန်ငယ် ကြာသောအခါ မျက်ခွံများ လေးလျက်ရှိသော မောင်ကျော်ထင်၏ အခြေအနေကြောင့် အိပ်ရာသို့ဝင်စေကာ စောင်ခြုံပေးထားလိုက်၏။ ထို့နောက် မောင်ကျော်ထင်၏ အခြေအနေနှင့် ဖြစ်ရပ်များကို မိဘနှစ်ပါးနှင့် တိုင်ပင်ဆွေးနွေးလျက်ရှိလေတော့၏။

ထိုညက ဒေါက်တာ ထင်ရှားနှင့် မိဘဖြစ်သူများမှာ ညအတန်နက်မှပင် အိပ်ရာသို့ ဝင်ရောက်ကြလေ၏။

'ဒုန်း'

ဒေါက်တာ ထင်ရှားမှာ မောင်ကျော်ထင်နှင့် အခန်းချင်းကပ်လျက် အိပ်စက်နေသည်ဖြစ်ရာ မောင်ကျော်ထင်၏ အခန်းအတွင်းမှ တစ်စုံတစ်ရာ ကျသည့်အသံကို ကြားရသောကြောင့် အအိပ်ဆတ်သူပီပီ ထထိုင်လိုက်ပြီး ဖြစ်နေ၏။

ထို့နောက် အသံမကြားစေရန် ခြေထောက်ကို ဖွနင်းလျှင် ၎င်းအခန်းမှတစ်ဆင့် မောင်ကျော်ထင်၏ အခန်းဘက်သို့ ထ



လျှောက်လာခဲ့လေသည်။

'ဟင်. . .'

ဒေါက်တာ ထင်ရှားမှာ တွေ့မြင်ရသည့် အခြေအနေကြောင့် အထူးပင် အံ့အားသင့်သွားရလေ၏။ အကြောင်းသော်ကား မောင်ကျော်ထင်မှာ အခန်းတံခါး ကိုဖွင့်လျက် ရှေ့တူရူသို့သာ ကြည့်ကာ လမ်းလျှောက်နေပြီးသူ၏ အမူအရာမှာ လေထဲ၌ လမ်းလျှောက်နေသူ တစ်ဦးကဲ့သို့ ဖြစ်နေ ခြင်းကြောင့်ပင်တည်း။

၎င်း၏ နှုတ်မှလည်း မတိုးမကျယ် ဆီမှန်း မန်းနေသကဲ့သို့ . . . .

'နှင်းပွင့်ဒေဝီ. . . သူဇာနွယ်' ဟု တဖွဖွ ရေရွတ်နေလေ၏။

ယင်းသို့ရှိစဉ် ကရမက်နံ့ကဲ့သို့သော အမွှေးနံ့တစ်မျိုးသည် အခန်းတွင်းအနှံ့ ခံစားလိုက်ရသည်ဟု ဒေါက်တာ ထင်ရှား တွေးထင်လိုက်မိသည်။

'ကျော်ထင်. . . ဟေ့ ကောင်ကျော်ထင်၊ မင်းဘယ်ကိုသွားမလို့လဲ ဟင်'

ဒေါက်တာ ထင်ရှားက ထိုကဲ့သို့ လှမ်းပြောလိုက်သောအခါ မောင်ကျော်ထင်သည် ဒေါက်တာထင်ရှားကို ပြန်လှည့်ကြည့်ခြင်း မပြုဘဲလျက်. . .

'ဟို. . . ဟိုကောင်၊ ဗလကောင်းကောင်းနဲ့ လူတစ်ယောက် ခမ မေနှင်းပွင့် နှင်းပွင့်ဒေဝီကို ဆွဲခေါ်သွားပြီ' ဟု ဆိုလေ၏။

တံခါးများမှာ အလုံပိတ်ဆို့ထားသည် ဖြစ်ခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ထင်ရှားက. . .

'ကျော်ထင် မင်းစိတ်ထဲက ထင်နေလို့ပါကွာ' ဟုဆို၏။

'အို. . . ဒီမှာ ကြည့်ပါလား၊ သူက ကျွန်တော့်ကိုတောင် တစ်ချက်ထိုးပြီး ခေါ်သွားတာ' နဖူးကို လက်ညှိုးထိုးပြကာ ပြောလေ၏။

'ဟင်. . . ဘုရား. . . ဘုရား'

ဒေါက်တာ ထင်ရှားမှာ မောင်ကျော်ထင်၏ နဖူးတွင် ညိုမြည်းနေသော အမှတ်အသားတစ်ခုကို ထင်ထင်ရှားရှား မြင်လိုက် ရသည့်အတွက် ဘုရားပင် တလိုက်မိရှာလေတော့သည်။

'မင်း တံခါးဘောင်နဲ့များ ဝင်တိုက်မိသလားကွာ'

'အိုး. . . မဟုတ်တာ၊ ကျွန်တော်က အရူးမှ မဟုတ်တာ အစ်ကိုထင်ရှားရ' ဟု မောင်ကျော်ထင်က ခတ်ဆတ်ဆတ်ပြန် ပြောလေ၏။ ပြီးလျှင်. . .

'နှင်းပွင့်ဒေဝီက ကျွန်တော့် အခန်းကို ဝင်အလာမှာ အဲဒီ အသားညိုညို ဗလကောင်းကောင်း မျက်နှာမှာ အမာရွတ်ရှိတဲ့ လူတစ်ယောက်က အတင်းဆွဲတော့တာဗျ' ဟုဆို၏။

ဒေါက်တာ ထင်ရှားက ငြိမ်သက်စွာ နားထောင်နေစဉ် မောင်ကျော်ထင်ကပင်. . .

'အဲဒီမှာ ကျွန်တော်က မနှင်းပွင့်ကို အတင်းဆွဲတော့ တာပဲ' ဟုဆိုလျက် တံတွေးကို မျိုချလိုက်ပြီးလျှင်. . .

'ဒီတော့ သူက ကျွန်တော့်ကို ပြေးထိုးတာ မျက်လုံးထဲမှာ



ဆင်းဝင်းတောက်သွားရတယ် အစ်ကို ထင်ရှား' ဟု ပြောပြန် သေး၏။

'ဟင်း. . . မင်းဥစ္စာ အိပ်မက် မက်တာပါကွာ'

ဒေါက်တာ ထင်ရှားမှာ စိတ်မသက်မသာ ပြောကြားရင်း ဦးအမြန်လင်းပါစေ ဟုသာ စိတ်ထဲမှတောင့်တနေမိတော့၏။

ထို့နောက် မောင်ကျော်ထင်က. . .

'ကျွန်တော်မျက်လုံး မီးဝင်းဝင်းတောက်သွားချိန်မှာ အဲဒီလူ ဟာ နှင်းပွင့်ဒေဝီကို ဟောဒီတံခါးမကြီးက ဆွဲခေါ်သွားတော့တာပဲ အစ်ကို ထင်ရှား' ဟုဆိုကာ ပိတ်ထားသော တံခါးမကြီးကို လက်ညှိုး ညွှန်ပြတော့သည်။

'ဘာ. . . ဘာဖြစ်လို့လဲ လူလေမောင်ကျော်ထင်၊ ဘာဖြစ် နေတာလဲ'

ထိုအခိုက်မှာပင် အပေါ်ထပ်မှဆင်းလာသော ဒေါက်တာ ထင်ရှား၏ မိဘနှစ်ပါးကြောင့် နှစ်ဦးသား လှည့်ကြည့်လိုက်မိ ကြသည်။ သို့အတွက် ဒေါက်တာ ထင်ရှားက ဖြစ်ပျက်မှုအလုံးစုံကို ပြောပြလိုက်တော့သည်။ ထိုအခါ ဒေါက်တာ ထင်ရှား၏ ဖခင်ဖြစ်သူ ဆရာ က. . .

'မောင်ကျော်ထင်၊ ငါ့တူဟာ ခေတ်ပညာတတ် တစ် ယောက်ပါကွာ၊ မစွဲလန်းသင့်တာကို စွဲလန်းတာဟာ ဘယ်နည်းနဲ့မှ သင့်တော်ပါဘူး၊ ငါ့တူရဲ့စိတ်ကို ညှည်းသလိုဖြစ်နေမှာပေါ့ကွယ်' ဟု နှစ်သိမ့်ဖျောင်းဖျရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မောင်ကျော်ထင်က ခေါင်းခါ၍. . .

'မှန်ပါတယ်. . . အန်ကယ်၊ ကျွန်တော်ဟာ ရူးသွပ်နေသူ တစ်ဦးလဲ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် မြင်တွေ့နေရတဲ့ အဖြစ်အပျက်နဲ့ အမြင်အတွေ့တွေကို ကျွန်တော်ပဲ သိမြင်ခံစားရပါတယ်' ဟု ဆို၏။

သို့အတွက် ဒေါက်တာ ထင်ရှား၏ ဖခင်ကြီးမှာလည်း မည်သည့်စကားကို ပြောရမှန်းပင်မသိရှာဘဲလျက် ငေးကြောင်နေရှာ၏။ ပြီးမှ. . .

'ဒီလိုလေကွယ်. . . ဦးတို့မြန်မာစကားလဲ အရှိသားမဟုတ်လား၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ဆိုတာလို၊ ငါတူ ဒီနေ့ ဖြစ်ပျက်နေတာဟာ အဲဒီသဘောမျိုး ဆောင်နေတယ်ကွယ်'

ဟု ပြောလိုက်၏။ မောင်ကျော်ထင်မှာ မွေးစားဖခင်ကဲ့သို့ ဖြစ်နေသည့် ဦးပညာအား လွန်စွာ ချစ်ခင်လေးစားသည့်အလျောက် အကြောက်အကန် ပြန်လည်ပြောကြားခြင်း မပြုတော့ဘဲလျက်. . .

'ဟုတ်. . . ဟုတ်ကဲ့. . . အန်ကယ်' ဟု ပြောကြားလိုက်တော့သည်။

ထို့နောက် ဦးပညာက ဒေါက်တာ ထင်ရှားအား မျက်ရိပ်ပြလိုက်သောအခါ ဒေါက်တာ ထင်ရှားသည် အိမ်တံခါးကို ဖွင့်၍ ထွက်ပြီးလျှင် ကားထုတ်၍ မောင်းနှင်သွားတော့၏။

'ရှူး. . . ဝူး'



'ဒါက ဘယ်တိုသွားတာလဲဟင် အန်ကယ်၊ အစ်ကို ထင်ရှားဟာ အခုလို အချိန်မတော်မှာ ဘယ်ကိုမှမသွားဖူးပါဘူး' ဟု မောင်ကျော်ထင်က ဆိုလိုက်၏။

'အေြာ်. . . သူ့လူနာတစ်ယောက် ချိန်းထားလို့ ဖြစ်ပါလိမ့်မယ်ကွာ၊ လာ. . . ထိုင်ပါဦး မောင်ကျော်ထင်ရဲ့၊ ဦးမှလေးက မျက်လုံးကြောင်နေတာနဲ့ စကားစမြည် ပြောကြားရအောင်ပါ'

'ဟုတ်ကဲ့. . . ခင်ဗျ'

ထို့နောက် ဦးပညာ၏ဇနီး ဒေါ်မာလာ ဖျော်ပေးသော ဘလက်ဖ်ကော်ဖီကို သောက်ကာ အကဲစမ်းသည့် အနေဖြင့် ဦးပညာက မောင်ကျော်ထင်နှင့်စကားများ ပြောလေတော့၏။

'အနာဂါတ်မှာ လျှို့ဝှက်ချက်ဆိုတာမျိုးရှိမယ်လို့ မောင်ကျော်ထင် ယုံကြည်သလားကွယ့် ဟင်၊ စကားစပ်မိလို့ ဆွေးနွေးတာပါ၊ နေ့ခင်းက အန်ကယ် စာအုပ်တစ်အုပ် ဖတ်မိတာမှာ ဒီအကြောင်း ရှိုးတိုးရိပ်တိတ် ပါလို့ကွယ့်'

'ဟာ. . . ရှိတာပေါ့ အန်ကယ်၊ အဲဒီလျှို့ဝှက်ချက်ကို ရှာဖွေတွေ့ရှိဖို့ပဲ အရေးကြီးတာပါ' ဟု မောင်ကျော်ထင်က ဆို၏။

'အင်း. . . မှန်ပါတယ်လေ၊ ဦးအထင်တော့ အနာဂါတ်ဆိုတာ မက်ချင်သလိုမက်လို့ရတဲ့ အိပ်မက်တစ်မျိုးပဲ မဟုတ်ပါဘူး မောင်ကျော်ထင်'

'ဒါတော့ ကျွန်တော်မသိဘူး အန်ကယ်၊ ဒါပေမယ့် အိပ်မက်တို့ အိပ်စက်ခြင်းဆိုတာတို့ဟာ သေခြင်းနဲ့တော့ တစ်နည်းနည်း

www.burmeseclassic.com



စပ်ဆိုင်နေလိမ့်မယ်လို့ ကျွန်တော် ထင်မိတာပဲ' ဟု ပြောလေ၏။

ထို့အတွက် ဦးပညာက. . .

'ရှင်းစမ်းပါဦး ငါ့တူ၊ အန်ကယ့်အနေနဲ့ ပစ္စည်းရှိတာက လွဲရင် ငါတို့လောက် လောကဓာတ်ပညာ မသင်ခဲ့ရလေတော့ ဗဟုသုတဖြစ်ရလောက်အောင်ပါ' ဟု လောဆော်သောကြောင့် မောင်ကျော်ထင်က. . .

'ဒီလိုလေ အန်ကယ်၊ အတတ်ပညာအားဖြင့် ပြောရရင် အိပ်စက်ခြင်းဆိုတာကတော့ သေခြင်းမဟုတ်နိုင်ပါဘူး'

'ဟင်. . . အခုနပြောတော့ တစ်မျိုးပါလားကွယ်'

'ကျွန်တော်က ဟို ဘာခေါ်မလဲ၊ နာမ်လောကနဲ့ အတတ်ပညာကို ခွဲခြားပြီး ပြောရတာ ဆိုပါတော့ အန်ကယ်' ဟု ပြောလိုက်၏။ ဒေါ်မာလာမှာ ဗဟုသုတကြွယ်ဝပုံရလျက် သနားစဖွယ်ကောင်းလှသော မောင်ကျော်ထင်ကို ကရုဏာသက်စွာ စောင့်ဆိုင်းကြည့်ရှုနေရှာ၏။

'ဆက်ပါဦးကွယ့်'

ဦးပညာက ကော်ဖီကြမ်း တစ်ခွက်ကို ငုံ၍ မှုတ်သောက်ရင်း လောလိုက်၍ မောင်ကျော်ထင်က. . .

'အိပ်စက်နေစဉ် အတောအတွင်းမှာ ခန္ဓာကိုယ်ကြီးအတွင်းက ဝိညာဉ်ဟာ လှည့်လည်သွားလာ နေတတ်ပြီးတော့ တစ်စုံတစ်ခုသော အသွင်သဏ္ဌာန်အတွင်းမှာ ကိန်းအောင်းနေနိုင်ပါတယ်'

'အင်း. . . အင်း'



'အဲဒီ ဝိညာဉ်ဟာ အလဲကားမနေဘူး အန်ကယ်၊ တခြား
ခန္ဓာကိုယ်တစ်စုအတွင်းမှာ ဝင်ရောက်ကောင်း၊ ဝင်ရောက်နေနိုင်ပါ
တယ်လို့ ကျွန်တော် ထင်မိတယ်'

'အဆန်းပါလား၊ ဒါဟာ တကယ့်သေခြင်း မဟုတ်သေး
ဘူးပေါ့ မောင်ကျော်ထင်' ဟု ဦးပညာက မေးလိုက်လေ၏။

ထိုအခါ မောင်ကျော်ထင်က. . .

'တကယ့်သေခြင်းအစစ် မဟုတ်ပါဘူး အန်ကယ်၊ သို့သော်
တစ်နေ့ကျရင်တော့ သေခြင်းဆိုတာ ရောက်လာမှာ ဖြစ်လေတော့
အဲဒီအခါမှာ ဝိညာဉ်ဟာလဲ တစ်ခါတည်းချုပ်ငြိမ်းသွားမှာ အမှန်ပါ
ပဲ' ဟု ဆိုလေ၏။ မောင်ကျော်ထင်က စိတ်ပါလက်ပါပြောနေပြီးမှ
ကော်ဖီ ကြမ်း တစ်ခွက်ကို ငုံသောက်ရင်း. . .

'ကျွန်တော် အခုလိုပြောဆိုရတာကို စိတ်ပါ ဝင်စားပါတယ်
အန်ကယ်၊ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ် ဆွေးနွေးတဲ့ အကြောင်း
အရာက ကျွန်တော့် အဖြစ်အပျက်နဲ့ တော်တော်လေးကို နီးစပ်
နေလို့ပါပဲ' ဟု ပြောလေ၏။

'အေး. . . အန်ကယ်တို့ သိချင်တာကလဲ အဲဒီအကြောင်း
ပဲကွယ်၊ နည်းနည်းလောက် ပြောပြပါလား မောင်ကျော်ထင်'

'ဟုတ်ကဲ့. . . ဒီလိုပါ၊ သာမန် ကြည့်မြင်နိုင်စွမ်းမရှိတဲ့ ချ
ချင်းမေတ္တာတွေရဲ့ အတိတ်က နက်ရှိုင်းမှု အရှိန်အဟုန်ကြောင့်
အနာဂတ်ရဲ့ ဟင်းလင်းပြင်ကို တိုးယိုပေါက် မြင်နေရတယ်ဆိုတာ
လောက်သာ ပြောပါရစေတော့ အန်ကယ်' ဟု ဆိုကာ မောင်

www.burmeseclassic.com



ကျော်ထင်က ကော်ဖီကြမ်းကို မော့သောက် ချလိုက်တော့၏။

ဦးပညာမှာ မောင်ကျော်ထင်၏ အဘိဓမ္မာအတွက် မည်သို့ နားလည်ရမှန်း မသိအောင် ဖြစ်လျက်ရှိစဉ် အမှောင်တွင်းမှ တစ်ဆင့် ခြံအတွင်းသို့ ဝင်ရောက်လာသည့် ကားသံနှင့်အတူ ကားမီးရောင်ကို လှမ်းတွေ့လိုက်ရသဖြင့် ပြင်းထန်သော သက်ပြင်းတစ်ချက်ကို ချလိုက် မိလေ၏။

'သား. . . သားပြန်လာပြီ'

ဒေါ်မာလာက ဆင်ဝင်အဝသို့ သွားရောက်ရန် ခြေလှမ်း ပြင်ရင်း ပြောလိုက်လေ၏။

'ဝူး. . . ဝူး'

ကားလေသည် ဆင်ဝင်အောက်တွင် ထိုးရပ်သွားပြီး သကာလ ကားထဲမှ ဒေါက်တာထင်ရှားနှင့်အတူ ဥပမိရှစ် သန့်ပြန့်သော အသက်လေးဆယ်ခန့်အရွယ် လူတစ်ဦး ဆင်းလာခဲ့ လေ၏။

'ဪ. . . ဒေါက်တာဦးဖြူစင်ပါလား၊ ကြွပါ. . . ကြွပါ ကေနွ အစ်ကို ထင်ရှားက ကျွန်တော့်ကို ရောဂါဖြစ်နေပြီ အထင်နဲ့ ကုသခိုင်းမလို့ ဒေါက်တာကို သွားခေါ်တာကိုး' ဟု မောင်ကျော်ထင က ဆီးကြို၍ နှုတ်ဆက်လိုက်၏။

'အေးကွယ်. . . ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့၊ ဘာပဲ ဖြစ်ဖြစ် အဆိုးအကောင်းဆိုတာ စစ်ဆေးကြည့်ရင်တော့ ပိုပြီး အမြင် ရှင်းတာပဲ မဟုတ်လား၊ ကာကွယ်တဲ့နေရာမှာလဲ ထိရောက်တာပေါ့'



ဟု ဒေါက်တာ ဖြူစင်က ပြောလိုက်လေသည်။

'အေးကွာ၊ ဒါလဲ မင်းအခြေအနေကို စောင့်ကြည့်နေတာ ကြာခဲ့ပါပြီ၊ ဒါကြောင့် ဖေဖေတို့နဲ့ တိုင်ပင်ပြီး စိတ်ရောဂါကု ဆရာဝန် ဒေါက်တာ ဖြူစင်ကို အခုလို ခေါ်လာခဲ့ရတာပဲကွာ' ဟု ဒေါက်တာ ထင်ရှားက တောင်းပန်ဟန်ဖြင့် ပြောလိုက်သည်။

'ကောင်းပါပြီလေ၊ ဒေါက်တာ စစ်ဆေးကြည့်ချင်ရင်လဲ စစ်ဆေးကြည့်ပေါ့၊ ကဲ. . . ကျွန်တော့် အခန်းကိုသွားကြရအောင်'

ထို့နောက် ဒေါက်တာ ထင်ရှား ဦးဆောင်၍ လူအားလုံး တို့ မောင်ကျော်ထင်၏ အခန်းရှိရာသို့ ခေါ်လာခဲ့လေ၏။ အခန်း သို့ရောက်လျှင် စိတ်ရောဂါကုဆရာဝန် ဒေါက်တာ ဖြူစင်က မောင်ကျော်ထင်ကို အိမ်မွေ့ချလိုက်လေ၏။

ပြီးလျှင် ဒေါက်တာဖြူစင် တွေ့မြင်ရသည်များကို ပြောပြရန် အမိန့်ပေးလိုက်သည်တွင် မောင်ကျော်ထင်က အိပ်မှော် နေရာမှ. . .

'တွေ့တယ်. . . တွေ့တယ်၊ တောင်တန်းကြီးတွေ၊ သစ်ပင် တွေ၊ ဟော ရေတွေ တွေ့ပြန်ပြီ' ဟု ဆိုလေ၏။

ထပ်မံ၍ စောင့်ဆိုင်းလျက်ရှိကြစဉ် မောင်ကျော်ထင်၏ ပါးစပ် ပွင့်လာပြီးနောက်. . .

'ဟော ဟော. . . ဆီးနှင်းတွေဖွေးနေတဲ့ တောင်ထွတ်ကြီး တစ်ခု၊ အို. . . လမ်းနံဘေးမှာ မိန်းကလေးတစ်ယောက်၊ ဟင်. . . မေနှင်းပွင့်၊ ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော့်ရဲ့ နှင်းပွင့်ဒေဝီကို တွေ့ရပြီ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပြီ၊ အလို. . . အလို'

'အား'

မောင်ကျော်ထင်မှာ အတွက်တွတ် ရေရွတ်နေရင်းမှ ...
သံပါအောင် ကြောက်လန့်အား အော်ဟစ်လိုက်သည့်အတွက်...
ဒေါက်တာ ဦးဖြူစင်မှအပ လူအားလုံး လန့်သွားကြလေ၏။

ထိုအခိုက် ဦးဖြူစင်က ဒေါက်တာထင်ရှားအား. . .

'ကဲ. . . ဒေါက်တာ ထင်ရှား၊ မောင်ရင်က မောင်ကျော်
ထင်ကို အိပ်ဆေးတစ်လုံး ထိုးပေးပြီး ဒီည ကောင်းမွန်စွာ အိပ်စက်
ပါစေတော့' ဟု ညွှန်ကြား၏။

ထို့ကြောင့် ဒေါက်တာထင်ရှားက မောင်ကျော်ထင်အား
အိပ်ဆေးထိုး၍ အိပ်စက်စေပြီးလျှင် ဒေါက်တာ ဦးဖြူစင်နှင့် ထိုင်
ပင်ကြရာ ဒေါက်တာ ဦးဖြူစင်က. . .

'ကျွန်တော့်စိတ်ထင်ပြောရရင် သူဟာ နေရာဒေသ တစ်ခု
မှာ ငှက်ဖျားလို ပိုးတစ်မျိုး ဝင်ရောက်တာကို ခံစားရင် ခံစားရမယ်
ဒါမှမဟုတ်ရင်တော့ အင်း. . . လူတစ်ထောင်မှာတစ်ယောက်
တစ်သောင်းမှာ တစ်ယောက်ဆိုတာလို ဖြစ်နိုင်ခဲ့တဲ့ အဖြစ်မျိုး
ပတ်သက်စပ်ဆိုင်နေတာပဲ၊ ဒါမှမဟုတ်ရင် စကီဇိုဖရီးနီးယား ...
ခေါ်တဲ့ စိတ်ဝေဒနာတစ်မျိုး ခံစားနေရတာဖြစ်မယ်' ဟု ဆို၏။

'ဟုတ်လား ဒေါက်တာ၊ ဘယ်လိုအဖြစ်မျိုးပါလဲ' ဟု
ဦးပညာက မေးလိုက်၏။

ဒေါက်တာဦးဖြူစင်က စီးကရက်တစ်လိပ်ကို ထုတ်ယူ၍



မီးညှိသောက်လိုက်ပြီးမှပင်. . .

'ဒီလိုခင်ဗျာ၊ အတိတ်ရဲ့ အကြောင်းအရာ တစ်ခုဟာ မမျှော်
လင့်တဲ့ အနာဂတ်အထိ ပတ်သက်စပ်ဆိုင်လာတတ်တဲ့ အဖြစ်မျိုး၊
မိမိကိုယ်ကို မိမိမှန်း မမြင်နိုင်အောင် ချောက်လှန့်တဲ့ အစွဲအလန်း
ဆိုပါတော့' ဟု ပြောလေ၏။

'ဒါကို ဒေါက်တာ လက်ခံပါသလား' ဟု ဒေါက်တာ
ထင်ရှားက မေးလိုက်ရာ ဒေါက်တာ ဦးဖြူစင်က. . .

'လက်ခံသင့်သလောက် လက်ခံရမလို ဖြစ်နေတယ် မောင်
ထင်ရှား၊ ဆေးပညာမှာကိုက စကီဇိုဖရီးနီးယား ရှိတယ်ဆိုတာ
ရှိနေတယ်၊ ဘာကြောင့်လဲဆိုရင် ကျုပ်ကိုယ်တိုင်အနောက်နိုင်ငံ
အချို့ကို ရောက်ခဲ့တာမှာ လောကဓာတ်ပညာကိုသာ လက်ခံတဲ့
အနောက်နိုင်ငံသားအချို့ မှာတောင် အဲဒီရောဂါနဲ့ အယူအဆမျိုး
ရှိနေတာကို တွေ့ရတယ်'ဟု ဆို၏။

ထို့နောက် ၎င်းတို့အားလုံး တိုင်ပင်ညှိနှိုင်းကာ မောင်ကျော်
ထင် ဝေဒနာပျောက်ကင်းရေးအတွက် ပြောဆိုကြလေသေး၏။

ဒေါက်တာဦးဖြူစင်က မောင်ကျော်ထင်၏ အခြေအနေ
ကို စောင့်ကြည့်၍ကုသပေးမည်ဖြစ်ကြောင်း ကတိပြုပြီးနောက်
အိပ်သည့် စိတ်ငြိမ်ဆေးအချို့ကို ပေးကာ ပြန်ရန်ပြင်လေ၏။

ထို့အတွက် ဒေါက်တာထင်ရှားက ကားရှိရာသို့ ခေါ်
ဆောင်သွားပြီးသကာလ ဒေါက်တာဦးဖြူစင်ကို လိုက်ပို့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဒေါက်တာဖြူစင် လာရောက်ဆေးကုသည့် နေ့မှစ၍ မောင်ကျော်ထင်မှာ တစ်မျိုးထူးခြားစွာ ဖြစ်လာခဲ့ပြန်၏။

မည်သို့မည်ပုံ ဖြစ်သနည်းဆိုရပါလျှင် မောင်ကျော်ထင်သည် ယခင်ကကဲ့သို့ ရောဂါဝေဒနာရှိဟန်၊ နှင်းပွင့်ဒေဝီအား သတိရဟန်တို့မရှိတော့ဘဲ ပျော်ရွှင်စွာသီချင်းညည်းရင်း လေချွ လျှောက်ပင် ရှိလေတော့၏။

ထို့ကြောင့်ပင် ဒေါက်တာထင်ရှားသာမက ဦးပညာနှ ဒေါ်မာလာတို့လည်း မောင်ကျော်ထင်အတွက် အထူးစိတ်ချမ်းသာ နေမိကြ၏။ သို့ရာတွင် ဒေါက်တာဖြူစင်မှု အမှန်အတိုင်းပင် ဝန်ခံ၍ ၏။

'ကျွန်တော့်အနေနဲ့ မောင်ကျော်ထင်ကို ထိထိရောက ရောက် ဘာတစ်ခုမှ ကုသရသေးတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဘာ့ကြောင့် အခုလို ရွှင်ရွှင်လန်းလန်း ဖြစ်သွားရတာလဲ ဆိုတာ ကျွန်တော်လဲ နားမလည်နိုင်အောင် ဖြစ်ရတယ်' ဟု ဆို၏။

'အို. . ဒေါက်တာ၊ ဘာပဲဖြစ်ဖြစ် ဒေါက်တာကို ပြသကြ ပြီးတဲ့နေ့ကတည်းကစပြီး မောင်ကျော်ထင် သက်သာလာ



မဟုတ်လား' ဟု ဦးပညာက ဆိုသည်။

ဒေါက်တာ ထင်ရှားကလည်း. . .

'ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ်ပါ ဒေါက်တာရယ်၊ ကျွန်တော့် သူငယ်ချင်းတစ်ယောက် အရင်လို မဟုတ်ဘဲ၊ အခုလို ရွှင်ရွှင်လန်းလန်း မြင်ရတာ ကျွန်တော်တို့ အားလုံးဝမ်းသာဖို့ မဟုတ်ပါလား ခင်ဗျား' ဟု ပြောရှာ၏။

မောင်ကျော်ထင်သည် ယခင်အတိုင်းပင် တက်ကြွရွှင်လန်းစွာ ရှိနေပြီးနောက် ညနေတိုင်းလိုလို ဆေးခန်းမှ ပြန်ရောက်လာသည့် ဒေါက်တာ ထင်ရှားနှင့်အတူ အိမ်ရှေ့မြက်ခင်းပြင်တွင် ကြက်တောင်ရိုက်၏။

ထိုမျှသာမက ငှင်းကပင်လျှင် မကြည့်သည်မှာ ကြာပြီဖြစ်သည့် ပလာဇာရုံမှ ဓာတ်ရှင်ကားကို သွားကြည့်ကြရန် လောဆော်သေး၏။ ထို့ကြောင့်လည်း ဒေါက်တာ ထင်ရှားက အလွယ်တကူပင် အဘောတူလျက် သွားရောက် ကြည့်ရှုကြလေသည်။

တစ်နေ့တွင် ဒေါက်တာ ထင်ရှားတစ်ယောက် ခင်မင်သော မိတ်ဆွေတစ်ဦး၏ ဖခင်နေထိုင်မကောင်း ဖြစ်ခြင်းအတွက် ကြည့်ရှုကြံပေးရန် ဖြစ်ပေါ်လာသည့်အတွက် မိတ်ဆွေဖြစ်သူ နေထိုင်ရာ ပဲခူးမြို့သို့ သွားရောက်ရန် အကြောင်းပေါ်လာခဲ့လေ၏။

ထိုအကြောင်းကို ကြားသိသော မောင်ကျော်ထင်က. .

အစ်ကိုထင်ရှား အတော်ပဲဗျာ၊ ပဲခူးက ဘုရားတွေဖူးချင်နေတာ အတော်ပဲ၊ ကျွန်တော် လိုက်ခဲ့မယ်' ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



'အိုး. . . အတိုင်းထက် အလွန်ပေါ့ ကျော်ထင်၊ အဖေါ် လဲရ၊ ကုသိုလ်လဲရပေါ့ လိုက်ခဲ့၊ လိုက်ခဲ့' ဟု ဆိုလေ၏။

ထို့ကြောင့်လည်း နံနက် ဝေလီဝေလင်း အချိန်လောက်မှာပင် သူငယ်ချင်းနှစ်ယောက် အော်စတင်း ကားလေးနှင့်ထွက်လာခဲ့ကြ၏။

လမ်းတစ်လျှောက်လုံး စီးကရက်သောက်ကာ စကားများတီ ဖောင်လောက်အောင် ပြောလျက်လိုက်ပါလာသည့် မောင်ကျော်ထင်မှာ ထောက်ကြံ့အလွန်ရာဘာ တောစပ်အနီးသို့ ရောက်သောအခါ ထူးခြားစွာ တိတ်ဆိတ်သွားသည်ကို ဒေါက်တာထင်ရှား သတိပြု လိုက်၏။

ထို့နောက် ကားကလေးကို ဆက်လက်မောင်းနှင်ခဲ့ပြန်ရာ ထိုအချိန်၌ မြောက်လေတစ်ချက် တိုက်ခတ်လာပြီးနောက် မြူ ဆိုင်းကာ နှင်းများဝေ့တက်လာခဲ့လေ၏။ ထို့ကြောင့် ဒေါက် ထင်ရှားက နှင်းကန့်လန့်ကာဆီးနေ သောလမ်းတစ်လျှော ကားမီးဖွင့်ရင်း သတိထား မောင်းနှင် နေစဉ် နေရာတစ်နေ အရောက်၌. . .

'ရပ်. . . ရပ်လိုက်ပါ၊ ဟိုမှာ သူဇာနွယ် နှင်းပွင့်ဒေဝီ ကိုတိုက်မိတော့မယ်'

ထိုသို့အော်ဟစ်ပြီးလျှင် မောင်ကျော်ထင်က ခြေ ဆိုဆို ကားစတီရင်ကို ကိုင်ထားသည့် ဒေါက်တာထင်ရှား၏ လ ဖိကိုင်၍ လှည့်လိုက်သကဲ့သို့ ကားဘရိတ်ကိုလည်း အလျှင်



ဆောင့်နင်းလိုက်လေ တော့သည်။

'ဟာ. . . ကျော်ထင်'

'ကျွိ. . . အိ. . . အိ'

ထို့ကြောင့်ပင်လျှင် ကားလေးမှာ လမ်းဘေးသို့ ကွေ့စောင်းသွားလျက် ချောက်ထဲသို့ ကျလုကျခင် ဖြစ်သွားရ၏။

'ဝုန်း'

'ဝုန်း'

နှစ်ဦးသား ကားတံခါးကိုယ်စီဖွင့်၍ အပြင်သို့ အလျင်အမြန် ထွက်လိုက်ကြ၏။ သို့သော် ရည်ရွယ်ချက်ချင်းကား မတူကြပါပေ။ ဒေါက်တာထင်ရှားမှာ ကား၏အခြေအနေကို ငုံ့ကြည့်လျက် ရှိနေလေ၏။ သို့ပါသော် မောင်ကျော်ထင်ကား တောစပ်သို့ ပြေးထွက်လျက် နှုတ်မှလည်း တကြော်ကြော် အော်ဟစ်နေတော့သည်။

'သူဇာနွယ်. . . နှင်းပွင့်ရေ နှင်းပွင့်ဒေဝီ ဒီကိုလာ၊ မပြေးနဲ့ မပြေးနဲ့'

သူ၏အော်သံသည် တောစပ်တွင် ဟိန်းသွားလေရာ တီတီတာတာဖြင့် ဘာသာဘာဝ အော်ဟစ်နေကြသော ငှက်ကလေးများပင်လျှင် လန့်ဖျပ်၍ ထွက်ပြေးပျံထွက်သွားကြလေ၏။

'ကျော်ထင်. . . ကျော်ထင်. . . သူငယ်ချင်း၊ မင်းဘာကို င်လိုက်လို့လဲ'

www.burmeseclassic.com



ဒေါက်တာထင်ရှားက နောက်ဘက်မှနေ၍ ပြောလိုက်သောအခါ ရပ်တန့်ရင်း ဟိုဟိုသည်သည် ကြည့်နေသည့် မောင်ကျော်ထင်က. . .

'နှင်းပွင့်ဒေဝီလေးဟာ ကျွန်တော်တို့ကားရှေ့က ဖြတ်ပြီးဟို တောစပ်ဘက်ကို ထွက်ပြေးသွားတာ တွေ့လိုက်ရတယ် အစ်ကိုထင်ရှား' ဟုဆိုလေ၏။

ထိုစကားအတွက် ဒေါက်တာထင်ရှားမှာ အတူးပင် စိုးရိမ်ပူပန်မိသွားကာ. . .

'မင်းစိတ်က ထင်လို့ပါ ကျော်ထင်၊ ကားကို ငါကိုယ်တိုင်မောင်းတာပဲဟာ၊ မင်းရဲ့ နှင်းပွင့်ဒေဝီသာ အမှန်တကယ် လမ်းမှာရှိမယ်ဆိုရင် ကားနဲ့တိုက်မိမှာပေါ့၊ လမ်းပေါ်မှာ ကြည့်ပါလား၊ လူလဲမရှိဘူး၊ သွေးစသွေးနတွေလဲ မတွေ့ရဘူး' ဟု ပြောလိုက်လေ၏။

'နို့မို့တိုက်မိတာပေါ့ဗျာ၊ ကျွန်တော်က ဘရိတ်ကိုလှမ်းနင်းပြီး စတီယာရင်ကို လှည့်လိုက်လို့ပေါ့'

'အင်း. . . မင်းရဲ့ နှင်းပွင့်ဒေဝီကို တိုက်မိတာ မတိုက်မိတာထားဦး၊ တို့နှစ်ယောက် မာလကီးယားဖို့ဟာ ချောက်နဲ့ခြောက်လက်မနီးပါးလောက်ပဲ လိုတော့တယ် ကျော်ထင်ရေ' ဒေါက်တာထင်ရှားက မကျေမနပ်ဖြစ်လျက် ပြောလိုက်လေသည်။

'ဟား. . . ဟား. . . ဟား. . . မထင်ပါနဲ့ဗျာ၊ အစ်ကိုထင်ရှားနဲ့ ကျွန်တော်ဟာ သေဖို့ အပုံကြီး လိုပါသေးတယ်ဗျာ လောလောဆယ် မသေနိုင်သေးပါဘူး၊ ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ'



'ဟ. . . ပြောနိုင်မလားကွ၊ သေခြင်းတရားကို ခန့်မှန်းလို့ ဘယ်သူရနိုင်မှာလဲ' ဟု ဒေါက်တာထင်ရှားက ပြောလိုက်၏။

မောင်ကျော်ထင်က တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ ကိုယ်ရှိန်သတ်လျက်. . .

'ကဲ. . ဒါဟာ ငြင်းနေစရာအကြောင်းလဲ မဟုတ်ပါဘူး၊ ပဲခူးကို ဆက်ပြီးသွားကြပါစို့' ဟု ဘာမှမဖြစ်သလို ပြောလေ၏။

'ဟင်း'

ဒေါက်တာ ထင်ရှားမှာ ဆက်လက်၍ သွားရအခက်၊ မသွားရအခက် ဖြစ်နေသည့်ကြောင့် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်ပြီးလျှင် ကားဆီသို့ လျှောက်လာခဲ့လေသည်။

ထို့နောက် ကားပေါ်သို့ သူတစ်ဦးတည်း အရင်ဆုံးတက်ရောက်ပြီးမှ ချောက်နှုတ်ခမ်းနှင့် လွတ်ကင်းရန် ဘက်ဆုတ်လေ၏။

ပြီးမှပင် မောင်ကျော်ထင်အား တက်စေလို၏။

'ကဲ. . . ကဲ. . . မောင်းပေတော့ ဒရိုင်ဘာကြီး၊ ဒီတစ်ခါဘာမှ မဖြစ်စေရပါဘူး၊ စိတ်အေးအေးထားပြီး တော့သာ မောင်းပါ'

မောင်ကျော်ထင်၏ အခြေအနေမှာ ပုံမှန်ဘက်သို့ ရောက်ရှိနေပြီဟု ယူဆသောကြောင့် ဒေါက်တာ ထင်ရှားလည်း စိတ်အေးလက်အေးဖြင့် ကားကလေးကို ပဲခူးမြို့ဘက်သို့ မောင်းနှင်ခဲ့တော့သည်။ ဂိုင်းဂနိုင်းရပ်ရှိ မိတ်ဆွေအိမ်သို့ ရောက်သောအခါ လူနာတို့ကြည့်ရှုကုသပြီးသကာလ လိုအပ်သည့် အပိုင်းများကို ဖြင့်ပင်နှီးနှောလျက် ရန်ကုန်မြို့ဘက်ပြိုယာလမ်းတွင် နေထိုင်သော အထူးကု

www.burmeseclassic.com



ဆရာဝန်ကြီးဒေါက်တာ ဆတ္တာနှင့်ဆက်လက်ကုသရန် အကြံပေးခဲ့သည်။

ထို့နောက် မိတ်ဆွေ၏ဇနီး ချက်ပြုတ်ကျွေးမွေးသော နံနက်စာကို စားသောက်ပြီးကြသည်နှင့် ပဲခူးမြို့ရှိ ဘုရားစုံကို သူငယ်ချင်းနှစ်ယောက်သွားရောက်ဖူးမြော် ကြလေသည်။

အခြားဘုရားများကို နှံ့စပ်အောင် ဖူးပြီးနောက် ရွှေသာလျောင်းဘက်သို့ ရောက်လာသောအခါ တစ်ဖက်တွင် အုံ့ဆိုင်းလျက်ရှိသော ထန်းတောအစပ်တွင် လူရိပ်အချို့ကို နှစ်ဦးသား တွေ့လိုက်ကြရတော့သည်၌ မောင်ကျော်ထင်က. . .

'ဟာ. . . အစ်ကို ကျွန်တော်ထင်တဲ့အတိုင်းပဲ၊ ဒီကောင်တွေက နှင်းပွင့်ဒေဝီလေးကို အနိုင်ကျင့်ပြီး ခေါ်ပြေးတိုက်ဖို့ ကြိုးစားနေကြတာကိုး၊ သိကြရောပေါ့'

'ဝုန်း'

'ဖုတ်. . . ဖုတ်. . . ဖုတ်'

'ဟေ့. . . ဟေ့. . . ကျော်ထင်၊ နေဦး၊ နေဦး'

ကားတံခါးကို ဝုန်းခနဲဖွင့်ကာ ခုန်ချ၍ထန်းတောဘက်သို့ ဒရောသောပါး ပြေးလွှား ထွက်ခွာသွားသည့် မောင်ကျော်ထင်အား ဒေါက်တာထင်ရှားက တားဆီး၍မရသည့်အဆုံး၌ သူသည်လည်း ကားတံခါးဖွင့်၍ အလျင်အမြန် ပြေးလိုက်သွားရတော့၏။

'ဟင်. . . ကို. . . ကိုကျော်ထင်'

'မေ. . . မေနှင်းပွင့်. . . သူဇာ'



အဖြူရောင်ဝတ်စုံနှင့် ကဏာရလှသည့် မိန်းမပျိုက လူသုံးယောက်အလယ်မှ လှမ်း၍ အော်ဟစ်နှုတ်ဆက်သကဲ့သို့ မောင်ကျော်ထင်ကလည်း ပြေးလွှားနေရင်းမှ နှုတ်ဆက်လိုက်၏။

'ဟေ့ကောင်တွေ မင်းတို့ ဘယ်ကကောင်းတွေလဲ၊ မဆိုင်ရင်ဝင်မရှုပ်နဲ့ ဇက်ပြုတ်သွားမယ်'

'ဘာကွ၊ ကဲ. . . .'

'ဖိုး. . . ဖုစ်'

'ရွှစ်. . ရွှပ်'

လူဆိုးသုံးယောက်က ဓားရှည် ဓားမြှောင်နှင့်သံတုတ်များကို အသုံးပြုကာ တိုက်ခိုက်ကြလေ၏။

သို့ပါသော် ကျောင်းသား ဘဝတပင် ကိုယ်ခံပညာနှင့် အားကစားပညာရပ်များကို လိုက်စားထားသည့် မောင်ကျော်ထင်နှင့် ဒေါက်တာ ထင်ရှားတို့က အတွဲညီညီအကွက်ကျကျ ခုခံတိုက်ခိုက်သာကြောင့် လူသုံးယောက်၏ ထိုးနှက်တိုက်ခိုက်မှုများမှာ အချည်းနှီး ဖြစ်ရတော့၏။

'ယိ. . .'

'ဟိတ်. . .'

'ဖိုး. . . ဖုစ်'

'ရွှီး. . . ရွှစ်'

'ဖုတ်. . .'

'အား. . .'

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ထင်ရှား၏ လက်ချက်ကြောင့် တစ်ဘက်မှ လူတစ်ယောက် ထိသွားကာ မြက်ခင်းပြင်ပေါ်သို့ လဲကျသွားရာ မောင်ကျော်ထင်က နှစ်ယောက်နှင့် တစ်ယောက် ဆက်လက်တိုက်ခိုက်နေဆဲပင်ဖြစ်၏။

တစ်ဘက်လူနှစ်ယောက်မှာ ၎င်းတို့ ထင်မှတ်ထားသကဲ့သို့ ဝင်ရှုပ်လာသော လူနှစ်ယောက်အား တိုက်ခိုက်ရန် မလွယ်ကူမှန်း ရိပ်မိသိရှိလာတော့၏။ ထို့ကြောင့် တစ်စတစ်စ ခံစစ်ကိုသာ ဦးစားပေး၍တိုက်ခိုက် နေရာ ၎င်းတို့၏အပေါ်ဖြစ်သူထို သတိရလျက် ထပြေးချိန်တွင် ထိုသူများလည်း ထန်းတောဘက်သို့ ဝင်ပြေးကြတော့သည်။

'မပြေးနဲ့လာလေ'

'ဟော့. . .ဟော့. . .မှောင်နေပြီ မလိုက်နဲ့တော့ ကျော်ထင်'

ပြေးလိုက်ရန် ပြင်နေသော မောင်ကျော်ထင်၏ လက်ကို ဖမ်းဆွဲလျက် ဒေါက်တာ ထင်ရှားက သတိပေးလိုက်သောကြောင့် ရပ်တန့်သွားသည့် မောင်ကျော်ထင်မှာ ထိုအခါ ကျမှပင် မိန်းမပျို အား ပြန်လည်၍ သတိမြူမိသွားတော့၏။

ထို့ကြောင့်ပင် သမင်လည်ပြန် လှည့်ကြည့်ရင်း. . .

'သူ. . .သူဇာ'

'ကို. . .ကိုကျော်ထင်'

'မင်း ရွှေသာလျောင်ဘုရားကို ရောက်နေမယ် ဆိုတာ ကိုသိလို့ လာခဲ့တာပဲ' ဟု မောင်ကျော်ထင်က မိန်းမပျိုအနီးသို့



တိုးကပ်သွားရင်း ပြောလိုက်၏။

ထိုအခါ မိန်းမပျိုကလည်း ဝင်းပသော အပြုံးဖြင့်. . .

'သူဇာလဲ ကိုကျော်ထင်ရောက်လာမယ်ဆိုတာ သိနေပါတယ်၊ ဒါကြောင့်ဖေါ်ဖေါ်ကိုခွင့်ပန်ပြီး တစ်ယောက်တည်း ဘုရားဘက်ထွက်လာရာမှာ ဟိုအချောင်သမားလူဆိုးတွေနဲ့တွေ့တာပေါ့ရှင်' ဟု ဆိုလေ၏။

နှစ်ဦးသား အားရဝမ်းသာ စကားပြောနေကြချိန်တွင် ဒေါက်တာထင်ရှားမှာ ၎င်းတို့နှစ်ယောက်လုံးကို ကျောက်ရုပ်တစ်ရုပ်အလား အံ့အားသင့်ကာ ပါးစပ်ဟလျက် ငေးမောနေမိလေ၏။

အဘယ်ကြောင့် ငေးမိသနည်းဟူမူ ထိုမိန်းမပျိုသည် ရက်ရက်စက်စက်လှသည်ဟု ပြောရမည့် အလှပဂေးဖြစ်သည့်အပြင် အသားအရည်မှာလည်း နှင်းပွင့်ကဲ့သို့ ဖြူနုပြီး သကာလ. . .

သူမနှင့် လိုက်ဖက်ညီလှသော အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားခြင်းကြောင့်ပင်တည်း။ ထို့ပြင် ၎င်းအား မောင်ကျော်ထင် မကြာခဏပြောနေ သောမိန်းမပျိုနှင့်လည်း သွင်ပြင်လက္ခဏာ တိုက်ညီနေပြန်၏။

ပို၍ ထူးခြားသည်မှာ ၎င်းတို့နှစ်ဦး၏ ဆန်းပြားထူးထွေသောပြောဆိုဟန်များပေတည်း။ သို့ရှိစဉ် မောင်ကျော်ထင်က မိန်းမပျို၏ ဖြူနုသောလက် ကို မြတ်နိုးစွာ ကိုင်စွဲထားပြီးလျှင်. . .

'သူဇာရေ. . .အိပ်မက်ထဲမှာ ချစ်ရတဲ့ နှင်းပွင့်ဒေဝီမလုပ်ပါနဲ့တော့ကွယ်၊ ပေါ်ပေါ်ထင်ထင် ချစ်ရတဲ့ ချစ်သူဖြစ်ပါရစေတော့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်၏။

'ဒီကလဲ ဒီလိုပါပဲ ကိုကျော်ထင်၊ နို့ပေမယ့် ဒေါ်ဒေါ်တို့တော့ အသိပေးဦးမှပေါ့' ဟု ချစ်စဖွယ် မျက်နှာလေးထောင့်ကစ်၍ ပြောလိုက်၏။ ဒေါက်တာ ထင်ရှားမှာသာ မူလအတိုင်း မလှုပ်မယှက်ရပ် ၍ နားထောင်နေ၏။

ထိုအခါ မောင်ကျော်ထင်က. . .

'သူဇာရဲ့ ဖေဖေနဲ့မေမေ အသုဘကိစ္စပြီးတော့ သူဇာဘယ်သွားနေတာလဲဟင်၊ ကိုယ်မှာဖြင့် ဘယ်တော့ ပြန်ကြုံရမလဲလို့ စောင့်မျှော်လိုက်ရတာ'ဟု ပြောရာ မိန်းမပျိုက. . .

'သူဇာလေ. . . ဖေဖေနဲ့မေမေအတွက် ကုသိုလ်ရအောင်ဆိုပြီး၊ တနည်းနည်းငြိမ်းအေးပြေပျောက်အောင်ပေါ့ စစ်ကိုင်းချောင်မှာ တရားအားထုတ်နေတာလေ'

'ဟင်. . . ဒါဖြင့် ဟိုဒင်း. . . အိပ်မက်တွေထဲက'ဟူ စကားတစ်ပိုင်းတစ်စဖြင့် မောင်ကျော်ထင်က ရပ်တန့်သွားရသည်။

အကြောင်းမှာ မိန်းမပျိုက ဖြူနုသော လက်ကလေးဖြင့် မောင်ကျော်ထင်၏ပါးစပ်ကို လှမ်းပိတ်လိုက်သောကြောင့် ဖြစ်၏။

ပြီးလျှင် မိန်းမပျိုက. . .

'ဘာတွေပြောနေတာလဲ အစ်ကိုရယ်၊ တခြားအကြောင်း ပြောစရာတွေ အများကြီးရှိရဲ့သားနဲ့' ဟု ပြောသည်။

မောင်ကျော်ထင်က. . .

'ထားလိုက်ပါပြီဆိုပါတော့၊ အရေးကြီးတဲ့စကား ပြောမယ်



သူဇာ၊ အစ်ကိုတော့ သူဇာ့ကို ဘယ်နည်းနဲ့မှ မခွဲနိုင်တော့ဘူးကွာ၊ တစ်ခါတည်းသာ လိုက်ခဲ့ပြီး လက်ထပ်ကြပါစို့' ဟု ပူဆာလေ၏။

'ခစ်. . . ခစ်. . . ခစ်. . . သဲလိုက်တာ'

မိန်းမပျိုက ချစ်စဖွယ်ရယ်မော၍ မောင်ကျော်ထင်ကို ပြောလိုက်လေသည်။ ပြီးမှ မျက်နှာညှိုးလျှသွားလျက်. . .

'စိတ်ချပါ အစ်ကို၊ မကြာခင် အဲဒီအခွင့်အရေးကို ရမှာပါ။ ဒါပေမယ့်. . .'ဟုဆိုကာ စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားလေ၏။

'ဒါပေမယ့် ဘာဖြစ်သလဲ သူဇာ'

မောင်ကျော်ထင်က ကမန်းကတန်းမေးသည်။

သို့သော် မိန်းမပျိုက အဝေးသို့ လှမ်းကြည့်လျက်မှ. . .

'ဘာမှမဟုတ်ပါဘူး အစ်ကိုရယ်'ဟု ဆို၏။

ထို့နောက် နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်။ ဒေါက်တာထင်ရှားမှာ ရပ်တန့်၍ ကြည့်နေရာမှ လွန်စွာတင့်မောလိုက်ဖက်လှသော စုံတွဲတစ်တွဲပေတကားဟု စိတ်ထဲမှ ဥဒါန်းကျူးရင့်မိသည်အထိပင် ဖြစ်ရလေ၏။

ထိုအချိန်တွင် လေညှင်းတစ်ချက် တိုက်ခတ်လိုက်ရာ အနီးရှိသစ်ပင်များမှ သစ်ရွက်များ လှုပ်ခတ်သွားကြပေ၏။

ဒေါက်တာထင်ရှားလည်း စိတ်ရှည်ရှည်နှင့် ဆက်လက်စောင့်စားနေရရှာ၏။ မောင်ကျော်ထင်က မိန်းမပျို၏ လက်ကလေးကို မြတ်နိုးစွာ ကိုင်ဆွဲထားရင်းမှပင် ခပ်လောလောဖြင့် ပြုံးမ်၍. . .

www.burmeseclassic.com



'လက်ထပ်ကြရအောင်နော် သူဇာ' ဟု စာလေးမှန့်တောင်း သကဲ့သို့ ပူဆာလျက် ရှိလေ၏။

ထိုအခါ မိန်းမပျိုက ပြုံး၍ ခေါင်းညိတ်ပြပြီးလျှင်. . .

'ကောင်းပြီ အစ်ကို၊ အခုလာမယ့် တနင်္ဂနွေနေ့မှာ လက်ထပ်ပွဲ ကျင်းပဖို့ အစစပြင်ဆင်ထားပါ။ သူဇာ ဆက်ဆက်လာခဲ့ ပါ့မယ်၊ စိတ်ချပါ' ဟု ဆို၏။

မိန်းမပျို၏ ပြောကြားချက်အရ ယနေ့သည် အင်္ဂါနေ့ ဖြစ်ရာ တနင်္ဂနွေနေ့ရောက်ရန် ကြားလေးရက်သာ လိုတော့ကြောင်း ဒေါက်တာထင်ရှား တွက်ချက်သိရှိရလေ၏။ ပြီးလျှင် ငိုင်နေသော မောင်ကျော်ထင်၏ လက်ကိုကိုင်ပြီး သကာလ. . .

'စိတ်ချပါ အစ်ကိုရယ်၊ နှင်းပွင့်ကို အခုထိ မယုံသေးဘူး လား။ သူဇာကို မယုံရင်နေပါ၊ နှင်းပွင့်ကတော့ အစ်ကို့အပါးမှာ အမြဲ ရှိဆဲ မဟုတ်လား' ဟု ပြော၏။ ဒေါက်တာထင်ရှားမှာ ၎င်းတို့နှစ်ဦးသား၏ သိနားလည်ရန် ခက်လှသည့် စကားများကြောင့် အတော်ပင် သည်းခံနားထောင် နေရရှာသည်။

ထိုအချိန်၌ မြောက်လေပြည်သရန်း၏ ဆော့ကစားမှု ကြောင့် တောစပ်မှ သစ်ပင်များ ယိမ်းခါသွားလေ၏။

'လာ. . . ယုံကြည်အောင် ရွှေသာလျောင်းဘုရား မှာ သစ္စာသွားပြုကြမယ်၊ အခုလောလောဆယ် မလိုက်နိုင်သေးတာ ကတော့ ဒေါ်ဒေါ်ကြီးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေးတွေ ဆောင် ရွက်ပေးစရာ ရှိနေသေးလို့ပါ အစ်ကိုရယ်' ဟု ဆို၏။



ပြီးလျှင် မောင်ကျော်ထင်လည်း မိန်းမပျိုနှင့်အတူ လိုက် ပါသွားကာ ရွှေသာလျောင်း ရုပ်ပွားတော်ကြီး၏ ခြေရင်းတွင် နှစ်ယောက်သား ထိုက်လျက် လက်အုပ်ချီကာ သစ္စာတိုင်တည်ကြ လေ၏။

ဒေါက်တာထင်ရှားမှာ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိ ရင်း သက်ပြင်းချလျက် ချစ်သူနှစ်ဦးကို စောင့်ကြည့်နေလေ၏။

သစ္စာပြုပြီးသွားသောအခါ မိန်းမပျိုက ၎င်း၏ ပိုက်ဆံအိတ် ထဲမှ တစ်စုံတစ်ရာကို နှိုက်ယူပြီးလျှင် မောင်ကျော်ထင်အား လှမ်း ပေးလိုက်ပြီးနောက် နှုတ်ဆက်၍ လမ်းမဘက်သို့ ထွက်ခွာသွားတော့ သည်။

ထိုအခါ မောင်ကျော်ထင်၏ လက်ထဲ၌ရှိနေသော အရာမှာ အနက်ရောင် မှတ်တမ်းစာအုပ်ကလေးသာ ဖြစ်ကြောင်း ဒေါက်တာ ထင်ရှား သိလိုက်ရလေသည်။

www.burmeseclassic.com



## အခန်း (၂၆)

မောင်ကျော်ထင်သည် တစ်လမ်းလုံးပင် ထိုမှတ်စုကလေးပါ အကြောင်းအရာများကို ကားထဲမှ မီးရောင်ဖြင့်ဖတ်ရှု၍ လိုက်ပါလာခဲ့လေ၏။

ထိုသို့ ဖတ်ရှုလျက်ရှိသည့် မောင်ကျော်ထင်အား ကားမောင်းနေသူ ဒေါက်တာ ထင်ရှားက မကြာခဏ အကဲခတ်ရင်း လမ်းကိုလည်း ဂရုစိုက်၍ မောင်းနှင်နေရရှာ၏။

အချိန်မှာ မှောင်ရီသန်းချိန်လည်းဖြစ်၍ ဆောင်းတွင်းအခါသမယ ဖြစ်သောကြောင့် နှင်းများလည်း ပိတ်ဖုံးနေပြန်ရာ အားကောင်းလှသည့် မီးရောင်ကြောင့်သာ လျှင် မော်တော်ကားကို လိုရာသို့ ဆက်လက် မောင်းနှင်နိုင်ခဲ့ခြင်းဖြစ်၏။

'အစ်ကိုထင်ရှား'

'ဟေ. . . ဘာလဲ ကျော်ထင်'

အလန့်တကြား ခေါ်လိုက်သော မောင်ကျော်ထင်၏အသံကြောင့် ဒေါက်တာထင်ရှားက ဘရိတ်ကို အနည်းငယ်တော့ပြီးလျှင် ကား၏အရှိန်ကို နှေးကွေးစေလျက် မောင်ကျော်ထင်ကို လှမ်းကြည့်လိုက်၏။



ဤတွင် မောင်ကျော်ထင်က မှတ်စု စာအုပ်ကလေးကို ထောင်ပြရင်း. . .

'အိမ်ကျရင် အစ်ကို့ကို နှင်းပွင့်ရဲ့ ဟောဒီစာအုပ်လေး ပေးဖတ်မယ်၊ အစ်ကိုထင်ရှား သဘောကျမှာ သေချာတယ်၊ ပြီးတော့လဲ ကျွန်တော့်အပေါ်မှာ ထိုက်သင့်သလောက် ရှင်းသွားမှာ သေချာတယ်' ဟု ပြော၏။

'ဘာတွေ ပါလို့လဲကွ'

'ဒါတော့ ကိုယ်ဘာသာ ဖတ်ကြည့်ရင် ပိုကောင်းမယ်'

ဟုဆိုကာ စီးကရက်တစ်လိပ်ကို မီးညှိ၍ရှိုက်ဖွာနေလေရာ ဒေါက်တာ ထင်ရှားမှာ ကားကိုသာ ဂရုစိုက်၍ မောင်းနှင်နေရတော့၏။ ထိုအခိုက်မှာပင် နှင်းတို့နောက်ဘက်မှ ထိန်လင်းသော မီးရောင်နှင့်အတူ ကားတစ်စီးက အရှိန်ပြင်းစွာ ကျော်တက်လာသောကြောင့်. . .

'ဟာ. . . ရမ်းလိုက်တာ'

'ရှူး. . . ရှူး'

'ကျွီ. . . ကျွီ. . . အီ. . . အီ'

ဒေါက်တာထင်ရှားက ဘရိတ်ကို နင်းလိုက်ပြီးသည်နှင့် ကားကိုလမ်းဘေးသို့ ဆွဲကပ်လိုက်ရ၏။

'ဒိုင်း. . . ဒိုင်း'

ထိုစဉ်မှာပင် ကျော်တက်သွားသော ကားထဲမှ ကားမောင်းသူက သေနတ်နှင့် လှမ်းပစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပစ်ပြီးသည်နှင့် ကားမှာ လေးညို့မှ လွတ်လိုက်သည့် မြားတစ်စင်းပမာ အရှိန်ပြင်းစွာ ပြေးလွှားသွားပေတော့၏။

ထိုသို့မဖြစ်ပွားမီ ကျော်တက်သွားသော ကားဆီသို့ ဒေါက်တာထင်ရှား လှမ်းကြည့်လိုက်မိသေးလေ၏။ ထိုအခါ ကားမောင်သူသည် အသားညိုမည်းလျက် ဂင်တိုတို ဗလ ကောင်းကောင်း လူတစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရ၏။

'ဟင်. . . ကျော်. . . ကျော်ထင်'

သွေးနတ်ဖြင့် လှမ်းပစ်၍ လျင်မြန်စွာ ထွက်ခွာသွားသော ကားဆီသို့ အာရုံစိုက်နေမိသည့် ဒေါက်တာ ထင်ရှားမှာ ကားနောက်ဘက် ထိုင်ခုံတွင် ထိုင်နေသည့် မောင်ကျော်ထင်ရှိရာသို့ လှမ်းကြည့်လိုက်မိသည်တွင် ခေါင်းနပန်း ကြီးသွားရတော့သည်။

အကြောင်းသော်ကား မောင်ကျော်ထင်သည် ဘယ်လက်မောင်းကို ညာလက်ဖြင့် ဖိ၍ မျက်နှာရှုံ့မဲ့နေခြင်းကြောင့်ပင် ဖြစ်လေ၏။

၎င်း၏ ဆုပ်ကိုင်ထားသော လက်ချောင်းများကြားမှ လည်း သွေးများက မြင်မကောင်းအောင် စီးကျနေလေသည်။

'ဟင်. . . မင်းကျည်ဆန်မှန်သွားပြီ ဟုတ်လား ဖြစ်ရလေကွာ၊ တောက်. . . ဘယ်ကကောင်လဲ မသိဘူး၊ ငါတို့မှာရန်စဆိုတာ မရှိဘဲနဲ့ ဘယ်လိုဖြစ်ရတယ်' ဟု ပြောဆိုရေရွတ်ပြီးလျှင် ကားကို လမ်းဘေး၌ ထိုးရပ်လိုက်၏။

ထို့နောက် မောင်ကျော်ထင်၏ လက်မောင်းမှ ဒဏ်ရာကို



စစ်ဆေး၍ ကြည့်ရှု ကုသပေးရသည်။

'တော်ပါသေးရဲ့ကွာ၊ ကျည်ဆန်က မင်းရဲ့လက်မောင်းကို မဖေါက်ခင် ကားတံခါးကို အရင်ဖောက်ထွင်းရတော့ အရှိန်လျော့သွားတာလဲ တစ်ကြောင်း၊ နောက်အရိုးကို မထိဘဲအသားကိုသာ ထိတာဆိုတော့ စိုးရိမ်စရာ သိပ်မရှိဘူးလို့ ပြောရမှာပေါ့လေ'

'အေးဗျာ အစ်ကိုကျော်ထင်၊ ကျွန်တော်တို့ကို ပစ်သွားတဲ့ ကောင်းဟာ ဘယ်လိုလူလဲ၊ ဘယ်လိုရန်စလဲဆိုတာသိချင်လိုက်တာ' ဟု မောင်ကျော်ထင်က မချင့်မရဲဖြင့် ပြောလိုက်သည်တွင် ဒေါက်တာ ထင်ရှားက. . .

'အေးကွ၊ သူဟာ တော်ရုံတန်ရုံနဲ့တော့ ရာဇဝတ်မှုအဖြစ်မှာ မဟုတ်ဘူး၊ အခုဟာက တို့ကို အသေသတ်တာကွ' ဟု ပြောလိုက်၏။

'ဟုတ်တယ် ဒါနဲ့၊ အဲဒီလူကို အစ်ကို ထင်ရှားသတိပြုလိုက်သလား၊ ကျွန်တော်ကတော့ နှင်းပွင့်ရဲ့ မှတ်စုစာအုပ်ကလေးက အကြောင်းအရာတွေကို စိတ်ဝင်စားနေမိလို့ သတိမထားမိဘူး' ဟု မောင်ကျော်ထင်ကပြော၏။

'အေး. . . သတိပြုလိုက်မိတယ်၊ အဲဒီလူဟာ သာမန်လူတစ်ယောက်ရဲ့အသားထက် ပိုပြီးညိုပြီး၊ ဂင်တိုတို ဗလကောင်းကောင်း လူတစ်ယောက်ဖြစ်တယ် မောင်ကျော်ထင်'

'ဟင်. . . ဒါ. . . ဒါသေချာတယ်နော်'

'သေချာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ ဒုန်လွှင်ကာ မျက်နှာ၌ သွေးရောင်များပင်[illegible] တော့သွားလျက် အမူအရာ ပျက်သွားသော မောင်ကျော်ထင်[illegible] ဒေါက်တာ ထင်ရှားက အံ့ဩစွာ ကြည့်လိုက်ပြီး နောက်. . .

'ဘာဖြစ်လို့လဲ မောင်ကျော်ထင်'

'ဟို. . . ဟိုဒင်း သူဟာ တစ်ခါက ကျွန်တော် အခန်းထဲ ကနေ နှင်းပွင့်ကလေးကို ခေါ်သွားတဲ့ လူများ ဖြစ်နေမလားလို့[illegible] ဗျာ'

'ဟာ. . . ဘာဆိုင်တာမှတ်လို့ကွာ၊ မင်းဥစ္စာက အိပ်မက် ဆန်ဆန်၊ ဒါက တကယ့်အဖြစ်အပျက်ပဲ'

'အား. . . ဒါတော့ မပြောနဲ့ အစ်ကိုထင်ရှား၊ ကဲ. . . ဒါဆို ရင် ကျွန်တော် တစ်ခုပြောမယ်'

'ပြောပါ မောင်ကျော်ထင်' ဟု ဒေါက်တာ ထင်ရှားက ခွင့် ပြုရင်း ဒဏ်ရာဆေးထည့်ပတ်တီးစည်းပြီးဖြစ်သောကြောင့် စိတ်ချ လက်ချ ဖြစ်သွားကာ ကားကိုရန်ကုန်ဘက်သို့ ပြန်လည် မောင်းနှင် ရန်အသင့်ဝင်ထိုင်လိုက်၏။

'ကောင်းပါပြီ ဒီလိုဆိုရင် ကျွန်တော့် အိပ်မက်ထဲက အိပ်မက်ထဲက နှင်းပွင့်ဒေဝီကို အစ်ကိုထင်ရှား အခုလူကိုယ်တိုင် မြင်ခဲ့ရပြီ မဟုတ်လား'

'အိုး. . . ဒါက မင်းတွေ့ဖူးပြီးသား လူတစ်ယောက်ကို စွဲလန်းပြီး မြင်ယောင်နေတာပါကွာ'

ဒေါက်တာ ထင်ရှားမှာ မောင်ကျော်ထင်၏ အမေးကို



အထက်ပါအတိုင်း ဖြေလိုက်လေ၏။

ထို့နောက်. . .

လီဘာကို ဖိနင်း၍ မောင်းနှင်ခဲ့လေတော့၏။

'ဝူး. . . ဝူး'

'ဟား. . . ဟား. . . ဟား. . . ဟား'

မောင်ကျော်ထင်သည် စကားပြန်မပြောနိုင်အောင်ဖြစ် သွားသော ဒေါက်တာထင်ရှားကို လှောင်ပြောင်သည့် အနေနှင့် တက်ဟက်ပက်ပက် ရယ်မောရင်း လိုက်ပါလာခဲ့သည်။

'ရယ်. . . ရယ်. . . မင်းကတော့ ရယ်နိုင်မှာပေါ့၊ ငါ့မှာ မင်းနဲ့ သူငယ်ချင်းဖြစ်ရတာ မကြာခင် အရူးဖြစ်ရမလား၊ မသာဖြစ် ရမလားဆိုတာပဲ စဉ်းစားနေရတာ' ဟု ဒေါက်တာ ထင်ရှားက ကလေးဆိုးကြီး တစ်ဦးကဲ့သို့ နှုတ်ခမ်းစူ၍ ပြောလိုက်လေ၏။

'အို. . . ဟား. . . ဟား. . . ဟား. . . ဟား'

မောင်ကျော်ထင်က ဒေါက်တာထင်ရှား၏ အပြောနှင့် အမူအယာကို သဘောကျသွားပြန်ကာ ဆက်လက်၍ရယ်မော နေရာ ကားလမ်းတစ်လျှောက် သူ၏ရယ်သံမှာ လွင့်ပျံ့၍ ကျန်ရစ် ခဲ့တော့၏။ သို့သော် ရယ်နေဆဲမှာပင် မောင်ကျော်ထင်၏ ရယ်သံ[illegible] တန့်ရပ်သွားသဖြင့် ဒေါက်တာထင်ရှားက ကားမှန်ထဲမှ [illegible] လှမ်းကြည့်လိုက်ရာ. . .

မောင်ကျော်ထင်သည် ၎င်း၏နံဘေး ကပ်ထိုင်ခုံပေါ်တွင် သွေးစွန်းလျက် ငြိမ်သက်စွာ ရှိနေသည့် အနက်ရောင်မှတ်စုစာအုပ်

www.burmeseclassic.com



ကလေးအား မမိုတ်မသုန် ကြည့်ရှုလျက်ရှိသည်ကို တွေ့မြင်လိုက်ရပေလေ၏။

❖❖❖❖❖

## အခန်း (၂၅)

အိမ်သို့ပြန်ရောက်သည်နှင့် မိဘနှစ်ပါးအား အကျိုးအကြောင်းသင့်ရုံပြောပြ၍ စိတ်အေးစေပြီးလျှင် ဒေါက်တာထင်ရှားသည် သူငယ်ချင်းဖြစ်သူ မောင်ကျော်ထင်၏ ဒဏ်ရာကို သေချာစွာ စစ်ဆေး၍ ကုသပြန်၏။

'တော်သေးတာပေါ့ကွာ၊ ငါ့ရဲ့ဆေးသေတ္တာကလဲ အဆင်သင့် ပါလာတော့ ပိုပြီး အဆင်ပြေသွားတာပေါ့၊ စိုးရိမ်စရာ မရှိနိုင်ပါဘူးကွာ' ဟု အားပေး၏။

မောင်ကျော်ထင်မှာမူ ဒဏ်ရာ၏ နာကျင်မှုကို အလျှင်းမမှု စိုက်ဟန် မပြုဘဲလျက် အိမ်ခန်း၏ မျက်နှာကျက်သို့ စိုက်ကြည့်ရင်း



တစ်ခါတရံ ပြုံးရယ်နေသကဲ့သို့ တစ်ခါတစ်ရံ၌လည်း ကြောက်ရွံ့ထိတ်လန့်စွာဖြစ်ကာ မျက်လုံးပြူးလျက် ရှိနေတတ်လေ၏။

'မင်း နေကောင်းပါတယ်နော်'

'ကောင်းပါတယ် အစ်ကိုထင်ရှား'

အကယ်စင်စစ် ဒေါက်တာထင်ရှားအနေဖြင့် ဒဏ်ရာအရှိန်ဖြင့် မောင်ကျော်ထင်တစ်ယောက် အဖျားရှိ မရှိ တိုင်းတာပြီးဖြစ်သော်လည်း မောင်ကျော်ထင်၏ စိတ်များ မူလအတိုင်း ရှိနေစေရန် နှိုးဆော်လိုက်ခြင်း ဖြစ်သည်။

သို့သော် မောင်ကျော်ထင်က ဒေါက်တာထင်ရှားအား တည်ငြိမ်စွာ စူးစိုက်ကြည့်လိုက်ပြီးနောက်. . .

'အစ်ကို ထင်ရှား'

'ဟေး. . . ဘာလဲ ကျော်ထင်'

'သွားအိပ်ပါတော့၊ အစ်ကိုထင်ရှားလဲ ခရီးသွားလို့ ပင်ပန်းလှပါပြီ' ဟုဆို၏။

'ရပါတယ်ကွာ၊ ငါမအိပ်ချင်သေးပါဘူး' ဟု ဒေါက်တာထင်ရှား ပြောသည်။ ထိုအခါ မောင်ကျော်ထင်က. . .

'အစ်ကိုထင်ရှားဟာ ကျွန်တော့်ရဲ့ သူငယ်ချင်း ဆိုပေမယ့် အသက်သုံးဆယ်လောက်၊ ပြီးတော့ ကျွန်တော်ကအစ်ကိုလိုတင်မြှောက် သူငယ်ချင်းလိုတစ်သွယ် ချစ်ခဲ့တယ်နော်' ဟု ပြော၏။

'အဲဒါ ဘာဖြစ်လဲကွ'

'ဪ. . . ဟိုလေ၊ အစ်ကိုထင်ရှားကလဲ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ညီငယ်တစ်ယောက်လို ချစ်ခင်ပြီး အစစအရာရာဂရုစိုက်တာကို သိနေလို့ပါ'

'ဒေါက်တာထင်ရှားက ဘာပြောရမှန်း မသိသောကြောင့် ငြိမ်သက်စွာ နေလိုက်သည်တွင် မောင်ကျော်ထင်က ဆက်လက်၍. . .

'အခုလို ကျွန်တော် စိတ်တွေမှုမမှန်သလို ဖြစ်နေတဲ့ လက္ခဏာတွေ့ရတော့ အစ်ကိုထင်ရှားသာမက မိဘတွေဖြစ်တဲ့ အန်ကယ်နဲ့ အန်တီတို့လဲ အတော်ကို စိုးရိမ်သောက ရောက်ရှာမယ်နော်' ဟု ပြောပြန်၏။

'အိုး. . . ဒါကတော့ မင်းအသိပဲ ကျော်ထင်၊ သူတို့မှာ ငါ တစ်ယောက်သာ တစ်ဦးတည်းသောသားအဖြစ် မွေးဖွားတာကို။ မင်းလိုပေါ့ကွာ'

'အင်. . . အင်း'

'နောက်ပြီး မင်းမိဘတွေနဲ့ ငါ့မိဘတွေဟာ တစ်ချိန်က အလွန်ခင်မင်ကြတဲ့မိတ်ဆွေတွေလဲဖြစ်ကြတော့ မေမေနဲ့မေမေ တို့ဟာ မင်းကိုသားအရင်းလို ချစ်ကြတာ မင်းအသိပဲ မဟုတ်လား ကျော်ထင်'

ထိုအခါ ကျော်ထင်က ခေါင်းညိတ်၍. . .

'မှန်ပါတယ်၊ ဒါကြောင့် ကျွန်တော် ဖြစ်နေရတဲ့အကြောင်းစုံကို သိရအောင် ဟောဒီစာအုပ်ကလေး ပေးဖတ်မလို့ပါ'

'ဪ'



'အစ်ကိုထင်ရှား သေသေချာချာ ဖတ်ကြည့်ပါ၊ အဲဒီအခါကျရင် ကျွန်တော် မရူးဘူးဆိုတာ သိလာပါလိမ့်မယ်'

ဟု မောင်ကျော်ထင်က ဆိုပြန်၏။

'ဖတ်ကြည့်ပါ့မယ်လေ'

'ဒီစာအုပ်ကို မဖတ်ခင် အစ်ကိုထင်ရှားကို တစ်ခုပြောပြချင်ပါတယ်'

'ပြောပါ ကျော်ထင်'

'ကျွန်တော်ဟာ အစ်ကိုထင်ရှားနဲ့ ငယ်ငယ်လေးထဲက နေလာတဲ့ ငယ်ပေါင်း သူငယ်ချင်းတစ်ယောက် ဟုတ်တယ်နော်'

'ဟုတ်ပါတယ်'

'ကျွန်တော်ဟာ ငယ်စဉ်က ဒီလိုအမှုအရာမျိုး၊ ဒီလိုအဖြစ်မျိုး ဖြစ်ဖူးသလား'

'ဟင့်အင်း. . . မဖြစ်ပါဘူး' ဟု ဒေါက်တာ ထင်ရှားက ဝန်ခံလိုက်သည်တွင် မောင်ကျော်ထင်က. . .

'ကျွန်တော် ဖြစ်တာက မြန်မာပြည်အနှံ့ ဘုရားဖူးဖို့ ထွက်အလာမှာ မန္တလေးရထားပေါ် ရောက်တော့ နှင်းပွင့်ဝေဝီခေါ် သူဇာလေးနဲ့ ဆုံတွေ့ရပုံကို ပြောပြပြီး ပြီနော် ဟုတ်လား'

'ဟုတ်ပါတယ်'

'အဲ သူဇာတို့ သူ့မိဘတွေရဲ့ အသုဘကိစ္စသွားရောက်ဆောင်ရွက်နေစဉ်မှာ ကျွန်တော်လဲ ပုဂံညောင်ဦးဘက်က ဘုရားတွေကို သွားရောက်ဖူးမြော်ပြန်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . အင်း'

'အဲဒီလို ပုဂံဘုရားအနှံ့ ဖူးမြော်နေတုန်း၊ တစ်နေ့မှာကျွန်တော်ဟာ ရွှေစည်းခုံစေတီဘက်ကို ရောက်သွားခဲ့တယ်'

ဒေါက်တာ ထင်ရှားမှာ မောင်ကျော်ထင် ပြောပြမည့်ကိစ္စမှာ လွန်စွာစိတ်ဝင်စားစရာ ဖြစ်လိမ့်မည်ဟု သိနားလည်မိသည့်အတွက် ခံတွင်းချဉ်လှသော်လည်း စီးကရက်ကို ထုတ်မသောက်မိပဲ ငြိမ်သက်စွာသာ နားထောင်နေရရှာလေ၏။

ထို့နောက် မောင်ကျော်ထင်က. . .

'ကျွန်တော် ဘုရားဝတ်ပြုနေစဉ်မှာ အဝေးကကြေးစည်သံလို သာယာနာပျော်ဖွယ် အသံတစ်သံ ကြားလိုက်ရတယ် အစ်ကို'

'အင်း. . . အင်း'

'ဒါကလဲ အမှတ်မထင်ပါ၊ အဲ ဒါပေမယ့် ဘုရားက ကျွန်တော်ပြန်အထွက်မှာ ကရမက်လိုလို အမွေးနံ့တစ်မျိုးဟာ ကျွန်တော့်နောက်မှာ ဝေ့ပျံ့လိုက်ပါလာသလို ထင်မှတ်ရတယ်'

၎င်းတွင် ဒေါက်တာ ထင်ရှားက. . .

'အချိန်ကရောကွ' ဟု မေးလိုက်၏။

'အချိန်ကတော့ နေ့လယ်ခင်းပါ၊ ဒါပေမယ့် ကောင်းထင်မှာ မိုးသားတွေ တက်နေတော့ ခပ်မှိုင်းမှိုင်းလို့ဆိုရမှာပဲ'

ဟု မောင်ကျော်ထင်က တိကျစွာ ပြောလေ၏။

'ဆက်ပြောပါ ကျော်ထင်'



'အင်း. . . ကျွန်တော်လဲ မနီးမဝေးမှာ ရှိနေတဲ့ ကြေးသွန်းခေါင်းလောင်းတစ်ခုဆီ တီးခတ်ဖို့ ရောက်သွားခဲ့တယ်'

'အင်း'

'အဲဒီအချိန်မှာ လူအတော် ရှင်းနေတာကလား၊ အနီးအနားတစ်ဝိုက်မှာ လူသူဆိုလို့ တစ်စုံတစ်ရာ ရှိမနေပါဘူး၊ ဒါကို ဘုရားရှိမခိုးခင် ကတည်းက ကျွန်တော် သတိပြုမိပြီးသား ဖြစ်နေတယ် ဆိုရမယ်'

'ဟုတ်ပြီ ဒီတော့'

မောင်ကျော်ထင် ခံတွင်းချဉ်လာသောကြောင့် ၎င်း၏ခေါင်းအုံးအောက်မှ စီးကရက်ဘူးကို ထုတ်ယူကာ တစ်လိပ်နိုက်၍ မီးညှိသောက်ခွင့်ရလေ၏။

ပြီးမှ မောင်ကျော်ထင်က. . .

'ကျွန်တော်က ကြေးသွန်းခေါင်းလောင်းကို တီးခတ်မယ်ဆိုတဲ့ စိတ်နဲ့ ရောက်သွားခဲ့တာ အစ်ကိုထင်ရှား၊ ဒါပေမယ့် ကြေးသွန်းခေါင်းလောင်းဟာ တစ်စုံတစ်ယောက် တီးခတ်သွားသလိုမျိုး တုန်ခါနေတယ်'

'ဟင်. . . တစ်ယောက်ယောက် တီးခတ်သွားတာ အမှန်ပဲပေါ့' ဟု ဒေါက်တာထင်ရှားက မေးလိုက်သည်။

'တစ်ယောက်ယောက် တီးခတ်သွားတာတော့ နေပါတယ်ဗျာ၊ သို့ပေမယ့် အဲဒီတစ်ယောက်ယောက်ဆိုတာ ကျွန်တော့် ပတ်ဝန်းကျင်မှာ ရှိမနေတာ အမှန်ပဲ အစကို'

www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . တစ်မျိုးတော့ တစ်မျိုးပဲ'

မောင်ကျော်ထင်က ခေါင်းညိတ်၍ စီးကရက်တစ်လိပ် ဖွာရှိုက်လိုက်၏။ ပြီးမှ. . .

'ကျွန်တော့် စိတ်ထဲမှာ အဲဒီအချိန်က ဘာတစ်ခုမှ ထူးထူးခြားခြား မခံစားလိုက်မိရပါဘူး၊ ခေါင်းလောင်းကို စိတ်အေးလက်အေးတီးခတ်ပြီး ဘုရားဘုရားဘက်ကို ဆက်လက်လျှောက်သွားခဲ့တယ်'

'အင်း. . . အင်း'

'အဲဒီမှာ လေလဲမတိုက်ပါပဲနဲ့၊ ကျွန်တော် အဝတ်စတွေ တစ်ဖျပ်ဖျပ်လှုပ်ခါသွားတာ တွေ့ရတယ်'

'ဟင်. . . အဲဒါဘာသဘောလဲ'

'ပြောရရင်တော့ လူတစ်စုံတစ်ယောက်ဟာ နောက်ဘက်ကနေ လိုက်လာပြီး ကျွန်တော်နဲ့ ရင်ဘောင်တန်း လိုက်ပါလာလို့ပေါ့'

'ဟာ'

မောင်ကျော်ထင်၏ အပြောကြောင့် လောကဓာတ်ပညာတတ် ဆရာဝန်တစ်ယောက်ပင် ဖြစ်လင့်ကစား ဒေါက်တာထင်ရှားမှာ ခေါင်းနပန်း ကြီးသွားရတော့သည်။

မောင်ကျော်ထင်က တိုသွားပြီးဖြစ်သည့် စီးကရက်တို နောက်ဆုံးအကြိမ် ရှိုက်ဖွာပြီးသည်နှင့် ပြာခံခွက်ထဲသို့ ထိုးချေလိုက်ပြီးမှ. . .

'အမှန်ပြောရရင် တခြားလူတစ်ယောက် အဲဒီလို အဖြစ်မျိုးကြုံခဲ့ရရင် အနည်းနဲ့အများတော့ ကြောက်စိတ်ဝင်မှာပဲ မဟုတ်



လား'

'ဟုတ်တာပေါ့ကွာ' ဟု ဒေါက်တာ ထင်ရှားက ဝန်ခံလိုက်သည့်အတွက် မောင်ကျော်ထင်က. . .

'ဒါပေမယ့် ကျွန်တော်ကတော့ အဲဒီအချိန်မှာ ကြောက်လန့်ဖို့ဝေးလို့ ပြောပြမရနိုင်တဲ့ ကြည်နူးသာယာမှုတစ်မျိုးကို ခံစားနေရတယ် အစ်ကို ထင်ရှား'

'တစ်မျိုးပါလား ကျော်ထင်'

'ကျွန်တော် ဆက်ပြောဦးမယ်၊ ဒီလိုနဲ့ ကျွန်တော်လဲ ဘုရားဘုရားဘက်ကို ရောက်အလာမှာ ဘုရားကို အာရုံပြုနေတဲ့ ယောဂီပုဂ္ဂိုလ်ကြီးတစ်ဦးကို နောက်ကျောဘက်က တွေ့မြင်လိုက်ရတယ်'

'စိတ်ဝင်စားစရာ ဖြစ်ပြန်ပြီပေါ့နော်'

စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်ရှာသည့်အတွက် ဒေါက်တာ ထင်ရှားက ပြောလိုက်ခြင်းဖြစ်၏။

ထို့အတွက် မောင်ကျော်ထင်က ဆက်လက် ပြောပြန်လေ၏။

'ကျွန်တော်က အဲဒီပုဂ္ဂိုလ်ကြီးနဲ့ အနောက်ဘက်ကျကျ ခပ်ယွန်းယွန်းကနေ ဘုရားအာရုံပြုပြီးတဲ့အခါ မျက်စိဖွင့်ကြည့်တော့. . .

'ဘာမြင်ရသလဲ ကျော်ထင်'

'ဟဲ့. . . ဟဲ. . . ဟဲ. . . ဖြည်းဖြည်းပေါ့ အစ်ကို ထင်ရှား'

www.burmeseclassic.com



ဟု မောင်ကျော်ထင်က နောက်လိုက်၏။

'သိချင်နေပြီကွ၊ မြန်မြန်လေးပြောမှပေါ့' ဟု ဒေါက်တာထင်ရှားက လောဆော်လိုက်၏။

'အဲဒီ ယောဂီပုဂ္ဂိုလ်ကြီးက ကျွန်တော့်ဘက် လှည့်ကြည့်ပြီး ပြုံးပြလို့. . .

'သားကြီး. . . သားလို့ ခေါ်လိုက်တယ်'

'ဟင်'

'သူက အဲဒီလိုခေါ်လိုက်တဲ့အချိန်မှာ ကျွန်တော့်ရင်ထဲမှာ ချမ်းမြေ့မှုတစ်မျိုး ကိန်းအောင်းရောက်ရှိလာသလို အလိုအလိုအား ရှိသွားတယ် အစ်ကိုထင်ရှား'

'ဟုတ်ပြီ၊ ဆက်ပြောပါဦး'

'ကျွန်တော် ဒီလိုပြောတော့ လောကဓာတ် သိပ္ပံသမား ဖြစ်တဲ့ အစ်ကိုထင်ရှားက ကျွန်တော့်ကို အထင်မသေးဘူးလား' ဟု မောင်ကျော်ထင်က မေးလိုက်၏။

'မထင်ပါဘူးကွာ၊ ဘာဖြစ်လို့လဲဆိုရင် မင်းကိုယ်တိုင်က လောကဓာတ်သိပ္ပံသမားတစ်ယောက်ပဲ မဟုတ်ပါလား'

'အင်း'

'ဒါကြောင့် မင်းဟာ ငါတို့မသိနိုင်တဲ့ နက်နဲမှုတစ်ခုအပေါ်မှာ အခြေခံပြီး ယုံကြည်တယ်ဆိုတာ ငါတွေးမိပါတယ်' ဟု ဒေါက်တာထင်ရှားက ပြောလိုက်လေ၏။

ထိုအခါ မောင်ကျော်ထင်က ခေါင်းညိတ်၍. . .



'ဒီနောက် ယောဂီပုဂ္ဂိုလ်ကြီးက ကျွန်တော်ထိုင်နေတဲ့ [illegible]ဘားဘက်ကိုကြည့်ပြီး. . .

'သမီးတော်ခမျာလဲ တော်တော်ကို သံယောဇဉ်ကြီးပါလား၊ [illegible]အားလေ. . . ဒီအတိုင်းတော့ မဖြစ်စေရပါဘူး၊ ဘာဘနေနဲ့ ကြံဆပြီး [illegible]မင်းတို့နှစ်ဦး တွေ့ဆုံပေါင်းသင်းနိုင်ဖို့ အစွမ်းကုန်ကြိုးစားကြည့်ပါဦးမယ်လို့ ပြောလိုက်တယ် အစ်ကိုထင်ရှား'

'ဟာ. . . ဘာလဲ ကျော်ထင်၊ မင်းရဲ့နံဘေးမှာ လူရှိနေလို့ အဲဒီ ယောဂီပုဂ္ဂိုလ်ကြီးက ပြောတာလားကွ' ဟု ဒေါက်တာထင်ရှားက မရှင်းသောကြောင့် မေးလိုက်လေ၏။

မောင်ကျော်ထင်က ခေါင်းခါပြပြီးနောက်. . . .

'မရှိပါဘူး၊ ဒါပေမယ့် အဲဒီအချိန်မှာ တရမက်ရနံ့ဟာ [illegible]ထောင်းခနဲ့ထအောင် မွှေးကြိုင်သွားတာ သတိပြုလိုက်မိတယ်'

'အင်း. . . ပြောပါဦးကွာ'

ခဏနေတော့ ယောဂီပုဂ္ဂိုလ်ကြီးဟာ တစ်စုံတစ်ယောက် [illegible]ပြောကြားမှုကို နားစွင့်နေဟန်ပြုပြီးမှ. . .

'ကောင်းပြီလေ၊ လူတစ်ဖက်သားကို ဒုက္ခမဖြစ်စေဘူးဆို[illegible]တော့ ဘာဘခွင့်ပြုပါတယ်၊ ဒါပေမယ့် ဘယ်လိုပဲ အကြောင်းကံ[illegible]ဆည်းဖို့ ကြိုးစားသည်ဖြစ်စေ ဒီဘဝမှာတော့ အရှည်ပေါင်းကြရ[illegible] မဖြစ်နိုင်ဘူး သမီးရယ်လို့ ယောဂီကြီးက စိတ်မချမ်းမြေ့ဟန်[illegible] [illegible]ပြောလိုက်ပြန်တယ်'

'ထူဆန်းလိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်ထင်က ထိုခဏ၌ မျက်စိမှိတ်၍ တစ်စုံတစ်ဦးအား မျှော်မှန်းကြည့်သကဲ့သို့ ကြည့်နေလိုက်ပြီးလျှင် ခေတ္တအကြာ၌ မျက်စိများကို ပြန်လည်ဖွင့်ကာ. . .

'အဲဒီ ယောဂီဘဘရဲ့ ရုပ်ပုံလွှာဟာ ကျွန်တော့်မျက်ဝန်းထဲက ဘယ်အခါမှ မထွက်အောင် ရှိနေတယ်ဆိုရင် ယုံမလား အစ်ကိုထင်ရှား'

ဒေါက်တာထင်ရှားက ပြန်ပြောရန် စကားလုံးရွေးနေစဉ် အခိုက်မှာပင် မောင်ကျော်ထင်က အလေးမထားဟန်ဖြင့် သူ့စကားကို ဆက်ပြောပြန်တော့သည်။

'တိုတိုပြောရရင်ဗျာ၊ အဲဒီမှာ ကျွန်တော်နဲ့ ယောဂီဘဘတို့ နာမ်လောကဆိုင်ရာ လက်ရှိရုပ်ဖြစ်နဲ့ ဘဝဆက်ဝိညာဉ်ပိုင်း စိတ်တစ်ခုနဲ့တစ်ခု ကူးလူးဆက်သွယ်ခြင်း၊ မမြင်နိုင်သော တန်ခိုး ဣဒ္ဓိပါဒ် အတတ်မျိုးစုံအကြောင်းတွေကို ဆွေးနွေးကြတယ်'

'တော်တော်စုံသားပါလား၊ အဲဒါတွေကို မင်းက လိုက်နိုင်အောင် ဆွေးနွေးတတ်လို့အား ကျော်ထင်'

'အဲ. . . အမှန်ဝန်ခံရရင် အစကတော့ မရှိဘူး အစ်ကိုထင်ရှား၊ အဲဒီ ယောဂီဘဘနဲ့ ဆွေးနွေးတဲ့အခါကျတော့ ဘယ်လိုကဘယ်လို ဆွေးနွေးမိမှန်း မသိဘူး'

'ဟင်'

'ဟုတ်တယ်၊ ကျွန်တော့်ကိုယ် ကျွန်တော်တောင် တော်တော် အံ့ဩမိသွားတယ်၊ တကယ်ပါပဲ'



'ငါတော့ တော်တော် အံ့ဩမိပြီကွာ' ဟု ဒေါက်တာထင်ရှားက ဝန်ခံလေ၏။

'မောင်ကျော်ထင်က ပြုံးလိုက်ပြီးလျှင်. . .

'နောက်တစ်ခု အံ့ဩစရာပြောပြဖို့ ကျန်သေးတယ် အစ်ကိုထင်ရှား' ဟု ဆို၏။

'ပြောစမ်းပါဦးကွ'

'ကျွန်တော်ဟာ အဲဒီနေ့ကစပြီး အိပ်မက်ထဲမှာရော စိတ်အမြင်မှာပါ နှင်းပွင့်ဒေဝီရဲ့ ရုပ်ပုံလွှာနဲ့ လှပ်ရှားမှုကို စတင်ခံစားရတော့တာပါပဲ'

'ရို့ နေစမ်းပါဦး ကျော်ထင်၊ မင်းရဲ့ ယောဂီဘဘက ဘာတွေကိုများ ပြောသေးသလဲကွ၊ ဆိုစမ်းပါဦး' ဟု ဒေါက်တာထင်ရှားက မေးလိုက်၏။

'ဒါတွေတော့ အသေးစိတ် မပြောပါရစေနဲ့တော့၊ ဒါပေမယ့် ကျွန်တော့်အတွက် သေလောက်တဲ့ အန္တရာယ်ဆိုတာ မကျရောက်စေနိုင်ပါဘူး၊ ဒါပေမယ့် ရှုမတတ်တော့ ခံစားရမယ်လို့ ယောဂီဘဘက ပြောတယ်'

'ဘယ်လိုပါလိမ့်'

'အဲဒီယောဂီဘဘကလဲ ဗုဒ္ဓဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်၊ တန်ခိုးတော်အနန္တ စသည်တို့ကို မမေ့မလျော့ ယုံကြည်စေလိုကြောင်း ထပ်မံ သတိပေးတယ်'

'အင်း. . . အင်း'

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး ပြောသေးတယ်၊ မမြင်အပ်တဲ့ အရာတစ်ခုကို တွေ့ရှိရတဲ့အခါမှာ အယူသည်းသူတွေ အဖို့တော့ နိမိတ်လို့ သတ်မှတ်မှာ ဖြစ်တယ်တဲ့'

'ဒါ ဟုတ်တာပေါ့'

'ဒါပေမယ့် တရားဓမ္မ အကြောင်းအရာနဲ့ပြောရရင် နိစ္စနဲ့ အနိစ္စကြားမှာ ရွေ့လျားနေတဲ့ အရာတွေကို အကြောင်းအားလျော်စွာ တွေ့မြင်ရခြင်းလို့ ဆိုပြန်တယ်'

'ဆန်းသားပဲ'

ထို့နောက် မောင်ကျော်ထင်က ဆက်လက်၍ ပြောပြပြန်သည်မှာ. . .

'ကျွန်တော်ဟာ ဘုရားဘုရားက ပြန်ထွက်တော့ ကောင်းကင်မှာ ဆည်းဆာရောင်တောင် တောက်နေပြီး၊ ယောဂီဘဘရဲ့ အဆိုအရတော့ ကျွန်တော်ဟာ တစ်နေ့မှာ မူလနေရာ ဒေသတစ်ခုမှ အချိန်ခိုသော အရာကို နှောင့်နှေးအောင်ထူးဆန်းတဲ့ အတတ်ပညာနဲ့ ဖန်တီးပြီး စောင့်ဆိုင်းနေသူတွေနဲ့ မုချမသွေ တွေ့ရလိမ့်မယ်ဆိုတာပါပဲ'

'အလို ဒါက ဘယ်လိုပါလိမ့်'

'ကျွန်တော်လဲ ရှင်းမပြတတ်ဘူး အစ်ကိုထင်ရှား၊ ကျွန်တော် ရှင်းပြနိုင်တာ တစ်ခုကတော့ မန္တလေး မီးရထားပေါ်မှာ အမှတ်မထင်တွေ့ဆုံခဲ့ရတဲ့ သူဇာနွယ်ဆိုတဲ့ မိန်းကလေးဟာ ဘုရားဘုရားက ပြန်အလာမှာ ကျွန်တော် နှလုံးသားထဲကို ဒုတ်ဒုတ်ထိ ဝင်ရောက်



လာအောင် ခံစားလိုက်ရတာ အခုအထိ ဆိုပါတော့လေ၊ ဒါပေမယ့် မကြာမီ ကျွန်တော်တို့ ပျော်ကြရတော့မှာပါ'

'ဘုရားရေ'

ဒေါက်တာ ထင်ရှားမှာ ထိုသို့ ရေရွတ်နိုင်လျက် ညဉ့်အတန်ငယ် နက်လှပြီဖြစ်ရာ မောင်ကျော်ထင်ကို နှုတ်ဆက်လျက် မောင်ကျော်ထင်ပေးသော စာအုပ်အနက်ကလေးကို ယူဆောင်တာ သူ၏အခန်းသို့ ထွက်သွားလေ၏။

❖❖❖❖❖

## အခန်း (၂၀)

ဒေါက်တာ ထင်ရှားမှာ အိပ်မပျော်နိုင်သေးသည့်အလျောက် ၎င်း၏အခန်းတွင်း၌ ဒရင်းဘက်ပေါ်တွင် မှိုထိုင်ရင်း မနှင်းပွင့်ခေါ် သူဇာနွယ်၏ မှတ်စုစာအုပ်ကလေးကို ဖတ်ရှုနေပေ၏။

မှတ်စုထဲ၌ နှင်းပွင့်တောင်တန်ကြီးကို မကြာခဏမျက်စိထဲမြင်တွေ့နေရသောကြောင့် လွန်စွာလွန်းဆွတ်မိကြောင်း၊ အချိန်များ

www.burmeseclassic.com

www.burmeseclassic.com



ကို အလျှင်အမြန်ကုန်ဆုံးစေချင်ကြောင်း၊ အတိတ်တို့သည် သူမ၏ နှလုံးသားကို အစဉ်အမြဲ လာရောက်နှောင့်ယှက်နေကြောင်းအဖြင့် မောင်ကျော်ထင်အား တွေ့မြင်ကတည်းက ရာသက်ပန်ချစ်သူအဖြစ် ရည်ရွယ်ပြီးဖြစ်ကြောင်း၊ မည်သည့်အခက်အခဲ အကြောင်းတရားများ ရှိနေစေကာမူ သူမတို့ချစ်သူနှစ်ဦးသည် တစ်နေ့တွင် အမှန်တကယ်လက်ထပ်ပေါင်းသင်း ကြရမည်ဟု ယုံကြည်ကြောင်းများ ရေးသားထားလေ၏။

အထက်ပါ စာတန်းများ၏ ထူးခြားလှသည့် အကြောင်းအရာနှင့် အဓိပ္ပာယ်ဖော်ဆောင်ချက်များမှာ ရှင်းရှင်းလေးနှင့် လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလွန်းလှရကား ဒေါက်တာ ထင်ရှားမှာ စာရွက်များကို တစ်ရွက်ပြီးတစ်ရွက်လှန်လှော ဖတ်ရှုနေမိတော့သည်။

ဒေါက်တာ ထင်ရှားတ ခေတ္တရပ်နားရင်း စီးကရက် တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်၏။

ပြီးမှ စာမျက်နှာ တစ်ရွက်ကို ဆက်လက် ဖတ်ရှုပြန်ရာ ထိုစာမျက်နှာတွင်စာများ လုံးဝ ရေးထားခြင်း မရှိဘဲ ပန်းချီဆွဲထားသည့် လူရုပ်ပုံ တစ်ပုံကပ်ထားကြောင်း တွေ့ရလေ၏။

'ဟိုက်'

ဒေါက်တာ ထင်ရှား တစ်ယောက် ထိုရုပ်ပုံကိုကြည့်ကာ အံ့ဩလွန်း၍ အာမေဋိတ်သံ ထွက်သွားရပေ၏။

အကြောင်းသော်ကား . . .



ယင်းပုံမှာ မင်းညီမင်းသား အဝတ်အစားများ ဝတ်ဆင်ထားသည်မှအပ မျက်နှာကျပုံမှာ ၎င်း၏သူငယ်ချင်း မောင်ကျော်ထင်နှင့် အတန်တူနေခြင်းကြောင့်ပင် ဖြစ်လေသတည်း။

ထိုပန်းချီပုံ၏ အောက်ဘက်တွင် 'ကိုဝေ၏ပုံ ရေးဆွဲသူ သူဇာနွယ်' ဟု ရေးထိုးထားသည်ကို တွေ့ရလေ၏။

'အင်း . . . တယ်လဲ ဆန်းပါလား'

ဒေါက်တာ ထင်ရှားက အထက်ပါအတိုင်း ရေရွတ်ပြီး သကာလ တိုသွားပြီဖြစ်သည့် စီးကရက်ကို အီတာလျံကျောက်သားဖြင့် ပြုလုပ်ထားသော ဆေးလိပ်ခွက်တွင် ခြေလိုက်တော့သည်။

ထို့နောက် မောင်ကျော်ထင်၏ အခန်းဘက်သို့ အသံပလံများ ထွက်ပေါ်လာခြင်း ရှိမရှိ နားစွင့်နေလိုက်၏။

သို့ပါသော် မောင်ကျော်ထင်၏ ခပ်မှန်မှန် အသက်ရှူသံတိုသာ သဲ့သဲ့မျှ ကြားရသဖြင့် ခေါင်းညိတ်၍ သက်ပြင်း ချလိုက်မိသည်။

ပြီးလျှင် သူဇာနွယ်ရေးသားထားသော မှတ်စုပါ အကြောင်းအရာများကို ပြန်လည်တွေးတောနေလိုက်မိ၏။

မှတ်စုပါ အကြောင်းအရာများမှာ ဒေါက်တာ ထင်ရှားအတွက် အထူးအဆန်းချည့်လိုလို ဖြစ်နေလေရာ ဆက်လက် ဖတ်ရှုပြန်လေတော၏။

ထိုအခါ ယခုဖတ်ရှုရသည့် စာမျက်နှာ၌ ဆိုးရွားလှသည့် မိတာများ၏ ကံကြမ္မာအကြောင်းကို ကြေကွဲဖွယ်ရေးသားထားသည်

www.burmeseclassic.com



ကို တွေ့ရပြန်သောအခါ ဒေါက်တာထင်ရှားမှာ သူဇာနွယ်နှင့် ထပ်တူနီးပါးမျှ ကြေကွဲခြင်း ဖြစ်မိရလေ၏။

ဒေါက်တာ ထင်ရှားက နောက်ထပ် စာရွက် တစ်ရွက် ကို ထပ်မံ လှန်လှော လိုက်ရာ လက်ချော်သွား၏။

'ဖုတ်'

ထိုအခိုက်မှာပင် မှတ်စုစာအုပ်လေးမှာ ဒေါက်တာ ထင်ရှား၏ လက်မှ လွတ်ကျသွားပြီးနောက် ဒရင်းဘက်၏ အောက်ခြေတွင် ကျရောက်သွားတော့၏။

'ဟာ'

ဒေါက်တာထင်ရှားက လှမ်းကောက်ရန် ပြင်လိုက်သော အခါ ပဲခူးမှ အပြန်လမ်းတွင် ကားပေါ်မှ အမည်မသိသူတစ်ဦး၏ ပစ်ခတ်မှုကြောင့် မောင်ကျော်ထင် လက်မောင်းမှ ထွက်ကျသွားသော သွေးကွက်အချို့ကို လှမ်းတွေ့ရသည်ကြောင့် အံ့သြသွားခြင်း ဖြစ်ပေ၏။

သွေးစများမှာ ခြောက်သွေ့လျက်ရှိနေပြီဖြစ်လေ၏။

ထိုသို့ဖြစ်ရခြင်းမှာလည်း ဒေါက်တာ ထင်ရှားမှာ မောင် ကျော်ထင်၏ ဒဏ်ရာကိုသာ ဂရုစိုက်နေခြင်းဖြစ်သကဲ့သို့. . .

မောင်ကျော်ထင်ကလည်း မေနှင်းပွင့်ဟူသည့် မိန်းမပျိုနှင့် ပြန်လည်ဆုံဆည်းရခြင်းအတွက် ပီတိဖြစ်ကာ တွေးတောနေလေ သောကြောင့် အဝတ်စုတ်နှင့် သုတ်သင်ခြင်း မပြုနိုင်ခဲ့ခြင်းပင်။

သို့သော် အနီဒွာရုံ စာမျက်နှာအရောက်တွင်မှ လက်ထဲမှ



မှတ်စုစာအုပ် လွတ်ကျသွားရခြင်းကို ဒေါက်တာ ထင်ရှားတစ်ယောက် ဘဝင်မကျနိုင်အောင် ဖြစ်သွားရသည်။

'ဒေါင်. . . ဒေါင်. . . ဒေါင်'

သို့ရှိစဉ် အဝေးကင်းတဲမှ သံချောင်းခေါက်သံ သုံးချက်ထွက်ပေါ်လာရာ သုံးနာရီပင် ထိုးနေပြီဖြစ်ကြောင်း သိရှိရတော့၏။

ထို့ကြောင့် ကျနေသော မှတ်စုစာအုပ်ကလေးကို ကောက်ယူကာ ဖတ်ရှုမိပြန်လေ၏။

'မီးရထားပေါ်မှာ ဆုံကြရတော့ သူဇာဖြင့်လေ ဘယ်လိုပျော်မှန်း မသိဘူး၊ ဒါ. . . ဒါပေမယ့် သူဇာ့မှာက လောလောဆယ် မိဘတွေရဲ့ ဈာပနကိစ္စကို သွားရဦးမှာလေ'

'တစ်ခုရှိတာက သူဟာလဲ သူ့မိဘတွေအတွက် ကြေကွဲဆွေးမြေ့နေတော့ စကားပြောတာတောင် လေသံခပ်သဲ့သဲ့နဲ့'

'အို. . . အမြန်ဆုံးသာ ကိုဝေနဲ့စာတွေ့ ကိုကျော်ထင်နဲ့ အမြန်ဆုံး ပေါင်းဖက်ရပါစေလို့ ဆုတောင်းပါတယ်'

'ကိုကျော်ထင်ရေ. . . အချစ်ဆုံးရေ'

'ဟင်'

ဒေါက်တာ ထင်ရှားမှာ စာအုပ်ကို ပိတ်လိုက်ရင်းက သက်ပြင်းတစ်ချက်ကို ညင်သာစွာ ချလိုက်ပြန်တော့သည်။

ထိုအခါ ထွေလာကေလာ စကားများ ပြောဆိုတတ်သည့် မောင်ကျော်ထင်နှင့် ကြော့ရှင်းလှပသော သူဇာနွယ်ဆိုသည့် မိန်းမပျိုတို့၏ ပုံရိပ်မှာ ဒေါက်တာ ထင်ရှား၏ စိတ်အာရုံတွင် ထင်ထင်ရှား

www.burmeseclassic.com

www.burmeseclassic.com



ရှား ထင်ဟပ်လာလေ၏။

အချစ်နှင့် ပဟေဠိဆန်သော မေတ္တာ ဇာတ်လမ်းမှာ ဒေါက်တာထင်ရှားအတွက် ယုံကြည်ရန် ခက်လှပေတော့သည်။

'မောင်ကျော်ထင်. . . မောင်ကျော်ထင် တယ်လဲ စိတ်ကူးယဉ်တဲ့ကောင်ပါလားကွာ'

ထို့နောက် ဒေါက်တာ ထင်ရှားက တစ်ကိုယ်တည်းကြားရုံတိုး ရေရွတ်လိုက်လေ၏။ ပြီးလျှင် မှတ်စုစာအုပ်ကလေးကို စားပွဲပေါ်တွင်တင်ကာ စိုက်ကြည့်နေလိုက်မိသည်။

ထိုအခါကျမှ မျက်လုံးများ ညောင်းညာလာသည်ကို သတိပြုလိုက်မိ၏။ လက်ပတ်နာရီကို လှမ်းကြည့်လိုက်သည်။

'ဟိုက်. . . နံနက်လေးနာရီတောင် ထိုးပါပကော'

ဒေါက်တာထင်ရှားက နာရီကိုကြည့်ကာ တအံ့အသြနှင့် ရေရွတ်လိုက်ရှာလေ၏။ ဤတွင် မိမိ မည်မျှအထိ မှတ်စုကို စိတ်ပါဝင်စားစွာ ဖတ် ရှုမိကြောင်း သတိပြုမိတော့သည်။

ထို့နောက် အရှေ့ဘက်ဆီမှ အလင်းရောင် အချို့ဝင်ပြီး အန်စပြုလာပြီဖြစ်ရာ မျက်လုံးများ ဖွင့်မရနိုင်အောင် ဖြစ်လာသောကြောင့် ဒေါက်တာထင်ရှားလည်း အိပ်ယာပေါ်၌ နှစ်မြိုက်စွာ အိပ်လိုက်လေတော့၏။



## အခန်း (၂၉)

'ဟေ့. . . အိပ်ပုပ်ကြီးလှချည်လား အစ်ကိုထင်ရှား'

'ဟင်'

တစ်စုံတစ်ယောက်၏ ပြောသံကြောင့် နိုးလာသည့်ဒေါက်တာထင်ရှားမှာ မျက်လုံးအစုံကို အားယူ၍ ဖွင့်လှစ်ကြည့်လိုက်မိလေ၏။

'သြ. . . ကျော်ထင်ပါလား၊ ဘယ်အချိန်ရှိနေပြီလဲကွ ဟင်'

'အဟဲ. . . ဟဲဟဲဟဲ . . . သိပ်မရှိသေးပါဘူး၊ နေ့လယ်ထမင်းစားချိန်တောင် ရောက်နေပြီ၊ အန်တီတို့ နိုးခိုင်းတာနဲ့ ဗျွန်တော် လာနှိုးတာဗျ' ဟု မောင်ကျော်ထင်က ဆို၏။

ထိုအခိုက် မောင်ကျော်ထင်၏ မျက်လုံးများက ဒေါက်တာထင်ရှား၏ အိပ်ယာနံဘေးမှ စားအုပ်ဆီသို့ မျက်လုံးများ ရောက်ရှိသွားတော့၏။

'ဩော်. . . ညက ဒီစာအုပ်ကိုပြီးအောင် ဖတ်တယ်နဲ့တူတယ်၊ ဒါကြောင့် ခုထိအိပ်တာကိုး' ဟု သဘောပေါက်သွားလေ၏။

'ဟုတ်တယ်ကွ၊ ငါလဲ စိတ်ဝင်စားတာနဲ့ ညလုံးပေါက်ဖတ်နေတာ'

ဒေါက်တာထင်ရှားက အိပ်ယာမှ လူးလဲထရင်း အပျင်းဆန့်

www.burmeseclassic.com

www.burmeseclassic.com



၍ ပြောလိုက်၏။ ထိုအခါ မောင်ကျော်ထင်က. . .

'ဖတ်ကြည့်တော့ ဘယ်လိုသဘောရသလဲဟင်'

ဟု မေး၏။

'ဘယ်လိုသဘောရသလဲဆိုတော့ လောကဓာတ် သိပ္ပံသမားတစ်ယောက်အဖို့ လက်ဆုပ်လက်ကိုင် မပြနိုင်တဲ့ အရာတွေပဲဥစ္စာ၊ ယုံကြည်ဖို့ ခပ်ခက်ခက်ပဲ ကျော်ထင်' ဟု ဒေါက်တာထင်ရှားက ခပ်မှန်မှန် အဖြေပေးလေ၏။

'အစ်ကိုထင်ရှားရဲ့ အဖြေက ကောင်းပါတယ်၊ စိတ်ပညာပိုင်းဆိုင်ရာ အယူအဆဆိုပါတော့ဗျာ၊ အဲဒါတော့ ရှိတာပေါ့' ဟု မောင်ကျော်ထင်က ပြောသည်။

သို့ရှိစဉ်မှာပင် ဒေါက်တာ ထင်ရှားက. . .

'ကဲ. . . ဒါတွေထားစမ်းပါဦး၊ မင်းအနေနဲ့ သူဇာနွယ်မေနှင်းပွင့်ဟာ ဟိုဒင်း. . . နှင်းပွင့်ဒေဝီကို မီးရထားနဲ့ သွားရင်း တစ်ခေါက်သာ ဆုံတွေ့ခဲ့တာနော် ဟုတ်လား' အမောတကော မေး၏။

'သိပ်မှန်ပါတယ်၊ အဲဒီတစ်ခါပဲ သူနဲ့တွေ့ရတာပါ၊ ဟာ ဘာဖြစ်လို့လဲ အစ်ကိုထင်ရှားရဲ့'

'ဘာမှမဟုတ်ပါဘူးဗျာ၊ ဒီအတိုင်းဆိုရင် အဖြစ်အပျက်တွေဟာ မျှော်လင့်ထားတာထက် ပိုပြီး ထူးဆန်းနေပြီ ဆိုရမလို ဖြစ်နေလို့ပါ'

'ဟား ဟား ဟား ဟား'



'မင်း ကြည့်လေ. . . မင်းနဲ့တစ်ခါပဲ မြင်တွေ့ဖူးတဲ့အောင်မလေး တစ်ယောက်က မင်းကို မမြင်မတွေ့ခင်ကတည်းက ရော်ရမ်းပြီး ပုံဆွဲထားတယ်'

'ဆက်ပြောပါ'

ထိုအခါ ဒေါက်တာထင်ရှားက တစ်စုံတစ်ရာသတိရသွားတာ. . .

'ငါတစ်ခု ပြောပြမယ်၊ စာအုပ်နာမည်တော့ မေ့နေပြီကွ၊ အဲဒီစာအုပ်ထဲမှာ ပါရှိတဲ့ အကြောင်းအရာ တစ်ခုက ခန္ဓာကိုယ်ကြီးကို တစ်နေရာမှာ ရှိစေပြီး စိတ်ကိုလွှတ်လိုက်တဲ့အခါ သွားလိုတဲ့နေရာတွေကို ရောက်ရှိပေမယ့် အဆီးအတား၊ အထုအထည်နံရံကြီးတွေခံနေတာကို ကြုံကြိုက်ခဲ့ရင် အဲဒီဝညာဉ်ခန္ဓာကိုယ်ကို အစိပ်စိပ်အမွှာမွှာ ကွဲအောင်လုပ်ပြီး ဆီးတားမှုတွေကို တိုးထွက်သွားနိုင်တယ်'

'ဗြော်'

'အဆီးအတားရဲ့ ဟိုဘက်ကို လွန်တော့မှ ဝိညာဉ်ခန္ဓာကိုယ် ရဲ့အစပ်အပိုင်းတွေဟာ မူလလွှတ်လိုက်တဲ့ အတိုင်းပြန်ပြီး စုစည်းထားတယ်တဲ့'

'ထူးဆန်းတယ်နော်'

'အေး. . . အဲဒါက ပထမပိုင်း ရှိသေးတယ်'

'လုပ်စမ်းပါဦး အစ်ကိုထင်ရှား၊ ဒုတိယအပိုင်းကရော' ဟု မောင်ကျော်ထင်က မေးပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒေါက်တာ ထင်ရှားက ခေါင်းညိတ်လိုက်ပြီးနောက်. . .

'ဒုတိယပညာရပ် တစ်ခုကတော့ ခန္ဓာကိုယ်ထဲက မိမိရဲ့ ဝိညာဉ်ကို ခွဲထုတ်ကာ သွားလိုရာသို့ စေလွှတ်နိုင်တဲ့နည်း ဖြစ်တယ်တဲ့'

'ဟုတ်လား ဆက်ပြောပါဦး၊ စိတ်ဝင်စားဖို့ကောင်းလိုက်တာ'

'နေဦး ကျန်သေးတယ်ကွ'

'ဘာများလဲ ဆက်ပြောပါဗျာ'

ဤတွင် ဒေါက်တာ ထင်ရှားက. . .

'ဝိညာဉ်သည်သာ ခွဲထွက်သွားသော်လည်း အာရုံငါးပါးကိုခံစားနိုင်စွမ်းရှိတဲ့အပြင် အမှတ်သညာလဲ ရှိသဖြင့် တွေ့ကြုံခံစားရသမျှ အားလုံးကို မှတ်မိသိရှိနိုင်တယ်တဲ့'

'ကျေးဇူးပဲဗျာ၊ တကယ် ကျေးဇူးပါ၊ ဒီစကားတွေအတွက် အစ်ကိုထင်ရှားကို တကယ် ကွန်ကရက်ဂျူလေးရှင်း ပဲဗျို့'

မောင်ကျော်ထင်က ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် အခန်းမှ ပြန်ထွက်ရန် မှတ်စုစာအုပ်နက်ကလေးကို ယူလိုက်စဉ်အခိုက်. . .

'မောင်ကျော်ထင်ရေ. . . မောင်ကျော်ထင်၊ ဟောဒီမှာ ငါ့တူနာမည်နဲ့ သံကြိုးစာ ရောက်နေတယ်ကွယ့်' ဟူသော ဦးပညာ၏အသံကို ကြားလိုက်ရတော့သည်။



ထို့ကြောင့် နှစ်ဦးသား အံ့ဩသွားကာ အိမ်ရှေ့အပြေးအလွှား ထွက်လာပြီးလျှင် ပို့စ်မင်းလက်မှ သံကြိုးစာကိုလက်မှတ်ထိုး၍ ယူလိုက်ရလေ၏။ ထို့နောက် ဖောက်ဖတ်ကြည့်ရာ အစိုးရသတ္တုတူးဖော်ရေးဌာနမှ တင်ထားသော မောင်ကျော်ထင်၏လျှောက်လွှာအရ တနင်္သာရီ သတ္တုတွင်းတစ်ခုတွင် အင်ဂျင်နီယာအဖြစ် ခန့်ထားလိုက် ကြောင်း။

သို့အတွက် တစ်ပတ်အတွင်း သတ္တုတွင်းသို့ အရောက်သွားရမည်ဖြစ်ကြောင်း ပါရှိလေ၏။

'ဟင်. . . သုံးလကျော်ကျော် ဘာမှ မထူးခြားဘဲ ဟိုကိစ္စပေါ်လာမှ အလုပ်ခန့်တယ်ဆိုတော့ ဆန်းတယ်လို့ပဲ ဆိုရမလိုဖြစ်နေပြီ ကျော်ထင်' ဟု ဒေါက်တာ ထင်ရှားက ပြောလိုက်လေသည်။

'ဒေါက်တာထင်ရှားက ပြောလိုက်သည့် ထိုကိစ္စဆိုသည်မှာ မင်္ဂလာဆောင်' ကိစ္စကို ရည်ညွှန်း၍ ပြောလိုက်ခြင်းဖြစ်လေ၏။

ထို့နောက် မောင်ကျော်ထင်က ဒေါက်တာ ထင်ရှား၏ မိဘနှစ်ပါးအား သူနှင့်သူဇာခေါ် နှင်းပွင့်တို့အကြောင်းကို တတ်နိုင်သမျှ နားလည်အောင် ပြောပြလေ၏။

ပြီးမှပင် တနင်္ဂနွေနေ့၌ ကျင်းပမည့် မင်္ဂလာဆောင်ကိုလည်း ခပ်ကျဲကျဲဖြင့် နေအိမ်၌ပင် စီစဉ်ပေးပါရန် ပန်ကြား လိုက်လေတော့၏။

www.burmeseclassic.com

### အခန်း (၃၀)

မောင်ကျော်ထင်မှာ ထိုရက်များအတွင်း အထူးပျော်ရွှင်စွာဖြင့် ရိုးလ်ကုမ္ပဏီ၊ ဝပ်ဆင်တိုက်နှင့် ဖယ်ယာလမ်းရှိ ကုန်တိုက်ကြီးများမှ အဝတ်အထည်နှင့် အစားအသောက်ပစ္စည်းများကို လိုလေသေးမရှိ ဝယ်ယူလေ၏။

ထိုမျှမကသေး. . .

ကုက္ကိုင်းရှိ ၎င်း၏အိမ်ကြီးအားလည်း အလုပ်သမားများငှား၍ ချက်ချင်း မွမ်းမံကာ ဆေးသုတ်စေလေ၏။

ထိုကိစ္စအတွက် ဒေါက်တာ ထင်ရှားက. . .

'ဟေ့ကောင်. . . ကျော်ထင်၊ မင်းက တစ်ပတ်အတွင်း တနင်္သာရီကို ပြောင်းရမှာ မဟုတ်လား၊ ဒီအိမ်ကြီးမှာ တစ်သက်လုံး ရှိနေတော့မယ်ပေါ့၊ ငါတော့ မရှင်းဘူး ဘယ်လိုလဲကွ' ဟု မေး၏။

'အဟဲ ဟဲ ဟဲ . . . တနင်္သာရီ သတ္တုတွင်းကိုသွားမှာ အစ်ကို ထင်ရှားရဲ့ အိမ်ကြီးကို ပြင်ဆင်မွမ်းမံ ရတာက မသွားခင် ဟန်းနီးမွန်း သဘောပေါ့' ဟု ပြုံးစေ့စေ့နှင့် ရှင်းပြလေ၏။

သို့ဖြင့် သောကြာနေ့သို့ ရောက်သောအခါ သူဇာနွယ် ခေါ်နှင်းပွင့်ဒေဝီနှင့် ပဲခူးမှ ၎င်း၏အဒေါ် တော်စပ်သူ ဒေါ်မိမိကြီးတို့



ကားတစ်စီးဖြင့် ရောက်ရှိလာကြလေ၏။

ဒေါက်တာထင်ရှားစိတ်ထဲ၌ သူဇာနွယ်၏ ချိန်းဆိုချက်ကို အလေးအနက် မထားနိုင်ဘဲ သို့လောသို့လော ဖြစ်နေသည်မှာ အချန်နှင့် အမျှ။ ထိုအကြောင်းကို မောင်ကျော်ထင်အား ပြောပြလိုသည်မှာ ရင်ထဲ၌ကလိကလိဖြစ်သော်လည်း မောင်ကျော်ထင်တစ်ယောက် ပျော်ရွှင်နေခြင်းကို ကြည့်၍ တားဆီးမှုသိမ်ခဲ့ခြင်းဖြစ်ပေ၏။

ယခုသော်ကား မိမိမထင်သည့် ကိစ္စသည် အမှန်တကယ်ပင် ယုံကြည်လက်ခံစရာအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း မျက်ဝါးဝါးထင်ထင် တွေ့မြင်ရလေတော့၏။

ဤသို့ဖြင့်ပင် အသိမိတ်ဆွေ အနည်းအကျဉ်းကို ဖိတ်ကြားပြီးသကာလ ဒေါက်တာ ထင်ရှားတို့ နေအိမ်မှာပင် မောင်ကျော်ထင်နှင့် သူဇာနွယ်တို့၏ လက်ထပ်ပွဲကို အကျဉ်းရုံးပြုလုပ်လိုက်သေတော့၏။ ညအကျရောက်သောအခါ ဦးပညာနှင့် ဒေါ်မာလာတို့ကို တန်တော့ပြီး သကာလ ဒေါက်တာ ထင်ရှားကိုပါ နှုတ်ဆက်၍ အသစ်စက်စက် ဇနီးမောင်နှံ နှစ်ဦးအိမ်ကြီးသို့ ထွက်ခွာသွားတော့သည်။

ပဲခူးတွင် နေထိုင်သည့် သူဇာနွယ်၏ အဒေါ်ဖြစ်သူ ဒေါ်မိမိကြီးမှာ ဒေါက်တာ ထင်ရှားတို့ အိမ်တွင်ပင် အိပ်ပြီးလျှင် နံနက်မိုးလင်းသည်နှင့် သူ၏ဒရိုင်ဘာနှင့်အတူ ပဲခူးမြို့သို့ ပြန်မည်ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးလင်းသောအခါ မောင်ကျော်ထင်သည် ကား ဖြင့် . . .

ထိုညက ဦးပညာဇနီး ဒေါ်မာလာတို့နှင့်အတူ ဒေါက်တာ ထင်ရှားနှင့် ဒေါ်မိမိကြီးတို့ လေးဦးသား စကားစမြည်းပြောလျက် ရှိကြရာ အိပ်ရာဝင်ချိန် ညဥ့်အတော်နက်ပြီ ဖြစ်လေ၏။

နံနက်မိုးလင်းသောအခါ မောင်ကျော်ထင်သည် ကားဖြင့် ပေါက်ချလာပြီးနောက် မထင်မှတ်သောအောက်ပါ သတင်းကို ပြောလေတော့၏။

'သူ . . . သူဇာနွယ်တစ်ယောက်၊ လူဆိုးတွေနောက်ကိုပါ သွားပြီ အစ်ကိုထင်ရှား'

'ဟင် . . . ဘယ်လိုဖြစ်ရတာလဲ'

'အို . . . ဖြစ်ရလေ'

'ရင်တုန်လိုက်တာ ငါ့တူရယ်'

လူအားလုံးက တအံ့တသြ မေးမြန်းကြသည့် အတွက် မောင်ကျော်ထင်က . . .

'အင်း . . . ပြောရမှာတော့ ရှင်းရှင်းလေးပါ၊ သူဇာနွယ်တ နံနက်အစောကြီး အိပ်ရာကထပြီး ကွန်တော်စားဖို့ ချက်ပြုတ်နေ တုန်း ဖြူးဆို ဝတ်စုံနက်ဝတ် လူနှစ်ယောက် မီးဖိုချောင်ထဲကို ရောက် လာတယ်'

'အင်း . . . အင်း . . . ဆက်ပြောကွာ' ဟု သိချင်ဇောဖြင့် ဒေါက်တာ ထင်ရှားက ယောလိုက်၏။



'သူတို့ဟာ ပြတင်းပေါက်ကို လွန်ပူနဲ့ ဖွင့်ပြီး ဝင်လာကြတာ လို့ ပုလိပ်ဘက်က ပြောတယ်'

'သြော် . . . မင်းက ပုလိပ်ဘက်ကို ဝင်တိုင်ခဲ့ပြီးပြီကိုး၊ ဒါ ကောင်းပါတယ်'

'လူဆိုးတွေဟာ ပစ္စည်းလိုချင်ဟန် မတူဘူး အစ်ကိုထင်ရှား၊ သူတို့ဟာ ကွန်တော့်ကို သေနတ်နဲ့ ချိန်ထားတယ်၊ ပြီးမှ သူဇာနွယ် ကို မေ့ဆေးပေးပြီး ခေါ်သွားကြတာပဲ'

'တောက် . . . မင်းက ဘယ်လိုမှ မခုခံနိုင်ခဲ့ဘူးနော်' ဟု ပဲ့ခွဲအပြန်လမ်း၌ သေနတ်ပစ်ခံရမှုတွေးမိကာ မကျေမနပ်ဖြင့် ဒေါက်တာ ထင်ရှားက မေးလိုက်သည်တွင် မောင်ကျော်ထင်က ခေါင်းယမ်း၍ . . .

'ဟင့်အင်း . . . လူ့ပိတာနဲ့ သူတို့ဟာ သေနတ်နဲ့ ပစ်မှာ အသေအချာပဲ၊ ဒီနောက်တော့ ကွန်တော်လဲ ဂါတ်ထဲကိုအမြန်ဆုံး ဖုန်းဆက်ရတော့တာပေါ့' ဟုဆို၏။

ထိုကိစ္စအတွက် မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ကြောင်း တိုင်ပင်နေကြစဥ်မှာပင် တစ်နာရီခန့်အကြာ ၌ထဲသို့ ကားနှစ်စီး ထိုးဆိုက်လာလေ၏။

ကားနှစ်စီးစလုံးမှာ ပုလိပ်ကားများ ဖြစ်ပြီးလျှင် ရှေ့ကား တွင်မူ ပုလိပ်ရာဇဝတ်အုပ် တစ်ဦးနှင့်အတူ သူဇာနွယ်ကို ရုတ်တရက် တွေ့ရလေ၏။

'အို . . . သူဇာ'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို. . . ကိုကျော်ထင်'

နှစ်ဦးသား ပွေ့ဖက်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ရှိကြစဉ် ပုလိပ်ရာဇဝတ်အုပ်က. . .

'ကျွန်တော်တို့ ပုလိပ်ဘက် ဟောဒီကိုကျော်ထင်သတင်း မြို့အတွက် လမ်းတွေကို ပိတ်ဆို့ရှာဖွေရာမှာ ဟောဒီက ခင်ဗျား အမျိုးသမီးပါတဲ့ ကားကို မသင်္ကာတာနဲ့ စစ်ဆေးမယ်လုပ်တော့ သူတို့ဟာ အင်းစိန် ဘိုကုန်းရပ်ဘက်ကို ချိုးကွေ့သွားတယ်လေ'

'ဟုတ်. . . ဟုတ်ကဲ့' ဟု မောင်ကျော်ထင်က ကျေးဇူးတင်စွာဖြင့် ဝင်ထောက်လေ၏။

ထို့နောက် ပုလိပ်ရာဇဝတ်အုပ်က. . .

'နောက်တော့ ကျွန်တော်တို့လဲ ထက်ချပ် လိုက်သွားပြီး ဖမ်းတဲ့အခါမှာ လူဆိုးနှစ်ယောက်ဟာ ကျွန်တော်တို့ ပုလိပ်တွေကို ခုခံတယ်၊ အဲဒီမှာ တိုက်ပွဲဖြစ်တာပေါ့ဗျာ'

'ဟင်. . . ဟုတ်လား'

ရာဇဝတ်အုပ်က ခေါင်းညိတ်၍. . .

'နောက် လူဆိုးနှစ်ယောက်စလုံး ထွက်ပြေးလွတ်မြောက်သွားတယ် ကိုကျော်ထင်'

'အို. . . ဟုတ်လား အေးဗျာ၊ ကျွန်တော့ဇနီးသည် သေကံမရောက်ဘဲ အခုလို လွတ်လာတဲ့အတွက် အထူးကျေးဇူး တင်မိပါတယ်' ဟု မောင်ကျော်ထင်က ပြော၏။

ထိုအခါ ရာဇဝတ်အုပ်က. . .



'အေးဗျာ ပြောရဦးမယ်၊ ခင်ဗျားအမျိုးသမီးက ကန်သင်းရိုးထိပ်ခုမှာ ဝပ်နေတာကလား၊ လူဆိုးတွေနဲ့ ကျွန်တော်တို့ပုလိပ်အဖွဲ့သားတွေရဲ့ ကျည်ဆန်တွေဟာ သူ့ခေါင်းပေါ်က ကျော်လွှားသွားနေတာ၊ တွေးမိရင်တောင် အသည်းယားစရာပဲ'

'အို'

'အင်မတန် ကံကောင်းတဲ့ အမျိုးသမီးပါဗျာ၊ ကဲ. . . ကဲ. . . လွတ်သွားတဲ့ လူဆိုးတွေကို ပြန်လည် ဖမ်းဆီးမိနိုင်ရေးအတွက် စီအိုင်ဒီကို အကြောင်းကြားရမှာမို့ ကျွန်တော်တို့ကို ခွင့်ပြုပါ'

'ဟုတ်ကဲ့. . . ခင်ဗျာ၊ ဟုတ်ကဲ့'

ပြောပြောဆိုဆိုပင် ပုလိပ်ကားနှစ်စီးမှာ ခြံအတွင်းမှရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြတော့သည်။

ထိုအခါကျမှ မောင်ကျော်ထင်က ဇနီးဖြစ်သူ သူဇာနွယ်အား. . .

'သူဇာ'

'ရှင်. . .'

'လူဆိုးတွေက ပစ္စည်းရလိုချင်လို့ မဟုတ်ဘူး သူဇာ၊ သူဇာ့ကို လိုချင်တာကွ၊ အဲဒါက ဘာသဘောလဲ မသိဘူး၊ အဲ့ဒီလူတွေကို သူဇာသိသလား' ဟု မေးလိုက်လေ၏။

'သိ. . . သိပါတယ်၊ လူဆိုးနှစ်ယောက်အနက် တစ်ယောက်ကိုပြောတာပါ'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'အို'

'အလို'

'အိုး'

'ဖြစ်ရပလေ'

ကျန်လူများအားလုံး မျက်လုံးပြူးသွားလေရာ သူဇာနွယ်က တည်ငြိမ်စွာဖြင့်. . .

'အဲဒီလူနာမည်က ကိုဟန်သွဲ့တဲ့၊ အရင်တုန်းက ဖေဖေဟာ အဲဒီလူကို ကျွန်မတို့ ယက်ကန်းရုံရဲ့ မန်နေဂျာအဖြစ် ခန့်ထားဖူးသေးတယ်'

'ဩ. . . ဒီလိုကိုး' ဟု မောင်ကျော်ထင်က ရေရွတ်လိုက်၏။ ကျန်လူများ နားထောင်လက်ရှိစဉ် သူဇာနွယ်က ဆက်လက်၍. . .

'သူဟာ ဖဲရိုက်၊ အရက်သောက်၊ ဖေဖေ့ရဲ့ ငွေကြေးတွေကိုအလွဲသုံးစားလုပ်တာနဲ့ ဖေဖေက သူ့ကို အလုပ်က ထုတ်ပစ်လိုက်တယ်လေ'

'အင်း. . . အင်း' ဟု မောင်ကျော်ထင်က စိတ်ဝင်စားစွာ နားထောင်နေပြန်၏။ ပြီးလျှင် သူဇာနွယ်ကပင်. . .

'တိုတိုပြောရရင် သူဟာ ကျွန်မကို တစ်ဖက်သတ် မေတ္တာရှိနေပြီး ကြံရာနေရာမှာ လိုက်လံနှောင့်ယှက်လေ့ ရှိပါတယ်'

အားလုံး ငြိမ်သက်လျက်ရှိရာ သူဇာနွယ်က ဆက်လက်ပြောဆိုပြန်လေ၏။

'နောက်ဆုံးမှာ သူဟာ လူဆိုးတစ်ယောက် ဖြစ်သွားတယ်



လို့ သတင်းကြားရပြီး အမရပူရမှာ မရှိတာ ကြာပါပြီ'

ထို့နောက် သူဇာနွယ်က မောင်ကျော်ထင်အား ကြည့်လိုက်ပြီးလျှင်. . .

'ဟိုနေ့က ရွှေသာလျောင်းအနီးမှာ သူ့လူတွေကို လွှတ်ပြီး ကျွန်မကို ရအောင် ဖမ်းခိုင်းတာလို့ ကားပေါ်မှာ သူက ဝန်ခံတယ်လေ'

'ဟင်. . . ဟုတ်လား'

'အို. . . ဒီကောင်ကိုး'

မောင်ကျော်ထင်နှင့် ဒေါက်တာ ထင်ရှားတို့ နှစ်ဦးမှာ ယမန်နေ့က ပဲခူးမှအပြန်တွင် သေနတ်နှင့်ပစ်သူအား ပြန်လည်သတိရမိကာ သံပြိုင်မေးလိုက်ကြလေ၏။

ပြီးလျှင် ဒေါက်တာထင်ရှားက သူဇာနွယ်အား. . .

'မသူဇာ အဲဒီလူရဲ့ပုံသဏ္ဌာန်က ဘယ်လိုရှိသလဲဆိုတာ ပြောပြစမ်းပါ' ဟု ဆိုလေ၏။

'ဟင်'

'ဟုတ်ကဲ့ ဒေါက်တာ၊ အသားညိုညို မျက်နှာသွယ်သွယ်နဲ့၊ သူဟာ ပန်းပုပညာရှင် တစ်ယောက်နဲ့ ခပ်ဆင်ဆင်တူတယ်၊ နောက်ပြီး တကယ်လဲ ပလာစတာရုပ်လုံးတွေ လုပ်တတ်တယ်'

ဟု ပြောလေ၏။

'မောင်ကျော်ထင်နှင့် ဒေါက်တာ ထင်ရှားတို့ ရှိဦးစလုံး ဝင် အံ့အားသင့်သွားကြပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သူဇာနွယ်၏ အဒေါ်ဖြစ်သူ ဒေါ်မိမိကြီးအား မောင်ကျော်ထင်တို့ ဇနီးမောင်နှံနှင့်အတူ ဒေါက်တာထင်ရှားကိုယ်တိုင် ပဲခူးသို့ လိုက်ပို့ခဲ့၏။

အပြန်၌လည်း ကုက္ကိုင်းအိမ်ကြီးသို့ မောင်ကျော်ထင်တို့ ဇနီးမောင်နှံအား လိုက်လံပို့ပေးပြီးလျှင် ဒေါက်တာ ထင်ရှား တစ်ယောက်တည်း ပြန်သွားလေ၏။

❖❖❖❖❖

## အခန်း (၃၁)

နှစ်ရက်ခန့်ကြာသောအခါ၌ မောင်ကျော်ထင်တို့ ဇနီးမောင်နှံသည် ဒေါက်တာထင်ရှားတို့ မိသားစုအား နှုတ်ဆက်၍ တနင်္သာရီသတ္တုတွင်းသို့ ထွက်ခွာသွားလေတော့၏။

ယခင်က မောင်ကျော်ထင်နှင့် တပူးတွဲတွဲ နေထိုင်ခဲ့ရသော ဒေါက်တာ ထင်ရှားမှာ ပထမတွင် မနေတတ် မထိုင်တတ်အောင် ဖြစ်နေရလေ၏။



သို့သော် နောက်ပိုင်း၌မူ ဂိုလမ်းမှ ဆေးခန်းလေးရှိ လူနာများအား စိတ်ပါလက်ပါ ကုသလေရာ အတန်ပင် နေသာထိုင်သာရှိသည်ဟု ပြောရပေမည်။

ထိုကာလများတွင် မည်သည့်ထူးခြားချက်မျှ ဖြစ်ပေါ်လာခြင်း မရှိသောကြောင့် ခြောက်လနီးပါးမျှ ကြာသောအခါကာလကို ရေးသား ဖော်ပြရမည် ဖြစ်ပါလေ၏။

ဤသို့ဖြင့် နေ့ရက်များ တစ်နေ့တစ်ခြား ပြောင်းလဲလာခဲ့ရာဆိုခဲ့ပြီးသော ခြောက်လကြာခန့်တွင် ရုတ်တရက်ဆိုသကဲ့သို့ မောင်ကျော်ထင်တို့ ဇနီးမောင်နှံ ပေါက်ချလာခဲ့လေသည်။

'ဟာ. . . မောင်ကျော်ထင်၊ မင်းတို့ဟာက လာမယ်ဆိုရင်လဲ စာလေးဘာလေး ကြိုတင်ရေးဖို့ ကောင်းတယ်ကွာ၊ အခုတော့ ဆိုင်းမဆင့် ဗုံမဆင့်' ဟု ဒေါက်တာ ထင်ရှားက ဂရုဏာဒေါသောနှင့် အပြစ်တင်လေ၏။ ဦးပညာနှင့်ဒေါ်မာလာတို့ကလည်း ထိုကဲ့ပင် အပြစ်တင်၏။

ပြီးလျှင် အိမ်သူ အိမ်သားများသည် ၎င်းတို့၏ ဇနီးမောင်နှံအား လိုလေသေးမရှိ ပြုစုစောင့်ရှောက်ကြလေ၏။ သို့ရာတွင် သူဇာနွယ်မှာ မည်သို့ဖြစ်သည် မသိအောင်ပင် အစားအသောက်နည်း၍ တစ်မှိုင်မှိုင် တတွေတွေ ဖြစ်နေတတ်၏။

ထိုအကြောင်းနှင့်ပတ်သက်၍ သူငယ်ချင်း နှစ်ယောက် တွေ့ဆုံဆွေးနွေးကြသောအခါ ဒေါက်တာထင်ရှားက. . .

'အေးပါ သိပ်လဲ မစိုးရိမ်ပါနဲ့ ကျော်ထင်၊ ငါစမ်းသပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပါဦးမယ်' ဟု ဆိုလေ၏။

ဤသို့ဖြင့် နောက်တစ်နေ့၌ သူဇာနွယ်ကို စမ်းသပ်ကြည့်လေတော့၏။ ထိုအခါ မည်သည့်ရောဂါဝေဒနာ၏ အရိပ်အငွေ့ကိုမျှ မတွေ့ရသည့်အတွက် ဒေါက်တာ ထင်ရှားက မောင်ကျော်ထင်အား. . .

'ကျော်ထင်ရေ. . . မင်းမိန်းမမှာ ဘယ်လိုရောဂါလက္ခဏာမှ မတွေ့ရပါဘူး၊ စိတ်မပူပါနဲ့ အရေးကြီးတာက အစာအသောက်ကို အဟာရဖြစ်အောင်သာ ကျွေးဖို့လိုတယ်ကွ'

ဟု ဆိုလေ၏။

ထို့ကြောင့်ပင်လျှင် မောင်ကျော်ထင်သည် သူဇာနွယ်အား ယခင်ကထက် ပိုမိုဂရုစိုက်ကာ ယခင်ကထက် ကောင်းမွန်သော အစား အသောက်များကို ရှာဖွေကျွေးမွေးရှာလေ၏။

သို့ပါသော် သူဇာနွယ်ကား ယခင်ကထက် ကြုံလှီလာသည် ဟု ထင်မှတ်ရလေ၏။ တစ်ခါတရံ ညအိပ်နေစဉ်တွင်လည်း ကယောင်ကတန်း ပြောတတ်လေ၏။ ကြာသော် မောင်ကျော်ထင်ပင်လျှင် စိုးရိမ်သည့်ကြားမှ ထိတ်လန့်လာလေတော့၏။

'အို. . . ဒီအတိုင်းဆိုရင် သူဇာဖြင့် အစ်ကိုနဲ့ ကြာကြာပေါင်းရမှာ မဟုတ်ဘူး ထင်ပါရဲ့'

ထိုသို့လည်း သူဇာနွယ်က ရေရွတ်တတ်ပြသေးလေ၏။

ထိုအခါများတွင် မောင်ကျော်ထင်မှာ ချစ်သူဇနီးကလေးအတွက် သနားကာ ပြာလောင်ခတ်အောင် ရှိနေရလေ၏။



ဒေါက်တာ ထင်ရှားလည်း ဆေးခန်းတွင် သူငယ်ချင်း ဒေါက်တာ တစ်ယောက်နှင့် လွှဲထားကာ သူဇာနွယ်၏ အမည်မဖော်နိုင်သော ရောဂါကို ဂရုစိုက်၍ ကုစားပေးနေလေ၏။

'ကို. . . ကိုကျော်ထင်'

သူဇာနွယ်က ပန်းရောင် ဖျော့ဖျော့မျှသာရှိသည့်နှုတ်ခမ်းကလေးဖြင့် လေသံမျှခေါ်လေရာ မောင်ကျော်ထင်က ကပျာကယာ ထူးလိုက်၏။

'ဗျာ. . . ဗျာ. . . သူဇာ. . . သူဇာ ကိုကျော်ထင် ရှိတယ်လေ ဘာပြောမလို့လဲ၊ မောနေပါ့မယ်ကွယ်'

'သူဇာ့ကို ချစ်လားဟင်'

'အို. . . မေးနေစရာ မလိုပါဘူးကွယ်၊ သူဇာ သိပြီးသား မဟုတ်လား' ဟု မောင်ကျော်ထင်က ပြောလိုက်၏။

ထိုခဏမှာပင် သူဇာနွယ်၏ မျက်လုံးများသည် ယခင်ကနှင့်မတူပဲ ပိုမို၍ အရောင်တောက်ပလာလေ၏။ ပြီးမှ. . .

'ဒါ. . . ဒါဆိုရင် နှင်းတောင်ကို လိုက်ခဲ့နော်၊ ကိုကျော်ထင် သိပါတယ်' ဟု ဆိုလေ၏။

'အိုး. . . အချစ်ရယ်၊ နှင်းတောင် မကပါဘူး၊ စကြဝဠာ အပြင်ဘက်အထိ၊ လိုက်ခဲ့ဆိုရင်တောင် ကိုကျော်ထင်လိုက်လာခဲ့မှာပါ' ဟု သူဇာနွယ် စိတ်ချမ်းသာရန် ပြောလိုက်လေ၏။

ဆရာဝန်ဘဝတွင် သေအံ့ဆဲဆဲ လူနာများနှင့် မကြာခဏ တွေ့ကြုံဖူးသည့် ဒေါက်တာ ထင်ရှားပင် မောင်ကျော်ထင်တို့ ဇနီး

www.burmeseclassic.com

www.burmeseclassic.com



မောင်နှံ၏ ချစ်မေတ္တာအတွက် အထူးပင် ကြေကွဲမိသေးလေ၏။

'ဒါဆိုရင် သူဇာစိတ်ချပြီ ကိုကျော်ထင်' ဟု ပြောလျက် သူဇာနွယ်မှာ မောမောနှင့် ခဏချင်း အိပ်ပျော်သွားရှာလေ၏။

◆◆◆◆◆

## အခန်း (၃၂)

'ဒင်း. . . ဒင်း'

'ဒင်း. . . ဒင်း'

'ဒင်း. . . ဒင်း'

တိုင်ကပ်နာရီကြီးမှ ဆယ့်နှစ်နာရီထိုးသံ ထွက်ပေါ်လာသော်လည်း မောင်ကျော်ထင်မှာ အိပ်မရသေးပေ။

သူက ခုတင်ပေါ်တွင် အိပ်ပျော်နေရှာသော အဖြူရောင်ဝတ်စုံနှင့် ချစ်ဇနီးလေး သူဇာနွယ်ကို ကြည့်၍မဝနိုင်အောင် ရှိနေလေ၏။ သူဇာနွယ်ကမူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်သာ ရှိနေ ရှာ၏။ အိမ်ကြီးတစ်အိမ်လုံးကား ထိုညက တိတ်ဆိတ်ခြင်းကြီးစွာ ရှိနေသည်ဟု မောင်ကျော်ထင် မှတ်ထင်လိုက်မိသည်။

အိုက်စပ်စပ်ရှိသည်နှင့် ပြတင်းပေါက်ကို ဖွင့်လိုက်သော



အခါ လေညှင်းများက တိုးဝှေ့ဝင်ရောက်လာခဲ့၏။

မောင်ကျော်ထင်က ပက်လက်ကုလားထိုင်ကို သူဇာနွယ် အိပ်ပျော်နေရာ ခုတင်အနီးသို့ ယူဆောင်၍ ထိုင်ချလိုက်၏။

ပြီးလျှင် သူရိယသတင်းစာတစ်စောင်ကို လှန်လှော၍ ဖတ်ရှုနေလိုက်ပေ၏။ ရက်အတန်ကြာ အိပ်ရေးပျက်ခဲ့ရသည်ဖြစ်ရာ သတင်းစာ ဖတ်ရှုပြီးသောခဏတွင် မျက်လုံးများက ဣန္ဒြေမဆည်နိုင်အောင် မှေးစင်းလာခဲ့၏။

ထို့နောက် အိပ်ပျော်ခြင်းသို့ ရောက်ရှိတော့၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပေ။ မိမိ၏ ကိုယ်တွင် တစ်စုံတစ်ရာ ရစ်ပတ်လိုက်သော အတွေ့အထိနှင့် ပါးစပ်ကိုပါ အဝတ်စတစ်စ ဖိကပ်စည်းနှောင်ခြင်းကို ခံလိုက်ရသည်တွင်မှ မောင်ကျော်ထင်မှာ အိပ်ရာမှ နိုးကာ မျက်စိ ဖွင့်ကြည့်မိပေတော့၏။

ထိုအခါ တွေ့ရသည်ကား ဝတ်စုံအနက်ဝတ် လူတစ်ယောက်သည် မလှုပ်နိုင် မအော်နိုင်အောင်ဖြစ်နေသော မောင်ကျော်ထင်အား အကျေနပ်ကြီးကျေနပ်ကာ ပြုံးလျက် ကြည့်နေသော အဖြစ်ကို တွေ့မြင်လိုက်ရပေတော့သည်။

မောင်ကျော်ထင်က ဗူးဗူးဝါးဝါးဖြင့် အတင်းရုန်းကန်၍ လွတ်မြောက်ရန် အားထုတ်နေစဉ် ဝတ်စုံနက်က အိပ်ပျော်နေသော သူဇာနွယ်ကို ပွေ့ယူပြီးလျှင် ပြတင်းပေါက်မှ ကျော်၍ ထွက်ခွာသွားလေ၏။ မောင်ကျော်ထင်၏ ဝယ်ထိပ် မြွေပေါက်သည့်ပမာ ခံစားရလျက် အားကုန်ရုန်းရာ ပက်လက်ကုလားထိုင် လဲကျသံတချက်

www.burmeseclassic.com

www.burmeseclassic.com



လောင်စွာ ထွက်ပေါ်သွားခဲ့လေ၏။

'ဝုန်း'

ပက်လက်ကုလားထိုင် လဲကျသံကြောင့် ဒေါက်တာထင်ရှား ရောက်လာကာ မယုံကြည်နိုင်ဖွယ်အဖြစ်ကို အံ့သြမှုဖြင့် ကြောင်တောင်ကြည့်နေရှာ၏။ ပြီးမှ ဒေါက်တာ ထင်ရှားက. . .

'ဖြစ်ရလေကွာ၊ မောင်ကျော်ထင် သူဇာနွယ်ရော' ဟု အမောတကောမေးလျက် ကြိုးများကို အမြန်ဆုံး ဖြေပေး၏။ ပါးစပ်မှ ပဝါစကို ဖြုတ်ပေး၏။

အခါ မောင်ကျော်ထင်က. . .

'ဟိုလူ. . . ဟိုလူ. . . ကိုဟန်သွဲ့ဆိုတဲ့လူ ကျွန်တော့် ဇနီး သူဇာနွယ်ကို ဖမ်းခေါ်သွားပြန်ပြီ' ဟု ဗလုံးဗထွေးပြောကာ ပြတင်းပေါက်မှ ခုန်ထွက်ရန် ပြင်ဆင်နေ၏။

ဒေါက်တာ ထင်ရှားက. . .

'ဟော့ကောင် နေဦး၊ ငါကားသွားထုတ်ထားမယ်၊ ကားနဲ့ လိုက်ကြမယ်' ဟု ပြောကာ အခန်းထဲမှ ထွက်ခွာသွားတော့သည်။

သို့သော် မောင်ကျော်ထင်က ကားထုတ်နေသည်မှာ ကြာမည်ဖြစ်၍ ကိုဟန်သွဲ့ကို မျက်ခြည်ပြတ်သွားမှာ ကြောက်သည်။ ထို့ကြောင့် ဒေါက်တာထင်ရှားဆီသို့ မသွားတော့ဘဲ ပြတင်းပေါက်မှ ခုန်ထွက်ကာ ခြံကြီးထဲမှ တစ်ဆင့် လမ်းမပေါ်သို့ ပြေးထွက်သွားတော့သည်။

'ခွပ်. . . ခွပ်. . . ခွပ်'



'ခွပ်. . . ခွပ်'

ထိုအခါ ခပ်လှမ်းလှမ်းတွင် အမြန်မောင်းနှင်သွားသော မြင်းရထားတစ်စီးကို တွေ့လိုက်ရ၏။ ဤတွင် အားကစားသမား ဖြစ်သော မောင်ကျော်ထင်သည် မောပန်းခြင်းကို ဂရုမစိုက်ဘဲ မြင်းရထားနောက်သို့ အလျင်အမြန် ပြေးလိုက်လေတော့သည်။

မြင်းရထားကို မှီခြင်းမရှိသော်လည်း မောင်ကျော်ထင်မှာ ပြေးလိုက်ရင်းမှ မျက်ခြည်မပြတ် မြင်တွေ့နေရပေရာ တော်သေးသည်ဟု မှတ်ယူမိပေသည်။ မကြာမီ မြင်းရထားက ကျောက်ကုန်းဘက်သို့ ချိုးကွေ့သွားပြီးလျှင် ခြံကြီးတစ်ခြံရှေ့၌ ရပ်လိုက်သည်ကို လှမ်းတွေ့လိုက်ရ၏။

ပြီးလျှင် ဖြူဖြူသဏ္ဌာန်ကို ပွေ့၍ ခြံကြီးထဲမှ တိုက်အိမ်ကြီးပေါ် ရိပ်ခနဲ ထွက်ခွာသွားလေ၏။ မောင်ကျော်ထင်မှာ ထိတ်ခနဲဖြစ်သွားကာ ခြေလှမ်းများ ကို အမြန်ဆုံးနှုန်းဖြင့် လှမ်း၍ ပြေးပြန်လေ၏။

သို့သော် မောင်ကျော်ထင်တစ်ယောက် ခြံဝသို့ရောက်ရန် ဝါးနှစ်ရိုက်ခန့်အလိုတွင် အရှေ့အရိပ်သဏ္ဌာန်မှာပျောက်ကွယ်သွားပြီး ဖြစ်လေ၏။

'ဟင်း. . . ဒုက္ခပါပဲ၊ ဒီလူယုတ်မာ သူဇာနွယ်ကို အိမ်ကြီးပေါ် ခေါ်သွားပြီထင်တယ်'

မောင်ကျော်ထင် ရင်ထဲတွင် စိုးရိမ်စိတ်များ လှုံ့ဆော်ကာ အထက်ပါအတိုင်း ရေရွတ်ပြီးသကာလ ခြံကြီးထဲသို့ ပြေးဝင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ နောက် တိုက်အိမ်ကြီးရှိရာသို့ လာခဲ့သည်။

တံခါးမှာ အတွင်းဘက်မှ ပိတ်ထားသည် ဖြစ်ရကား မောင်ကျော်ထင်မှာ မကြံတတ်အောင်ဖြစ်ရရှာလေ၏။ ပြီးမှ စေ့စေ့စပ်စပ် ဂရုတစိုက် ကြည့်လိုက်သောအခါ တရုတ်ကပ်နေရာကို တွေ့ရသောကြောင့် ကုတ်ကစ် တက်ရောက် ပြီးလျှင် မှန်များကို လက်သီးဖြင့် ထုခွဲလေ၏။

'ချွမ်'

'ခလွမ်'

ထို့နောက် မှန်ချပ်လွတ်သွားသော ထိုနေရာမှ လှမ်းဝင်လိုက်စဉ်၊ အိမ်ကြီးအပေါ်ထပ်မှ ကြောက်မက်ဖွယ် ရယ်မောသံနှင့် အတူ ကျေကျေနပ်နပ် ကြိမ်းဝါးသံကြီးကို ကြားလိုက်ရပေတော့၏။

'ဟား ဟား ဟား ဟား သိပ်ကိုမာနကြီးတဲ့ သူဇာနွယ်၊ မင်းကိုအရှင် မပေါင်းရရင် အသေဘဝရောက်အောင် လုပ်ရမှာ ငါ့တာဝန်ပဲ၊ ကဲ. . . အခုတော့ ဘာတတ်နိုင်သေးလဲ၊ ဒီမှာဟေ့ ဟန်သွဲ့ဆိုတဲ့ ငါက မစားရတဲ့အမဲကို သဲနဲ့ပက်တတ်တယ်ဆိုတာ ယုံထား၊ အေး. . . နင့်ရဲ့ကောင်ကို လဲ သတ်ရဦးမယ် ဆိုတာ မှတ်ထား၊ သူဇာနွယ်. . . ဟီး ဟီး ဟီး'

'ဟေ့လူ ကိုဟန်သွဲ့. . . ကိုဟန်သွဲ့၊ သူဇာနွယ်ကိုဘာမှ မလုပ်နဲ့နော် ကျုပ်သတ်မယ်၊ ခင်ဗျားကို သတ်မယ်၊ မပြေးနဲ့'

'ဒုန်း. . . ဒုန်း'

မောင်ကျော်ထင်က အထက်ပါအတိုင်း အော်ဟစ်ပြီး



နောက် လှေကားထစ်များကို ကျော်၍အပေါ်ထပ်သို့ အလျင်အမြန် တက်လေ၏။ အပေါ်ထပ် ရောက်သောအခါ အိပ်ခန်းရှိရာသို့ တစ်ရှိန်ထိုး ဝင်ရောက်သွားခဲ့ပေ၏။

'ဟင်. . . သူဇာ. . . သူဇာ. . . သူဇာ ဘာမှ မဖြစ်ဘူးနော်'

ရုတ်တရက် အိပ်ပျော်နေသကဲ့သို့ ရှိနေသော သူဇာနွယ် တစ်ယောက်တည်းကိုသာ တွေ့လိုက်ရသည်တွင် မောင်ကျော်ထင်မှာ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကာ သူဇာနွယ်၏ ပခုံးနှစ်ဘက်ကို အားပါးတရ ဆုပ်ကိုင်၍ ပြောလိုက်ရှာ၏။

'ဟား ဟား ဟား ဟား'

ယင်းသို့ရှိစဉ် တိုက်အိုကြီး၏ အနောက်မြေပြင်မှ ကိုဟန်သွဲ့၏ အားပါးတရ ရယ်သံကြီးကို ကြားလိုက်ရသည်ကြောင့် မောင်ကျော်ထင်က ဒေါသဖြင့် ပွင့်နေသော ပြတင်းပေါက်မှ သွားရောက်ငုံ့ကြည့်လိုက်လေ၏။

သို့ပါသော် မှောင်ရိပ်မည်းက လွှမ်းနေသည်ဖြစ်ရာ သစ်ပင်သစ်ရွက်များမှ လွှဲ၍မည်သည့်အရိပ်သဏ္ဌာန်ကိုမျှ မတွေ့ရှာ။ နှုတ်ခြည်ပင် ချစ်ဖနီး သူဇာနွယ်ရှိရာသို့ တစ်ဖန်ပြန်လာခဲ့ပြန်လေ၏။

ပြီးလျှင် သူဇာနွယ်၏နားခေါင်းသို့ ခေါင်းငုံ့၍ နားထောင်ကြည့်ရာ အသက်ရှူသံကို လုံးဝ မကြားရသဖြင့် သူဇာနွယ်သေဆုံးသည့်အဖြစ်ကို ရုတ်တရက် သိလိုက်ရပြီးလျှင် ဟစ်အော်ငိုကြွေးမိလေတော့၏။

www.burmeseclassic.com

ထိုသို့ငိုကြွေးရင်မှ စိတ်ထိခိုက် ဝမ်းနည်းကြေကွဲရပြီးလျှင် မောင်ကျော်ထင်မှာ သွက်သွက်ခါအောင် ရူးသွားရပေတော့၏။

မကြာမီမှာပင် ပုလိပ်ရာဇဝတ်အုပ်နှင့် ပုလိပ် အမှုထမ်းများ ရောက်ရှိလာကာ ရူးသွပ်လျက် အလောင်းကိုဖက်ကာ ငိုရှိုက်နေရှာသော မောင်ကျော်ထင်ကို ဖမ်းဆီးခေါ်ဆောင်သွားလေတော့သတည်း။

## စာဖတ်သူသို့ မေတ္တာရပ်ခံချက်

ဤနေရာ၌ ကျွန်ုပ်အနေနှင့် စာဖတ်သူများသို့ မေတ္တာရပ်ခံချက် ရေးသားရန် ဆန္ဒဖြစ်မိပေ၏။

အဘယ်ကြောင့်ဆိုသော် အထက်ပါရေးသားချက်များမှာ ဇာတ်လမ်း သဘာမျိုးဇာတ်ဝန်ခန်းအဖြစ် တန်ဆာဆင်၍ရေးသားရာ၌ စာဖတ်သူများ ပိုမိုဖတ်ရှုကောင်းနိုင်သော်လည်း ယခုထပ်မံတင်ဆက်မည့် အပိုင်းတွင်ကား မောင်ကျော်ထင်၏ မှတ်စုပါအတိုင်းငှင်းရေးသားသကဲ့သို့တင်ဆက်က ပိုမိုကောင်းမည်ဟု ကျွန်ုပ်သဘော ရရှိလေ၏။

ထို့ကြောင့်ပင် ဤနေရာ ဤအခန်းမှ စတင်ကာ မောင်ကျော်ထင်၏ 'ကျွန်ုပ်' ဟူသော အသုံးအနှုန်းနှင့်ရေးသားထားသည်အား ဆက်လက် ဖတ်ရှုကြပါရန် စာဖတ်ပရိတ်သတ်များသို့ လေးစားစွာ မေတ္တာရပ်ခံ အသိပေးရပါလေ၏။

——



## အခန်း (၃၃)

ကျွန်ုပ်၏ စိတ်များသည် ကြည်ကြည်လင်လင် ဖြစ်လာသောအခါ ကျွန်ုပ်မှာ ကျွန်ုပ်၏ သူငယ်ချင်း ဒေါက်တာ ထင်ရှား၏ အိမ်တွင် ရှိနေကြောင်းအံ့သြစဖွယ်တွေ့ရှိရလေ၏။

သေဆုံးနေသော သူဇာနွယ်၏ အလောင်းမှလွဲ၍မည်သည့်အရာကိုမျှ ကျွန်ုပ် မမှတ်မိတော့ပါပေ။ ကျွန်ုပ်အား ကြည့်ကာ ဒေါက်တာ ထင်ရှားက. . .

'မောင်ကျော်ထင်ရာ၊ မင်းအခုလိုလူကောင်းတစ်ယောက်ဖြစ်လာတာ ငါဖြင့် အတိုင်းမသိ ဝမ်းသာမိတာ အမှန်ပဲ၊ ငါဖြင့် မင်းကိုပစ်လိုက်ရတော့မလား မှတ်ထင်နေတာကွ' ဟု မျက်ရည်များ ခဲလျက်မှ ကြင်နာစွာ ပွေ့ဖက်၍ ပြောရှာလေ၏။

ထိုအခါ ကျွန်ုပ်က. . .

'ကျွန်တော်ဘာဖြစ်လို့လဲဗျ' ဟု အမှန်တကယ် မသိသည့်အတွက် မေးလိုက်ရာ ဒေါက်တာထင်ရှားက. . .

'မင်းဟာ သူဇာနွယ်ကို ဖမ်းခေါ်သွားတဲ့ လူနောက်ပြေးလိုက်သွားပြီး ရက်အတန်ကြာ ပျောက်ကွယ်နေခဲ့တယ်၊ တစ်နေ့မှာတော့ ကိစ္စတစ်ခုနဲ့ ကြည့်မြင်တိုင်ဘက်ကို ကားနဲ့သွား ဆံပင်

www.burmeseclassic.com



စုတ်ဖွားနဲ့ ရူးသွပ်နေတဲ့ မင်းကို တွေ့တာမှာ ချော့မော့ပြီး အိမ်ကို ကားနဲ့တင်ခေါ်ခဲ့ရတယ်၊ အိမ်ရောက်တော့ စိတ်ရောဂါအထူးကု ဆေးရုံက ငါ့မိတ်ဆွေဆရာဝန် တစ်ယောက်နဲ့ ကြပ်မတ်ပြီး ကုသခဲ့တာ ခြောက်လနဲ့ ဆယ်ရက်ရှိသွားပြီကွ၊ အခုတော့ မင်းရဲ့ ရောဂါဟာ ရှင်းရှင်းလင်းလင်းပျောက်သွားပြီပေါ့နော်' ဟု ပြောပြ

ကျွန်ုပ်လည်း ထိုအခါကျမှ ကျွန်ုပ်ဘဝကို အသေအချာ သိရလေ၏။ သူဇာနွယ်အတွက် ဖြစ်ပေါ်ရသည့် ရူးသွပ်ခြင်း ဝေဒနာ သည်လည်း ရှင်းရှင်းလင်းလင်း ပျောက်ကင်းပြီး ဖြစ်သည်။

ကျွန်ုပ်မောင်ကျော်ထင်၏ ဘဝ၌ လွန်စွာ ချစ်ခင်နှစ်သက် လှသည့် ဇနီးချောသေဆုံးပြီးသည့်မှစ၍ လူ့လောက၌ နေရန်အ ကြောင်းမရှိတော့ပြီတည်း။ ထို့ကြောင့်ပင် ကျွန်ုပ်ပိုင်ဆိုင်သော ငွေကြေးများကို အမျိုးသားကျန်းမာရေးဌာန၊ ဆေးရုံ၊ လူအိုရုံ စေတီပုထိုးများသို့ ထိုက်သင့်အားလျော်စွာ လှူဒါန်းကာ. . .

ကျန်ကုတ္တိုင်းရှိအိမ်နှင့်မြေအပြင် ငွေစအချို့ကိုကျွန်ုပ်အား ခင်ဆုံး သူငယ်ချင်းဒေါက်တာ ထင်ရှား အမည်ဖြင့်ဘဏ်တွင် အပ်ခဲ့လေ၏။

ပြီးလျှင် ကျွန်ုပ်တစ်ယောက်တည်း သင့်တော်ရုံ ငွေ အနည်းငယ်ဖြင့် ရောက်ရာပေါက်ရာ ထွက်လာခဲ့တော့သည်။

ထိုသို့ထွက်လာရာတွင် ကျွန်ုပ်၏ သူငယ်ချင်းနှင့် ပုဂ္ မိတ်များဖြစ်သော ဦးပညာနှင့်ဒေါ်မာလာတို့ အလစ်တွင် ထွက် ခဲ့ခြင်း ဖြစ်ကြောင်း ပြောလိုပါ၏။



ဤသို့ဖြင့် ခရီးထွက်ခွာလာခဲ့ရာ မြို့ရွာအနှံ့သို့ ရောက်ခဲ့၏။ ဘုရားပေါင်းစုံ ဖူးရ၏။ ဆာလျှင် ထမင်းဆိုင်၌ ဝယ်စား၏။ ရေဆာလျှင် လမ်းဘေးရေအိုးစင်၌ သောက်၏။ အိပ်ချင်လျှင် သစ်ပင်တစ်ပင် အောက်၌ အိပ်စက်၏။ လူအများက ကျွန်ုပ်အား စိတ်မနံ့သူတစ်ဦးဟူ၍ အထင်ရှိ ကြမည်ဖြစ်ပေ၏။ သို့သော် ကျွန်ုပ်မမှုပါ။

ချစ်သောသူနှင့် ကွေကွင်းခြင်းသည် ဆင်းရဲခြင်းတစ်မျိုး ဟူ၍ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားခဲ့သည့်ဓမ္မစကား အတွက် ကျွန်ုပ်၏ချစ်သူ သူဇာနွယ် သေဆုံးချိန်မှ စ၍ ကျွန်ုပ်ဘဝ တွင် လူ့လောက၌နေလိုစိတ် ကင်းမဲ့ခြင်း ရှိခဲ့လေပြီ။ ထို့ကြောင့်လည်း မည်သည့်အရာကိုမှ မမက်မောတော့ပဲ သေလျှင် ဝဋ်ကျွတ်သည်ဟု သဘောပိုက်လျက် ထိုကဲ့သို့ တေပေနေခြင်းပင် ဖြစ်လေတော့၏။

ခြောက်လခန့်ကြာသောအခါ၌မူ ကျွန်ုပ်တွင် ငွေကြေးဟူ၍ ခြူးပြားတစ်ပြားမျှ မကျန်တော့ပါပေ။

ထိုအခိုက် လှေသူကြီးဟု ယူဆရန်ရှိသည့် လူကြီးတစ်ဦးက ထမင်းဆိုင်တစ်ဆိုင်ရှေ့၌ ကျွန်ုပ်နှင့် အမှတ်မထင်တွေ့ရာမှ သနား စိတ်ဝင်လျက် ကျွန်ုပ်အား သူ၏စက်လှေတွင် အလုပ်လုပ်ရန် ပြော ကြားလေသည်။ ကျွန်ုပ်လည်း ရောက်လိုရာရောက်၊ ထမင်းစား ရလျှင် ပြီး ရောဟူ၍ သဘောရှိသည်နှင့် ထိုလှေသူကြီး ပိုင်ဆိုင်သော 'ရွှေနတ်မောင်' စက်လှေကြီးတွင် လှေသားအဖြစ် အလုပ်လုပ်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။

ရက်များမကြာမီ စက်လှေထွက်လာခဲ့ရာ ပင်လယ်ပြင်သို့ ရောက်ခိုက် ကျွန်ုပ်တွင် ငှက်ဖျားရောဂါ ဝင်ရောက်လာတော့၏။

လှေသူကြီးမှာ စိတ်ကောင်းရှိသူဖြစ်သည့် အားလျော်စွာ ကျွန်ုပ်အားအလုပ် မလုပ်စေဘဲလျက် စက်လှေတွင် ပါလာသည့် ဆေးမြီးတိုတို့ဖြင့် ကုသပေး၏။

သို့ပါသော် ကျွန်ုပ်၏ ရောဂါမှာ သက်သာလာသည် မရှိဘဲ ပိုမိုဆိုးရွားလာခဲ့လေရာ လှေသူကြီးသည် မြိတ်အရောက်၌ စားသောက်ဆိုင် တစ်ဆိုင်၏နံဘေး အဖီလေးတွင် ထိုဆိုင်ရှင်အား ငွေအတော်များများ ပေး၍ ဖြစ်လိုရာဖြစ်စေဟု သဘောထားလျက် စက်လှေထွက်ခွာသွားတော့၏။

ကျွန်ုပ်မှာ ခြောက်လကျော်မျှ အနေအထိုင် အစားအသောက် မမှန်ခြင်း၊ ကျန်းမာရေး အခြေအနေနှင့် မကိုက်ညီခြင်း စိတ်၏ဆင်းရဲခြင်း သောကဗျာပါဒများယှက်နွယ်နေသည့်ကြားတွင် တစ်သက်တွင် မခံစားဖူးသည့် ပင်လယ်ရေပြင်၏ အတွေ့အထိ ငွေ့အသက်များကြောင့် ငှက်ဖျားရောဂါရခဲ့ခြင်း ဖြစ်ကြောင်း ထင်မြင်မိ၏။

သို့ပါသော် ကျွန်ုပ် ဝမ်းမနည်းပါချေ။

ရက်များမကြာမီ ထိုရောဂါဖြင့်ပင် ကျွန်ုပ်သွားလိုသော ဘဝတစ်ပါးသို့ ပြောင်းလဲသွားရောက်ရမည်ဟု ကျွန်ုပ်တွေးမိ၏။

ထိုနေ့က လွန်စွာ ရောဂါသည်းလေရာ ကျွန်ုပ်မှာ ထိုအချိန်



လေ၌ သတိလစ်မေ့မြောကာ ကယောင်ကတမ်းဖြစ်နေလေတော့၏။

ကျွန်ုပ်သတိရ၍ မျက်စိဖွင့်ကြည့်လိုက်သည်တွင် လူဂုဏ်တန် တစ်ဦး၏ အိမ်ကြီးအိမ်ကောင်း တစ်ဆောင်ရှိ ခမ်းနားသပ်ရပ်သော ခုတင်တစ်ခုပေါ်၌ ရောက်ရှိနေကြောင်း သိရတော့သည်။

သိပင်သိသော်ငြားလည်း ထိုအချိန်အထိ ကျွန်ုပ်မှာ လွန်စွာ ဖျားနေဆဲဖြစ်ရာ မေးမြန်းခြင်း မပြုနိုင်ဘဲ ကျွန်ုပ်မကြာခဏသတိလစ်ပြန်လေတော့၏။

ထိုသို့ သတိလစ်သွားစဉ် အခါများတွင် ဖြူဖွေးသော တောင်တန်းကြီးများက ကျွန်ုပ်အား လက်ယပ်ခေါ်ကာပြုံးပြနေသည့် ကျွန်ုပ်၏ ဇနီးသည် သူဇာနွယ် ဘူးဘုရား၌ တွေ့ခဲ့ဘူးသည့် ယောဂီပုဂ္ဂိုလ်ကြီး၊ ထို့နောက် အသားညိုညို၊ ပုပုဂင်တို လူတို့သည် ကျွန်ုပ်အား တစ်လှည့်စီ ဓာတ်ရှင်ပြသကဲ့သို့ ပေါ်လိုက်သော်လည်းကောင်း၊ ပျောက်ကွယ်၍သော်လည်းကောင်း တစ်လှည့်စီ တွေ့မြင်လျက်ရှိချေတော့၏။

တစ်ခါတစ်ရံ၌ လေထဲတွင် မျောပါနေသည့် တိမ်များပေါ်တွင် စီးနင်းရသကဲ့သို့ လည်းကောင်း၊ တစ်ခါတစ်ရံ အသူတရာမျှ နက်ရှိုင်းလှသည့် ချောက်ကမ်းပါးကြီးအတွင်းသို့ ထိုးကျသွားသကဲ့သို့ လည်းကောင်း ရင်တစ်လှပ်လှပ် ခံစားရသေးလေ၏။

ကျွန်ုပ်မည်မျှ ကြာအောင် သတိလစ် မေ့မြောနေသည် မသိပေ။ ကျွန်ုပ်ပြန်လည်၍ သတိရလာချိန်တွင် ကျွန်ုပ်နှင့် လွန်စွာ ရင်းနှီးလှသည့် လူတစ်ယောက်၏ အသံကို အဝေးမှ ပဲ့သဲ့သဲ့ကြား

www.burmeseclassic.com

www.burmeseclassic.com



ရသည်ဟု ထင်မြင်မိပေ၏။

'ကျော်ထင် . . . ကျော်ထင် . . . သူငယ်ချင်း သတိရလာပြီလား၊ သတိရလား'

ကျွန်ုပ်မှတ်မိပါ၏။

ကျွန်ုပ်ကောင်းစွာလည်း သတိရပြီးဖြစ်ပါသည်။ ထိုအသံသည် ကျွန်ုပ်လွန်စွာ ချစ်ခင်ရင်းနှီးခဲ့သည့် သူငယ်ချင်းဖြစ်သည့် ဒေါက်တာ ထင်ရှား၏ အသံ အစစ်အမှန်ဖြစ်လေသတည်း။

ကျွန်ုပ်၏ မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်လိုက်သောအခါ ကျွန်ုပ်အား စိုးရိမ်ခြင်း၊ ဝမ်းသာခြင်း၊ ယူကျုံးမရခြင်းတို့ဖြင့် ကြည့်နေရှာသည့် ဒေါက်တာ ထင်ရှားကို အမှန်တကယ်တွေ့မြင်ရတော့လေသည်။

ထိုနေရာ၌ အတိုချုံး၍ ပြောရလျှင် ကျွန်ုပ်ဖျားနေကာ သတိလစ်နေစဉ်အတွင်း မြိတ်မြို့သို့ ရှားရှားပါးပါး ရောက်ရှိနေသည့် ကျောင်းနေဘက်သူငယ်ချင်းတစ်ဦးက ကျွန်ုပ်အား အမှတ်မထင် မှတ်မိသိရှိသွားခဲ့လေ၏။

ထို့ကြောင့်ပင် ကျွန်ုပ်နှင့် တစ်ပူးတွဲတွဲ ရှိနေခဲ့သော ဒေါကတာ ထင်ရှားထံသို့ ကြေးနန်းရိုက်၍ အကြောင်းကြားရာမှ ဒေါက်တာ ထင်ရှားနှင့် မိသားစုများ ကျွန်ုပ်အဖြစ်အပျက်ကို သိရှိကြတော့၏။

ထိုအခါ ဒေါက်တာ ထင်ရှားက ငှင်းဖခင်၏ မိတ်ဆွေဖြစ်သ ကန်သည်ကြီးတစ်ယောက်အား စက်လှေဖြင့် လာနေခိုတ်



ကျွန်ုပ်အား ခေါ်ယူ၍ အထူးဂရုစိုက်ကုသပါရန် သံကြိုးရိုက်ပန်ကြားချက်ကြောင့် ကျွန်ုပ်ခမ်းနားသော ထိုအိမ်ကြီးသို့ ရောက်ရှိခဲ့ရကြောင်းမျှသာ ဖြစ်လေ၏။ ဒေါက်တာ ထင်ရှားက ကိုယ်တိုင်အထူးဂရုစိုက်ကုသသော ကြောင့် ကျွန်ုပ်၏ရောဂါမှာ တစ်နေ့တခြား ကောင်းမွန်လာလျက် မကြာမီ ယခင်အတိုင်း ကျန်းမာစွာရှိနေတော့၏။

သို့အတွက် ယခင်ကလို ခြေသလုံးအိမ်တိုင် နေထိုင်ခြင်းမပြုဘဲ သူနှင့်အတူ ပြန်လည်လိုက်ပါရန် ဒေါက်တာ ထင်ရှားက အနူးအညွတ် မေတ္တာရပ်ခံရှာလေ၏။

ကျွန်ုပ်အတွက်မူ မထူးခြားလှသော်လည်း ကျွန်ုပ်အား သံယောဇဉ် လွန်စွာကြီးရှာသည့် မိသားစုသုံးဦး စိတ်ချမ်းသာစေရေးအတွက် လိုက်ပါရန် ကတိပြုလိုက်သောအခါ ကျွန်ုပ်၏ သူငယ် ချင်း ဒေါက်တာထင်ရှားမှာ ဝမ်းသာလွန်းသောကြောင့် မျက်ရည် များပင် ကျသည်အထိ ဖြစ်ရှာလေ၏။

ဤသို့ဖြင့် ဒေါက်တာ ထင်ရှားနှင့် ကျွန်ုပ်တို့နှစ်ယောက်သည် အိမ်ရှင်များကို နှုတ်ဆက်ပြီးသကာလ ကြုံရာသင်္ဘောဖြင့် လိုက်ပါရန် စီစဉ်ကြတော့၏။ ထိုနေရာ၌ ကံကြမ္မာ၏ ဆန်းကြယ်မှုကို ကျွန်ုပ်ရေးသားရန် လိုအပ်သည်ဟု ထင်မြင်မိပေ၏။

အကြောင်းသော်ကား ကျွန်ုပ်တို့လိုက်ပါမည့် စက်လှေမှာ မြိတ်ကုန်မြို့မှ ကျွန်ုပ်လိုက်ပါသည့် သင်္ဘောကောင်းလှသော လှေသူကြီး၏ 'ရွှေနတ်မောင်' စက်လှေကြီးပင် ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



လေ့သူကြီးမှာ ကျွန်ုပ်အား အသက်မသေဘဲ တွေ့ရသောကြောင့် ဝမ်းသာသည်ကတစ်ကြောင်း၊ ဒေါက်တာ ထင်ရှားပြောပြချက်အရ ကျွန်ုပ်မှာသူဌေးတစ်ဦးဖြစ်သည်ဟု သိရ၍တစ်ဖုံ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရှာလေ၏။

'ရွှေနတ်မောင်သည်' ကုန်များကိုမြိတ်မြို့ဆိပ်ကမ်းမှ တင်ဆောင်ပြီးသည်နှင့် ရန်ကုန်မြို့သို့ အလျင်အမြန် ထွက်ခွာတော့သည်။ သို့ပါသော် ရှင်မော်နှင့် မလိအနီးအရောက်၌ ကြီးမားသော မုန်တိုင်းကြီးတစ်ခု ရုတ်ခြည်းဖြစ်ပေါ်လာသည်ကြောင့် လူးလွန့်လျက် ဦးတည်ရာမဲ့သော လေ့ငယ်ကဲ့သို့ ဆောက်တည်ရာမရ ဖြစ်နေတော့၏။

'မရတော့ဘူး၊ မရတော့ဘူးဟေ့၊ အသက်ကယ်လေ့တွေချပြီး လွတ်ရာကို သွားကြပေတော့' ဟု လေ့သူကြီးက လေတိုးသံများကြားမှ အသံဝါကြီးနှင့်အော်ဟစ်လေ၏။

ထိုနေရာ၌ ပြောရန်ကျန်ရှိသည်မှာ ထိုစက်လေ့မှာ ကုန်များကိုတင်ဆောင်သည့် စက်လေ့မျှသာ ဖြစ်သည့်အတွက် ခရီးသည်ဟူ၍ ကျွန်ုပ်တို့နှစ်ယောက်မှအပ မည်သူမျှ မပါရှိခြင်းပင်တည်း။

ကျန် သင်္ဘောရှိ လူသားများမှာ စက်လေ့သူကြီးနှင့် လုပ်သားများသာ ဖြစ်လေ၏။ လှိုင်းများမှာ မိုးသက်လေပြင်းများကြောင့်ပေါက်တော့မည့် နဂါးကြီးများ ပါးပျဉ်းထောင်သကဲ့သို့ ရှိနေတော့၏။

မာန်ဖီနေသော လှိုင်းလုံးကြီးများသည် တစ်ဝုန်းဝုန်းတဖြုန်းဖြုန်းဖြင့် 'ရွှေနတ်မောင်' စက်လေ့အား ဖါးမျိုရန် တပ်လှန့်နေကြလေ၏။



ထိုခဏမှာပင်. . . .

'ဟေ့. . . ကျော်ထင် မဖြစ်တော့ဘူးကွ၊ ဘယ်နည်းနဲ့မှ ဒီစက်လေ့ပေါ် နေလို့မဖြစ်တော့ဘူး၊ လာ. . . ငါ့နောက်လိုက်ခဲ့' ဟု ဒေါက်တာ ထင်ရှားက ကျွန်ုပ်အား ဆွဲခေါ်လေ၏။

ဤသို့ဆွဲခေါ်ရင်းမှလည်း ၎င်း၏နှုတ်မှ. . .

'စက်လေ့ကြီးစောင်းနေပြီ၊ မကြာခင် နစ်တော့မယ်ကွ' ဟု ပြောပြန်၏။

ထိုအခါ ကျွန်ုပ်က. . .

'အေးလေ. . . သွားမယ်ဆိုရင်လဲ ဟိုမှာ အသက်ကယ်လေ့တွေချနေပြီ မဟုတ်လား၊ အဲဒီလေ့တွေနဲ့ သွားကြရအောင်' ဟုပြောလိုက်၏။

'ဟာ. . . စောင့်လို့ မဖြစ်တော့ဘူး၊ အသက်ကယ်လေ့တွေ ဖြုတ်ပြီးရင် စက်လေ့လဲ မြုပ်ရော ဖြစ်မှာသေချာတယ်၊ လေကထန် လှိုင်းတွေက ပိုးပြင်းလာတယ်ကွာ၊ လာ. . . လာ'

ထို့ကြောင့် ကျွန်ုပ်လည်း မည်သို့မျှ ပြန်လည်ပြောခြင်း အလျဉ်းမရှိဘဲ ဒေါက်တာ ထင်ရှားနောက်သို့ လိုက်ပါလာခဲ့တော့၏။ ထို့နောက် သူသည် မည်သည့်အချိန်က ဆောင်ထားခဲ့မှန်း မသိရသည့် သားရေကြိုးတစ်ချောင်းကို ထုတ်ယူလျက် ကြီးသောသစ်သားစည်ပိုင်း အလွတ်ကြီး တစ်လုံးကို စက်လေ့ခြမ်းပြင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



၌ ခက်ခဲစွာ လှိမ့်လေ၏။

ကျွန်ုပ်လည်း မနေသာသဖြင့် ၎င်းနှင့်အတူ လှိမ့်လေရာ မကြာမီ စောင်းနေသော စက်လှေကြီး၏ ဂန့်းပတ်နံဘေးသို့ ရောက်ရှိလေ၏။

'ကျော်ထင် . . . ပေးစမ်း၊ မင်းရဲ့လက်'

'ဘာလုပ်မလို့လဲ'

'ပေးစမ်းပါ မြန်မြန်'

ကျွန်ုပ်က လက်လှမ်းပေးလိုက်သည်တွင် ဒေါက်တာထင်ရှားသည် ကျွန်ုပ်၏ လက်တစ်ဖက်အား စောစောက တွေ့ရသည့် သားရေကြိုးနှင့် ချည်နှောင်လေ၏။

ထို့နောက် ၎င်း၏လက်တစ်ဖက်ကိုလည်း ထိုနည်းအတိုင်း ချည်နှောင်ပြန်လေ၏။ ပြီးလျှင် အစွန်းထွက်လျက် ရှိသည့်ကြိုးစနှစ်စဖြင့် သစ်သားစည်ပိုင်းကြီး၏ လက်ကိုင်များ၌ ချည်နှောင်လိုက်တော့၏။

'တစ်နှစ်သုံး ဆိုပြီး ချလိုက်တာနဲ့ လှုပါအလိုက်သင့် ခုန်ဆင်းသွားမယ်နော်၊ အောက်အရောက်မှာ စည်ပိုင်းနဲ့ ထပ်တူထပ်မျှ မကျစေနဲ့၊ ကိုယ်ကိုဘေးကိုလွှဲချလိုက်'

'ဟုတ်ပြီ၊ ချတော့'

'တစ် . . . နှစ် . . . သုံး'

'ဝုန်း . . . '

'ဗွမ်း . . . '



'ဗွမ်း . . . ဗွမ်း'

ကျွန်ုပ်မှာ အေးစိမ့်သော ပင်လယ်ပြင်၏ အတွေ့အထိကြောင့် ခေတ္တမျှ အာရုံကြောများဆိုင်းသွားပြီးလျှင် မကြာမီသတိရကာ သစ်သားစည်ပိုင်းကြီး မျောပါရာ နောက်သို့ ကိုယ်ကိုဖော့၍ လိုက်ပါရတော့၏။

'သတိမလွှတ်စေနဲ့ ကျော်ထင်'

'အေး . . . အေး'

ထိုအခါကျမှပင် ကျွန်ုပ်အား စိုးရိမ်တကြီး သတိပေးနေသော ဒေါက်တာ ထင်ရှားကို ကျွန်ုပ်နံဘေးတွင် တွေ့ရှိရလေ၏။

ကျွန်ုပ်တို့နှစ်ဦးလည်း တိုင်ပင်ထားကြသူများကဲ့သို့ 'ရွှေနတ်မောင်' စက်လှေကို ပြိုင်တူလှမ်းကြည့်လိုက်မိကြလေ၏။

ထိုအခါ ကြီးမားသော လှိုင်းလုံးကြီးတစ်လုံးအပုတ်တွင် 'ရွှေ နတ်မောင်' စက်လှေကြီးမှာ စက္ကူရွက်ကလေး တစ်ရွက်ကဲ့သို့ စောင်း ၍ နစ်မြုပ်သွားတော့၏။

'အင်း . . . စက်လှေကြီးနဲ့ လှေသားတွေတော့ သွားရှာကြပြီ၊ စိတ်မကောင်းစရာပဲကွာ၊ တို့တောင် သစ်သားစည်ပိုင်းကြီးကို အားကိုးမိလို့ တော်သေးတာပေါ့' ဟု လှိုင်းသံလေသံများကြားမှ ဒေါက်တာ ထင်ရှားက အော်ပြော၏။

ကျွန်ုပ်တို့လည်း စက်လှေကြီး၏ အခြေအနေကို မကြည့်အားတော့ဘဲ ရေစီးအတိုင်းလျင်မြန်စွာ မျောပါနေသော သစ်သား စည်ပိုင်းကြီးနောက်သို့သာ အလိုက်သင့်ကိုယ်ဖော့၍ လိုက်နေရ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ငှက်ဖျားရောဂါအခံရှိသော ကျွန်ုပ်မှာ ပင်လယ်ရေ၏ အေးမြမှုနှင့်အတူ လေပြင်း၏တိုက်ခတ်မှုကြောင့်တဆတ်ဆတ် တုန်နေတော့၏။

ထို့အတွက် ကျွန်ုပ်သတိလစ်သွားလေ၏။

ကျွန်ုပ်၏ အားခေါင်ခြောက်ကပ်၍ တစ်ကိုယ်လုံး အဆ 'မတန် ပူလောင်လာသည်ဟု ထင်မိသောကြောင့် မျက်စိများကို အားယူ ဖွင့်ကြည့်လိုက်သောအခါတွင် အလင်းရောင်နှင့်အတူ နေလုံးကြီးသည် ကျွန်ုပ်တို့ ဦးခေါင်းတည့်တည့်၌ရှိနေသည်ကို တွေ့ ရတော့၏။

ထိုအခိုက် အားနေသည့် လက်တစ်ဖက်ကို လှော်တက် ကဲ့သို့ ယက်နေသော ဒေါက်တာ ထင်ရှားက ဝမ်းသာအားရဖြင့်. . .

'ကျော်ထင်. . . မင်းသတိရလာပြီနော်၊ ငါတို့ရေစီးအတိုင်း မျောပေါ်လာတာ အခုဆိုရင် နှစ်ရက်ရှိသွားပြီကွ' ဟုဆို၏။

'ဟင်. . . နှစ်ရက်တောင် ရှိသွားပြီ ဟုတ်လား၊ ဒီလောက် တောင် ငါသတိမေ့သွားတာပေါ့၊ ဒါဖြင့် ငါက ဘာဖြစ်လို့ မသေ သေးတာလဲ' ဟု မေးမိ၏။

ထို့အတွက် ဒေါက်တာထင်ရှားက ပြုံး၍. . .

'မသေဆို၊ မင်းသတိလစ်ချိန်မှာ စည်ပိုင်းကြီးကိုလှိမ့်ပြီး မင်းကို စည်ပိုင်းအပေါ်ရှိနေစေလို့ပေါ့၊ ပြီးတော့ လိမ့်မကျအောင် ငါကလက်တစ်ဖက်နဲ့ ထိန်းထားတယ်လေ' ဟု ဆိုလေ၏။



ပြီးလျှင် ဒေါက်တာ ထင်ရှားက. . .

'ကဲ. . . ကဲ. . . မင်းအဖျားကျတုန်း ကျန်တဲ့ လက်တစ် ဖက်နဲ့ ငါ့လိုလှော်စမ်းကွာ၊ မင်းရဲ့ ဘယ်ဘက်ကိုလှမ်းကြည့်၊ ငါတို့ မသေတော့ဘူးကွ၊ ကျွန်းတစ်ကျွန်းတွေ့ရတယ်' ဟု ဝမ်းသာအား ရ ပြောလေသည်။

ဒေါက်တာထင်ရှား ပြောသည့်အတိုင်း ကျွန်ုပ်ကြည့်လိုက် သောအခါ ခပ်ဝေးဝေးဆီ၌ အမည်းစက်ကလေးတစ်စက်ကို တွေ့လိုက်ရလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်းရေစီးကြောင်း မှလွတ်မြောက် စေရန် လက်များနှင့် ပင်ပန်းကြီးစွာ လှော်ခတ်ရ တော့သည်။

ရေစီးမှာ သန်လှသည်ဖြစ်ရာ မကြာခဏပင်ရေစီးကြောင်း ထဲသို့ ပြန်လည်ရောက်သည်ချည်း ဖြစ်လေတော့၏။

ဒေါက်တာ ထင်ရှား၏အားပေးမှုကြောင့် ကျွန်ုပ်လည်း ဆက်လက်၍ လှော်ခတ်ပြန်သည်တွင် ပင်ပန်းမှုနှင့်အတူအေးချမ်း ခြင်းနှင့်ပူလောင်ခြင်းတို့ ရောထွေးကာ အဖျားပြန်တက်လေ၏။

ကျွန်ုပ်မှာ သတိမလစ်စေရန် အတတ်နိုင်ဆုံး ကြိုးစား ထိန်းသိမ်း နေရတော့သည်။ သို့သော် ထိန်းသိမ်းထားသည့် ကြားမှ မခံနိုင်တော့ဘဲ လျှက် မကြာမီ သတိလစ်သွားတော့၏။

ထိုကဲ့သို့ သတိမလစ်မီလေးတွင် ကျွန်ုပ်မြင်တွေ့လိုက်ရမိ သည်မှာ သစ်သားစည်ပိုင်းကြီးသည် ရေစီးကြောင်း အတွင်းမှ ခွဲထွက်သွားခဲ့ခြင်း ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၇)

'တုံ. . . တုံ. . . တုံ'

'ဗုံ. . . ဗုံ. . . ဗုံ'

ဗုံတီးသံများကြားရသည်ကြောင့် ပထမဦးစွာ လန့်နိုးလာသူမှာ ကျွန်ုပ်ဖြစ်ပါလေ၏။

အတိုင်းအဆမရှိ မောပန်းခြင်းနှင့်အတူ အခက်အခဲမှ အသက်အန္တရာယ် လွတ်မြောက်ရေးအတွက် စိတ်ဆန္ဒကိုပါ အသုံးချခဲ့ဟန်တူသော ဒေါက်တာ ထင်ရှားမှာ ခြေကုန်လက်ပန်းကျလျက် ကျွန်ုပ်အနီး သဲသောင်ပြင်ရှိစည်ပိုင်းကြီးနံဘေးတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေလေ၏။

'ဟေး. . . ဟေး. . . ဟေး'

'တုံ. . . တုံ. . . တုံ'

စီစီညံညံနှင့်သံပြိုင်ဟစ်ကြွေးကာ နီးသည်ထက်နီးလာသောအသံများသည် တစ်ဘက်တောစပ်၏ ဒုန်းပင်တန်းများဆီမှ ပေါ်ပေါက်လာခြင်းဖြစ်၏။



ထိုအခါကြမှ ကျွန်ုပ်တို့သည် သေကံမရောက်သက်မပျောက်ဘဲ ကျွန်းတစ်ကျွန်းပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့ကြောင်း သတိပြုမိတော့သည်။ ဤသို့ဆိုလျှင် ယခုကြားရသည့် ဟစ်ကြွေးသံများသည် လူရိုင်းများ၏ ဟစ်ကြွေးသံများပင်ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ်ယူဆ၏။

ထိုလူရိုင်းများမှာ ယဉ်ကျေးသူများဖြစ်ပါက ပြောဖွယ်မလိုတော့သော်လည်း အကယ်၍ရိုင်းစိုင်းကြမ်းတမ်းသူများဖြစ်ပါက ခက်ခြိမ့်မည်သာတည်း။

ထိုအခါ ကျွန်ုပ်တို့မှာ ဆီပူအိုးထဲ ခုန်ချသောသတ္တဝါကဲ့သို့ မီးနှင့်တွေ့ကာ ခန္ဓာစဲရမည်မှာ မုချဖြစ်သည်ဟု ယူဆလျက် အနီး၌ နှစ်ခြိုက်စွာအိပ်ပျော်နေသော ကျွန်ုပ်၏သူငယ်ချင်း ဒေါက်တာ ထင်ရှားကို ခပ်ကြမ်းကြမ်းလှုပ်နိုးရတော့သည်။

'ဟေ့. . . ထ. . . စမ်း၊ အစ်ကို ထင်ရှား၊ ဟေ့. . . အစ်ကို ထင်ရှား'

'အင်. . .'

'ထ. . . ထ၊ ဟိုမှာ လူရိုင်းတွေ ဒီကိုလာနေပြီ'

'ဘာ. . . ဘာ'

အရေးထဲတွင် ကျွန်ုပ်နိုးနေသည်ကို အိပ်မက်ဟု မှတ်ယူကာတစ်အင်အင်နှင့် မျက်စိမဖွင့်သော ဒေါက်တာ ထင်ရှားကိုကြည့်၍ကျွန်ုပ်မှာ ပြုံးမိသေးသည်။

ထို့အတွက် ကျွန်ုပ်က အရေးရှိက ခုခံနိုင်ရန်အတွက် ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ထက်အသက်ကြီးသော ကိုထင်ရှားအား ခြေထောက်ဖြင့်ကန်နှိုး၍. . .

ကျန်လက်တစ်ဘက်က သစ်သားစည်တွင် ချည်နှောင်ထားသောကြိုးများကို အမြန်ဆုံးဖြေရလေ၏။

'ဟေး. . . ထ. . . ထစမ်း'

'အင်. . .'

'တုံ. . . တုံ. . . တုံ'

'တုံ. . . တုံ. . . တုံ'

'ဟေး. . . ဟေး. . . ဟေး'

'ဝူး. . . ဝူး. . . ဝူး'

ဗုံသံနှင့်သံပြိုင်ဟစ်ကြွေးသံများသည် တောစပ်ရှိ အုန်းပင်တန်းအနီးသို့ရောက်ရှိလာပြီဟု ကျွန်ုပ်ယူမိ၏။

ကျွန်ုပ်တို့အတွက် အန္တရာယ်သည်လွန်စွာနီးကပ်လျက်ရှိချေပြီ။

'ကိုထင်ရှား၊ ကိုထင်ရှား'

ကျွန်ုပ်သည် ကြိုးပြေသွားသည်နှင့်တပြိုင်နက် ကိုယ်ထင်ရှား လက်မှကြိုးကိုလည်း အလျှင်အမြန်ဖြေပေးပြီးလျှင် ဆောင့်ကန်လိုက်လေတော့သည်။

'အား. . .'

ကိုထင်ရှားမှာ ကျွန်ုပ်ကန်လိုက်သည့်အရှိန်ကြောင့် အော်ဟစ်၍ သုံးပတ်ခန့် လိမ့်ထွက်သွားပြီးနောက် ကိုယ်ခံပညာတတ်ထား



သူတစ်ဦးဖြစ်သည့် အားလျော်စွာ ခုန်ထ၍တိုက်ခိုက်ရန်ပြင်လေတော့၏။

သို့သော် မည်သူကိုယ်မှ မတွေ့ရဘဲ ကျွန်ုပ်ကိုသာ တွေ့ရပေသာ ကြောင်တောင်တောင်ဖြစ်လျက်

'ဟ. . . ဘာဖြစ်တာလဲ ကျော်ထင်၊ ငါ့ကိုဘယ်သူကန်တာလဲဟင်' ဟုမေးနေလေ၏။

'ဟိုမှာ'

ကျွန်ုပ်က လူရိုင်းများလာနေကြောင်းတောစပ်ဘက်သို့ လက်ညှိုးညွှန်၍ ပြောရန်ပြင်လိုက်စဉ်အခိုက် လွန်စွာနီးကပ်လာသော ဗုံသံနှင့် ဟစ်ကြွေးသံများကို ဒေါက်တာ ထင်ရှားကြားသွားလေတော့၏။

'ဟိုက်. . . လူရိုင်းတွေဘာလား' ဟု ၎င်းကရေရွတ်လိုက၏။

ထို့ကြောင့် ကျွန်ုပ်က. . .

'ဒီတောင်တွေ အများကြီးဖြစ်မယ်၊ ပြေးကြစို့ အစ်ကိုထင်ရှား' ဟု ဆိုကာ ၎င်း၏လက်ကို ဆွဲ၍ စတင်ပြေးကြတော့၏။

ကျွန်ုပ်တို့ ပြေးလွှားစဉ်ကာလမှာပင် အုန်းပင်တန်းဘက်မှ ပြေးထွက်လာသည့် အသားမည်းမည်းတွင် ဖြူ နီ ကြောင်ကြား ဆေးမှင်ကြောင်များရေးဆွဲထားသည့် လူတစ်စုကို တွေ့လိုက်ရတော့သည်။

လက်ထဲ၌လည်း တမြောင်မြောင်တလက်လက် ဝင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သော လှံတံများဆွဲကိုင်ထားသည်ကို ရိပ်ခနဲတွေ့မြင်လိုက်ရပေ၏။

'ပြေး . . . ပြေး . . . ကျော်ထင် မိရင်မလွယ်ဘူးကွ၊ ဗီကောင်တွေကြည့်ရတာ အရိုင်းအစိုင်းတွေဘဲ အင်အားအတော်များပုံရတယ်' ဟု ဆိုကာ ဒေါက်တာ ထင်ရှားက ကျွန်ုပ်၏ လက်ကို အားမလိုအားမရဆွဲ၍ အားကုန်ပြေးလေ၏။

'ဟေး . . . ဟေး . . . ဟေး'

'ဝိုး . . . ဝိုး . . . ဝိုး'

'ဗွပ် . . . ရွှစ်'

'ဟာ . . .'

'ဟင် . . .'

မြှားတံနှစ်ချောင်းသည် လေတွင်ဝဲပျံလာပြီးနောက် ကျွန်ုပ်တို့၏ခြေချောင်းများကြားမှ ပြေးထွက်လာပြီးလျှင် ကျွန်ုပ်တို့ရှေ့သဲသောင်ပြင်ပေါ်၌ စိုက်သွားကာ ခါယမ်းနေလေ၏။

'ဟေ့ကောင် . . . ကျော်ထင်'

'ဟင် . . . ဟောဟဲ . . . ဟောဟဲ . . . ဘာလဲ'

'ငယ်ငယ်တုန်းက ခွေးရူးလိုက်တမ်းကစားတာတို့၊ သူခိုးပုလိပ်လိုက်တမ်းကစားခဲ့လို့ ဝင့်ခံရတာကွ၊ ဟား ဟား ဟား'

ကျွန်ုပ်မှာ သေမိဘေးသည် လွန်စွာနီးကပ်စွာရှိနေစဉ်အခိုက်မှာပင် ကျွန်ုပ်အားအားမငယ်စေရန် စိတ်ဓာတ်စစ်ဆင်ရေးနည်းဖြင့် သေမင်းအားပျက်ရယ်ပြုသည့်စကားကို ပြုလုပ်သည့် ကျွန်ုပ်မိတ်ဆွေ ဒေါက်တာ ထင်ရှားအား လေးစားမိပေ၏။



'ဟား ဟား ဟား ဟောဟဲ'

ထို့ကြောင့်လည်း ၎င်းစိတ်ချမ်းသာစေရန် မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်ရလေ၏။

သို့ပါသော် ကျွန်ုပ်၏ရယ်သံမှာ ရယ်သံနှင့်မတူဘဲ သေမင်းငင်သံနှင့်တူသည်ဟု ကျွန်ုပ်ယူဆမိလေ၏။

'ဝူး ဝူး ဝူး'

'ဝေး ဝေး'

'ဟေး ဟေး ဟေး'

'ရှီး ရှီး ရှီး'

'ဒေါက် ထောက် ထောက်'

မြှားတံများ ကျွန်ုပ်တို့ဦးခေါင်းများအနီးမှ ပျံလွှားငှက်ငယ်တစ်ကောင်ပမာ ကျော်လွှားသွားပြီးလျှင် သစ်ပင်အချို့တွင် သွားရောက်စိုက်ဝင်ပြန်ရာ အသည်းယားစဖွယ်ကောင်းလှပေတော့၏။

နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်တွင် လူရိုင်းသုံးဆယ်ခန့်မှာ ကျွန်ုပ်တို့နှင့် ဝါးသုံးရိုက်ခန့်သာ ကွာဝေးတော့ကြောင်းတွေ့ရလေ၏။

ထိုအချိန်၌ ကျွန်ုပ်မှာ ငှက်ဖျားရောဂါ အခံရှိခြင်း၊ ပင်လယ်ပြင်၏ ကြမ်းတမ်းမှုဒဏ်ကို ခံခဲ့ရခြင်းနှင့်အတူ ယခုလည်းသေပြေးရှင်ပြေး ပြေးနေသေးသည့် ဒဏ်များကြောင့် အမောဆို့ချက် သဲသောင်ပြင်ပေါ်၌ မှောက်လျက် လဲကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . ကျော်ထင် ဒုက္ခပဲ'

ကျွန်ုပ်သည် ဒေါက်တာထင်ရှား၏ အထက်ပါ ရေရွတ်သံကို နောက်ဆုံး ကြားလိုက်ရပြီးလျှင် သတိလစ်မေ့မျောသွားလေတော့၏။

❖❖❖❖❖

## အခန်း (၃၅)

'ဟေး ဟေး ဟေး ဟေး'

'အလားဟာ ဝေး ဝေး'

အထက်ပါအတိုင်း ရေရွတ်လိုက်သံများနှင့်အတူ အပူရှိန်များ ဟပ်သည်ကို ခံစားလိုက်ရသည့်အတွက် ကျွန်ုပ်မှာ သတိလစ်နေရာမှ ပြန်လည်၍ သတိရလာခဲ့လေ၏။

ထို့အတွက် မျက်စိများကိုဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်မိလေသည်။

'အား. . .'

လင်းလက်၍ တဟုန်းဟုန်းတောက်လောင်နေသော မီးပုံကြီး၏ အလင်းရောင်ကြောင့် ကျွန်ုပ်၏မျက်စိများ ကျိန်းစပ်သွား



သည်ကြောင့် အားခနဲ အော်မြည်ကာ ပြန်လည်၍ မှိတ်ထားလိုက်မိတော့၏။

'ဟေး ဟေး ဟေး'

'ဝေး ဝေး ဝေး'

'ဟူ ဟူ ဟူ ဟူ'

'တုံ တုံ တုံ'

ဆူညံစွာ ဩဘာပေးသံများနှင့်အတူ မီးအပူရှိန်မှာလည်း ပိုမိုပြင်းထန်စွာ ခံစားလိုက်ရသဖြင့် မျက်စိများက ဒုတိယအကြိမ်အားယူဖွင့်ကြည့်မိပြန်၏။

'ဟိုက်. . .'

ကျွန်ုပ်မှာ သေရမည်ကို ကြောက်လန့်ခြင်း အလျဉ်းမရှိသူတစ်ဦးဖြစ်ပါ၏။ သို့သော် ကျွန်ုပ်မြင်တွေ့ရသည့် မြင်ကွင်းမှာသေခြင်းထက် ပင် ထိတ်လန့်စရာ ကောင်းသေးသည်ဟု ကျွန်ုပ်ယူဆမိပါလေ၏။

အကြောင်းသော်ကား ဗလလွန်စွာ ကောင်းမွန်၍ တစ်ကိုယ်လုံး နံငယ်ပိုင်းသာသာမျှသာ ရှိသော အဝတ်အစားနှင့် ရုပ်ဆိုးဆိုးလူရိုင်းကြီးသည် လက်ထဲ၌ ကြီးမားသော ဓားကောက်ကြီးကို ကိုင်းဆွဲ၍ ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်တွင်ရှိနေသော အစွယ်ဖွေးဖွေးနှင့် နတ်ရုပ်ကြီးတစ်ရုပ် ရှေ့တွင် ဓားရေးပြနေသောကြောင့်ပင်. . .

'တုံ တုံ တုံ'

www.burmeseclassic.com

'တုံ တုံ တုံ တုံ'

ဗုံသံသည် နေ့ရာမှမြန်၊ မြန်ရာမှ သွက်လျက် ရှိသကဲ့သို့ လူ့ဘီလူးကြီးကလည်း သူ၏ရောမဓားကောက်ကြီးကို ကျွမ်းကျင်စွာ မြှောက်ကစားကာ ယိမ်းထိုး ကခုန်လျက် ရှိနေသည်မှာ သေရခြင်း ထက်ပင် ကြောက်လန့်ဖွယ် ကောင်းလှသည်ဟု ကျွန်ုပ်ထင်မြင်ယူ ဆမိပေတော့သည်။

'လူရိုင်းတွေ ငါတို့ကို ယဇ်ပူဇော်တော့မယ် ကျော်ထင်'

ဟု ကျွန်ုပ်နံဘေးမှ လေသံတိုးတိုးဖြင့် ဒေါက်တာထင်ရှား က ပြောလိုက်၏။

ထို့ကြောင့် ကျွန်ုပ်က ကြောက်လန့်စွာဖြင့် . . .

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲဟင်'

'ဘာလုပ်လို့ရမှာလဲ၊ မင်းနဲ့ငါရဲ့ ခြေထောက်နဲ့ လက်တွေ ကို မလှုပ်နိုင်အောင် ကြိုးတွေနဲ့သိုင်းပြီး၊ တိုင်မှာ အထပ်ထပ် တုပ် နှောင်ထားတာ မဟုတ်လား ကျော်ထင်၊ သေရရုံအပြင် ဘာတစ်ခုမှ မရှိတော့ဘူး ဆိုရမှာပေါ့' ဟု လေသံခပ်အေးအေး ပြောလိုက်သော ဒေါက်တာ ထင်ရှားကြောင့် ကျွန်ုပ်မှာ အံ့ဩသွားတာ. . .

'ဒါဖြင့် အသေခံကြရတော့မယ်' ဟု မေးလိုက်မလေ၏။

'အေးလေကွာ၊ ဒါအပြင် ဘာရှိသေးလဲ၊ ဟော ဟော. . . ကျော်ထင်ရေ. . . ဟိုကောင်ကြီး နတ်ဘုရားရုပ်တုကို ပူဇော်ပြီးသို့ တို့ဘက်ကိုလှည့်လာပြီ' ဟု မီးပုံကြီးအနီးမှ ကျွန်ုပ်တို့ဘက်သို့ လာနေသော လူ့ဘီလူးကြီးကို ကြည့်၍ ပြောလိုက်၏။



'ကျွန်တော်လဲ မြင်နေရပါတယ် အစ်ကိုထင်ရှား'

'အေး. . . ဒါဖြင့် အသေဖြောင့်အောင် ဘာတစ်ခုမှ မစဉ်း စားဘဲ စိတ်အေးအေးသာနေကွာ၊ ဩော်. . . ဘုရား တရား သံဃာနဲ့ အနန္တောအနန္တ ဂုဏ်တော် ကျေးဇူးတော်ကို အောက်မေ့ ဆင်ခြင်ကွာ၊ အဲဒါ အကောင်းဆုံးပဲ' ဟု ပြောလျက် ကိုထင်ရှားမှာ နှုတ်ဆိတ်သွားပေ၏။

ထို့ကြောင့်ကျွန်ုပ်လှည့်ကြည့်မိလိုက်ရာ ကိုထင်ရှားမှာ မျက်စိစုံမှိတ်လျက် ဘုရားအာရုံပြုနေကြောင်း တွေ့လိုက်ရ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ကိုထင်ရှားနည်းတူ ဘုရားအာရုံ ပြုရန်အတွက် ကျွန်ုပ်တို့ရှိရာသို့ လျှောက်လာနေသည့် ယဇ်ပူဇော် မည့် လူ့ဘီလူးကြီးကိုပင် ဥပေက္ခာပြု၍ မျက်စိကိုမှိတ်လိုက်တော့ သည်။

'ဟေး. . . ဝေး. . . ဝေး'

'တုံ. . . တုံ. . . တုံ'

'အရေး. . . အရေး. . . ဝေး'

ကြွေးကြော်သံ၊ အော်ဟစ်သံ၊ ဩဘာပေးသံများသည် တစ်ခဲနက် ဆူညံလျက် ရှိလေတော့၏။

ကျွန်ုပ်မျက်စိ ဖွင့်ကြည့်မိစဉ်အခါက တွေ့ရသည့် အော အုပ်အလယ်ရှိ ကွက်လပ်ကြီးတွင် စုဝေး၍လုံတံကြီးများကို ဆဆ ကိုင်နေသော အရွယ်စုံ ဆေးရောင်ခြယ် လူရိုင်းများသည် စိတ်စုံနိဝတ် နတ်ဆရာဖြစ်ဟန်တူသူနှင့် ဗုံတီးသူများ၊ ပြီးလျှင် ကြောက်လန့်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ရာနတ်ဘုရားရုပ်ကြီးနှင့် ယဇ်နတ်ပူဇော်မည့် လူ့ဘီလူးကြီးတို့၏ ရုပ်ပုံလွှာများမှာ ကျွန်ုပ်၏ မျက်စိထဲ၌ ပြန်လည်၍ အစီအရီပေါ်လာတော့သည်။

ထို့နောက် ကျွန်ုပ်လည်း ထိုအမြင်အာရုံများကို ဖျောက်ဖျက်၍ ရတနာသုံးပါးနှင့် အနန္တောအနန္တ ငါးပါးကို တိုင်တည်ဆုတောင်းလိုက်လေ၏။ ထိုခဏမှာပင် မယုံကြည်နိုင်ဖွယ် လေးစားဖွယ်ရာ အသံ တစ်သံသည် ကျွန်ုပ်၏ နားအနီးမှကပ်၍ ထွက်ပေါ်လာတော့သည်။

ထိုအသံမှာ 'သား. . . သားကြီး ဘာမှမဖြစ်ပါဘူး၊ သားကြီးကို ကယ်တင်မယ့်လူတွေ အချိန်မီ ရောက်လာလိမ့်မယ်၊ မကြောက်နဲ့၊ ဘုရားကိုသာ အာရုံပြုနေ' ဟူသော အသံပင် ဖြစ်လေ၏။

ထို့အတွက် ကျွန်ုပ်လည်း အံ့အားသင့်သွားကာ မျက်လုံးအစုံကို ဖျပ်ကနဲ ဖွင့်လိုက်စဉ်အခိုက်. . .

လူ့ဘီလူးကြီးသည် ကြီးမားသော ဓားကောက်ကြီးအားလေတွင် နှစ်ပတ်ခန့် ဝှေ့ဝဲပြီးသကာလ ကျွန်ုပ်၏ဇက်ရှိရာသို့ ပြင်းထန်သောအရှိန်နှင့် ခုတ်ပိုင်းလိုက်လေတော့၏။

'ဝှီး'

ထို့အတွက် ကျွန်ုပ်လည်း ကြောက်လန့်လျက် မျက်စိအစုံကို မှိတ်လိုက်စဉ်မှာပင်. . .

'ဒုတ်'



'အား'

ထိုလူ့ဘီလူးကြီး၏ ကျောပြင်မှနေ၍ ရင်ညွန့်သို့ ဖောက်ထွက်လာသော မြားတံတစ်ချောင်းကို ကျွန်ုပ် မျက်စိပြန်အဖွင့် မယုံကြည်နိုင်ဖွယ် တွေ့မြင်ရလေတော့၏။

ရုတ်ခြည်းပင် ဝူးဝူးဝါးဝါး အော်ဟစ်လျက် လဲကျသေဆုံးသွားသော လူ့ဘီလူးကြီးအား ကြည့်၍ ကျွန်ုပ်နှင့် ကိုထင်ရှားတို့ကြည့်နေစဉ်မှာပင် ညာသံပေး အော်ဟစ်သံများကို ကြားကြရပြန်လေ၏။

'မား. . . မား. . . မား'

'ဟစ်. . . ဟစ်. . . ဟစ်. . . ဟစ်'

သံပြိုင်ဟစ်ကြွေးသံနှင့်အတူ မြားမိုးကြီးလည်း အဆက်မပြတ် ရွာချလေရာ ကျွန်ုပ်တို့အား ယဇ်ပူဇော်မည့် လူရိုင်းသုံးပုံနှစ်ပုံမှာ နေရာတွင်ပင် ပွဲချင်းပြီး လဲကျသေဆုံးကုန်ကြတော့၏။

'ဟေး. . . ဝါး. . . ဟား. . . ဟား'

'တုံ. . . တုံ. . . တုံ'

ယဇ်ပူဇော်မည့် လူရိုင်းများမှာ လွန်စွာ တုန်လှုပ်ချောက်ချား၍ အချက်ပေးလူစုပြီးလျှင် ကျွန်း၏ တောအုပ်ကြီးအတွင်းသို့ ဝရုန်းသုန်းကား ဝင်ပြေးကြလေတော့၏။ ထိုအခိုက် လူပေါင်းတစ်ရာကျော်သည့် တစ်ဖက်တောစပ် မှ ထွက်ပေါ်လာပြီးနောက် ဇော်ချိပုံသဏ္ဌာန် ဝတ်ဆင်ထားသည့် ခေါင်းဆောင်ဖြစ်ဟန်တူသူက ယဇ်ပူဇော်မည့်ကွင်းပြင်သို့ ဦးစွာ ရောက်ရှိလာပြီးနောက်

www.burmeseclassic.com

နတ်ဘုရားရုပ်ကြီးကို ဖက်မှနေ၍ ၎င်းလက် ထဲမှ မားပြားကြီးဖြင့် ခုတ်ချလိုက်တော့၏။

'ဝှီး'

'ချွမ်း'

'ဝုန်း'

နတ်ဘုရားရုပ်ကြီး၏ ဦးခေါင်းမှာ ကျွမ်းထိုးမှောက်ခုံ ဖြစ်လျက် မြေပြင်သို့ ကျသွားသည်တွင် ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ ရှိရာသို့ ရောက်ရှိလာခဲ့ပြီးလျှင် ခြေဟန်လက်ဟန်နှင့် မေးနေလေ၏။

'မား . . . မား . . . မား . . . မား'

'ဟစ် . . . ဟစ် . . . ဟစ်'

စူးဝါး၍ အသံစာစာနှင့် ဟစ်ကြွေးသံများဖြင့် ၎င်း၏ လူအချို့မှာ လူရိုင်းများ ထွက်ခွာသွားရာသို့ စစ်ဆေးကြည့်ရှုနေလေ၏။ ထိုအခိုက် ဒေါက်တာထင်ရှားက ခြေနှင့်လက်တို့ကို ကြိုး တုပ်ထားကြောင်း မျက်စိဖြင့် သတိပေးလိုက်တော့၏။

'ဒုတ် . . . ဒုတ်'

'ရှီ . . . ရှီ'

ထိုသူသည် သူ၏ ထက်မြက်လှသော မားပြားကြီးကို လေတွင်ဝှေ့ယမ်း၍ ဘယ်ပြန်ညာပြန် ခုတ်ဖြတ်လိုက်လေရာ ထိုအခါကျမှပင် ကျွန်ုပ်တို့နှစ်ဦးမှာ လှုပ်ရှားနိုင်လေတော့၏။

ထိုအခါ ကျွန်ုပ်ကလည်းကောင်း၊ ဒေါက်တာထင်ရှား



ကလည်းကောင်း တတ်နိုင်သမျှ ခြေဟန်လက်ဟန် လုပ်ပြခြင်းဖြင့် သင်္ဘောမှောက်ရာမှ လူရိုင်းများ၏ ဖမ်းဆီးခြင်းကို ခံရပြီးလျှင် ယဇ်ပူဇော်ခံရမည့်အချိန်တွင် သင်တို့ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောပြရ၏။

ထို့အတွက် ကျေးဇူးတင်ပါကြောင်းလည်း အထပ်ထပ် ပြသရသေး၏။ ဤသို့ ပြုလုပ်နေရင်းမှပင် ဒေါက်တာထင်ရှားနှင့် ကျွန်ုပ်မှာ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံကာ ထိုအဖြစ်အတွက် ပြုံးမိကြသေးလေ၏။

'အို . . . မာကရာဂျာတားနား'

ဇော်ဂျီဝတ်စုံသဏ္ဍာန် ဝတ်ဆင်ထားသည့် ခေါင်းဆောင် ဖြစ်ဟန် တူသူက တစ်စုံတစ်ရာ ဟစ်အော်အမိန့်ပေးလိုက်ရာ တော အုပ်ထဲမှ လူအချို့ ထွက်လာပြန်လေ၏။ ၎င်းတို့သည် တစ်စုံတစ်ရာ ကိုဖြန့်ချလိုက်ရာ ဝက်ဝံသား ရေဖြင့် ပြုလုပ်ထားသည့် ထမ်းစင်ကဲ့သို့ အရာဝတ္ထုတစ်မျိုးကို ကျွန်ုပ် အံ့ဩစွာ တွေ့ရတော့သည်။

'ဟူးရေး ဟူးရေး'

ခေါင်းဆောင်က တက်ရောက်ရန် ပြောသည့်အတွက် ကျွန်ုပ်နှင့်ဒေါက်တာထင်ရှားလည်း ၎င်းတို့စိတ်မပြောင်းမီ ထိုထမ်းစင်ကဲ့သို့သော အရာဝတ္ထုတစ်ခုစီပေါ်သို့ အလျှားဖားလျားတက်ရောက်လိုက်ကြရတော့သည်။

'ဟမ်းမားရေး ကနနောင်း'

ထို့နောက် ဆက်လက်အမိန့်ပေးပြန်ရာ နဖူး၌လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ပန်းနှင့် ရင်ဘတ်တွင်လည်းကောင်း တိရစ္ဆာန်အစွယ် အမျိုးမျိုးကို ဆင်မြန်းထားသည့် လူများသည် ကျွန်ုပ်တို့အား သယ်ဆောင်၍ တောအုပ်အတွင်းသို့ ဝင်ရောက်သွားလေ၏။

လမ်းတစ်လျှောက်တွင် စားသောက်စရာများကို ကျွေး၏။ ရေတိုက်၏။ တောလမ်းကလေးအတိုင်း သွားရပြန်လျှင်လည်း ကျွန်ုပ် တို့ ထမ်းစင်ရှေ့တွင် ကားဆီးနေသည့် ချုံနွယ်ပိတ်ပေါင်းများ အားခုတ်ထွင် ရှင်းလင်း၏။

ထို့အတွက် တစ်ဖက်ထမ်းစင်တွင် ထိုင်လျက်လိုက်ပါလာ သည့် ဒေါက်တာ ထင်ရှားက ကျွန်ုပ်အား. . .

'ဟေ့ကောင် ကျော်ထင်၊ ခပ်စောစော နာရီပိုင်းကတော့ သေမင်းနဲ့ ရင်ဆိုင်ရတော့မလို့ ကြောက်လှန့်နေရပြီး အခုကျတော့ လည်း တယ်ပြီး ဇိမ်ကျနေပါလား၊ တို့အဖြစ်ကလဲ အတော့်ကို ရယ်စရာကောင်းနေပြီကွ၊ ဒီအတိုင်းဆိုရင် မိန်းမ မယူ တစ်သက်လုံး ဇိမ်ကျကျ လိုက်နေဖို့ ကောင်းတယ်ကွ' ဟု ကျီစယ်လိုက်၏။

ထိုအခိုက်မှာပင် ကျွန်ုပ်၏ ဦးခေါင်းထဲ၌ မိုက်ခနဲဖြစ်သွား ရလေ၏။

'ဟေ့. . . မင်းဘာဖြစ်သွားတာလဲ' ဟု ဒေါက်တာ ထင်ရှား က လှမ်းမေး၏။ သို့သော် ကျွန်ုပ်က. . .

'ဘာမှ မဖြစ်ပါဘူး၊ အားနည်းနေလို့ပါ' ဟု ပြောလိုက်ရ၏။

ဤသို့ဖြင့် အမျိုးအမည် မသိရသော လူစုသည် ကျွန်ုပ်တို့ နှစ်ဦးအား သုံးရက်နှင့် သုံးညတိုင်တိုင် ထူထပ်သော တောင်လမ်း



မတ်စောက်သော တောတန်းနှင့်ခွက်နေသောချိုင့်ဝှမ်းများကို အခက်အခဲကြားမှ ဖြတ်သန်းပြီးလျှင် ကျောက်ဖြူသားဖြင့် ဆောက် လုပ်ထားသော ရွာတစ်ရွာသို့ခေါ်ဆောင်သွားခဲ့လေ၏။ ကျွန်ုပ်စိတ် ထင်အားဖြင့်ငှင်းတို့လာခဲ့သည့် ခရီးမှာမိုင်ပေါင်းတစ်ရာ ကျော်နီးပါး ရှိမည်ဟု ထင်မှတ်မိလေ၏။

လူစု၏ အကြီးအကဲဖြစ်သူက ကျွန်ုပ်အား ရွာတွင်းသို့ အဝင်တွင် ကျွန်ုပ်တို့အား တစ်စုံတစ်ရာ ခြေဟန်လက်ဟန်ဖြင့် ပြသကာ ကျားခေါင်းမြီးပြတ်ကြီးတစ်ခု ချိတ်ဆွဲထားသည့် အိမ်ကလေးတစ်အိမ် အတွင်းသို့ ခေါ်ဆောင် သွားခဲ့လေသည်။

ထိုအခါ ကောက်ရိုးနှင့် မြက်ခြောက်များရောနှောခင်းထား သည့် အိပ်ရာပေါ်၌ လဲလျောင်းနေသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရတော့သည်။

'အို. . . ဒါ အကြီးအကဲရဲ့ဇနီး ဖြစ်လိမ့်မယ် ကျော်ထင်၊ ငါ့ကိုဆေးဆရာထင်ပြီး ကုသခိုင်းတာကွ' ဟုဒေါက်တာထင်ရှားက နှစ်ကိုယ်ကြားဖြင့် ကျွန်ုပ်အား ပြောပြ၏။ ပြီးလျှင်. . .

'အေးကွာ. . . ဆေးအိတ်ပါလာခဲ့ရင် အရမ်း အဆင်ပြေ တာပေါ့၊ ဒါပေမယ့်လေ'

ဒေါက်တာ ထင်ရှားက စကားတစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်လိုက်ပြီးနောက်. . .

ဒေါက်တာ ထင်ရှားက စကားတစ်ဝက်တစ်ပျက်ဖြင့် ရပ် တန့်လိုက်ပြီးနောက်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဖျောက်' ဟူ၍ လက်ဖျောက် တစ်ချက် တီးလိုက်ပြီးလျှင်. . .

ဒီတောထဲက ဖြတ်အလာမှာ ဆေးဘက်ဝင်တဲ့ အပင်တော်တော်များများတွေ့ရတာ ငါသတိပြုမိခဲ့တယ်ကွ၊ ငါဟာ တိုင်းရင်းဆေးအတတ်ကိုလည်း ငါ့ရဲ့ဘကြီးဆီက အနည်းအကျဉ်းတတ်မြောက်ထားတယ်' ဟု ဝမ်းသာအားရ ပြော၏။

ကျွန်ုပ်မှာ မည်သည့်အခက်အခဲနှင့် တွေ့ရသည်ဖြစ်စေကာမူ အားငယ်နေခြင်း မရှိသည့်ဒေါက်တာ ထင်ရှား၏ ဇွဲနပဲနှင့် ကြိုးစားမှုကို လွန်စွာလေးစားမိပေတော့၏။ အမှန်တကယ်လည်း ခေါင်းဆောင်ဖြစ်သူ၏မိန်းမ နေထိုင်မကောင်းခြင်းအတွက် ဆေးဆရာလာပင့်ခြင်း ဖြစ်ပေ၏။

ခက်သည်မှာ ၎င်းတို့သည် ဒေါက်တာထင်ရှားအား ဆရာဝန်ဟူ၍ မည်သို့မည်ပုံ သိရှိနေကြသနည်းဟူသည့်အချက်ပင်ဖြစ်၏။ ထိုအမှုသမီးကို လက်ခံကုသ၍ နှစ်ရက်ခန့်အကြာမှာပင် ကျွန်ုပ်တို့နှစ်ဦး တွေ့ဆုံစဉ်၌ ကျွန်ုပ်က ပြောပြလိုက်၏။

ထိုအခါ ဒေါက်တာ ထင်ရှားက. . .

'အေး. . . အဲဒါကို ငါလည်း စဉ်းစားနေတာ ကြာလှပြီ တစ်ခုံတစ်ရာပေါ့၊ ထူးခြားနေတာ အမှန်ပဲကွ' ဟု ဆို၏။

အကြီးအကဲ၏ ဇနီးသည်မှာ ဆေးလိုက်၍ပေလား၊ ကျွန်ုပ်တို့ကံကောင်း၍လား မသိပေ။ ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ ရောဂါများ ပျောက်ကင်းပြီးလျှင် ယခင်ကထက် စိုပြည်



လှပ၍ လာလေတော့၏။

အကြီးအကဲဖြစ်သူမှာ ကျေးဇူးတင်လျက် တပြုံးပြုံးဖြစ်နေပြီးလျှင် နှစ်ရက်ခန့်အကြာ၌ လက်ဆောင်အဖြစ် ရွှေငွေအချို့ကို ပေးပြီးနောက် မည်သည့်နေရာဒေသသို့ သွားလိုကြောင်း ခြေဟန်လက်ဟန်ဖြင့် ကျွန်ုပ်တို့ကို မေးလေ၏။

ယင်းအခိုက်အတန့်တွင် ကျွန်ုပ်၏ မျက်စိထဲ၌ဝင်းခနဲ ဖြစ်သွားပြီးလျှင် နှင်းဖွေးဖွေး တောင်တန်းကြီးကို ထင်ရှားစွာ တွေ့လိုက်ရတော့၏။ ထို့ကြောင့် လူစု၏ အကြီးအကဲဖြစ်သူအား ဆီးနှင်းများကျနေသည့် တောင်ကြီး၏ပုံကို မြေပြင်တွင် တုတ်တစ်ချောင်းဖြင့် ရေးဆွဲပြရလေတော့၏။

'ဟူးမားရေ မန်တာဟောက် မန်တာဟောက်'

ကျွန်ုပ်သိတယ် ကျွန်ုပ်သဘောပေါက်ပြီး သဘောပေါက်ပြီးဟူသော အဓိပ္ပာယ်သက်ရောက်ခြင်းဖြင့် ခေါင်းညိတ်လျက် အကြီးအကဲက သူ၏လူများကို အော်ဟစ် အမိန့်ပေးလိုက်လေ၏။

ပြီးလျှင် နေရာတစ်နေရာသို့ လက်ညှိုးညွှန်ပြကာ ပါးစပ်လည်း တတွတ်တွတ် မှာကြားနေလေ၏။ ထိုမှ အကြီးအကဲဖြစ်သူအား နှုတ်ဆက်ပြီးလျှင် ကြမ်းတမ်း သော ခရီးလမ်းကို နှင်လျက် ထွက်ခွာလာခဲ့ကြရာ ဆယ့်ငါးရက်သို့ ပင်ရောက်လာခဲ့ပြီ ဖြစ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၆)

ကျွန်ုပ်တို့သွားနေသည့် လမ်းသည် အစပထမတွင် ခြေဖြစ်သယောင်ရှိသည်ဟု ထင်မှတ်ရသော်လည်း ရက်ကြာလာလေ ပို၍ မတ်စောက်လာသယောင် ထင်မှတ်ပြီးသကာလ ပိုမို၍လည်း အေးစိမ့်လာလေ၏။

ထို့ကြောင့်ပင် ကျွန်ုပ်မှာ ငှက်ဖျားအခံရှိသူပီပီစိုးရိမ်ထိတ်လန့်မိသေး၏။

ကျွန်ုပ်နည်းတူပင် ဒေါက်တာထင်ရှားကလည်း ငှက်ဖျားရောဂါပြန်ထလာမည်ကို စိုးရိမ်ကြောင်း ပြောကြားလေ၏။

သို့ပါသော် ထူးဆန်းသည်ကား ပတ်ဝန်းကျင်နှင့်ရာသီဥတုမှာ မည်မျှပင် အေးစိမ့်နေလင့်ကစား ကျွန်ုပ်၏ ကိုယ်ခန္ဓာကိုယ်အတွင်း၌မူ နွေးထွေး၍ သွေးလည်ပတ်မှု မှန်နေကြောင်း ကျွန်ုပ်အံ့ဩစွာ သိရှိလေ၏။

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်နောက်မှ ထမ်းစင်နှင့်လိုက်ပါလာသော ဒေါက်တာထင်ရှားကို မေးကြည့်ရာ ဒေါက်တာထင်ရှားကလည်း. . .

'အေးကွ၊ ဒီဒေသရဲ့ ရာသီဥတုဟာ လွန်စွာ အေးစိမ့်လာသလို့ဆိုရမယ်၊ ဘာကြောင့်လဲဆိုရင် တို့ကိုလိုက်ပို့တဲ့ လူစုကို



ကြည့်ပါလား၊ သူတို့ဟာ ချမ်းလွန်းလို့ တဆတ်ဆတ် တုန်ပြီး တဟီးဟီး ဖြစ်နေကြတယ်'

'ဟုတ်တယ် အစ်ကို ထင်ရှား၊ တောင်ကုန်းတွေအတက်မှာ ထမ်းစင်လွတ်ကျမှာ ကြောက်နေရတယ်' ဟု ကျွန်ုပ်က ပြောလိုက်၏။

ထို့နောက် ကိုထင်ရှားက. . .

'အေး. . . မင်းပြောတာ မှန်တယ်၊ ထုံးစံအတိုင်း သုံးမိုင်ခရီးလောက်အရောက်မှာ တစ်ခါနားလေ့ရှိတဲ့ အခိုက်မှာဒီလူတွေဟာ မီးလှုံနေကြတာ မတွေ့ဘူးလား' ဟု ပြော၏။

'ကျွန်တော်တို့မြန်မာပြည်မှာ နတ်တော်ပြာသို ချမ်းအေးသလိုမျိုးပဲနော်' ဟု ကျွန်ုပ်က ပြော၏။

'ဒီလိုအေးတာ မှန်ပေမယ့် ငါတို့ရဲ့ သွေးလည်ပတ်မှုဟာ နွေးထွေးတဲ့ အပူပိုင်းဇုန်ကို ရောက်နေရတဲ့ နွေးထွေးခြင်းကို ခံစားရတယ်ကွ' ဟု ဆို၏။

ထိုသို့ စကားပြောရင်း ကျွန်ုပ်တို့လိုက်ပါလာကြရာ ကျွန်ုပ်တို့အား လိုက်ပို့သည့်လူစုလည်း မနားတမ်း ခရီးဆက်ကြပြန်လေ၏။

ညအချိန် ရောက်ပြီဖြစ်သောကြောင့် တောစပ်တစ်နေရာတွင် အိပ်စက်ကြလေရာ ဆီးနှင်းများမှာ မြင်မကောင်းအောင် ကျဆင်းလျက်ရှိသဖြင့် ဝန်းကျင်အနှံ့ နှင်းကန့်လန့်ကာကြီးအုံ့ဆိုင်းထားသည်သို့ ရှိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့သည့် အမည်မသိ လူမျိုးစုများမှာ ခိုက်ခိုက်တုန် ချမ်းလှသောကြောင့် မီးပုံကြီးများကို အဆက်မပြတ် ဖိုလေရာ အဝေးမှကြည့်လျှင် ပိုးစုန်းကြူးများကဲ့သို့ တလက်လက်မြင်ရမည် ဖြစ်ကြောင်း ဒေါက်တာထင်ရှားကိုပင် ကျွန်ုပ်ပြောမိသေး၏။

၎င်းတို့အနေနှင့် ထိုမျှ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည်မှန်သော်လည်း ကျွန်ုပ်တို့နှစ်ဦး၏ သက်တောင့်သက်သာရှိလှသောအနေအထားကြောင့် လိုက်ပို့သူများမှာ ကျွန်ုပ်တို့အား အံ့ဩလျက်ရှိလေ၏။

ဤသို့ဖြင့် ခရီးပန်းသောဒဏ်ဖြင့် နှစ်ခြိုက်စွာ အိပ်စက်ကြရာ နံနက် ဝေလီဝေလင်းအချိန်သို့ပင် ဆိုက်ရောက်ခဲ့ပြီ ဖြစ်လေ၏။ ထိုအခါ ယခင်မြင်တွင်းများနှင့်မတူ ထင်းရှူးပင်မြင့်ကြီးများနှင့်အတူ တောနှင်းဆီရိုင်း နီနီရဲရဲကြီးများကို တွေ့ကြလေ၏။

ထိုနှင်းဆီများမှာ စွင့်စွင့်ကားကား ရှိနေလေရာ နံနက်ခင်း နှင်းပေါက်များကလည်း ပက်ဖျန်းထားသည့်အတွက် နေခြည်နုနု အောက်တွင် ပြိုးပြိုးပြက်ပြက် အရောင်တောက်နေသည်မှာ ပတ္တမြား တုံးကြီးအား စိန်တုံးငယ်များ စီခြယ်ထားသည့်နှယ် ရှိနေတော့၏။

'ဟာ. . . လှလိုက်တဲ့နှင်းဆီတွေ၊ ဟိုမှာလဲ ထင်းရှူးပင်မြင့်ကြီးတွေပါလား' ဟု အိပ်ယာမှ နောက်ကျ၍ နိုးလာသော ဒေါက်တာ ထင်ရှားက အားပါးတရ ဟစ်အော်ပြောလိုက်သည်။

ကျွန်ုပ်လည်း လှပသော ဝန်းကျင်အနှံ့သို့ အမှတ်မထင်



လှည့်ကြည့်လိုက်ရာ တစ်နေရာသို့အရောက်၌ 'ဟိုက်' ဟု ရေရွတ်လိုက်လျက် ကျွန်ုပ်၏ မျက်လုံးများကို ခွာမရနိုင်အောင် ဖြစ်သွားရပေတော့၏။ ထိုခဏ၌ ကျွန်ုပ်၏ရင်တွင်းရှိ အသည်းနှလုံးနှင့် အသွေး အသားများသည် အထက်အောက် ပြောင်းဆန်သည် အထိ တုန်လှုပ်သွားသည်ဟုပင် ကျွန်ုပ် ထင်မှတ်မိပေ၏။

အဘယ်ကြောင့်နည်းဟူမူ ကျွန်ုပ် တွေ့မြင်လိုက်ရသည့် အရာမှာ အိပ်မက်ထဲတွင် မကြာခဏ တွေ့ရဖန်များသော ကြောင့် ဓာတ်ပုံရိုက်ထားသည့်ပမာ ကျွန်ုပ်၏ ဟာဒယ နှလုံးအိမ်၌ ပြတ်ပြတ်ထင်ထင် စွဲထင်နေသည့်နေရောင်ဖြင့် တလက်လက်တောက်ပနေသော နှင်းတောင်ကြီးပင် ဖြစ်လေသောကြောင့်ပင်တည်း။

'ဟာ. . . လှလိုက်တဲ့ နှင်းတောင်ကြီး၊ ကြည့်စမ်း၊ ကြည့်စမ်းဟေ့၊ နှင်းခဲတွေ အဆုပ်လိုက် ကပ်ငြိနေတာ တိမ်တွေ ဝိုင်းနေသလိုပဲ' ဟု ဒေါက်တာ ထင်ရှားက အားရပါးရ အော်ဟစ်ကာ လက်ညှိုးညွှန်ပြနေလေ၏၊

'ဟူးမား ရေမီကာ ချန်းနား'

အမည်မသိ လူမျိုးစု အကြီးအကဲလုပ်သူက နှင်းတောင်တန်းကြီးကို ကျွန်ုပ်တို့အား လက်ညှိုးထိုးပြကာ ခုန်ဆွခုန်ဆွလုပ်နေပြီးနောက် သူ၏လူများကို အော်ဟစ် အမိန့်ပေးလိုက်တော့သည်။

'ဂျန်းဖေးရှစ် ဂျန်းဖေးရှစ်'

'ဟာရေးတွမ် တွန်မီ'

ခေါင်းဆောင်လုပ်သူ၏ အမိန့်ပေးမှုကြောင့် လိုက်ပို့သူ

www.burmeseclassic.com

www.burmeseclassic.com



အယောက်နှစ်ဆယ်ခန့်သည် ကျွန်ုပ်တို့အား ဝိုင်းကြီးပတ်ပတ်ဝန်း ရံထားလိုက်လေ၏။

'ဟေ့... ဘာဖြစ်တာလဲ ဒီကောင်တွေ ရန်မူတော့မယ် ထင်တယ်'

ဟု ဒေါက်တာ ထင်ရှားက ထိတ်ထိတ်ပျာပျာဖြစ်သွား တာ ကျွန်ုပ်အား မျက်လုံးပြူးလျက် ပြောလေ၏။

သို့သော် ကျွန်ုပ်အသာနေရန် မျက်ရိပ်ပြပြီးနောက် သူ တို့အား စောင့်ကြည့်နေစဉ်...

'တမ်းမားရှေ'

လူအားလုံးသည် ကျွန်ုပ်တို့ မြေပြင်တွင် ဒူးထောက်ချ တာ လက်များကို အပေါ်သို့မြှောက်၍ ဖြန့်ချလေ၏။ ဤသို့ဖြင့် သုံးကြိမ်သုံးခါပြုပြီးသောအခါ ခေါင်းဆောင် လုပ်သူက ကျွန်ုပ်အား ဆလံအထပ်ထပ် ပေးပြန်လေ၏။

'ဒီကောင်တွေ ကြည့်ရတာ ကျွန်တော်တို့ကို ရိုရိုကျိုးကျိုး ရှိနေသေးပုံပဲ အစ်ကိုထင်ရှား၊ ဘာတွေဖြစ်ကုန်ပြီလဲတော့ ကျွန်တော် လည်းမသိဘူး' ဟု ကျွန်ုပ်ကပြောလိုက်၏။ ထိုအချိန်မှာပင် တချို့သည် ကျွန်ုပ်တို့ထိုင်၍ လိုက်ပါသောထမ်းစင်များတို့ ခေါက်သိမ်းလျက် ရှိကြလေ၏။

ပြီးလျှင် ခေါင်းဆောင်လုပ်သူက အဝေးမှ နှင်းတောင် တန်းကြီးကို လက်ညှိုးညွှန်ပြပြီးနောက် ခေါင်းညိတ်ခေါင်းခါ လုပ်ပြန်လေ၏။



ထို့နောက် လာခဲ့ရာ လမ်းတစ်လျှောက်ကို သူလက်ညှိုးပြ ၍ ဆလံအထပ်ထပ်ပေးပြန်လေ၏။ ယင်းသို့ရှိနေရာ ဒေါက်တာ ထင်ရှားက ကျွန်ုပ်အား...

'ဟေ့ကောင်... ကျော်ထင်၊ သူတို့ဟာ ဒီနေရာမှာ လမ်းဆုံးပြီလို့ ပြောတာ ဖြစ်နိုင်တယ်ကွ' ဟု ဆို၏။

'မှန်တယ် အစ်ကိုထင်ရှား၊ သူတို့ဟာ နှင်းတောင်တန်းကြီး ကိုမြင်ရတဲ့နေရာလောက်မှာပဲ ချထားပေးဖို့ အမိန့်ပါတယ်နဲ့ တူပါ တယ်' ဟု ကျွန်ုပ်ကပြောလိုက်၏။ ကျွန်ုပ်တို့ ထင်မြင်ယူဆသည့် အတိုင်းပင် မကြာမီအချိန်၌ အမျိုးအမည် မသိရသည့် နွယ်စုများသည် ကျွန်ုပ်တို့အမူအရာ ဖြင့် နှုတ်ဆက်ပြီးနောက် လာခဲ့ရာ လမ်းကြောင်းအတိုင်း လှည့်ပြန် သွားကြတော့သည်။

'အင်း... ဒီအတိုင်းဆိုရင် ကျွန်တော်တို့ဘာသာ သွားရ တာမှာပေါ့ ကောင်းပါတယ်၊ လမ်းခရီးတစ်လျှောက်လုံး ထူးဆန်းတာ နဲ့သမျှ ငွေသချာလေ့လာရတာပေါ့' ဟု ကျွန်ုပ်က ပြောလိုက်ရာ ဒေါက်တာ ထင်ရှားက...

'ငါတစ်ခု စဉ်းစားနေတယ်ကွ' ဟု ပြော၏။

'ဘာများပါလိမ့်'

'ဩော်... ဟိုလူတွေ ပြန်သွားတာမှာ နှင်းတောင်တန်း အစ်ပိုက် သူတို့တွက် ကြောက်လန့်စိုးထိတ်စရာ တစ်ခုခုများ ရှိနေ သလားလို့ပါ ကျော်ထင်'

အင်းပေါ့လေ... ဘာဖြစ်ဖြစ် သတိရှိရှိနဲ့ ပတ်ဝန်းကျင်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ပြန်သွားကြရမှာပေါ့၊ ကျွန်တော်တော့ ဝမ်းသာမိတယ် အစ်ကိုထင်ရှား၊ ဘာဖြစ်လို့လဲဆိုတော့ အိပ်မက်ထဲမှာ မကြာခဏ တွေ့နေရတဲ့ နေရာဒေသတစ်ခုကို ခုတော့ ကိုယ်တွေ့မျက်မြင် ရောက်လာခဲ့ပြီလေ၊ ဒါကို အစ်ကိုထင်ရှားလက်ခံရဲ့လား' ဟု မေးလိုက်ရာ ဒေါက်တာ ထင်ရှားက ခေါင်းညိတ် ထောက်ခံလိုက် လေတော့၏။

နှင်းတောင်တန်းကြီးအတိုင်း ခရီးနှင်လာခဲ့ကြစဉ် ထိုတောင်တန်း တောင်စွယ်များအနက် ကျွန်ုပ်မကြာခဏ အိပ်မက်ထဲ မြင်တွေ့ရဖန်များ၍ ရင်းနှီးနေသော မြင့်မားဆုံး ကျောက်တောင်ကြီး တစ်တောင်ဆီသို့သွားရန် ကျွန်ုပ်က ဒေါက်တာ ထင်ရှား ကို ပြောလိုက်၏။

'ဒါဟာ ဘာဒေသများဖြစ်နိုင်မလဲ ကျော်ထင်၊ ငါစိတ်ထင် မြန်မာပြည်နဲ့အိန္ဒိယပြည် စပ်ကြားက ကသည်းလူမျိုးတွေရဲ့ဒေသ လား ဒါမှမဟုတ်ရင် အိန္ဒိယပြည်လမ်းခွဲတွေကတစ်ဆင့် တိဗက် ဒေသတစ်နေရာရာကို ရောက်နေတာလားဆိုတာ ခန့်မှန်းလို့တော့ မရနိုင်ဘူး' ပြောလိုက်လေ၏။

'ထိုအခါ ကျွန်ုပ်က. . .

'အေးဗျ၊ ကျွန်တော်တို့ဟာ မှန်တိုင်းမိပြီး ပင်လယ်ဘက် ကနေ ကျွန်းကိုရောက်ခဲ့တာ မှန်ပေမယ့် ကုန်းမြင့်ဘက်ကို နှစ်ပေါင်း များစွာ ခရီးထွက်ခဲ့ကြတာ ဖြစ်လေတော့ ဘယ်ဒေသကိုရောက်နေ တယ်ဆိုတာ ခန့်မှန်းလို့ ဘယ်ရတော့မလဲ' ဟု ကျွန်ုပ်က ပြောလိုက် လေ၏။



ထို့နောက် ဒေါက်တာထင်ရှားက. . .

'အင်း. . . ဒါပေမယ့်အခုတို့တွေ့ခဲ့ကြတဲ့ လူရိုင်းတွေ လူမျိုးစုတွေဟာ တို့တိုင်းရင်းသားတွေ မဟုတ်ကြတာကို ထောက် ရင် 'တို့ဟာအိန္ဒိယပြည်နယ်ရဲ့ အစွန်အဖျား ကျွန်းတစ်ခုခုကို ရောက်နေတာဖြစ်နိုင်တယ်' ဟူ၍ ကောက်ချက်ချလေ၏။

'ဒါ ဖြစ်နိုင်ပါတယ်'

ကျွန်ုပ်တို့လည်း စကားတပြောပြောနှင့် ဆက်လက်ခရီးနှင် ခဲ့ကြရာ ခဏတွင်မျှအကြာ၌ နှင်းတောင်တန်းများ အနက် အမြင့်ဆုံးဖြစ်သည့် ဖြူဖွေးနေသော ကျောက်တောင်ကြီးသို့ရောက် ရှိလေ၏။

'လှမ်းလိုက်တဲ့ တောင်ကြီးကွာ၊ အပေါ်ဘက်မှာ ကြည့်စမ်း နှင်းခဲတွေဖုံးပြီး မြူခိုးတွေ ဝေဆာနေတာ' ဟု ဒေါက်တာ ထင်ရှားက ပြောနေလေသည်။

ကျွန်ုပ်မှာ ဒေါက်တာထင်ရှားပြောနေသည်ကို ဂရုမစိုက် အားပေ။ အကြောင်းသော်ကားထို ကျောက်တောင်ကြီး၏ဝ သဏ္ဌာန် အပေါက်ကြီးတစ်ပေါက် ရှိရမည်ဟု ကျွန်ုပ်အတတ်သိနေ သောကြောင့် ရှာဖွေနေခြင်း ဖြစ်သည်။

ကျွန်ုပ်တို့လည်း ကျောက်တောင်ကြီး၏အောက်ခြေမှ ညာဘက်သို့ စက်ဝိုင်းခြမ်းသဏ္ဌာန် ကွေ့ပတ်ကြလေ၏။ ထိုအခါမှာ ပင်ကျွန်ုပ်၏နှားထဲ၌ ရှင်မြူးနေသော မိန်းကလေးတစ်ဦး၏

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံကိုနားနှင့်ဆတ်ဆတ် ကြားလိုက် ရလေတော့သည်။

'အလို. . . ဒါ မိန်းမတစ်ယောက်ရဲ့အသံကွဟု' ဒေါက်တာ ထင်ရှားက ပြောသည်။

'ဟုတ်တယ် အစ်ကိုထင်ရှား၊ ပိုပြီးပြည့်စုံအောင် ပြောရမယ်ဆိုရင် ဒီရယ်သံဟာ သူဇာနွယ်ရဲ့ရယ်သံနဲ့ ခပ်ဆင်ဆင်ပဲ' ဟု ကျွန်ုပ်က ဆိုလိုက်၏။

'ဟုတ်ပါ့'

သေဆုံးသူတစ်ဦး၏ ရယ်မောသံဟု ပြောလိုက်သောအခါ လောကဓာတ်ပညာသမားတစ်ဦးဖြစ်သည့် ဆရာဝန်ပင် ဖြစ်လင့်ကစား ကိုထင်ရှား၏ ခြေလှမ်းများမှာ တုံ့ခနဲရပ်သွားလေ၏။ ပြီးမှ. . .

'ဟုတ်နိုင်သလားကွ ကျော်ထင်' ဟု မေးလေ၏။

'ဟုတ် မဟုတ် ကျောက်ဂူအပေါက်ကိုတွေ့ရင် အဖြေရှာနိုင်ပြီပေါ့ဗျာ၊ ကျွန်တော်ကလဲ အဲ့ဒီအဖြေကို သိချင်တာပါပဲ' ဟု ပြောလိုက်တော့သည်။

ဤသို့ဖြင့် ကွေ့ပတ်သွားရသည့်လမ်းအတိုင်း ခြေလှမ်းများဆယ်လှမ်းခန့် လျှောက်မိကြစဉ်အခိုက်. . .

'ဟော. . . ဟော. . . ဟိုမှာ ကျောက်ဂူအပေါက်ကြီးပေါ့၊ ဟာ. . . အထဲမှာ မှောင်နေပါလား' ဟု ဒေါက်တာထင်ရှားက အလန့်တကြား ပြောလိုက်သံကို ကြားရလေ၏။

အမှန်အတိုင်းပင် ကျောက်ဂူအပေါက်ကြီး ဖြစ်နေကာ



အတွင်း၌ အမှောင်ရိပ်များ သမ်းနေကြောင်း ကျွန်ုပ်မြင်တွေ့လိုက်ရလေတော့သည်။

'ဟာ. . . အမွှေးနံ့ အမွှေးနံ့' /

'ဟုတ်တယ် အစ်ကိုထင်ရှား၊ ကရက်မက်နံ့ ခပ်ဆန်ဆန်လေး' ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုထင်ရှားမှာ တွန့်ခနဲ ဖြစ်သွားသည်ကို တွေ့လိုက်ရ၏။ ထိုအချိန်၌ ကျောက်ဂူအပေါက်ဝကြီးတွင် ကျွန်ုပ်တို့နှစ်ဦး သား ရပ်တန့်လျက် ရှိနေကြခြင်းဖြစ်၏။

'ဟေ့ ကျော်ထင် ဘယ်လိုပဲဖြစ်ဖြစ်ကွာ၊ လာ အထဲကို ဝင်ကြရအောင်၊ သတိတော့ထားဟေ့၊ တော်ကြာ ဂူအောင်းတတ်တဲ့ တိရစ္ဆာန်ကြီးတွေနဲ့ တိုးနေဦးမယ်' ဟု ဒေါက်တာ ထင်ရှားက ပြော၏။

'ကောင်းပြီလေ၊ ဝင်ကြစို့'

သို့နှင့် ကျွန်ုပ်တို့လည်း သတိဝီရိယကို အထူးထားလျက် မှောင်ပိန်းနေသော ကျောက်ဂူကြီးထဲသို့ အပေါက်ဝမှ တစ်ဆင့်တဖြည်းဖြည်း တိုးဝင်လိုက်ကြလေ၏။

'အို. . . အထဲမှာ အလင်းရောင်တစ်မျိုး တွေ့ရတယ်ကွ၊ စိမ်းဖန့်ဖန့်ပြာလဲ့လဲ့နေပါလား' ဟုဆို၏။ ဒေါက်တာထင်ရှား ပြောသကဲ့သို့ပင် အမျိုးအမည်မဖော် ပြနိုင်သော အလင်းရောင်တစ်မျိုးသည် ကျောက်ဂူကြီး၏ အတွင်း ပိုင်းကို ထင်ရှားအောင် ပြနေသကဲ့သို့ လင်းလက်လျက်ရှိနေလေ၏။

အထဲ၌ တောင်ထွတ်ကြီးတစ်ခုရှိ၏။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ် လှမ်းသော နေရာ၌ ကျောက်ဖျာကြီးတစ်ခု ရှိနေပြန်လေ၏။

တောင်ထွတ်ကြီးနှင့်ကျောက်ဖျာချပ်ကြီးသို့ ဆက်သွယ်ထားသည့်လမ်းသည် စွပ်ကြောင်းကြီး သဖွယ်ထင်းနေလေ၏။

ထိုအခိုက် ကျွန်ုပ်သည် ကျောက်ဖျာချပ်ကြီး နံဘေးသို့ အမှတ်မထင် ကြည့်လိုက်ရာ စွန်းထွက်နေသော ကျောက်တုံးတစ်ခုကို တွေ့လိုက်ရတော့သည်။

'ဒါဟာလှိုဏ်ဂူအပေါက်တစ်ခုများလား'

'ဖြစ်နိုင်တယ် ကျော်ထင်၊ စမ်းကြည့်ရအောင်'

ပြောပြောဆိုဆို ဒေါက်တာထင်ရှားက ကျောက်တုံးများကို တစ်တုံးပြီးတစ်တုံး ဖယ်လေရာ ကျွန်ုပ်ကလည်း ကူညီညာသယ်ရလေ၏။ ဤသို့ဖြင့် နာရီဝက်နီးပါးအကြာ၌ လူတစ်ယောက် ကောင်းကောင်းဝင်နိုင်သော အပေါက်ကြီးတစ်ပေါက်ဖြစ်သွားတော့သည်။

ယင်းသို့ရှိစဉ် ကရမက်အမွှေးနံ့သည် ပိုမိုစူးရှစွာထွက်ပေါ်လာလေရာ ကျွန်ုပ်ပင်လျှင် ကြက်သီးမွေးညင်း ထမိရလေ၏။

'ကဲ ဖြစ်ချင်ရာဖြစ် ဝင်ကြမယ်ဟေ့'

'ဝင်မယ်'

ဒေါက်တာ ထင်ရှားက အရှေ့မှ တိုးဝင်သွားသောကြောင့် ကျွန်ုပ်လည်း နောက်ဘက်မှ လိုက်ပါခဲ့လေ၏။ ပထမတွင်မူ မှောင်၍နေသဖြင့် မည်သည့်အရာဝတ္ထုကိုမှ မမြင်တွေ့ရချေ။



သို့သော် မျက်လုံးများကျင့်သားရသောအခါ၌ အခန်းပတို တည့်တည့်ရှိ ကျောက်ကလပ်ပေါ်တွင် မှန်ခေါင်းကြီးတစ်လုံးကို ဖြုန်းခနဲ တွေ့လိုက်ရလေတော့၏။

'ဟင်'

'အို'

ထိုမှန်ခေါင်းထဲတွင်ကား ရွှေသားစစ်နဖူးစီးကို စည်းကာ ထူးဆန်းသော အဝတ်အစားများနှင့် အိပ်ပျော်နေသည်သို့ ရှိနေသည့် လှပသော မိန်းမပျိုတစ်ဦး၏ အလောင်းရှိနေလေ၏။

ကျွန်ုပ်တို့လည်း လင်းလက်နေသော အလင်းရောင်ဖြင့် အလောင်း၏မျက်နှာကို အသေအချာ ကြည့်လိုက်လေရာ. . .

'ဟင်. . . ဒါ. . . ဒါ. . . သူဇာ. . . သူဇာ. . . ကျွန်တော့်မိန်းမ မေနှင်းပွင့်နဲ့ မတူဘူးလား' ဟု ဒရောသောပါး ပြောလိုက်မိလေတော့သည်။ ဒေါက်တာထင်ရှားလည်း အသေအချာအနီးကပ်ကြည့်ရှု ပြီးနောက် ခေါင်းညိတ်၍. . .

'မျက်နှာကျပုံကတော့ ခပ်ဆင်ဆင်ပဲ' ဟုဆို၏။

မှန်ခေါင်းအပေါ်ထပ်၌ နှင်းဆီနီနီရဲရဲတစ်ပွင့်ကို ကြွေဖန်အိုးတစ်လုံး၌ လတ်လတ်ဆတ်ဆတ် ထိုးစိုက်ထားပြီးလျှင် နောက်ကြွေခွက်အတွင်း၌ မီးခိုးများထွက်လျက် အမွှေးနံ့များ ထွက်နေလေ၏။

ထိုအမွှေးနံ့များမှာ ကျွန်ုပ်တို့ရှူရှိုက်ရသည့် ကရမက်နံ့ အမွှေးအကြိုင်များပင် ဖြစ်ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်မှာ အလောင်း၏ မျက်နှာတည့်တည့် အပေါ်ဖုံး မှန်ချပ်တွင် ပြင်ပလေများ ဝင်နိုင်ရန် ဖောက်ထားဟန်တူသည့် အပေါက်လေးများ တွေ့ရခြင်းဖြစ်၏။

ရုပ်ကလပ်မှာလည်း အသက်ရှူနေသူကဲ့သို့ လန်းဆန်းလတ်ဆတ်လျက် ရှိနေခြင်းပင်ဖြစ်၏။ အခန်းကြီးမှာ ကျယ်ဝန်းလှ၍ မည်မျှအထိ ကျယ်ဝန်း ကြောင်း ခန့်မှန်းရခက်လှလေ၏။

ထိုအခိုက် ဒေါက်တာ ထင်ရှားက. . .

'အေးကွာ ထူးဆန်းလိုက်တာ၊ မြန်မာပြည် ရန်ကုန်မြို့နဲ့ မိုင်ပေါင်းများစွာ ဝေးတဲ့နေရာတစ်ခုမှာ မင်းမိန်းမနဲ့ ရုပ်ချင်းတူတဲ့ မိန်းမအလောင်း တစ်လောင်းကို တွေ့ရတယ်ဆိုတာ ပြောလို့ တောင် ယုံနိုင်စရာ မရှိပါဘူး' ဟု ဆို၏။

ကျွန်ုပ်မှာ အလောင်းကိုကြည့်၍ ဝမ်းနေခြင်း၊ ဝမ်းသာခြင်း၊ ကြေကွဲခြင်း၊ ယူကျုံးမရခြင်းတို့ ရောပွမ်းလျက်ရင်ထဲတွင် မွန်းကြပ်နေလေ၏။

ထိုအဖြစ်ကို ရိပ်မိသိရှိသည့် ဒေါက်တာ ထင်ရှားက. . .

'ကျော်ထင် စိတ်ကို တင်းမထားနဲ့ လျှော့ထား၊ လျှော့ထားကွာ၊ မင်းမိန်းမ သူဇာမဟုတ်ဘူး၊ တခြားတစ်ယောက်ပါ' ဟု ပြောလျက် ကျွန်ုပ်၏ ရင်ဘတ်ကို ဖိပေးထားရှာ၏။

'တူပဲ တူနိုင်လိုက်တာဗျာ'

ကျွန်ုပ်သည် အထက်ပါ စကားကိုသာ ပြောဆိုလိုက်နိုင်ပြီးလျှင် ရပ်တည်ခြင်းငှာမစွမ်းနိုင်သည့်အလျောက် ဒူးထောက်



ထိုင်ချလိုက်ရတော့၏။

ကျွန်ုပ်၏ မျက်လုံးအိမ်မှ မျက်ရည်စများသည် ရေတံခွန်တစ်ခုမှ စီးကျသည့် ရေစက်များကဲ့သို့ ကျောက်ဂူကြီး၏ ကျောက်သားကြမ်းပြင်သို့ တရဟော ကျနေတော့သည်။

'ကျော်ထင်ရာ၊ ကိုယ့်စိတ်ကို ထိန်းထားပါကွာ၊ ဒါဟာ မင်းချစ်သူ၊ မင်းမိန်းမ မသူဇာနှယ် ဖြစ်ချင်မှ ဖြစ်မှာပါ၊ တခြားမိန်းမတစ်ယောက်ရဲ့ အလောင်းကော မဖြစ်နိုင်ဘူးလား' ဟု ဒေါက်တာ ထင်ရှားကနှစ်သိမ့်ရင်းမှ စဉ်းစားရန် အချက်ကိုပြောပြလေ၏။

သို့သော် ကျွန်ုပ်က. . .

'ကျွန်တော့်မိန်းမ မနှင်းပွင့်မှ မနှင်းပွင့်အစစ်ပါ အစ်ကိုထင်ရှား၊ ဘာ့ကြောင့်လဲဆိုရင် အလောင်းရဲ့ ဘယ်လက်ကြယ်ပွင့်သဏ္ဍာန် နားကပ်လေးရဲ့အထက်တို ကြည့်ပါလား၊ မှဲ့နီနီလေးတစ်လုံးပါတယ်' ကျွန်ုပ်က ငိုရှိုက်ရင်းမှ ပြောလိုက်၏။

ထို့အတွက် ဒေါက်တာ ထင်ရှားမှာ မတ်တတ်ရပ်ရပ်၍ အလောင်းအနီးသို့ အသေအချာ တိုးကပ်ကြည့်ပြန်လေ၏။

ပြီးမှ ကျွန်ုပ်အနီးသို့ ပြန်လာကာ သက်ပြင်းတစ်ချက်ချ၍ ဟုတ်တယ် ဟူသော သဘောဖြင့် ခေါင်းညိတ်ပြလေ၏။

'ကျွန်တော့်ချစ်သူ သူဇာမှာလဲ အဲဒီမှဲ့နီလေးရှိတယ်' ဟု ကျွန်ုပ်ကပြော လိုက်လေ၏။

'ဆန်းတာတော့ အမှန်ပဲ' ဟုဒေါက်တာထင်ရှားက ဆို၏။

ကျောက်ဂူကြီးအတွင်းတွင် ကျွန်ုပ်တို့နှစ်ဦး၏ တီးတိုးစကား

www.burmeseclassic.com

www.burmeseclassic.com



ပြောသံမှတစ်ပါး မည်သည့်အသံမျှ မကြားရလေရာ စိတ်နှလုံး ချောက်ချားဖွယ် ကောင်းလှပေတော့၏။

ကျွန်ုပ်မှာမူ မည်သည်ကိစ္စကိုမှ စိတ်ဝင်စားနိုင်ခြင်း မရှိတော့ဘဲ ကျွန်ုပ်၏ဇနီးသည်နှင့် ချွတ်စွပ်တူလှသည့် အလောင်းကို ကြည့်ကာ ရင်ထဲ၌ အပူမီးကြီးလောင်မြိုက် ဆို့နစ်မွန်းကြပ်နေတော့၏။

'မင်းရဲ့စိတ်ကို ဖြေလျော့မထားဘူးဆိုရင် သူဇာနွယ်ရဲ့ အသုဘကို လိုက်ပို့တဲ့နေ့ကလို သတိလစ် မေ့မျောသွားမှာ သေချာတယ် ကျော်ထင်' ဟု ဆရာဝန်တစ်ဦးပီပီ စိုးရိမ်စိတ်နှင့် ဒေါက်တာထင်ရှားက ပြောရှာ၏။

'ဟုတ်. . . ဟုတ်ကဲ'

ထိုအချိန်၌ ကျွန်ုပ်စိတ်ထဲတွင် တင်းခနဲဖြစ်သွားသည် ဟု ခံစားလိုက်ရပြီးလျှင် ထိုအခန်းကျယ်ကြီးထဲ၌ ကျွန်ုပ်တို့နှစ်ဦးအပြင် အခြားတစ်ဦးဦး ရှိနေသည်ဟု ခံစားလိုက်မိလေ၏။ ထို့ကြောင့်ပင် နောက်ဘက်သို့ ဖျပ်ခနဲ လှည့်ကြည့်လိုက် မိတော့သည်။

'ဟာ'

ကျွန်ုပ်၏နှုတ်မှ အထက်ပါအတိုင်း ယောင်ယမ်း၍ထွက်သွားသောကြောင့် ဒေါက်တာ ထင်ရှားလည်း ဆတ်ခနဲ လှည့်ကြည့်လိုက်ကြောင်း တွေ့ရ၏။ ကျွန်ုပ်တို့ မြင်တွေ့ရသည်မှာ ကျွန်ုပ်အား စူးရှသော မျက်လုံးအစုံဖြင့် စူးစိုက်လျက်ကြည့်နေသည့် အညိုရောင် ယောဂီ ဝတ်စုံဝတ် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေသောကြောင့်ပင်။



'သား. . . လူကလေး ဇဝ',

ယောဂီပုဂ္ဂိုလ်ကြီးက ကျွန်ုပ်အားသာယာညင်ပျောင်းသော အသံဖြင့် ခေါ်လိုက်၏။

ထိုအခါ ကျွန်ုပ်က. . .

'ကျွန်တော့်နာမည် မောင်ကျော်ထင်ပါ ခင်ဗျာ' ဟု ပြောလိုက်ရာ. . .

'အင်း. . . အင်း. . . မောင်ကျော်ထင်၊ မောင်ကျော်ထင်၊ ဟုတ်တယ်လူလေး၊ သို့ပေမယ့် မောင်ကျော်ထင်ဆိုတာ မင်းရဲ့ တဒင်္ဂနာမည်ပါကွယ်၊ ထာဝရနာမည်က ဇဝတဲ့ကွယ်၊ မှန်ပါတယ်လေ၊ ဒါတွေကို မင်းဘယ်နားလည်ဦးမှာလဲ' ဟု ရှည်လျားစွာ ပြောနေလေ၏။

ကျွန်ုပ်လည်း ထိုအခါကျမှ ယောဂီပုဂ္ဂိုလ်ကြီးအား စူးစိုက်ကြည့်မိလေရာ ထိုပုဂ္ဂိုလ်ကြီးမှာ ကျွန်ုပ် ဘုရားဘုရားသို့ရောက်စဉ် တွေ့ကြုံခဲ့ရသည့် ယောဂီပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း အံ့ဩဖွယ် တွေ့ရလေတော့၏။

'ဟုတ်ပါတယ် လူကလေး၊ ဘုရား ဘုရားမှာတွေ့ရတာ ဘိုးဘိုး ပါပဲ၊ နာမည်က မေယလို့ခေါ်တယ်ကွယ့်၊ ယောဂီပုဂ္ဂိုလ်ကြီးမေယ ပေါ့ကွယ်'

'ဟင်'

'အလို'

ကျွန်ုပ်စိတ်မှဖြစ်ပေါ်နေမှုအား ပြောဆိုလိုက်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထပ်မံ အံ့ဩသွားရလေ၏။

သို့သော် ထို့ထက် ပိုမိုအံ့ဩရသောအချက်မှာ အဘိုးမေယ ဆိုသူမှာ ကျွန်ုပ်၏ အိပ်မက်ထဲ၌လည်းကောင်း မကြာခဏ တွေ့ရ၍ ကျွန်ုပ်ချစ်သူ သူဇာနွယ်ခေါ် နှင်းပွင့်ဒေဝီ၏ မှတ်စုထဲ၌ မကြာခဏပါဝင်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်နေသောကြောင့်ပေတည်း။

ကျွန်ုပ်နည်းတူပင် သူဇာနွယ်၏ မှတ်စုစာအုပ်ကလေးပါ အချက်အလက်များကို ဖတ်ရှုဖူးသည့် ဒေါက်တာထင်ရှားမှာ လည်း အံ့ဩလျက် ဘိုးဘိုးမေယကို ကြည့်ရှုနေလေတော့၏။

'အိမ်း. . . ဒီလိုပဲကွယ့်၊ လောကကြီးမှာ သောကတို့ ပရိဒေဝတို့ဆိုတာ ရှိနေမှာပဲ၊ ဒါပေမယ့် လူကလေးနဲ့ နှင်းပွင့်ဒေဝီတို့ရဲ့ ချစ်ချင်းမေတ္တာကြောင့် တောက်လောင်ရတဲ့ ပရိဒေဝမီး လောက်တော့ မပြင်းထန်နိုင်ပါလူးလေ' ဟု တစ်ကိုယ်တည်း ပြောသကဲ့သို့ ရေရွတ်နေလေ၏။

ထိုအခါ ဒေါက်တာ ထင်ရှားက. . .

'ဒီအကြောင်းတွေကို ဘိုးဘိုး ဘယ်လိုကြောင့် သိနေတာလဲ ခင်ဗျာ' ဟု ဒေါက်တာ ထင်ရှားက အရဲစွန့်၍မေးလိုက်၏။

ဘိုးဘိုးမေယ ပြုံးသည်ဆိုရုံမျှ ပြုံးလိုက်ပြီးလျှင်. . .

'စိတ်ကို တည်ငြိမ်အောင် ထားနိုင်သူတွေက စိတ်ကိုလဲ စေစားနိုင်တာပဲကွယ်၊ သူတော်စင်တွေရဲ့ မွန်မြတ်တဲ့ ကျင့်စဉ်တွေဟာ သာမန်လူတွေရဲ့ အကြောင်းကျိုး ဆိုင်ရာတွေလောက်တော့ အပရိကအနေနဲ့ မြင်နိုင်တယ် လူကလေး' ဟု ရှင်းပြ၏။



ထို့နောက်. . .

'ပြီးတော့ ကြောင်းကျိုးဆိုင်ရာ ဆက်စပ်မှုတစ်မျိုးကလဲ သိနိုင်ပြန်တယ်ကွယ့်၊ ဒါတွေကိုတော့ နောင်အခါမှာ သိခွင့်ရှိရင် သိလာမှာပါလေ၊ ဒါပေမယ့် ဘိုးဘိုးပြောချင်တာကတော့ လူကလေးတို့ ဟောဒီကို ဘေးမသီရန်မခဘဲ ရောက်လာနိုင်တဲ့အချက်ကို ကြည့်ပေတော့'

'ဗျာ'

'ဘာအချက်ကိုပါလိမ့် ဘိုးဘိုး'

ကျွန်ုပ်တို့နှစ်ဦးက သိလိုဇောဖြင့် ဂရုစိုက်၍နားထောင်နေရာ ဘိုးဘိုးမေယက. . .

'လူကလေးတို့ကို ပို့လိုက်တဲ့ ကသည်းလူမျိုးစု အကြီးအကဲက ဟောဒီမောင်ရင်ကို ဆရာဝန်အဖြစ် သိသွားတဲ့အချက်ကိုသာ တွေးကြည့်ပေတော့ကွယ်' ဟု ဆိုလေ၏။

'အို'

'ဟိုက်'

ထိုအခါကျမှပင် လူမျိုးစုအကြီးအကဲက ဒေါက်တာ ထင်ရှားအား ဆေးဆရာအဖြစ် သိနေသည့်အဖြေကို ကျွန်ုပ်တို့ ရရှိပေတော့၏။ မည်သည့်နည်းဖြင့် ဘိုးလိုးမေယက အသိပေးသည်ကိုမူ ကျွန်ုပ်တို့ မသိရပါပေ။ သို့ရာတွင် အကယ်၍သာ ဘိုးဘိုးမေယ အနေဖြင့် ထိုအကြီးအကဲသို့ သွားရောက်ပြောကြားရိုးမှုပါလျှင် ရက်ပေါင်းများစွာ သွားရသည့်ခရီးဖြစ်ခြင်းကြောင့် ထိုကိစ္စအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦးမှာ စဉ်းစားရန် ဉာဏ်မမီနိုင်အောင် ဖြစ်ရတော့၏။

'သူဟာ ဘယ်သူလဲ ဘိုးဘိုး' ဟု ဒေါက်တာထင်ရှားက အလောင်းကို လက်ညှိုးထိုး၍ မေးလိုက်သည်တွင် ဘိုးဘိုး မေယက. . .

'သူလား၊ သူမ နှင်းပွင့်ဒေဝီပေါ့၊ ချစ်မေတ္တာရှင်နှင်းပွင့်ဒေဝီ သခင်မဆိုရင် ပိုပြီးမှန်လိမ့်မယ်လေ' ဟု အေးအေးဆေးဆေးနှင့် ပြောလေ၏။

'အို'

တစ်ချိန်က သူဇာနွယ်အား ကျွန်ုပ်၏ရင်ခွင်ထဲမှ တိတ်တခိုးလေး ပေးခဲ့သည့်အမည်သည် ထိုအမည်ဖြစ်နေခြင်းကြောင့် ရင်ထဲတွင် လှုပ်ခတ်သွားရပြန်တော့၏။

ထို့ပြင် ကျွန်ုပ်နှင့် သူဇာနွယ်ဇာတ်ကြောင်းကို ဝတ္ထုသဖွယ် ရေးသားရာ၌ စာရေးဆရာကြီး မင်းထိပ်ခေါင်က 'ချစ်မေတ္တာရှင်' ဟူ၍ ရေးသားထားသည့် အချက်ကိုလည်းပြန်၍သတိရမိပြန်ရာ. . .

ကျွန်ုပ်သည် တိုက်ဆိုင်မှုများကို ထွေး၍အံ့ဩသည်ထက် အံ့ဩခြင်း ဖြစ်မိလေတော့၏။

'ကဲ. . . ကဲ. . . ခရီးအဝေးကြီးက လာခဲ့ရတဲ့အတွက် လူကလေးတို့ ဆာလောင်ကြရောပေါ့၊ လာလာ. . . ဘိုးဘိုးနောက် လိုက်ခဲ့ကြကွယ့်' ဟု ဆိုကာ ဘိုးဘိုးမေယက အခန်းကျယ်ကြီး၏ အတွင်းဘက်သို့ လျှောက်ဝင်သွားလေ၏။



ကျွန်ုပ်တို့လည်း လွန်စွာ ဥပမိရှုပ်ကောင်း၍ တည်ကြည်လှကာ လွန်စွာ ထူးထွေဆန်းပြားမှုများဖြင့် ပြည့်နှက်နေသော သူတော်စင် ယောဂီ ဘိုးဘိုး မေယ နောက်သို့ လိုက်ပါသွားခဲ့လေ၏။

သူတော်စင် ယောဂီ ဘိုးဘိုး မေယသည် ကျောက်ဂူ၏ ဥမင်လမ်းကြောင်းအတိုင်း နောက်ဘက်သို့တစ်ချက်မျှ လှည့်မကြည့်ဘဲ လျှောက်လျက်ရှိနေလေသတည်း။

❖❖❖❖❖

## အခန်း (၃၇)

ဘိုးဘိုးမေယသည် နေရာတစ်နေရာအရောက်၌ ကျွန်ုပ်တို့အား စောင့်စားသကဲ့သို့ ရပ်တန့်လိုက်၏။

ကျွန်ုပ်တို့နီးလာသောအခါ ဘိုးဘိုးမေယသည် ပကတိ ကျောက်သား နံရံကဲ့သို့ဖြစ်နေသည့် နေရာအား လက်ဖြင့် အသာ အယာပွတ်လိုက်လေ၏။

'ဖျပ်. . . ဖျပ်'

'ဝှန်း'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျောက်တံခါးချပ်ကြီးသည် အံ့ဩစဖွယ် ဆုံလည်ကဲ့သို့ လည်သွားပြီးလျှင် အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်စေလေတော့၏။

'လာ. . . ဝင်ခဲ့ကြကွယ့်'

အတွင်း၌လည်း ယခင်က ကျွန်ုပ်တို့တွေ့မြင်နေကြ စိမ့်ဖန့်ဖန့်ပြာပြာလဲ့လဲ့အလင်းရောင်တစ်မျိုး လင်းထိန် လက်နေသည်ကို တွေ့ကြရပြန်သေး၏။

ကျောက်ထွင့်တစ်ခုပေါ်၌ ကြည်ညိုဖွယ်ရာ ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရပြီးလျှင် ထိုရုပ်ပွားတော်ရှေ့၌လည်း အလောင်းပေါ်၌ တွေ့မြင်ရသည့် နှင်းဆီနီနီရဲရဲ တစ်ပွင့်နှင့်မီးခိုးများ ထွက်နေသော နံ့သာခွက်ကိုလည်း တွေ့ရလေ၏။

ထိုနံ့သာမှာ ကျွန်ုပ်တို့ရှူရှိုက်ဖူးသည့် ကရက်မက်နံ့နံ့သာဖြစ်၍ တစ်ခန်းလုံး မွှေးထုံကြိုင်သင်းနေလေရာ စိတ်ထဲ၌ အလိုလိုရွှင်လန်းသကဲ့သို့ ဖြစ်ရလေ၏။ ကျွန်ုပ်တို့လည်း အနံ့အပြားသို့လှည့်ပတ်ကြည့်ရှုပြန်ရာ တစ်နေရာ၌ ကျောက်သလွန်တစ်ခုကဲ့သို့ရှိပြီးသကာလ မနီးမဝေးတွင် ကျောက်ခံရှည်ကြီးကို တွေ့ရပြန်လေ၏။

ခပ်လှမ်းလှမ်းနေရာ၌မူကား ကျောက်ဖြူဖြင့် ထုလုပ်ထားသည့် မိန်းမရုပ်တုတစ်ခုရှိရာ ယင်းရုပ်တုကို အနက်ရောင် ကျောက်သားဂူကလေးတွင် ထည့်သွင်းထားကြောင်း တွေ့ရှိရလေ၏။ ပြီးလျှင် အဝတ်လွှမ်းထားလေ၏။



ရုပ်တု၏မျက်နှာမှာ ခက်ထန်မာကျောမှု အသွင်သဏ္ဌာန်ကိုဆောင်နေပြီးလျှင် မျက်လုံးများမှာ အထက်သို့ မော့ကြည့်လျက် လက်နှစ်ဖက်ကို ဆန့်တန်းထား၏။

တစ်ဖန် လက်ယာဘက်လက်တွင် အမည်းရောင် ကျောက်ခွက်ကိုကိုင်ထားပြန်ကာ လက်ဝဲဘက်လက်၌ အဖြူရောင်ကျောက်ခွက်ကို ကိုင်ထားလေ၏။ ထိုခွက်နှစ်ခုမှာ ရေများစီးကျနေရာ အောက်ဘက်သုံးပေ ခန့်တွင် ရှိသော သတ္တုဇလုံကြီး တစ်ခုအတွင်းသို့ ပေါင်းစီးဝင်လျက်ရှိ၏။

ထိုသတ္တုဇလုံမှာ ထုအားဖြင့် တစ်ပေခန့်ရှိမည်ဟု မှတ်ယူရလျက် အစဉ်တစ်စိုက် စီးကျဟန်ရှိသော ရေလုံးများဒဏ်ကြောင့် ဟက်တက်ကွဲလျက် ရှိကြောင်း တွေ့ရ၏။

ထိုဇလုံခွက်မှ ရေများမှာ ခွက်အောက်ခြေရှိ မြောင်းကဲ့သို့ တစ်ဖန် စီးဝင်နေလေရာ ထိုရေစီးကြောင်းသည် အခန်း လက်ယာဘက်မှတစ်ဆင့် မည်သည့် နေရာဟုခန့်မှန်းရန် မတတ်နိုင်သည့် နေရာတစ်ခုသို့ စီးဝင်သွားကြောင်း ကျွန်ုပ်သတိပြု မိပေတော့၏။

ထိုအခါ ကျွန်ုပ်က ကျောက်သလွန်ပေါ်တွင် ထိုင်စပြုနေသည့် ဘိုးဘိုးမေယအား. . .

ဘိုးဘိုး၊ ဒီရုပ်တုဟာ ဘာရုပ်တုလဲဟင်၊ သိခွင့်ရှိရင် သိပါရစေခင်ဗျာ' ဟု မေးလိုက်၏။

ဘိုးဘိုးမေယက ပြုံး၍. . .

'ဪ. . . ဟုတ်သားပဲ၊ ခုနေအချိန်မှာ လူကလေးမေ့နေ

www.burmeseclassic.com



ပေးသကိုး၊ ပြောပြရတာပေါ့၊ ဒီရုပ်တုဟာ အသက်(ဇီဝ)ကို သရုပ်ဆောင်တဲ့ ရုပ်တုလေ၊ အဝတ်နဲ့ ဖုံးထားတာကတော့ ဘိုးဘိုးတို့ဟာ အသက် (ဇီဝ) ကိုပဲ ကြည့်လို့ မြင်ရတဲ့သဘောပေါ့'

'ဩော်'

'ဟုတ်ကဲ့'

'အဲဒီအသက်(ဇီဝ)ကလွဲလို့ ကျန်တဲ့အရာတွေကို မမြင်နိုင်ဘူး၊ ဖုံးကွယ်ထားတဲ့ သဘောပဲ လူကလေးတို့'

'အို. . . ဒီလိုကိုး'

'ဟုတ်. . . ဟုတ်ကဲ့'

'လက်တွေမှာ အဝတ်ဖုံးမထားတာကတော့ အသက်(ဇီဝ) ရုပ်တုသည် တကယ်ထင်ရှားစွာရှိပြီး သက်ပိုင်းလှုပ်ရှားမှုရှိတဲ့ သဘောဖြစ်တယ်'

'ကျောက်ရေခွက်တစ်ခုက အမည်းရောင်၊ နောက်ကျောက်ရေခွက်တစ်ခုက အဖြူရောင်နော်၊ အဲဒီနှစ်ခုကို ကိုင်ဆောင်ထားတဲ့ဟာက အသက် (ဇီဝ) ဟူသည် ကောင်းကျိုးရော၊ ဆိုးကျိုးကိုပါ ပေးစွမ်းနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ'

'ဟုတ်ကဲ့'

'တယ်ထူးဆန်းတာပဲ'

'အဲဒီအတွက် အပေါ်က ရေစီးကြောင်းနှစ်ကြောင်းဟာ ပေါင်းဆုံရတယ်ကွယ့်၊ ပြီးတော့မှ သေခြင်းတည်းဟူသော အမှောင်တိုက်ထဲမှာ ဝင်ရောက်ပြီး ပျောက်ကွယ်သွားရတယ်လေ' ဟု



ရှည်လျားစွာ ပြောပြ၏။

ပြီးမှ. . .

'ရုပ်တုရဲ့ အသွင်မူယာဟာ ချောမွေ့ရမယ့်အစား ခက်ထန်မာကျောနေရတာကတော့ အသက် (ဇီဝ) ရဲ့သဘောကို ဖော်ပြတာပဲ၊ တကယ်လဲ အဲဒီအတိုင်းပဲရှိတယ် လူကလေးတို့' ဟု ဆိုပြန်၏။ ထိုအခိုက် စာပေလိုက်စား၍ ဗဟုသုတကြွယ်ဝပုံရသည့် ဒေါက်တာ ထင်ရှားက. . .

'မျက်လုံးတွေ အထက်ကို မော့ကြည့်နေတဲ့ သဘောကရော၊ ဘိုးဘိုး' ဟု မေးလိုက်၏။

ထိုအခါ ဘိုးဘိုးမေယက ပြုံး၍. . .

'တကယ့် အသက်(ဇီဝ)ဟူသည် ဒီကမ္ဘာလောကကြီးမှာ မရှိဘူးဆိုတဲ့ သဘောပဲကွယ့်' ဟု ရှင်းပြ၏။

ဤတွင် ကျွန်ုပ်က. . .

'ဒီရေနဲ့ထူးခြားမှုကရော ဘယ်လိုပါလဲ ဘိုးဘိုး' ဟု မေးလိုက်ပြန်၏။

'ဒီရေကို သောက်သုံးခြင်းအားဖြင့် အသက်ရှည်ခြင်း၊ ကျန်းမာခြင်းတို့နဲ့ပြည့်စုံနိုင်ပါတယ်၊ ရက်ပေါင်း သုံးဆယ်အတွင်း ကြိမ် မှန်မှန်သောက်နိုင်ရင် ရောဂါဘယ မကပ်ရောက်နိုင်ဘူး၊ အလောင်မွတ်သိပ်ခြင်း နည်းပါးတယ်ကွယ့်'

'အို'

'အလို'

www.burmeseclassic.com



ထို့နောက် ဘိုးဘိုးမေယသည် ကျောက်ခွက် တစ်ခုကို ဆောင်ကာ သတ္တုဖလုံကြီးပေါ်မှ ယိုစီးကျလာသည့် ရေများကို ခွက်နှင့်ခံယူ၍ ရေကို သူကိုယ်တိုင်သောက်ပြလေ၏။

ပြီးမှပင် ကျွန်ုပ်တို့နှစ်ဦးအား တစ်ယောက်လျှင် တစ်ခွက်ကျ တိုက်လေ၏။

ထိုရေကို သောက်လိုက်သည်တွင် ရေသာ ဖြစ်သော်လည်း ရှန်ပိန်ပြင်းပြင်းကို သောက်လိုက်ရသကဲ့သို့ရှိလေ၏။ ထို့မျှမက ကိုယ်တွင်းရှိ အကြောအချဉ်များထဲသို့ အမျိုးအမည်မသိနိုင်သော ဓာတ်တစ်ခု လျှောက်ဝင်သွားသကဲ့သို့ ခံစားရလေ၏။

ပြီးလျှင် စိတ်၌ရှုပ်ထွေးနောက်ကျိမှုများ ပျောက်ကွယ်သွားကာ ရှင်လန်းခြင်း၊ အားတက်ခြင်း ဟူသော သတ္တိထူးများနှင့်အတူ အားအင်သည်လည်း သိသိသာသာ ပြည့်ဖြိုးလာသည်ဟု ထင်မှတ်ရလေ၏။

'အဲဒါ အာယုဝပန ဆိုတာပေါ့ကွယ်၊ ကဲကဲ. . . ယောဒီကျောက်ခုံတန်းမှာ ထိုင်ပြီး အမောဖြေကြဦး' ဟု ဘိုးဘိုးမေယက ပြောလိုက်လေ၏။ ထို့နောက် ဘိုးဘိုးမေယကကျောက်သလွန်ပေါ်မှ အနက်ရောင် သစ်သားတုံးအချို့ကို ပေး၍ ဒေါက်တာ ထင်ရှားအား ကျောက်ခွက်ကြီးအတွင်းရှိ မီးခဲများထဲသို့ထည့်စေကာ မီးဖိုနိုးလိုက်လေသည်။

အစပထမ၌ မီးခိုးများ အူအက်လာပြီးလျှင်ခေတ္တအကြာ၌ မီးတောက်တစ်ခု ဖြစ်ပေါ်လာလေ၏။



ထူးဆန်းမှုတစ်ခုမှာ အရှိန်ရလျက် တဟုန်းဟုန်းတောက်လောင်နေသော မီးပုံနှင့် ကျွန်ုပ်တို့မှာ ကိုက်အနည်းငယ်သာ ဝေးသော်လည်း ပြင်းထန်စွာ ပူလောင်မှု မရှိခြင်းပင် ဖြစ်လေ၏။

'အင်း. . . ဒုက္ခ၊ ဒုက္ခ အဝိယောဂီ၊ ဝိပယောဂေါ၊ အဝိယေ ဟိစ္ဆံပယောဂေါ' ဟု ဘိုးဘိုးမေယ၏ နှုတ်မှတစ်ကိုယ်တည်း ရွတ်ဆိုနေ၏။

'ကျွန်ုပ်မှာ ဘာသာရေးကို အထူးလိုက်စားသူတစ်ယောက်မဟုတ်လင့်ကစား ထိုပါဠိ၏ အနက်အဓိပ္ပာယ်မှာ' ချစ်ခင်နှစ်သက်သူနှင့် ကွေ့ကွင်းရခြင်းသည်လည်း ဒုက္ခ၊ မချစ်ခင်မနှစ်သက်သူနှင့် အတူတူပေါင်းဖော်ရခြင်းသည်လည်း ဒုက္ခဟူ၍ ဖြစ်ကြောင်းသိရှိလေ၏။

သို့သော် မည်သည့်အဓိပ္ပာယ်နှင့်ရေရွတ်ခြင်း ဖြစ်သနည်း၊ ကျွန်ုပ်အား ရည်ရွယ်၍ ရေရွတ်ခြင်းပေလော ဟသည်ဖြင့် ကျွန်ုပ်တွေးနေမိ၏။ ဤသို့ဖြင့် အနီရောင်၊ အဝါရောင်တို့ဖြင့် တောက်လောင် နေသော မီးတောက်သည် စိမ်းဖန့်ဖန့်အရောင်အဖြစ်သို့ ကူးပြောင်း လာတော့၏။

ထိုအခါ ဘိုးဘိုးမေယက. . .

'ကဲ. . . ချစ်ခြင်းမေတ္တာရဲ့ ထူးထွေဆန်းပြားမှုနဲ့ အချစ်ကို ကိုးကွယ်ရှာတဲ့ နှင်းပွင့်ဒေဝီရဲ့ အတိတ်သမိုင်းကဏ္ဍကို လူကလေးတို့ ကြည့်ကြပေတော့' ဟု ပြောပြောဆိုဆို ဘိုးဘိုးမေယသည် ၎င်း၏လက်ထဲမှ တစ်စုံတစ်ရာသော အမှုန့်များအား မီးပုံထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ပစ်ထည့်လိုက်လေသည်။

'ဝုန်း. . .'

'ဟုတ်. . .'

မီးတောက်သည် ဝုန်းခနဲ ပိုမိုတောက်လောင်သွားပြီးလျှင် 'ဟုတ်'ခနဲ ငြိမ်းသွားကာ မီးခိုးများ အူထွက်နေလေတော့သည်။

ထိုအခါ ကျောက်ဂူကြီး၏ အခန်းအနှံ့ မီးခိုးများကန့်လန့်ကာကြီးတစ်ခု ဖုံးအုပ်ထားသည်သို့ ထင်မှတ်ရပေတော့၏။

ထိုခဏတွင် အခန်းတွင်း၌ လင်းလက်နေသည့် စိမ်းဖန့်ဖန့်ပြာလဲ့လဲ့ အလင်းရောင်လည်း ထူးဆန်းစွာ ကွယ်ပျောက်တော့သည်။

တစ်ခန်းလုံးတွင် အဖြူရောင် မီးခိုးများမှအပ မှောင်ပိန်းလျှက်ရှိနေလေတော့၏။

'ကြည့်၊ ကြည့် သေသေချာချာကြည့်ကြကွယ့် လူကလေးတို့' ဟူသော သလွန်ပေါ်မှ ဘိုးဘိုးမေယ အသံကိုကြားလိုက်ရလေ၏။ ကျွန်ုပ်တို့လည်း ဘိုးဘိုးမေယ စကားအရကြည့်ရန် ဖြစ်သော်လည်း မည်သည့်နေရာကို ကြည့်ရမှန်းမသိ ဖြစ်နေစဉ်။

'ရှီ. . . ရှီ'

ယခင် မီးပုံရှိရာ ကျောက်ခွက်ဆီမှ တစ်စုံတစ်ရာသည်လေထုကို ဖြတ်သန်း၍ အော်မြည်သောအသံမျိုး ကြားလိုက်ရပြီးသကာလ လူရိပ်များသည် မီးခိုးများနှင့်အတူ ရောထွေး၍ လှုပ်ရှားသွားသည်ဟု ထင်မှတ်လိုက်ရသောကြောင့် ထိုနေရာသို့ နှစ်ဦးသားမျက်တောင်မခတ်စတမ်း စိုက်ကြည့်နေမိလိုက်ကြ၏။ ဤတွင်



မည်သို့ဖြစ်သည် မသိအောင်ပင်ကျွန်ုပ်တို့၏ မျက်လုံးများ ပြာဝေလာတော့၏။ သို့သော် မကြာမီကြည်လင်လာပြန်၏။

ထိုအခါ ရန်ကုန်မြို့ပလာဇာရုံမှာ ဓာတ်ရှင်ကြည့်ရသကဲ့သို့ မီးခိုးအတွင်း၌ အရိပ်သဏ္ဍာန်များ ပီပြင်ထင်ရှားလာသည်ကို တွေ့လိုက်ကြရလေ၏။

ပထမဦးစွာ မြင်တွေ့ရသည်မှာ ရွှေနဖူးစည်းနှင့်ဆံပင်ဖားလျားချထားကာ ရှတ်စုံအပြာ ဝတ်ထားသော မိန်းမပျိုတစ်ဦးသည် ဖောင်းဝတ်ရောင်မြင်းကြီးကို စီး၍ လွင်ပြင်တစ်ခုဆီသို့ တစ်ဟုန်ထိုး ပြေးလွှားသွားနေပုံပင် ဖြစ်လေတော့၏။

ထိုအခိုက် ယောဂီဘိုးဘိုး မေယ၏အသံက. . .

'အဲဒါနာရီနှိုင်ငံတော်ရဲ့ ဘုရင်မပေါ့၊ နှင်းပွင့်ဒေဝီလို့လဲခေါ်တယ်ကွယ့်' ဟု ဆို၏။

ထိုစဉ် လေးဘက်ကျပ်လျက် ပြေးလွှားနေသောမြင်းကြီး၏ဇက်ကြိုးကို ဥရင်မဆိုသူက တံ့ခနဲဆွဲ၍ ရပ်စေလေရာလွန်စွာအားသန်သော မြင်းကြီးမှာ ပြေးနေရာမှ တံ့ခနဲပတပ်ရပ်လိုက်သောကြောင့် ရှေ့ခြေနှစ်ဖက် မြောက်သွားသည့်အတွက် ဘုရင်မမှာမြေပေါ်သို့ကျမတတ် ဖြစ်သွား၏။

သို့သော် သူမသည် ကျင်လည်စွာပင် မြင်းဇက်ကြိုးကိုဖမ်းကိုင်ထိန်းရာမှ နောက်ဘက်သို့ လည်ပြန်လှမ်းကြည့်လိုက်ရာချောမောလှပသော သူမ၏မျက်နှာကို ရှင်းလင်းစွာ မြင်လိုက်ရသည့်အတွက် ကျွန်ုပ်၏ရင်ထဲ၌ ဒိန်းခနဲ တုန်လှုပ်သွားကာ. . .

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . သူ. . . သူဇာနွယ်၊ နှင်းပွင့်. . . နှင်းပွင့်' ဟု ဒရောသောပါး ပြောလိုက်မိ၏။

'အတတ်နိုင်ဆုံး အသံမထွက်အောင် ထိန်းချုပ်ထားပါ လူကလေး' ဟူသော ဘိုးဘိုးမေယ၏အသံ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်လည်း ပါးစပ်ကို လက်ဖြင့် ပိတ်ထားလိုက်ရတော့၏။

ထို့နောက် မီးပုံအတွင်းမှ ထွက်ပေါ်နေသော မြင်ကွင်းကို ပြန်လည်ကြည့်ရှုမိတော့သည်။ ထိုအခါ ဘုရင်မသည် အနောက်ဘက်သို့ လက်ဝှေ့ယမ်း ပြသည့်အခိုက် ဘုရင်မနှင့်မနီးမဝေးသို့ အနီရောင်ဝတ်စုံများ ခြုံလွှမ်း ထားသူ ဆယ်ဦးခန့်သည် မြင်းကိုယ်စီဖြင့်ရောက်ရှိလာတော့ သည်။

သူတို့သည် မြင်းများကို ဆက်လက်၍ မောင်းနှင်ကြပြန်ရာ ဖုန်လုံးများ တလိမ့်လိမ့်ထနေသည်ကိုပင် တွေ့ရလေ၏။

ထို့နောက် လွန်စွာနက်ရှိုင်းလှသည့် ချောက်ကမ်းပါးကြီး၏ ထိပ်တွင် ရပ်တန့်လိုက်ကြပြီးလျှင် မှုးမတ်သဏ္ဌာန်လူကြီးတစ်ဦးက ဘုရင်မအား တစ်စုံတစ်ရာ ပြောဆိုလျက် ချောက်၏အောက်ခြေသို့ လက်ညှိုးညွှန်ပြလေ၏။

ဘုရင်မက ခေါင်းညိတ်လျက် လှမ်းမျှော်ကြည့်ရှုလိုက်ပြန်ရာ ချောက်ကမ်းပါး၏ အောက်ခြေ၌ ရာထောင်မက များပြားလှသော လူများကို တွေ့ကလိုက်ရလေတော့၏။ သို့အတွက် ဘုရင်မ၏ မျက်နှာတွင် မခံမရပ်နိုင်ခြင်း၊ ဒေါသဖြစ်ခြင်း စသည့် အမူအရာများ ဖြစ်ပေါ်လာလျက် ပန်းနု ရောင်သမ်းနေသည်ကို တွေ့ရပြန်လေ



သည်။

'လွန်စွာအေးချမ်းသာယာတဲ့နာရိန္ဒနိုင်ငံတော်ကို ဟတ္တိယနိုင်ငံရဲ့ဘုရင် မာဏဝက စစ်ပြုဖို့ ကြိုးပမ်းပြီး သဝဏ်လွှာပါးလိုက်တဲ့အတွက် သူ့ရဲ့မှူးမတ်တွေနဲ့အတူ မာဏဝရဲ့ စစ်သည်အင်အားကို လာကြည့်တာဆိုပါတော့' ဟူသော ဘိုးဘိုးမေယ၏အသံ ထွက်ပေါ်လာပြန်လေ၏။

ပြီးလျှင်မြင်ကွင်းများပြောင်းသွားကာ ချောက်ကမ်းပါးအောက်ခြေမှ ရာထောင်မက များပြားလှသည့် စစ်သည်များကို တွေ့ရပြန်လေ၏။ စစ်သည်များမှာ လက်နက်အမျိုးမျိုး ဆွဲကိုင်ထားပြီးလျှင် မျက်နှာများကလည်း တင်းမာခက်ထန်စွာ ရှိနေကြောင်း တွေ့နေ ရ၏။

ထို့နောက် ဓာတ်ရှင်ပြသကဲ့သို့မြင်ကွင်းက ဖျပ်ခနဲပြောင်းသွားပြန်ရာ ရာထောင်မက များပြားလှသည့် စစ်တပ်ကြီး၏ ရှေ့တွင် ဝတ်စုံအနက်ရောင် ဆင်မြန်းထားသည့် လူကြီးတစ်ယောက် မြင်းပေါ်ရပ်နေပုံ ပေါ်လာသည်။ ထိုလူ၏ပုံကို မြင်ရသည်နှင့် သူဇာနွယ်၏ မှတ်စုပါ အသား ညိုညို၊ ဝင်တိုတိုနှင့်အရပ်ပုပုဖြစ်သည့် ကိုဟန်သွဲ့ဆိုသူအား ကျွန်ုပ် ပြေး၍ မြင်ယောင်မိကာ ဒေါသထွက်သွားရလေ၏။

ကျွန်ုပ်နည်းတူပင် သူဇာနွယ်၏ မှတ်စုပါအကြောင်းအရာများကို မှတ်သားဖူးသည့် ဒေါက်တာထင်ရှားလည်း မြင်ကွင်းကို ကြည့်ရှုနေရင်းမှပင်လျှင် ကျွန်ုပ်၏လက်အား ဆုပ်ကိုင်ဖျစ်ညှစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။

ထိုသည်မှာ မင်္ဂလာဆောင်ပြီး၍ တစ်ရက်အကြာ၌ သူဇာနွယ်ကို ခွဲခေါ်သွားသည့် ကိုဟန်သွဲ့ဆိုသူဖြစ်ကြောင်း သတိပေးခြင်းဟု ကျွန်ုပ်နားလည်မိပါ၏။

မြင်ကွင်းပြောင်းသွားပြန်ကာ နဖူးတွင် ကျောက်နီပါသော အနက်ရောင် နဖူးစီး စည်းထားသည့် လူရွယ်တစ်ဦးသည် အဖြူရောင်ဝတ်စုံဝတ်၍ ခမ်းနားလှသည့် နန်းဆောင်သဏ္ဌာန် အဆောက်အအုံတွင်းသို့ လျှောက်သွားနေပြီးလျှင် အဝေး၌ နှင်းမှိုများ ဝေ့နေသည့်နေရာကို စီးမြင်နိုင်သောဝရန်တာဘက်သို့ လမ်းလျှောက်သွားနေပုံ ဖြစ်လေ၏။

ထိုအခါ ဝရန်တာဆီမှ လူရိပ်တစ်ခုကို တွေ့ရပြီးလျှင် ထိုလူရိပ်မှာ ဘုရင်မဖြစ်ကြောင်း တွေ့ရလေတော့၏။

အဖြူရောင်ဝတ်စုံဝတ် လူရွယ်ကို တွေ့ရသောအခါ မျက်ရည်များ စီးကျနေသည့် ချောမောသော ဘုရင်မသည် ဝတ်ရုံဖြူ လူရွယ်၏ ကျယ်ပြန့်ခန့်ညားသော ရင်ခွင်ထဲသို့ အပြေးအလွှား တိုးဝင်လိုက်တော့သည်။

ဤတွင် အဖြူရောင်ဝတ်စုံနှင့် လူရွယ်ကလည်း ထွေးပွေ့ကာ မျက်ရည်စများကို အသင့်ပါလာသည့် ပဝါစဖြင့် သုတ်ပေးပြီးလျှင် ကြင်နာစွာ နမ်းရှုံ့နေလေတော့၏။

ထိုသို့ နမ်းရှုံ့ရာတွင် ဘုရင်မကို ကျောခိုင်းလျက် လူရွယ်၏မျက်နှာကိုကျွန်ုပ်တို့ဘက်သို့ လှည့်သည့်အနေအထားဖြစ်ခြင်း



ကြောင့် လူရွယ်၏မျက်နှာကို အသေအချာ တွေ့ရလေရာ ကျွန်ုပ်မှာ မိမိ၏မျက်နှာကို မှန်ထဲတွင်ပြန်တွေ့ရသူကဲ့သို့ ဖြစ်နေလေတော့၏။

အကြောင်းမှာ ထိုလူရွယ်၏မျက်နှာသည် ကျွန်ုပ်၏ မျက်နှာနှင့် ချွတ်စွပ်တူနေခြင်းကြောင့်ပေတည်း။

'ဟင်'

ထိုမြင်ကွင်းကိုကြည့်၍ ကျွန်ုပ်နံဘေးရှိ ဒေါက်တာထင်ရှား ထံမှလည်း သက်ပြင်းချသံ ထွက်ပေါ်နေလေ၏။

'သူကတော့ နာရီနွှနိုင်ငံရဲ့ သက်တော်ရှည်အမတ်ကြီး ဒတ္တာမေယရဲ့သား စစ်သူကြီး ဝေတဲ့ကွယ့်' ဟူသော နောက်ဘက်မှ ပြောလိုက်သည့် ဘိုးဘိုးမေယ၏အသံကို ကြားရပြန်လေ၏။

ထို့နောက် မြင်ကွင်းပြောင်းသွားပြန်လေ၏။

ညီလာခံ ခန်းမဆောင်အတွင်း၌ လူအများ စုရုံးနေကြခြင်း ဖြစ်သည်။ မှူးမတ်များက တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ ဘုရင်မကလည်း သလွန်ပေါ်မှနေ၍ တစ်စုံတစ်ရာပြောဆို၏။

ပြီးလျှင် တစ်ဖက်ရှိ အဖြူရောင်ဝတ်စုံ မုတ်ဆိတ်ဖားလျားနှင့် ဆံပင်များကို စုထုံးထားသည့် နံဘေးထိုင်ခုံရှိ လူကြီးတစ်ဦးသို့ ဘုရင်မက တစ်စုံတစ်ရာ ပြောလိုက်ပြန်၏။

ထိုအခါ ထိုလူကြီးမှာ ကျွန်ုပ်တို့နောက်ဘက်ရှိ ကျောက်သလွန်ထက်၌ ထိုင်နေသော ဘိုးဘိုးမေယဖြစ်ကြောင်း ထိတ်လန့်အံ့ဩစွာ သတိပြုလိုက်မိရာ ဒေါက်တာထင်ရှားသာမက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ယောင်၍ ရေရွတ်မိတော့၏။

'ဟင်'

'ဟာ'

သို့သော် ဘိုးဘိုးမေယက တားမြစ်ခြင်း မပြုဘဲလျက်. . .

'အဲဒါက နာရိန္ဒနိုင်ငံတော်ရဲ့ သက်တော်ရှည်ဘိုးဘိုး ဒတ္တမေယဆိုတာပေါ့' ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့လည်း ဆက်လက်ကြည့်ရှုပြန်လေရာ ဝေဆိုသူလူရွယ်နှင့် နှင်းပွင့်ဒေဝီ ဘုရင်မတို့သည် ပွေ့ဖက်ကြည်နူးနေရာမှ တစ်စုံတစ်ရာ အရေးကြီးကိစ္စကို ဆွေးနွေးနေကြပုံဖြစ်လေ၏။

ပြီးလျှင် စစ်ပွဲကြီးကို တွေ့ကြရပြန်တော့သည်။

စစ်သည်များသည် ဖွေး၍ ထက်မြက်ကာ တလက်လက်တောက်ပနေသော ဓားများ၊ လှံများဖြင့် ထိုးခုတ်သတ်ဖြတ်နေကြ၏။

ဝတ်ရုံနီနှင့်ဝတ်ရုံနက် စစ်သည်များမှာ ရောထွေး၍ ရှုပ်ယှက်ခတ်နေကာ ဖုန်လုံးကြီးများ တလိမ့်လိမ့်ထနေသည်မှာ အသည်းယားစဖွယ်တည်း။

တစ်နေရာတွင် ဟတ္တိယနိုင်ငံတော်၏ဘုရင် မဏာဝနှင့် နာရိန္ဒနိုင်ငံတော်၏ စစ်သူကြီး ဓဝတို့သည် လှံရှည်ကြီးတစ်စင်းစီနှင့် စီးချင်းထိုး တိုက်ခိုက်နေကြသည်မှာ အထူးကြည့်ကောင်း၍ သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်နေလေ၏။

ထိုသို့ရှိစဉ် ဝတ်စုံနက် စစ်သည်ငါးဦးခန့် စုပြုံရောက်ရှိလာကာ ဝတ်ရုံဖြူနှင့် နာရိန္ဒနိုင်ငံစစ်သူကြီး ဓဝကို ဝိုင်း၍ တိုက်ခိုက်ပြန်၏။



တိုစဉ် ဘိုးဘိုးမေယ၏အသံက. . .

'စစ်ဖြစ်ရခြင်းအကြောင်းရင်းကတော့ ဘုရင်မကို ဟတ္တိယနိုင်ငံရဲ့ဘုရင် မဏာဝက မိဖုရားမြှောက်ချင်လို့ပဲ' ဟု ဆို၏။

ပြီးမှ. . .

'ဒါကို ဘုရင်မက လက်မခံဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရင်မဟာ စစ်သူကြီးဓဝနဲ့ မေတ္တာမျှနေကြလို့ပဲ' ဟုဆိုကာ တိတ်သွားပြန်လေ၏။ ကျွန်ုပ်တို့လည်း သက်ပြင်းကိုယ်စီချ၍ ဆက်လက်ကြည့်ရှု ပြန်လေ၏။

မြင်ကွင်းတွင် စစ်သူကြီးဓဝအား ဟတ္တိယနိုင်ငံတော်၏ဘုရင် မဏာဝအပြင် နောက်ထပ် အနက်ရောင်ဝတ်စုံဝတ်စစ်သည်တော်နှစ်ဆယ်ခန့်က ဝိုင်းဝန်းတိုက်ခိုက်နေပုံ ဖြစ်၏။နေရာအနှံ့၌လည်းအနီရောင်ဝတ်စုံနှင့် နာရိန္ဒတပ်သား များမှာ အများအပြားကျဆုံးနေသည်ကို တွေ့မြင်ရ၏။

ကျွန်ုပ်မှာ စစ်သူကြီး ဓဝ၏ အဖြစ်ဆိုးကိုကြည့်၍ ကျွန်ုပ်ကိုယ်တိုင်ခံစားနေရသည့်အလား လက်သီးများ ကျစ်ကျစ်ပါအောင်ဆုပ်ထားမိလေ၏။ ခေတ္တမျှအကြာ၌ စစ်သည်များနှင့်ရှုပ်ယှက်ခတ်တိုက်ခိုက် နေသော စစ်သူကြီး ဓဝထံသို့ ဟတ္တိယဘုရင် မဏာဝက ပြောင်လက်ချွန်ထက်နေသော လှံကြီးကို ပစ်လွှတ်လိုက်လေ၏။

ကျွန်ုပ်သည် ယောင်၍ မအော်မိစေရန် ပါးစပ်ကို လက်ဖြင့်အချိန်မီ အုပ်လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နည်းတူပင် ဒေါက်တာလင်ရှားလည်း ကိုယ်တစ်ချက် လှုပ်ခါသွားသည်ဟု ထင်မှတ်ရလေ၏။

အဘယ်ကြောင့်ဆိုသော် ဟတ္ထိယဘုရင် မာဏဝ၏ လှံတံသည် လေထဲတွင် ဝဲပျံသွားပြီးနောက် စစ်သည်များနှင့်တိုက်ခိုက်နေသည့် နာရိန္ဒစစ်သူကြီး ဓဝ၏ကျောပြင်မှ ထုတ်ချင်းခတ် ဖေါက်ဝင်ကာ ရင်ညွန့်အထိ ထိုးထွက်သွားလေတော့၏။

စစ်သူကြီး ဓဝ၏မျက်နှာမှာ ရှုံ့မဲ့သွား၏။ ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွား၏။

သို့သော် ထုတ်ချင်းခတ်နေသည့် လှံတံစူးဝင်နေလျက်မှပင် စစ်သူကြီး ဓဝသည် ဟတ္ထိယ စစ်သည်တော်များကို တိုက်ခိုက်ပြီးနောက် သူ၏မြင်းလိမ္မာကြီးကို တရကြမ်းစိုင်းနှင်ကာ မြင်းဇက်ကြိုးကို ဆွဲလိုက်လေ၏။

ထို့ကြောင့် မြင်းကြီးနှင့် စစ်သူကြီးဓဝမှာ လေပေါ်တွင် ပျံဝဲသည့်အလား ဟတ္ထိယ စစ်သည်များ အပေါ်မှ ကျော်သွားလေ၏။

ထို့နောက် မြင်ကွင်းကား ဘုရင်မသည် ကျောက်ကလပ်တစ်ခုပေါ်၌ရှိနေသောစစ်သူကြီးဓဝ၏ အလောင်းကိုကြည့်၍ မျက်ရည်များ တဖြိုင်ဖြိုင်ကျနေခြင်းပင် ဖြစ်သည်။

အခြား မှူးမတ်များနှင့်အတူ သက်တော်ရှည်ဘိုးဘိုး ဒတ္တမေဃ သည် ဘုရင်မပုခုံးကိုပုတ်၍ နှစ်သိမ့်နေရှာ၏။

ပြီးလျှင် မြင်ကွင်းပြောင်းသွားပြန်ကာ ဘုရင်မနှင်းပွင့်ဒေဝီ



သည် တစ်နေရာသို့ ခြေကျင်ခရီး လျှောက်နေပုံဖြစ်၏။

သူမ၏ဝတ်စုံဖြူသည် လေတိုးသဖြင့် တစ်ဖျပ်ဖျပ် လှုပ်ခါနေလျက် ရှိနေလေ၏။

သူမလျှောက်နေပုံမှာ အိပ်ရာမှနိုးလာသူကဲ့သို့ ယိုင်တီယိုင်ထိုး လျှောက်နေခြင်း ဖြစ်သည်။

မကြာမီ တောင်တွင်ကြီးတစ်ခုပေါ်သို့ လှမ်းတက်နေဟန်တွေ့ရပြန်၏။

ဘုရင်မသည် တစ်ရွေ့ရွေ့ လှမ်းတက်နေရာမှ မကြာမီကျောက်ထွင့်ကြီး၏ အပေါ်သို့ လုံးလုံးလျားလျား ရောက်ရှိသွားခဲ့လေ၏။

ဘုရင်မ၏ အောက်ခြေတွင် မြူနှင်းများ ဝေ့ဆိုင်း၍နေသော ဟင်းလင်းပြင်ကြီးကို တွေ့ရလေ၏။

ထို့နောက် ဘုရင်မသည် ကျောက်ထွင့်၏ချိုင့်ခွက်ထဲ၌ရှိနေသော မွဲပြာပြာ အရည်တစ်မျိုးကို အသင့်ရှိနေသည့် ကျောက်ခွက်ဖြင့် ခပ်လိုက်တော့၏။

ယင်းအခိုက်မှာပင် အဝေးဆီမှ မြင်းတစ်စီးသည် ဖုန်မှုန့်များ တစ်လိမ့်လိမ့်ထသည်အထိ ပြေးလွှားလာနေ၏။

မြင်းစီးသူမှာ အခြားသူ မဟုတ်ပေ။

ဟတ္ထိယဘုရင် မာဏဝသာလျှင် ဖြစ်ချေ၏။

ဘုရင် မာဏဝသည် မြင်းကို တရကြမ်း စိုင်းနှင်ရင်း ကျောက်ထွင့်ကြီးရှိရာသို့ လာနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နွတ်မှလည်း အော်ဟစ်ခေါ်လျက် မြင်းကြီးကို လက်တစ်ဘက်နှင့် ရိုက်ကာ တစ်ဟုန်ထိုး ပြေးလွှားစေလေ၏။

ထိုခဏမှာပင် ဘုရင်မ နှင်းပွင့်ဒေဝီသည် လှောင်ရယ် ရယ်လိုက်ပြီးနောက် ကျောက်ခွက်မှ မွဲပြာပြာ အရောင်ရှိရေကို သောက်လိုက်တော့သည်။

'အင်း. . . အချစ်၊ အချစ် ဟယ်လဲဆန်းကျယ်ပြီး တယ်လဲ အရာရာကို လွှမ်းမိုးနိုင်ပါလား' ဟူသော ဘိုးဘိုးမေယ၏ ညည်းညူရေရွတ်သံ ထွက်ပေါ်လာပြီးနောက် မြင်ကွင်းများမှေးမှိန်သွားတော့၏။

ထို့နောက် အဖြူရောင် မီးခိုးများကို မြင်တွေ့ရပြီးလျှင် ခဏအကြာ၌ မီးတောက်များတောက်လောင်နေသော မီးပုံကြီးကို တွေ့ရပြန်လေ၏။

ထိုခဏ၌ မှုလက ထွက်ပေါ်နေသော စိမ်းဖန့်ဖန့်ပြာလဲ့လဲ့ အလင်းရောင်တစ်မျိုးသည် အခန်းတွင်း၌ ပြန်လည်၍ ထွက်ပေါ်လာပြန်တော့၏။



## အခန်း (၃၀)

'အေး. . . အဲဒါပဲကွယ့်၊ ဘုရင်မ နှင်းပွင့်ဒေဝီရဲ့ ဇာတ်သိမ်းခန်းလေ' ဟု ဘိုးဘိုးမေယက ကျောက်သားနံရံကြီးကို ဝေဝါးစွာ စိုက်ကြည့်နေရှာလေသည်။

ထိုအခါ ကျွန်ုပ်က မရှင်းသောကြောင့်. . .

'ဘိုးဘိုးခင်ဗျာ၊ ဘုရင်မ သောက်လိုက်တဲ့ မွဲပြာပြာအရောင်ရေတွေဟာ ဘာရေတွေလဲ ခင်ဗျ' ဟု မေးလိုက်လေ၏။

ဤတွင် ဘိုးဘိုးမေယက တည်ကြည်စွာဖြင့်. . .

'အဲဒါဟာ သတ္တုတစ်မျိုးနဲ့ ကျောက်သား ရောစပ်ရာက သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ အဆိပ်ရည် တစ်မျိုးပေါ့ကွယ်' ဟု ဆိုလေ၏။ ထို့နောက် ဒေါက်တာ ထင်ရှားက. . .

'ဒါဆိုရင် ဘုရင်မဟာ အဆိပ်သောက်ပြီး သေသွားတာပေါ့နော် ဘိုးဘိုး' ဟုမေးပြန်လေ၏။

'ဒီအတိုင်းပါပဲ' ဟု ဘိုးဘိုးမေယကဆိုရာ ဒေါက်တာ ထင်ရှားကပင်လျှင်. . .

'ကျွန်တော်ဖြင့် မြင်ရတဲ့မြင်ကွင်းကို ကြည့်ရတာ ဖေတ်တော်ကိုဆို့နင့်မိပါတယ်' ဟုပြောလိုက်၏။

ကျွန်ုပ်မှာ ချစ်လှစွာသော သူဇာနွယ်ခေါ် နှင်းပွင့်ဒေဝီ၏

www.burmeseclassic.com

www.burmeseclassic.com



အတိတ်သမိုင်း မြင်ကွင်းကို ကြည့်ရသည့်အတွက် ရင်တွင်း၌ ပိုမို လှုပ်ခတ်လာကာ တစ်ချက်မျှ နင့်ခနဲ ဖြစ်သွားသည်အထိ ခံစားရလေ၏။

ဘိုးဘိုးမေယသည် ကျွန်ုပ်အား စူးရှသော မျက်လုံးများနှင့် စိုက်ကြည့်လိုက်ပြီးလျှင်. . .

'အဖြစ်အပျက်ကလေးကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ အဖြစ်အပျက်ပေါ့ကွယ်' ဟုဆို၏။ ထို့နောက်ဆက်လက်၍ ပြောပြန်သည်မှာ. . .

'နာရီနန္ဒိုင်ငံတော်ရဲ့ ဘုရင်မနှင်းပွင့်ဒေဝီနဲ့ စစ်သူကြီး ဇဝ တို့ဟာ ဒီဘဝမှာသာမက နောင်ဘုရားမပွင့်မီအချိန်ထိ ဘဝဆက်တိုင်း ရာသက်ပန်ပေါင်းကြရပါစေလို့ ဆုတောင်းထားခဲ့ကြတယ်' ဟု ဆိုပြန်၏။

ကျွန်ုပ်တို့လည်း ငြိမ်သက်စွာ နားထောင်လျက် ရှိနေလေရာ. . .

'ဘုရင်မနဲ့ စစ်သူကြီး ဇဝတို့ဟာ လူသာမန်တွေချစ်ကြတဲ့ အချစ်မျိုးထက် ပိုမိုလွန်ကဲတဲ့ အချစ်နဲ့ ချစ်ကြတာ ဆိုတော့ ခက်တာပေါ့လေ၊ ဒါပေမယ့် ဟတ္တိယ ဘုရင် မာဏဝကလဲ လောကကြီးမှာ ဘုရင်မတစ်ယောက်သာ မိန်းမရှိတယ်လို့ မှတ်ယူတဲ့ လူစားပဲ၊ အခိက ဒုက္ခရောက်စေတာကတော့ နှင်းပွင့်ဒေဝီရဲ့ ရူပါရုံပဲ' ဟု ဆို၏။

ကျောက်ဂူအတွင်း၌ တိတ်ဆိတ်နေရကား ဘိုးဘိုးမေယ



၏ခန့်ငြားသော မဝိုးမကျယ်အသံသြသြသည်သာ ဒွန်တမိုက်း ကျစွာ ထွက်ပေါ်၍ နေလေ၏။

'ဘုရင်မဟာ သူချစ်သူ စစ်သူကြီးဇဝ သေဆုံးသွားသည် အထိ သစ္စာရှိကြောင်း ပြလိုက်တာပဲပေါ့ကွယ်၊ နောက်တော့ သူမှာထားတဲ့အတိုင်း သူ့ရဲ့ သက်တော်ရှည်ဘိုးဘိုးက သစ်ရွက်ထွေကရတဲ့ အဆိပ်တစ်မျိုးနဲ့ အလောင်းကို လိမ်းကျံပြီး မပုပ်မသိုးအောင် စီရင်ထားလိုက်တာ ဆိုပါတော့။

'. . . ထူးခြားချက်တစ်ခုကတော့ သူချစ်သူဇဝ အလောင်း ရှိရာ ကျောက်ဂူကြီးကို ပြန်ရောက်လာခဲ့ရင် ရုပ်ကလပ်ဟာ အလိုလို ပျက်စီးပြီး သူ့ဝိညာဉ်ဟာလဲ စိတ်ဖြောင့်ဖြောင့်နဲ့ ဗုဒ္ဓရဲ့ တရားဓမ္မတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်လို့ အဓိဋ္ဌာန်သဘောမျိုး ကျိန်စာပြုခဲ့တယ်ကွယ့်'

ပြောပြောဆိုဆို မေယသည် ၎င်း၏သလွန်ပေါ်ရှိ ဝါးဆစ်ကဲ့သို့သော ဘူးတစ်မျိုးထဲမှ အရာဝတ္ထုတစ်ခုကို ဆွဲထုတ်၍ ကျွန်ုပ်ဆီသို့ ကမ်းပေးလိုက်လေ၏။

ကျွန်ုပ်လည်း ရိုသေစွာလှမ်းယူကာ သဝဏ်လွှာသဖွယ်အန် ဖယောင်းသုတ်ထားသော ပေရွက်တစ်ရွက်ကို ဒေါက်တာထင်ရှားပါ မြင်စေရန် ဖတ်ရှုကြည့်ကာ အောက်ပါအတိုင်း ရေးသားထားသည်ကို ဖတ်ရှုရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## နာရီနှမြည့်ရှင် ကျွန်ုပ် နှင်းပွင့်ခေဝီ၏ သဝဏ်လွှာတော်

ကျွန်ုပ်သည် ကျွန်ုပ်၏ ချစ်သူဖြစ်သည့် စစ်သူကြီး ဇဝတို့သည် ကမ္ဘာပေါ်၌ မည်သူမျှမချစ်ဖူးသော ချစ်ခြင်းမေတ္တာဖြင့် ချစ်ခဲ့ကြ၏။ ထို့ကြောင့်လည်း ဆုတောင်းပြည့်စေတီတွင် ဘုရားထပ်မံမပွင့်မီ ကာလအတွင်း ဖြစ်လေရာဘဝတိုင်းတွင် အတူတူပေါင်းကြရစေရန် ဆုပန်ထားခဲ့ကြပြီးလေပြီတည်း၊ ကျွန်ုပ်ချစ်လှစွာသော ချစ်သူကား ကွယ်လွန်ခဲ့ချေပြီ။

ဆိုးရွားလှသော တံကြမ္မာသည် ကျွန်ုပ်ထက်အရင် ကျွန်ုပ်ချစ်သူအား မရဏာပြည်သို့ ပို့ပေးခဲ့ကြ၏။ ကျွန်ုပ် စစ်ရှုံးပြီဖြစ်သည်။ သို့ပါသော် ကျွန်ုပ်၏ ကိုယ်ခန္ဓာကို မက်မောသူ ဟတ္ထိယဘုရင်အတွက်သင်ခန်းစာ အမှန်ရပေရမည်။ ကျွန်ုပ် သေလွန်ပြီးသည့်နှစ်ပေါင်း အထောင်၊ အသောင်း၊ အသိန်း၊ အသန်းအထိ ကျွန်ုပ်၏ ရုပ်ကလာပ်၌ ကျွန်ုပ်၏ ဝိညာဉ်သည် တည်ရှိနေပါစေသတည်း။

ကျွန်ုပ်သည် ကမ္ဘာစောင့်နတ်မင်းကြီးနှင့်သာသနာတော်စောင့် နတ်မင်းကြီးအပါအဝင် အထူးထူးသော နတ်မင်းများအား ဦးထိပ်ထား၍ တိုင်တည်ပါ၏။ ကျွန်ုပ်၏ဝိညာဉ်သည် ကျွန်ုပ်၏ချစ်သူရှိရာသို့ အတူတကွ ထာဝရ လိုက်ပါ စောင့်ရှောက်နိုင်ပါစေသတည်း။

ကျွန်ုပ်၏ ရုပ်ကလာပ်သည် ကျွန်ုပ်၏ချစ်သူ ဇဝ



ရောက်လာသည့်အခါမှသာ ပျက်စီးခြင်းသို့ ရောက်ပါစေသတည်း။ ထိုအချိန်အခါကျမှသာ ပျက်စီးခြင်းသို့ ရောက်ပါစေသတည်း။

ယင်းအချိန် မတိုင်မီကာလအတွင်း ကျွန်ုပ်၏ ရုပ်ကလာပ်သည် မပျက်မစီးရှိနေရုံမျှမက မည်သူတစ်စုံ တစ်ဦးမှ တွေ့မြင်ခြင်း မရှိရပါစေသတည်း။

ကျွန်ုပ်၏ရုပ်ကလာပ် ပျက်စီး ချုပ်ငြိမ်းပြီးသည်ရှိသော် ဘဝဆက်တိုင်း၏ ဘဝတစ်ခုခု၌ ချစ်သူဇဝနှင့် ရာသက်ပန် ပေါင်းဖော်ရပါစေသတည်း။

ကျွန်ုပ်၏ ရုပ်ကလာပ် ပျက်စီးသည့်ကာလတွင် ကျွန်ုပ်၏ချစ်သူသည် 'သာခု' သုံးကြိမ်ခေါ်၍ ကျွန်ုပ်ဝိညာဉ်အား ကောင်းချီးပေးနိုင်ပါစေသတည်း။

နှင်းပွင့်ခေဝီ

တုရင်မ

နာရီနှနိုင်ငံတော်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

ကျွန်ုပ်သည် ဖတ်ရှုပြီးသော သဝဏ်လွှာအား ဆို့နင့်သော ခံစားမှုနှင့်အတူ စူးစိုက်ကြည့်ရှုပြီးလျှင် ဘိုးဘိုးမေယအား ရှိသေစွာ ပြန်လည်ပေးကမ်းလိုက်လေ၏။

ထိုခဏ၌ ကျွန်ုပ်အား လွန်စွာချစ်ခင်ရှာသော ချစ်မေတ္တာရှင် နှင်းပွင့်ဒေဝီ သခင်မအတွက် ကြေကွဲစွာအလိုအလျောက် စီးကျလာသော ကျွန်ုပ်၏ မျက်ရည်စများသည် သဝဏ်လွှာ ပေစာရွက်ပေါ်သို့ ကျရောက်သွားပေတော့၏။

'အိမ်း. . . သံယောဇဉ်များ တယ်လဲဆိုးသကိုးကွယ့်နော်၊ တရားမေ့ကိုတောင် မကျင့်ကြံနိုင်ဘဲ ဖြစ်လေရာ ဘဝမှာ ချစ်သူကို ထာဝရ စောင့်ရှောက်တဲ့ ဝိညာဉ်ဖြစ်နေရှာတယ်' ဟု ဘိုးဘိုးမေယက ပြော၏။ ပြီးလျှင် ကျွန်ုပ်အား ကရုဏာသက်စွာ ကြည့်လိုက်ပြီးလျှင်. . .

'လူကလေး. . . ကိစ္စအကြောင်းအရာ,တစ်ခုဟာ သူ့အချိန်အခါနဲ့သူ နိဂုံးရောက်ချိန်တန်ပါပြီ၊ ဘိုးဘိုးပြောလိုတာ ကတော့ အချိန်ဆိုတာ ရွေ့လျားခြင်းပဲလေ၊ ဒီတော့ ဗုဒ္ဓရဲ့ တရား မေ့ကို ယုံကြည်အားကိုးပါ၊ ရသမျှ အချိန်လေးမှာ ဘာဝနာ ကမ္မဋ္ဌာန်း



စီးဖြန်းပါလို့သာ ဘဘနောက်ဆုံးမှာချင်ပါတယ်' ဟု ဆိုလေ၏။

'ဟုတ်ကဲ့စိတ်ချပါ ဘိုးဘိုး၊ ဒီကပြန်လာတာနဲ့ကျွန်တော် ဘဝနဲ့ အသိအမြင်တွေကို ပြောင်းပြီး ဆင်ခြင်ဉာဏ်နဲ့တရား ဘာဝနာ ပွားပါတော့မယ်၊ ဒါမှသာလျှင် ကျွန်တော့်ချစ်သူနှင်းပွင့် ဒေဝီလည်း ကုသိုလ်ရပြီး သူတော်စင်အဖြစ် ရောက်ရှိနိုင်မယ် မဟုတ်လား ခင်ဗျား' ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိလေ၏။

'အိမ်း. . . သာဓုကွယ်၊ သာဓုကွယ်၊ သာဓု'

ဘိုးဘိုးမေယ၏ သာဓုသုံးကြိမ် ခေါ်သံသည် ကျွန်ုပ်၏ နှလုံးသည်းပွတ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ပြီးသကာလ ကျောက်ဂူ၏လှိုဏ်ခန်း အတွင်းလှည့်ပတ်ကာ ကျောက်ဆောင်၏နံရံများကို ရိုက်ခတ်၍ အမည်မဖော်နိုင်သောနေရာအနှံ့သို့ စီးမျောသွားလေ၏။

ထိုအခိုက် ကျွန်ုပ်အား တစ်လှည့်၊ ဘိုးဘိုးမေယအား တစ်လှည့်ကြည့် နေရှာသည့် ဒေါက်တာဆင်ရှားအား ဘိုးဘိုးမေယက. . .

'လူကလေး' ဟုခေါ်လိုက်၏။

'ခင်ဗျာ'

'လူကလေးဟာလဲ သမားတော်တစ်ယောက် ဖြစ်ပြီးလေတော့ လူကလေးကိုယ်တိုင်လဲ ဆင်ခြင်ဉာဏ်တွေရပြီး၊ တရားမေ့ အပေါ်မှာ ယုံကြည် သက်ဝင်စိတ်တွေ ပွားလာအောင်ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပါလို့ ဘိုးဘိုးမေတ္တာရပ်ခံပါတယ်' ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ထင်ရှားကလည်း ရိုကျိုးစွာဖြင့် ခေါင်းညိတ်၍ . . .

'စိတ်ချပါ ဘိုးဘိုး၊ ကျွန်တော်လဲ ဟောဒီ သူငယ်ချင်း မောင်ကျော်ထင်နဲ့အတူ တတ်နိုင်သမျှ စာပနာကမ္မဌာန်းကို စီးဖြန်း ကျင့်ကြံပါ့မယ်' ဟု လေးနက်စွာ ကတိပေးလေ၏။

'အိမ်း. . . အဲဒီအခါမှာဖြစ်ပေါ်လာမည့် အကျိုးကျေးဇူး ကတော့ မသေးဘူးပေါ့ကွယ်၊ ကျန်တဲ့အပိုင်းတွေလဲ မပြောတော့ ပါဘူး၊ သမားတော်တစ်ယောက်အနေနဲ့ ခုနှစ်ရက်သားသမီးတွေကို ကုသရာမှာ သမာဓိရပြီး လူတစ်ယောက်ရဲ့ စွမ်းရည်ဟာ ဘယ်လို ဘယ်ပုံဆိုတာ လူကလေးသိလာပါလိမ့်မယ်' ဟု ပြောပြ၏။

ထို့နောက် ဗုဒ္ဓ၏ အဆုံးအမများကို ထုတ်နုတ်၍ ပြော ကြားပြန်လေ၏။ ပြီးလျှင် ကမ္မဌာန်းအမျိုးမျိုးကျင့်ကြံနည်း အကြောင်းနှင့် စိတ်စွဲလန်းခြင်းကြောင့် ဖြစ်ပေါ်ရသည့် ဒုက္ခမျိုးမျိုး။

သက်ရှိ၊ သက်မဲ့များ အကြား၌ လွန်းပျံကဲ့သို့ ကူးလူး ဆက်သွယ်နေသည့် လူသာမန်တို့ မမြင်မတွေ့နိုင်သော နာမ်ပုဂ္ဂိုလ် များအကြောင်း။

စသည်တို့ကို ရှင်းလင်းပြောပြရာ ကျွန်ုပ်တို့မှာ တရားမေ့ နှင့်ပတ်သက်၍ လွန်စွာဗဟုသုတ နည်းသေးသူများ ဖြစ်လင့်ကစား ဘိုးဘိုးမေယ ပြောပြသည့် အကြောင်းအရာများမှာ လေးနက်သော် လည်း လွယ်ကူရှင်းလင်းလှသဖြင့် ကောင်းစွာ သဘောပေါက်ကြ လေ၏။



'ကဲ. . . ကဲ. . . လူကလေးတို့လဲ ညောင်းညာလှပြီ၊ ကျောက်ဂူအခန်းထဲက ထွက်ကြရအောင်' ဟုဆိုလျက် နေရာမှ ထလေ၏။

ထို့ကြောင့် ကျွန်ုပ်တို့နှစ်ယောက်သည် လည်းထိုင်ရာမှ ထ လိုက်စဉ်၊ ဘိုးဘိုးမေယသည် စောစောက ကျွန်ုပ် ဖတ်သည့် နှင်းဆီဒေဝီ(ပေစာ)အား ကျောက်ဂူခွက်ကြီးထဲရှိ အရှိန်သေစ ပြုနေပြီးဖြစ်သော မီးပုံကြီးထဲသို့ပစ်ထည့်လိုက်လေတော့သည်။

'ဗိုး. . .'

'ဖတ်. . .'

ကြည့်နေရင်း တခဏမှာပင် ပေစာချပ်မှာ မီးစွဲလောင် လျက်ပြာကျသွားလေတော့၏။

'အင်း. . . အားလုံးပြီးဆုံးသွားပြီလို့ ဘိုးဘိုးယူဆတယ်' ဟု ဘဘမေယဆို၏။ ထို့နောက် ဘိုးဘိုးမေယသည် စောစောက တိုက်ခဲ့သော ကျောက်ရေခွက်နှင့်အာယုဝပ ရေတစ်ခွက်စီကို ခပ်ကာ ကျွန်ုပ်နှင့် ဒေါက်တာ ထင်ရှားအား တိုက်ပြန်လေ၏။

'ကဲ. . . လာ. . . လာကြ၊ လာကြ'

ဘိုးဘိုးမေယသည် အခန်းတွင်းမှ ပြန်လည်၍ထွက်စ ပြုနေ၏။ ထို့ကြောင့်ကျွန်ုပ်တို့လည်း ကျောက်ခုံတန်းမှ ထ၍ ဘိုးဘိုး မေယ နောက်သို့ လိုက်ရလေ၏။

'ဝုန်း'

ကျွန်ုပ်တို့အခန်းအပြင်အရောက်၌ ဘိုးဘိုးမေယက

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချပ်ကို လာစဉ်ကအတိုင်း ညင်သာစွာ ပုတ်လိုက်ရာ ကျောက်တံခါးကြီးမှာ တကျွီကျွီမြည်လျက် တစ်ပတ်လည်ကာ ဝုန်းခနဲ ပိတ်သွားတော့၏။

ထို့နောက် ကျွန်ုပ်တို့လည်း ဘုရင်မ နှင်းပွင့်ဒေဝီ၏ အလောင်းရှိရာ အခန်းကျယ်ကြီးဆီသို့ တရွေ့ရွေ့လျှောက်လှမ်း လာခဲ့ကြလေသည်။

'အို'

'ဟိုက်'

ထိုအခိုက် မြင်လိုက်ရသည့်ထူးဆန်းသောမြင်ကွင်းကြောင့် ကျွန်ုပ်တို့နှစ်ဦးမှာ အံ့အားသင့်ကာ နေရာ၌ပင် ရပ်တန့်မိကြလေ၏။

အကြောင်းသော်ကား ဘုရင်မ၏အလောင်းမှာ အရိုးအလျောက်ပင် မီးခိုးများ အူလျက် လေမဝင်နိုင်သော ကျောက်ဂူအတွင်းတွင် စက်ဝိုင်းသဏ္ဍာန် လှည့်ပတ်နေပြီးလျှင်. . .

ထိုမီးခိုးစက်ဝိုင်းသည် သက်ရှိကဲ့သို့ ဂူကြီးအနှံ့ ရွေ့လျားပြီးသကာလ ဘိုးဘိုးမေယအား သုံးကြိမ်ရစ်ပတ်ပြီးနောက် မူလနေရာသို့ ရွေ့လျားပြန်လေ၏။ ပြီးလျှင် လေပွေဆင်နှာမောင်းကဲ့သို့ အလောင်းပတ်ဝန်းကျင်၌ အဆက်မပြတ် ရစ်ပတ်ပြန်လေတော့၏။

ကျွန်ုပ်မှာ ထူးဆန်းလှသည့် ထိုမြင်ကွင်းအား ကြည့်ကာ ကျွန်ုပ်၏ချစ်သူ သူဇာနွယ် (သို့မဟုတ်) နှင်းပွင့်ဒေဝီအား ကောင်းရာမွန်ရာဘုံဘဝသို့ ရောက်စေခြင်းအလို့ငှာ ဆန္ဒပြုချင်းစိတ်က တဖွား



ဖွားပေါ်လာလေ၏။

ထို့ကြောင့်ပင်လျှင် လှိုက်လှဲစွာသောအသံဖြင့်. . .

'နှင်းပွင့်ဒေဝီရေ အစ်ကိုပြုခဲ့တဲ့ ကောင်းမှုကုသိုလ် အဖို့ ဘာဂနဲ့အတူ အစ်ကို မသေဆုံးမီ နောင်အချိန်အထိ ပြုဦးမယ့် ကုသိုလ်ကောင်းမှုတွေအတွက်ပါ အမျှပေးဝေပါတယ်၊ အမျှ. . . အမျှ. . . အမျှ ယူနိုင်ပါစေကွယ်' ဟု အမျှပေးဝေလိုက်၏။

ထိုအချိန်မှာပင် မည်သည့်နေရာကဟု ပြောရန်ခက်လှသော နေရာတစ်နေရာမှ သာယာညှင်းပျောင်းသော အသံတစ်သံ သည်. . .

'သာဓု'

'သာဓု'

'သာဓု'

ဟူ၍ သုံးကြိမ်ခေါ်လိုက်သည်ကို ကျွန်ုပ်၏ နားနှင့် ဆတ်ဆတ် ကြားလိုက်ရလေ၏။ ထိုအခိုက်မှာပင် မီးခိုးတန်းကြီးသည် အလောင်းအား လွှမ်း ခြုံရစ်ပတ်ပြီးလျှင် ယခင်ကထက်ပို၍ ဟူးဟူးရားရား လှည့်ပတ်ပြန် လေ၏။

ပြီးလျှင် ကျောက်ဂူဝသို့ ထိုးဆင်းသွားရာ တရှုတ်နဂါးကြီး တစ်ကောင် မြူးတူးခုန်ပေါက်သွားသည်နှင့်ပင် မှတ်ထင်ရလေ၏။

မီးခိုးတန်းကြီးကား ဂူအပြင်သို့ ထိုးထွက်၍ ပျောက်ကွယ် သွားချေပြီ။ ထိုနည်းတူစွာ ကျွန်ုပ်၏ နှလုံးသည်းပွတ်တွင် ထာဝရ ချစ်မြတ်နိုးရသူ သူဇာနွယ်ခေါ် ဘုရင်မ နှင်းပွင့်ဒေဝီ၏ ချုပ်ကလာပ်

www.burmeseclassic.com

www.burmeseclassic.com



လည်း မြူမှုန်များကဲ့သို့ တစ်စစီ ပြန့်နှံ့ကာ မီးခိုးတန်းများနှင့်အတူ ပါသွားခဲ့ချေပြီတည်း။

ထို့အတွက် ကျောက်ဂူအခန်းကြီးထဲ၌ ရှင်းလင်းနေတော့သည်။

'သာခု. . . သာခု. . . သာခု'

ဘိုးဘိုးမေဃလည်း ကျွန်ုပ်အား ကြည့်၍ သာခုသုံးကြိမ်ခေါ်သေးလေ၏။ ပြီးမှ. . .

'လူကလေးရဲ့ကျေးဇူးကြောင့် မကြာခင် သူဟာ တရားမမှုတွေကို ကျင့်ကြံကြိုးကုတ်ပြီး သူတော်စင်ဘဝကို တက်လှမ်းနိုင်တော့မယ်' ဟု ပြောကာ ကျွန်ုပ်၏ ပခုံးကို သုံးကြိမ်ပုတ်လိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့အား ခေါ်ဆောင်ပြီးလျှင် ကျောက်ဂူကြီး၏ အဝသို့ ထွက်လာခဲ့လေတော့သတည်း။



## အခန်း (၄၀)

ဤသည်ကား ကျွန်ုပ်နှင့် နှင်းပွင့်ဒေဝီတို့၏ ထူးခြား ဆန်းကျယ်မှု ဇာတ်လမ်း ဇာတ်သိမ်းခန်းပင် ဖြစ်ပါလေသတည်း။

ရှေ့သို့ ဆက်လက်၍ ပြောရန်မှု မရှိတော့ပါချေ။

ပြောပြရန်ကျန်သည်မှာ ကျွန်ုပ်နှင့် ဒေါက်တာ ထင်ရှားတို့ သူငယ်ချင်းနှစ်ဦး ဟားခါးမြို့သို့ ရောက်ရှိလာခဲ့ခြင်း အကြောင်းပင် ဖြစ်ပေတော့၏။

ကျွန်ုပ်တို့သည် ကျောက်ဂူအပြင်ဘက် ရောက်ရှိသောအချိန်၌ အတန်ပင် ညဉ့်နက်နေသည်သာမက ပတ်ဝန်းကျင်အနှံ့၌ မြူနှင်းများ ဝေ့ဆိုင်းလျက်ရှိနေကြောင်း တွေ့ရ၏။

သို့ပါသော် ဘိုးဘိုးမေဃသည် ကျွန်ုပ်တို့ နှစ်ဦးအား ၎င်း၏လက်ထဲမှ တောင်ဝှေးကို ဆွဲကိုင်စေလျက် ရှေ့မှသွားနေသည်။

ကျွန်ုပ်တို့လည်း နောက်မှ ထက်ချပ်လိုက်ရသည်။

ထူးဆန်းသည်မှာ မြူနှင်းများ ဝေဆိုင်း၍ တောင်ဆင်းလမ်း ဖြစ်သော်လည်း ကျွန်ုပ်တို့မှာ မြေပြင်၌ လျှောက်သွားနေရသကဲ့သို့ မောပန်းမှု အလျဉ်းမရှိခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် ခလုတ်ကန်သင်းဟူ၍လည်း တစ်ခါတစ်ရံမှ တိုက်မိဖူးသည်မရှိပေ။ ကျွန်ုပ်အနေနှင့် အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် တစ်ခါ တစ်ရံ၌ လေထဲတွင် လမ်းလျှောက်နေရသူအလား သိမ်မွေ့လှသည် ဟု ထင်မြင်မိ၏။

ဤသို့ဖြင့် နံနက်ခင်းဟုပင် သတ်မှတ်ရသော အခါသမယတွင် ဘိုးဘိုးမေယသည် နေရာတစ်နေရာ၌ ရပ်တန့်လျက် ကျွန်ုပ်တို့အားလည်း ရပ်စေလေ၏။ ပြီးမှ လက်ညှိုးညွှန်ပြ၍. . .

'ကဲ. . . လူကလေးတို့ အဲဒီလမ်းအတိုင်းသာ လိုက်သွားကြပါ။ လမ်းမှာ အိမ်ကလေးတစ်ချို့ တွေ့လိမ့်မယ်၊ အကျိုးအကြောင်းပြောပြရင် အစားအသောက်နဲ့ ညအိပ်ခွင့် ရပါလိမ့်မယ်' ဟု ဆို၏။ ထိုအခါ ကျွန်ုပ်နှင့် ဒေါက်တာထင်ရှားတို့လည်း မြေပြင်တွင် ဆောင့်ကြောင့်ထိုက်ချကာ ဘိုးဘိုးမေယအား ရှစ်ခိုးဂါဝရပြုကြလေ၏။

'အိမ်း. . . အိမ်း. . . ဘဝဆက်တိုင်း သံယောဇဉ်အနှောင်အဖွဲ့တွေက ရုန်းထွက်နိုင်ပြီးသကာလ တရားမေ့တွေကို ကျင့်ကြံအားစုတ်ပြီးလျှင် သူတော်ကောင်း သူမြတ်လောင်းများ ဖြစ်ကာ မသေရာ မနာရာ မအိုရာဖြစ်သော နိဗ္ဗာန်ဘုံဘဝသို့ ရောက်ရှိနိုင်ကြပါစေသတည်း' ဟု ဆုပေး၏။

'သာဓု. . . သာဓု. . . သာဓု'

'အိမ်း. . . အိမ်း. . . သွားကြပေတော့ကွယ်' ဟု ပြောပြောဆိုဆို ကျွန်ုပ်တို့အား ထွက်ခွာစေ၏။



ကျွန်ုပ်ရင်းထဲ၌ ဘိုးဘိုးမေယနှင့် ရုတ်တရက်ခွဲခွာရမည့်အရေးအတွက် လေးလံနေမိလေရာ ထိုအကြောင်းကို ရိပ်မိ သိရှိပုံရသည့် ဘိုးဘိုးမေယက. . .

'သံသရာကြီးဟာ ကျယ်သလိုလဲ လည်ပါတယ် လူကလေးရယ်၊ ဒီတော့ ဒီနေရာမှာ ကွဲပေမယ့် ဟိုနေရာမှာ ဆုံချင်ဆုံလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ လည်ပတ်နေတာကိုး၊ အကြောင်းဆုံတဲ့တစ်နေ့ကျရင်တော့ ဘိုးဘိုးနဲ့ တွေ့ရဦးမှာ ပေါ့' ဟုဆို၏။

ထို့နောက် ကျွန်ုပ်တို့လည်း ဘိုးဘိုးမေယအား နှုတ်ဆက်ပြီးလျှင် ၄င်းညွှန်ပြသည့်လမ်းအတိုင်း စတင် ထွက်လာခဲ့ကြတော့၏။ ဘိုးဘိုးသည် လွင်ပြင်တစ်ခု၌ ရပ်၍ ကျွန်ုပ်တို့ ထွက်ခွာ ရာသို့ လှမ်းကြည့်ရင်း ကျန်ခဲ့ရှာ၏။

ဤသို့ဖြင့် ကျွန်ုပ်စိတ်ထင် ပေတစ်ရာခန့် ကျွန်ုပ်တို့ လမ်းလျှောက်ပြီး၍ နောက်သို့ လှည့်ကြည့်မိလေရာ မူလနေရာ၌ လွင်ပြင်လေး၌ ရပ်တန့်နေခဲ့သော ဘိုးဘိုးမေယမှာ ပျောက်ချင်းမလှပျောက်ကွယ်လျက်ရှိသည်ကို ထူးဆန်းစွာ တွေ့ရလေ၏။

ကျွန်ုပ်တို့လည်း သူတော်စင်များ၏ တန်ခိုးသတ္တိထူးများအကြောင်းမယုံကြည်နိုင်ဖွယ် နာမ်လောကများအကြောင်း၊ ကမ္ဘာဌာန်း ဘာဝနာများအကြောင်း စသည်တို့ကို ဆွေးနွေးလျှောက်ခရီးဆက်ခဲ့ကြလေ၏။ မိုးချုပ်စပြုသောအခါ ရွာကလေးတစ်ရွာသို့ ရောက် လေ၏။

ထိုလူမျိုးများမှာ အသားဖြူ၍ မြန်မာစကား အထိုက်

www.burmeseclassic.com

www.burmeseclassic.com



အလျော့က် တတ်တျွမ်းကာ သဘောကောင်းလျက်ကျွန်ုပ်တို့အား အစာရေစာများပေး၏။

အိပ်ရာ နေရာပေး၏။

နံနက်မိုးလင်း၍ ထိုရွာမှ ထွက်ပြီးလျှင် ခရီးဆက်ကြပြန်ရာ မိုးချုပ်ကာစ အချိန်မှာပင် အခြား ရွာတစ်ရွာသို့ရောက်ပြန်လေ၏။

ပြီးခဲ့သောရွာမှ လူများကဲ့သို့ သဘောကောင်းစွာဖြင့် ညှို့ဝတ်ပြုကြ၏။ နောက်တစ်နေ့၌ ခရီးဆက်ကြပြန်သောအခါ ကြီးမားသော ရွာကြီးတစ်ရွာသို့ ဆိုက်ရောက်ပြန်လေ၏။

ထိုရွာမှတဆင့် လမ်းပြသူတစ်ဦး၏ အကူအညီဖြင့် ဟားခါး မြို့သို့ ရောက်ရှိခဲ့ကြပြန်လေ၏။

ထိုအခါကျမှပင် ကျွန်ုပ်တို့သည် အိန္ဒိယပြည်နယ်စပ်ကို ကျော်ဖြတ်ကာ ဖြတ်လမ်းအတိုင်း မြန်မာပြည်၏ ချင်းပြည်နယ်ကို ရောက်ရှိခဲ့ကြောင်း သိရှိရလေတော့၏။

**မှတ်ချက်။** ။မောင်ကျော်ထင်တို့ ပြန်ရောက်လာခဲ့သည့်လမ်းကြောင်းအား ထိုအချိန်က ရှိနေသော မြေပုံများမှ ရှာဖွေ၍ ကြည့်မိရာ ဆယ်မိုင်၊ ကိုးငါးမိုင်ခန့်ဝေးသော 'ဟိုင်ကျင်း' ဟူသည့် ချင်းရွာကလေးသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရှိရလေ၏။ ထိုရွာမှတစ်ဆင့် 'ဒါခိုင်' ဟူသော ချင်းအမျိုးသား ရွာကြီးသို့ ရောက်ရှိခဲ့ကြောင်းကိုလည်း မြေပုံ၌ ရှာဖွေကြည့်ရာ ဆက်လက် သိရှိရကြောင်း စာဖတ်



သူများ ဗဟုသုတဖြစ်စေရန် ဖော်ပြရပါပေ၏။

စာရေးသူ

ဟားခါးမြို့သို့ ရောက်သောအခါ ကျွန်ုပ်သည် ရန်ကုန်မြို့သို့ပြန်ချင်စိတ် အလျဉ်းမရှိ ဖြစ်နေကြောင်း ဆင်ခြင်မိလေ၏။

ကျွန်ုပ်တို့လည်း ချင်းပြည်ရောက်ခိုက် ဗဟုသုတရှာဖွေရန်အတွက် ထွက်လာခိုက် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးတို့ ထမင်းဆိုင်တစ်ဆိုင်တွင် မမျှော်လင့်ဘဲ ဆုံမိကြတော့သည်။

ထိုပုဂ္ဂိုလ်ကြီး၏ အမည်မှာ ဦးမွေဖြစ်လျက် စတင်မြင်တွေ့မိသည်နှင့် ကျွန်ုပ်သာမက ဒေါက်တာ ထင်ရှား ပင်လျှင်ကြည်ညိုသဒ္ဓါစိတ်များ ယိုဖိတ်မိကြလေ၏။ ဦးမွေကလည်း ကျွန်ုပ်တို့အားလိုလားနှစ်သက်ကြောင်း အမူအရာရှိ၏။

အဆုံး၌ ကျွန်ုပ်နှင့် ဒေါက်တာ ထင်ရှားတို့သည် ဦးမွေ့တပည့်များအဖြစ် ခံယူကာ ငှင်းတစ်ယောက်တည်း နေထိုင်သည့်မြို့စွန်ရှိ တဲအိမ်ကလေးတွင် တရားဘာဝနာ၊ ကမ္မဋ္ဌာန်းများကိုကျင့်ကြံကြလေတော့၏။

ထိုမှ နှစ်နှစ်ခန့် ကြာသောအခါ ဒေါက်တာထင်ရှား၏မိဘနှစ်ပါး သေဆုံးကြောင်း သူရိယသတင်းစာတွင် ပါရှိသောကြောင့် ဈာပနကိစ္စများဆောင်ရွက်ရန် ဒေါက်တာထင်ရှားတစ်ယောက် ကျွန်ုပ်နှင့် ဦးမွေအား နှုတ်ဆက်၍ပြန်သွားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည်ကား တရားဓမ္မ၏ အငွေ့အသက်များ နွေးထွေးမှုကို သိရှိပြီးဖြစ်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အားလျော်စွာ တရားဓမ္မနှင့်သာ ထာဝရရှိနေတော့မည် ဖြစ်ပါသတည်း။

❖ ❖ ❖ ❖ ❖

အခန်း (၄၁)

ဤဝတ္ထုကို အဆုံးသတ်လိုက်သည့်နေ့မှာပင် အခန့်သင့်ဆိုသကဲ့သို့ အိုင်အိုနန်းထိုက်သည် သူ၏ ကားကလေးနှင့်ပေါက်ချလာခဲ့သဖြင့် ကျွန်ုပ်က ဝမ်းသာအားရကြိုဆိုလျက် စာမူများကိုဖတ်ရှု စေလေ၏။

အိုင်အိုနန်းထိုက်လည်း လက်ဖက်ရည်ကို တစ်ကျိုက်ချင်းသောက်လျက် စာမူကို စိတ်ဝင်စားစွာ ဖတ်ရှုလေတော့၏။

ဖတ်ရှုပြီးသောအခါ အိုင်အိုနန်းထိုက်က လွန်စွာကျေနပ်သွားဟန်ဖြင့်. . .

'ကောင်းဗျာ၊ သိပ်ကိုကောင်းတာပဲ၊ ခင်ဗျားကဝတ္ထုကို အသွင်ချယ်မှုန်းရာမှာ ပညာသားပါလေတော့ တစ်လျှောက်လုံးလို



လို စာဖတ်သူကို ဆွဲခေါ်သွားနိုင်ခဲ့တယ်လို့ဆိုရမှာပါပဲ'

ဟုချီးကျူးလေ၏။

သို့သော် ကျွန်ုပ်က. . .

'ဝတ္ထုကကောင်းတာ မှန်ပေမယ့် ယုတ္တိဗေဒ အရတော့ နည်းနည်းလိုတယ် ထင်လို့ ကျွန်တော် အားမရဘူး ကိုနန်းထိုက်ရာ' ဟု ဆိုရာ အိုင်အိုနန်းထိုက်က. . .

'အို. . . ဒါကတော့ ကိုညိမ်းမောင်ရယ်၊ ရှူးနေတဲ့ လူတစ်ယောက်ရဲ့ မှတ်စုကို ခင်ဗျားက သင့်တော်သလိုပြန်လည်ရေးသားရတာ ဖြစ်လေတော့ စာဖတ်ပရိတ်သတ်အနေနဲ့ ယူဆချင်သလို ယူဆနိုင်ပေတာပဲ၊ ဘာပဲဖြစ်ဖြစ် အင်မတန် ဗဟုသုတရမှာတော့ သေချာတယ်' ဟု ဆိုလေ၏။

ထို့နောက် ကျွန်ုပ်က. . .

'ဒါနဲ့ မောင်ကျော်ထင်ဆီကို ရောက်သေးလား၊ ဘယ်လိုနေ သတဲ့လဲ' ဟု ကျွန်ုပ်ကမေးရာ အိုင်အိုနန်းထိုက်က. . .

'ပြီးခဲ့တဲ့ အပတ်က ရောက်တယ်ဗျ၊ တော်တော်ကို နေမကောင်းရှာဘူး' ဟု ဆို၏။

'အို. . . ဟုတ်လား၊ သနားစရာဗျာ'

ကျွန်ုပ်က မောင်ကျော်ထင်၏ သနားစရာ မျက်နှာလေးအား မြင်ယောင်လျက် စိတ်မကောင်းစွာ ပြောကြားလိုက်သည်တွင် အိုင်အိုနန်းထိုက်က. . .

'ဆရာဝန်က ဂရုစိုက်ပြုစုရှာတယ် ကိုညိမ်းမောင်'

www.burmeseclassic.com



ဟုဆို၏။

ပြီးမှ တစ်စုံတစ်ခုကို သတိရကာ. . .

'ဒါ့ထက် စဉ်းစားစရာတစ်ခုကို ခင်ဗျားသတိပြုမိသလား ကိုညိမ်းမောင်' ဟုဆို၏။

ကျွန်ုပ်က. . .

'ဘာကိုစဉ်းစားရမှာလဲ ကိုနန်းထိုက်' ဟု မေးသည်တွင် အိုင်အိုနန်းထိုက်က. . .

'ဝတ္ထုထဲမှာက တရားခံမှ အားထုတ်ဖို့ ကြိုးစားမယ်လို့ သံမိဋ္ဌာန်ချရင်း အဆုံးသတ်ထားတယ်၊ ဒါပေမယ့် ကျွန်တော်တို့ မောင်ကျော်ထင်ကို လူဆိုးဟန်သွဲ့ခေါ် သံသရာထံမှ တွေ့တော့လဲ အရင်ကလို ရူးသွပ်လျက်သားပဲ၊ အဲဒီကိစ္စဟာ စဉ်းစားစရာပေါ့ ကိုညိမ်းမောင်ရာ' ဟု ဆို၏။

ထိုအခါကျမှ ကျွန်ုပ်လည်း သဘောပေါက်မိကာ ဖမ်းဆီး ခေါ်ဆောင်လာသော သူချစ်သူကို ရက်ရက်စက်စက် သတ်ခဲ့တဲ့ ကိစ္စကို ပြန်လည်အမှတ်ရပြီး ထပ်ရူးသွားတာလားမှ မသိတာ၊ သူ့ကိုတွေ့စအချိန်မှာ ရူးနေသလား၊ ကောင်းနေသလား ဆိုတာ ရာဇဝင်လူဆိုး ဟန်သွဲ့ခေါ် သံသရာကို မေးဖို့ကောင်းတာပေါ့ဗျာ' ဟု ကျွန်ုပ်က ပြောလိုက်၏။

ထိုအခါ အိုင်အိုနန်းထိုက်က ခေါင်းညိတ်လျက်. . .

'မှန်တာပေါ့ဗျာ၊ စောစောကသာ ခင်ဗျားက အဲဒီအကြံ ပေးရင် ကျွန်တော်က ရာဇဝင်လူဆိုး ဟန်သွဲ့ခေါ် သံသရာကို

BURMESE CLASSIC



မေး ပြီးသားပေါ့၊ အခုတော့' ဟုဆိုကာ စကားတစ်ဝက်တစ်ပျက်ဖြင့် ရပ်နားထားလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

'အခုတော့ ဘာဖြစ်သလဲ ကိုနန်းထိုက်' ဟုဆိုရာ အိုင်အိုနန်းထိုက်က စကားမပြောဘဲ ၎င်း၏ ဘောင်းဘီအိတ်ထဲမှ သူရိယ သတင်းစာတစ်စောင်ကို ထုတ်ပေးလေ၏။

ဤတွင်မှ ကျွန်ုပ်မှာ ဝတ္ထုကို စိတ်ဝင်တစားဖြင့် အဆုံး သတ်နေရသည့်အတွက် သတင်းစာမဖတ်ရသေးသည်ကို အမှတ်ရ ကာ အိုင်အိုနန်းထိုက်ပေးလာသော သတင်းစာကိုဖြန့်၍ ဖတ်ရှုလိုက် လေ၏။

ထိုအခါ သူရိယသတင်းစာ၏ မျက်နှာဖုံးတွင် ခြောက် လိုင်းစာလုံးမည်းကြီးများနှင့် ဖော်ပြထားသော အောက်ပါသတင်း ကို ဖတ်ရှုလိုက်ရတော့၏။

ရာဇဝင်လူဆိုးကြီး ဟန်သွဲ့ခေါ် သံသရာအား
ကြိုးမိန့်ပေးလိုက်ခြင်း

စက်တင်ဘာ ၃၀ ရက်

လူသတ်မှု၊ ဓားပြမှု၊ ပြန်ပေးမှုများကိုကျူးလွန်ကာ တိမ်း ရှောင်လျက်ရှိသည့် ရာဇဝင်လူဆိုးကြီး ဟန်သွဲ့ခေါ် သံသရာအား ပုလိပ်ဘက်မှ ဖမ်းဆီးရမိပြီးဖြစ်၍ စက်ရှင်တရားသူကြီးရုံး၌ တင်ပို့ ကာ အမှုစစ်ဆေးနေကြောင်း၊ ဤသတင်းစာ၌ လွန်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ် ခန့်က ကျွန်ုပ်တို့ သတင်းထောက်မှ ဖေါ်ပြပြီး ဖြစ်ကြောင်း။

ငင်း ရာဇဝင်လူဆိုး ဟန်သွဲ့ခေါ် သံသရာအား စက်ရှင်တရားသူကြီးက ကြိုးမိန့်ပေးလိုက်ပြီး ဖြစ်၍ ယနေ့တွင်ကြိုးမိန့်ပေးလိုက်ကြပြီး ဖြစ်ကြောင်းယောင်အာဏာပိုင်များ ပြောပြချက်အရ ရေးသားဖော်ပြလိုက်ရပါကြောင်း။

'ဟင်. . . ဒီလိုဆိုရင် ကိုဟန်သွဲ့တစ်ယောက် သေသွားပြီပေါ့ ဟုတ်လား'

ကျွန်ုပ်က တအံ့တဩ မေးလိုက်သောအခါ အိုင်အိုနန်းထိုက်က. . .

'မနေ့ကတင် သေသွားတယ်ဆိုရမှာပေါ့ဗျာ' ဟု ပြောလိုက်ပြီးလျှင် ၎င်းကပင်. . .

'ဪ. . . တစ်ခုပြောရဦးမယ်ကိုညိမ်းမောင်' ဟု ဆိုပြန်၏။ ကျွန်ုပ်က. . .

'ဘာများပါလိမ့်' ဟုမေး၏။

ဤတွင် အိုင်အိုနန်းထိုက်က. . .

'ကျွန်တော်က ဆရာဝန်လောကမှာ ဒေါက်တာထင်ရှားဆိုတဲ့လူတစ်ယောက် ရှိမရှိ လိုက်လံစုံစမ်းခဲ့တာမှာ ရှိတော့ရှိတယ်တဲ့ ကိုညိမ်းမောင်၊ ဒါပေမယ့်. . .' ဟု စကား တစ်ဝက်တစ်ပြက်ဖြင့် ရပ်တန့်ထားပြန်လေ၏။'

ထို့ကြောင့် ကျွန်ုပ်က. . .

'ဒါပေမယ့် ဘာဖြစ်သလဲဗျ' ဟု မေးမိပြန်လေ၏။

BURMESE CLASSIC



ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ဒေါက်တာထင်ရှားဆိုတဲ့ လူတစ်ယောက်ဟာ ကျွန်တော်တို့ ရာဇဝင်လူဆိုး ဟန်သွဲ့နဲ့ မောင်ကျော်ထင်တို့ကို တွေ့တဲ့နေ့မတိုင်မီ တစ်ပတ်လောက်က ကိုးမိုင်းမှာ ကားမှောက်ပြီး သေသွားခဲ့တယ်လို့ သိရတယ် ကိုညိမ်းမောင်' ဟု ဆို၏။

'ဟာ. . . အဖြစ်ဆိုးလှချည်လား၊ ဒီလိုဆို ဒီဝတ္ထုဟာ တကယ့် အဖြစ်မှန်လား၊ မောင်ကျော်ထင်ရဲ့ စိတ်ကူးယဉ်သက်သက်ဇာတ်လမ်းလားဆိုတာ မေးမြန်းစုံစမ်းကြည့်ဖို့လူ မရှိတော့ဘူးပေါ့' ဟု ကျွန်ုပ်က ပြောလိုက်ရာ အိုင်အိုနန်းထိုက်က. . .

'မောင်ကျော်ထင် မြန်မြန်နေကောင်းပြီး ရှုသွပ်တဲ့ ဝေဒနာပျောက်ကင်းအောင် ဆုတောင်းပေါ့ ကိုညိမ်းမောင်၊ အဲဒီအခါကျမှ ဒီအဖြစ်အပျက်တွေဟာ ကိုယ်တွေ့ အမှန်အတိုင်း ရေးသားထားတာဟုတ်မဟုတ် သွားမေးပေါ့' ဟု ပြောလိုက်စဉ်မှာပင် အပေါ်ထပ်မှ တယ်လီဖုန်းမြည်သံက ထွက်ပေါ်လာခဲ့လေ ၏။

'ကလင်. . . ကလင်. . . ကလင်'

'ကလင်. . . ကလင်'

ထို့ကြောင့် ကျွန်ုပ်လည်း အိုင်အိုနန်းထိုက်အား ခေတ္တစောင့်ဆိုင်းရန် လက်ပြလျက် အပေါ်ထပ်သို့ တက်ရောက်ပြီးလျှင် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

'ဟယ်လို. . . ကျွန်တော် စာရေးဆရာ ကိုညိမ်းမောင်ပါ၊ အမိန့်ရှိပါဗျာ' ဟု ကျွန်ုပ်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစ်ဘက်မှ . . . .

'ကျွန်တော် မူးသာပါ ကိုညိမ်းမောင်၊ အဲဒီမှာ ဆရာရှိပါသလား' ဟု မေး၏။

ကျွန့်ုပ်က. . .

'ရှိပါတယ်၊ ခေါ်ပေးရမလား ဂျမဒါ' ဟု ဆိုရာ တစ်ဖက်မှ ဂျမဒါမူးသာက. . .

'နေပါစေ ကိုညိမ်းမောင် ခင်ဗျားကတစ်ဆင့် ပြောပေးပါ၊ ဒီလို. . . ဒီလို. . . အခုန စိတ်ရောဂါကုဆေးရုံကြီးက ဆရာဝန် ဖုန်းဆက်တယ်၊ ဟို ရူးသွပ်နေတဲ့ ဝေဒနာရှင် မောင်ကျော်ထင် ဆိုတဲ့ လူရွယ် ဆုံးသွားပြီတဲ့ဗျ' ဟု ဆို၏။

'ဟင်'

ထိုသတင်းကြောင့် ကျွန့်ုပ်တစ်ကိုယ်လုံး ကျင်တက်သွားကာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ဖြစ်သွားရလေတော့၏။

ဧည့်ခန်းသို့ရောက်၍ အထက်ပါသတင်းကို အိုင်အိုနန်းထိုက်အား ပြောကြားလိုက်သောအခါ အိုင်အိုနန်းထိုက်ပင် လျှင်တုန်လှုပ်သွားလျက်. . .

'ထူးဆန်းလှချည်လား ကိုညိမ်းမောင်၊ ခင်ဗျားဝတ္ထုမှာပါနေတဲ့ ဇာတ်ကောင်တွေအားလုံး စောစောစီးစီး သေဆုံးခြင်းနဲ့သာ ရင်ဆိုင်သွားကြရတာပါလား၊ မယုံနိုင်လောက်အောင်ပါပဲ' ဟု မှတ်ချက်ချ၏။

ကျွန့်ုပ်ကလည်း. . .



'အေးဗျာ. . . ဒီဝတ္ထုဟာ အမှန်လား၊ စိတ်ကူးယဉ်လား ဆိုတာ မေးဖို့လူ မရှိတော့တာက ပိုခက်တယ်' ဟု ညည်းညူလိုက်မိ၏။

ထို့နောက် အိုင်အိုနန်းထိုက်က. . .

'ကိုညိမ်းမောင်ရေ ဘာပဲဖြစ်ဖြစ် ချစ်ချင်းမေတ္တာရှင် မောင်ကျော်ထင်အတွက် ခင်ဗျားနဲ့ကျွန်တော် တစ်ခုခုဆောင်ရွက်ပေးရင် ကောင်းမယ်ထင်တယ်' ဟု ဆိုရာ ကျွန့်ုပ်က. . .

'ဘယ်လိုဆောင်ရွက်ပေးမှာလဲဟင်' ဟု မေးလေ၏။

အိုင်အိုနန်းထိုက်က. . .

'သူ့အတွက် အုတ်ဂူလေးတစ်ခုတော့ လုပ်ပေးသင့်တာပေါ့ဗျာ' ဟု ဆိုလိုက်လေသတည်း။

နောက်တစ်နေ့မှာပင် အိုင်အိုနန်းထိုက်တို့သည် သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ မောင်ကျော်ထင်၏အလောင်းကို ကြံတောသချိုင်းတွင် ဂူသွင်းသဂြိုဟ်ရန် ပြင်ဆင်ရာ ကျွန့်ုပ်က မောင်ကျော်ထင် လွန်စွာမြတ်နိုးဟန်သူသော မှတ်တမ်းစာအုပ်အနက်ကလေးကို အလောင်းနှင့်အတူ ထည့်ပေးလိုက်လေ၏။

ထို့နောက် ပန်းရံသမားများက ဆက်လက်၍ ပြုလုပ်ကြရာ မကြာမီမှာပင် လှပသော အုတ်ဂူလေးတစ်ခု ဖြစ်ပေါ်သွားခဲ့ပေသည်။ အုတ်ဂူနံဘေးတွင်ကား အောက်ပါ ကမ္ပည်းစာတန်းတစ်ခုကို တွေ့ရှိရမည် ဖြစ်ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



နှင်းသစ္စာရှင် ချစ်လှထင်
မောင်ကျော်ထင်
အသက် (--)

သူရိန်ဇော်

BURMESE CLASSIC

www.burmeseclassic.com